

Ethnic Nationalities Affairs Center (Union of Burma)

တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)

# မြေယာစီမံအုပ်ချုပ်မှုစနစ်

## အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံအတွက် စဉ်းစားချက်များ

တိုင်းရင်းသားလူမျိုးများရေးရာ စင်တာ
Ethnic Nationalities Affairs Center - ENAC

# ဖြေယာစီပံအုပ်ချုပ်မှုစနစ်

## အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံအတွက် စဉ်းစားချက်များ

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၂၀ ခုနှစ်၊ ဇန္နဝါရီလ

အုပ်ရေ - ၁၅၀၀

Design & Layout - Myint Soe Oo

ထုတ်ဝေသူ - တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)
Ethnic Nationalities Affairs Center (Union of Burma)

လိပ်စာ - P.O. Box 5, Chang Puak, A. Mueang
Chiang Mai 50302, Thailand

# တိုင်းရင်းသားလူမျိုးများရေးရာစင်တာ

# Ethnic Nationalities Affairs Center - ENAC

တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (Ethnic Nationalities Affairs Center - ENAC) သည် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် စတင်တည်ထောင်ခဲ့ပြီး လွတ်လပ်သော သုတေသနအဖွဲ့အစည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ပေါက်လာရေးကို ရှေးရှုလျက် နိုင်ငံရေးအစုအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အသိုင်းအဝန်းများနှင့် ပူးပေါင်းကာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများကျင်းပပြုလုပ်ခြင်း၊ မူဝါဒဆိုင်ရာ သုတေသနစာတမ်းများ ရေးသားပြုစုထုတ်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင်လည်း နည်းပညာပိုင်းဆိုင်ရာ အကောက်အကူများ ပံ့ပိုးပေးလျက်ရှိသည်။

အသေးစိတ်သိရှိလိုပါက - http://www.burmaenac.org/ တွင် ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်)

- info@burmaenac.org သို့ ဆက်သွယ်နိုင်ပါသည်။

# စကားဦး

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီ ဖဆပလအစိုးရအာဏာရပြီးနောက်ပိုင်း ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၁၉၅၃ ခုနှစ် "**လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ**" ပြဋ္ဌာန်းခဲ့သည်။ ဖဆပလအစိုးရက နိုင်ငံခြားသားမြေရှင်များထံမှ ပြန်လည်သိမ်းယူရရှိသော လယ်ယာမြေများကို လယ်သမားများဆီသို့ ပြန်လည်ဝေငှပေးမည်ဟု ကြေညာခဲ့သည်။ သို့သော်လည်း ထိုဝေပေးမှုတွင် လယ်သမားများကိုသာမက မြေရှင်အချင်းချင်းပြန်လည်ဝေခြမ်းပေးခြင်း အများအပြားပါဝင်သည်။ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်၍ စစ်တပ်ကအာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီထူထောင်၍ အစိုးရ သမဝါယမငွေချေးလုပ်ငန်း၊ စပါးချေးလုပ်ငန်းနှင့် သီးနှံစီမံကိန်းများဆောင်ရွက်ပြီး စီးပွားရေးအရောင်းအဝယ်လုပ်ငန်းများကိုပါ လက်ဝါးကြီးအုပ်ထားသည်။ ထို့အပြင် "**လယ်လုပ်သူလယ်ပိုင်ခွင့်ရှိသည်**" ဟူသောမူကိုချမှတ်ကျင့်သုံးကာ လယ်အငှားချထားသည့် လယ်ပိုင်ရှင်လယ်သမားများ နစ်နာဆုံးရှုံးရပြန်သည်။ ဖဆပလခေတ် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြေအားလုံးသည် နိုင်ငံတော်၏ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ ထိုမှစ၍ မြေယာအားလုံးသည် အစိုးရပိုင်ဖြစ်သွားပြီး ပြည်သူလူထုမှ မည်သူမျှပိုင်ဆိုင်ခွင့် မရှိတော့ပါ။ ထို့အတူ လက်ရှိကျင့်သုံးနေသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း မြေယာနှင့်ပတ်သက်၍ "**နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်**" ဟု ပြဋ္ဌာန်းထားသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်များ၏ဥပဒေပြုအာဏာနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေး၊ ဆည်မြောင်း တာတမံ ရေကန်နှင့် ရေချိုငါးလုပ်ငန်းများ ဥပဒေပြဋ္ဌာန်းခွင့်မှလွဲ၍ မြေယာနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ တစ်နည်းအားဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအား မည်သည့်ဥပဒေပြုခွင့်အာဏာမျှ ပေးထားခြင်းမရှိပေ။

ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်သွားရန်အတွက် မြေယာစီမံခန့်ခွဲရာတွင် ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်အစိုးရအကြား အာဏာကိုမျှဝေပူးတွဲကျင့်သုံးသွားရမည် ဖြစ်သည်။ လက်ရှိမြန်မာအစိုးရနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းတို့ ငြိမ်းချမ်းရေးဆွေးနွေးစဉ်ကာလအတွင်း တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ နယ်မြေအတွင်း အုပ်ချုပ်ရေးနှင့် မြေယာစီမံခန့်ခွဲမှုများကို အသိအမှတ်ပြုရမည် ဖြစ်သည်။ အနာဂါတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်၍ တိုင်းရင်းသားပြည်သူလူထုများ၏ ဓလေ့ထုံးတမ်းဆိုင်ရာမြေယာကျင့်ထုံးစနစ်ကို အသိအမှတ်ပြုပြီး ပြည်သူလူထုက မြေယာပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် "**မြေယာမူဝါဒ**" ချမှတ်သွားရန် လိုအပ်ပေသည်။

**နော်စီဖိုးရာစိန်**
မူဝါဒအကြံပေး
တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)

# ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံတွင် ဆယ်စုနှစ် (၇) ခုနီးပါးဖြစ်ပွားနေသည့် ပြည်တွင်းစစ်နှင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိနိုင်ရန်အတွက် တိုင်းရင်းသားများလိုလားသည့် နိုင်ငံရေး တန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ကို အာမခံချက်ပေးသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု စနစ်သည် အဓိကကျသော အဖြေတစ်ခုဖြစ်သည်ဟု တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) က အခိုင်အမာယုံကြည် ထားသည်။ ထိုယုံကြည်ချက်နှင့်အတူ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့်သင့်လျော်သည့် ဖက်ဒရယ်စနစ် တစ်ခု ပီပြင်စွာပေါ်ထွန်းလာရေးကိုရှေးရှုပြီး မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ကို အထောက်အကူဖြစ်စေနိုင် သည့် သုတေသနစာတမ်းများကို ၂၀၁၆ ခုနှစ်မှစ၍ ရေးသားထုတ်ဝေလာခဲ့သည်။

ယခုရေးသားထုတ်ဝေထားသည့် သုတေသနစာတမ်းသည် မြေယာစီမံအုပ်ချုပ်မှုစနစ်ဆိုင်ရာ စာတမ်းတစ်ခုဖြစ်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာမြေယာစီမံမှုစနစ်များကို လေ့လာတင်ပြထားပြီး အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု၏ မြေယာစီမံ အုပ်ချုပ်မှုစနစ်အတွက် ထည့်သွင်းစဉ်းစားနိုင်သည့်အချက်များကို ဆွေးနွေးတင်ပြထားသည်။

ဤစာတမ်းပြုစုရာတွင် ကူညီပံ့ပိုးအကြံဉာဏ်ပေးခဲ့ကြသော ပညာရှင်၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း အသီးသီးတို့အား ENAC မှ အလေးအနက်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ဤစာတမ်းအတွက် လိုအပ်သော အချက်အလက် များ စုဆောင်းကောက်ယူရာတွင် သက်ဆိုင်ရာ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့အား တွေ့ဆုံမေးမြန်းနိုင်ရန် ကူညီ ချိတ်ဆက်ပေးခဲ့ ကြသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအားလည်းကောင်း၊ လက်ခံတွေ့ဆုံခွင့်ပြုပြီး သိလိုသည့် အချက်အလက်များနှင့် ပတ်သက်၍ ဖြေကြားပေးခဲ့သော ကရင်၊ ကယားနှင့် မွန်ပြည်နယ်တို့ရှိ သက်ဆိုင်ရာအစိုးရဌာန (လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဌာန) များမှအရာရှိများနှင့် ထိုပြည်နယ်သုံးခုရှိ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (KNU, NMSP နှင့် KNPP)၏ သက်ဆိုင်ရာဌာနများမှ ခေါင်းဆောင်နှင့်တာဝန်ခံများ၊ မြေယာအရေး ဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ (KESAN, Mon State Common Space, KEAN, Ever Green, KSFU) နှင့် ဒေသခံပြည်သူများအားလည်းကောင်း ENAC မှ ကျေးဇူးအထူးတင်ရှိပါသည်။

ထို့အပြင် ဤသုတေသနစာတမ်းမထုတ်ဝေမီ စာတမ်း၏သက်ဆိုင်ရာအခန်းများတွင် ရေးသားထားသော အချက် အလက်များနှင့်ပတ်သက်၍ စိစစ်ဖတ်ရှုကာ မှတ်ချက်ပေးခဲ့ကြသော KNU သစ်တောဌာနနှင့် လယ်ယာစိုက်ပျိုးရေးဌာနမှ ပဒိုမန်းဘထွန်းနှင့် ပဒိုစောလေစေးတို့အားလည်းကောင်း၊ NMSP မှ နိုင်ဟံသာ အားလည်းကောင်း၊ KNPP မှ ခူးဦးရယ် အား လည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။ ထို့ပြင် ဤစာတမ်းတစ်ခုလုံးကိုစိစစ်ဖတ်ရှုပြီး ဝေဖန်ထောက်ပြ၊ အကြံဉာဏ်များ ပေးကာ တည်းဖြတ်ပေးခဲ့သော ဒေါက်တာ မင်းခင်မောင်ရင်အားလည်း များစွာကျေးဇူးတင်ရှိပါသည်။

ဤစာတမ်းကို ရေးသားထုတ်ဝေနိုင်ရန် ငွေကြေးကူညီပံ့ပိုးပေးသော ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေ (Joint Peace Fund) အဖွဲ့ကိုလည်း ကျေးဇူးတင်ပါသည်။ ဤစာတမ်းတွင် ရေးထားဖော်ပြထားသော အကြောင်းအရာများနှင့်ပတ်သက်၍ မှားယွင်းမှုတစ်စုံတစ်ရာရှိခဲ့လျှင် ENAC နှင့်သာ သက်ဆိုင်ပါသည်။

မြေယာစီမံအုပ်ချုပ်မှုစနစ်အမျိုးမျိုးကို လေ့လာတင်ပြထားသည့် ဤသုတေသနစာတမ်းသည် မြန်မာနိုင်ငံ၏ မြေယာ ကဏ္ဍပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်သည့် အချက်များနှင့်ပတ်သက်၍ အားထားရသော အရင်း အမြစ်တစ်ခုဖြစ်မည်ဟု မျှော်လင့်ပါသည်။

**ဒေါက်တာနိုင်ပညာမွန်**<br>
အမှုဆောင်ဒါရိုက်တာ<br>
တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ပြည်ထောင်စုမြန်မာနိုင်ငံ)

# အကျဉ်းချုပ်

မြန်မာနိုင်ငံသည် အုပ်ချုပ်ရေးစနစ်အမျိုးမျိုးအောက်တွင် မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လာခဲ့သည်။ အဆိုပါမြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် တစ်ခါတစ်ရံတွင် မြေယာဆိုင်ရာ ပြဿနာများကို အထိုက်အလျောက် ဖြေရှင်းနိုင်ခဲ့သော်လည်း တစ်ခါတစ်ရံတွင် မြေယာပြဿနာအသစ်များကို ဖန်တီးရာရောက်ခဲ့သည်များလည်း ရှိခဲ့သည်။ မြေယာစီမံအုပ်ချုပ်မှုအတွက် ပြဋ္ဌာန်းကျင့်သုံးလာခဲ့သော မြေယာဆိုင်ရာမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနှင့် လမ်းညွှန်ချက်များသည် အစိုးရအဆက်ဆက်တို့က လက်ဆင့်ကမ်းလာခဲ့သော မြေယာပြဿနာများကို ထိရောက်စွာဖြေရှင်းနိုင်ခဲ့ခြင်းမရှိသည့်အပြင် မြေယာဆိုင်ရာပြဿနာသစ်များကိုပါ ထွက်ပေါ်လာစေခဲ့သောကြောင့် မြေယာပြဿနာများသည် မြန်မာနိုင်ငံ၏ ဖြေရှင်း၍ မပြီးဆုံးနိုင်သော ပြဿနာတစ်ခုအဖြစ် ယနေ့ထိတိုင်ရှိနေပါသည်။ အနာဂတ်တွင် အာဏာရလာမည့် အစိုးရအဆက်ဆက်တို့အတွက်လည်း ကြီးမားသောစိန်ခေါ်မှုတစ်ရပ်အနေဖြင့် ဆက်လက်ရှိနေနိုင်ပါသည်။

သမိုင်းတစ်လျှောက် မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ ပြောင်းလဲလာမှုများကိုကြည့်လျှင် မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုသည် ဗဟိုချုပ်ကိုင်မှုများသည့် မြေယာစီမံအုပ်ချုပ်မှုစနစ်မှသည် ဗဟိုချုပ်ကိုင်မှုဖြေလျော့လာသည့် မြေယာစီမံအုပ်မှုစနစ်သို့ တဖြည်းဖြည်းကူးပြောင်းနေသည်ကို တွေ့မြင်နိုင်ပါသည်။ မြန်မာနိုင်ငံ၏ တည်ဆဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရတို့အား မြေယာအပါအဝင် ကဏ္ဍအလိုက်လုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေထားသော်လည်း လုပ်ပိုင်ခွင့်အာဏာအများစုမှာ ပြည်ထောင်စုအစိုးရလက်ထက်တွင်သာ စုပုံနေဆဲဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးတို့၏ လုပ်ပိုင်ခွင့်အာဏာများသည် အကန့်အသတ်များရှိနေသောကြောင့် မြေယာအပါအဝင် ကဏ္ဍအလိုက်ပြဿနာများကို ထိရောက်စွာဖြေရှင်းနိုင်ရေးအတွက် အဟန့်အတားတစ်ခုအဖြစ် ရှိနေသည်။ ထို့ကြောင့် နိုင်ငံ၏ အဓိကကျောရိုးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သွားရန် သို့မဟုတ် အသစ်ရေးဆွဲသွားရန် လိုအပ်နေပါသည်။

လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းမှုများရှိနေသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရခက်ခဲစေသည့် ပြဋ္ဌာန်းချက်များ ပါရှိနေသောကြောင့် ယနေ့ထက်တိုင် သိသာထင်ရှားသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို မပြုလုပ်နိုင်သေးပေ။ ထို့ကြောင့် လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်များအောက်တွင် ဥပဒေတစ်ရပ်ရပ်ကို ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ရေးဆွဲမှုများမှတဆင့် သိသာသော ဗဟိုချုပ်ကိုင်မှုအာဏာ ဖြေလျှော့မှုများ ဖြစ်ပေါ်လာရေးအတွက် ကျားကုတ်ကျားခဲကြိုးပမ်းယူရမည့် အနေအထားတွင် ရှိနေပါသည်။ အလားတူ လွှတ်တော်ပြင်ပ လမ်းကြောင်းတစ်ခုဖြစ်သည့် NCA သဘောတူစာချုပ်နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များမှတဆင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးမှာလည်း မျှော်လင့်ထားသကဲ့သို့ ခရီးမရောက်ဘဲ၊ ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်ကို တွေ့မြင်နေရပါသည်။ သက်ဆိုင်ရာအစုအဖွဲ့များအားလုံး ပါဝင်နိုင်မှု၊ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင် ချမှတ်အကောင်အထည်ဖော်သွားမည့် အခြေခံမူများဆိုင်ရာ ဘုံနားလည်မှုများ မတည်ဆောက်နိုင်သောကြောင့် တစ်ဆို့မှုများဖြစ်စေကာ ဖက်ဒရယ်အိမ်မက်နှင့် အလှမ်းဝေးနေဆဲအခြေအနေကိုသာ တွေ့မြင်နေရပါသည်။

ခေတ်အဆက်ဆက်တွင် ပြဋ္ဌာန်းခဲ့သော မြေယာဆိုင်ရာဥပဒေများနှင့် ထိုဥပဒေများကို အကောင်အထည်ဖော်ဆောင်သော သက်ဆိုင်ရာအစိုးရ အုပ်ချုပ်ရေးအဖွဲ့များ၏ အားနည်းချက်များကြောင့်လည်းကောင်း၊ နိုင်ငံအတွင်း ပြည်တွင်းစစ်နှင့် လက်နက်ကိုင်ပဋိပက္ခများ ယနေ့ထိတိုင်ဖြစ်ပွားနေပြီး ငြိမ်းချမ်းရေးကို အပြည့်အဝ မတည်ဆောက်နိုင်သေးသောကြောင့်လည်းကောင်း မြေယာဆိုင်ရာ ပြဿနာအမျိုးမျိုး ထွက်ပေါ်လာသည်။ ဥပဒေနှင့်အညီ မြေသိမ်းဆည်းမှုများ၊

ဥပဒေမဲ့မြေသိမ်းဆည်းမှုများ၊ ဆင်းရဲသားမြေယာမဲ့မှုများ၊ မြေကျူးကျော်နေထိုင်လုပ်ကိုင်မှုများ၊ မြေပေါ်မြေအောက် သယံဇာတများကို တရားမဝင် ထုတ်ယူရောင်းချမှုများ၊နေရပ်စွန့်ခွာတိမ်းရှောင်နေရသူများနှင့် အခြားနိုင်ငံများတွင် ဒုက္ခသည်များအဖြစ် ခိုလှုံနေရသူများ၏ မြေယာအခွင့်အရေးဆုံးရှုံးနေမှုများ အစရှိသည့် မြေယာဆိုင်ရာ ပြဿနာများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အဟန့်အတားများဖြစ်နေပြီး ၎င်းတို့ကို စနစ်တကျကိုင်တွယ်ဖြေရှင်းသွားရန် အရေးကြီးသည်။

မြန်မာနိုင်ငံ၏ မြေယာကဏ္ဍပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ရာတွင် နိုင်ငံအတွင်း လက်ရှိကျင့်သုံး အကောင်အထည်ဖော်လျက်ရှိသော မြေယာစီမံအုပ်ချုပ်မှုစနစ်အမျိုးမျိုး၏ အားသာချက်နှင့် အားနည်းချက်များကို ကောင်းစွာနားလည်သဘောပေါက်ရန် လိုပါသည်။ နိုင်ငံတော်အစိုးရ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေများတွင် ကျင့်သုံးသော မြေယာစီမံအုပ်ချုပ်မှုစနစ်များတွင် တူညီသောအချက်များရှိသကဲ့သို့ မတူညီသောအချက်များလည်း ရှိနေပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြေယာစီမံအုပ်ချုပ်မှုစနစ်များအကြား ခြားနားချက်များကို ခြုံငုံကြည့်လျှင် တစ်ဘက်တွင် အာဏာရအစိုးရသည် နိုင်ငံ၏ တည်ဆဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အောက်တွင် လွှတ်တော်မှတစ်ဆင့် မြေယာဆိုင်ရာဥပဒေများပြင်ဆင်ရေးဆွဲကာ ဗဟိုချုပ်ကိုင်မှုကို တစ်ဖြည်းဖြည်းချင်း ဖြေလျှော့သည့် မြေယာစီမံအုပ်ချုပ်မှုစနစ်ကို နေးကွေးစွာကူးပြောင်းနေချိန်တွင် အခြားတစ်ဘက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့စည်းများက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လွှတ်တော်ပြင်ပလမ်းကြောင်းတစ်ခုဖြစ်သည့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်မှ တစ်ဆင့်ပြင်ဆင်ရန် ကြိုးပမ်းနေကြပြီး၊ ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်တစ်ခုဖြစ်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်စံနှုန်းနှင့်အညီ တိုင်းရင်းသားပြည်သူတို့၏ ဓလေ့ထုံးတမ်းမြေယာမူဝါဒများကို အသိအမှတ်ပြုပြီး၊ မြေယာဆိုင်ရာလုပ်ပိုင်ခွင့် အာဏာအများစုကို ပြည်သူလူထုနှင့် နီးစပ်မှုပိုရှိသော ပြည်နယ်အစိုးရများထံတွင် ထားရှိလိုကြသည်။

မြန်မာနိုင်ငံ၏ မြေယာပြဿနာများကို ထိရောက်မြန်ဆန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အဆိုပါမြေယာပြုပြင်ရေးလမ်းကြောင်းနှစ်ခုသည် ချိတ်ဆက်ပေါင်းစည်းမှုရှိရန်လိုပါသည်။ ထို့ပြင် အနာဂတ်မြန်မာနိုင်ငံတွင် ကျင့်သုံးသွားမည့် မြေယာစီမံ အုပ်ချုပ်မှုစနစ်ကိုဖော်ဆောင်ရာတွင် ကမ္ဘာ့နိုင်ငံများ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်များ၊ အထူးသဖြင့် ဖက်ဒရယ်နိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်များကိုလေ့လာပြီး မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီနိုင်မည့် အစိတ်အပိုင်းများကို ထည့်သွင်းစဉ်းစားသွားရန်လည်း လိုအပ်ပါသည်။ ဤစာတမ်းတွင် လေ့လာတင်ပြထားသော ဖက်ဒရယ်နိုင်ငံများ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်အရ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် မြေယာဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ဖက်ဒရယ်/ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား ရှင်းလင်းစွာခွဲဝေအပ်နှင်းထားခြင်းနှင့် ဖက်ဒရယ်မဟုတ်သော အာဖရိကနိုင်ငံအချို့၏ ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်စနစ်များကို တရားဝင်အသိအမှတ်ပြုသည့် ဖြစ်စဉ်များအရ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် နိုင်ငံ၏ အမျိုးသားမြေယာဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းမြေယာဥပဒေထဲတွင် ထည့်သွင်းအသိအမှတ်ပြုခြင်းအားဖြင့် ပြည်သူလူထု၏ မြေယာအခွင့်အရေးလုံခြုံမှုကို ခိုင်မာစေခြင်း အစရှိသည်တို့ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း လက်တွေ့ကျသော မြေယာဆိုင်ရာပြုပြင်ပြောင်းလဲမှုများ အစောဆုံးစတင်နိုင်ရေးအတွက် နိုင်ငံအတွင်း နှစ်ပေါင်း (၇၀) နီးပါးဖြစ်ပွားနေသော ပြည်တွင်းစစ်နှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး သက်ဆိုင်ရာအစုအဖွဲ့များ (အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပြည်သူလူထု) အကြား မြေယာစီမံအုပ်ချုပ်မှုစနစ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ကာ မြန်မာနိုင်ငံအခြေအနေနှင့် ကိုက်ညီနိုင်မည့် ဖက်ဒရယ်နှင့်ဒီမိုကရေစီစံနှုန်းများကိုအခြေခံသည့် မြေစီမံအုပ်ချုပ်မှုစနစ်တစ်ခုကို ချမှတ်အကောင်အထည်ဖော်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

# မာတိကာ


စကားဦး ........ က

ကျေးဇူးတင်လွှာ........ ဂ

အကျဉ်းချုပ် ........ ဃ

အတိုကောက် ဝေါဟာရများ........ ဈ

၁။ နိဒါန်း ........ ၁

၂။ သုတေသနစာတမ်း၏ ရည်ရွယ်ချက်၊ သုတေသနနည်းနာနှင့် ဖွဲ့စည်းပုံ........ ၉

၂.၁။ သုတေသနစာတမ်း၏ ရည်ရွယ်ချက်........ ၉

၂.၂။ သုတေသနနည်းနာနှင့် ဖွဲ့စည်းပုံ ........ ၁၀

၂.၃။ သုတေသနပြုရာတွင် ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများ........ ၁၂

၃။ မြေယာနှင့် မြေယာစီမံအုပ်ချုပ်မှုစနစ်ဆိုင်ရာ သဘောတရားများ........ ၁၃

၃.၁။ မြေယာ၏ အဓိပ္ပါယ်၊ ဝိသေသနှင့် မြေအသုံးချမှုပုံစံများ ........ ၁၃

၃.၂။ မြေယာစီမံအုပ်ချုပ်မှုစနစ် ........ ၂၀

၃.၃။ မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှု........ ၂၂

၃.၄။ မြေယာဆိုင်ရာ ထိပ်တိုက်ထိတွေ့မှုများ ........ ၂၃

၃.၅။ မြေယာနှင့် နိုင်ငံတကာသဘောတူစာချုပ်များ........ ၂၅

၄။ မြန်မာနိုင်ငံ၏ မြေယာအုပ်ချုပ်မှုစနစ် ........ ၃၁

၄.၁။ မြန်မာနိုင်ငံ၏ မြေယာအုပ်ချုပ်မှုသမိုင်းအကျဉ်း........ ၃၁

၄.၁.၁) လွတ်လပ်ရေးမတိုင်မီခေတ် (၁၉၄၈ ခုနှစ် မတိုင်မီ) ........ ၃၁

၄.၁.၂) လွတ်လပ်ရေးရပြီးခေတ် (၁၉၄၈-၂၀၁၀) ........ ၃၃

၄.၁.၃) အရပ်သားတစ်ပိုင်းအစိုးရခေတ် (၂၀၁၁-၂၀၁၅) ........ ၃၃

၄.၁.၄) အရပ်သားတစ်ပိုင်း အစိုးရခေတ် (၂၀၁၆- လက်ရှိ)........ ၄၂

၄.၂။ တိုင်းရင်းလက်နက်ကိုင်အဖွဲ့အစည်း၏ မြေယာစီမံအုပ်ချုပ်မှု ........ ၅၆

၄.၂.၁) ကရင်အမျိုးသားအစည်းအရုံး ........ ၅၆

၄.၂.၂) မွန်ပြည်သစ်ပါတီ ........ ၉၂

၄.၂.၃) ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ........ ၁၀၄

၄.၃။ မြန်မာနိုင်ငံ၏ ဓလေ့ထုံးတမ်းမြေစီမံအုပ်ချုပ်မှု ........ ၁၂၀

၄.၃.၁) အဓိကအစိတ်အပိုင်းများ........ ၁၂၀

၄.၃.၂) အားသာချက်နှင့် အားနည်းချက်များ........ ၁၂၁

၅။ နိုင်ငံတကာ မြေစီမံအုပ်ချုပ်မှုစနစ်များ...... ၁၂၅
၅.၁။ ဖက်ဒရယ်နိုင်ငံအချို့၏ မြေစီမံအုပ်ချုပ်မှုစနစ်များ ...... ၁၂၅
၅.၁.၁) အမေရိကန်...... ၁၂၅
၅.၁.၂) အိန္ဒိယ...... ၁၃၈
၅.၁.၃) မလေးရှား...... ၁၄၃
၅.၁.၄) နိုင်ဂျီးရီးယား ...... ၁၅၂
၅.၂။ အာဖရိကန်နိုင်ငံအချို့၏ ဓလေ့ထုံးတမ်းမြေများကို တရားဝင်အသိမှတ်ပြုမှုများ...... ၁၅၄
၅.၂.၁) ဘော့ဆွာနာ...... ၁၅၄
၅.၂.၂) မိုဇမ်ဘစ် ...... ၁၆၀
၅.၂.၃) တန်ဇေးနီးယား ...... ၁၆၆
၅.၂.၄) အာဖရိကနိုင်ငံ (၃) ခု၏ ဓလေ့ထုံးတမ်းမြေအခွင့်အရေးများကို ချိန်ညှိသုံးသပ်ခြင်း...... ၁၇၂

၆။ စဉ်းစားသုံးသပ်ချက်များနှင့် မူဝါဒအကြံပြုချက်များ ...... ၁၇၇
၆.၁။ စဉ်းစားသုံးသပ်ချက်များ ...... ၁၇၇
၆.၁.၁) ပြည်တွင်းသာဓကများ...... ၁၇၇
၆.၁.၂) နိုင်ငံတကာသာဓကများ ...... ၁၈၄
၆.၁.၃) ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်စနစ်များ...... ၁၈၄
၆.၁.၄) မြေစီမံအုပ်ချုပ်မှုစနစ်များ ပေါင်းစည်းခြင်း ...... ၁၈၆
၆.၂။ ဖက်ဒရယ်မြေယာ စီမံအုပ်ချုပ်မှုအတွက် ရွေးချယ်စရာများ ...... ၁၈၆
၆.၃။ မူဝါဒအကြံပြုချက်များ ...... ၁၉၀

၇။ နိဂုံး ...... ၁၉၃

ကျမ်းကိုးစာရင်း ...... ၁၉၅
နောက်ဆက်တွဲ ...... ၁၉၈
သုတေသနခရီးစဉ် ဓာတ်ပုံမှတ်တမ်းများ ...... ၂၀၁

## စာကွက်များ

စာကွက် (၁) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာ ...... ၅
စာကွက် (၂) မြေယာစီမံအုပ်ချုပ်မှုအတွက် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များ...... ၂၆
စာကွက် (၃) သဘာဝပတ်ဝန်းကျင်နှင့် မြေယာဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်များ ...... ၂၉
စာကွက် (၄) ဦးသိန်းစိန်အစိုးရလက်ထက် (၂၀၁၀-၂၀၁၅) တွင် ပြဋ္ဌာန်းခဲ့သော မြေယာဆိုင်ရာ ဥပဒေများနှင့် မြေစီမံခန့်ခွဲရေး အဖွဲ့များ ...... ၃၅
စာကွက် (၅) ပြဋ္ဌာန်းမြေယာဥပဒေအချို့နှင့် နောက်ဆက်တွဲအကျိုးဆက်များ ...... ၄၀
စာကွက် (၆) ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈) အပေါ် သုံးသပ်ချက်များ ...... ၄၂
စာကွက် (၇) NLD ဦးဆောင်သည့် အရပ်သားတစ်ပိုင်းတစ်စိုးရလက်ထက် မြေစီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေမူဘောင်များ.. ၄၅
စာကွက် (၈) NLD ဦးဆောင်သော အရပ်သားတစ်ပိုင်းအစိုးရလက်ထက် မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်း (သို့မဟုတ် ) အင်စတီကျူးရှင်းမူဘောင်များ (၁) ...... ၅၁
စာကွက် (၉) NLD ဦးဆောင်သော အရပ်သားတစ်ပိုင်း အစိုးရလက်ထက် မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်း (သို့မဟုတ် ) အင်စတီကျူးရှင်းမူဘောင်များ (၂) ...... ၅၃

စာကွက် (၁၀) "ကော်" သို့မဟုတ် ကရင်လူမျိုးတို့၏ ဓလေ့ထုံးတမ်းမြေ ........ ၆၄
စာကွက် (၁၁) ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သစ်တောဥပဒေအရ သတ်မှတ်ထားသော သစ်တောမြေ အမျိုးအစားများ ...... ၆၈
စာကွက် (၁၂) သံလွင်ငြိမ်းချမ်းရေးဥယျာဉ် (Salween Peace Park) ........ ၇၀
စာကွက် (၁၃) ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး စီမံအုပ်ချုပ်သည့်နယ်မြေဒေသရှိ ကျေးရွာပိုင်ဘုံသစ်တောတစ်ခု ၈၉
စာကွက် (၁၄) မွန်ဒေသ မြေယာမူဝါဒ (မူကြမ်း) ........ ၁၀၂
စာကွက် (၁၅) ကရင်နီမြေယာမူဝါဒ ........ ၁၁၁
စာကွက် (၁၆) "ကရင်နီပြည်" နှင့် "ကရင်နီကိုယ်ပိုင်ဝိသေသ" တည်ဆောက်မှုဆိုင်ရာ ကရင်နီ အမျိုးသားတိုးတက်ရေး.. ပါတီ (KNPP) ၏ အမျိုးသားရေးလှုပ်ရှားမှု ၁၁၃
စာကွက် (၁၇) အမေရိကန်နိုင်ငံရှိ မြေပိုင်ဆိုင်မှု (Land ownership in the US) ........ ၁၂၇
စာကွက် (၁၈) အမေရိကန်နိုင်ငံရှိ ဖက်ဒရယ်မြေ (Federal Lands)........ ၁၂၉
စာကွက် (၁၉) အမေရိကန်နိုင်ငံရှိ ပြည်နယ်အစိုးရပိုင်ဆိုင်သော အဓိက မြေအမျိုးအစားများ........ ၁၃၃
စာကွက် (၂၀) မလေးရှားနိုင်ငံ၏ ၁၉၆၅ ခုနှစ် အမျိုးသားမြေကိုဒ်ဥပဒေ၏ အပိုင်း (၅) ပါ မြေအဓိပ္ပါယ်ဖွင့်ဆိုချက် ........ ၁၄၆
စာကွက် (၂၁) မလေးရှားနိုင်ငံရှိ "အာဒဲ့ပက်ပါတီ"ဓလေ့ထုံးတမ်းမြေစနစ်ပါ အမျိုးသမီးများ၏ မြေအခွင့်အရေးများ ........ ၁၄၈
စာကွက် (၂၂) မလေးရှားနိုင်ငံ၏ "အာဒဲ့တီမင်ဂမ်" ဓလေ့ထုံးတမ်းမြေစနစ်အရ သေဆုံးသူ၏ပိုင်ဆိုင်မှုများကို ခွဲဝေပုံ ...... ၁၄၉

## ဇယားများ

ဇယား (၁) သုတေသနစာတမ်းအတွက် မေးမြန်းခဲ့သော အစုအဖွဲ့များစာရင်းနှင့် လူဦးရေ ........ ၁၁
ဇယား (၂) မြေနှင့်ဆိုင်သော လုပ်ပိုင်ခွင့်ပုံစံများ ........ ၁၅
ဇယား (၃) မြေလုပ်ပိုင်ခွင့်အမျိုးအစားများ ........ ၁၆
ဇယား (၄) မြေယာလုပ်ပိုင်ခွင့်စနစ်များနှင့် ၎င်းတို့၏ ဝိသေသလက္ခဏာများ ........ ၁၇
ဇယား (၅) မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ပြဌာန်းခဲ့သော မြေယာဆိုင်ရာ ဥပဒေများ ........ ၃၂
ဇယား (၆) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်(MNHRC)ထံသို့ ပေးပို့လာသော တိုင်တန်းချက်များ (၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ) ...... ၄၁
ဇယား (၇) မြေအမျိုးအစားနှင့် စီမံခန့်ခွဲလျက်ရှိသည့် ဝန်ကြီးဌာနနှင့် စီမံခန့်ခွဲနေသည့် ဥပဒေများ ........ ၄၉
ဇယား (၈) လက်ရှိ တိုင်းတာပြီးသော ကော်သူးလေသစ်တောမြေအမျိုးအစားနှင့် အရေအတွက် ........ ၆၉

## ပုံများ

ပုံ (၁) မြေယာဆိုင်ရာ ပဋိပက္ခများ ........ ၂၁
ပုံ (၂) မြေအသုံးချမှုစီမံခန့်ခွဲရေး၏ အရေးကြီးမှု ........ ၂၄
ပုံ (၃) မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များ ........ ၅၀
ပုံ (၄) ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး၏ KAD ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ ........ ၇၆
ပုံ (၅) ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး၏ ဗဟိုမြေယာကော်မတီ၏ ဖွဲ့စည်းပုံ ........ ၇၈
ပုံ (၆) ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး၏ KFD ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ ........ ၈၀
ပုံ (၇) အမေရိကန်ပြည်ထောင်စု၏ မြေအသုံးချမှုအစီအစဉ်ဖွဲ့စည်းပုံ ........ ၁၃၁
ပုံ (၈) မလေးရှားနိုင်ငံ၏ မြေနှင့်သယံဇာတဆိုင်ရာ အာဏာခွဲဝေမှု........ ၁၅၁

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| AFPFL | Anti-Fascist People's Freedom League<br>ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ဖ.ဆ.ဖ.လ) |
| CBD | Convention on Biological Diversity<br>ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း |
| CDCs | City Development Committee<br>မြို့တော်စည်ပင်သာယာရေးကော်မတီ |
| CEC | Central Executive Committee<br>ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| CLC | Central Land Committee<br>ဗဟိုလယ်ယာမြေကော်မတီ |
| CSC | Central Standing Committee<br>ဗဟိုအမြဲတမ်းကော်မတီ |
| CFCs | Community Forest Certificates<br>ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်များ |
| CFIs | Community Forest Instructions<br>ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ ညွှန်ကြားချက် |
| CFS | The Committee on World Food Security<br>ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီ |
| CITES | Convention on International Trade in Engendered Species of Wild Fauna and Flora<br>မျိုးသုန်းရန် အန္တရာယ်ရှိသော တောရိုင်းတိရိစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ<br>ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း |
| CNF | Chin National Front<br>ချင်းအမျိုးသားတပ်ဦး |
| DALMS | Department of Agricultural Land Management and Statistics<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| DKBA | Democratic Karen Buddhist Army<br>တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် |
| EAO | Ethnic Armed Organization<br>တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း |
| FAO | Food and Agriculture Organization<br>စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ |

| | |
|---|---|
| FPD | Framework for Political Dialogue<br>နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် |
| FPIC | Free Prior Informed Consent<br>လွတ်လပ်စွာ ကြိုတင်ရယူထားသော သဘောတူညီချက် |
| GAD | General Administration Department<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| IDPs | Internally Displaced Persons<br>ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ |
| ICSEC | International Covenant on Social Economic and Cultural Rights<br>စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် |
| ILO Convention 169 | International Labor Organization Convention 169 – ILO<br>အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ သဘောတူညီချက် |
| ITTA | International Tropical Timber Agreement<br>နိုင်ငံတကာ အပူပိုင်းဒေသထွက်သစ်များဆိုင်ရာ သဘောတူစာချုပ် |
| KAD | Karen Land and Agriculture Department<br>ကရင်လယ်ယာစိုက်ပျိုးရေးဌာန |
| KEAN | Kayah Environmental Action Network<br>ကယားပြည်လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး<br>လှုပ်ရှားဆောင်ရွက်မှုကွန်ယက် |
| KFD | Karen Forest Department<br>ကရင်သစ်တောဌာန |
| KFid | Karen Fishery Department<br>ကရင်ရေလုပ်ငန်းဌာန |
| KID | Karen Interior Department<br>ကရင်ပြည်ထဲရေးဌာန |
| KJD | Karen Judicial Department<br>ကရင်တရားရေးဌာန |
| KMD | Karen Mining Department<br>ကရင်သတ္တုတွင်းဌာန |
| KESAN | Karen Environmental and Social Action Network<br>ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှုကွန်ယက် |
| KNDP (Dragon Group) | Karenni National Democracy Party<br>ကရင်နီအမျိုးသားဒီမိုကရေစီပါတီ/တပ်မတော်  (နဂါးအဖွဲ့) |
| KNPDP (Kayaw group) | Karenni National Peace and Development Party<br>ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ကယောအဖွဲ့) |
| KNPLF | Karenni National People’s Liberation Front<br>ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) |
| KNPP | Karenni National Progressive Party<br>ကရင်နီအမျိုးသားတိုးတက်ရေးပါတီ |

| | |
|---|---|
| KNSO (White Star group) | Karenni National Solidarity Organization<br>ကရင်နီအမျိုးသားသွေးစည်းညီညွတ်ရေးအဖွဲ့ (ကြယ်ဖြူအဖွဲ့) |
| KSC | Karreni Supreme Council<br>ကရင်နီစုပရင်းကောင်စီ |
| KSFU | Karenni State Farmer Union<br>ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂ |
| KNA | Karen National Association<br>ကရင်အမျိုးသားအသင်း |
| KNDO | Karen National Defense Organization<br>ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း |
| KNU | Karen National Union<br>ကရင်အမျိုးသားအစည်းအရုံး |
| KNU/KNLA – PC | Karen National Union/Karen National Liberation Army – Peace Council<br>ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ |
| NCA | Nationwide Ceasefire Agreement<br>တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| NLD | National League for Democracy<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NDF | National Democratic Front<br>အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) |
| MNHRC | Myanmar National Human Rights Commission<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် |
| MNLA | Mon National Liberation Army<br>မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| MOALI | Ministry of Agriculture, Livestock and Irrigation<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| MONREC | Ministry of Natural Resource and Environmental Conservation<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| MPF | Mon People Front<br>မွန်ပြည်သူ့တပ်ဦး |
| NLUP | National Land Use Policy<br>အမျိုးသားမြေအသုံးချမှုမူဝါဒ |
| NMSP | New Mon State Party<br>မွန်ပြည်သစ်ပါတီ |
| PPMFW | People's Party of Myanmar Farmers and Workers<br>မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ်သမားပြည်သူ့ပါတီ |
| RCSS | Restoration Council of Shan State<br>ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ |

| | |
|---|---|
| SD | The Survery Department<br>မြေတိုင်းဦးစီးဌာန |
| The 88 GPOS | The 88 Generation Peace and Open Society<br>၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း |
| UDHR | The Universal Declaration of Human Rights<br>အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း |
| UNEP | United Nations Environemntal Programme<br>ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် |
| UNDRIP | United Nations Declaration on the Rights of Indigenous Peoples<br>ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကြေငြာစာတမ်း |
| UNCCD | Convention on Combat Desertification in Countries Experiencing Serious Drought<br>ကန္တာရမြေ ဖြစ်ထွန်းမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း |
| UN-OHCHR | United Nation – The Office of the High Commissioner for Human Rights<br>ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး လိုက်နာကျင့်သုံးသော လမ်းညွှန်ချက်များ |
| VGGT | Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security<br>အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ သားငါး၊ သစ်တော များနှင့် သက်ဆိုင်သော လုပ်ပိုင်ခွင့်အား တာဝန်ခံသည့် စီမံခန့်ခွဲမှု အတွက် စေတနာဖြင့်တန်ဖိုး၍ လိုက်နာကျင့်သုံးသော လမ်းညွှန်ချက်များ |
| WHC | World Heritage Convention<br>ကမ္ဘာ့အမွေအနှစ်ကွန်ဗင်းရှင်း |
| UPDJC | Union Peace Dialogue Joint Committee<br>ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ |
| UPC | Union Peace Conference<br>ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ |
| TFD | The Forest Department<br>သစ်တောဦးစီးဌာန |
| UKISC | United Karenni Independent State Council<br>လွတ်လပ်သော ကရနီပြည်ထောင်စုကောင်စီ |
| UKSIA | United Karenni State Independent Army<br>လွတ်လပ်သော ကရင်နီပြည်ထောင်စုတပ်မတော် |
| UKISC | United Karenni Independent States Council<br>လွတ်လပ်သော ကရင်နီပြည်ထောင်စုကောင်စီ |
| SIA | Social Impact Assessment<br>လူမှုရေးအကျိုးသက်ရောက်မှုဆန်းစစ်ချက် |

## အခန်း (၁)

# နိဒါန်း

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရပြီးချိန်မှစ၍ အုပ်ချုပ်မှုစနစ် အမျိုးမျိုးအောက်တွင် အပြောင်းအလဲများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ယနေ့ထိတိုင် ပြည်တွင်းစစ်များနှင့် မငြိမ်းချမ်းနိုင်သေးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စစ်အာဏာရှင်စနစ်အောက် ဆယ်စုနှစ်ပေါင်းများစွာ ကျရောက်ခဲ့ပြီးနောက် စစ်အစိုးရလက်ထက် ၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံ၏ တတိယမြောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲများ ပြန်လည်ကျင်းပခဲ့ပါသည်။ ၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန် ဦးဆောင်သောအရပ်သားတစ်ပိုင်း အစိုးရတက်လာပြီး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှတစ်ဆင့် ၂၀၁၆ ခုနှစ်တွင် ဦးထင်ကျော် ဦးဆောင်သော အရပ်သားတစ်ပိုင်းအစိုးရတက်လာပြီး ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ပြုလုပ်ခဲ့သည်။ လက်ရှိတွင် ၂၀၁၈ ခုနှစ်တွင် အနားယူသွားသော သမ္မတဦးထင်ကျော်နေရာ၌ ဦးဝင်းမြင့် တက်လာပြီး ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဖော်ဆောင်လျက်ရှိသည်။

သမ္မတ ဦးသိန်းစိန်လက်ထက်မှ အစပြု၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုနှင့် ပြည်နယ်အဆင့် လွှတ်တော်များဖွဲ့စည်းခဲ့ပြီး ထိုလွှတ်တော်များမှတစ်ဆင့် ဥပဒေများကိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အသစ်ရေးဆွဲခြင်းတို့နှင့်အတူ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ တစ်ပြိုင်နက်တည်းတွင် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)[၁] နှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးလုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်လာခဲ့သည်။

သို့ရာတွင် ဗဟိုချုပ်ကိုင်မှုများသည့် တစ်ပြည်ထောင်အုပ်ချုပ်ရေးစနစ်မှ ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ထားသည့် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုစနစ်သို့ ကူးပြောင်းရန်အတွက် ဖော်ဆောင်နေသည့် နိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းနှစ်ခု (တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပခြင်းမှတစ်ဆင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားမည့်လမ်းကြောင်းနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ဖွဲ့စည်းထားသော လွှတ်တော်များမှတစ်ဆင့် ဥပဒေများပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ရေးဆွဲပြီး အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုကို ဖော်ဆောင်သည့်လမ်းကြောင်း) သည် အပြိုင်သွားနေသကဲ့သို့ဖြစ်ပြီး၊ ထိုလမ်းကြောင်းနှစ်ခု၏ ချိတ်ဆက်ပေါင်းစည်းမှုမှာ မရှိသလောက်နည်းနေသည်ဟု အများကဝေဖန်နေကြပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲများမှတစ်ဆင့် ဖော်ဆောင်နေသော မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် လက်ရှိတွင် ရလဒ်ကောင်းများထွက်ပေါ်လာခြင်း မရှိသေးဟု ဝေဖန်မှုများလည်း ရှိနေပါသည်။ သမ္မတဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့နှင့် လက်မှတ်ရေးထိုးခဲ့ပြီး ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းခဲ့သည်။ ၂၀၁၆ ခုနှစ်၊ NLD

---

[၁] မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့ကိုယ်ကို "တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ" ဟု ရည်ညွှန်းခေါ်ဝေါ်ကြသော်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုသဘောတူ စာချုပ် (NCA) မူကြမ်းကို အစိုးရ၊ မြန်မာတပ်မတော်နှင့် ညှိနှိုင်းဆွေးနွေးပြီးသည့်နောက်တွင် "တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)" ဟု ခေါ်ခေါ်သုံးနှုန်းရန် သဘောတူခဲ့သည်။ ထို့ကြောင့် ဤစာတမ်းတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကို NCA တွင် သုံးနှုန်းသည့်အတိုင်း "တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ" ဟုသာ ဖော်ပြသွားပါမည်။ (source: https://www.mmtimes.com/in-depth/10767-armed-groups-and-political-legitimacy.html) [accessed 20 July 2019]

အစိုးရတက်လာသည့် အချိန်မှစပြီး လက်ရှိအချိန်ထိ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ အစည်းအဝေး (၃) ကြိမ် ကျင်းပနိုင်ခဲ့သည်။ ပထမအစည်းအဝေး (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ) တွင် ညီလာခံတက်ရောက်ခဲ့သော အစုအဖွဲ့အသီးသီးတို့သည် ၎င်းတို့၏ အဆိုပြုစာတမ်းများ ဖတ်ကြားတင်ပြမှုကိုသာပြုလုပ်ခဲ့ကြပြီး ပြည်တွင်းစစ်ဖြစ်ပွားစေခဲ့သည့် အကြောင်းရင်းများနှင့် ပြည်တွင်းစစ် ရှည်လျားစေခဲ့သည့် အကြောင်းအရာများကို ဖြေရှင်းရန်အတွက် ဆွေးနွေးညှိနှိုင်းသဘောတူညီချက်များ ရယူခဲ့ခြင်း မရှိပေ။ သို့ရာတွင် ဒုတိယအစည်းအဝေး (၂၀၁၇ ခုနှစ်၊ မေလ) နှင့် တတိယအစည်းအဝေး (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ) တို့မှ မြေယာ အပါအဝင် ကဏ္ဍကြီး (၅) ခုအတွက် အခြေခံမူသဘောတူညီချက်စုစုပေါင်း (၅၁) ချက် (၃၇ + ၁၄) ကို ရယူနိုင်ခဲ့ပြီး ပြည်ထောင်စု သဘောတူစာချုပ်၏ အစိတ်အပိုင်း (၁) နှင့် (၂) အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ တတိယအစည်းအဝေးမတိုင်မီတွင် နောက်ထပ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၂) ဖွဲ့နှင့် NCA လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး NCA ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းစုစုပေါင်း (၁၀) ဖွဲ့ပါဝင်သည့် တတိယအစည်းအဝေးကို ကျင်းပခဲ့သည်။ ပြည်ထောင်စုလွှတ်တော်တွင် ပြည်ထောင်စု သဘောတူစာချုပ်၏ အစိတ်အပိုင်း (၁) ကို အတည်ပြုခဲ့ပြီဖြစ်သော်လည်း ထိုသဘောတူညီချက်များကို မည်သည့်အချိန်တွင် အကောင်အထည်ဖော်သွားမည်ကို မည်သူမျှတိတိပပ မသိပေ။ ထို့အပြင် NCA မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများစွာ ကျန်ရှိနေသေးပြီး ထိုအဖွဲ့များ၏ ပါဝင်ဆွေးနွေးမှုမရှိခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အစည်းအဝေးများမှ ထွက်လာသော သဘောတူညီချက်များသည် မည်မျှကိုယ်စားပြုမှုရှိသည်ကို မေးခွန်းထုတ်စရာဖြစ်နေသည်။ လက်ရှိတွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ရပ်တန့်လုနီးပါးဖြစ်နေပြီး၊ ရေရှည်တည်တံ့သည့် ပြည်တွင်းငြိမ်းချမ်းရေး အလားအလာမှာ အလှမ်းဝေးနေဆဲ အနေ အထားတွင် ရောက်ရှိနေသည်ဟုဆိုရမည် ဖြစ်သည်။

တစ်ဘက်တွင်လည်း လွှတ်တော်များမှတစ်ဆင့် ဖော်ဆောင်နေသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒများကို ရေးဆွဲချမှတ်လျက်ရှိသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေး စသည့်ကဏ္ဍများအပြင် မြေယာကဏ္ဍတွင်လည်း ကြီးမားသောပြုပြင်ပြောင်းလဲမှုများကို ပြုလုပ် ခဲ့သည်။ ဥပမာ - သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၂ ခုနှစ်တွင် မြေယာဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေတို့ကိုပြဋ္ဌာန်းခဲ့ပြီး လွှတ်တော်မြေယာစုံစမ်းရေးကော်မရှင်နှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီတို့ကို ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင်ဖွဲ့စည်းကာ မြေယာဆိုင်ရာပြဿနာများကို ကိုင်တွယ်ဖြေရှင်းခဲ့သည်။ သမ္မတဦးထင်ကျော်နှင့် ဦးဝင်းမြင့်တို့ လက်ထက် တွင်လည်း ၂၀၁၈ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနှင့် အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟို ကော်မတီ တို့ကိုဖွဲ့စည်းကာ မြေယာပြဿနာများဖြေရှင်းရန် ဆက်လက်ကြိုးပမ်းခဲ့သည်။ ထိုကြိုးပမ်းဆောင်ရွက်မှုများသည် စစ်အစိုးရလက်ထက် ကတည်းကရှိခဲ့သော မြေယာသိမ်းဆည်းမှု၊ မြေအငြင်းပွားမှု၊ မြေယာမဲ့မှုနှင့် မြေကျူးကျော်မှုစသည့်မြေယာပြဿနာအားလုံးကို ဖြေရှင်းနိုင်ခဲ့ခြင်း မရှိသည့်အပြင်၊ ပြဋ္ဌာန်းလိုက်သော မြေယာဥပဒေများ၊ နည်းဥပဒေများနှင့် မြေယာစီမံအုပ်ချုပ်မှုစနစ်တို့၏ အားနည်း ချက်များကြောင့် မြန်မာနိုင်ငံ၏ မြေယာပြဿနာများဖြေရှင်းရေးမှာ ကြီးမားသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံအစိုးရအဆက်ဆက်တို့၏ မြေယာစီမံအုပ်ချုပ်မှုစနစ်သည် ဗဟိုချုပ်ကိုင်မှုလွန်ကဲ နေပြီး ပြဋ္ဌာန်းခဲ့သော မြေယာဥပဒေနှင့် မြေယာမူဝါဒများသည်လည်း ဆင်းရဲသားတောင်သူလယ်သမားများ၏ အကျိုးစီးပွားထက် အစိုးရနှင့်နီးစပ်သည့် လူနည်းစုစီးပွားရေးလုပ်ငန်းရှင်များ၏ အကျိုးစီးပွားများကိုသာ ဘက်လိုက်မြှင့်တင်ပေးနေသည်ဟု ဝေဖန်နေကြ သည်များလည်း ရှိနေပါသည်။[၂] မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းနီးပါးသည် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်ဖြစ်၍ လယ်ယာမြေသည် ပြည်သူအများစု၏ အသက်ရှင်သန်နေထိုင်မှုအတွက် အလွန်ပင် အရေးပါလှပါသည်။ ထို့အပြင် အစဉ်အဆက် ရိုးရာဓလေ့ထုံးတမ်း မြေယာအသုံးချမှုစနစ်ကို ကျင့်သုံးနေကြသော ဌာနေတိုင်းရင်းသားများအတွက် မြေယာသည်

၂ Transnational Institute.2014. “Pro-business or pro-poor? Making sense of recently unveiled draft national land use policy.” Available at: https://www.tni.org/files/download/myanmar_land_policy-1.pdf [accessed 20 July 2019]; Franco, Jennifer, Tom Kramer, Alberto Alonso Fradejas, Hannah Twomey, and Pietje Vervest. "The Challenge of Democratic and Inclusive Land Policymaking in Myanmar: A Response to the Draft National Land Use Policy." Transnational Institute (TNI): Amsterdam, The Netherlands (2015): 1-72.Available at: https://www.tni.org/files/download/the_challenge_of_democratic_and_inclusive_land_policymaking_in_myanmar.pdf [accessed 20 July 2019] ဒို့မြေကွန်ယက် (၂၀၁၅) “မြေယာ လုယက်သိမ်းယူမှုများအားဖြင့် ပြည်သူ့ဘဝများကို ဖျက်ဆီးကြခြင်း” available at: https://www.tni.org/files/article-downloads/lioh_research_report_burmese.pdf [accessed 20 July 2019]

ဂုဏ်သိက္ခာ၊ ယဉ်ကျေးမှု၊ အသက်အိုးအိမ်နှင့် ကိုယ်ပိုင်ဝိသေသအမှတ်လက္ခဏာ ဖြစ်ပါသည်။ ထို့အပြင် မြေယာသည် နိုင်ငံတစ်နိုင်ငံအတွက်အရေးကြီးသည့် ကုန်ထုတ်စွမ်းအားစုတစ်ရပ်ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဆင်းရဲမွဲတေမှုလျော့ချရေးနှင့် ပပျောက်ရေးတို့အတွက် အရေးကြီးသည့်အတွက် တရားမျှတမှုရှိပြီး ကောင်းမွန်သော မြေယာအုပ်ချုပ်မှုစနစ် ရှိရန်လိုသည်။ အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ကောင်းမွန်သော ဖက်ဒရယ်မြေယာစီမံအုပ်ချုပ်မှု စနစ်သစ်တစ်ရပ် ပေါ်ထွက်လာရေးအတွက် ဖော်ဆောင်သွားရန် လိုပါသည်။

ယခင်နှင့် လက်ရှိကျင့်သုံးနေခဲ့သည့် မြေယာစီမံအုပ်ချုပ်မှုစနစ်များကြောင့် မြန်မာနိုင်ငံတွင် မြေယာပြဿနာအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည်။ ဥပဒေနှင့်အညီ မြေသိမ်းဆည်းမှုများ၊ ဥပဒေမဲ့ မြေသိမ်းဆည်းမှုများ၊ ပြည်တွင်းစစ်နှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်သူနှင့် ဒုက္ခသည်တို့၏ မြေယာများလုံခြုံမှု ကင်းမဲ့နေမှုများ၊ ဆင်းရဲသားများ၏ မြေယာမဲ့နေမှုများ၊ မြို့ပြဒေသများတွင် ကျူးကျော်နေထိုင်မှုများ၊ မြေယာအငြင်းပွားမှုများ၊ မြေနှင့် ဆက်စပ်နေသော သဘာဝသယံဇာတများ တရားမဝင်ထုတ်ယူရောင်းချမှုများ၊ ပြည်တွင်းစစ်နှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသခံပြည်သူလူထု၏ အသက်၊ အိုးအိမ်များဆုံးရှုံးနစ်နာရမှုများ စသည့် မြေယာဆိုင်ရာပြဿနာတို့သည် နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလွန်ကြီးမားသောအဟန့်အတားများ ဖြစ်နေသဖြင့် ၎င်းတို့ကို အချိန်မီနှင့် ထိရောက်စွာကိုင်တွယ်ဖြေရှင်းသွားနိုင်ရန် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် လက်ရှိတည်ဆဲမြေယာ ဥပဒေများ၊ မြေယာမူဝါဒများနှင့် အဆိုပါမြေယာဥပဒေနှင့် မူဝါဒများကို အကောင်အထည်ဖော်နေသည့် အစိုးရအဖွဲ့အစည်း/ဌာနများကို စနစ်တကျပြန်လည်သုံးသပ်ပြီး ထိရောက်သည့် ပြင်ဆင်မှုများ ပြုလုပ်သွားရန်လိုပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ်သို့ အသွင်ပြောင်းတည်ထောင်ရန် အားယူနေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သဖြင့် ဖက်ဒရယ်စံနှုန်းနှင့် ကိုက်ညီသော မြေယာစီမံအုပ်ချုပ်မှုစနစ်ကို မဖြစ်မနေပုံဖော်သွားရန် လိုပါသည်။ ဆိုလိုသည်မှာ ပြည်ထောင်စု၏အခြေခံယူနစ်များ သို့မဟုတ် ပြည်နယ် /တိုင်းဒေသကြီးများသည် ၎င်းတို့၏အုပ်ချုပ်ရေးနယ်နိမိတ်အတွင်းရှိ မြေယာများကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အခွင့်အရေးများနှင့်အညီ လွတ်လပ်ပြီး အမှီအခိုကင်းမဲ့စွာ စီမံအုပ်ချုပ်ခွင့်ရှိရမည်ဖြစ်သည်။ (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အခြေခံသဘောတရားများကို စာကွက် - ၁ တွင်ရှု) သို့မှသာ ဆယ်စုနှစ် (၇) ခုနီးပါး ဖြစ်ပွားနေသော မြန်မာနိုင်ငံ၏ ပြည်တွင်းစစ် အဆုံးသတ်နိုင်ရေးကြိုးပမ်းမှုများကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ပြည်တွင်းငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်သည်။

လက်ရှိအနေအထားမှာ ၂၀၁၆ ခုနှစ်တွင်အာဏာရလာသည့်အရပ်သားတစ်ပိုင်းဦးဆောင်သည့်အစိုးရလက်ထက်၌ပင်လျှင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကိုဦးတည်သည့် ကြိုးပမ်းမှုများ အလွန်အားနည်းနေသည်ကို တွေ့ရပါသည်။ နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအတွက် ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းလာခဲ့သော မြေယာ အပါအဝင် အခြားသောကဏ္ဍများနှင့် သက်ဆိုင်သည့် ဥပဒေများနှင့် ဖွံ့ဖြိုးရေးမဟာဗျူဟာများသည် ဖက်ဒရယ်စံနှုန်းများ မပါဝင်သလောက် ကင်းမဲ့နေသည်ကို တွေ့ရပါသည်။ ဥပမာ - ၂၀၁၈ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) (Myanmar Sustainable Development Programme) တွင် မြေယာကဏ္ဍအတွက် မြေယာစီမံအုပ်ချုပ်မှုစနစ် ကောင်းမွန်လာစေရေးအတွက် ချမှတ်ထားသော မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များတွင် ဖက်ဒရယ်စနစ်အရ အစိုးရအဆင့်ဆင့်အကြား မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာခွဲဝေမှု၊ အထူးသဖြင့် ပြည်နယ်များ၏ မြေယာအသုံးချမှုဆိုင်ရာ စီမံအုပ်ချုပ်ခွင့်ကိုဖော်ပြရာတွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်တစ်ရပ်တွင် မဖြစ်မနေပါဝင်ရမည့် အင်္ဂါရပ်တစ်ခုဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် /ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခွင့်အရေးတို့နှင့်အညီ ပြည်နယ်များ၏ မြေယာစီမံအုပ်ချုပ်ခွင့်ကို တိုးချဲ့ပေးအပ်ထားသည့် အစီအစဉ်များ မပါရှိသည်ကို တွေ့ရှိရသည်။

## နိုင်ငံတကာ မြေစီမံအုပ်ချုပ်မှုစနစ်များ နှိုင်းယှဉ်လေ့လာချက်

မြေယာစီမံအုပ်ချုပ်မှုစနစ်နှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံအချို့၏ အတွေ့အကြုံများမှ သင်ခန်းစာများ ရယူနိုင်ရန်အတွက် နှိုင်းယှဉ်လေ့လာတင်ပြအပ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သက်ဆိုင်နိုင်ငံ တစ်နိုင်ငံချင်းစီ၏ သမိုင်းကြောင်းနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခင်းအကျင်းများအပေါ် အခြေပြုပြီး၊ မြေယာစီမံအုပ်ချုပ်မှုစနစ်အမျိုးမျိုးကို ကျင့်သုံးလျက်ရှိကြသည်။ တစ်ခါတစ်ရံတွင် ဗဟိုချုပ်ကိုင်မှုများသည့် မြေယာစီမံအုပ်ချုပ်မှုစနစ်တို့ကို တွေ့ရမည်ဖြစ်ပြီး တစ်ခါတစ်ရံတွင် ဗဟိုချုပ်ကိုင်မှုလျော့ချထား

သည့် မြေယာစီမံအုပ်ချုပ်မှုစနစ်မျိုးကို တွေ့နိုင်ပါသည်။ ကမ္ဘာ့နိုင်ငံအချို့တွင် အစိုးရအဆင့်ဆင့်တို့၏ မြေယာဆိုင်ရာ လုပ်ပိုင်ခွင့်များကို နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှင်းလင်းပြတ်သားစွာ ထည့်သွင်းပြဋ္ဌာန်းထားပြီး ပြည်နယ်များအား မြေယာစီမံအုပ်ချုပ်ခွင့် (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့) ကို အပ်နှင်းထားလေ့ရှိပါသည်။ သို့ရာတွင် ကမ္ဘာ့နိုင်ငံအချို့တို့တွင် အစိုးရအဆင့်ဆင့်တို့၏ မြေယာဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို နိုင်ငံ၏ အဓိကမြေယာဥပဒေထဲတွင်သာ ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။ ထို့အပြင် မြေယာစီမံအုပ်ချုပ်ရာတွင် အစိုးရအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု၊ ဘဏ္ဍာငွေအရင်းအမြစ် ခွဲဝေမှုများနှင့် မြေယာပြဿနာဖြေရှင်းမှုပုံစံများတွင်လည်း နိုင်ငံအလိုက် ကွဲပြားခြားနားလေ့ရှိပါသည်။

## ရိုးရာဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်ခွင့်နှင့် မြေအသုံးချမှုစနစ်

မြေယာစီမံအုပ်ချုပ်မှုစနစ်တွင် အရေးပါသော ကဏ္ဍတစ်ရပ်မှာ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုနှင့် မြေအသုံးချမှုစနစ် ဖြစ်ပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်ဒေသများတွင် နေထိုင်လေ့ရှိကြသည့် နိုင်ငံသားအများစုတို့သည် ၎င်းတို့သက်ဆိုင်ရာ ရိုးရာဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်ခွင့်နှင့် မြေအသုံးချမှုစနစ်ကိုအခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုလေ့ ရှိကြသည်။ နိုင်ငံများစွာတို့တွင် ယင်းသို့သော ရိုးရာဓလေ့ထုံးတမ်းမြေပိုင်ဆိုင်ခွင့်နှင့် မြေအသုံးချမှုစနစ်ကို နိုင်ငံတော်၏ပင်မမြေယာဥပဒေထဲတွင် အသိမှတ်ပြု ထည့်သွင်းပြဋ္ဌာန်းထားကြသည်။ အာဖရိကနိုင်ငံအချို့၏ အတွေ့အကြုံများအရ ဓလေ့ထုံးတမ်း မြေစီမံအုပ်ချုပ်မှုတွင် ဌာနေတိုင်းရင်းသားတို့၏ ပါဝင်မှုကို အစပိုင်းတွင်အလေးထားလေ့ရှိသော်လည်း ခေတ်ကာလပြောင်းလဲလာသည်နှင့်အမျှ အစိုးရ၏ အခန်းကဏ္ဍကို တိုးချဲ့လာကြသဖြင့် ရေရှည်တွင် ရိုးရာဓလေ့ထုံးတမ်း မြေအသုံးချမှုစနစ် ပြန်လည်ကွယ်ပျောက်သွားနိုင်သည့် အလားအလာများ ရှိနေသည်ကိုတွေ့ရပါသည်။ ထို့အပြင် ဓလေ့ထုံးတမ်းမြေယာဥပဒေအချို့တို့တွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများရှိနေပြီး နိုင်ငံသားတစ်ဦးချင်းစီ၏ အခြေခံလူ့အခွင့်အရေးနှင့် ဆန့်ကျင်ရာရောက်နေသဖြင့် ထိုဓလေ့ထုံးတမ်း မြေယာအုပ်ချုပ်မှုစနစ်မျိုးအပေါ် ဝေဖန်မှုများလည်း ရှိနေသည်။

မြန်မာနိုင်ငံတွင် ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့်စနစ်များကို နိုင်ငံ၏တည်ဆဲမြေယာဥပဒေများထဲတွင် တရားဝင်အသိအမှတ်ပြုထားမှု အားနည်းနေသေးသဖြင့် လက်ရှိအနေအထားအရ အထူးသဖြင့် တိုင်းရင်းသားဒေသရှိ ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ်များ၏ လုံခြုံမှုမှာ စိုးရိမ်စရာဖြစ်နေသည်။ လက်ရှိအချိန်ထိ ကျင့်သုံးနေဆဲ ခေတ်နှင့်လျော်ညီသည့် ဓလေ့ထုံးတမ်း မြေယာစီမံအုပ်ချုပ်မှုစနစ်များကို စနစ်တကျလေ့လာမှတ်တမ်းတင်ပြီး၊ တရားဝင်အသိမှတ်ပြုသည့် နည်းလမ်းများဖြင့် ဓလေ့ထုံးတမ်း မြေယာ စနစ်၏လုံခြုံမှုကို ခိုင်မာအားကောင်းလာစေရန် ပြုလုပ်ခြင်းထက် စီးပွားရေးဖွံ့ဖြိုးမှုအတွက် မြေလုပ်ပိုင်ခွင့်များ ချထားပေးရာတွင် အဆင်ပြေလွယ်ကူရေးကိုသာ အထောက်အကူဖြစ်စေသည့် မြေယာဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်၊ ရေးဆွဲ၊ ပြဋ္ဌာန်းနေသည်ကို တွေ့မြင်နေရပါသည်။ သို့အတွက်ကြောင့် မြေယာဆိုင်ရာပြဿနာများသည် နောက်တက်လာမည့် အစိုးရအဆက်ဆက်တို့၏ လက်ထက်တိုင် ဆက်လက်ရှိနေမည့်သဘော ရှိသည်။ မြန်မာနိုင်ငံ၏ မြေယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သောမြေယာအုပ်ချုပ်မှုစနစ်တစ်ရပ် မဖြစ်မနေတည်ဆောက်သွားရန် လိုပါသည်။ ထို့အပြင် ထိုစနစ်သည်လည်း အနာဂတ်မြန်မာနိုင်ငံတွင် တည်ဆောက်မည့် ဖက်ဒရယ်ဒီမိုကရေစီ စံနှုန်းများနှင့် ကိုက်ညီမှုရှိရန်လည်း လိုပါသည်။

ထိုသို့ကိုက်ညီမှု ရှိစေရေးအတွက် ပြည်နယ်/တိုင်းဒေသကြီးများသို့ မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ တိုးချဲ့ပေးအပ်သွားရန်လိုအပ်သည့်အပြင်၊ ရိုးရာဓလေ့ထုံးတမ်းမြေယာ လုပ်ပိုင်ခွင့်နှင့် မြေအသုံးချမှုစနစ်များကို တရားဝင်နှင့် စနစ်တကျ အသိအမှတ်ပြုသွားရန် အရေးကြီးသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ မြေယာစီမံအုပ်မှုစနစ်အမျိုးမျိုး (နိုင်ငံတော်အစိုးရ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိန်းချုပ်ထားသည့်နယ်မြေများတွင် ကျင့်သုံးနေသည့် မြေယာစီမံအုပ်ချုပ်မှုစနစ်များ၊ ထိုစနစ်နှစ်ရပ်လုံး၏ ပြင်ပရှိဓလေ့ထုံးတမ်း မြေယာစီမံအုပ်ချုပ်မှုစနစ်များ) ကို သဟဇာတရှိရှိ ပေါင်းစည်းထားသည့် ဖက်ဒရယ်မြေယာစီမံအုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ထွန်းလာနိုင်ရေး အတွက် သက်ဆိုင်ရာအစုအဖွဲ့များအားလုံးက အပေးအယူလုပ် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် စုပေါင်းဖော်ဆောင်သွားရန် လိုပါသည်။ ထိုသို့ဖော်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်သည်။

**စာကွက် (၁)**

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (self-determination) ဆိုတာ

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" ဟူသည့်စကားလုံးကို အမြဲတမ်းလိုပြောဆို နေကြသည်။ အထူးသဖြင့် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးပွဲများတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက အစဉ်တစိုက်တောင်းဆိုလာသည့်အခွင့်အရေးတစ်ရပ်လည်းဖြစ်သည်။ သို့ရာတွင် ခေတ်ကာလအခြေအနေပြောင်းလဲလာသည်နှင့်အမျှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ သဘောတရားများအပေါ် နားလည်မှုမှာ အမျိုးမျိုး ရှိနေပါသည်။ ထိုကွဲပြားသောနားလည်မှုများကြောင့် သို့မဟုတ် နားလည်မှုတူသည့်တိုင် ညှိနှိုင်းမှုအဆင်မပြေမှုကြောင့်လည်းကောင်း ယနေ့ဖော်ဆောင်နေသည့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မလိုလားအပ်သောတစ်ဆို့မှုနှင့် ကြန့်ကြာမှုများရှိနေသည်။ ထို့ကြောင့် သက်ဆိုင်ရာအစုအဖွဲ့များ/ ပတ်သက်ဆက်နွယ်သူများ၏ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" အပေါ် နားလည်မှုများကို ရှာဖွေဖော်ထုတ်ပြီး ဘုံနားလည်မှုတည်ဆောက်ကာ ညှိနှိုင်းသွားရန်အရေးကြီးပါသည်။

ကမ္ဘာ့ပေါ်တွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပတ်သက်၍ အားလုံးသဘောတူသည့် တိကျရှင်းလင်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်မရှိသေးပါ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခြေခံမူ၏ သမိုင်းတစ်လျှောက်ပြောင်းလဲတိုးတက်လာမှုကို အချိန်ကာလနှစ်ခု (ပထမကမ္ဘာစစ်ပြီးနောက်ပိုင်းနှင့် ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း) အားဖြင့် ခွဲခြားနိုင်သည်။ အမေရိကန်သမ္မတ ဝုဒရိုးဝေလ်ဆင်က မဟာမိတ်နိုင်ငံများ (The Allies) ၏ ရည်ရွယ်ချက်မှာ ဥရောပတိုက်၏ များစွာသောလူမျိုးစုငယ်များ (small nationalities) ကို ဂျာမန်နှင့် ရုရှားတို့၏ ကြီးစိုးမှုမှလွတ်ပေးနိုင်ရန် ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ထိုစဉ်က စစ်ပွဲ၏ရည်ရွယ်ချက်မှာ အဖိနှိပ်ခံလူမျိုးစုငယ်များ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးဖြစ်သည်ဟု ယုံကြည်ခဲ့သည်။ ထို့ကြောင့် စစ်ပွဲအောင်နိုင်ပြီးနောက် ကျင်းပခဲ့သော မဟာမိတ်နိုင်ငံများ၏ ငြိမ်းချမ်းရေးညီလာခံတွင် သမ္မတဝေလ်ဆန်နှင့် အခြားသောကမ္ဘာ့ခေါင်းဆောင်များက ဥရောပတိုက်၏ နယ်နိမိတ်ကို ပြန်လည်ရေးဆွဲပြီး နယ်မြေအချို့၏ လွတ်လပ်ရေးကို အတည်ပြုပေးခဲ့သည်။

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် လူမျိုးစုအားလုံးကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မပေးနိုင်ခဲ့ပေ။ အကျိုးဆက်အနေဖြင့် အသစ်တည်ထောင်လိုက်သော နိုင်ငံအများအပြားတွင် လူမျိုးစုအချို့သည် လူနည်းစုများ ဖြစ်သွားပြီး ၎င်းတို့သည် နိုင်ငံသစ်အဖြစ် မခွဲထွက်ခင်အချိန်ထက် ပိုမိုနှိမ့်ကျလာသည်။ ထို့အပြင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဥရောပတိုက်အပြင်ဘက်အထိ ခွင့်ပြုလိုက်လျှင် ကမ္ဘာ့မြေတည်ငြိမ်မှုအပေါ် များစွာသက်ရောက်နိုင်သည်ကို သမ္မတဝုဒရိုးဝေလ်ဆန်နှင့် ကမ္ဘာ့ခေါင်းဆောင်များက သိမြင်လာသည်။ ထို့ကြောင့် မဟာမိတ်နိုင်ငံများနှင့် နိုင်ငံပေါင်းချုပ်အသင်းကြီး (League of Nations) တို့သည် မဟာမိတ်နိုင်ငံများက ကိုလိုနီနယ်ချဲ့ထားသောနယ်မြေများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခြေခံမူအသုံးချမှုကို နောက်ပိုင်းတွင် ငြင်းပယ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခြေခံမူကို ကိုလိုနီနိုင်ငံကို လွတ်လပ်ရေးပေးသည့် လုပ်ငန်းစဉ်၏ ဥပဒေအခြေခံအဖြစ် အဓိကအသုံးပြုလာသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဖွဲ့စည်းခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (UN) သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခြေခံမူကို ကိုလိုနီနိုင်ငံများ၏ လွတ်လပ်ရေးအတွက် အသုံးပြုလာပြီး ကိုလိုနီစနစ်ကို အတိအလင်းဆန့်ကျင်ခဲ့သည်။ သို့ရာတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကိုလိုနီနိုင်ငံ လွတ်လပ်ရေးကိုကျော်လွန်ပြီး လွတ်လပ်သော နိုင်ငံတစ်ခုအတွင်းရှိ အဖိနှိပ်ခံလူနည်းစုများ၏ ခွဲထွက်ခွင့် (secession) ကို ခွင့်ပြုသည့် အခြေခံအဖြစ် အသုံးပြုခွင့်နှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားမှုမရှိခဲ့ပေ။ အကြောင်းမှာ ခွဲထွက်ခွင့်ကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အသိအမှတ်ပြုခြင်းအားဖြင့် ကမ္ဘာ့ကုလသမဂ္ဂသည် ၎င်း၏ အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုနှင့် တောင့်တင်းခိုင်မာမှုကိုထိပါးလာနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့်လည်း ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်များအကြားချုပ်ဆိုသော အစောပိုင်းသဘောတူစာချုပ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးသည် ကိုလိုနီစနစ်နှင့် ပြင်ပကြီးစိုးမှုအောက်ကျရောက်သော လူမျိုးများအတွက်သာ အကျုံးဝင်ပြီး ထိုနိုင်ငံအတွင်းရှိ လူနည်းစုများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေး မပါဝင်ပေ။

နောက်ပိုင်းတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကုလသမဂ္ဂအဖွဲ့ဝင်များအကြား အကြိတ်အနယ်ဆွေးနွေးငြင်းခုံကြပြီးနောက် အဖွဲ့ဝင်အများစုက ခွဲထွက်ခွင့်ကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ အစိတ်အပိုင်းတစ်ခုအဖြစ် အသိအမှတ်ပြုမှု မရှိခဲ့သော်လည်း ၁၉၇၀ ပြည့်နှစ်ကြေငြာစာတမ်းတွင် သမားရိုးကျကိုလိုနီကြီးစိုးမှု မူဘောင်ကိုကျော်လွန်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် တောင်းဆိုမှု

ကို အချို့သောအခြေအနေမျိုး (သီးခြားလွတ်လပ်သော နိုင်ငံတစ်ခုအတွင်း ဖိနှိပ်အုပ်ချုပ်မှုကို ခံစားနေရသော လူအုပ်စုများ ရှိနေခြင်း) တွင် အသိအမှတ်ပြုလာသည့် ဖော်ပြချက်များပါလာသည်။ ထို့အတူ ထိုကြေငြာစာတမ်းတွင် လွတ်လပ်သော နိုင်ငံများ၏ ပိုင်နက်နယ်မြေတည်တံ့မှု (territorial integrity) နှင့် အဖိနှိပ်ခံလူမျိုးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ သဘောတရား နှစ်ခုလုံးကို အကာအကွယ်ပေးထားသည်။ ထို့ကြောင့် ၁၉၇၀ ပြည့်နှစ် ကြေငြာစာတမ်းသည် ယနေ့ခေတ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခြေခံသဘောတရားကို နားလည်နိုင်ရန်အတွက် အရေးပါသည်။

၁၉၇၀ ပြည့်နှစ် ကြေငြာစာတမ်းပါ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လက်တွေ့ရယူခဲ့သော ထင်ရှားသောသာဓက တစ်ခုမှာ ၁၉၉၁ ခုနှစ် နှစ်လည်ပိုင်းတွင် ယခင်ယူဂိုဆလားဗီးယားနိုင်ငံ၏ ခရိုင် (၃) ခုဖြစ်သော ခရိုအေးရှား၊ စလိုဗေးနီးယားနှင့် ဘောစနီး ယား-ဟယ်ဇဂိုးဗီးနားတို့ နိုင်ငံမှခွဲထွက်ပြီး သီးခြားလွတ်လပ်သော နိုင်ငံများအဖြစ် ကြေငြာခြင်းဖြစ်သည်။ အဆိုပါ ခရိုင် (၃) ခုလုံးတွင် ခွဲထွက်ခွင့်နှင့် လွတ်လပ်ရေးအတွက် လူထုဆန္ဒခံယူပွဲများကျင်းပခဲ့ပြီး လူဦးရေအများစုက လွတ်လပ်ရေးအတွက် မဲထည့်ခဲ့ကြသည်။ ခရိုအေးရှားနှင့် ဘောစနီးယားနယ်မြေအတွင်းရှိ ဆားဗီးယားလူနည်းစုတို့က ယူဂိုဆလားဗီးယားနိုင်ငံမှ ခွဲထွက်ခွင့်ကို ဆန့်ကျင်ခဲ့ကြသဖြင့် နိုင်ငံ အတွင်းဆူပူမှုများနှင့် ပြည်တွင်းစစ်များ ဖြစ်ပေါ်လာသည်။ နိုင်ငံအတွင်းဆူပူမှုများကို နှိမ်နင်းရန် ဆားဗီးယား လူမျိုးအများစုပါဝင်သော ယူဂိုဆလားဗီးယားနိုင်ငံ၏ ဖက်ဒရယ်အစိုးရသည် ဖက်ဒရယ်စစ်တပ်ကို စေလွှတ်ခဲ့သည်။ ဆားဗီးယားတပ်ဖွဲ့များက ခရုတ်၊ ဆလိုဗင်နှင့် ဘော့စနီးယားလူမျိုးတို့အပေါ် ကျူးလွန်ခဲ့သည့် ရက်စက် ကြမ်းကြုတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကမ္ဘာက သိသွားသောအခါ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာ လူမှုအသိုင်း အဝိုင်းတို့သည် ခရိုအေးရှား၊ ဆလိုဗေးနီးယားနှင့် ဘော့စနီးယား-ဟယ်ဇဂိုးဗီးနားတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုခဲ့သည်။ ထို့ကြောင့် ၁၉၉၂ ခုနှစ် မေလတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် ထိုနိုင်ငံသစ် (၃) ခုကို အဖွဲ့ဝင်နိုင်ငံ သစ်များအဖြစ် တရားဝင်အသိအမှတ်ပြုခဲ့သည်။

အမေရိကန်သမ္မတ ဝုဒရိုးဝီလဆင်နှင့် ခေတ်ပြိုင်ထင်ရှားသော ရုရှားခေါင်းဆောင်တစ်ဦးမှာ ဗလာဒီမာလီနင်ဖြစ်ပြီး လီနင်သည် လူမျိုးများ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အထူးသဖြင့် အဖိနှိပ်ခံရသောလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် အင်တိုက် အားတိုက် စည်းရုံးလှုပ်ဆော်ခဲ့သည်။ လီနင်၏ လူမျိုးစုပြဿနာ (The problems of Nationalities) စာတမ်းတစ်ခုတွင် "ခွဲထွက်ခွင့်နှင့်တကွ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ထက်နိမ့်ကျသော မည်သည့်မူဝါဒမှ လူမျိုးစုပြဿနာကို မဖြေရှင်းနိုင် (No policy less than self-determination with secession right can solve the nationalities problems)"ဟု ဖော်ပြထားသည်။ ထို့ကြောင့် ၁၉၁၇ ခုနှစ်တွင် လီနင်ဦးဆောင်သော ဘော်ရှီဗစ်အစိုးရအာဏာရလာသောအခါ အဆိုပါယုံကြည်ချက်ကိုအခြေခံပြီး ဆိုဗီယက်ပြည်ထောင်စု၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် လူမျိုးများကို 'ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်' ကို ပေးထားသည်။ လီနင်၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ တွေးခေါ်ယူဆချက်သည် ဥရောပတိုက်တွင်သာမက အာရှတိုက်အထိ လွှမ်းမိုးခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် ပြည်ထောင်စုတည်ဆောက်ရေးဖြစ်စဉ်များတွင်လည်း လွှမ်းမိုးမှုရှိပြီး ဂယက်ရိုက်ခဲ့သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်လည်း ၁၉၄၇ ခုနှစ်၊ မေလ(၁၉) ရက်နေ့တွင် ကျင်းပသော ဖ.ဆ.ဖ.လ၏ ပဏာမပြင်ဆင်မှုညီလာခံမိန့်ခွန်းတွင် "လူမျိုး (nation or nationality)" နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (self-determination)" အကြောင်းကို ထည့်သွင်းပြောကြားရာတွင် လီနင်၏ အတွေးအခေါ်အချို့ကို အခြေခံပြီး ကိုးကား ပြောဆိုသွားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်များသည် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီး (၁၀) နှစ်အတွင်း ခွဲထွက်လိုက "ခွဲထွက်နိုင်သော အခွင့်အရေး (The right to secession)" ကို ထည့်သွင်းပြဋ္ဌာန်းထား ခဲ့သည်။ သို့ရာတွင် စစ်အာဏာသိမ်းပြီး စစ်အစိုးရတက်လာသောအခါ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံကိုဖျက်သိမ်းခဲ့သည်။ ထို့နောက် ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တွင် စစ်အစိုးရရေးဆွဲပြဋ္ဌာန်းခဲ့သော နိုင်ငံ၏ ဖွဲ့စည်းပုံထဲတွင် ထိုခွဲထွက်နိုင်သောအခွင့်အရေးကို ထည့်သွင်းထားခြင်းမရှိတော့ပေ။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရပြီးကတည်းက စတင်ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်သည် NLD ဦးဆောင်သော အရပ်သားတစ်ပိုင်း အစိုးရလက်ထက်တိုင် မချုပ်ငြိမ်းနိုင်သေးပေ။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် တော်လှန်ရေးကာလတစ်လျှောက် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်"ကို တစိုက်မတ်မတ်တောင်းဆို လာခဲ့ကြသော်လည်း ခွဲထွက်ခွင့်ကိုမူ ၁၉၈၃ ခုနှစ်တွင် တရားဝင်စွန့်လွှတ်ခဲ့သည်။ (တိုင်းရင်းသားအဖွဲ့အစည်းများ ပါဝင်သော

အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု NDF က ခွဲထွက်ခွင့်ကိုစွန့်လွှတ်ပြီး ခွဲမထွက်ဘဲ ရပ်တည်သွားမည်ဟု အတိအလင်း ထုတ်ပြန်ကြေညာခဲ့သည်။) သို့ရာတွင် လက်ရှိပြောင်းလဲလာသော နိုင်ငံရေးအခင်းအကျင်းအသစ်တွင် နောက်အင်အားစုတစ်ခုက 'ခွဲထွက်ခွင့်'ကို မူအရလက်ကိုင်ထားလိုပြီး အခြားအင်အားစုတစ်ခုကလည်း ဖက်ဒရေးရှင်းကိုကျော်လွန်ပြီး ကွန်ဖက်ဒရေးရှင်းကို သွားလိုကြောင်း ပြောဆိုမှုများရှိလာသည်။

အချုပ်အားဖြင့်ဆိုသော် လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ သဘောတရားအရ အပြင်စည်း (ကိုလိုနီနယ်ချဲ့နိုင်ငံ၏ ဖိအုပ်ချုပ်မှုမှလွတ်မြောက်ရေး) နှင့် အတွင်းစည်း (ဖိနှိပ်အုပ်ချုပ်မှုလွတ်မြောက်ရေး) ရှိနေသော်လည်း လက်တွေ့တွင် နိုင်ငံများအကြားနှင့် လူမျိုးများအကြား၌ ကျယ်ပြန့်သောသဘောတူညီမှုများ မရှိသေးသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်လည်း ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာတွင် တိုင်းရင်းသားလူမျိုးများတောင်းဆိုသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွင် ခွဲထွက်ရေးမပါဟု တိုင်းရင်းသားတို့ဘက်မှပြောဆိုမှုများ ရှိနေသော်လည်း တပ်မတော်ဘက်မှ "ခွဲမထွက်ရ" စကားရပ်ကို ပြည်ထောင်စုသဘောတူစာချုပ်တွင် ထည့်သွင်းလိုသောအခါ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်ပါဝင်သော အစုအဖွဲ့များအကြား သဘောထားကွဲလွဲမှုများရှိနေပြီး လက်ရှိကျင်းပနေသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲများကို တင်းမာမှု၊ တစ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည်။

*ရင်းမြစ် ။ ။*

Hill, Mitchell A. "What The Principle Of Self-Determination Means Today." *ILSA Journal of International & Comparative Law 1*, no. 1 (1995): 119-134.available at: http://nsuworks.nova.edu/cgi/viewcontent.cgi?article=1003&context=ilsajournal/ [accessed 28 Sept 2019]

Lenin. 2014."Lenin and the Right of nations to self-determination." available at: https://liberationschool.org/lenin-and-the-right-of-nations-to-self-determination/[accessed 28 Sept 2019]

ဗိုလ်ချုပ်အောင်ဆန်း၏ ဖဆဖလပဏာမပြင်ဆင်မှုညီလာခံမိန့်ခွန်း, available at: http://www.aungsan.com/mm/afpfll-preparatorycongress.htm, [accessed 28 Sept 2019]

ကျော်ဝင်း "အင်ပါယာများပြိုကွဲခြင်း၊ အမျိုးသားနိုင်ငံများ ပေါ်ထွန်းခြင်းနှင့်လူမျိုးများ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ၁၇ ရာစုမှ ၂၁ ရာစု ဥရောပမှ မြန်မာနိုင်ငံ" (၂၀၁၉ ခုနှစ်၊ ဇွန် လ), available at: https://voicejournalmm.com/archives/18570 [accessed 28 Sept 2019]

ထွန်းအောင်ကျော် "ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်း"၊ ရဲဘော်ကျော်သန်း "ပြည်ထောင်စုဆိုင်ရာ တပိုင်းတစအမြင်"၊ ထွန်းအောင်ကျော် "ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟူသည့်အတွဲများ ပပျောက်ရေးသာဖြစ်သည်။"

မဇ္ဈိမသတင်း "တိုင်းရင်းသားတွေ တောင်းဆိုနေတာ ဖက်ဒရယ်ပါပဲ၊ ခွဲထွက်ရေးမဟုတ်ပါဘူး။" available at:http://archive-1.mizzimaburmese. com/interview/6773-2011-01-25-04-59-24.html [accessed 28 Sept 2019]

မဇ္ဈိမသတင်း "NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တရုတ်ရင်ခွင်ထဲ တွန်းပို့လိုက်ရာ ရောက်တယ်။" available at: https://www.facebook.com/MizzimaDaily/videos/1017474321934814/ [accessed 1 Dec 2019]

7day news "ခွဲထွက်ခွင့်မပါသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သာ တိုင်းရင်းသားများလိုလားကြောင်း ရှင်းလင်း" available at: https://7daydaily.com/story/149646၊ "ခွဲမထွက်ရနှင့် တစ်ခုတည်းသော တပ်မတော်ကိစ္စ မပြေလည်၍ ၂၁ ပင်လုံကျင်းပရန် အခက်ကြုံနေဟု မွန်ပြည်သစ်ပါတီ ဒုဥက္ကဋ္ဌ ပြော", available at: https://www.7daydaily.com/story/156470 [accessed 28 Sept 2019]

အခန်း (၂)

# သုတေသနစာတမ်း၏ ရည်ရွယ်ချက်၊ သုတေသနနည်းနာနှင့် ဖွဲ့စည်းပုံ

## ၂.၁ သုတေသနစာတမ်း၏ ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင် မြေယာဆိုင်ရာ ပြဿနာများစွာရှိနေပြီး နိုင်ငံ၏မြေယာစီမံအုပ်ချုပ်မှုစနစ်များနှင့် ပတ်သက်၍ သုတေသနစာတမ်းမြောက်များစွာ ရေးသားပြုစုထုတ်ဝေထားပြီးဖြစ်သည်။ သုတေသနစာတမ်း အများစုက မြန်မာနိုင်ငံ၏ မြေယာပြဿနာများကို လေ့လာဖော်ထုတ်ထားပြီး မြန်မာနိုင်ငံမြေယာအုပ်ချုပ်မှု စနစ်၏အားသာချက်နှင့် အားနည်းချက်များကို ထောက်ပြကာ ပြုပြင်ပြောင်းလဲသင့်သည်များကို အကြံပြု ကြသည်။ သို့ရာတွင် ပုံနှိပ်ထုတ်ဝေပြီးသော သုတေသနစာတမ်းအများစုမှာ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရှုထောင့်ကို အသားပေးထားပြီး ဖက်ဒရယ်စနစ်တည်ထောင်မည့် မြန်မာနိုင်ငံအတွက် ဖက်ဒရယ်ရှုထောင့်မှ အခြေပြု စဉ်းစားမှုနည်းနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဤစာတမ်းသည် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံအတွက် မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ ဖက်ဒရယ်စံနှုန်းများ ချမှတ်ရာတွင်လည်းကောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဆွေးနွေးညှိနှိုင်းနေသော ကဏ္ဍတစ်ခုဖြစ်သည့် မြေယာကဏ္ဍအတွက် ဖက်ဒရယ်မြေယာအခြေခံမူများ ချမှတ်ရာတွင်လည်းကောင်း အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပါသည်။

အထက်ပါအဓိကရည်ရွယ်ချက်နှင့်အညီ မြန်မာနိုင်ငံ၏ လက်ရှိမြေယာအုပ်ချုပ်မှုစနစ်ကို နားလည်နိုင်ရန်၊ ဖက်ဒရယ်နိုင်ငံအချို့တွင် ကျင့်သုံးနေသော မြေယာအုပ်ချုပ်မှုစနစ်များကို လေ့လာနိုင်ရန်နှင့် ဓလေ့ထုံးတမ်း မြေယာအခွင့်အရေးများကို တရားဝင်အသိအမှတ်ပြုခဲ့သည့် ကမ္ဘာ့နိုင်ငံအချို့တို့၏ အတွေ့အကြုံများကို လေ့လာနိုင်ရန်အတွက်လည်း ရည်ရွယ်ပါသည်။ ထို့အပြင် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် ရွေးချယ်စရာများကို ဖော်ထုတ်နိုင်ရန်နှင့် ဖက်ဒရယ်မြေယာအခြေခံမူများ ချမှတ်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ရေးရှုထားသည်။

ဖော်ပြပါရည်ရွယ်ချက်များ အထမြောက်နိုင်ရေးအတွက် အောက်ပါအဓိကသုတေသနမေးခွန်းများကို ဖော်ထုတ်မေးမြန်း အဖြေရှာထားပါသည်။

(က) ကောင်းမွန်သော မြေယာစီမံအုပ်ချုပ်မှုစနစ်တစ်ခုတွင် မည်သည့်အခြေခံစံနှုန်းများ ရှိသနည်း။

(ခ) မြန်မာနိုင်ငံ၏ မြေယာများကို မည်သည့်မြေယာဥပဒေနှင့် အင်စတီကျူးရှင်းမူဘောင်တို့ဖြင့် စီမံအုပ်ချုပ်သနည်း။ ယင်းမူဘောင်များ၏ အားသာချက်များနှင့် အားနည်းချက်များကား အဘယ်နည်း။

(ဂ) ကမ္ဘာ့နိုင်ငံအချို့တွင် ကျင့်သုံးနေသည့် မြေယာစီမံအုပ်ချုပ်မှုစနစ်များတွင် မြေယာစီမံအုပ်ချုပ်မှုစနစ်ဆိုင်ရာ လုပ်ပိုင်ခွင့်များကို အစိုးရအဖွဲ့များအကြား မည်သို့ ခွဲဝေကျင့်သုံးကြ သနည်း။

(ဃ) ရိုးရာဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်ခွင့်နှင့် မြေအသုံးချမှုစနစ်ကို တရားဝင်အသိအမှတ်ပြုထားသည့် ကမ္ဘာ့နိုင်ငံအချို့၏ အတွေ့အကြုံများမှ မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်းလဲမှုအတွက် မည်သည့် သင်ခန်းစာများ ရယူနိုင်သနည်း။

(င) အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်အတွက် အခြေခံမူများချမှတ်ရာတွင် မည့်သည့်ဖက်ဒရယ်အခြေခံမူများ ထည့်သွင်းစဉ်းစားသင့်သနည်း။

## ၂.၂ သုတေသနနည်းနာနှင့် ဖွဲ့စည်းပုံ

ဤသုတေသနစာတမ်းကို ရေးသားပြုစုရာတွင် လိုအပ်သောမြေယာဆိုင်ရာ အချက်အလက်များအတွက် ပုံနှိပ်ထုတ်ဝေထားပြီးသော မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တို့၏ မြေယာဆိုင်ရာ သုတေသနစာတမ်းများ၊ အစီရင်ခံစာများ၊ သုံးသပ်ချက်များ၊ သတင်းဆောင်းပါးများ၊ အင်တာဗျူးရုပ်သံများ၊ မြေယာဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များကို လေ့လာဖတ်ရှုခဲ့ပါသည်။ ထို့နောက် ENAC မှ ထုတ်ဝေထားသော အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက်မူဝါဒအကြံပြုချက်များ (မူကြမ်းများ) စာအုပ်တွင်ပါရှိသော မြေယာမူဝါဒများ (မူကြမ်းများ) ကို အခြေခံပြီး (နောက်ဆက်တွဲ - ၁ ရှု) သုတေသနစာတမ်းအတွက်လိုအပ်သော မြန်မာနိုင်ငံ၏ လက်ရှိမြေယာစီမံအုပ်ချုပ်မှုစနစ်များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအချို့တို့၏ မြေယာစီမံအုပ်ချုပ်မှုစနစ်များ၊ မြေယာအရေးဆောင်ရွက် နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းအချို့၏ မြေယာအရေးလှုပ်ရှားမှုများနှင့် မြေယာဆိုင်ရာဥပဒေများနှင့်ပတ်သက်၍ အများ ပြည်သူတို့ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်များနှင့် သဘောထားအမြင်များ အစရှိသောအကြောင်းအရာများကို သိရှိနားလည်နိုင်ရန်အတွက် သုတေသနစစ်တမ်းမေးခွန်းလွှာကိုထုတ်ခဲ့ပြီး သက်ဆိုင်ရာဒေသများသို့သွားရောက်ကာ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထို့သို့ တွေ့ဆုံမေးမြန်းရာတွင် တစ်ဦးချင်းအလိုက် အသေးစိတ်တွေ့ဆုံမေးမြန်းမှု (in-depth interview) များ၊ ဦးတည် အုပ်စုလိုက်ဆွေးနွေးခြင်း (Focal Group Discussion) များပြုလုပ်ခဲ့ပြီး၊ အရည်သွေးအခြေခံ အချက်အလက်များ (qualitative data) များ ကောက်ယူခဲ့သည်။ ထို့အပြင် တွေ့ဆုံမေးမြန်းခဲ့သည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များထံမှ အရေအတွက် အခြခံအချက်လက်များကိုလည်း ရနိုင်သမျှ ရယူစုဆောင်းခဲ့ပါသည်။

ဤသုတေသနစာတမ်းအတွက် မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်များနှင့် သက်ဆိုင်သော အချက်အလက်များ ကောက်ယူရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသရှိ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့ကို ရွေးချယ်ခဲ့သည်။ အချိန်နှင့် အရင်းအမြစ်ဆိုင်ရာ အကန့်အသတ်များကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချက်အလက်ကောက်ယူပြီး တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ရန် အခက်အခဲရှိသဖြင့် အဆိုပါပြည်သူ (၃) ခုကိုသာ ရွေးချယ်ခဲ့သည်။ ထိုပြည်နယ် (၃) ခုအတွင်းရှိ အစုအဖွဲ့ (၄) ခုတို့ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ၎င်းတို့မှာ အစိုးရနှင့်ဆိုင်သော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့်သက်ဆိုင်သော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၊ မြေယာအရေးဆောင်ရွက်နေကြသော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများပါဝင်သည်။ အစိုးရနှင့် သက်ဆိုင်သောအဖွဲ့အစည်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOALI) အောက်ရှိ ပြည်နယ်အဆင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) အောက်ရှိ ပြည်နယ်သစ်တောဦးစီးဌာနတို့ ပါဝင်သည်။ လူပုဂ္ဂိုလ်များအနေဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ (အထူးသဖြင့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတွင်ပါဝင်သော လွှတ်တော်ကိုယ်စားလှယ်များ)ကို အဓိကထား တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ MOALI နှင့် MONREC အောက်ရှိ ဌာနများအား လက်ရှိမြေယာစီမံအုပ်ချုပ်မှုစနစ်နှင့် ထိုစနစ်ကို အကောင်အထည်ဖော်ရာတွင် ၎င်းတို့၏ အားသာချက်နှင့် စိန်ခေါ်မှုများကို နားလည်သိရှိနိုင်ရန်အတွက် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ လွှတ်တော်ကိုယ်စားလှယ်များကိုမူ မြေယာပြဿနာများကို ဖြေရှင်းရာတွင် ၎င်းတို့၏အခန်းကဏ္ဍများကို သိရှိနိုင်ရန်အတွက် တွေ့ဆုံမေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မြေယာနှင့် သစ်တောဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်များကို သိရှိနိုင်ရန်အတွက် ကရင်ပြည်နယ်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ မြေယာနှင့် စိုက်ပျိုးရေးဌာနနှင့် သစ်တောဌာနအားလည်းကောင်း၊ မွန်ပြည်သစ်ပါတီ (NMSP) ၏ ခေါင်းဆောင်များအားလည်းကောင်း၊ တိုးတက်သော ကရင်နီအမျိုးသားပါတီ (KNPP) ၏ ခေါင်းဆောင်အချို့အားလည်းကောင်း တွေ့ဆုံမေးမြန်းခဲ့သည်။ KNU ၏ မြေယာစီမံအုပ်ချုပ်မှုနှင့် ပတ်သက်၍ KNU စီမံအုပ်ချုပ်သည့် ခရိုင် (၂) ခု (KNU အပြည်အဝထိန်းချုပ်ထားသည့် ခရိုင်ဖြစ်သည့် မူတြော်ခရိုင်နှင့် KNU နှင့် အစိုးရအုပ်ချုပ်ရေး ယန္တရားနှစ်ခုလုံးရှိသည့် ခရိုင်ဖြစ်သည့် ဒူးပလာယာခရိုင်) ရှိ သက်ဆိုင်ရာ ခရိုင်တာဝန်ခံများနှင့် ပြည်သူလူထုအချို့တို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။ NMSP ၏ မြေယာစီမံအုပ်ချုပ်မှုနှင့် ပတ်သက်၍ ဗဟိုအဆင့်တာဝန်ခံနှင့် NMSP စီမံအုပ်ချုပ်သည့် ခရိုင်တစ်ခု (ထားဝယ်ခရိုင်) အတွင်းရှိ ခရိုင်တာဝန်ခံများနှင့် ပြည်သူလူထုအချို့တို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။ KNPP ၏ မြေယာမူဝါဒများနှင့်ပတ်သက်၍ KNPP ခေါင်းဆောင်အချို့ကို ကယားပြည်နယ်ရှိ KNPP ဆက်ဆံရေးရုံးတွင် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ထို့အပြင် ဤသုတေသနစာတမ်းအတွက် မြေယာအရေးလှုပ်ရှားဆောင်ရွက်နေသော အရပ်ဘက် လူမှုအဖွဲ့အစည်းအချို့ကိုလည်း တွေ့ဆုံမေးမြန်းခဲ့သည်။ အထူးသဖြင့် တိုင်းရင်းသားများ၏ မြေယာအခွင့်အရေးနှင့် တိုင်းရင်းသားဒေသများရှိ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်အခွင့်အရေးများအတွက် လှုပ်ရှားဆောင်ရွက်နေသည့် အရပ်ဘက်အဖွဲ့အစည်းအချို့ကို မေးမြန်းခဲ့သည်။ ကရင်ပြည်နယ်တွင် ကရင်သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှုကွန်ယက် (KESAN) နှင့် ၈၈ မျိုးဆက်ပွင့်လင်းလူ့အဖွဲ့အစည်း (The 88 GPOS) တို့ကိုလည်းကောင်း၊ မွန်ပြည်နယ်တွင် မွန်ပြည်နယ်လူထုဆုံရပ် (Mon State Common Space) ကိုလည်းကောင်း၊ ကယားပြည်နယ်တွင် ကယားပြည်လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုကွန်ယက် (KEAN) နှင့် ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂ (KSFU) တို့ကိုလည်းကောင်း မေးမြန်းခဲ့သည်။ ထို့ပြင် ကယားပြည်နယ်ရှိ မြန်မာနိုင်ငံတောင်သူလယ်သမား၊ အလုပ် သမား ပြည်သူ့ပါတီ (PPMFW) (ကယားပြည်နယ်ရုံးခွဲ) မှတာဝန်ရှိသူများကိုလည်းတွေ့ဆုံမေးမြန်းခဲ့သည်။

သက်ဆိုင်ရာ အစုအဖွဲ့များ၏ တာဝန်ခံများအပြင် စစ်တမ်းကောက်ယူခဲ့သော ပြည်နယ် (၃) ခု အတွင်းရှိ ပြည်သူလူထုအချို့ကိုလည်း လယ်ယာမြေဥပဒေများနှင့် လယ်ယာမြေဥပဒေများကို အကောင်အထည်ဖော်နေသည့် မြေယာစီမံအုပ်ချုပ်မှုယန္တရားများနှင့်ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများနှင့် အမြင်သဘောထားများကို မေးမြန်းခဲ့သည်။ ဤသုတေသနစာတမ်းအတွက် တွေ့ဆုံမေးမြန်းခဲ့သောအစုအဖွဲ့နှင့် လူဦးရေအတွက် စုစုပေါင်းကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

**ဇယား (၁) သုတေသနစာတမ်းအတွက် မေးမြန်းခဲ့သော အစုအဖွဲ့များစာရင်းနှင့် လူဦးရေ**

| အဖွဲ့များ (ကရင်၊ မွန်၊ ကယား) | ဦးရေ | ကျား | မ |
|---|---|---|---|
| အစိုးရ (၆+၄+၂) | ၁၂ | ၁၁ | ၁ |
| တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (၁၆+၃+၃) | ၂၂ | ၂၂ | - |
| အရပ်ဘက်လူမှုအဖွဲ့အစည်းများ (၂+၂+၂) | ၆ | ၆ | - |
| နိုင်ငံရေးပါတီ (၁) | ၁ | - | ၁ |
| ပြည်သူလူထု (၃၈+၁၂+၃၂) | ၈၂ | ၅၄ | ၂၈ |
| **စုစုပေါင်း** | ၁၂၃ | ၉၃ | ၃၀ |

*မှတ်ချက် ။ ။ မေးမြန်းခဲ့သော ကယန်းကျေးရွာတစ်ရွာသည် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်နယ်စပ်တွင်တည်ရှိပြီး လက်ရှိ ရှမ်းပြည်နယ်၏ နယ်နိမိတ်တွင် ပါဝင်သည်။*

အထက်ပါ ပြည်တွင်း မြေယာစီမံအုပ်ချုပ်မှုစနစ်ဆိုင်ရာ အချက်အလက်များအပြင် ကမ္ဘာ့နိုင်ငံအချို့၏ မြေယာစီမံအုပ်ချုပ်မှုစနစ်များအတွက် ဖက်ဒရယ်နိုင်ငံ (၄) ခုနှင့် ဖက်ဒရယ်မဟုတ်သည့် အာဖရိကနိုင်ငံ (၃) နိုင်ငံတို့၏ မြေယာစီမံအုပ်ချုပ်မှုစနစ်နှင့် ရိုးရာဓလေ့ထုံးတမ်းမြေများကို တရားဝင်အသိအမှတ်ပြုခဲ့သည့် အတွေ့အကြုံများကို လေ့လာတင်ပြထားသည်။ နိုင်ငံတကာ မြေယာစီမံအုပ်ချုပ်မှုစနစ်များအတွက် ရရှိနိုင် သော တစ်ဆင့်ခံ (သို့) ဆင့်ပွားအချက်အလက်များ (secondary data) ကို အခြေခံထားပါသည်။ ဖက်ဒရယ်နိုင်ငံများ၏ ဖက်ဒရယ်နှင့် ပြည်နယ်အစိုးရများအကြား မြေစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များ ခွဲဝေထားမှုနှင့် ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းမြေယာအခွင့်အရေးများကို အသိအမှတ်ပြုထားမှုပုံစံတို့ကို သိရှိနိုင်ရန်အတွက် အမေရိကန်၊ အိန္ဒိယ၊ မလေးရှားနှင့် နိုင်ငံဂျီးရီးယားနိုင်ငံတို့၏ မြေယာစီမံ အုပ်ချုပ်မှုစနစ်တို့ကို လေ့လာတင်ပြထားသည်။ ထို့ပြင် ဖက်ဒရယ်မဟုတ်သော အာဖရိကနိုင်ငံ (၃) နိုင်ငံ ဘော့ဆွာနာ၊ မိုဇမ်ဘစ်နှင့် တန်ဇေးနီးယားနိုင်ငံ တို့၏ ဓလေ့ထုံးတမ်းမြေလုပ်ပိုင်ခွင့်စနစ်များကို တရားဝင်အသိမှတ်ပြုခဲ့သည့် အတွေ့အကြုံများကိုလည်း လေ့လာဖော်ပြထားသည်။

အထက်ဖော်ပြပါ နည်းလမ်းများအတိုင်း ရှာဖွေစုဆောင်း လေ့လာဖတ်ရှုထားသော မြေယာဆိုင်ရာ အချက်အလက်များနှင့် စစ်တမ်းကောက်ယူခဲ့သော မြေယာဆိုင်ရာ အချက်အလက်များကို စိစစ်သုံးသပ်ပြီး ဤသုတေသနစာတမ်းကို ရေးသားပြုစုထားသည်။ ၎င်းနောက် ရေးသားပြုစုထားသော သုတေသနစာတမ်း (မူကြမ်း)ကို မြေယာပညာရှင်အချို့အား ဝေဖန်သုံးသပ်စေပြီး ၎င်းတို့အကြံပြုချက်များနှင့်အညီ လိုအပ်သောပြင်ဆင်ရေးသားမှုများပြုလုပ်ခဲ့သည်။ ဤသုတေသနစာတမ်းအတွက် မြေယာဆိုင်ရာအချက်အလက်

များကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် စတင်လေ့လာခဲ့ပြီး၊ ပြည်နယ်များသို့ သွားရောက်စစ်တမ်းကောက်ယူမှုကို၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအတွင်း ပြုလုပ်ခဲ့သည်။ ထို့နောက် စစ်တမ်းကောက်ခဲ့သော အချက်အလက်များကို ပြန်လည်စိစစ်၊ သုံးသပ်မှုများပြုလုပ်ပြီး စာတမ်းရေးသားပြုစုခြင်းများနှင့် အချက်အလက်မှန်ကန်ရေးအတွက် သက်ဆိုင်ရာအဖွဲ့များ၏ တာဝန်ခံများနှင့် အပြန်အလှန် ဆက်သွယ်မှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ဤသုတေသနစာတမ်း ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ သက်ဆိုင်ရာ မြေယာကျွမ်းကျင်သူအချို့တို့၏ သုံးသပ်ချက်နှင့် အကြံပြုချက်တို့ကို ရယူခဲ့သည်။ ဤစာတမ်းကို အချိန်တစ်နှစ်ကျော်ကြာ ပြုစုရေးသားခဲ့ပြီးနောက် ပုံနှိပ်ထုတ်ဝေထားပါသည်။

ဤသုတေသနစာတမ်းကို အခန်း (၇) ခန်းဖြင့် ရေးသားပြုစုထားပါသည်။ အခန်း (၁) သည် နိဒါန်းဖြစ်ပြီး သုတေသနစာတမ်းပါ အကြောင်းအရာများကို အကျဉ်းချုံးရေးသားတင်ပြထားသည်။ အခန်း (၂) တွင် သုတေသနစာတမ်း၏ ရည်ရွယ်ချက်၊ သုတေသနနည်းလမ်းနှင့် သုတေသနစာတမ်း၏ ဖွဲ့စည်းပုံတို့ကို ဖော်ပြထားပါသည်။ ထို့နောက် အခန်း (၃) တွင် မြေယာစီမံအုပ်ချုပ်မှုစနစ်၏ အခြေခံသဘောတရားများကို မြေယာအဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ မြေယာဆိုင်ရာ ဝိသေသများ၊ မြေအမျိုးအစားနှင့် မြေအသုံးချမှုပုံစံများ၊ ကောင်းမွန်သောမြေစီမံအုပ်ချုပ်မှုစနစ်၏ အခြေခံမှုများကို အသေးစိတ် ဆွေးနွေးတင်ပြထားပါသည်။ ထို့ပြင် မြေယာပြုပြင်ပြောင်းလဲမှုပုံစံများနှင့် မြေယာပြုပြင်ပြောင်းလဲမှုတွင် ကြုံတွေ့ရနိုင်သည့် ထိပ်တိုက်ထိတွေ့မှုများနှင့် မြေယာဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များ အကြောင်းကိုလည်း ဖော်ပြထားသည်။

အခန်း (၄) တွင် မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်ကို အပိုင်း (၃) ပိုင်းခွဲပြီး တင်ပြထားသည်။ ပထမပိုင်းတွင် မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်သမိုင်းအကျဉ်း၊ ဒုတိယအပိုင်းတွင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အချို့၏ မြေယာစီမံအုပ်ချုပ်မှုစနစ်များနှင့် မြန်မာနိုင်ငံ၏ ရိုးရာဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်ခွင့်နှင့် မြေအသုံးချမှုစနစ်ကို လေ့လာတင်ပြထားသည်။ ထို့နောက် အခန်း(၅) တွင် နိုင်ငံတကာမြေယာစီမံအုပ်ချုပ်မှုစနစ် အချို့ကိုတင်ပြထားပြီး ဖက်ဒရယ်နိုင်ငံ (၄)ခု၏ မြေယာစီမံအုပ်ချုပ်မှုစနစ်များနှင့် ဖက်ဒရယ်မဟုတ်သော အာဖရိကနိုင်ငံ (၃) ခု၏ ဓလေ့ထုံးတမ်း မြေယာစနစ်များကို လေ့လာတင်ပြထားသည်။ အခန်း(၆)တွင် သုတေသနတွေ့ရှိချက်များနှင့် စဉ်းစားသုံးသပ်ချက်များ၊ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံအတွက် မြေယာစီမံအုပ်ချုပ်မှုစနစ်ဆိုင်ရာ မူဝါဒအကြံပြုချက်များကို ဖော်ပြထားပြီး အခန်း(၇) တွင် စာတမ်းကို နိဂုံးချုပ်တင်ပြထားသည်။

## ၂.၃ သုတေသနပြုရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ

ဤသုတေသနစာတမ်းအတွက် လိုအပ်သော အချက်အလက်များကို သက်ဆိုင်ရာ ပြည်နယ်များသို့ သုတေသနကွင်းဆင်းလေ့လာ၊ တွေ့ဆုံမေးမြန်းမှုများပြုလုပ်ရာတွင် စိန်ခေါ်မှုအချို့ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် မြေယာသည် ထိလွယ်ရှလွယ်သည့် အကြောင်းအရာတစ်ရပ် ဖြစ်နေသည့်အလျောက် မြေယာဆိုင်ရာ တိကျသောကိန်းဂဏန်းအချက်လက်များကို သက်ဆိုင်ရာ အစုအဖွဲ့အချို့ထံမှ ရယူရာတွင် အခက်အခဲများရှိခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သော လူပုဂ္ဂိုလ်အချို့တို့က အချိန်လုံလုံလောက်လောက် မပေးနိုင်ကြသဖြင့် စာတမ်းအတွက်အရေးကြီးသည့် အချက်အလက်အချို့ကို ရယူနိုင်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ဤသုတေသနစာတမ်းကို အရည်အသွေးအခြေခံသုတေသနပုံစံဖြင့် တွေ့ဆုံမေးမြန်းသူများ၏ ဖြေကြားချက်ကိုသာအခြေခံပြီး ရေးသားပြုစုထားသည်။ နောက်ထပ်စိန်ခေါ်မှုတစ်ခုမှာ သုတေသနကွင်းဆင်းမေးမြန်းခဲ့သော နေရာဒေသအချို့သည် နိုင်ငံရေးနှင့် လုံခြုံရေးအရ ထိရှလွယ်သည့် အချိန်နှင့် တိုက်ဆိုင်နေသဖြင့် ယင်းဒေသများသို့ ဝင်ထွက်သွားလာရာတွင် လုံခြုံရေးအတွက် စိုးရိမ်ရမှုများရှိခဲ့သည်။ ထိုသို့သော အခြေအနေများကြောင့် ခွင့်ပြုထားသည့်အချိန်ကာလအတွင်း ရနိုင်သမျှသောအချက်အလက်များကိုသာ စုဆောင်းခဲ့ရသည်။ ထို့အပြင် ဤသုတေသနစာတမ်းပါ နိုင်ငံတကာမြေယာစီမံအုပ်ချုပ်မှုစနစ်များသည် တစ်ဆင့်ခံအချက်အလက်များအပေါ်တွင် မှီငြမ်းကိုးကားယူရသဖြင့် လိုချင်သောအချက်အလက်များထက် ရှိနေသောအချက်အလက်များကိုသာအခြေခံပြီး သုံးသပ်မှုများ ပြုလုပ်ခဲ့ရသည်။

သို့ရာတွင် ဤသုသေသနစာတမ်းသည် မြန်မာနိုင်ငံတွင် ဖက်ဒရယ်မြေယာစီမံအုပ်ချုပ်မှုစနစ် တစ်ရပ်ပေါ်ထွန်းလာရေးအတွက် အရေးကြီးသော စဉ်းစားစရာအချက်အလက်အချို့ကို ရရှိလာစေနိုင်မည်ဟု မျှော်လင့်ပါသည်။ ထို့အပြင် ဖက်ဒရယ်မြေယာစီမံအုပ်ချုပ်စနစ်ဆိုင်ရာ သုတေသနစာတမ်းအသစ်များ ရေးသားပြုစုရာတွင်လည်း အသုံးဝင်သော အရင်းအမြစ်တစ်ခု ဖြစ်လာနိုင်သည်လည်း မျှော်လင့်ပါသည်။

အခန်း (၃)

# မြေယာနှင့် မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ သဘောတရားများ

"မြေ (land)" ဟူသည့် စကားလုံးသည် အလွန်ကျယ်ပြန့်သော အဓိပ္ပါယ်နှင့် သဘောတရားများရှိနေပြီး ရှုထောင့်အမျိုးမျိုးမှ နားလည်သဘောပေါက်ထားမှသာလျှင် မြေယာဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများချမှတ်ရာတွင်လည်းကောင်း၊ မြေယာပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် လည်းကောင်း လွှမ်းခြုံမှုနှင့် ထိရောက်မှုရှိနိုင်မည်ဖြစ်သည်။ မြေယာ၏ အရေးပါမှုသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးစုတစ်စုနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်ကွဲပြားနိုင်ပြီး မြေယာသည် ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးများကို ဖြစ်စေနိုင်သည့် အကြောင်းရင်းလည်း ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ မြေယာအငြင်းပွားမှုများကြောင့် ပဋိပက္ခနှင့် ထိခိုက်နစ်နာဆုံးရှုံးမှုများကို ဖြစ်စေနိုင်သည့်အပြင် ကောင်းမွန်သော မြေယာစီမံအုပ်ချုပ်မှုစနစ်ကြောင့် တရားမျှတမှု၊ ဖွံ့ဖြိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ ဖြစ်ထွန်းစေနိုင်သည်။ ထို့ကြောင့် မြေယာနှင့်ပတ်သက်သည့် အဓိပ္ပါယ်ဖွင့်ဆိုမှု၊ မြေယာ၏အရေးပါမှုနှင့် မြေယာ အုပ်ချုပ်မှုစနစ်တစ်ခုတွင် ထည့်သွင်းစဥ်းစားရမည့်ရှုထောင့်များကို  အောက်တွင်ဆွေးနွေးတင်ပြထားသည်။

## ၃.၁ မြေယာ၏ အဓိပ္ပါယ်၊ ဝိသေသနှင့် မြေအသုံးချမှုပုံစံများ

### ၃.၁.၁ မြေယာ၏ အဓိပ္ပါယ်

မြေ သို့မဟုတ် မြေယာ (land) ကို အဓိပ္ပါယ်အမျိုးမျိုးဖွင့်ဆိုကြပြီး ရှုထောင့်ပေါင်းစုံလွှမ်းခြုံမှုရှိသော ဖွင့်ဆိုချက်များရှိသကဲ့သို့ ရှုထောင့်တစ်ခု သို့မဟုတ် တစ်ချို့ကိုသာလွှမ်းခြုံသည့် ဖွင့်ဆိုချက်များကိုလည်း တွေ့ရနိုင်သည်။ တစ်ပြိုင်နက်တည်းတွင် မြေယာ၏ အဓိပ္ပါယ်ကို ရှုထောင့်တစ်ခု သို့မဟုတ် တစ်ခုထက်မက သို့မဟုတ် ရှုထောင့်အစုံမှ သက်ဆိုင်ရာလူပုဂ္ဂိုလ်၊ လူမျိုးစုနှင့် နိုင်ငံအတွက် အရေးပါမှု သို့မဟုတ်/နှင့် အသုံးဝင်မှုအပေါ်မူတည်ပြီး ဖွင့်ဆိုကြပြီး၊ သမိုင်းကြောင်းတစ်လျှောက်အပြောင်းအလဲများရှိခဲ့သည်ကို တွေ့ရှိရသည်။

**နိုင်ငံရေးရှုထောင့်**မှကြည့်လျှင် မြေယာသည် အချုပ်အခြာအာဏာ (သို့မဟုတ်) နိုင်ငံရေးအာဏာ သက်ရောက်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ နယ်မြေထိန်းချုပ်ခွင့်နှင့် ပြင်ပလွှမ်းမိုးခြယ်လှယ်မှုမှ ကင်းလွတ်ခွင့် စသည့် လုပ်ပိုင်ခွင့်အာဏာများကို ပေးနိုင်သည့်သဘောကို ရည်ညွှန်းသည်။ ထို့အပြင် ထိုလုပ်ပိုင်ခွင့်များအတွက် လူပုဂ္ဂိုလ် သို့မဟုတ် အစုအဖွဲ့ သို့မဟုတ် နိုင်ငံများအကြား ပြိုင်ဆိုင်မှုများ ဖြစ်လာနိုင်ပြီး မြေယာအငြင်းပွားမှုများ၊ မြေသိမ်းဆည်းမှုများ၊ အကြမ်းဖက်မှုများနှင့် စစ်ပွဲများဖြစ်လာနိုင်သဖြင့် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးသဘောတရားလည်းပါရှိနိုင်သည်။ ထို့အပြင် နိုင်ငံရေးဘောဂဗေဒအရလည်း  နိုင်ငံတစ်နိုင်ငံ၏ မြေတည်နေရာအချက်အခြာကျမှုသည်ကမ္ဘာ့နိုင်ငံများ၏အလေးထားစိတ်ဝင်စားမှုကိုရရှိစေနိုင်သည်။ကမ္ဘာ့သမိုင်းကိုလေ့လာကြည့်လျှင် အုပ်ချုပ်သူအစိုးရအချို့တို့သည် မြေကိုအာဏာ၏ အရင်းအမြစ်တစ်ခုပမာ သဘောထားခဲ့ကြပြီး မြေကျူးကျော်သိမ်းပိုက်မှုများ ပြုလုပ်ကာ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအာဏာတို့ကို တိုးချဲ့ခဲ့ကြသည်။ ယနေ့ခေတ်တွင် နိုင်ငံအသီးသီး၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို အပြန်အလှန်အလေးထား အသိအမှတ်ပြုကြရသဖြင့်  ထိုကဲ့သို့သော မြေကျူးကျော်သိမ်းပိုက်မှုမျိုးကို နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းတွင်သာ တွေ့မြင်ကြရပါသည်။ သို့ရာတွင် နိုင်ငံများအကြား စီးပွားရေးနှင့် လူမှုရေး နယ်ချဲ့မှုများပုံစံမျိုးစုံဖြင့်တည်ရှိလာသည်ကို ကမ္ဘာအနှံ့တွေ့နိုင်ပါသည်။ ထို့ကြောင့် မြေယာကို နိုင်ငံရေးအရ အလွန်ထိလွယ်ရှလွယ်သော အကြောင်းအရာတစ်ခုအဖြစ် ရှုမြင်သဘောထားကြခြင်း ဖြစ်ပါသည်။

**လူမှုရေးရှုထောင့်**မှကြည့်လျှင် မြေယာသည် လူသားမျိုးနွယ်စုများ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့် ရိုးရာအမွေအနှစ်၊ ကိုယ်ပိုင်အမှတ်လက္ခဏာ၊ တန်ဖိုးနှင့် ဂုဏ်သိက္ခာတို့ ပေါက်ဖွားရှင်သန်ဖွံ့ဖြိုးစေသည့်အပြင် မျိုးဆက်ပေါင်းများစွာတိုင်အောင် ထိန်းသိမ်းသယ်ဆောင်ပေးနိုင်သည့် သဘောလည်း ရှိသည်။ မတူကွဲပြားသော ပထဝီမြေမျက်နှာသွင်ပြင်၊ မြေဆီလွှာနှင့် ရာသီဥတုအခြေအနေတို့တွင် ရှင်သန်နေထိုင်နိုင်ရေးအတွက် လူသားမျိုးနွယ်စုတို့သည် ဒေသအလိုက် မတူကွဲပြားသော မြေယာအသုံးပြုမှုနှင့် ဓလေ့ထုံးတမ်းများကို ချမှတ်ကျင့်သုံးလာခဲ့ကြသည်။ မိမိတို့အခြေချနေထိုင်သည့်မြေနှင့် ထိုမြေပေါ်တွင် တည်ထောင်လာခဲ့သည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို နည်းလမ်းမျိုးစုံသုံးပြီး ထိန်းသိမ်းကာကွယ်လာခဲ့ကြသည်။ အဆိုပါဓလေ့ထုံးတမ်းအချို့တို့သည် တစ်ခါတစ်ရံ သမိုင်းဒဏ္ဍာရီများအဖြစ်သာ ကျန်ရစ်လေ့ရှိပြီး၊ အချို့တို့မှာ ယခုတိုင် ရှင်သန်တည်ရှိနေသည်များလည်း ရှိသည်။ မြေယာသည် လူသားမျိုးနွယ်စုတို့၏ ယဉ်ကျေးမှုသမိုင်းမှတ်တိုင်များထူထောင်ရာတွင် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာခဲ့သဖြင့် လူသားတို့၏ သမိုင်းကြောင်းကို လေ့လာသင်ယူနိုင်သည့် အသိပညာဗဟုသုတ အရင်းအမြစ်တစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။

**စီးပွားရေးရှုထောင့်**မှကြည့်လျှင် မြေယာသည် အကန့်အသတ်ရှိပြီး တန်ဖိုးရှိသော သဘာဝအရင်းအမြစ် တစ်ခုဖြစ်သည့်အပြင်၊ လူသားမျိုးနွယ်စုတို့၏ အသက်ရှင်သန်နေထိုင်ရေး၊ အစားရေစာ ဖူလုံရေးနှင့် ဖွံ့ဖြိုးရေးအတွက် အလွန်ရေးပါပြီး အသုံးဝင်သည့် အရင်းအမြစ် ဖြစ်ပါသည်။ လူသားမျိုးနွယ်စုတို့သည် ရှေးယခင်ကာလကတည်းက မြေယာကိုအခြေပြုသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်လာခဲ့ကြသည်။ ယခင်တနိုင်တပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စုပေါင်းလုပ်ကိုင်မှုများသည် ယခုခေတ်စီးပွားဖြစ် အကြီးစားစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအထိ လုပ်ကိုင်ခဲ့ကြသည်။ နောက်ပိုင်းကာလများတွင် ပုဂ္ဂလိကပိုင်ဆိုင်မှုကို အလေးထားလာသဖြင့် မြေအသုံးချမှုပုံစံနှင့်အသုံးချသည့် မြေပမာဏအပေါ် သက်ရောက်မှုများရှိခဲ့သည်။ ထိုသို့သော ပြောင်းလဲမှုများသည် နိုင်ငံ၏ လူဦးရေတိုးပွားမှုနှင့် စီးပွားရေး၊ ဖွံ့ဖြိုးရေးပန်းတိုင်များအတွက် ရည်ရွယ်ချမှတ်ထားသည့် ဥပဒေများ၊ မူဝါဒများနှင့် သက်ဆိုင်နိုင်ပါသည်။ စားနပ်ရိက္ခာဖူလုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှု လျှော့ချရေး/ပပျောက်ရေး အစရှိသည့် အစိုးရ၏ ရည်မှန်းချက်များ အထမြောက်ရေးအတွက် မြေယာသည် အရေးပါသော စီးပွားရေးအရင်းအမြစ် (သို့မဟုတ်) ကုန်ထုတ်စွမ်းအားစုတစ်ခု ဖြစ်သည်။ သို့ရာတွင် တစ်ခါတစ်ရံတွင်မြေယာကို စီးပွားရေးတန်ဖိုးတစ်ခုတည်းသာ ကိုယ်စားပြုသည့် ရောင်းကုန်တစ်ရပ်အဖြစ် သဘောထားခြင်းမျိုးကိုလည်း တွေ့ရနိုင်သည်။

**သဘာဝပတ်ဝန်းကျင်ရှုထောင့်**မှလည်း မြေယာ၏တန်ဖိုးနှင့် အရေးပါမှုတို့ကို ဖော်ပြနိုင်သည်။ မြေယာသည် ဇီဝမျိုးစုံကွဲများ မြောက်များစွာ နေထိုင်ကျက်စားရာနေရာဖြစ်ပြီး သတ္တဝါမျိုးစုံတို့၏ အသက်ရှင်သန်နေထိုင်ရေးအတွက် အရေးကြီးသည့် သဘာဝပတ်ဝန်းကျင် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ မြေပေါ်မြေအောက် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုသည် ဂေဟာစနစ်၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုအပေါ် သက်ရောက်မှုရှိနိုင်သဖြင့် စနစ်တကျထုတ်ယူသုံးစွဲမှုများမပြုလုပ်ပါက ဇီဝမျိုးစိတ်များ မျိုးတုန်းခြင်း၊ လူသားတို့ငတ်မွတ်ခေါင်းပါးခြင်းနှင့် ရောဂါဘယကျရောက်ခြင်း အစရှိသည့် သဘာဝနှင့် လူလုပ်သည့် ဘေးအန္တရာယ်များ ကျရောက်နိုင်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးအတွက် မြေယာနှင့် မြေပေါ်မြေအောက်ရှိ သဘာဝသယံဇာတများကို စနစ်တကျစီမံခန့်ခွဲသွားရန်လိုမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လူသားအားလုံးနှင့်ဆိုင်သော တာဝန်တစ်ရပ်အဖြစ် မှတ်ယူသင့်ပါသည်။ ထိုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတာဝန်နှင့်အတူ မြေယာသည် လူသားအားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ရာတွင် မရှိမဖြစ်ထည့်သွင်းစဉ်းစားရမည့်အရာအဖြစ် ရှိနေသည်။

အထက်ပါ သက်ဆိုင်ရာရှုထောင့်အလိုက် မြေယာအဓိပ္ပါယ်ဖွင့်ဆိုမှုနှင့် တန်ဖိုးများကိုကြည့်လျှင် မြေယာသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့၏ အစိတ်အပိုင်းများ၊ ရုပ်နှင့်နမ်ပိုင်းဆိုင်ရာ တန်ဖိုးထားမှုများ၊ အတိတ်သမိုင်းကြောင်းများနှင့် ရေရှည်တည်တံ့မှုများ၊ အခွင့်အရေးနှင့် တာဝန်ယူမှုများ စသည်တို့ကိုရည်ညွှန်းပြီး၊ အလွန်ကျယ်ပြန့်နက်ရှိုင်းသော သဘောများ ပါဝင်သည်ကို တွေ့ရမည်ဖြစ်သည်။

မြေယာအရေး ဆောင်ရွက်နေကြသော နိုင်ငံတကာအဖွဲ့အစည်းများသည် မြေယာကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ရှုထောင့်ပေါင်းစုံလွှမ်းခြုံနိုင်အောင် ဖွင့်ဆိုလေ့ရှိသည်ကို တွေ့ရသည်။ ဥပမာ - ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က **"မြေနှင့်မြေအရင်းအမြစ်များသည် တိကျသော ကမ္ဘာ့ကုန်းမြေမျက်နှာပြင် ဧရိယာတစ်ခုဖြစ်ပြီး ထိုမြေမျက်နှာပြင်၏ မြေပေါ်မြေအောက်ရှိ သက်ရှိပတ်ဝန်းကျင်၏ အစိတ်အပိုင်းအားလုံး အကျုံးဝင်သည်။ မြေပြင်ပေါ်ရှိ ရာသီဥတု၊ မြေဆီလွှာနှင့် မြေမျက်နှာသွင်ပြင်၊ ရေထု**

**(ရေတိမ်ကန်များ၊ မြစ်များ၊ ဒီရေတောများအပါအဝင်)၊ မြေမျက်နှာပြင်ပေါ်ရှိ အနည်ကျအလွှာများနှင့် ဆက်စပ်မြေအောက်ရေနှင့် ပထဝီရေကြော၊ အပင်နှင့် တိရိစ္ဆာန်ဦးရေ၊ လူတို့၏ အခြေချနေထိုင်မှုပုံစံနှင့် အတိတ်နှင့် ပစ္စုပ္ပန်ကာလအတွင်း လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် ထွက်ပေါ်လာသော ရုပ်ပိုင်းဆိုင်ရာ ရလာဒ်များ (ရေသိုလှောင်မှု သို့မဟုတ် ရေနုတ်မြောင်းဖွဲ့စည်းပုံများ၊ လမ်းမကြီးများနှင့် အဆောက်အဦးများ စသည်တို့) ပါဝင်သည် (FAO/UNEP, 1997)။"** ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (UN-OHCHR)က "မြေသည် ရောင်းကုန်တစ်ခုမျှသာ မဟုတ်ဘဲ၊ လူ့အခွင့်အရေးအမျိုးမျိုးအတွက် မရှိမဖြစ် အရေးပါသော အရာတစ်ခု ဖြစ်သည်" ဟု **လူ့အခွင့်အရေးရှုထောင့်**မှ မြေယာ၏အရေးပါမှုကို မီးမောင်းထိုးပြထားသည် (UN-OHCHR,2015)။

## ၃.၁.၂ မြေယာ၏ ဝိသေသများ[၇]

အထက်ပါ မြေယာအဓိပ္ပါယ်ဖွင့်ဆိုမှုအမျိုးမျိုးကိုအခြေခံပြီး မြေယာ၏ဝိသေသလက္ခဏာအချို့ကို အောက်တွင်ထုတ်နုတ်ဖော်ပြထားပါသည်။ ကောင်းမွန်သော မြေယာအုပ်ချုပ်မှုစနစ်တစ်ရပ် ဖော်ဆောင်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန်နှင့် မြေယာပြဿနာများကို ထိရောက်စွာဖြေရှင်းပေးနိုင်သည့် မြေစီမံအုပ်ချုပ်မှုစနစ်ဆိုင်ရာ ယန္တရားများတည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရန် ဖြစ်သည်။

- **မြေယာသည် တန်ဖိုးရှိသည့်ပစ္စည်းတစ်ခုထက်ပိုသော အဓိပ္ပါယ်များရှိသည်။** လူသားများအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကောင်းကျိုး (ယဉ်ကျေးမှုထွန်းကားခြင်း၊ လူသားလုံခြုံမှုနှင့် ငြိမ်းချမ်းရေး စသည်) သို့မဟုတ် ဆိုးကျိုးများ (အငြင်းပွားမှု၊ အကြမ်းဖက်မှုနှင့် ပဋိပက္ခများ စသည်) ဖြစ်စေနိုင်သည့် အကြောင်းရင်းလည်း ဖြစ်နိုင်သည်။
- **မြေကွက်တစ်ခုအတွက် မြေလုပ်ပိုင်ခွင့် (land tenure) ဆိုင်ရာ အခွင့်အရေးများစွာရှိနေနိုင်ပြီး ထိုအခွင့်အရေးများကို မတူညီသော လူပုဂ္ဂိုလ် (သို့မဟုတ်) အစုအဖွဲ့တို့က ခံစားပိုင်ခွင့်ရှိနိုင်သည်။** ဥပမာ - မြေရောင်းချခွင့်၊ ပေါင်နှံခွင့်နှင့် အမွေပေးပိုင်ခွင့်၊ စိုက်ပျိုးရေး သို့မဟုတ် စားကျက်မြေ အတွက် အသုံးချခွင့်နှင့် မြေပေါ်မြေအောက်သယံဇာတများထုတ်ယူသုံးစွဲခွင့်များ ရှိနိုင်သည်။
- **မြေကို ပိုင်ဆိုင်မှုပစ္စည်း (property) အဖြစ် သတ်မှတ်ကြပြီး မြေလုပ်ပိုင်ခွင့်ကို ပိုင်ဆိုင်မှု အခွင့်အရေးများ (property rights) အားဖြင့် အောက်ပါအတိုင်း (၅) မျိုး ခွဲခြားနိုင်သည်။** (ဇယား-၂ ရှု) အဆိုပါ မြေယာအခွင့်အရေးအချို့သည် မြေပိုင်ရှင်နှင့်သာ သက်ဆိုင်ပြီး၊ အချို့မှာ မြေအသုံးချသူများနှင့်သာ သက်ဆိုင်သည်။

**ဇယား (၂) မြေနှင့်ဆိုင်သော လုပ်ပိုင်ခွင့်ပုံစံများ**

| မြေနှင့်ဆိုင်သော လုပ်ပိုင်ခွင့်များ | ဖော်ပြချက်များ |
|---|---|
| ဝင်ရောက်ခွင့် (Access) | မြေကွက်တစ်ကွက်ထဲသို့ဖြတ်သန်းဝင်ရောက်ခွင့်သာရှိပြီး ထိုမြေကွက်နှင့်ဆိုင်သော သယံဇာတများကို ထုတ်ယူခွင့် မရှိပါ။ |
| ထုတ်ယူသုံးစွဲခွင့် (Withdrawal) | မြေကွက်တစ်ခုအတွင်းရှိသယံဇာတများကိုထုတ်ယူသုံးစွဲခွင့်ရှိသည်။ |
| စီမံခန့်ခွဲခွင့် (Management) | မြေအသုံးချမှုပုံစံနှင့်မြေဆိုင်ရာသယံဇာတများကိုစီမံခန့်ခွဲခွင့်ရှိသည်။ |
| တားမြစ်ခွင့် (Exclusion) | ဖြတ်သန်းဝင်ရောက်ခွင့်၊ ထုတ်ယူသုံးစွဲခွင့်နှင့်ပတ်သက်၍ ဆုံးဖြတ်ပိုင်ခွင့်နှင့် ထိုအခွင့်အရေးများ လွှဲပြောင်းပိုင်ခွင့်တို့ကို ပါဝင်သည်။ |
| ဖယ်ကျဉ်ခွင့် (Alienation) | စီမံခန့်ခွဲခွင့်နှင့် တားမြစ်ခွင့်တို့ကို ရောင်းချခွင့်၊ ပေါင်နှံခွင့်တို့ ပါဝင်သည်။ |

*ရင်းမြစ်* - Schlager and Ostrom 1992

[၇] Palmer, David, Szilard Fricska, and Babette Wehrmann. "Towards improved land governance." Food and Agriculture Organization of the United Nations, United Nations Human Settlements Programme, Rome, Italy (2009). Available at: http://www.fao.org/3/a-ak999e.pdf [accessed 20 July 2019]

- **မြေယာပိုင်ဆိုင်မှုကို ပိုင်ဆိုင်ခွင့်ရှိသူအပေါ်အခြေပြု၍ အောက်ပါအတိုင်းအမျိုးအစား (၄) မျိုးခွဲခြားနိုင်သည်။** (ဇယား-၃ ရှု)

**ဇယား (၃) မြေလုပ်ပိုင်ခွင့်အမျိုးအစားများ**

| ပိုင်ဆိုင်မှုပုံစံများ | ပိုင်ဆိုင်သူများနှင့် မြေအမျိုးအစားများ |
|---|---|
| ပုဂ္ဂလိကပိုင်မြေ (Private land) | လူပုဂ္ဂိုလ်(များ)၊ အိမ်ထောင်စု(များ) သို့မဟုတ် အသင်းအဖွဲ့များ၊ မိတ်ဖက် အဖွဲ့များ နှင့် ကော်ပိုရေးရှင်းများကဲ့သို့သော တရားဝင်အဖွဲ့အစည်းများက ပိုင်ဆိုင်သောမြေများ။ ဥပမာ - ကျေးရွာတစ်ရွာတွင် သက်ဆိုင်ရာမိသားစုများသည် လူနေထိုင်သည့်မြေကွက်များ၊ စိုက်ပျိုးမြေကွက်များနှင့် သစ်ပင်အချို့တို့ကို သီးခြားပိုင်ဆိုင်ခွင့်ရှိနိုင်ပြီး ထိုကျေးရွာအတွင်းရှိ အခြားသော မိသားစုဝင်များသည် ထိုပိုင်ဆိုင်မှုများကို ပိုင်ရှင်၏ သဘောတူညီချက်မပါဘဲ အသုံးပြုခွင့်မရှိပေ။ |
| အစိုးရပိုင်မြေ (State Land) | အများပြည်သူအတွက် အသုံးပြုသည့်အများပိုင်/အစိုးရပိုင်မြေများ။ ဥပမာ - နိုင်ငံအချို့တွင် သစ်တောမြေများသည် ဗဟို သို့မဟုတ် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာ (စီမံအုပ်ချုပ်ပိုင်ခွင့်) အောက်တွင် ရှိသည်။ |
| ဘုံပိုင်မြေ (Communal Land) | မျိုးနွယ်စုကဲ့သို့သော အစုအဖွဲ့တစ်ခုခုက ဘုံပိုင်ဆိုင်ပြီး အဖွဲ့ဝင်များက လွတ်လပ်စွာအသုံးပြုနိုင်သည့်မြေများ။ ဥပမာ -ကျေးရွာတစ်ခု၏ အဖွဲ့ဝင်များသည် ကျေးရွာ၏ဘုံပိုင်စားကျက်မြေတွင် ကျွဲ၊ နွားကျောင်းခွင့် ရှိနိုင်သည်။ |
| အားလုံးနှင့်ဆိုင်သော မြေ (Open access) | မြေယာပိုင်ရှင်ကို သတ်မှတ်ထားခြင်းမရှိသည့် မြေများနှင့် အားလုံးအသုံးပြုနိုင်သည့်မြေများ။ ဥပမာ - ပင်လယ်မြေ၊ rangeland နှင့် သစ်တောမြေများသည် မည်သူမဆိုဝင်ရောက်အသုံးပြုခွင့် ရှိသည်။ |

*ရင်းမြစ်* - http://www.fao.org/3/Y4308E/y4308e04.htm

- မြေယာအခွင့်အရေးများသည် အခြားသော အခွင့်အရေးနှင့် အခွင့်အလမ်းများကိုရယူရာတွင် အထောက်အကူဖြစ်စေနိုင်သည်။ ဥပမာ - ဘဏ်ချေးငွေများ ရယူနိုင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး နှင့် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းတို့ကြောင့် လူသားတို့၏ လူနေမှုအဆင့်အတန်းကိုမြှင့်တင်ပေးနိုင်သည်။ သို့ရာတွင် မြေလုပ်ပိုင်ခွင့်စနစ်များအပေါ်မူတည်ပြီး မြေလုပ်ပိုင်ခွင့်လုံခြုံမှု (land tenure security) သည် လက်တွေ့တွင်အမျိုးမျိုးရှိနိုင်သည်။ (ဇယား -၄ ရှု)

ဇယား (၄) မြေယာလုပ်ပိုင်ခွင့်စနစ်များနှင့် ၎င်းတို့၏ ဝိသေသလက္ခဏာများ (Land Tenures and their characteristics)

| လုပ်ပိုင်ခွင့်စနစ် | ဝိသေသလက္ခဏာများ | အားသာချက် | အားနည်းချက် |
|---|---|---|---|
| ရာသက်ပန် ဘိုးဘွားပိုင်မြေ (Freehold) | - ထာဝရပိုင်ဆိုင်ခွင့်ရှိသည်။ | - လုံခြုံမှုမြင့်မား<br>- ချေးငွေအတွက် အပေါင် ထားနိုင်သည်။<br>- စီးပွားရေးတန်ဖိုး မြင့်မား၊ တိုးပွားစေနိုင်သည်။ | - ယေဘုယျအားဖြင့် ဝင်ရောက် လုပ်ကိုင်ခွင့်စရိတ် ကြီးမားသည်။<br>- ဝင်ငွေနည်းလျှင်၊ ငွေကြေး အဖွဲ့ အစည်းများ အားနည်းလျှင် ပေါင်နှံမှု အတွက် အသုံးမဝင် ဖြစ်နိုင်သည်။<br>- တန်ဖိုးအတက်အကျ ရှိနိုင်သည်။ |
| ဆိုင်းငံ့ထားသော ရာသက်ပန် ဘိုးဘွားပိုင် မြေ (Delayed Freehold) | - သတ်မှတ်ချက်များကို လိုက်နာလျှင် ပိုင်ဆိုင်ခွင့် ရှိသည်။ | - လုံခြုံမှု မြင့်မားနိုင်<br>- ချေးငွေအတွက် အပေါင် ထားနိုင်သည်။<br>- စီးပွားရေးတန်ဖိုး တိုးလာ နိုင်သည်။ | - ငွေပေးချေမှုပျက်ကွက်နိုင်သည်။<br>- ငွေကြေးဆုံးရှုံးမှု ရှိနိုင်သည်။<br>- ငွေကြေးအဖွဲ့အစည်းများ အားနည်းနေလျှင် ပေါင်နှံမှုအတွက် အသုံးမဝင်ဖြစ်နိုင်သည်။<br>- တန်ဖိုးအတက်အကျ ရှိနိုင်သည်။ |
| မှတ်ပုံတင် မြေငှားစာချုပ်အရ ပိုင်မြေ (Registered Leasehold) | - သတ်မှတ်ကာလ၌ ပိုင်ဆိုင်ခွင့်ရှိသည်။ (လအနည်းငယ်မှ နှစ်ပေါင်း ၉၉၉ နှစ်ထိ) | - Freehold ကဲ့သို့ လုံခြုံမှု ရှိသည်။<br>- သို့ရာတွင် အချိန်အကန့် အသတ် ရှိသည်။ | - ဥပဒေမူဘောင်လိုအပ်သည်။<br>- ယေဘုယျအားဖြင့် ဝင်ရောက် လုပ်ကိုင်ခွင့်စရိတ် ကြီးမားသည်။ |
| အများပိုင်မြေ ငှားရမ်းခြင်း (Public rental) | - နိုင်ငံပိုင်မြေကို ငှားရမ်းခွင့် ရှိသည်။ | - စည်းမျဉ်းစည်းကမ်းများ လိုက်နာလျှင် လုံခြုံမှုပိုရှိနိုင်သည်။ | - အကန့်အသတ်ရှိခြင်းကြောင့် ဝင်ရောက်ခွင့်ကန့်သတ်နိုင်သည်။ |
| ပုဂ္ဂလိကပိုင်မြေ ငှားရမ်းခြင်း (private rental) | - ပုဂ္ဂလိကပိုင်မြေကို ငှားရမ်းခွင့် ရှိသည်။ | - တရားဝင်စာချုပ်၏ အကာအကွယ်ဖြင့် လုံခြုံမှုရှိနိုင်သည်။<br>- မြေငှားများ ပြောင်းရွှေ့ နိုင်သည်။ | - ပိုင်ရှင်၏ အလွဲသုံးစားမှု ခံရနိုင်သည်။<br>- ထိန်းသိမ်းမှုစရိတ် မကာမိလျှင် ပျက်စီးဆုံးရှုံးနိုင်သည်။ |
| ပူးတွဲအသားတင် ပိုင်ဆိုင်မှုများ (Shared equity | - Delayed freeholdနှင့် ငှားရမ်းခွင့်နှစ်မျိုးလုံး ရှိနိုင်သည်။ | - လုံခြုံမှုနှင့် တန်ဖိုးရှိမှု အလားအလာနှစ်ခုလုံး ရှိနိုင်သည်။<br>- နေထိုင်သူများသည် ပိုင်ရှင် ဖြစ်လာနိုင်သည် | - သင့်လျော်သော ဥပဒေမူဘောင်နှင့် ထိရောက်သော စီမံခန့်ခွဲမှုတို့ လိုအပ်သည်။ |
| သမဝါယမ လုပ်ပိုင်ခွင့် (cooperative tenure) | - သမဝါယမအဖွဲ့က ပိုင်ဆိုင်ခွင့် ရှိသည်။ | - လုံခြုံမှုကောင်းသည်။<br>- လူမှုရေးပေါင်းစည်းမှု ရှိနိုင်သည်။ | - သင့်လျော်သော ဥပဒေမူဘောင် လိုအပ်သည်။<br>- ရင်းနှီးမြှုပ်နှံမှုကိုကန့်သတ်နိုင်သည်<br>- မြေနှင့် အဖွဲ့အစည်းနှစ်ခုလုံးကို မှတ်ပုံတင်ရသည်။ |

| လုပ်ပိုင်ခွင့်စနစ် | ဝိသေသလက္ခဏာများ | အားသာချက် | အားနည်းချက် |
|---|---|---|---|
| ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်မှု (Customary Ownership) | - မျိုးနွယ်စု၊ အစုအဖွဲ့၊ လူမှုအသိုင်းအဝန်း (သို့) မိသားစုမှ ပိုင်ဆိုင်ခွင့်ရှိသည်။<br>- ဓလေ့ထုံးတမ်းအာဏာပိုင် (အကြီးကဲ) များက မြေကို ခွဲဝေပေးသည်။ | - ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသည်။<br>- စီမံအုပ်ချုပ်ရန် လွယ်ကူသည်။<br>- လူမှုပေါင်းစည်းမှုကို ထိန်းသိမ်းပေးသည်။ | - မြို့ပြဒေသများတွင် တရားဝင်မှု မရှိနိုင်ပေ။<br>- မြို့ပြနှင့်ဈေးကွက်ဖွံ့ဖြိုးမှုတွင် ထိလွယ်ရှလွယ်နိုင်သည်။<br>- ဓလေ့အရ ဦးဆောင်မှုအားနည်းလျှင်တရားဝင်မှုအားနည်းနိုင်သည် |
| ဘာသာရေးအရ လုပ်ပိုင်ခွင့်စနစ်များ (ဥပမာ - အစ္စလမ်) Religious tenure systems (e.g. Islamic) | - အစ္စလမ်မစ်လုပ်ပိုင်ခွင့် (၄) မျိုး ရှိသည်။<br>- Waqf ဘာသာရေးမြေသည် မြေယာမဲ့ကိစ္စကို ဖြေရှင်းသည်။<br>- Mulk တစ်ဦးချင်း၏ အပြည့်အဝပိုင်ဆိုင်မှု ရှိသည့် မြေ ဖြစ်သည်။<br>- Miri သည် နိုင်ငံပိုင်/ ထိန်းချုပ်မြေဖြစ်သည်။<br>- Musha/Mushtarak စုပေါင်း/မျိုးနွယ်စုပိုင် မြေဖြစ်သည်။ | - မိသားစု/အုပ်စုလိုက် လုပ်ပိုင်ခွင့်များကို ရရှိစေသည်။<br>- လွယ်ကူပြီး တတ်နိုင်သော မြေယာစီမံ ခန့်ခွဲမှုလုပ်ငန်းစဉ်များ ဖြစ်စေသည်။ | - စီးပွားဖြစ်မြေဈေးကွက်၏ ပြင်ပတွင်ရှိသဖြင့် မြေများကို စီမံခန့်ခွဲရာတွင် ထိရောက်မှု အားနည်းနိုင်သည်။<br>- အမွေဆက်ခံမှုဆိုင်ရာ အငြင်းပွားမှုများကြောင့် မြေယာပဋိပက္ခများ ဖြစ်စေနိုင်သည်။ |
| ယာယီ လုပ်ပိုင်ခွင့်စနစ် (Intermediate or temporary tenure system) | - လက်တွေ့ကျသည့် အစီအစဉ်များရှိသည်။<br>- မြေလက်မှတ်များ၊ ယာယီ နေထိုင်ခွင့် လိုင်စင်များ စသည် | - အိမ်ထောင်စုများအား သင့်တင့်သော မြေယာ လုံခြုံမှုကို ပေးသည်။<br>- ရေရှည်အများအကျိုးကို ကာကွယ်ပေးသည်။ | - ရွှေ့ပြောင်းရန်လိုအပ်လာပါက ကုန်ကျစရိတ်များရှိလာနိုင်သည်။ |
| တရားဝင်မှု မရှိသော လုပ်ပိုင်ခွင့်စနစ်များ (Non-formal tenure systems) | - တရားဝင်မှုနှင့် တရားမဝင်မှုအတိုင်းအတာ အမျိုးမျိုးရှိနိုင်သည်။<br>- ကျူးကျော်နေထိုင်ခြင်း၊ တရားဝင်ပိုင်သည့် မြေကွက်တွင် ခွင့်ပြုချက်မရှိဘဲ မြေကွက်ထပ်ဖော်ခြင်း၊ တရားမဝင် မြေငှားရမ်းခြင်း၊ | - မြေယာလုပ်ပိုင်ခွင့်စနစ် အချို့က ဆင်းရဲသားတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်ခြင်း မရှိသော ကြောင့် ဖြစ်သည်။ | - ဝယ်လိုအားတက်လာနိုင်မှုကြောင့် တရားဝင်မှုမရှိသော မြေယာများသည်ပင် ဈေးကွက်ဝင်လာနိုင်ပြီး ဝင်ငွေနည်းသူများအတွက် ဝင်ရောက်လုပ်ကိုင်ခွင့် ပို၍ ခက်ခဲလာနိုင်သည်။ |

*Source:* UN-HABITAT, Securing Land Rights for All, 2008, p9-10

- **မြေယာအခွင့်အရေးများ၊ ကန့်သတ်ချက်များနှင့် တာဝန်ဝတ္တရားများကို လူမှုရေး သို့မဟုတ်/နှင့် ဥပဒေအရ တည်ဆောက်ထားသော မြေယာအုပ်ချုပ်မှုစနစ်တစ်ခုတွင် ထည့်သွင်းထားသည်။** ထိုစနစ်တွင် မည်သူကမည်သည့်မြေနှင့် မြေအရင်းအမြစ်များကို မည်သို့သော အခြေအနေမျိုးတွင် မည်မျှကြာအောင် အသုံးချနိုင်သည်ကို စည်းမျဉ်းစည်းကမ်းများဖြင့် ချမှတ်ထားသည်။
- **မြေယာအခွင့်အရေးများ၏ တရားဝင်ဖြစ်မှု အရင်းအမြစ်အမျိုးမျိုးရှိနိုင်သည်။** ဥပဒေထဲတွင် တရားဝင်အသိမှတ်ပြုပြီး ထည့်သွင်းပြဌာန်းထားလျှင် ဥပဒေအရတရားဝင်မှု ရှိသည်။ သို့ရာတွင် အချို့သော မြေယာအခွင့်အရေးများ (ဥပမာ - ဓလေ့ထုံးတမ်းမြေယာအသုံးချခွင့်) သည် ဥပဒေအရ တရားဝင်မှုမရှိသော်လည်း လူမှုအသိုင်းအဝန်းများက အသိမှတ်ပြု လက်ခံကြသဖြင့် လူမှုရေးအရ တရားဝင်မှုရှိသည်။ လက်တွေ့တွင် ဥပဒေအရ တရားဝင်မှုနှင့် လူမှုရေးအရ တရားဝင်မှုမရှိသော မြေအသုံးချမှုများလည်း ရှိနိုင်သည်။
- **မြေယာဆိုင်ရာလုပ်ပိုင်ခွင့်များသည် သက်ဆိုင်ရာ အင်စတီးကျူးရှင်းမူဘောင်အလိုက်ကွဲပြားမှုရှိသည်။** အင်စတီကျူးရှင်းမူဘောင်သည် နိုင်ငံတစ်ခု၏ မြေဆိုင်ရာ တရားဝင်ဥပဒေ မူဘောင်နှင့် ထိုနိုင်ငံတွင် ရှိနိုင်သည့် ဓလေ့ထုံးတမ်းမူဘောင်တို့ကို ရည်ညွှန်းသည်။ နိုင်ငံအများအပြားတွင် ဓလေ့ထုံးတမ်းမူဘောင်ကို နိုင်ငံ၏တရားဝင်မူဘောင်ထဲ၌ အသိမှတ်ပြုထားသည်။ ဓလေ့ထုံးတမ်းမူဘောင်သည် နိုင်ငံနှင့်ဒေသအလိုက် ကွဲပြားနိုင်ပြီး ခေတ်ကာလအလိုက် ပြောင်းလဲနိုင်သည်။

## ၃.၁.၃ မြေအမျိုးအစားများနှင့် မြေအသုံးချမှုပုံစံများ

- **ဖုံးလွှမ်းမြေအမျိုးအစား (Land Cover)** - ကမ္ဘာ့မြေထု၏ အပေါ်ယံမြေမျက်နှာသွင်ပြင်ကို သဘာဝပေါက်ပင်၊ တောတောင်၊ ရေ၊အဆောက်အဦး စသည်တို့နှင့် လွှမ်းခြုံထားပြီး ထိုလွှမ်းခြုံထားသည့် အရာများအပေါ်မူတည်ပြီး မြေအမျိုးအစားများကို အမျိုးမျိုးခွဲခြားနိုင်သည်။ ဥပမာ - စိုက်ပျိုးမြေ၊ သစ်တောမြေ၊ရေအင်း၊ ကန္တာရမြေ၊ တောင်တန်း၊ ရေခဲတောင်၊ မြက်ခင်းမြေ၊ မြို့ပြမြေ စသည်ဖြင့် ခေါ်ဝေါ်သတ်မှတ်ကြသည်။ ကမ္ဘာ့မြေထုကို ဖုံးလွှမ်းထားသော မြေအမျိုးအစားများသည် လူသားတို့၏ ပုံစံအမျိုးမျိုးဖြင့် အသုံးချနေမှုများကြောင့် ခေတ်ကာလအလိုက် ပြောင်းလဲမှုရှိသည်။ လူဦးရေတိုးပွားလာမှုကြောင့် မြို့ပြမြေအမျိုးအစားများလာနိုင်သကဲ့သို့၊ အကြီးစား မြေအောက်သယံဇာတ ထုတ်ယူသုံးစွဲမှုကြောင့် သစ်တောမြေများ လျော့နည်းလာနိုင်သည့်အပြင် ထိုမြေများပေါ်တွင် နေထိုင်ကျက်စားနေကြသော ဇီဝမျိုးကွဲမျာ မျိုးတုံး ပျောက်ကွယ်သွားနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်များမှတစ်ဆင့် လူကြောင့်ပျက်ဆီးဆုံးရှုံးသွားသော ဖုံးလွှမ်းမြေအမျိုးအစားအချို့ကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းမှုများ(ဥပမာ -သစ်တော ပြန်လည်စိုက်ပျိုးခြင်း) လည်း ရှိပါသည်။ ထို့ကြောင့် နိုင်ငံတစ်ခု၏ ဖုံးလွှမ်းမြေအမျိုးအစားများကို ရေရှည်အကျိုးမျှော်ကိုးပြီး စနစ်တကျ စီမံအုပ်ချုပ်သွားရန် အလွန်အရေးကြီးပါသည်။

- **မြေအသုံးချမှုပုံစံများ (Land Use)** - လူသားတို့သည် ကမ္ဘာ့မြေထုကို ဖုံးလွှမ်းထားသည့်မြေများကို လိုအပ်ချက်များအပေါ် မူတည်ပြီး (စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ စိုက်ပျိုးရေး အစရှိသည့်) ရည်ရွယ်ချက်အမျိုးမျိုးအတွက် အသုံးပြုကြသည်။ ဥပမာ- ဖုံးလွှမ်းမြေအမျိုးအစားတစ်မျိုးဖြစ်သည့် သစ်တောမြေကို အပန်းဖြေအနားယူရန်အတွက် ပန်းခြံအဖြစ် အသုံးပြုနိုင်သည်။ နိုင်ငံ၏ လူဦးရေ တိုးပွားလာသည်နှင့်အမျှ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးနိုင်သောမြေများကို လယ်ယာမြေများအဖြစ် ပြောင်းလဲအသုံးပြုနိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏ မြေဧရိယာ အတွင်းရှိ မြေအသုံးချမှုပုံစံ များသည် အမျိုးမျိုးရှိနေပြီး သဘာဝပတ်ဝန်းကျင်အပေါ် ကြီးမားသောသက်ရောက်မှုရှိနိုင်သည်။ အကြီးစားစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေအောက်သယံဇာတများ ထုတ်ယူသုံးစွဲမှုတို့သည် သစ်တောပြုန်းတီးမှုများ၊ ဇီဝမျိုးကွဲများမျိုးတုန်းမှုများ၊ မြေဆီလွှာတိုက်စားမှုများနှင့် ကန္တာရမြေ ဖြစ်မှုများ အစရှိသည့် နောက်ဆက်တွဲဆိုးကျိုးများ ကျရောက်စေနိုင်သည်။ ထို့ကြောင့် မြေယာစီမံ အုပ်ချုပ်မှုစနစ်ကို ရေးဆွဲပြဌာန်းကြရာတွင် စနစ်ကျသော မြေအသုံးချမှုပုံစံများဖြစ်စေရေးအတွက် ထိရောက်သော မူဝါဒများ ရေးဆွဲချမှတ် ကျင့်သုံးသွားရန် အလွန်အရေးကြီး ပါသည်။

## ၃.၂ မြေယာစီမံအုပ်ချုပ်မှုစနစ်

မြေယာသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးပန်းတိုင်များပြည့်မီစေရန် အကောင်အထည်ဖော်ရာတွင် အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်သည်နှင့်အမျှ မြေယာကိုအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်တစ်ခုအဖြစ် အလေးထားလာကြသည်။ မြေယာစီမံအုပ်ချုပ်မှုစနစ် (Land governance) သည် **"မြေယာနှင့်ဆိုင်သော ဆုံးဖြတ်ချက်များ (ဥပမာ-ဝင်ရောက်လုပ်ကိုင်ခွင့်နှင့် အသုံးချခွင့် အသုံးချခွင့်)၊ ထိုဆုံးဖြတ် ချက်များကို အကောင်အထည်ဖော်ခြင်းနှင့် မတူညီသောအကျိုးစီးပွားများကို စီမံအုပ်ချုပ်သည့်ပုံစံတို့ ပါဝင်သည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းစဉ်နှင့်အဖွဲ့အစည်း"** တို့ကို ရည်ညွှန်းသည်။[၉] ထို့ကြောင့် မြေယာစီမံအုပ်ချုပ်မှုစနစ်တစ်ခုကို လေ့လာကြည့်လျှင် မြေယာလုပ်ပိုင်ခွင့်များ၊ မြေယာအခွင့်အရေးများနှင့် မြေယာကိစ္စများကို စီမံခန့်ခွဲခွင့်ရှိသူများ၊ မြေယာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ စသည်တို့ကို ထည့်သွင်းပြဋ္ဌာန်းထားသည့် ဥပဒေမူဘောင် (legal framework) နှင့် ထိုဥပဒေမူဘောင်အတိုင်း မြေယာကဏ္ဍကို စီမံအုပ်ချုပ်ခြင်းနှင် သက်ဆိုင်ရာမြေယာဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့စည်းများပါဝင်သည့် အင်စတီကျူးရှင်းမူဘောင် (Institutional framework) တို့ အကျုံးဝင်သည်ကိုတွေ့ရမည်ဖြစ်သည်။

မြေယာစီမံအုပ်ချုပ်မှုစနစ်သည် နိုင်ငံအလိုက်ကွဲပြားနိုင်ပါသည်။ တစ်ပြည်ထောင်စနစ် ကျင့်သုံးသောနိုင်ငံများတွင် မြေယာစီမံအုပ်ချုပ်မှုစနစ်သည် ဗဟိုချုပ်ကိုင်မှုများနေတတ်ပြီး ဖက်ဒရယ်စနစ်ကျင့်သုံးသော နိုင်ငံများတွင် မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ဗဟိုနှင့် ပြည်နယ်အစိုးရအဆင့်များအကြား ခွဲဝေအပ်နှင်းထားလေ့ရှိသည်။ ဆိုလိုသည်မှာ ဖက်ဒရယ်နိုင်ငံများတွင် သက်ဆိုင်ရာပြည်နယ်အလိုက် မြေစီမံအုပ်ချုပ်မှုစနစ်များ ကွဲပြားသွားနိုင်ပြီး ဖက်ဒရယ်/ဗဟိုအစိုးရသည် ပြည်နယ်များ၏ မြေစီမံအုပ်ချုပ်မှုများကိုအကန့်အသတ်ဖြင့်သာဝင်ရောက်စွက်ဖက်ခွင့်ရှိသည်။ တစ်ပြည်ထောင်နိုင်ငံများတွင် မြေစီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေမူဘောင်များကို ဗဟိုအစိုးရကသာ ချမှတ်ပိုင်ခွင့်ရှိပြီး ပြည်နယ်နှင့် ဒေသန္တရအစိုးရတို့သည် ဗဟိုအစိုးရချမှတ်ထားသည့် မူဝါဒမူဘောင်များကို အကောင်အထည်ဖော်ရသည့် အနေအထားတွင် ရှိလေ့ရှိပါသည်။ သို့ရာတွင် ဖက်ဒရယ်နိုင်ငံများတွင် ပြည်နယ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသော မြေယာဆိုင်ရာလုပ်ပိုင်ခွင့်များအတွက် မူဘောင်များကို ပြည်နယ်အလိုက် ချမှတ်အကောင်အထည်ဖော်ပိုင်ခွင့်ရှိသည်။ သို့ရာတွင် မည်သို့သော အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးကြသည်ဖြစ်စေ နိုင်ငံများ၏ မြေယာဆိုင်ရာဥပဒေမူဘောင်နှင့် အင်စတီကျူးရှင်း မူဘောင်များသည် ကွဲပြားမှုရှိကြသည်။

မြေယာအုပ်ချုပ်မှုစနစ်၏ ဥပဒေဆိုင်ရာမူဘောင်တွင် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် အခြားသောမြေယာဆိုင်ရာ ဥပဒေများ၊ မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ ပါဝင်သည်။ မြေယာ၏ဥပဒေဆိုင်ရာမူဘောင်သည် သက်ဆိုင်ရာ မြေယာအခွင့်အရေးများကို တရားဝင်အသိအမှတ်ပြုပြီး အာမခံချက်ပေးထားလေ့ရှိသည်။ သို့ရာတွင် နိုင်ငံအချို့၏ ဥပဒေဆိုင်ရာမူဘောင်တွင် ဓလေ့ထုံးတမ်း မြေယာစနစ်နှင့် မြေယာအခွင့်အရေးတို့ကို တရားဝင်အသိအမှတ်ပြုထားသော်လည်း နိုင်ငံအချို့၏ ဥပဒေမူဘောင်များတွင် တရားဝင်အသိအမှတ်ပြုထားခြင်း (Legal recognition) မရှိပါ။ ဓလေ့ထုံးတမ်းမြေယာစနစ်နှင့် မြေယာဆိုင်ရာ အခွင့်အရေးများသည် များသောအားဖြင့် လူမှုရေးအရတရားဝင်မှု (Social legitimacy) ဖြင့် မျိုးဆက်ပေါင်းများစွာ လက်ဆင့်ကမ်းကျင့်သုံးလာကြခြင်းဖြစ်သည်။ ထို့ကြောင့် မြောက်များစွာသော နိုင်ငံတို့သည် ဓလေ့ထုံးတမ်း မြေယာစနစ်ကို နိုင်ငံတော်၏ဥပဒေဘောင်ထဲတွင် တရားဝင်အသိအမှတ်ပြုပြီး ထည့်သွင်းပြဋ္ဌာန်းလာကြ ခြင်းဖြစ်သည်။


မြေယာအုပ်ချုပ်မှုစနစ်၏ အင်စတီကျူးရှင်းဆိုင်ရာမူဘောင်တွင် မြေယာကဏ္ဍ၏ ရည်မှန်းချက်များ၊ မြေယာဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများကို အကောင်အထည်ဖော်ပေးရသည့် သက်ဆိုင်ရာ မြေယာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တာဝန်ရှိသူများ၊ မြေယာဝန်ဆောင်မှုများနှင့် နည်းပညာများ စသည်တို့ ပါဝင်ပါသည်။ မြေယာဆိုင်ရာ အင်စတီကျူးရှင်းများ ခိုင်မာအားကောင်းမှသာလျှင် မြေယာဥပဒေနှင့် မြေယာမူဝါဒများ၏ ဩဇာအာဏာ နိုင်ငံတစ်ဝန်းလုံးသို့ သက်ရောက်မှုရှိမည်ဖြစ်ရာ မြေယာဆိုင်ရာ အင်စတီကျူးရှင်းများ ခိုင်မာအားကောင်းမှုသည် အလွန်အရေးကြီးပါသည်။ မြေယာဝန်ဆောင်မှု လုပ်ငန်းများ၊ မြေစာရင်းများ၊ မြေပုံများနှင့် သတင်းအချက်အလက်များ၊ မြေယာခွန်ကောက်ခံမှုစနစ်နှင့် မြေယာအငြင်းပွားမှု ဖြေရှင်းသည့်ယန္တရားများ၊ မြေယာအုပ်ချုပ်မှုစံနှုန်းများ အစရှိသည်တို့သည် မြေယာဆိုင်ရာ အင်စတီကျူးရှင်းမူဘောင်၏ အစိတ်အပိုင်းများဖြစ်ပြီး၊ မြေယာအင်စတီကျူးရှင်းများ၏ ခိုင်မာအားကောင်းမှုကို ထင်ဟပ်ပြနိုင်ပါသည်။ တစ်ဘက်တွင်လည်း မြေယာဆိုင်ရာ ဥပဒေမူဘောင်များ အားကောင်းပြီး အင်စတီကျူးရှင်းမူဘောင် အားနည်းနေလျှင် လိုရာပန်းတိုင်သို့ရောက်ရှိရန် အလှမ်းဝေးသွားနိုင်ပါသည်။

---

[၉] Plamer, Fricska and Wehrmann, 9

နောက်ထပ်အရေးကြီးသည့် မြေယာစီမံအုပ်ချုပ်မှုစနစ်၏ အစိတ်အပိုင်းတစ်ခုမှာ မြေယာအုပ်ချုပ်မှုဆိုင်ရာ အခြေခံမှုများ ဖြစ်သည်။ ယင်းအခြေခံမှုများကိုချမှတ်ရာတွင် မြေယာကဏ္ဍနှင့် ဆက်နွယ်နေသည့် လူပုဂ္ဂိုလ်နှင့် အစုအဖွဲ့အသီးသီးတို့၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားပြီး ချမှတ်သွားရန်လိုပါသည်။ မြေယာဆိုင်ရာ အကျိုးစီးပွားများမှာ တစ်ခါတစ်ရံတွင် တစ်ခုနှင့်တစ်ခု ပဋိပက္ခ ဖြစ်သွားနိုင်သည့် အခြေအနေမျိုးလည်း ရှိနိုင်သည်။ ဥပမာ - လူမှုရေးတရားမျှတမှု (social justice)၊ စီးပွားရေးတိုးတက်မှုနှင့် ထိရောက်မှု (economic growth and efficiency)၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး (environmental protection)တို့နှင့် ဆိုင်သော အကျိုးစီးပွားများသည် ရံဖန်ရံခါ ထိပ်တိုက်ထိတွေ့မှုများရှိနိုင်ပြီး ဓနပစ္စည်းပိုင်ဆိုင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သယံဇာတအရင်းအမြစ် ထုတ်ယူသုံးစွဲမှုတို့ကြားတွင် ပဋိပက္ခများ ဖြစ်ပေါ်နိုင်သည်။ (ပုံ-၁ ရှု) ထို့ကြောင့် သင့်လျော်သော မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ အခြေခံမှုများကိုချမှတ်ထားရန် လိုပါသည်။

**ပုံ (၁) မြေယာဆိုင်ရာ ပဋိပက္ခများ**




ကောင်းမွန်သော မြေယာအုပ်ချုပ်မှုစနစ်နှင့်ပတ်သက်၍ ကမ္ဘာ့မြေယာကွန်ရက်အဖွဲ့(Global Land Tool Network) က အောက်ပါမြေယာအုပ်ချုပ်မှုဆိုင်ရာ အခြေခံမှု (၉) ချက်ကို ထုတ်ပြန်ထားပါသည်။

- လုံခြုံမှု (security)
- ရေရှည်တည်တံ့မှု(sustainability)
- သာတူညီမျှမှု (equity)
- ထိရောက်မှုနှင့် အကျိုးဖြစ်ထွန်းမှု (effectiveness and efficiency)
- တရားဥပဒေစိုးမိုးမှု (rule of law)
- အောက်ခြေအဆင့်ကို အာဏာများ ပေးအပ်ခြင်း (subsidiarity)
- ပွင့်လင်းမြင်သာမှု (transparency)
- တာဝန်ခံမှု (accountability)
- ပြည်သူပါဝင်မှု (civic engagement)

အထက်ပါအခြေခံမှု တစ်ခုချင်းစီ၏ သဘောအဓိပ္ပါယ်ကို အကျဉ်းမျှရှင်းလင်းဖော်ပြပါမည်။ လုံခြုံရေးအခြေခံမှုသည် လုပ်ပိုင်ခွင့်လုံခြုံမှုရှိခြင်း၊ အတင်းအဓမ္မနှင့်ထုတ်ခံရမှုမှ ကင်းလွတ်ခြင်းနှင့် မြေယာနှင့် ပိုင်ဆိုင်မှုအခွင့်အရေးများရှိခြင်းတို့ကို ရည်ညွှန်းသည်။ ရေရှည်တည်တံ့ရေးအခြေခံမှုအရ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်လိုအပ်ချက်များကို ထိန်းညှိသည့် မြေအသုံးချမှုနှင့် လူတိုင်းလက်လှမ်းမီနိုင်သော မြေယာစီမံအုပ်ချုပ်မှု၊ အချိန်ကာလနှင့်အညီ ထိန်းသိမ်းထားနိုင်ပြီး ပြောင်းလဲပြင်ဆင်နိုင်သော မြေစီမံအုပ်ချုပ်မှုစနစ်ကို ရည်ညွှန်းသည်။ သာတူညီမျှရေး အခြေခံမှုသည် ဆင်းရဲသားတို့၏ အကျိုးစီးပွားကိုလိုလားပြီး ကျားမတန်းတူရေးကိုလည်း ထည့်သွင်းစဉ်းစားသည်။ ထိရောက်မှုနှင့် အကျိုးဖြစ်ထွန်းမှုအခြေခံမှုသည် ရိုးစင်းသော စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့် ထိရောက်သည့် မြေယာဆိုင်ရာဝန်ဆောင်မှုကိုပေးအပ်နိုင်သည့် မြေယာစီမံအုပ်ချုပ်မှုကို ရှေးရှုသည်။ တရားဥပဒေ

စိုးမိုးရေးအခြေခံမှုသည် ဥပဒေမှုဘောင်အမျိုးမျိုးကို လေးစားခြင်း၊ (ရိုးရာဓလေ့ထုံးတမ်းနှင့် အခြားအငြင်းပွားမှု ဖြေရှင်းနည်းများ အပါအဝင်) ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ရှေ့နောက်ညီညွတ်စွာနှင့် ဘက်မလိုက်ဘဲ ကျင့်သုံးခြင်း တို့ကို ရေးရှုသည်။

ထို့အပြင် အောက်ခြေထိအာဏာများပေးအပ်ခြင်း အခြေခံမှုသည် မြေယာဆိုင်ရာ ဆုံးဖြတ်ချက်များ နှင့် စီမံခန့်ခွဲမှုများကို ဗဟိုကဖြေလျော့ပေးခြင်းနှင့် စွမ်းဆောင်ရည်လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းတို့ ပါဝင်သည်။ ပွင့်လင်းမြင်သာမှုအခြေခံမှုသည် စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ကုန်ကျစရိတ်များဆိုင်ရာ သတင်းအချက်လက်များရယူရာတွင် ပွင့်လင်းမြင်သာမှု ရှိရန်နှင့် မူဝါဒနှင့် ဆုံးဖြတ်ချက်ချသည့် ဖြစ်စဉ်များ၊ ပစ္စည်းဝယ်ယူမှု၊ ဝန်ထမ်းခန့်အပ်မှုနှင့် အသုံးစရိတ်သုံးစွဲမှုများတို့တွင် ပွင့်လင်း မြင်သာမှုရှိရန် ဖြစ်သည်။ တာဝန်ခံမှုအခြေခံမှုသည် မြေအသုံးချမှုစီမံချက်များနှင့် နိုင်ငံတော်ပိုင်နှင့် ဘုံပိုင်မြေစီမံခန့်ခွဲမှုနှင့် အဂတိ လိုက်စားမှု တားဆီးရေးတို့တွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် ဖြစ်သည်။ လူထုပါဝင်မှုအခြေခံမှုသည် အပြန်အလှန်ဆွေးနွေးခြင်းနှင့် အားလုံး၏ သဘောတူညီမှုကို ရယူခြင်းအတွက် ရေးရှုပြီး အစုအဖွဲ့အားလုံး ပါဝင်ရေးအတွက် အထောက်အကူဖြစ်ရန် ဖြစ်သည်။

အထက်ပါမြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ အခြေခံမှုများသည် ကောင်းမွန်သော မြေယာစီမံအုပ်ချုပ်မှုစနစ်တစ်ခုအတွက် အရေး ကြီးသည့် အခြေခံမှုများဖြစ်သည်။ ထို့အပြင် ကုလသမဂ္ဂ၏အရေးပါသည့် အင်စတီကျူးရှင်းတစ်ခုဖြစ်သော ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေး ကော်မတီ (CFS) သည် ၂၀၁၂ ခုနှစ်တွင် ဆန္ဒအလျောက်လိုက်နာနိုင်သည့် မြေယာ၊ ငါးမျိုးစိတ်နှင့် သစ်တောလုပ်ပိုင်ခွင့် စနစ်ဆိုင်ရာ လမ်းညွှန်မှုများ (VGGT) ကို အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါလမ်းညွှန်မှုတွင် အားနည်းသောလုပ်ပိုင်ခွင့်ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် တာဝန်ခံမှုရှိသော လုပ်ပိုင်ခွင့်ဆိုင်ရာစီမံအုပ်ချုပ်မှုတို့ကို ခွဲခြားပြထားပြီး အောက်ပါအခြေခံလမ်းညွှန်မှုများကို ချမှတ်ထားသည်။

- လူ့ဂုဏ်သိက္ခာ (Human Dignity)
- ခွဲခြားဆက်ဆံမှု မရှိခြင်း (Non-discrimination)
- သာတူညီမျှမှုနှင့် တရားမျှတမှု (Equity and Justice)
- ကျား-မတန်းတူညီမျှမှု (Gender Equality)
- အလုံးစုံထည့်သွင်းစဉ်းစားမှုနှင့် ရေရှည်တည်တံ့သောနည်းလမ်းများ (Holistic & Sustainable approaches)
- တိုင်ပင်ဆွေးနွေးမှုနှင့် ပါဝင်ဆောင်ရွက်မှု (Consultation and Participation)
- တရားဥပဒေစိုးမိုးမှု (Rule of Law)
- ပွင့်လင်းမြင်သာမှု (Transparency)
- တာဝန်ယူမှု၊ တာဝန်ခံမှု (Accountability)
- စဉ်ဆက်မပြတ်တိုးတက်ကောင်းမွန်လာမှု (Continuous Improvement)

## ၃.၃ မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှု

သမိုင်းတစ်လျှောက် အုပ်ချုပ်သူအစိုးရတို့သည် စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှုဆိုင်ရာ အခက်အခဲများကို ကျော်လွှားနိုင်ရန် မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (land reform) (တစ်နည်းအားဖြင့် မြေယာပြန်လည်ခွဲဝေ ဖြန့်ဖြူးခြင်း)ကို ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ခဲ့ သည်။ သမားရိုးကျမြေယာပြုပြင်ပြောင်းလဲမှုတွင် မြေပိုင်ဆိုင်မှုပမာဏကိုကန့်သတ်ထားပြီး မြေများစွာပိုင်ဆိုင်သော မြေပိုင်ရှင်များ ထံမှ မြေများကို ရယူသိမ်းဆည်းကာ မြေအနည်းငယ်သာ ပိုင်ဆိုင်သော သို့မဟုတ် မြေပိုင်ဆိုင်မှုမရှိသော မြေယာမဲ့များထံသို့ ပြန် လည်ခွဲဝေပေးခြင်းများ လုပ်ဆောင်လေ့ရှိသည်။ ယင်းသို့သော မြေယာပြုပြင်ပြောင်းလဲမှုပုံစံသည် မညီမျှမှုများကို လျော့ချပေးနိုင် သော်လည်း ရိုးရာဓလေ့ထုံးတမ်း မြေယာအခွင့်အရေးများနှင့် ပဋိပက္ခဖြစ်နိုင်ပါသည်။ ဥပမာ- ချီလီနိုင်ငံတွင် Salvador Allende ဦးဆောင်သော အစိုးရလက်ထက် (၁၉၇၉-၁၉၇၃) တွင် မြေယာပိုင်ဆိုင်မှုကို ကန့်သတ်ထားပြီး၊ ဌာနေတိုင်းရင်းသားများပိုင်သော မြေယာများကို သိမ်းယူခဲ့သည်။ ထိုမြေယာသိမ်းဆည်းမှုများကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲတင်းမာမှုများသည် Salvador Allendeလုပ်ကြံခံရပြီးငင်း၏အစိုးရအဖွဲ့ပြုတ်သွားသည့်အခြေအနေအထိတွန်းပို့ခဲ့သည်။ နောက်ပိုင်းတက်လာသောစစ်အစိုးရလက်ထက် (၁၉၇၃-၁၉၈၉)တွင် ယခင်အစိုးရသိမ်းခဲ့သော မြေများကို ပုဂ္ဂလိကပိုင်မြေများအဖြစ် ပြောင်းလဲခဲ့သည်။ ဒီမိုကရေစီအစိုးရတက်လာ သောအခါ ကျန်ရှိသောဌာနေတိုင်းရင်းသားတို့၏ ဘုံပိုင်မြေများကို အကာအကွယ်ပေးသည့်ဥပဒေများပြဋ္ဌာန်းခြင်းအပါအဝင် အခြားသော မြေယာပြုပြင် ပြောင်းလဲမှုများကို ပြုလုပ်ခဲ့သည်။

နောက်ထပ်မြေယာ ပြုပြင်ပြောင်းလဲမှုပုံစံတစ်မျိုးမှာ ဈေးကွက်အခြေခံမြေယာ ပြုပြင်ပြောင်းလဲမှုပုံစံဖြစ်ပြီး ဘုံပိုင်မြေယာများကို ငွေကြေးတန်ဖိုးရှိသည့် ပုဂ္ဂလိကပိုင်ပစ္စည်းများအဖြစ် အသွင်းပြောင်းပေးခြင်း ဖြစ်သည်။ အကျိုးဖြစ်ထွန်းမှု(efficiency)ကို အလေးထားပြီး ဆင်းရဲမွဲတေမှုလျော့ချပေးနိုင်သည်ဟူသည့် ယူဆချက်တို့ပါဝင်သော ဤမြေယာပြုပြင်ပြောင်းလဲမှုပုံစံကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအများစု၏ မြေယာစီမံအုပ်ချုပ်မှုစနစ်တို့တွင် အသုံးပြုလာကြသည်။ သို့ရာတွင် မြေယာလုပ်ပိုင်ခွင့်များသည် အလွန်ရှုပ်ထွေးနိုင်သဖြင့် ဈေးကွက်အခြေခံမြေယာပြုပြင်ပြောင်းလဲမှုများသည် မြေယာပြဿနာအားလုံးကို ဖြေရှင်းပေးနိုင်မည်မဟုတ်ဟု ဝေဖန်မှုများရှိနေသည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုကို အလေးထားသည့် သမားရိုးကျ မြေယာပြုပြင်ပြောင်းလဲမှုနှင့် ဈေးကွက်အခြေခံမြေယာပြုပြင်ပြောင်းလဲမှုတို့အပြင် မြေယာစီမံအုပ်ချုပ်မှုစနစ်အမျိုးမျိုးကို အသိမှတ်ပြုကျင့်သုံးသည့်ပုံစံ (Legal Pluralism) ကိုလည်း နိုင်ငံအချို့တွင် တွေ့ရသည်။ ဤပုံစံတွင် ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်စနစ်များကို နိုင်ငံ၏ဥပဒေများတွင် အသိမှတ်ပြုထားသည်။

မည်သည့်မြေယာပြုပြင်ပြောင်းလဲမှုပုံစံတွင်မဆို စိန်ခေါ်မှုများ ရှိနေနိုင်သည်။ ရည်ရွယ်ထားသော ကောင်းကျိုးရလာဒ်ထွက်ပေါ်လာရေးအတွက် ဖော်ဆောင်ရာတွင် မရည်ရွယ်ထားသော အကျိုးဆက်များလည်း ရှိလာနိုင်သည်။ ဥပမာ - မြေယာပိုင်ဆိုင်မှုကန့်သတ်ချက် (land ceilings) ကိုချမှတ်လျှင် မြေယာပမာဏများစွာ ပိုင်ဆိုင်သူများ၏ မြေကွက်များ သိမ်းဆည်းခံရနိုင်ခြင်း၊ ထိုမြေပိုင်ရှင်များ၏ ပိုင်ဆိုင်မှုအခွင့်အရေးများနှင့် ပဋိပက္ခဖြစ်နိုင်ခြင်း၊ ဌာနေတိုင်းရင်းသားတို့၏ ဘုံပိုင်ဓလေ့ထုံးတမ်း မြေများသိမ်းဆည်းခံရခြင်းတို့ ဖြစ်လာနိုင်သည်။ ထို့အပြင် မြေယာပိုင်ဆိုင်မှုနှင့် မြေယာလုပ်ပိုင်ခွင့် ခိုင်မာရေးအတွက် မြေယာမှတ်ပုံတင်သည့်စီမံချက်များသည် အကြောင်းအမျိုးမျိုးကြောင့် မြေယာမှတ်ပုံတင်ခြင်း မပြုသူများအတွက် မြေယာများဆုံးရှုံးသွားနိုင်ခြင်း၊ တရားမဝင်မြေကျူးနှင့် ရာဇဝတ်သားများ ဖြစ်သွားနိုင်ခြင်းစသည့် နောက်ဆက်တွဲအကျိုးဆက်များရှိလာနိုင်သည်။ ထို့အပြင် မြေနှင့် သက်ဆိုင်သူများ၊ အစုအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးမှု၊ သဘောထားရယူမှုများ မရှိခြင်း၊ မြေယာစီမံအုပ်ချုပ်မှုယန္တရားများ အားနည်းခြင်းနှင့် ဆုံးဖြတ်ချက်ချသည့် ဖြစ်စဉ်များတွင် ကျား-မတန်းတူရေးမူဝါဒများ ထည့်သွင်းစဉ်းစားမှု အားနည်းခြင်းတို့ကြောင့်လည်း မြေယာပြုပြင်ပြောင်းလဲမှုများ အောင်မြင်မှုနှင့် အလှမ်းဝေးသွားနိုင်သည်။ မြေယာပြုပြင်ပြောင်းလဲမှုများသည် ကုန်ကျစရိတ်များနိုင်ပြီး အချိန်ယူရသည့်လုပ်ငန်းစဉ် ဖြစ်သည်။ အလျင်စလိုဆောင်ရွက်ပါက ပရမ်းပတာဖြစ်နိုင်ပြီး ထိရောက်မှုမရှိဘဲ ဖြစ်သွားနိုင်သည်။

## ၃.၄ မြေယာဆိုင်ရာ ထိပ်တိုက်ထိတွေ့မှုများ

မြေယာကဏ္ဍနှင့် ပတ်သက်ဆက်နွယ်သူများ၏ အကျိုးစီးပွားများသည် တစ်ခါတစ်ရံတွင် ပဋိပက္ခဖြစ်နိုင်သဖြင့် မြေယာဆိုင်ရာ ထိပ်တိုက်ထိတွေ့မှုရှိနိုင်သည့်အခြေအနေများကို နားလည်ထားပြီး ၎င်းတို့ကိုကိုင်တွယ်ဖြေရှင်းနိုင်မည့် ယန္တရားများကို စနစ်တကျတည်ဆောက်ထားရန် လိုအပ်သည်။ မြေယာဆိုင်ရာ ထပ်တိုက်ထိတွေ့မှုရှိနိုင်ပြီး အကျိုးစီးပွားပဋိပက္ခရှိနိုင်သည့် အခြေအနေအချို့ကို အောက်တွင် ဆွေးနွေးထားသည်။

- **မြေယာအခွင့်အရေးနှင့် ကျား-မတန်းတူရေး**
  လူ့အခွင့်အရေးတွင် မြေယာအခွင့်အရေးသည် တစ်ခုအပါအဝင်ဖြစ်သည်။ လူ့အခွင့်အရေး စံနှုန်းအရ မြေယာအခွင့်အရေးများကို ကျား-မတန်းတူခံစားခွင့် ရှိသည်။ သို့ရာတွင် တန်းတူရေးသည် အချို့သော မြေယာလုပ်ပိုင်ခွင့်စနစ်၊ အထူးသဖြင့် ဓလေ့ထုံးတမ်းမြေယာစနစ်တွင် အငြင်းပွားစရာ ရှိနိုင်သည်။ ဓလေ့ထုံးတမ်းမြေယာစနစ်အချို့သည် အမျိုးသမီးများကို ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့်နှင့် အခြားမြေယာအခွင့်ရေးများပေးထားခြင်းမရှိပေ။ ယနေ့ခေတ်တွင် မြေယာကို တန်ဖိုးရှိအရင်းအမြစ်တစ်ခုအဖြစ် အသုံးပြုနိုင်သဖြင့် အမျိုးသမီးများကိုလည်း အမျိုးသားများနည်းတူ တန်းတူမြေယာ အခွင့် အရေးပေးသင့်သည်ဟု အများက အသိအမှတ်ပြုကြသဖြင့် မြေယာကဏ္ဍတွင် ကျား-မတန်းတူရေးကိစ္စကို အလေးထားလာကြသည်။

- **မြေယာလုပ်ပိုင်ခွင့်တရားဝင်မှုနှင့် လုံခြုံမှု**
  မြေယာအခွင့်အရေးသည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသိမှတ်ပြုကြသည်။ သို့ရာတွင် ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းမြေယာစနစ်နှင့် မြေယာအခွင့်အရေးကို နိုင်ငံအချို့တွင် တရားဝင်အသိမှတ်ပြုခြင်း မရှိသေးသည်ကို တွေ့ရသည်။ ထိုအခြေအနေမျိုးတွင် နိုင်ငံတစ်ခုတွင် မတူညီသည့် မြေယာအုပ်ချုပ်မှုစနစ်များကြောင့် မလိုလားအပ်သော မြေယာပြဿနာများ ဖြစ်ပေါ်စေနိုင်သည်။ ဥပမာ - တရားဝင်အသိအမှတ်ပြုထားခြင်းမရှိသည့် ဓလေ့ထုံးတမ်းမြေယာများကို ဥပဒေဖြင့်သိမ်းဆည်းခြင်းနှင့် လုပ်ပိုင်ခွင့်ချပေးခြင်းတို့သည် ထိုမြေယာပေါ်တွင် မျိုးဆက်ပေါင်းများစွာ နေထိုင်လုပ်ကိုင်လာသည့် ပြည်သူများနှင့် ထိပ်တိုက်ထိတွေ့မှုများ ဖြစ်ပေါ်လာနိုင်သည်။ ထို့အပြင် မငြိမ်းချမ်းသေးသော နိုင်ငံအချို့တွင်အစိုးရအုပ်ချုပ်မှုစနစ်နှင့် လက်နက်ကိုင်အဖွဲ့အစည်းတို့၏ အုပ်ချုပ်မှုစနစ်တို့ သီးခြားစီ

တည်ရှိနိုင်သဖြင့် ထိုစနစ်နှစ်ခုလုံး အာဏာသက်ရောက်သည့် ဒေသများရှိပြည်သူများအတွက် မြေယာတရားဝင်မှုနှင့် လုံခြုံမှုဆိုင်ရာ ဝန်ထုတ်ဝန်ပိုးများ ဖြစ်စေသည်။

- **ဗဟိုချုပ်ကိုင်မှုနှင့် ဖက်ဒရယ်၊ ဒီမိုကရေစီစံနှုန်းများ**
  မြေယာကဏ္ဍဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများသည် အလွန်ကျယ်ပြန့်သဖြင့် နိုင်ငံတစ်ခုအတွင်းရှိ အစိုးရအဆင့်ဆင့်တို့အကြား ခွဲဝေကျင့်သုံးလေ့ရှိသည်။ သို့ရာတွင် အရေးကြီးသော မြေယာဆိုင်ရာ ဆုံးဖြတ်ချက်များကို ဗဟိုအစိုးရကသာ ချုပ်ကိုင်ထားသည့် မြေယာအုပ်ချုပ်မှုစနစ်ထက် ပြည်သူနှင့် နီးစပ်မှုပိုရှိပြီး ပြည်သူ့လိုအပ်ချက်များကို ပိုနားလည်ပေးနိုင်သည့် ဒေသန္တရ သို့မဟုတ် ပြည်နယ်အစိုးရများကလုပ်ပိုင်ခွင့်ပိုရှိသည့် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ထားသည့် မြေယာစီမံအုပ်ချုပ်မှုစနစ်ကို အများကပိုမိုလိုလားကြသည်။ အောက်ခြေအစိုးရအဆင့်ဆင့်ကို မြေယာလုပ်ပိုင်ခွင့်အာဏာများ ခွဲဝေအပ်နှင်းခြင်းဖြင့် မြေစီမံအုပ်ချုပ်မှုစနစ်၏ ထိရောက်မှုနှင့်အကျိုးဖြစ်ထွန်းမှုကို ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်နိုင်သည်။ ဖက်ဒရယ်စံနှုန်းများဖြစ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို မြှင့်တင်ပေးရာရောက်သည်။ ထို့အပြင် ဒီမိုကရေစီစံနှုန်းတစ်ခုဖြစ်သည့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုကိုလည်း အားပေးရာရောက်သည်။ ထို့ကြောင့် ဗျူရိုကရေစီကြိုးနီ များဖြင့် ထိန်းချုပ်ထားသော ဗဟိုချုပ်ကိုင်မှုလွန်ကဲသည့် မြေယာစီမံအုပ်ချုပ်မှုစနစ်ကို ဖက်ဒရယ်နှင့် ဒီမိုကရေစီစံနှုန်းများဖြင့် အစားထိုးသွားရန်လိုပါသည်။

- **သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု**
  မြေယာစီမံအုပ်ချုပ်မှုတွင် ကြုံတွေ့ရလေ့ရှိသည့် နောက်ထပ်စိန်ခေါ်မှုတစ်ခုမှာ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုနှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များကို သဟဇာတဖြစ်အောင် ထိန်းညှိပေးရေးဖြစ်ပါသည်။ လူဦးရေတိုးလာသည်နှင့်အမျှ အစိုးရသည် စားနပ်ရိက္ခာဖူလုံမှုအတွက် မြေယာကဏ္ဍပြုပြင်ပြောင်းလဲမှုတစ်ဆင့် မြေအသုံးချမှုပုံစံများကို ပြောင်းလဲကြရ လေ့ရှိပါသည်။ သို့ရာတွင် မြေအသုံးချမှုပုံစံအချို့တို့သည် (ဥပမာ - သယံဇာတ အလွန်အကျွံထုတ်ယူခြင်း၊ စက်မှုဇုံများတိုးချဲ့ခြင်း၊ မြို့ပြများတည်ဆောက်ခြင်း) တို့သည် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုအပေါ် အဆိုးဘက်မှ သက်ရောက်နေသည်။ အစိုးရ၏ စီးပွားရေးဖွံ့ဖြိုးမှုပန်းတိုင်များဖြစ်သည့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပို့ကုန်မြှင့်တင်ရေး၊ စက်မှုလုပ်ငန်းများထွန်းကားရေးနှင့် ဆင်းရဲမွဲတေမှုပပျောက်ရေးတို့သည် မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်တို့ကို ထုတ်ယူ သုံးစွဲသည့် နည်းလမ်းများဖြင့် လက်တွေ့ဖော်ဆောင်ရသည်ဖြစ်၍ သဘာဝပတ်ဝန်းကျင်အပေါ် အဆိုးဘက်မှ သက်ရောက်မှုကိုရှောင်လွှဲရန် ခက်ခဲလေ့ရှိသော်လည်း ရေရှည်တည်တံ့မှုသို့ဦးတည်သည့် ထုတ်ယူသုံးစွဲမှုမျိုးဖြစ်ရန် လိုအပ်သည်။

**ပုံ (၂) မြေအသုံးချမှုစီမံခန့်ခွဲရေး၏ အရေးကြီးမှု**

လူဦးရေနှင့် စားသုံးမှုမြင့်မားလာမှု၏လိုအပ်ချက်များ → မြေသည် တဖြည်းဖြည်းရှားလာသည့် အရင်းအမြစ်ဖြစ်သည်။

ထို့ကြောင့်

မြေအသုံးချမှုသည် လိုအပ်ချက်အသစ်များကို ဖြည့်ဆည်းပေးနိုင်ရန် ပြောင်းလဲရမည်။

သို့ရာတွင်

ပြောင်းလဲမှုသည် မြေအသုံးချမှုပုံစံနှင့် တစ်ဦးချင်းနှင့် ဘုံအကျိုးစီးပွားများအကြား ပဋိပက္ခအသစ်များ ဖြစ်စေသည်။

အစိုးရ၏ တုန့်ပြန်မှု- မြေယာအသုံးချမှုစီမံခန့်ခွဲခြင်း

*ရင်းမြစ်* - INTOSAI, WGEA. "Land use and land management practices in environmental perspective." INTOSAI Working Group on Environmental Auditing. Available at http://www.courdescomptes.ma/upload/_ftp/documents/wgea_Land%20Use_view.pdf [accessed 25 July 2019]

## ၃.၅ မြေယာနှင့် နိုင်ငံတကာသဘောတူစာချုပ်များ

မြေယာပြဿနာများသည် နိုင်ငံတစ်ခုတည်းချင်းစီနှင့် သက်ဆိုင်သည်သာမကဘဲ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ပြဿနာများအဖြစ် အသိမှတ်ပြုလာသည်နှင့်အမျှ မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ နိုင်ငံတကာစံနှုန်းများချမှတ်ပြီး မြေယာဆိုင်ရာ သဘောတူစာချုပ်များကို ချုပ်ဆိုလာကြသည်။ (စာကွက် -၂ နှင့် ၃ ရှု) အဆိုပါ မြေယာဆိုင်ရာနိုင်ငံတကာစံနှုန်းနှင့် သဘောတူစာချုပ်များသည် မြေစီမံအုပ်ချုပ်မှုနှင့် မြေအသုံးချမှုအပေါ် တစ်နည်းမဟုတ်တစ်နည်း အနည်းနှင့်အများ သက်ရောက်မှုရှိနေသည်။ တစ်ဘက်တွင် မြေယာဆိုင်ရာ လူ့အခွင့်အရေးရရှိရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေး စသည်တို့အတွက် အားပေးနေသော်လည်း သဘောတူစာချုပ်အများစုမှာ တရားဥပဒေအရ စည်းနှောင်မှုမရှိသဖြင့် သို့မဟုတ် အားနည်းနေသဖြင့် ထိုစာချုပ်များကို လက်မှတ်ရေးထိုးထားသောနိုင်ငံများသည် လက်တွေ့တွင် စာချုပ်အတိုင်းလိုက်နာဆောင်ရွက်မှုအပိုင်းတွင် ထိရောက်မှုနည်းနိုင်သည်။ အခြားတစ်ဘက်တွင် အချို့သော နိုင်ငံတကာစာချုပ်များသည် နိုင်ငံတစ်ခုအတွင်းရှိ မြေနေရာအချို့ကို ထိန်းသိမ်းမြေနေရာများအဖြစ် သတ်မှတ်ကာ မြေယာသိမ်းဆည်းခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုများပြုလုပ်ခြင်းနှင့် သဘာဝသယံဇာတထုတ်ယူသုံးစွဲမှုများအပေါ် ကန့်သတ်ခြင်းတို့ကြောင့် ထိန်းသိမ်းမြေနေရာများတွင် ယခင်နေထိုင် လာသူများနှင့် ထိုမြေနေရာများ၏ သဘာဝအရင်းအမြစ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုလာသည့် ဒေသခံဌာနေတိုင်းရင်းသားတို့၏ အကျိုးစီးပွားများအပေါ် ထိပါးလာမှုများ ရှိနေသည်။

ထို့ပြင် မြေယာသိမ်းဆည်းမှုများကို တစ်နည်းတစ်ဖုံ တွန်းအားပေးနိုင်သည့် အခြားသော သဘောတူစာချုပ်များ - ဥပမာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များနှင့် နှစ်နိုင်ငံထက်ပိုသော ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များလည်း ရှိနိုင်ပါသည်။ အစိုးရတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို မျက်နှာသာပေးသည့် ဥပဒေဆိုင်ရာဖြေလျှော့မှုများ (ဥပမာ - အခွန်သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ဆိုင်ရာ ဖြေလျှော့မှုများ၊ မြေငှားရမ်းနိုင်သည့်နှစ်ကာလ တိုးမြှင့်ပေးမှုများ) ပြုလုပ်လေ့ရှိကြသည်။ သို့ရာတွင် ထိုဖြေလျှော့မှုများသည် တစ်ခါတစ်ရံတွင် ဆင်းရဲသားဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်လာမှုများရှိသဖြင့် ဒေသခံပြည်သူတို့၏ ကန့်ကွက်မှုများနှင့် ရင်ဆိုင်ရနိုင်သည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူများက အလွယ်တကူမရနိုင်သည့်အခြေအနေမျိုးတွင် ဒေသအကျိုးစီးပွားများ ထိခိုက်နစ်နာနိုင်မည်ဆိုသည့် စိုးရိမ်မှုများတိုးလာနိုင်သည်။ အကြီးစား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် တရားဝင်နှင့် တရားမဝင် မြေသိမ်းဆည်းမှု ပြဿနာများမှာလည်း ကမ္ဘာ့နိုင်ငံများ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သာဓကများစွာ ရှိပါသည်။ ထို့ကြောင့် မြေယာလုံခြုံမှုအတွက် နှစ်နိုင်ငံနှင့် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များအပါအဝင် မြေယာဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်များက မြေယာအပေါ်မည်သို့ သက်ရောက်နိုင်မှုများကို လေ့လာစောင့်ကြည့်သွားရန် လိုပါသည်။

နောက်လာမည့်အခန်းများ (အခန်း ၄ နှင့် ၅) တွင် မြန်မာနိုင်ငံအတွင်းရှိ မြေယာစီမံအုပ်ချုပ်မှုစနစ် များနှင့် ကမ္ဘာ့နိုင်ငံအချို့၏ မြေယာစီမံအုပ်ချုပ်မှုစနစ်များကို လေ့လာတင်ပြထားပါသည်။ အဓိကအားဖြင့် ဥပဒေမူဘောင်နှင့် အဖွဲ့အစည်း/အင်းစတီကျူးရှင်း မူဘောင်တို့ကို မည်သို့ ချမှတ်ကျင့်သုံးကြပြီး ထိုမူဘောင်များသည်ဖက်ဒရယ်စနစ်အရ အစိုးရအဆင့်များအကြား မြေယာဆိုင်ရာ အာဏာခွဲဝေမှုပုံစံများ မည်သို့ကွဲပြား ခြားနားမှုရှိကြသည်ကို ဖော်ပြထားပါသည်။ ထို့အပြင် သက်ဆိုင်ရာ မြေစီမံအုပ်ချုပ်မှုစနစ်များသည် ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်စနစ်များကို တရားဝင်အသိအမှတ်ပြုမှု ရှိ/မရှိနှင့် ဓလေ့ထုံးတမ်းမြေယာများကို မည့်သည့် အစိုးရအဆင့်က မည်သို့စီမံအုပ်ချုပ်နေပြီး ကျင့်သုံးသောမြေယာစီမံအုပ်ချုပ်မှုစနစ်သည် မြေယာအခွင့်အရေးလုံခြုံမှုအပေါ် မည့်သို့ သက်ရောက်နိုင်သည်ကို သတိထားမိနိုင်စေရန် မီးမောင်းထိုးပြထားသည်။

**စာကွက် ( ၂ )**

## မြေယာစီမံအုပ်ချုပ်မှုအတွက် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များ

**အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ သားငါး၊ သစ်တောများနှင့် သက်ဆိုင်သောလုပ်ပိုင်ခွင့်အား တာဝန်ခံသည့် စီမံခန့်ခွဲမှုအတွက် စေတနာဖြင့်တန်ဖိုးထား၍ လိုက်နာကျင့်သုံးသော လမ်းညွှန်ချက်များ** (The Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security – VGGT) ကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံ၏အစိုးရများအကြား ဖွဲ့စည်းထားသော ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကော်မတီက အတည်ပြုခဲ့သည်။ လမ်းညွှန်ချက်များသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အသေးစားလယ်သမားများ၊ ရေလုပ်သားများ၊ တိရိစ္ဆာန်မွေးမြူရေးသမားများ၊ ကျေးလက်နေအမျိုးသမီးများ၊ လူငယ်နှင့် ဌာနေတိုင်းရင်းသားများ ပါဝင်သော လူထုနှင့် အစိုးရတို့၏ တိုင်ပင်ဆွေးနွေးမှုများ၊ ညှိနှိုင်းဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီး ထွက်ပေါ်လာသော လမ်းညွှန်ချက်များဖြစ်သည်။ “လမ်းညွှန်ချက်များ၏ ရည်ရွယ်ချက်မှာ အားလုံးအတွက် စားနပ်ရိက္ခာဖူလုံမှု ဖြစ်ပေါ်စေရန် မျှော်မှန်းပြီး မြေယာ၊ သားငါးနှင့် သစ်တောဆိုင်ရာ လုပ်ပိုင်ခွင့်စီမံခန့်ခွဲခြင်းကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင်လည်းကောင်း နိုင်ငံ၏အခြေအနေအလိုက် အမျိုးသားစားနပ်ရိက္ခာဖူလုံမှုအတွက် လုံလောက်သောစားနပ်ရိက္ခာ ရရှိအသုံးပြုနိုင်သည့် အခွင့်အရေးများရရှိရန် ဆောင်ရွက်မှုများအား ပံ့ပိုးကူညီရာတွင်လည်းကောင်း ကိုးကားနိုင်ရန်နှင့် လမ်းညွှန်မှုများ ပေးနိုင်ရန်ဖြစ်သည်။” ထို့ပြင် “ ငတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲနွမ်းပါးမှုများ ပပျောက်ရေးကိုရှေးရှုသည့် နိုင်ငံတကာနှင့် အမျိုးသားစွမ်းဆောင်မှုများ ပိုမိုဖြစ်ထွန်းစေရန်ရည်ရွယ်သည်။” မြန်မာနိုင်ငံသည် ဤလမ်းညွှန်ချက်များကို သဘောတူလက်မှတ်ရေးထိုးထားသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရသည် VGGT ကို အကောင်အထည်ဖော်ရာတွင် ကူညီထောက်ပံ့ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ကို တောင်းဆိုခဲ့သည်။

VGGT တွင် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ချဉ်းကပ်မှုနှစ်ခုလုံးပါဝင်သည်။ VGGT ကို အကောင်အထည်ဖော်ရာတွင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကြေငြာစာတမ်း (UDHR) နှင့် အခြားနိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်အပါအဝင် နိုင်ငံတကာဥပဒေပါ နိုင်ငံ၏တည်ဆဲတာဝန်ဝတ္တရားများနှင့် အညီဖြစ်ရန်လိုသည်။ ထို့အပြင်  တာဝန်ခံမှုရှိသော မြေစီမံအုပ်ချုပ်မှုကို အကောင်အထည်ဖော်ရာတွင် လိုက်နာရမည့် အခြေခံမှု (၁၀) ချက်ကို ချမှတ်ထားသည်။ ၎င်းတို့မှာ လူ့ဂုဏ်သိက္ခာ၊ ခွဲခြားနှိမ်ချမှုမရှိခြင်း၊ သာတူညီမျှမှုနှင့် တရားမျှတမှု၊ ကျား/မ တန်းတူညီမျှမှု၊ အားလုံးလွှမ်းခြုံသည့် ရေရှည်တံ့သော ချဉ်းကပ်နည်း၊ တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်စေခြင်း၊ တရားဥပဒေစိုးမိုးမှု၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ခံမှုနှင့် စဉ်ဆက်မပြတ် တိုးတက်မှုတို့ ဖြစ်သည်။ ထို့ပြင် လမ်းညွှန်ချက်များတွင် တည်ဆဲတစ်ဦးချင်းနှင့် အစုအဖွဲ့လိုက် လုပ်ပိုင်ခွင့် အခွင့်အရေးများကို အသိအမှတ်ပြုထားပြီး ဓလေ့ထုံးတမ်းနှင့် အလွတ်သဘော လုပ်ပိုင်ခွင်များနှင့် ပတ်သက်၍ အကြံပြုချက် အမြောက်အများကိုလည်း ပေးထားသည်။

ထို့အပြင် မြေလွဲပြောင်းမှုနှင့် မြေယာရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ စားနပ်ရိက္ခာဖူလုံရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက မြေယာရင်းနှီးမြှုပ်နှံမှုများကို အသိအမှတ်ပြုထားပြီး မြေလွှဲပြောင်းမှုများ အကျိုးမဲ့မဖြစ်စေရေးအတွက် မြေဈေးကွက်များကို စည်းမျဉ်းဖြင့် ထိန်းချုပ်ရန်လိုအပ်ချက်ကို အလေးထားသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများသည် မစတင်မီ ကောင်းစွာကြိုတင်အသိပေးထားသည့် လွတ်လပ်သော သဘောထားဆန္ဒ (FPIC) ရယူရန်အရေးကြီးကြောင်း တိုက်တွန်းထားသည်။ ထို့အပြင် VGGT သည် အများပြည်သူအကျိုးငှာ မြေသိမ်းဆည်းမှုများ ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အများပြည်သူအား အသိပေးအကြောင်းကြားရန်၊ နိုင်ငံ၏ ဥပဒေနှင့်အညီ  မျှတသော နစ်နာကြေးပေးခြင်းကို မဆိုင်းမတွဆောင်ရွက်ရန်၊ မြေမှ နှင်ထုတ်ခြင်းနှင့် ပြန်လည်နေရာ ချထားခြင်းများ ပြုလုပ်ရာတွင် တစ်သီးပုဂ္ဂလများကို အိမ်ရာမဲ့ဖြစ်စေခြင်း သို့မဟုတ် လူ့အခွင့်အရေးချိုးခြင်းတို့ မဖြစ်ရန် လမ်းညွှန်ထားသည်။

ထို့ပြင် မြေအစားထိုးပေးခြင်းနှင့် မြေပြန်လည်ခွဲဝေခြင်းတို့ ပါဝင်သော မြေယာပြုပြင်ပြောင်းလဲမှုများ၊ လုပ်ပိုင်ခွင့်အခွင့်အရေးများအပေါ် အငြင်းပွားမှုများနှင့်ပတ်သက်၍လည်း တိုက်တွန်းထားသည်။ သို့ရာတွင် VGGT တွင် ဖယ်ကြဉ်ခံရသော ထိရှလွယ်သော လူပုဂ္ဂိုလ်များကို ဥပဒေရေးရာအကူအညီများရေးသင့်သည် တိုက်တွန်းထားသော်လည်း နိုင်ငံတကာလုပ်ငန်း

ရှင်များ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပါဝင်ပတ်သက်မှုရှိသည့် မြေယာဆိုင်ရာ အငြင်းပွားမှုများကို ရှင်းလင်းတိကျစွာ ဖွင့်ဆိုထားခြင်းမရှိသည့်အပြင် ပဋိပက္ခဖြစ်နေသည့်အခြေအနေနှင့် လက်နက်ကိုင်အုပ်စုများတည်ရှိနေသည့် အချိန်မျိုးတွင် လိုက်နာသင့် မသင့် အငြင်းပွားမှုဆိုင်ရာ စည်းမျဉ်းများကို ရှင်းလင်းစွာဖော်ပြထားခြင်း မရှိပေ။
(ရင်းမြစ် ။ ။ https://www.land-links.org/wp-content/uploads/2017/12/USAID_Land_Tenure_LTP_Toolkit_4.1.B_VGGT_Burmese.pdf [accessed 12 Sept 2019])

**အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း** (The Universal Declaration of Human Rights – UDHR) ကို ၁၉၄၈ ခုနှစ်၊ ဒီဇင်လာလ (၁၀) ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ညီလာခံအစည်းအဝေးကြီးက အတည်ပြုခဲ့သည်။ UDHR သည် မြေယာပိုင်ဆိုင်မှုနှင့်ဆိုင်သော အခွင့်အရေးများကို ထောက်ခံထားသည်။ UDHR ၏ အပိုဒ် ၁၇ တွင် "လူတိုင်းတွင် မိမိ တစ်ဦးချင်းသော်လည်းကောင်း၊ အခြားသူများနှင့် ဖက်စပ်၍သော်လည်းကောင်း၊ ပစ္စည်းဥစ္စာတို့ကိုပိုင်ဆိုင်ရန် အခွင့်အရေးရှိရမည်။ ဥပဒေအရမဟုတ်လျှင် မည်သူမှ မိမိ၏ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ကို စွန့်လွှတ်ခြင်းမခံစေရ" နှင့် ပိုဒ် ၂၅ တွင် "လူတိုင်းတွင် မိမိနှင့်တကွ မိမိ၏မိသားစုကျန်းမာရေးနှင့် ကိုယ်စိတ်နှစ်ဖြာအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အစာအဟာရ၊ အဝတ်အထည်၊ နေအိမ်၊ ဆေးဝါးအကူညီနှင့် လိုအပ်သည့် လူမှုအထောက်အပံ့များပါဝင်သော သင့်တော်လျောက်ပတ်သည့် လူမှုအဆင့်အတန်းကို ရယူခံစားခွင့် ရှိသည်။" ဟု ထည့်သွင်းထားသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။
(ရင်းမြစ် ။ ။ https://www.ohchr.org/EN/UDHR/Documents/UDHR_Translations/bms.pdf [accessed 12 Sept 2019])

**စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်** (The International Covenant on Social Economic and Cultural Rights – ICSEC) သည် သင့်တင့်လျောက်ပတ်သော အိမ်ရာပိုင်ဆိုင်နှင့် စပ်လျဉ်း၍ အရေးပါဆုံးသော နိုင်ငံတကာ ဥပဒေအရင်းအမြစ်တစ်ခု ဖြစ်သည်။ ICSEC ကို ၁၉၆၆ ခုနှစ်၊ ဒီဇင်လာလ ၁၆ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အတည်ပြုခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများသည် "ဤအခွင့်အရေးရရှိရေးကို အာမခံနိုင်ရန် သင့်လျော်သည့် ဆောင်ရွက်မှုများ ပြုလုပ်ရမည်။" ဟု ICSEC ၏ အပိုဒ် ၁၁ တွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံသည် ICSEC ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် အတည်ပြုခဲ့သော်လည်း စာချုပ်တွင် အပိုဒ် (၁) တွင် ပါရှိသည့် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" ကို ချွင်းချက် (reservation) အနေဖြင့် ထားရှိသည်။
(ရင်းမြစ် ။ ။ https://www.myanmar-responsiblebusiness.org/pdf/2014-03-18-International-Convenant-on-Economic-Social-and-Cultural-Rights.pdf [accessed 12 Sept 2019])

**အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ သဘောတူညီချက် ၁၆၉** (International Labor Organization Convention 169 – ILO Convention 169) သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) ၏ ဌာနေတိုင်းရင်းသားနှင့် လူမျိုးစုများဆိုင်ရာ သဘောတူညီချက် ၁၆၉ (Indigenous and Tribal People Convention 169 – C169) ကို ရည်ညွှန်းသည်။ C169 သည် ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးနှင့်ပတ်သက်၍ အရေးပါသော နိုင်ငံတကာစာချုပ်တစ်ခုဖြစ်သပြီး စာချုပ်ထဲတွင် "ဌာနေတိုင်းရင်းသားပြည်သူတို့၏ ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့်" ကို ရှင်းလင်းတိကျစွာ ဖော်ပြထားသည်။ C169 တွင် ဌာနေတိုင်းရင်းသား တို့၏ဓလေ့များ၊ မြေယာအခွင့်အရေးများ၊ ၎င်းတို့၏ ပစ္စည်းဥစ္စာ၊ အင်စတီကျူးရှင်းများနှင့် ယဉ်ကျေးမှုများကို ကာကွယ်ပေးမှုများအပြင် အဆိုပါအခွင့်အရေးများကို သက်ရောက်မှုရှိစေမည့် ဆုံးဖြတ်ချက်များတွင် ဌာနေတိုင်းရင်းသားများကို ထည့်သွင်းပေးရမည့် အချက်များလည်းပါဝင်သည်။ မြန်မာနိုင်ငံသည် ဤစာချုပ်ကို လက်မှတ်ရေးထိုးထားခြင်း မရှိသေးပေ။
(ရင်းမြစ် ။ ။ http://pro169.org/res/materials/en/general_resources/Manual%20on%20ILO%20Convention%20No.%20169.pdf [accessed 12 Sept 2019])

**ပင်ညဲရိုး အခြေခံမူများ (Pinheiro Principles)** သည် ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာသူများအတွက် အိမ်ရာနှင့် ပစ္စည်းဥစ္စာ နစ်နာကြေးပြန်ပေးရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏အခြေခံမူများ (United Nations Principles on Housing and Property RestitutionFor Refugees and Displaced Persons) ဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် အတည်ပြုခဲ့သည်။ ကုလသမဂ္ဂ

အဖွဲ့က ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် အိမ်ရာနှင့် ပစ္စည်းဥစ္စာနစ်နာကြေး ပြန်ပေးရေးဆိုင်ရာ အခြေခံမူများကို ရေးဆွဲရန် ခန့်အပ်တာဝန်ပေးခဲ့သော ဘရာဇီးနိုင်ငံမှ ပညာရှင် Paulo Sergio Pinheiro က ဦးဆောင် ရေးဆွဲခဲ့ဖြင့် ထိုမူများကို ပင်ညဲရိုးအခြေခံမူ များဟု ခေါ်ဝေါ်ကြသည်။ ဤအခြေခံမူများသည် အိမ်ရာပိုင်ဆိုင်ခွင့်နှင့် ပစ္စည်းဥစ္စာ နစ်နာကြေးပြန်ပေးရေး တို့ကို အိုးမဲ့အိမ်မဲ့ ဖြစ်စေမှုအတွက် ဦးစားပေးပြည်လည်ကုစားပေးမှုတစ်ခုနှင့် တရားမျှတမှုရှိရေး အတွက် အဓိကသော့ချက်တစ်ခုအဖြစ် အသိအမှတ်ပြုထောက်ခံထားသည်။ ဤအခြေခံမူများသည် ဒုက္ခသည်နှင့် ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများအားလုံးအတွက် တန်းတူကျင့်သုံးနိုင်သည်။ ၎င်းတို့သည် ၎င်းတို့၏ နေရပ်ဌာနေတိုင်းပြည်၊ နေအိမ်နှင့် မြေယာများထံ ပြန်သွားနိုင်ခွင့် အခွင့်အရေးများကို ဤအခြေခံမူများတွင်ပါရှိသည်။

(ရင်းမြစ် ။ ။ https://2001-2009.state.gov/documents/organization/99774.pdf [accessed 12 Sept 2019])

**ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကြေငြာစာတမ်း** (United Nations Declaration on the Rights of Indigenous Peoples – UNDRIP) ကို ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် အတည်ပြုခဲ့သည်။ UNDRIP တွင် လယ်ယာ၊ နယ်မြေနှင့် သဘာဝသယံဇာတပိုင်ဆိုင်ဆိုင်ခွင့်ဆိုင်ရာ အခွင့်အရေး များပါဝင်သည်။ UNDRIP ၏ အပိုဒ် (၁) တွင် ဌာနေတိုင်းရင်းသားများ၏ လယ်ယာ၊ နယ်မြေနှင့်သယံဇာတများအားသိမ်းယူ ခြင်းနှင့် ၎င်းတို့၏ ယဉ်ကျေးမှုကို အခြားယဉ်ကျေးမှုနှင့်အတင်းအဓမ္မရောနှောခြင်း သို့မဟုတ် ဖျက်လိုဖျက်ဆီးခြင်း မပြုလုပ်နိုင် အောင် နိုင်ငံတော်အစိုးရအနေဖြင့် ထိရောက်သော လုပ်ငန်းယန္တရားနှင့် ဥပဒေများပြဋ္ဌာန်းပေးရန်၊ အပိုဒ် (၁၀) တွင် FPIC မရှိဘဲ ဌာနေတိုင်းရင်းသားများအား ၎င်းတို့၏နယ်မြေများမှ အတင်းအဓမ္မပြောင်းရွှေ့စေခြင်း မပြုလုပ်ရန် ၊ အပိုဒ် (၂၅) တွင် ဌာနေတိုင်းရင်းသားများသည် မိရိုးဖလာအရပိုင်ဆိုင်သော မိမိတို့၏ မြေယာ၊ နယ်မြေ၊ ရေနှင့် အခြားသယံဇာတများနှင့် ပတ်သက်၍ ဝိညာဉ်ပိုင်းဆိုင်ရာဆက်နွယ်မှုကို ထိန်းသိမ်းခွင့်နှင့် ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခွင့်ရှိပြီး ၎င်းတို့၏ မျိုးဆက်သစ်များအား လက်ဆင့်ကမ်းလွှဲပြောင်းပေးပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။

အပိုဒ် (၂၆) တွင် ဌာနေတိုင်းရင်းသာများသည် မိမိတို့၏ ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်လာခဲ့သော လယ်ယာမြေနှင့် သယံဇာတများကို ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခွင့်နှင့် ထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်၊ အပိုဒ် (၂၇) တွင် နိုင်ငံတော်အစိုးရသည် ဌာနေတိုင်းရင်းသားများ ပိုင်ဆိုင်သော လယ်ယာမြေနှင့် သယံဇာတများကို ၎င်းတို့၏ ဓလေ့ ထုံးတမ်းများနှင့်အညီ တရားဥပဒေအရ အသိအမှတ်ပြုရန်နှင့် အပိုဒ် (၂၈) တွင် လယ်မြေ၊ နယ်မြေနှင့် သယံဇာတများ သိမ်းဆည်းခံရပါက ဌာနေတိုင်းရင်းသားများသည် သိမ်းယူသွားသော ပစ္စည်းများ၏တန်ဖိုးနှင့် ထိုက်သင့်သောလျော်ကြေးများ တောင်းယူပိုင်ခွင့်နှင့် ရရှိ ခံစားပိုင်ခွင့် ရှိပြီး လျော်ကြေးအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်း ဌာနေတိုင်းရင်းသားများ၏ အပြည့်အဝ ပူးပေါင်းပါဝင်မှုရှိရမည်ဟု ပါရှိသည်။

ထို့အပြင် အပိုဒ် (၂၉၊ ၃၀ နှင့် ၃၂) တို့တွင်လည်း နိုင်ငံတော်အစိုးရသည် ဌာနေတိုင်းရင်းသားများ၏ နယ်မြေတွင် FPIC မရှိဘဲ အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်သတ္တုသိုလှောင်ထားခြင်း မရှိစေရန်၊ စစ်လှုပ်ရှားမှုများ မပြုရန်နှင့် ထိုနယ်မြေများ တွင် ဖွံ့ဖြိုးရေးစီမံကိန်းများလုပ်ဆောင်ပါက ထိရောက်သော လုပ်ငန်းယန္တရားများဖြင့် ဌာနေတိုင်းရင်းသားများအပေါ် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု မရှိစေရန်နှင့် ရိုးရာယဉ်ကျေးမှုအပေါ် ဆိုးကျိုးသက်ရောက်များ မရှိစေရန် တာဝန် ယူကာကွယ်ပေးရမည်ဟု ပါရှိသည်။ လက်ရှိတွင် မြန်မာနိုင်ငံသည် UNDRIP ကို လက်မှတ်ရေးထိုးထားခြင်း မရှိသေးပေ။

(ရင်းမြစ် ။ ။ https://www.un.org/development/desa/indigenouspeoples/wp-content/uploads/sites/19/2018/11/UNDRIP_E_web.pdf [accessed 12 Sept 2019])

**စာကွက် (၃)**

## သဘာဝပတ်ဝန်းကျင်နှင့် မြေယာဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များ

ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏ ၂၀၀၉ ခုနှစ်၊ ထုတ်ပြန်ချက်အရ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် အဓိကရည်ရွယ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံပေါင်းစုံသဘောတူ စာချုပ် (၂၈၀) ကျော်ရှိပြီး အဆိုပါစာချုပ်အားလုံးနီးပါးသည် မြေအသုံးချမှုအပေါ်သက်ရောက်မှုရှိသည်။ (WGEA, 2013,p25) ၎င်းတို့အထဲမှ စာချုပ်အချို့ကို အောက်တွင် ဖော်ပြထားသည်။

**ရမ်ဆာကွန်ဗင်းရှင်း (The Ramsar Convention on Wetlands)** သည် ၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက် နေ့တွင် ကစ်စပီယံပင်လယ် ကမ်းခြေတောင်ပိုင်းရှိ ရမ်စာမြို့၌လက်မှတ်ထိုးခဲ့သော နိုင်ငံတကာအစိုးရအဖွဲ့များအကြား ချုပ်ဆိုသည့် စာချုပ်တစ်ခုဖြစ်သည့် "စိမ့်မြေများဆိုင်ရာသဘောတူစာချုပ် (Convention on Wetlands)" ဖြစ်သည်။ စာချုပ်၏ တရားဝင် အမည်မှာ "ရေနေငှက်များကျက်စားရာစိမ့်မြေများ၏ နိုင်ငံတကာအရေးကြီးမှုဆိုင်ရာ သဘောတူစာချုပ် (The Convention on Wetlands of International Importance especially as Waterfowl Habitat)" ဖြစ်ပြီး အထူးသဖြင့် ရေနေငှက်များ၏ ကျက်စားရာနေရာအဖြစ် စိမ့်မြေများကို ထိန်းသိမ်းရန်နှင့် ကောင်းမွန်စွာအသုံးချရန်အတွက် နိုင်ငံတကာ ပူးပေါင်းပါဝင်မှု မူဘောင်တစ်ခုဖြစ်သည်။ စိမ့်မြေများဆိုင်ရာ သဘောတူစာချုပ်သည် ၁၉၇၅ ခုနှစ်တွင် စတင်အကျိုးသက်ရောက်ခဲ့ပြီး၊ ၂၀၁၆ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၆၉) နိုင်ငံပါဝင်သည်။ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ရမ်စာစာချုပ်၏ အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်လာခဲ့သည်။
(ရင်းမြစ် ။ ။ https://www.ramsar.org/sites/default/files/documents/library/handbook1_5ed_introduction toconvention_e.pdf [accessed 12 Sept 2019])

**မျိုးသုန်းရန်အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်နှင့်သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း** (Convention on International Trade in Engendered Specifies of Wild Fauna and Flora -CITES) – သည် အစိုးရ အဖွဲ့များအကြား ချုပ်ဆိုသော နိုင်ငံတကာသဘောတူစာချုပ်ဖြစ်ပြီး၊ တောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးစိတ်များ နိုင်ငံတကာကုန်သွယ်မှုသည် တိရစ္ဆာန်နှင့် အပင်တို့၏ရှင်သန်မှုအပေါ် ခြိမ်းခြောက်မှုမရှိစေရေးအတွက် ရည်ရွယ်သည်။ CITE မူကြမ်းကို ၁၉၆၃ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် နိုင်ငံပေါင်း(၈၀)၏ သဘောတူညီမှုကို ရယူနိုင်ခဲ့ပြီး၊ ၁၉၇၅ ခုနှစ်တွင် စတင် အကျိုးသက်ရောက်သည်။ လက်ရှိတွင် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၈၃) နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် CITES အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။
(ရင်းမြစ် ။ ။ https://www.cites.org/eng/disc/what.php [accessed 12 Sept 2019])

**ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း** (Convention on Biological Diversity-CBD) သည် ကမ္ဘာ့ကုလသမဂ္ဂ၏ သဘာဝ ပတ်ဝန်းကျင်အစီအစဉ်(UNEP)၏ စီမံအုပ်ချုပ်မှုအောက်တွင်ရှိသည့် နိုင်ငံတကာသဘောတူစာချုပ်တစ်ခုဖြစ်ပြီး ဇီဝမျိုးကွဲများ ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ရေးတို့အတွက် ရည်ရွယ်သည်။ ၁၉၈၈ ခုနှစ်တွင် အစပျိုးခဲ့ပြီး ၁၉၉၂ တွင် အဖွဲ့ဝင်များ စတင်လက်ခံခဲ့ကာ ၁၉၉၃ ခုနှစ်တွင် စတင်အကျိုးသက်ရောက်သည်။ လက်ရှိတွင်အဖွဲ့ဝင်နိုင်ငံ ၁၉၆ နိုင်ငံရှိပြီး၊ မြန်မာနိုင်ငံ သည် ၁၉၉၅ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။
(ရင်းမြစ် ။ ။ https://www.cbd.int/history/ [accessed 12 Sept 2019])

**နိုင်ငံတကာ အပူပိုင်းဒေသထွက်သစ်များဆိုင်ရာ သဘောတူစာချုပ်** (International Tropical Timber Agreement (ITTA)- သည် အပူပိုင်းဒေသထွက်သစ်များနိုင်ငံတကာကုန်သွယ်မှုတွင် ရေရှည်တည်တံ့သည့် အရင်းအမြစ်နှင့် သစ်တောစီမံခန့်ခွဲမှု အတွက်ရည်ရွယ်ပြီး နိုင်ငံတကာအပူပိုင်းဒေသထွက်သစ်များဆိုင်ရာ အဖွဲ့အစည်းက ၁၉၈၄ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၈၃ ခုနှစ် တွင် တစ်ကြိမ်၊ ၂၀၀၆ ခုနှစ်တွင်တစ်ကြိမ် လက်မှတ်ရေးထိုးခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများကို သစ်ထုတ်လုပ်သော နိုင်ငံနှင့် သစ် ဝယ်ယူစားသုံးသော နိုင်ငံများဟူ၍ အမျိုးအစား (၂) ခွဲခြားထားသည်။ ၂၀၀၆ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံ (၇၄) နိုင်ငံရှိသည်။ မြန်မာ နိုင်ငံသည် ITTA ၏ သစ်ထုတ်သော အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်ပြီး ITTA ကို ၁၉၉၄ ခုနှစ်ကတည်း လက်မှတ်ထိုးခဲ့သည်။
(ရင်းမြစ် ။ ။ https://www.itto.int/about_itto/ [accessed 12 Sept 2019])

**ကန္တာရမြေဖြစ်ထွန်းမှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း** (Convention on Combat Desertification in Countries Experiencing Serious Drought: and/or Desertification, Particularly in Africa-UNCCD) သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများကို စည်းနှောင်ထားသော တရားဝင်နိုင်ငံတကာသဘောတူစာချုပ်တစ်ခုဖြစ်ပြီး ခြောက်သွေ့သောဒေသများရှိ မြေများအရည်အသွေးကျဆင်းမှုနှင့် ကန္တာရမြေဖြစ်ထွန်းမှုကို တိုက်ဖျက်ရန်အတွက် ရည်ရွယ်သည်။ ခြောက်သွေ့သောဒေသများရှိ နေထိုင်သူများ၏ လူနေမှုဘဝတိုးတက် ကောင်းမွန်ရေးနှင့် ရေရှားပါးမှုပြဿနာများလျော့ကျရေးတို့အတွက် အတူတကွပူးပေါင်းဆောင်ရွက်ကြသည်။ ၁၉၉၂ ခုနှစ်တွင် အစပျိုးခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် စတင်အကျိုးသက်ရောက်ခဲ့သည်။ လက်ရှိတွင် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၇) နိုင်ငံ ရှိပြီး မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။
(ရင်းမြစ်။ ။ https://www.unccd.int/ [accessed 12 Sept 2019])

**ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ သဘောတူစာချုပ်** (Convention Concerning the Protection of the World Cultural and Natural Heritage - သည် ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကာကွယ်ရေးဆိုင်ရာသဘောတူစာချုပ်သည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန်နှင့် သဘာဝကိုကာကွယ်ထိန်းသိမ်းရန်အတွက် ရည်ရွယ်သည်။ အီဂျစ်ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော Abul Simbel temples ဘုရားကျောင်းများ တည်ရှိရာချိုင့်ဝှမ်းဒေသကို ရေလွှမ်းမိုးမှု ဖြစ်စေနိုင်သည့် အီဂျစ်နိုင်ငံ၏ Aswan High Dam ဆည်တည်ဆောက်မှုကို နိုင်ငံတကာ၏ အာရုံစိုက်မှုနှင့် စိုးရိမ်မှုများကို ဖြစ်စေခဲ့ရာမှအစပြုပြီး ၁၉၅၉ ခုနှစ်တွင် UNESCOမှ ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာစည်းရုံးမှုတစ်ခုကို စတင်ခဲ့သည်။ ထိုစည်းရုံးမှုအောင်မြင်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများ၏ အလှူငွေများဖြင့် ဘုရားကျောင်းများကို ရေဘေးလွတ်ရာ ခြောက်သွေ့သော မြေနေရာများသို့ ရွှေ့ပြောင်းနိုင်ခဲ့သည်။ ထို့နောက် UNESCO သည် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်ကို မူကြမ်းများရေးဆွဲလာခဲ့ရာမှ ၁၉၇၂ ခုနှစ်တွင် စတင်အကျိုးသက်ရောက်သည်။ လက်ရှိတွင် နိုင်ငံပေါင်း (၁၉၃) ခုက လက်မှတ်ရေးထိုးထားပြီး မြန်မာနိုင်ငံသည်လည်း ၁၉၉၄ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။
(ရင်းမြစ်။ ။ https://whc.unesco.org/en/convention/ [accessed 12 Sept 2019])

**ကမ္ဘာ့အမွေအနှစ်ကွန်ဗင်းရှင်း** (World Heritage Convention –WHC) သည် ယဉ်ကျေးမှုနှင့် သဘာဝဆိုင်ရာအထိမ်းအမှတ်များ၊ ကမ္ဘာလုံးဆိုင်ရာ ထူးခြားထင်ရှားသည့် တန်ဖိုးများရှိသည့်ဒေသများကို ကမ္ဘာ့အမွေအနှစ် ဒေသများအဖြစ် သတ်မှတ်၍ ထာဝစဉ်ထိန်းသိမ်းသွားရန် ရည်ရွယ်သည်။ ၁၉၇၅ ခုနှစ်မှ စတင်အသက်ဝင်ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာလအထိ စာရင်းအရ နိုင်ငံပေါင်း (၁၉၂) နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားပြီး ဖြစ်သည်။ မြန်မာနိုင်ငံသည် WHC ကို ၁၉၉၄ ခုနှစ်တွင် သဘောတူဝင်ရောက်ခဲ့သည်။
(ရင်းမြစ် ။ ။ INTOSAI Working Group on Enbironmental Auditing (WGEA), "Land Use and Land Management Practices in Environmental Perspective," June 2013, also available at http://www.courdescomptes.ma/upload/_ftp/documents/wgea_Land%20Use_view.pdf [accessed 12 Sept 2019]
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သစ်တောဦးစီးဌာန၊ https://www.forestdepartment.gov.mm [accessed 12 Sept 2019])

အခန်း (၄)

# မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်

## ၄.၁ မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှု သမိုင်းအကျဉ်း

ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း မြေယာပြဿနာများစွာ ရှိနေသည်။ မြန်မာနိုင်ငံသည် သမိုင်းစဉ်တစ်လျှောက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ထိုအပြောင်းအလဲများသည် နိုင်ငံ၏ မြေယာကဏ္ဍအပေါ် သိသာသည့်ရိုက်ခတ်မှုများ ရှိခဲ့သည်။ မြန်မာနိုင်ငံ၏ မြေယာကဏ္ဍအပြောင်းအလဲများကို ပိုမိုနားလည်နိုင်ရန် အတွက် မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော မြေယာဥပဒေများ၊ အင်စတီကျူးရှင်းမူဘောင်များဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ မြေလုပ်ပိုင်ခွင့်နှင့်အခွင့်အရေးများအပေါ် သက်ရောက်ခဲ့မှုများကို အောက်တွင်အကျဉ်းချုံး တင်ပြအပ်ပါသည်။

### ၄.၁.၁ လွတ်လပ်ရေး မတိုင်မီခေတ် (၁၉၄၈ ခုနှစ် မတိုင်မီ)

မြန်မာနိုင်ငံသည် ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးမရခင် ကာလများအတွင်း ဗြိတိသျှကိုလိုနီနယ်ချဲ့အစိုးရနှင့် ဖက်ဆစ်ဂျပန်တို့၏ အုပ်ချုပ်မှုအောက်တွင် ရှိနေခဲ့ပါသည်။ ဗြိတိသျှကိုလိုနီခေတ် (၁၈၂၄-၁၉၄၂ နှင့် ၁၉၄၅-၁၉၄၈) တွင် မြေယာဥပဒေနှင့် နည်းဥပဒေများစွာ ပြဋ္ဌာန်းခဲ့သော်လည်း ဖက်ဆစ်ဂျပန်ခေတ် (၁၉၄၂-၁၉၄၅) တွင် မည်သည့်မြေယာဥပဒေမှ ပြဋ္ဌာန်းခဲ့ခြင်းမရှိပါ။ (ဇယား-၅ရှု) ဗြိတိသျှကိုလိုနီ ခေတ်တွင်ပြဋ္ဌာန်းခဲ့သော မြေယာဥပဒေနှင့် နည်းဥပဒေများတွင် အားသာချက်များရော အားနည်းချက်များပါ ပါရှိနေသည်ကိုတွေ့ရသည်။ အားသာချက်များအနက် ၁၈၇၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အောက်မြန်မာပြည်မြေနှင့် အခွန်တော်အက်ဥပဒေအရ မြေယာကို (၁၂) နှစ် ဆက်တိုက်လုပ်ကိုင်လာသူများအား မြေယာအမွေဆက်ခံခွင့်နှင့် ရောင်းဝယ်ခွင့်ဆိုင်ရာ ပုဂ္ဂလိကပိုင်ဆိုင်မှုအခွင့်အရေးများ (private property rights) ပေးအပ်ထားသည်။ ထို့အပြင် မြန်မာနိုင်ငံ တောင်ပေါ်ဒေသများရှိ ဓလေ့ထုံးတမ်းမြေနှင့် သစ်တောစီမံအုပ်ချုပ်မှုစနစ်တို့ကိုလည်း ကျင့်သုံးခွင့်ပေးထားသည်။ အလားတူ ၁၈၈၄ ခုနှစ်မြေသိမ်း အက်ဥပဒေသည် မြန်မာနိုင်ငံ မြေပြန့်ဒေသများကိုသာ သက်ရောက်မှုရှိသဖြင့် မြန်မာနိုင်ငံ တောင်ပေါ်ဒေသရှိ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံတမ်းမြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုစနစ်တို့ကို လွတ်လပ်စွာကျင့်သုံးခွင့်နှင့် အခွန်ကင်းလွတ်ခွင့်တို့အပေါ် ထိခိုက်မှုမရှိခဲ့ပါ။ တစ်ပြိုင်နက်တည်းတွင် ဗြိတိသျှတို့သည် တောင်သူလယ်သမားတို့၏ အခွင့်အရေးများကို ကာကွယ်သည့် ဥပဒေကြမ်းများကိုလည်း ရေးဆွဲခဲ့ပြီး၊ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသော မြေယာစီမံအုပ်ချုပ်မှုယန္တရားများအတွက် အခြေခံအုတ်မြစ်ကို တည်ဆောက်ပေးခဲ့သည်။

ဗြိတိသျှကိုလိုနီနယ်ချဲ့အစိုးရလက်ထက်တွင် ဆန်စပါးနှင့်အခြားသီးနှံများထုတ်လုပ်ရန်နှင့် မြေယာကဏ္ဍမှ အခွန်ဘဏ္ဍာများ ကောက်ခံနိုင်ရန်အတွက် ပို့ကုန်အသားပေးဖွံ့ဖြိုးရေး မဟာဗျူဟာများချမှတ်ခဲ့ပြီး ထိုမဟာဗျူဟာများအရ မြေကေအမြောက်အများသိမ်းဆည်းရန် လိုအပ်လာသည်။ ထို့ကြောင့် ဗြိတိသျှကိုလိုနီနယ်ချဲ့အစိုးရသည် မြေယာစီမံခန့်ခွဲရန်နှင့် စိုက်ပျိုးလုပ်ကိုင်နိုင်သော မြေရိုင်းများကို တိုးချဲ့နိုင်ရန်အတွက် မြေယာဆိုင်ရာဥပဒေများ ပြဋ္ဌာန်းခဲ့သည်။ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေသည် အစိုးရအား "အများပြည်သူအကျိုးစီးပွားအတွက်" ဟူသည့် အကြောင်းပြချက်ဖြင့် ပုဂ္ဂလိကမြေပိုင်ရှင်များထံမှ မြေသိမ်း ဆည်းခွင့်ပေးထားသည်။ အဆိုပါမြေသိမ်းဥပဒေသည် မြန်မာနိုင်ငံအထက်ပိုင်းရှိတောင်ပေါ်ဒေသများအပေါ် သက်ရောက်မှုမရှိခဲ့သော်လည်း၊ မြန်မာနိုင်ငံအောက်ပိုင်း မြေပြန့်ဒေသများတွင် နှစ်ပေါင်းများစွာကတည်းက ကျင့်သုံးလာခဲ့သည့် ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုအပေါ်များစွာ ထိခိုက်နစ်နာမှု ဖြစ်စေခဲ့သည်။ အကြီးမားဆုံးသောဆုံးရှုံးမှုမှာ နိုင်ငံတော်၏အချုပ်အခြာအာဏာဖြစ်ပြီး ဗြိတိသျှနယ်ချဲ့အစိုးရ ပြဋ္ဌာန်းခဲ့သော ဥပဒေများအောက်တွင် မြေယာအပါအဝင် အခြားအခွင့်အရေးများစွာ ဆုံးရှုံးခဲ့ရသည်။

**ဇယား (၅) မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ပြဌာန်းခဲ့သော မြေယာဆိုင်ရာ ဥပဒေများ**

| | |
|---|---|
| ဗြိတိသျှကိုလိုနီခေတ် မြေဥပဒေ(၁၈၈၆-၁၉၄၂) | (က) မြေယာစီမံခန့်ခွဲမှုအတွက် ဥပဒေများ<br>• အောက်မြန်မာပြည်မြေနှင့်အခွန်တော်အက်ဥပဒေ (၁၈၇၆)<br>• မြန်မာနိုင်ငံတော်နယ်သတ်ဥပဒေ (၁၈၈၀)<br>• အထက်မြန်မာပြည်မြေနှင့်အခွန်တော်စည်းမျဉ်းများ<br>• မြေသိမ်းအက်ဥပဒေ (၁၈၉၄)<br>• အောက်မြန်မာပြည်မြို့နှင့်ကျေးရွာများအက်ဥပဒေ (၁၈၉၈) |
| | (ခ) စိုက်ပျိုးလုပ်ကိုင်နိုင်သော မြေရိုင်းများကိုးချဲ့ လုပ်ကိုင်နိုင်ရန် အတွက် ဥပဒေများ<br>• မြေလွတ်မြေရိုင်းဂရမ်ထုတ်ပေးရေးဥပဒေ (၁၈၆၁)<br>• မြေလွတ်မြေရိုင်းရောင်းချရေးဥပဒေ (၁၈၆၁)<br>• မြေလွတ်မြေရိုင်းဂရမ်ထုတ်ပေးရေးဥပဒေ (၁၈၆၅) |
| | (ဂ) တောင်သူလယ်သမား သက်သာချောင်ချိရေးအတွက် ရေးဆွဲခဲ့သော်လည်း အတည်မပြုဖြစ်ခဲ့သောဥပဒေများ<br>• သီးစားဥပဒေကြမ်းများ (၁၈၉၂)<br>• အခြားသီးစားဥပဒေကြမ်း (၁၈၉၆)<br>• လယ်ယာမြေပိုင်ဆိုင်မှုကိုကန့်သတ်သော သီးစားဥပဒေကြမ်းများ (၁၉၀၆)<br>• မြန်မာနိုင်ငံသီးစားဥပဒေကြမ်း (၁၉၀၈)<br>• မြန်မာနိုင်ငံလယ်ယာမြေဥပဒေကြမ်း (၁၉၂၇)<br>• မြန်မာနိုင်ငံသီးစားဥပဒေကြမ်း (၁၉၃၇)<br>• မြန်မာနိုင်ငံသီးစားခစပါးကြီးကြပ်အုပ်ချုပ်ရေး ဥပဒေကြမ်း (၁၉၃၈) |
| | (ဃ) တောင်သူလယ်သမားသက်သာချောင်ချိရေးအတွက် ပြဌာန်းခဲ့သော ဥပဒေ<br>• သီးစားချထားရေးအက်ဥပဒေ (၁၉၃၉) |
| လွတ်လပ်ရေး ကြိုးပမ်းမှုကာလ (၁၉၄၅-၁၉၄၈) | (က) တောင်သူလယ်သမားတို့၏ ဘဝတိုးတက်ရေးအတွက် ပြဌာန်းခဲ့သော ဥပဒေများ<br>• လယ်သီးစားတစ်ချက်လွှတ်ဥပဒေ (၁၉၄၃)<br>• မြေယာပဋိပက္ခဥပဒေ (၁၉၄၅)<br>• ငွေတိုးချေးစားသူများအက်ဥပဒေ (၁၉၄၅)<br>• စိုက်ပျိုးရေးအကြွေးဆိုင်းငံ့သည့်အက်ဥပဒေ (၁၉၄၇)<br>• လယ်ယာမြေလုပ်ကိုင်သူတို့၏ကြွေးမြီသက်သာရေး အက်ဥပဒေ (၁၉၄၇)<br>• လယ်ယာအလုပ်သမားများ အနည်းဆုံးအခကြေးငွေ အက်ဥပဒေ (၁၉၄၈)<br>• သီးစားချထားရေးအက်ဥပဒေ (၁၉၄၈)<br>• သီးစားခစံနှုန်းအက်ဥပဒေ (၁၉၅၀) |
| ပါလီမန်ဒီမိုကရေစီခေတ် (၁၉၄၈-၁၉၆၂) | • သီးစားချထားရေးအက်ဥပဒေနှင့်နည်းဥပဒေ (၁၉၅၃) |
| တော်လှန်ရေးကောင်စီ ခေတ်(၁၉၆၂-၁၉၈၈) | • သီးစားချထားရေးအက်ဥပဒေနှင့်နည်းဥပဒေများ (၁၉၆၃)<br>• လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ (၁၉၆၃)<br>• လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးနည်းဥပဒေများ (၁၉၆၄)<br>• သီးစားခချထားရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၉၆၅)<br>• တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့် ဥပဒေ (၁၉၆၃)<br>• ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့်ဥပဒေအရလယ်ယာလုပ်ပိုင်ခွင့်များအတွက်လုပ်ထုံးလုပ်နည်းများ(၁၉၇၈)<br>• မြေခွန်၊ ရေခွန်နှင့် တာတမံခွန် (၁၉၈၂) |
| တပ်မတော်အစိုးရခေတ် (၁၉၈၈-၂၀၁၁) | တော်လှန်ရေးကောင်စီခေတ်က ပြဌာန်းခဲ့သော မြေယာဥပဒေများကို ဆက်လက်ကျင့်သုံးခဲ့သည်။<br>• သစ်တောဥပဒေ (၁၉၉၂) |
| အရပ်သားတစ်ပိုင်းအစိုးရ ခေတ်(၂၀၁၁-၂၀၁၆) | • လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ (၂၀၁၂)မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့် နည်းဥပဒေများ (၂၀၁၂) |
| အရပ်သားတစ်ပိုင်း အစိုးရခေတ် (၂၀၁၆-လက်ရှိအချိန်ထိ) | • ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈)<br>• အမျိုးသားမြေအသုံးချမှုဥပဒေ (၂၀၁၆)<br>• သစ်တောဥပဒေ (၂၀၁၈)<br>• မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၉) |

*ရင်းမြစ်* ။ ။ https://www.thefarmermedia.com/news/5693 [accessed 25 Aug 2019]

## ၄.၁.၂ လွတ်လပ်ရေး ရပြီးခေတ် (၁၉၄၈-၂၀၁၀)

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံသည် နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၈ ခုနှစ်တွင်တစ်ကြိမ် ပြဋ္ဌာန်းခဲ့သည်။ ပါလီမန်ဒီမိုကရေစီအစိုးရ (၁၉၄၈-၁၉၅၈၊ ၁၉၆၀-၁၉၆၂)၊ တော်လှန်ရေးကောင်စီအစိုးရ (၁၉၆၂-၇၄)၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ (၁၉၇၄-၁၉၈၈)၊ တပ်မတော်အစိုးရ (၁၉၈၈-၂၀၁၀) အစရှိသည့် အစိုးရအဆက်ဆက်တို့၏ အုပ်ချုပ်မှုစနစ်အမျိုးမျိုးအောက်တွင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြောင်းလဲမှုများနှင့်အတူ မြေယာကဏ္ဍတွင်လည်း ပြုပြင်ပြောင်းလဲမှုများလည်း ဆောင်ရွက်ခဲ့ကြသည်။ ၁၉၄၈-၂၀၁၀ ခုနှစ်အတွင်း ပြဋ္ဌာန်းခဲ့သော မြေယာဥပဒေနှင့် နည်းဥပဒေများသည် မြေယာများကို လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အစုအဖွဲ့အလိုက်ပိုင်ဆိုင်ခွင့် အခွင့်အရေးများ ပေးထားသော်လည်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံအတွင်းရှိမြေများနှင့် သယံဇာတများအားလုံး၏ မူရင်းပိုင်ရှင်သည် နိုင်ငံတော်ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၄၇ အရ နိုင်ငံတော်သည် "....ဤဖွဲ့စည်းပုံအရ ဥပဒေပြုမှုအခွင့်အာဏာကို သော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်။" ဟု ပြဋ္ဌာန်းထားသဖြင့် နိုင်ငံတော်သည် လွှတ်တော်နှင့်အစိုးရကို ရည်ညွှန်းနေသည်။ လွှတ်တော်နှင့် အစိုးရနှစ်ရပ်လုံး (ပြည်ထောင်စုနှင့် ပြည်နယ်) တွင် လူထုရွေးကောက်ခံမဟုတ်သော မြန်မာ့တပ်မတော်၏ ကိုယ်စားလှယ်များ ပါဝင်နေသဖြင့် အငြင်းပွားစရာများ ဖြစ်နေပါသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ မြေယာအုပ်ချုပ်မှုစနစ်သည် ဗြိတိသျှကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သော မြေယာနှင့် သစ်တောဥပဒေအချို့ကို မကြာသေးခင်နှစ်များအထိ ဆက်လက်ကျင့်သုံးနေဆဲဖြစ်သည်ကို တွေ့ရှိရသည်။ ဥပမာ - ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအထိ တည်ဆဲဥပဒေအဖြစ် ကျင့်သုံးလာခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ အစိုးရအဆက်ဆက်တို့သည် မြေယာနှင့် သစ်တောဆိုင်ရာ ဥပဒေသစ်အမျိုးမျိုးတို့ကိုလည်း ပြဋ္ဌာန်းခဲ့သည်။ ယင်းတို့အနက် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေနှင့် ၁၉၉၂ ခုနှစ် သစ်တောဥပဒေတို့သည် မြန်မာနိုင်ငံအတွင်းရှိ ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်စနစ်နှင့် ဓလေ့ထုံးတမ်းမြေယာအခွင့်အရေးများအပေါ် ရိုက်ခတ်မှုများရှိခဲ့သည်။ ဗဟိုချုပ်ကိုင်မှုများသော ထိုဥပဒေများကြောင့် ဌာနေတိုင်းရင်းသားတို့၏ ဓလေ့ထုံတမ်းမြေ၊ လယ်ယာမြေနှင့် သစ်တောမြေများ၏ လုံခြုံမှုကိုခြိမ်းခြောက်ခံရပြီး တရားဝင်နှင့် တရားမဝင်မြေသိမ်းဆည်းမှုများ၊ မြေပေါ်မှ အတင်းအဓမ္မနှင်ထုတ်ခံရမှုများ၊ မြေယာမဲ့ဖြစ်စေမှုများ၊ မြေယာပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများ အစရှိသည့် မြေယာပြဿနာမြောက်များစွာ ပေါ်ပေါက်လာခဲ့သည်။

## ၄.၁.၃ အရပ်သားတစ်ပိုင်း အစိုးရခေတ် (၂၀၁၁-၂၀၁၅)

ဆယ်စုနှစ်ပေါင်းများစွာ စစ်အာဏာရှင်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ကျရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲများကျင်းပကာ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရန် တာစူခဲ့သည်။[၅] ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံရှိမြေနှင့် သယံဇာတအားလုံးကို နိုင်ငံတော်ကပိုင်ဆိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ အစိုးရအဆင့်များ၏ လုပ်ပိုင်ခွင့်အာဏာများနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား (၁) တွင် ပြည်ထောင်စုအစိုးရ၏ ဥပဒေပြုပိုင်ခွင့်အာဏာများကိုလည်းကောင်း၊ ဇယား (၂) တွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၏ ဥပဒေပြုပိုင်ခွင့်အာဏာများကိုလည်းကောင်း၊ ဇယား (၅) တွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရမှ ကောက်ခံခွင့်ရှိသော အခွန်အခများကိုလည်းကောင်း ပြဋ္ဌာန်းထားသည်။ ထို့ပြင် ၂၀၁၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ပြည်နယ်/တိုင်းဒေသကြီးအစိုးရတို့၏ လုပ်ပိုင်ခွင့်အာဏာများကို တိုးချဲ့ပေးထားသည်။ သို့ရာတွင် မူလစာရင်းနှင့် ထပ်တိုးစာရင်းပါ ပြည်နယ်/တိုင်းဒေသကြီးအစိုးရတို့၏ လုပ်ပိုင်ခွင့်များသည် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ထားသည့်သဘောမျိုးသာဖြစ်နေပြီး၊ အရေးပါသောကဏ္ဍများတွင် ပြည်နယ်/ တိုင်းဒေသကြီးများကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများနှင့်အညီ စီမံအုပ်ချုပ်ခွင့် ပြုထားခြင်းမရှိသည်ကို တွေ့ရသည်။ ထပ်တိုးစာရင်းတွင်ပါရှိသော မြေယာအပါ

---

[၅] ၁၉၉၀ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်အာဏာသိမ်းယူပြီးနောက်ပိုင်းတွင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီ နိုင်ငံတည်ထောင်မည်ဟု ကြေငြာခဲ့သည်။ ထိုစဉ်ကတည်ဆဲ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ထူထောင်ရန်မဖြစ်နိုင်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရန် လိုအပ်လာသည်။ ထို့ကြောင့် ထိုစဉ်က အာဏာရစစ်အစိုးရ (နိုင်ငံတော်ငြိမ်းဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့) သည် တရားဝင်နိုင်ငံရေးပါတီများ၊ ရွေးချယ်တင်မြှောက်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားမျိုးနွယ်စုကိုယ်စားလှယ်များ၊ တောင်သူလယ်သမားနှင့် အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များကို စိတ်ကြိုက်ရွေးချယ်ဖိတ်ခေါ်ကာ အမျိုးသားညီလာခံကို ကျင်းပခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့သည်။ ထိုမူကြမ်းကို ၂၀၀၈ ခုနှစ်တွင် လူထုဆန္ဒခံယူပြီး အတည်ပြု ပြဋ္ဌာန်းခဲ့သည်။

အဝင် အခြားကဏ္ဍများနှင့်ဆိုင်သော ပြည်နယ်/တိုင်းဒေသကြီးအစိုးရတို့၏ လုပ်ပိုင်ခွင့်များသည် "ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့်" ကိစ္စရပ်များကိုသာ တိုးချဲ့ထားသဖြင့် ပြည်ထောင်စုအစိုးရမှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေသစ်များမှတစ်ဆင့်သာ လုပ်ပိုင်ခွင့်အာဏာအချို့ကို အကန့်အသတ်ဖြင့် ကျင့်သုံးပိုင်ခွင့်ရှိကြသည်။

> "နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။"
>
> ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၇ (က)

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြေယာဆိုင်ရာဥပဒေများကို ပြည်ထောင်စုအစိုးရကသာ ပြဋ္ဌာန်းပိုင်ခွင့်ရှိပြီး၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရသည် မြေယာခွန်ဥပဒေကိုသာ ပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ လက်တွေ့တွင် ပြည်နယ်/တိုင်းဒေသကြီးအချို့တို့က မြေယာခွန်ဥပဒေများကို ပြဋ္ဌာန်းပြီးသည့်တိုင် ထိုဥပဒေများကို လက်တွေ့ကျင့်သုံးရန်အတွက် ပြည်ထောင်စုအစိုးရထံတွင် ခွင့်ပြုချက်ရယူရန် လိုအပ်နေသည်ဟု ဆိုပါသည်။ ဥပမာ- မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် သက်ဆိုင်ရာပြည်နယ် မြေခွန်ဥပဒေသစ်ကို ပြဋ္ဌာန်းပြီးသည့်တိုင် လက်တွေ့ကျင့်သုံးနိုင်ခြင်းမရှိခဲ့ပေ။[6] အခြား ပြည်နယ်/ တိုင်းဒေသကြီးများက ၎င်းတို့၏ မြေယာခွန်ဥပဒေများကို ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးသဖြင့် တစ်နိုင်ငံလုံး တပြေးညီဖြစ်ရေးအတွက် ထိုမြေယာ ခွန်ဥပဒေများကို ဆိုင်းငံ့ထားရန် ညွှန်ကြားလာသဖြင့် ကရင်နှင့် မွန်ပြည်နယ်များတွင် မြေယာခွန်ဥပဒေကိုကျင့်သုံးရန် ယခုသုတေသနစာတမ်း ပြုစုနေစဉ်ကာလအတွင်း မဖြစ်နိုင်သေးပါ။ ထို့အပြင် ပြည်နယ်အစိုးရသည် ခေတ်ကာလပြောင်းလဲ တိုးတက်လာမှုနှင့်အညီ ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးနယ်နိမိတ်ကို တိုးချဲ့လိုသည့်အခါ ပြည်ထောင်စုအစိုးရထံတွင် လျှောက်ထားရပြီး ပြည်ထောင်စုအစိုးရက ခွင့်ပြုမှသာ တိုးချဲ့နိုင်သည်။ ဆိုလိုသည်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ-၅၄ နှင့် တည်ဆဲမြေယာဆိုင်ရာဥပဒေများအရ ပြည်နယ်အစိုးရသည် ပြည်နယ်အတွင်းရှိမြေများကို ပြည်ထောင်စုအစိုးရ ခွင့်ပြုချက်ဖြင့်သာ စီမံခန့်ခွဲခွင့်ရှိနေသည်။

> "သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလိုဆောင်ရွက်ပေးရမည်။"
>
> ၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၅၄

၂၀၁၁ ခုနှစ်တွင် အာဏာရလာသော ဦးသိန်းစိန်ဦးဆောင်သော အရပ်သားတစ်ပိုင်းအစိုးရလက်ထက် (၂၀၁၀-၂၀၁၅) တွင် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများစွာကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့သည်။ မြေယာကဏ္ဍတွင်လည်း မြေယာဥပဒေနှင့် နည်းဥပဒေများပြဋ္ဌာန်းခြင်းနှင့် သက်ဆိုင်ရာ မြေယာကော်မတီများဖွဲ့စည်းကာ၊ ယခင်အစိုးရလက်ထက်တွင် ဖြစ်ပွားခဲ့သည့် မြေယာပြဿနာများနှင့် လက်ရှိမြေယာပြဿနာတို့ကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းခဲ့သည်။ (စာကွက်-၄ ရှု) တစ်ချိန်တည်းတွင် ဦးသိန်းစိန်အစိုးရသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အထူးစီးပွားရေးဇုန်ဥပဒေ (၂၀၁၄) နှင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေ (၂၀၁၆) တို့ကိုပြဋ္ဌာန်းကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ခဲ့သည်။ ထိုဥပဒေများနှင့် ဗြိတိသျှကိုလိုနီအစိုးရလက်ထက်က ပြဋ္ဌာန်းခဲ့သော ၁၈၉၄ ခုနှစ် မြေသိမ်းဥပဒေတို့ကြောင့် မြန်မာနိုင်ငံ၏ မြေအသုံးချမှုပုံစံများ ပြောင်းလဲလာခဲ့သည်။ အစိုးရသည် တစ်ဘက်တွင် မြေယာပြဿနာများကိုဖြေရှင်းရန် ကြိုးပမ်းနေသည့်နည်းတူ အခြားတစ်ဘက်တွင် မြေယာပြဿနာများကို ဖန်တီးနေသကဲ့သို့ ဖြစ်နေခဲ့သည်။ (စာကွက် ၅ ရှု)

---

[6] ဤသုတေသနစာတမ်းအတွက် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံမေးမြန်းမှုများမှ ဖြေကြားချက်များ။

စာကွက် (၄)

## ဦးသိန်းစိန်အစိုးရလက်ထက်(၂၀၁၁-၂၀၁၅)တွင် ပြဋ္ဌာန်းခဲ့သော မြေယာဆိုင်ရာ ဥပဒေများနှင့် မြေစီမံခန့်ခွဲရေးအဖွဲ့များ

| မြေယာဥပဒေများ | မြေယာစီမံခန့်ခွဲရေးအဖွဲ့များ | မှတ်ချက် |
|---|---|---|
| ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေ | မြေယာခွဲဝေအသုံးချမှု စိစစ်ရေး ကော်မတီ(၂၀၁၂ခုနှစ်၊ ဇူလိုင်လ) | ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် ဖျက်သိမ်း ခဲ့သည်။ |
| ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ | အမျိုးသားမြေယာအရင်းအမြစ်စီမံခန့်ခွဲရေး ဗဟိုကော်မတီ (၂၀၁၂ခုနှစ်၊ ဇူလိုင်လ) | သမ္မတ၏ညွှန်ကြားချက်ဖြင့် ယာယီဖွဲ့စည်း ခဲ့သည်။ |
| | လွှတ်တော်မြေယာစုံစမ်းစစ်ဆေးရေး ကော်မရှင်(၂၀၁၂ ခုနှစ်၊ ဇူလိုင်လ) | ပြည်သူလူထုထံမှ မြေယာဆိုင်ရာ တိုင်တန်းချက်များကို လက်ခံစိစစ်သည်။ ဒု-သမ္မတက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကော်မရှင်တွေ့ရှိချက်ကို အကောင်ထည် ဖော်သည်။ ကော်မတီ၏ရည်ရွယ်ချက်မှာ နိုင်ငံအတွင်း လယ်ယာမြေနှင့် အခြားမြေများ |
| | မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ (၂၀၁၃ ခုနှစ်၊ ) | သိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ မျှမျှတတ၊ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဖြေရှင်းပေးရန်ဖြစ်သည်။ |

**မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီနှင့် အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေး ဗဟိုကော်မတီ**

မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၁၈-၆-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၂ ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ စတင်ဖွဲ့စည်းချိန်တွင် အဖွဲ့ဝင် (၂၁) ဦးသာ ပါဝင်သော်လည်း နောက်ပိုင်း၌ နိုင်ငံတော်သမ္မတရုံး၏ ၉-၁၁-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၂ ဖြင့် နောက်ထပ်အဖွဲ့ဝင် (၄) ဦးကို ဖြည့်စွက်ဖွဲ့စည်းခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဦးဆောင်သော မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီ၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် မြို့ရွာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် မြေယာခွဲဝေအသုံးချမှုများ ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် မြေအသုံးချမှု မူဝါဒများရေးဆွဲပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေစီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများ စနစ်တကျဆောင်ရွက်နိုင်ရန် ဖြစ်သည်။

ထို့နောက် ၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၆-၁၀-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၄ ဖြင့် မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီကို ဖျက်သိမ်းလိုက်ပြီး အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ အသစ်ဖွဲ့စည်းလိုက်သော အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီကိုလည်း ၂၀၁၆ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၆ ဖြင့် ဖျက်သိမ်းလိုက်သည်။

ရင်းမြစ် - https://www.forestdepartment.gov. mm/news/3858, https://www.forestdepartment.gov.mm/news/220, https://www.moi.gov.mm/npe/ ?q=news/21/07/2013/id-4299, https://www.mlis.gov.mm/mLsView.do;jsessionid=19D1A7771684EBF 96FBCC97C8A18ACC8?lawordSn=4435

**ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင် (မြေစုံစမ်းရေးကော်မရှင်)**

မြေစုံစမ်းရေးကော်မရှင်ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် အမိန့်ကြော်ငြာစာ အမှတ် ၅၂/၂၀၁၂ ဖြင့် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် (၆၀) ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင်အားလုံးသည် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသဖြင့် မြေစုံစမ်းရေးကော်မရှင်၏အကြံပြုချက်များ အသက်ဝင်စေရန် လုပ်ပိုင်ခွင့်အာဏာ မရှိဘဲ ဝေဝါးလှသည့်လုပ်ငန်းတာဝန်များကိုသာ ပေးအပ်ထားသည်။ ကော်မရှင်၏ အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီး ဌာနများ သို့မဟုတ် မြေပြန်လည်ပေးအပ်မှုကို ကိုင်တွယ်ရသည့် လယ်ယာမြေစီမံခန့်ခွဲမှုဗဟိုကော်မတီထံသို့ ပေးပို့ရသည်။ မြေစုံစမ်းရေးကော်မရှင်သည် အဖွဲ့တစ်ခုတည်းသာဖြစ်ပြီး အထက်အောက်အဆင့်ဆင့် ဖွဲ့စည်းထားခြင်း မရှိပေ။ သို့ရာတွင် မြေသိမ်းဆည်းမှုများအား နိုင်ငံတဝန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကွင်းဆင်းစစ်ဆေးနိုင်ရန် အဖွဲ့ခွဲ (၁၁) ဖွဲ့ကို ဖွဲ့စည်းထားသည်။ မြေစုံစမ်းရေး ကော်မရှင်သည် ၁၉၈၈ ခုနှစ် နောက်ပိုင်း မြေယာသိမ်းဆည်းခံရမှုများကိုသာ စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းရသည်။

မြေစုံစမ်းရေးကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- မြေသိမ်းဆည်းခဲ့သည့်စာရင်းဇယားများကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရများထံမှ ညှိနှိုင်းတောင်းခံရယူရန်၊
- သိမ်းဆည်းမှုများအား ကဏ္ဍတစ်ရပ်ချင်းအလိုက် ခွဲခြားစုံစမ်းဖော်ထုတ်ရန်၊
- ကွင်းဆင်းဆောင်ရွက်ရာတွင် ဒေသခံဝန်ထမ်းများလိုက်ပါနိုင်ရေးသက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းရန်
- မြေသိမ်းယူခဲ့သော ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ အထောက်အထားများ ညှိနှိုင်းတောင်းခံ ရယူရန်
- ကော်မရှင်၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အဓမ္မအမှုများ၊ တရားမမှုများနှင့်သက်ဆိုင်ခြင်း မရှိစေရ
- စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ နယ်မြေမြို့နယ်များရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်ရန်

လယ်ယာမြေနှင့် အခြားမြေသိမ်းဆည်းခဲ့မှုများနှင့် ပတ်သက်၍ တိုင်တန်းမှုများကို စုံစမ်းစစ်ဆေး၊ စိစစ်တွေ့ရှိချက်များအရ မြေသိမ်းဆည်းခံရသည့်အကြောင်းရင်းအမျိုးမျိုးရှိသည်ကို တွေ့ရသည်။ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရန် တပ်မြေအဖြစ် သိမ်းဆည်းခြင်း၊ မြို့ပြများ တိုးချဲ့တည်ဆောက်ရန်အတွက် သိမ်းဆည်းခြင်း၊ စက်မှုဇုန်များတည်ဆောက်ရန် သိမ်းဆည်းခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံကိန်းများဆောင်ရွက်ရန် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာ ချထားပေးခြင်း စသည့် အကြောင်းရင်းများ ပါဝင်ပါသည်။ ထို့နည်းတူ နိုင်ငံတော်အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ ဟူသည့် အကြောင်းပြချက်များဖြင့် အစိုးရစီမံကိန်းဖြစ်သည့် ရထားလမ်းများ၊ ကားလမ်းများ၊ လေယဉ်ကွင်းများ တိုးချဲ့တည်ဆောက်ရေးတို့အတွက် သိမ်းဆည်းရာတွင်လည်း တောင်သူလယ်သမားများ လက်ရှိလုပ်ကိုင်နေသော လယ်ယာမြေများ သိမ်းဆည်းခံရခြင်းများလည်း ရှိပါသည်။

သုတေသနတွေ့ရှိချက်အရ မြေစုံစမ်းရေးကော်မရှင်သည် လက်တွေ့တွင် ထိရောက်မှုမရှိသည်ဟု ဆိုရပါမည်။ အကြောင်းမှာ ကော်မရှင်အဖွဲ့ဝင်များကိုယ်တိုင် စုံစမ်းစစ်ဆေးလျက်ရှိသည့် မြေသိမ်းမှုများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပါဝင်ပတ်သက်နေလေ့ရှိခြင်း၊ ထိရောက်သော တွန်းအားပေးနိုင်စွမ်းမရှိခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အကြံပြုချက်များ ပေးအပ်ရာတွင် တိကျရှင်းလင်းမှုမရှိခြင်း၊ မြေသိမ်းခံပြည်သူများအား လက်တွေ့အမှန်တကယ် မြေပြန်လည်ပေးအပ်မှုများ မပြုလုပ်နိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

*ရင်းမြစ်* - မဖြည့်ဆည်းပေးနိုင်သေးသည့် ကတိကဝတ်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအား ဆန်းစစ်ဝေဖန်ခြင်း (၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ)၊ စာ-၁၅-၁၆၊ မြန်မာ့အလင်း သတင်းစာ၊ အတွဲ (၅၂)၊အမှတ် (၃၄၉)၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလ(၁၉) ရက်၊ သတင်းဆောင်းပါး 'လယ်ယာမြေများနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရ အနေဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိ'၊ စာ-၁နှင့် စာ-၈၊ https://www.thefarmermedia.com/news/4778; http://burmese.dvb.no/archives/31723

**မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ (နှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် မြေအသုံးချမှုကော်မတီများ)**

မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၆-၉-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၃ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ဖွဲ့စည်းပေးခဲ့သည်။ ကော်မတီ၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ မျှမျှတတ၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ဖြစ်သည်။ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတက ဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌများအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ဆောင်ရွက်သည်။ အတွင်းရေးမှူးအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ပါဝင်သည်။

သိမ်းဆည်းမြေအငြင်းပွားမှုများအတွက် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအပြင်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၉-၉-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၁၃ အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခဲ့သည်။ ကော်မတီအဆင့်ဆင့်တို့သည် မြေယာအငြင်းပွားမှုများကို ဖြေရှင်းရာတွင် ၂၀၁၂ လယ်ယာမြေ ဥပဒေ (၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁)၊ ၂၀၁၂ လယ်ယာမြေ နည်းဥပဒေ၊ ၂၀၁၂ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀) နှင့် ၂၀၁၂ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှု နည်းဥပဒေတို့အပြင် အခြားတည်ဆဲမြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သည်။

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ -

- မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊
- အစီရင်ခံစာများပါ အကြံပြုတိုက်တွန်းချက်များနှင့် စပ်လျဉ်း၍ ကော်မတီအဆင့်ဆင့်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊
- စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာပါ မြေသိမ်းဆည်းမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေရှင်းဆောင်ရွက်မှုများကို ကြီးကြပ်ဆောင်ရွက်ခြင်းနှင့်
- သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကုမ္ပဏီများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြန်လည်စွန့်လွှတ်သည့်လယ်ယာမြေများကို မူလလုပ်ကိုင်ခဲ့သော သက်ဆိုင်သူများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ပေးအပ်နိုင်ရေး ဆောင်ရွက်ခြင်း၊ မြေယာအငြင်းပွားမှုများနှင့်ပတ်သက်၍ မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီအဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ရာတွင် မြေကို စီမံခန့်ခွဲလျက်ရှိသော ဝန်ကြီးဌာနများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာရေးကော်မတီများက ကျင့်သုံးလျက်ရှိသည့် မြေစီမံခန့်ခွဲမှုဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ခြင်း ရှိမရှိစိစစ်ခြင်း၊ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားထောက်ခံချက်ဖြင့် တင်ပြလာသည့် မြေအသုံးချမှုစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ဆုံးဖြတ်ပေးခြင်းတို့ ဖြစ်သည်။

မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသည် မြေယာအငြင်းပွားမှုများကို ဖြေရှင်းရာတွင် အောက်ပါမူဝါဒ (၅) ရပ်နှင့် လုပ်ငန်းစဉ် (၄) ရပ်ကို ချမှတ်ခဲ့သည်။

၀ မြေယာအငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ မူဝါဒ (၅) ရပ်

- သိမ်းဆည်းမြေများပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်မှု အခြေအနေ၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ငန်းလိုအပ်ချက်အရ အဆောက်အုံများ ဆောက်လုပ်ထားမှုအခြေအနေ၊ အခြေခံအဆောက်အုံများအတွက် အသုံးပြုထားသည့် လမ်းတံတားအခြေအနေနှင့် မြေအမှန်တကယ် အသုံးချမှုများကို စိစစ်ရန်
- သိမ်းဆည်းထားသော မြေများကို အကျိုးရှိစွာအသုံးချနိုင်မှု ရှိမရှိ စိစစ်ရန်၊
- မြေဧကများစွာ လွှဲပြောင်းရယူထားသော်လည်း လုပ်ငန်းအကောင်အထည်ဖော်ခြင်းမရှိဘဲ အကျိုးမဲ့ ဖြစ်နေမှုများကို စိစစ်ရန်၊
- နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးမဲ့ဖြစ်နေသော သိမ်းဆည်းမြေများကို သက်ဆိုင်ရာ သိမ်းဆည်းထားသော ဌာနနှင့်အဖွဲ့အစည်းများအားပြန်လည်စွန့်လွှတ်စေပြီး မူလပိုင်ရှင်အစစ်အမှန်များကို တည်ဆဲမြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်လွှဲပြောင်းရန်
- ဥပဒေနှင့်အညီ လွှဲပြောင်းရယူထားပြီး လက်တွေ့တွင်လည်း နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ အမှန်တကယ်ထိရောက်စွာ အသုံးပြုနေသည့်မြေများကို သက်ဆိုင်ရာဌာနများက စွန့်လွှတ်ခြင်းမပြုဘဲ လုပ်ငန်းဆိုင်ရာများကို ဆက်လက်လုပ်ဆောင် ခွင့်ပြုရန်

၀ မြေယာအငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ် (၄) ရပ်

- မြေအသုံးချခွင့်ရှိကြောင်း စာရွက်စာတမ်းသက်သေခံ အထောက်အထားခိုင်လုံစွာ ပြသနိုင်သော သူများအား ယာယီပြန်လည်လွှဲပြောင်းပေးအပ်ပြီး လုပ်ကိုင်ခွင့်ပြုရန်နှင့် အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိရန်အတွက် ဌာနဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ရုံးပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရန်၊
- အကြောင်းအမျိုးမျိုးကြောင့် သက်သေခံအထောက်အထား မပြနိုင်သော်လည်း အများကကြည်ညို လေးစားသည့် ရပ်မိရပ်ဖများ၏ ထွက်ဆိုထောက်ခံချက်များဖြင့် အသုံးချပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်ရှိကြောင်း သက်သေအထင်အရှားပြနိုင်ပါက ယာယီပြန်လည်လွှဲပြောင်းပေးပြီး ကာလအပိုင်းအခြား သတ်မှတ်လုပ်ကိုင်ခွင့်ပြုရန်နှင့် လွှဲပြောင်းခံရသူ အသုံးချပိုင်ခွင့်အမည်ပေါက်ရန်အတွက် ဌာနဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ရုံးပိုင်းဆိုင်ရာလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရန်
- ပြန်လည်စွန့်လွှတ်သည့် မြေများတွင် မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အငြင်းပွားမှုဖြစ်ပေါ်လာပါက ဥပဒေနှင့်အညီ အမှုရင်ဆိုင်စေပြီး ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ကို ခံယူစေရန်၊
- သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် မစွန့်လွှတ်သည့် မြေများအတွက် နစ်နာကြေး၊ လျော်ကြေးပေးအပ်မှုများစိစစ်၍ မှတ်တမ်းတင်ထားရှိရန် နစ်နာကြေး၊ လျော်ကြေးပေးအပ်ရန်ရှိပါက ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ရသုံးမှန်းခြေဘဏ္ဍာငွေစာရင်းများတွင် ထည့်သွင်းရေးဆွဲတင်ပြရန်

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီသည် ပြည်ထောင်စုလွှတ်တော်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်မှ ပေးပို့လာသော အစီရင်ခံစာအပိုင်းများပါ မြေကိစ္စများအပြင် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ လွှဲပြောင်းပေးပို့လာသော မြေကိစ္စတိုင်ကြားစာများနှင့် မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တိုက်ရိုက်ပေးပို့တင်ပြလာသော မြေကိစ္စ တိုင်ကြားစာများကိုလည်း စိစစ်ဖြေရှင်းဆောင်ရွက်ခဲ့သည်။

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီသည် စတင်ဖွဲ့စည်းချိန် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်) မှစ၍ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့အထိ အစည်းအဝေးများကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု လွှတ်တော်နာယကထံသို့ မြေအငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ အစီရင်ခံစာများ ပေးပို့ခဲ့သည်။ အစီရင်ခံစာများကို အပိုင်းလိုက်ခွဲထားပြီး အပိုင်း (၁) မှ (၁၈) ထိရှိသည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၉) နေ့တွင် ထုတ်ပြန်သော မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ

၏ သတင်းထုတ်ပြန်ကြေငြာချက်အရ မြေစုံစမ်းရေးကော်မရှင်မှပေးပို့လာသော စိစစ်ဖြေရှင်းရန် မြေကိစ္စအမှုတွဲပေါင်း ၁၇,၁၂၈ မှုတွင် ၁၅-၁၁-၂၀၁၅ ရက်နေ့အထိ စိစစ်ဖြေရှင်းပြီးသော အမှုတွဲပေါင်း ၁၀,၀၄၀ မှု (၅၈.၆၂ ရာခိုင်နှုန်း) ရှိသည်။ ကျန်အမှုတွဲများမှာ ထိုစဉ်က စိစစ်ဖြေရှင်းဆဲဖြစ်သည်။

စိစစ်ဖြေရှင်းရန် မြေအမှုတွဲများကို အသုံးပြုရန် လိုအပ်ချက်အရ မစွန့်လွှတ်သည့် မြေကိစ္စ၊ လျော်ကြေးပေး ညှိနှိုင်းပြီး၍ ဆက်လက်အသုံးပြုမှု၊ အသုံးပြုရန်ထက်ပိုမိုမှုကြောင့် စွန့်လွှတ်သည့် မြေကိစ္စ၊ အသုံးမပြု၍ အားလုံးစွန့်လွှတ်သည့် မြေကိစ္စ၊ အကြောင်းအရာတူတိုင်စာများ၊ ပုဂ္ဂလိက၊ အချင်းချင်း တရားစီရင်ရေး လုပ်ငန်းအရ ဖြေရှင်းရန်မြေကိစ္စများနှင့် မှားယွင်းတိုင်ကြားခြင်းဟူ၍ အုပ်စုအားဖြင့် (၇) အုပ်စု ခွဲခြားကာစိစစ်ခဲ့သည်။ အစီရင်ခံစာပါ ပြည်လည်စွန့်လွှတ်မည့်မြေဧကစုစုပေါင်းမှာ ၃၇၆,၉၉၃.၂၃၄ ဧက ရှိပြီး ၁၅-၁၁-၂၀၁၅ အထိ လွှဲပြောင်းပြီး မြေဧကမှာ ၃၅၉,၉၀၁.၇၂၇ ဧက ဖြစ်သည်။ မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီလက်ထက်တွင် အစီရင်ခံစာအပိုင်း (၁) မှ (၁၈) အထိ မြေယာကိစ္စတိုင်ကြားစာ အမှုပေါင်း ၁,၃၃၃ မှု လက်ခံရရှိပြီး စိစစ်ခဲ့သည်။

*ရင်းမြစ်* - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် အစည်းအဝေး၊ (၁၅) ရက်မြောက်နေ့မှတ်တမ်း၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်



*မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၃)*
*(ဓာတ်ပုံ - ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်)*

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီ**

၂၀၁၂ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀) အရ ဖွဲ့စည်းထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ ဖြစ်သည်။ အဆိုပါ ဥပဒေအရ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုကော်မတီသည်ဗဟိုအဆင့်တွင်သာဖွဲ့စည်းထားပြီးတိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် ဖွဲ့စည်းထားခြင်းမရှိပါ။ သို့ရာတွင် ဗဟိုကော်မတီသည် လျှောက်ထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၏ သဘောထားမှတ်ချက်ကို ရယူရသည်။

*ရင်းမြစ်* - ဒုတိယသမ္မတ ဦးဉာဏ်ထွန်း မြေအသုံးချမှုစီမံခန့်ခွဲရေး ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် "ဗဟိုကော်မတီအစည်းအဝေး အမှတ်စစ် (၁/၂၀၁၃) သို့ တက်ရောက်အမှာစကားပြောကြား" available at: https://www.moi.gov.mm/moi:eng/?q=news/8/11/2018/id-738 [accessed 20 Nov 2019] ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ

**စာကွက် (၅)**

## ဦးသိန်းစိန်အစိုးရလက်ထက် (၂၀၁၁-၂၀၁၅) တွင် ပြဋ္ဌာန်းခဲ့သော မြေယာဥပဒေအချို့နှင့် နောက်ဆက်တွဲအကျိုးဆက်များ

**၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ** သည် လယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းစဉ်များတွင် ဆက်စပ်ပါဝင်သူများအဖြစ် အစိုးရ၏ အသိမှတ်ပြုခြင်းခံရသူများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (တစ်နည်းအားဖြင့် ပုံစံ-၇) ကို သက်ဆိုင်ရာ ဒေသများရှိ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီများထံတွင် လျှောက်ထားခွင့်ပြုခဲ့သည်။ ယင်းသို့သော ပုံစံ-၇ ရှိသည့် လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်တို့အပြင် အစိုးရက သတ်မှတ်ထားသောဘဏ်များတွင် လယ်ယာထုတ်လုပ်မှုစရိတ်များအတွက် ငွေချေးယူခွင့်တို့ကိုပါ ပေးအပ်ထားသည်။ သို့ရာတွင် ထိုအခွင့်အရေးများနှင့်အတူ ထိုမြေများပေါ်တွင် ခွင့်ပြုချက်မရဘဲ အဆောက်အဦးတည်ဆောက်ခြင်း၊ စိုက်ပျိုးထွန်ယက်ခြင်းအပြင် အခြားနည်းလမ်းများဖြင့် အသုံးချခြင်း၊ အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ အကြောင်းပြချက်မခိုင်လုံဘဲ ချန်လှပ်ထားခြင်းတို့ကိုပြုလုပ်ပါက ပုံစံ-၇ ကို ရုတ်သိမ်းပြီး မြေမှနှင်ထုတ်နိုင်သည့် ကန့်သတ်ချက်များ ရှိနေပါသည်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေသည် လယ်ယာမြေများကို မှတ်ပုံတင်ခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံမှုရှိရေးကို ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သော်လည်း လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီများတွင် တောင်သူလယ်သမားကိုယ်စားလှယ်များ ပါဝင်ခွင့်မရခြင်း၊ တောင်သူလယ်သမားများက သီးနှံများကို လွတ်လပ်စွာရွေးချယ်စိုက်ပျိုးခွင့်မရှိခြင်း စသည့်အားနည်းချက်များလည်းရှိနေသည်။ ထို့အပြင် ဆင်းရဲသားလယ်သမားများသည် မိမိတို့၏လယ်ယာမြေလုပ်ပိုင်ခွင့်များကို ရေတိုအကျိုးအမြတ်အတွက် ရောင်းချချင်လာအောင် တွန်းအားပေးနေသကဲ့သို့ဖြစ်ပြီး ရေရှည်တွင် မြေယာမဲ့မှုများနှင့် အသက်မွေးဝမ်းကျောင်းအခက်အခဲများကို ဖြစ်ပေါ်စေနိုင်သည်။

**၂၀၁၂ ခုနှစ်၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ** သည် အကျယ်အဝန်းအားဖြင့် ကြီးမားပြီး အသုံးမပြုထားသည့် မြေများကို သတ်မှတ်ဖော်ထုတ်ပြီး ပြည်တွင်းပြည်ပ အကြီးစားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများဝင်ရောက်လာလျှင် အဆင်သင့်ဖြစ်စေရန် ရည်ရွယ်ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ဧက ၅၀၀၀ အထိ နှစ်ပေါင်း (၃၀) ကြာ မြေငှားရမ်းလုပ်ကိုင်ခွင့်ပေးထားသည်။ ဤဥပဒေ၏ ထူးခြားချက်တစ်ခုမှာ လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသည့် မြေများကို မြေလွတ်၊ မြေလပ်များအဖြစ် သတ်မှတ်နိုင်ခြင်းဖြစ်သည်။ ထိုကြောင့် ဤဥပဒေလည်း လယ်ယာမြေအဖြစ် မှတ်ပုံတင်ထားခြင်း မရှိသည့် မြေများနှင့် ဓလေ့ထုံးတမ်းမြေများ၏ လုပ်ပိုင်ခွင့်လုံခြုံမှုအပေါ် သက်ရောက်မှု ရှိခဲ့သည်။ အထူးသဖြင့် အကြောင်းအမျိုးမျိုးကြောင့် မှတ်ပုံတင်ခြင်းမပြုခဲ့သူများကို နစ်နာစေနိုင်သည်။ ထို့ပြင် ယင်းသို့ မြေယာမှတ်ပုံတင်ပေးသည့် အစိုးရယန္တရားများမှာလည်း နေရာဒေသအလိုက် ခိုင်မာအားကောင်းမှု နည်းပါးသည့်အပြင်၊ ဝေးလံခေါင်းပါးသောတောင်ပေါ်ဒေသများရှိ လမ်းပမ်းဆက်သွယ်ရေးနှင့်ဘာသာစကားဆိုင်ရာ အခက်အခဲများကို ထည့်သွင်းစဉ်းစားထားမှုအလွန်အားနည်းခဲ့သည်ဟုဆိုရပါမည်။ သို့နှင့် ထိုမြေယာဥပဒေများသည် မြေသိမ်းဆည်းမှုများ လွယ်ကူချောမွေ့စေရန် လမ်းကြောင်းဖော်ပေးသကဲ့သို့ ဖြစ်နေသည်။

အထက်ပါဥပဒေနှစ်ရပ်ကို ရေးဆွဲရာတွင် ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေးမှု မရှိသလောက်ဖြစ်ခဲ့ပြီး၊ တောင်သူလယ်သမားများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ကန့်ကွက်မှုများကြားမှ အစိုးရက ထိုဥပဒေများကို အချိန်တိုအတွင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။ ထိုဥပဒေများနှင့် အခြားမြေယာဥပဒေများအရ မြေယာစီမံခန့်ခွဲမှုပြုလုပ်ရန်အတွက် ဖွဲ့စည်းထားသော အစိုးရ၏ မြေယာစီမံခန့်ခွဲရေးအဖွဲ့အစည်းများတွင် ဗဟိုအစိုးရဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကိုယ်စားလှယ်များပါဝင်ပြီး ဗဟိုချုပ်ကိုင်မှုစနစ်ဖြင့် မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ ဆုံးဖြတ်ချက်များ၊ မြေယာပြဿနာစီရင်မှုများ ပြုလုပ်ခဲ့သဖြင့် ပြည်သူလူထု၏ မြေယာအခွင့်အရေးနှင့် လူ့အခွင့်အရေးများ ထိန်းချုပ် ကန့်သတ်ခံခဲ့ရသည်။

ယခင်စစ်အာဏာရှင်အစိုးရအဆက်ဆက်နှင့် အရပ်သားတစ်ပိုင်းအစိုးရ (ဦးသိန်းစိန်အစိုးရ) လက်ထက်တွင် မြေသိမ်းဆည်းမှုနှင့် မြေအငြင်းပွားမှုများစွာ ရှိခဲ့သည်။ အဆိုပါမြေသိမ်းဆည်းမှုနှင့် မြေအငြင်းပွားမှုများကို အစိုးရ၏သက်ဆိုင်ရာ မြေယာစီမံအုပ်ချုပ်မှုအဖွဲ့များထံသို့ ချဉ်းကပ်ဖြေရှင်းနိုင်သည့်အပြင်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) ထံသို့လည်း တိုင်တန်းချက်များပေးပို့ကာ မြေယာအငြင်းပွားမှုများကို ဖြေရှင်းနိုင်ပါသည်။ MNHRC ၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအရ **MNHRC ထံသို့ ပေးပို့လာသည့် တိုင်တန်းချက်အမျိုးအစားတွင် မြေအငြင်းပွားမှုဆိုင်ရာ တိုင်တန်းချက်များသည် နှစ်စဉ်နှစ်တိုင်း (၂၀၁၄ မှ ၂၀၁၈ အထိ) အများဆုံးဖြစ်နေသည်ကို** တွေ့ရသည် (ဇယား-၆ ရှု)။ ထို့ကြောင့် မြန်မာနိုင်ငံ၏ မြေယာဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများသည် မြေသိမ်းဆည်းမှုနှင့် များစွာသက်ဆိုင်မှု ရှိနေနိုင်သည်ဟု ယူဆရပါမည်။

**ဇယား (၆) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) ထံသို့ ပေးပို့လာသော တိုင်တန်းချက်များ (၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ)**

| စဉ် | အမှုအမျိုးအစား | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | မြေအငြင်းပွားမှု | ၉၄၄ | ၆၂၆ | ၂၇၄ | ၁၃၆ | ၂၅၅ | ၂၂၃၅ |
| ၂ | တရားရေး | ၁၆၆ | ၁၄၁ | ၈၀ | ၄၁ | ၁၂၅ | ၅၅၃ |
| ၃ | ရဲမှု | ၈၆ | ၇၃ | ၄၃ | ၇၁ | ၁၃၇ | ၄၁၀ |
| ၄ | ဝန်ထမ်းရေးရာ | ၁၄၇ | ၉၂ | ၃၆ | ၃၀ | ၃၈ | ၃၄၃ |
| ၅ | အုပ်ချုပ်ရေးမှုး | ၉၆ | ၅၃ | ၂၄ | ၁၀ | ၅၇ | ၂၄၀ |
| ၆ | စည်ပင်သာယာ | ၄၂ | ၄၄ | ၁၅ | ၁၄ | ၄၀ | ၁၅၅ |
| ၇ | ငွေကြေး | ၄၄ | ၃၆ | ၂၅ | ၁၄ | ၃၂ | ၁၅၁ |
| ၈ | အမျိုးသမီး | ၁၇ | ၂၀ | ၉ | ၁၅ | ၅၉ | ၁၂၀ |
| ၉ | အလုပ်သမား | ၂ | ၁၅ | ၈ | ၁၄ | ၃၇ | ၇၆ |
| ၁၀ | အကျဉ်းထောင်မှု | ၄ | ၅ | ၁၀ | ၉ | ၂၀ | ၄၈ |
| ၁၁ | အကြမ်းဖက်မှု | ၁၇ | ၆ | ၃ | ၆ | ၉ | ၄၁ |
| ၁၂ | သာသနာရေး | ၈ | ၉ | ၂ | ၂ | ၇ | ၂၈ |
| ၁၃ | တပ်မတော် | ၂ | ၃ | ၂ | ၅ | ၁၇ | ၂၉ |
| ၁၄ | လူကုန်ကူး | ၁၁ | ၂ | ၂ | ၂ | ၄ | ၂၁ |
| ၁၅ | ကလေးသူငယ် | ၀ | ၄ | ၃ | ၅ | ၆ | ၁၈ |
| ၁၆ | ကလေးစစ်သား | ၅ | ၂ | ၁ | ၅ | ၃ | ၁၆ |
| ၁၇ | ရွှေ့နေလိုင်စင်အမှု | ၃ | ၃ | ၃ | ၃ | ၀ | ၁၂ |
| ၁၈ | Business and Human Rights | ၀ | ၀ | ၀ | ၀ | ၁၀ | ၁၀ |
| ၁၉ | လက်နက်ကိုင်အဖွဲ့အစည်း | ၀ | ၀ | ၁ | ၂ | ၃ | ၆ |
| ၂၀ | နိုင်ငံသားဖြစ်ခွင့် | ၀ | ၀ | ၀ | ၀ | ၃ | ၃ |
| ၂၁ | အခြား | ၂၄၅ | ၁၅၀ | ၇၀ | ၇၀ | ၁၈၀ | ၇၁၅ |
| | **စုစုပေါင်း** | **၁၈၃၉** | **၁၂၈၄** | **၆၁၁** | **၄၅၄** | **၁၀၄၂** | **၅၂၃၀** |

*ရင်းမြစ်* - မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) ၏ ၂၀၁၈ ခုနှစ်၊ နှစ်ပတ်လည် အစီရင်ခံစာ (၂၀၁၉ ခုနှစ်၊ မေလတွင် ထုတ်ပြန်သည်။) စာမျက်နှာ ၁၁၊ ဇယား (၂)။

### ၄.၁.၄ အရပ်သားတစ်ပိုင်း အစိုးရခေတ် (၂၀၁၆-လက်ရှိ)[၇]

၂၀၁၆ ခုနှစ်တွင် သမ္မတဦးထင်ကျော် ဦးဆောင်သော အရပ်သားတစ်ပိုင်းအစိုးရနှင့်၊ ၂၀၁၈ ခုနှစ် သမ္မတဦးဝင်းမြင့် ဦးဆောင်သော အရပ်သားတစ်ပိုင်းအစိုးရလက်ထက်တို့တွင်လည်း မြေယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းအချို့ ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် စတင်ရေးဆွဲခဲ့သော အမျိုးသားမြေအသုံးချမှုမူဝါဒ (မူကြမ်း) NLUP ကို ဦးထင်ကျော် ဦးဆောင်သည့် အစိုးရလက်ထက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ သို့ရာတွင် NLUP သည် ဥပဒေတစ်ရပ်မဟုတ်ဘဲ မြန်မာနိုင်ငံ၏ အနာဂတ်မြေယာ စီမံအုပ်ချုပ်မှုစနစ်အတွက် လမ်းညွှန်မှုမူဘောင်တစ်ခုအဖြစ်သာ ရှိနေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ဦးဆောင်သည့် အရပ်သားတစ်ပိုင်း အစိုးရလက်ထက်တွင် ပြဋ္ဌာန်းရန်ကြိုးပမ်းခဲ့သော နောက်ထပ်မြေယာဥပဒေမှာ မြေသိမ်းဥပဒေဖြစ်သည်။ အစိုးရသည် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းရန် ကြိုးပမ်းခဲ့သော်လည်း ပြည်သူလူထု၏ ကန့်ကွက်မှုများကြောင့် ထိုဥပဒေကြမ်းကို မပြဋ္ဌာန်းခဲ့ပေ။ သို့ရာတွင် ထိုဥပဒေကဲ့သို့ အလားတူ အကျိုးသက်ရောက်မှုများရှိနိုင်သည့် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၁၈ ခုနှစ်တွင် ကန့်ကွက်မှုများကြားမှ အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေသည် အားသာချက်များထက် အားနည်းချက်များစွာ (စာကွက်-၆ ရှု) ရှိနေပြီး အစဉ်အလာ ကျင့်သုံးလာခဲ့ကြသည့် ဓလေ့ထုံးတမ်း မြေယာစနစ်၏ လုံခြုံမှုကို ခြိမ်းခြောက်နေသဖြင့် ထိုဥပဒေကို ဖျက်သိမ်းပေးရန် မြေယာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများက တစိုက်မတ်မတ်တောင်းဆိုလာခဲ့ကြသည်။

သို့ရာတွင် အစိုးရသည် ထိုတောင်းဆိုမှုများကို ယနေ့ထိတိုင် လျစ်လျူရှုထားပြီး ပြဋ္ဌာန်းပြီး မြေယာဥပဒေများကို ဆက်လက်အကောင်အထည်ဖော်နေသည်။ (စာကွက်- ၇၊ ၈ နှင့် ၉ ရှု)

**စာကွက် (၆)**

## ၂၀၁၂ ခုနှစ် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈) အပေါ် သုံးသပ်ချက်များ

ဦးသိန်းစိန်အစိုးရလက်ထက် (၂၀၁၁-၂၀၁၆) တွင် ပြဋ္ဌာန်းခဲ့သော ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ဦးထင်ကျော်အစိုးရလက်ထက်(၂၀၁၆-၂၀၁၈)တွင် ပြင်ဆင်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၈)ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ပြင်ဆင်ချက်ဥပဒေကို အောက်ဖော်ပြပါရှုထောင့်များမှ သုံးသပ်တင်ပြသွားပါမည်။

**ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်း ။** ။ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်ချထားခြင်း၊ ငြင်းပယ်ခြင်း အခွင့်အာဏာတို့ကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီကသာ ချုပ်ကိုင်ထားသည်။ သို့ရာတွင် ၂၀၁၈ ခုနှစ်၊ ပြင်ဆင်ချက်ဥပဒေတွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေအဆင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီတို့ကို ဖွဲ့စည်းထားပြီး ၎င်းတို့ကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲခွင့်အာဏာအချို့ ခွဲဝေပေးထားသည်။ ထို့ပြင် ကော်မတီအဆင့်ဆင့်၏ လုပ်ပိုင်ခွင့်အာဏာများကိုလည်း ယင်းပြင်ဆင်ချက်ဥပဒေထဲတွင် ပြဋ္ဌာန်းထားသည်။ ဥပမာ- ပြည်နယ်/တိုင်းဒေသကြီးအဆင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးအဖွဲ့တို့သည် ဧက ၃၀၀ နှင့်အောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စီမံခန့်ခွဲပိုင်ခွင့်ရှိပြီး ပြည်ထောင်စုအဆင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီသည် ဧက ၃၀၀ အထက်

---

[၇] အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီဦးဆောင်သောအစိုးရလက်ထက်တွင်လည်းလွှတ်တော်နှင့်အစိုးရနှစ်ရပ်လုံးတွင်လူထုရွေးကောက်ခံမဟုတ်သော ကိုယ်စားလှယ်များပါဝင်နေခြင်း၊ အရေးပါသော အစိုးရဝန်ကြီးဌာန (၃)ခု - ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အတွက် ပြည်ထောင်စုဝန်ကြီးများ၏ အမည်စာရင်းကို ကာကွယ်ရေးဦးစီးချုပ်က တင်သွင်းခန့်အပ်ခြင်းတို့ကြောင့် လက်ရှိအစိုးရကိုလည်း အရပ်သားတစ်ပိုင်း အစိုးရဟု သတ်မှတ်ကြသည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စီမံခန့်ခွဲပိုင်ခွင့်အာဏာများ အပ်နှင်းထားသည်။ ထို့ကြောင့် ပြင်ဆင်ချက်ဥပဒေသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ပြည်နယ်/ တိုင်းဒေသကြီးများအား လုပ်ပိုင်ခွင့်အချို့ ပေးထားသဖြင့် ဥပဒေအရဗဟိုချုပ်ကိုင်မှုဖြေလျော့မှုအချို့ရှိသည်။

**အားလုံးပါဝင်မှု ။** ။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စီမံခန့်ခွဲသည့် အဆင့်ဆင့်သော ကော်မတီများ၏ ဖွဲ့စည်းပုံကို လေ့လာကြည့်လျှင် ယခင်ဥပဒေ (၂၀၁၂) အရ ဖွဲ့စည်းထားသောကော်မတီတွင် အစိုးရဌာနဆိုင်ရာ ပုဂ္ဂိုလ်များသာ ပါဝင်ခဲ့ပြီး ပြင်ဆင်ချက်ဥပဒေအရ ဖွဲ့စည်းထားသော ပြည်နယ်/တိုင်းဒေသကြီးအဆင့် ကော်မတီများတွင် အစိုးရဌာနများမှကိုယ်စားလှယ်များအပြင် ပြင်ပပညာရှင်နှင့်တိုင်းရင်းသား ကိုယ်စားလှယ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များလည်း ပါဝင်သည်။ ထို့ကြောင့် ပြင်ဆင်ချက်ဥပဒေသည် ပြင်ပပညာရှင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အရပ်ဘက် ကိုယ်စားလှယ်များက ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီများတွင် ပါဝင်ခွင့်ကိုပေးထားသဖြင့် သက်ဆိုင်သူများအားလုံးပါဝင်မှုစံနှုန်းကို ဥပဒေအရ တရားဝင်အသိအမှတ်ပြုထားသည်။ သို့ရာတွင် လက်တွေ့တွင် တိုင်းရင်းသားကိုယ်စားလှယ်များသည် အမည်ခံအဖြစ်သာပါဝင်နေပါက သက်ဆိုင်ရာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ချမှတ်သည့်ဖြစ်စဉ်များတွင်အဓိပ္ပါယ်ရှိစွာ ပါဝင်လွှမ်းမိုးနိုင်မှုမှာ မေးခွန်းထုတ်စရာရှိနိုင်သည်။ ထို့ကြောင့် ကော်မတီတွင်ပါသည့် လူထုကိုယ်စားလှယ်များသည် ပြည်သူ့လူထုအကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးသည့် ကော်မတီအဖွဲ့ဝင်များဖြစ်ရန် အလွန်အရေးကြီးပါသည်။

**ပြည်သူများအား အသိပေးခြင်း ။** ။ ပြင်ဆင်ချက်ဥပဒေပါ ပုဒ်မ ၂၂ (ခ) အရ ဥပဒေပြဋ္ဌာန်းပြီး (၆) လအတွင်း သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်ဟု ဖော်ပြထားသည်။ ထို့ပြင် ယင်းပြင်ဆင်ချက်ဥပဒေအရ ဖွဲ့စည်းထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများကို ရယူအသုံးပြုလျက်ရှိသည့် ပုဂ္ဂိုလ်၊အဖွဲ့အစည်းများအနေဖြင့်မှတ်ပုံတင်ရန်နှင့် ဗဟိုကော်မတီ၏ခွင့်ပြုချက်မရဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြုသည့်မည်သူ့ကိုမဆို ကျူးကျော်သူများအဖြစ် အရေးယူခံရမည်ဟုသည့် အသိပေးအကြောင်းကြားချက်အား ထုတ်ပြန်ခဲ့သည်။ သို့ရာတွင် မည်သည့်မြေများသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖြစ်သည်ကို အများပြည်သူသိအောင် မြေယာဆိုင်ရာအချက်အလက်များ ထုတ်ပြန်အသိပေးခြင်း မရှိသည့်အပြင် ထိုအသိပေးချက်အတိုင်း မြေယာမှတ်ပုံတင်လိုသည့် ပြည်သူများရှိသည့်တိုင် အလွယ်တကူ လက်လှမ်းမီနိုင်သည့် မြေယာမှတ်ပုံတင်မှုဆိုင်ရာ ယန္တရားများလုံလောက်မှုမရှိသေးပေ။ ထို့ကြောင့်"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ" ကို မှတ်ပုံတင်ရန်အချိန်ကန့်သတ်မှုမှာ လက်တွေ့မကျပေ။

မြန်မာနိုင်ငံတွင် အသုံးပြုနေသော မြေယာအများစုကို စနစ်တကျမှတ်ပုံတင်ထားခြင်း မရှိကြပါ။ သို့နှင့် ဆိုခဲ့သည့် ဥပဒေများ၊ ပြင်ဆင်ချက်ဥပဒေများနှင့် ထိုဥပဒေများနှင့်ဆိုင်သော စည်းကမ်းများ၊ သတ်မှတ်ချက်များသည် ခေတ်အဆက်ဆက် မည်သည့်အစိုးရထံတွင်မှ ခွင့်ပြုချက် ရယူခဲ့ခြင်းမရှိဘဲ ဘိုးဘွားပိုင်မြေယာများကို ဓလေ့ထုံးတမ်းများအရ နှစ်ပေါင်းများစွာ လက်ဆင့်ကမ်း စိုက်ပျိုးလုပ်ကိုင်လာကြသော တိုင်းရင်းသားဒေသရှိ ပြည်သူလူထု၏မြေယာများလုံခြုံမှုကိုခြိမ်းခြောက်သကဲ့သို့ ဖြစ်နေပါသည်။ အထူးသဖြင့် ပြင်ဆင်ချက်ဥပဒေပြဋ္ဌာန်းပြီး နောက်ပိုင်းတွင် အစိုးရမြေစာရင်းရုံးများတွင် တရားဝင်မှတ်ပုံတင်ထားခြင်း မရှိသေးသော ကျေးလက်ဒေသရှိ ကျေးရွာဘုံပိုင်မြေအချို့ကို ဥပဒေ၏အားနည်းချက်ကို နားလည်သည့် ငွေရှင်ကြေးရှင်တို့က "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ" အဖြစ် အသုံးပြုခွင့်လျှောက်ထား ရယူခြင်းမျိုးလည်းရှိနေသည်။ ဥပဒေအရ ထိုမြေအသုံးပြုမှုအတွက် မည်သူမဆို တစ်လအတွင်း ကန့်ကွက်လွှာတင်ခွင့်ရှိသော်လည်း သက်ဆိုင်ရာအစိုးရ မြေစာရင်းဌာနမှ တာဝန်ခံအချို့သည် ကန့်ကွက်လွှာတင်သွင်းနိုင်သည့် အချိန်ကုန်ခါနီးမှသာ ကန့်ကွက်လွှာတင်သွင်းရန် ကြေညာစာကို ထုတ်ပြန်ကြေညာတတ်ကြပြီး မြေအသုံးပြုခွင့်လျှောက်ထားသည့် ငွေရှင်ကြေးရှင်များကိုသာ ကာကွယ်ပေးခဲ့သည်များလည်း ရှိနေသည်။ ထို့ပြင် သုတေသနတွေ့ရှိချက်အရ မြေလျှောက်ထားသူသည် ဩဇာရှိသူ သို့မဟုတ် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်နွယ်သူဖြစ်နေလျှင် လူထုအနေဖြင့် ကန့်ကွက်ရန်မဝံ့မရဲဖြစ်စေသည်။ ထို့ကြောင့် "မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ" အသုံးပြုခွင့်များကိုချပေးရာတွင် ပြည်သူလူထုအား အသိပေးအကြောင်းကြားသည့် လုပ်ငန်းစဉ်များသည် လက်တွေ့မကျသည့် အပြင် လုံလောက်မှုမရှိဟု ဆိုရပါမည်။

**သဘောတူညီချက်များကို ညှိနှိုင်းရယူခြင်း ။** ။ ပြင်ဆင်ချက်ဥပဒေပါ ပုဒ်မ ၁၅ (ဂ) အရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ပေးထားသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လုပ်ကိုင်ခွင့်ရရှိထားသော တောင်သူလယ်သမားများရှိပါက ၎င်းတို့၏ သဘောတူညီချက်ကိုရယူပြီးမှသာ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဟု ဖော်ပြပါရှိသည်။ သို့ရာတွင် သဘောတူညီချက်များကို မည်သို့ညှိနှိုင်းရယူသွားနိုင်သည်ကို ဖော်ပြထားခြင်းမရှိပါ။ ပြင်ဆင်ချက်ဥပဒေအရ သက်ဆိုင်သူများထံမှ သဘောတူညီချက်ရယူရန် လိုအပ်လာသဖြင့် မသမာသူအချို့သည် သဘောတူညီချက်များကို မရိုးသားသောနည်းလမ်းများဖြင့် ရယူလာနိုင်သည်။ ချမ်းသာကြွယ်ဝသော ငွေကြေးရှင်များက ဆင်းရဲချို့တဲ့သော တိုင်းရင်းသားပြည်သူများထံမှ ဓလေ့ထုံးတမ်းအရ စိုက်ပျိုးလုပ်ကိုင်လာသည့် ၎င်းတို့၏ ဘိုးဘွားပိုင်မြေများကို ငွေကြေးအမြောက်အများ ပေးပြီး ရယူလာနိုင်သည်။ ထို့အပြင် အချို့သောမြေများသည် ဒုက္ခသည်နှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူတို့၏ မြေယာများဖြစ်နိုင်သဖြင့် ၎င်းတို့၏မြေယာအခွင့်အရေးများကို လျစ်လျူရှုရာလည်း ရောက်နိုင်သည်။ ထို့ကြောင့် "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ" အသုံးပြုခွင့်အတွက် သက်ဆိုင်ရာပြည်သူလူထု၏ သဘောတူညီချက်များကို ညှိနှိုင်းရယူရာတွင် တစ်ဘက်သတ် ဖိအားပေးမှု မရှိရန် လိုပါသည်။

**နည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်များ ။** ။ ပြင်ဆင်ချက်ဥပဒေ၏ ပုဒ်မ ၃၀-က အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း မြေအမျိုးအစားတွင် မပါဝင်သော မြေအမျိုးအစား (၃) မျိုးတွင် တောင်ယာမြေနှင့် ဓလေ့ထုံးတမ်းမြေများ ပါဝင်သည်။ သို့ရာတွင် ထိုမြေအမျိုးအစားများကို အကာအကွယ်ပေးထားသည့် သက်ဆိုင်ရာနည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်များလည်း မထွက်လာသေးပါ။ အစိုးရသည် တိုင်းရင်းသားဒေသအချို့တွင် လက်ရှိအချိန်အထိ ကျင့်သုံးနေသော ဓလေ့ထုံးတမ်းမြေ လုပ်ပိုင်ခွင့်စနစ်များကို စနစ်တကျမှတ်ပုံတင်သည့် အစီအစဉ်များမရှိသေးသည်ကို တွေ့ရသည်။ ထို့ကြောင့် ပြင်ဆင်ချက်ဥပဒေသည် တိုင်းရင်းသားဒေသရှိ ဓလေ့ထုံးတမ်း မြေယာအခွင့် အရေးများ၏လုံခြုံမှုကို အာမခံချက်အပြည့်အဝ အာမမခံနိုင်သေးသည်ကို တွေ့ရှိရသည်။

**ဥပဒေပြုလုပ်ငန်းစဉ်တွင် လူထုနှင့် တိုင်ပင်ဆွေးနွေးမှု ။** ။ ပြင်ဆင်ချက်ဥပဒေကို လွှတ်တော်တွင်ဆွေးနွေးခဲ့စဉ်က ကန့်ကွက်မှုများရှိခဲ့သော်လည်း အတည်ပြုပြဋ္ဌာန်းခဲ့သည်။ သက်ဆိုင်ရာ အစုအဖွဲ့များ၊ လူထုတို့နှင့် တိုင်ပင်ဆွေးနွေးမှုများ၊ ၎င်းတို့ထံမှ သဘောထားရယူမှုများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခဲ့ခြင်းမရှိပေ။ နောက်ဆက်တွဲအကျိုးဆက်မှာ မြေယာအရေးလှုပ်ရှားဆောင်ရွက်နေသော အရပ်ဖက်လူမှုအဖွဲ့အစည်းများအပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီအချို့တို့ကပါ ထိုပြင်ဆင်ချက်ဥပဒေကို လုံးဝဖျက်သိမ်းပေးရန်ကြေငြာချက်များထုတ်ပြန်ကာ ပြင်းထန်စွာကန့်ကွက်ခဲ့ကြသည်။ ပြင်ဆင်ချက်ဥပဒေကို သိရှိနားလည်မှုမရှိခြင်း၊ သိရှိသော်လည်း လက်မခံခြင်း၊ တိုင်းရင်းသားဒေသအချို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ မြေယာဥပဒေဖြင့်မြေစီမံအုပ်ချုပ်မှုများရှိနေခြင်းတို့ကြောင့် ပြင်ဆင်ချက်ဥပဒေသည် နိုင်ငံတစ်ဝန်း အကျိုးသက်ရောက်မှုမရှိသည်ကို တွေ့ရသည်။



စာကွက် (၇)

## NLD ဦးဆောင်သည့်အရပ်သားတစ်ပိုင်းတစ်စိုးရလက်ထက် မြေစီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေမူဘောင်များ

**၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ**

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် နိုင်ငံအတွင်းရှိ မြေများနှင့် သယံဇာတများအားလုံးကို နိုင်ငံတော်ကပိုင်ဆိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့အပြင် နိုင်ငံတော်သည် မြေယာအပါအဝင် ပစ္စည်းပိုင်ခွင့်များကိုလည်း ကာကွယ်ရမည့် တာဝန်ရှိသည်ဟုလည်း ပြဋ္ဌာန်းထားသည်။

**၂၀၀၈ ဖွဲ့စည်းပုံပါ မြေယာဆိုင်ရာ ပြဋ္ဌာန်းချက်အချို့**

| ပုဒ်မများ | ပြဋ္ဌာန်းချက်များ |
|---|---|
| ၃၇ (က) | နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်။ |
| ၃၇ (ဂ) | နိုင်ငံတော်သည် နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်။ |
| ၃၅၆ | နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်။ |
| ၃၇၂ | ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကိုဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်။ |

**မြေယာဆိုင်ရာ ပြဋ္ဌာန်းဥပဒေများ**

**၁၉၈၄ မြေသိမ်းအက်ဥပဒေ** သည် ဗြိတိသျှကိုလိုနီခေတ်တွင် ပြဋ္ဌာန်းခဲ့သောဥပဒေဖြစ်ပြီး မကြာသေးမီအချိန်ထိ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့အထိ) ကျင့်သုံးလာခဲ့သည့် ဥပဒေတစ်ခုဖြစ်သည်။ အဆိုပါ ဥပဒေပါ ပြဋ္ဌာန်းချက်အချို့သည် ယနေ့ခေတ်နှင့် မလျော်ညီသည့်အချက်များပါရှိခြင်းကြောင့် ထိုဥပဒေကိုပြင်ဆင်ရန် ၂၀၁၇ ခုနှစ်တွင် မြေသိမ်းဥပဒေ (မူကြမ်း)ကို လွှတ်တော်တွင် ဆွေးနွေးခဲ့သော်လည်း အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းမရှိခဲ့ပေ။ ထို့အပြင် ၂၀၁၈ ခုနှစ်တွင် အဆိုပါ မြေသိမ်းဥပဒေကြမ်းကို ပြင်ဆင်ဖြည့်စွက်ပြီး မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် ယင်းဥပဒေကြမ်းပါ "အများပြည်သူအကျိုးအလို့ငှာ" ဟူသည့် အကြောင်းပြချက်ဖြင့် မြေသိမ်းဆည်းခွင့်မှာ ယခုတိုင်အငြင်းပွားစရာဖြစ်နေသည့်အပြင်၊ တိုင်းရင်းသားဒေသရှိ ဓလေ့ထုံးတမ်း မြေယာများကို အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များမပါရှိခြင်းကြောင့် ပြည်သူလူထုနှင့် မြေယာအရေးလှုပ်ရှားဆောင်ရွက်သူများက ကန့်ကွက်ခဲ့ကြသည်။

ထိုကန့်ကွက်မှုများကြောင့် ထိုဥပဒေကြမ်းကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့တွင် မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းပြီး ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေကို ဖျက်သိမ်းလိုက်သည်။

**၂၀၁၂ လယ်ယာမြေဥပဒေ**အရ လယ်ယာမြေလုံခြုံမှုရှိရေးအတွက် လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် (ပုံစံ-၇) ထုတ်ပေးသည့် အစီအစဉ်ကို ဖန်တီးထားသည်။ ပုံစံ-၇ ဖြင့် လယ်ယာမြေများကို ရောင်းဝယ်၊ ပေါင်နှံ၊ ငှားရမ်း၊ အမွေဆက်ခံ စသည့် မြေယာလွှဲပြောင်းပိုင်ခွင့်များ ပေးထားသည်။ အစိုးရသတ်မှတ်ထားသော ဘဏ်များတွင် စိုက်ပျိုးရေးစရိတ်ချေးငွေများ ထုတ်ယူခွင့်ရှိသည်။ သို့ရာတွင် ပုံစံ-၇ သည် လယ်ယာမြေလုပ်ကိုင်ခွင့်သာဖြစ်ပြီး လယ်ယာမြေပိုင်ဆိုင်ခွင့် မဟုတ်ပါ။ ဆိုလိုသည်မှာ

အစိုးရသည် လူထုစိုက်ပျိုးလုပ်ကိုင်နေသည့် လယ်ယာမြေများကို အချိန်မရွေးပြန်လည်သိမ်းယူနိုင်သည်။ ထို့ပြင် ပုံစံ-၇ ကို လျှောက်ထားရာတွင် အချို့သော တောင်သူလယ်သမားအတွက် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အလွယ် တကူ ရယူနိုင်ခဲ့သော်လည်း အချို့မှာ နှစ်၊ လနှင့်ချီပြီးစောင့်ဆိုင်းပြီးသည့်တိုင်မရရှိကြပေ။ ပုံစံ-၇ လျှောက်ရာတွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးမှ တစ်ဆင့် မြို့နယ်နှင့် ခရိုင်အဆင့်သို့ အဆင့်ဆင့်လျှောက်ထားရသည့်အပြင်၊ အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့များ၏ လာဘ်စားမှု၊ တာဝန်ယူတာဝန်ခံမှု မရှိခြင်းတို့ကြောင့် လယ်သမားအများအပြား ထိုအသိအမှတ်ပြု လက်မှတ်မရရှိကြသေးပါ။

ထို့အပြင် ဝေလံခေါင်းပါးသော ဒေသများရှိ ကျေးလက်နေတိုင်းရင်းသားပြည်သူများသည် မြေယာဥပဒေဆိုင်ရာ အသိပညာများ မရှိကြသောကြောင့်လည်းကောင်း၊ ဘာသာစကားနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့်လည်းကောင်း၊ မိမိတို့၏ ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ်အရ အသိအမှတ်ပြုမှုကိုသာ ပဓာနအားဖြင့် အားကိုးအားထားပြုကြသဖြင့်၊ တိုင်းရင်းသားဒေသများရှိ မြေယာလုပ်ကွက်အများစုမှာ ပုံစံ-၇ မရှိကြပါ။ ယင်းသို့ ပုံစံ-၇ မရှိသဖြင့် စိုက်ပျိုးရေးစရိတ်အတွက် ဘဏ်တွင်ငွေချေးယူပိုင်ခွင့် အခွင့်အလမ်းများ ဆုံးရှုံးသည့်အပြင် မိမိတို့မြေယာများကို ဥပဒေနားလည်သူများက ပုံစံ-၇ လျှောက်ပြီး သိမ်းယူခံရနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်ကြရသည်။ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုခု၏စီမံအုပ်ချုပ်မှု နယ်နိမိတ်အတွင်း မကျရောက်သည့် နယ်မြေများရှိဓလေ့ထုံးတမ်း မြေယာများနှင့် တောင်ယာမြေများ၏ လုံခြုံမှုသည် စိုးရိမ်ဖွယ်ရာဖြစ်နေသည်။ အထူးသဖြင့် စစ်ဘေးဒဏ်ကြောင့်နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည့် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ၏မြေယာလုံခြုံမှုမှာ နိုင်ငံရေးရာသီဥတုနှင့် များစွာဆက်နွယ်နေသည်။

**၂၀၁၆ ခုနှစ် အမျိုးသားမြေအသုံးချမှုမူဝါဒ**သည် အခြားမြေယာဥပဒေများနှင့်နှိုင်းယှဉ်လျှင် အတော်အသင့် ကောင်းမွန်သော မြေယာမူဝါဒဖြစ်သည်။ နိုင်ငံတစ်ဝှမ်းရှိ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ အကြံပြုဆွေးနွေးမှုများမှ ထွက်ရှိလာသော မူဝါဒဖြစ်ခြင်း၊ တိုင်းရင်းသားဒေသရှိ တောင်ယာနှင့် ဓလေ့ထုံးတမ်းမြေယာစနစ်တို့ကို အသိအမှတ်ပြုထားခြင်းတို့ကြောင့် ကောင်းမွန်သော မြေအသုံးချမှုမူဝါဒအဖြစ် အများကရှုမြင်နေကြသည်။ ဤဥပဒေအရ အမျိုးသားမြေဥပဒေတစ်ရပ်ထွက်ပေါ်လာရန် အမျိုးသားမြေအသုံးချမှုကောင်စီကို ဗဟိုအဆင့်တွင် ဖွဲ့စည်းခဲ့ပြီး၊ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့်တို့တွင် ဆက်လက်ဖွဲ့စည်းသွားရန်ရှိသည်ဟု သိရသည်။

သို့ရာတွင် ၂၀၁၆ ခုနှစ် အမျိုးသားမြေအသုံးချမှုမူဝါဒသည် မြေအသုံးချမှုကို လမ်းညွှန်မှုပေးသည့် မူဝါဒသာဖြစ်ပြီး ဥပဒေမဟုတ်သဖြင့် ဥပဒေကဲ့သို့ စည်းနှောင်အားမရှိပါ။ ဓလေ့ထုံးတမ်းမြေယာစနစ်ကို အသိအမှတ်ပြုသည့် တိကျ ရှင်လင်းသောစနစ်တစ်ခု မရှိသေးသည့်အပြင်၊ မူဝါဒတွင် ဖော်ပြထားသည့်အတိုင်း ပြည်နယ်/ တိုင်းဒေသကြီးအဆင့်တွင် အမျိုးသားမြေအသုံးချမှုကော်မတီများ ဖွဲ့စည်းနိုင်ခြင်းမရှိသေးပါ။ ထို့အပြင် အဆိုပါ အမျိုးသားမြေအသုံးချမှုမူဝါဒနှင့် အခြားမြေယာဥပဒေတို့၏ သဟဇာတဖြစ်မှုမှာလည်း မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။ ထို့ကြောင့် ၂၀၁၆ ခုနှစ် အမျိုးသားမြေ အသုံးချမှုမူဝါဒသည် လူထု၏ မြေယာလုံခြုံမှုအတွက် မည်မျှအာမခံချက်ပေးနိုင်သည် ဆိုသည့်အချက်မှာ ယခုတိုင်မရေမရာ ဖြစ်နေသည်။

**၂၀၁၆ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ** သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတိုးပွားရေးအတွက် ဦးတည်ရေးဆွဲထားသော ဥပဒေဖြစ်သည်။ ဤဥပဒေတွင် မြေအသုံးပြုခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များပါရှိပြီး မြေ သို့မဟုတ် အဆောက်အအုံငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ကာလများကို သတ်မှတ်ထားသည်။ မြေငှားရမ်းခွင့်ကို နှစ်ပေါင်း ၇၀ အထိ (ကနဦးနှစ် ၅၀နှင့် ပထမနှင့် ဒုတိယသက်တမ်းတိုး ၁၀ နှစ်စီ) ပေးထားသည်။ ထို့ပြင် ခွင့်ပြုချက်ရထားသည့် ရင်းနှီးမြှုပ်နှံမှုများသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ချက်များကို လုပ်ငန်း ဆောင်ရွက်နေသည့် ကာလတစ်လျှောက် ပြုလုပ်သွားရန်နှင့် မြန်မာနိုင်ငံ၏ သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံ တင်ပြသွားရန် လိုအပ်သည်။

သို့ရာတွင် ၂၀၁၆ ခုနှစ်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၏ မြေအသုံးပြုခွင့်နှင့် အခွန်ဖြေလျှော့မှုများသည် ရင်းနှီးမြှုပ်နှံလိုသူငွေရှင်ကြေးရှင်တို့အတွက် မက်လုံးများဖြစ်သော်လည်း မြေယာလုပ်ကိုင်ခွင့် အထောက်အထားခိုင်မာမှုမရှိသော ဒေသခံပြည်သူများ၏ မြေယာလုံခြုံမှု ထိခိုက်လာမည်ကို စိုးရိမ်မှုများရှိသည်။ အထူးသဖြင့် တိုင်းရင်းသားဒေသများအတွင်း ရင်းနှီးမြှုပ်နှံ

မှုကို အထူးအားပေးနေသဖြင့် အသစ်ပြဋ္ဌာန်းလိုက်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသည် တိုင်းရင်းသားဒေသများရှိ ပြည်သူများ၏ မြေယာလုံခြုံမှုအပေါ် သက်ရောက်မှုရှိစေသည့် ဥပဒေတစ်ရပ်ဖြစ်သည်။ ထို့အပြင် လွန်ခဲ့သည့်နှစ်များအတွင်း အကြီးစား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အချို့ကို ပြည်သူများ ကန့်ကွက်နေသည့်ကြားမှခွင့်ပြုရန် ကြိုးပမ်းမှုများလည်း ရှိခဲ့သည်။ ဥပမာ - ၂၀၁၇ ခုနှစ်တွင် ကရင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၈၀ ထုတ်လုပ်မည့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ဒေသခံပြည်သူများသာမက နိုင်ငံအနှံ့မှ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ပတ်ဝန်းကျင်အရေးလှုပ်ရှားတက်ကြွသူများ ကန့်ကွက်နေသည့်ကြားမှ ကရင်ပြည်နယ်အစိုးရက အကောင်အထည်ဖော်တည်ဆောက်ရန် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် လက်ရှိတည်ဆဲ ၂၀၁၄ ခုနှစ် လျှပ်စစ် ဥပဒေ (ပုဒ်မ ၉-က) အရ အကြီးစားလျှပ်စစ်ဓာတ်အား (မဂ္ဂါဝပ် ၃၀ ထက်ပိုသော) စီမံခန့်ခွဲခွင့်ကို ပြည်ထောင်စုအစိုးရသာ လုပ်ကိုင်ခွင့်ရှိပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရတို့သည် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား (မဂ္ဂါဝပ် ၃၀ နှင့် မဂ္ဂါဝပ် ၁၀ ထက်မပိုသော) စီမံကိန်းမျိုးကိုသာ လုပ်ကိုင်ခွင့်ရှိသည်။ နောက်ဆုံးအခြေအနေအရ ပြည်ထောင်စုအစိုးရက အဆိုပါစီမံကိန်းကို ခွင့်ပြုခြင်းမရှိသေးသဖြင့် ရပ်ဆိုင်းထားသည်။

**၂၀၁၈ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေ**သည် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေကို ပြင်ဆင်သည့် ဥပဒေဖြစ်သည်။ ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွင်း စိုက်ပျိုးလုပ်ကိုင်နေပါက သို့မဟုတ် စိုက်ပျိုးလုပ်ကိုင်လိုပါက ထိုဥပဒေကိုအတည်ပြု ပြဋ္ဌာန်းပြီး (၆) လအတွင်း မှတ်ပုံတင်ရန် (သို့မဟုတ်) အသိအမှတ်ပြုလက်မှတ် ရရှိရေးအတွက် လျှောက်ထားရန် လိုအပ်သည်။ ယခင် ၂၀၁၂ ခုနှစ် ဥပဒေနှင့် ၂၀၁၈ ခုနှစ် ပြင်ဆင်ချက်ဥပဒေတို့၏ အဓိကကွာခြားချက်အချို့မှာ လက်ရှိပြင်ဆင်ချက်ဥပဒေတွင် ပြည်နယ်အစိုးရ၏လုပ်ပိုင်ခွင့်ကို အနည်းငယ်တိုးပေးထားသည်။ ယခင်ဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသာ ရှိပြီး၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ဗဟိုကသာ စီမံခန့်ခွဲခွင့်ရှိသည်။ ယခုဥပဒေတွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်တို့တွင် ကော်မတီများ ဖွဲ့စည်းထားပြီး၊ ပြည်နယ်/တိုင်း ဒေသကြီးအဆင့်ကော်မတီများအားဧက(၃၀)နှင့်အောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလျှောက်ထားမှုကို ခွင့်ပြုချက်ထုတ်ပေးခွင့် ပြုထားသည်။ ထို့အပြင် ပြင်ဆင်ချက်ဥပဒေ၏ ပုဒ်မ-၃၀ (က)၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့တွင် ပြင်ဆင်ချက်ဥပဒေနှင့် သက်ဆိုင်မှုမရှိသော မြေအမျိုးအစားများကို ဖော်ပြထားသည်။ ထိုမြေများတွင် တောင်ယာမြေနှင့် ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံး တမ်းစဉ်လာအရသတ်မှတ်မြေများကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအဖြစ်သတ်မှတ်ခံရမှုမှ အကာအကွယ် ပေးထားသည့်သဘောရှိသည်။

သို့ရာတွင် အဆိုပါမြေများကိုလည်း လက်တွေ့တွင် စနစ်တကျမှတ်တမ်းတင်ထားခြင်းနှင့် အသိအမှတ်ပြုထားခြင်း မရှိသဖြင့် အငြင်းပွားစရာ ရှိနေပါသည်။ ထို့အပြင် အစိုးရ၏ မြေစာရင်းနှင့် မြေပုံများသည် မြေပြင်တွင်ရှိနေသည့် မြေအသုံးချမှုပုံစံအပြောင်းအလဲများကို အပြည့်အဝ သို့မဟုတ် လုံးဝထင်ဟပ်မှု ရှိမနေပါ။ (၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ကျင်းပသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၁ ကြိမ်မြောက် လုပ်ငန်းအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် ယာယီစာရင်းအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧက ၄၇ သန်းကျော် ရှိသည်ဟု ပြောကြားခဲ့သော်လည်း) မည်သည့်မြေသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဖြစ်သည်ကို သာမန် တိုင်းရင်းသားပြည်သူများအနေဖြင့် သိရှိနိုင်ရန် အလွန်ခက်ခဲပါသည်။ ထို့အပြင် ဆိုခဲ့သည့်ဥပဒေနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေးမှု အလွန်အမင်း အားနည်းလှပါသည်။ အချို့နေရာများတွင် ယင်းသို့သော ပညာပေးအစီအစဉ်များ လုံးဝမရှိခဲ့ပါ။ ဆိုခဲ့သည့်ဥပဒေပြဋ္ဌာန်းပြီးနောက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို မှတ်ပုံတင်ရန်အတွက် ခွင့်ပြုထားခဲ့သည့်အချိန်မှာ (၆)လတည်းသာရှိသဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့်ကြည့်လျှင် အချိန်အလွန် တိုတောင်းလှသည်ဟု ဆိုရပါမည်။ အရေးကြီးဆုံးအချက်မှာ ထိုပြင်ဆင်ချက်ဥပဒေသည် တိုင်းရင်းသားပြည်သူများ အစဉ်အလာ နေထိုင်အသက်မွေးဝမ်းကျောင်း ခဲ့ကြသည့် ဓလေ့ထုံးတမ်းမြေယာများ၏ လုံခြုံမှုကို အတိအလင်းခြိမ်းခြောက်နေခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဤဥပဒေကို ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့ကြခြင်း ဖြစ်သည်။

**၂၀၁၈ သစ်တောဥပဒေ**သည် ၁၉၉၂ ခုနှစ် သစ်တောဥပဒေကို အစားထိုးပယ်ဖျက်ထားသည့် ဥပဒေဖြစ်ပြီး၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းကာကွယ်သည့် ပြဋ္ဌာန်းချက်များ

ပါရှိသည်။ ဥပမာ - သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်း၊ ကြိုးဝိုင်းတော တစ်ခုလုံးကိုဖြစ်စေ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကြိုးဝိုင်းတောအမျိုးအစား ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ကြိုးပြင်ကာကွယ်တောအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းတို့ ပါရှိသည်။ ထို့အပြင် ဒေသခံတို့၏ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝသစ်တောနှင့် ဒီရေတောများကို အသိမှတ်ပြုသည့် ပြဌာန်းချက်များ ပါရှိသည်။ ဤဥပဒေမပြဌာန်းမီ ထုတ်ပြန်ခဲ့သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ ညွှန်ကြားချက် (CFIs) ကို ထုတ်ပြန် ခဲ့ပြီး သစ်တောစီမံအုပ်ချုပ်မှုတွင် ပြည်သူလူထုပါဝင်မှုကို အားပေးထားသည်။

သို့သော် လက်တွေ့မြေပြင်အနေအထားတွင် တိုင်းရင်းသားဒေသများရှိ ကျေးရွာအချို့သည် ရှေးယခင်ခေတ် အဆက်ဆက်ဖြစ်ပွားခဲ့သော စစ်ဘေးစစ်ဒဏ်များကြောင့် ပြောင်းရွှေ့အခြေချနေထိုင်မှုများရှိခဲ့ပြီး အချို့သော ကျေးရွာများမှာ အစိုးရ သစ်တောဌာန၏ မြေပုံများအရ ကြိုးပြင်ကာကွယ်တောများတွင် ကျရောက်နေသဖြင့်၊ ထိုဒေသရှိ တိုင်းရင်းသား ပြည်သူများအနေဖြင့် မိမိတို့၏ အိမ်ခြံမြေများနှင့် တောင်ယာမြေများ ဆုံးရှုံးသွားမည်ကို စိုးရိမ်မကင်း ဖြစ်နေကြသည်။ ၂၀၁၉ ခုနှစ် မေလတွင် ထပ်မံပြဌာန်းလိုက်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ ညွှန်ကြားချက် များနှင့်အတူ ပြည်သူလူထုကိုယ်တိုင် သစ်တောစီမံအုပ်ချုပ်မှုကို ကနဦး နှစ် (၃၀) ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ပေးထား သော်လည်း နိုင်ငံရေးအပြောင်းအလဲကြောင့် ထိုလုပ်ပိုင်ခွင့်များ ပြန်လည်ရုတ်သိမ်းသွားမည်ကို စိုးရိမ်နေမှုများလည်း ရှိနေ သည်။

**၂၀၁၉ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့်ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ**ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့တွင် အတည်ပြုပြဌာန်းခဲ့ပြီး၊ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေကို ဖျက်သိမ်းလိုက်သည်။ ဤဥပဒေ သည် ၁၈၉၄ ခုနှစ် မြေသိမ်းဥပဒေနှင့် နှိုင်းယှဉ်လျှင် ပိုမိုပြည့်စုံမှုရှိသည်ဟု ယေဘုယျအားဖြင့် သုံးသပ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆိုခဲ့သည့် ဥပဒေသစ်ကို ပြောင်းလဲလာသော ယနေ့ခေတ်ကာလအခြေအနေနှင့်အညီ ပြင်ဆင်ရေးဆွဲထားသည်ဟုဆိုနိုင်ပြီး၊ မြေသိမ်းဆည်းခြင်းအပြင် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ အစီအမံများကိုလည်း ထည့်သွင်းထား သောကြောင့် ဖြစ်သည်။

အထက်ပါ မြေယာနှင့် သစ်တောဆိုင်ရာ ဥပဒေများနှင့်အညီ မြန်မာနိုင်ငံ၏ မြေယာနှင့် သစ်တောစီမံအုပ်ချုပ်ရေးအတွက် တည်ဆောက်ထားသော အင်စတီကျူးရှင်းဆိုင်ရာမူဘောင် (သို့မဟုတ်) မြေယာ စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန် များနှင့် ပူးပေါင်းဆောင်ရွက်မှုများသည်လည်း မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်အပေါ် သက်ရောက်မှုရှိနေသည်။ မြန်မာနိုင်ငံ တွင် မြေများကို အမျိုးအစား ခွဲခြားသတ်မှတ်ထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာနများက သက်ဆိုင်ရာမြေယာနှင့် သစ်တောဆိုင်ရာ ဥပဒေများဖြင့် စီမံအုပ်ချုပ်နေကြသည်။ (ဇယား-၇ ရှု) မြန်မာနိုင်ငံ၏ မြေယာကဏ္ဍစီမံ အုပ်ချုပ်မှုအတွက် ဖွဲ့စည်း ထားသောအုပ်ချုပ်ရေးအဖွဲ့များနှင့် ၎င်းတို့၏လုပ်ငန်းတာဝန်များ ကို(ပုံ-၃ ရှု) လေ့လာကြည့်လျှင် မြန်မာနိုင်ငံအတွင်းရှိ မြေယာများကို ဝန်ကြီးဌာန(၄)ခုနှင့် မြို့တော်စည်ပင် သာယာရေးကောင်စီတို့က စီမံအုပ်ချုပ်လျက်ရှိသည်။ မြေယာကဏ္ဍ ဝန်ဆောင်မှုများကို များသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန (MOHA) အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန(MOALI) အောက်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (DALMS)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) အောက်ရှိ သစ်တောဦးစီးဌာန (TFD) နှင့် မြေတိုင်းဦးစီးဌာန (SD) တို့အပြင် ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအောက်ရှိ မြို့တော်စည်ပင်သာယာရေးကော်မတီ (CDCs) တို့က ဆောင်ရွက်နေသည်။

GAD သည် မြို့ပြနှင့် ကျေးလက်မြေများကို ဂရမ်းခွင့်ထုတ်ပေးပြီး အရေးကြီးသော မြေယာဆိုင်ရာ ကော်မတီများတွင် ဥက္ကဋ္ဌအဖြစ် ပါဝင်သည်။ DALMS သည် မြေယာမှတ်ပုံတင်ခြင်း၊ မြေခွန်ကောက်ခံခြင်း၊ မြေစာရင်းပြုစုခြင်းအစရှိသည့် မြေယာစီမံအု ပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုအများစုကို တာဝန်ယူဆောင်ရွက်သည်။ TED သည် နှစ် (၃၀) သက်တမ်းရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်များ (CFCs)နှင့် သစ်တောဆိုင်ရာ လုပ်ပိုင်ခွင့်များကို ထုတ်ပေးရန်တာဝန်ရှိပြီး TSD သည် မြေပုံထုတ်ခြင်းနှင့် မြေပုံရေးဆွဲခြင်းနှင့် အခြားမြေပုံအထောက်အကူပြု လုပ်ငန်းများကိုဆောင်ရွက်ရသည်။ မြို့တော်စည်ပင် သာယာရေး ကော်မတီသည် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် GAD နှင့် DALMS တို့၏ကိုယ်စား မြေယာဆိုင်ရာ

ဝန်ဆောင်မှုများပေးရသည်။ မြေယာစီမံအုပ်ချုပ်မှုများကို မတူညီသော ဝန်ကြီးဌာန (၃) ခုက အကောင်အထည်ဖော်နေခြင်းဖြစ်သဖြင့် ပူးပေါင်းပါဝင်မှုနှင့် ချိတ်ဆက်ဆောင်ရွက်မှုတို့သည် ပိုမိုရှုပ်ထွေးပြီး ကြန့်ကြာမှုများ ရှိစေနိုင်သည်။

လက်ရှိမြေယာစီမံအုပ်ချုပ်မှုတွင် အားနည်းချက်မြောက်များစွာရှိနေပြီး၊ မြေယာပြဿနာများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်း မရှိသေးပါ။ topographic မြေပုံများမှာလည်း ခေတ်မီမှုမရှိတော့ပါ။ ထို့အပြင် အချို့မြေပုံများကို မြန်မာစစ်တပ်ကသာ ရယူပိုင်ခွင့်ရှိသည်။ Cadastral maps (ကွင်းပိုင်အမှတ်မြေပုံနှင့် ဘလော့မြေပုံများ) နှင့် မြေစာရင်းများ ခေတ်မမီတော့ခြင်း၊ ခေတ်မီမြေယာ နည်းပညာများ အသုံးမပြုနိုင်သေးခြင်း၊ မြေယာဝန်ထမ်းများသည် သာမန်မြေယာစီမံအုပ်ချုပ်ရေး သင်တန်းများ တက်ရောက်ခွင့်ရလေ့ ရှိကြသော်လည်း မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ ခေတ်မီနည်းပညာ များကို လက်လှမ်းမမီခြင်း၊ ကျွမ်းကျင်ဝန်ထမ်းအင်အားနည်းပါးခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုသည် ထိရောက်မှု၊ မြန်ဆန်မှုနှင့် တရားမျှတမှု အပိုင်းတို့တွင် အလွန်အားနည်းနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။


**ဇယား (၇) မြေအမျိုးအစားနှင့် စီမံခန့်ခွဲလျက်ရှိသည့် ဝန်ကြီးဌာနနှင့် စီမံခန့်ခွဲနေသည့် ဥပဒေများ**

| (က) လယ်ယာမြေဆိုင်ရာ အုပ်စု | | | |
|---|---|---|---|
| **စဉ်** | **မြေအမျိုးအစား** | **စီမံခန့်ခွဲလျက်ရှိသည့် ဝန်ကြီးဌာနများ** | **စီမံခန့်ခွဲနေသည့် ဥပဒေ** |
| ၁။ | လယ် | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | လယ်ယာမြေဥပဒေ |
| ၂။ | ယာ | ॥ | ॥ |
| ၃။ | ကိုင်း/ကျွန်း | ॥ | ॥ |
| ၄။ | ဥယျာဉ် | ॥ | ॥ |
| ၅။ | ဓနိ | ॥ | ॥ |
| ၆။ | တောင်ယာ | ॥ | ॥ |
| **(ခ) သစ်တော၊ သစ်ပင်ဖုံးလွှမ်းမြေဆိုင်ရာ အုပ်စု** | | | |
| **စဉ်** | **မြေအမျိုးအစား** | **စီမံခန့်ခွဲလျက်ရှိသည့် ဝန်ကြီးဌာနများ** | **စီမံခန့်ခွဲနေသည့် ဥပဒေ** |
| ၇။ | တောရိုင်း | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ |
| ၈။ | မြေရိုင်း | ॥ | ॥ |
| ၉။ | သစ်တောကြိုးဝိုင်းမြေ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန | သစ်တောဥပဒေ |
| **(ဂ) အခြားမြေမျိုးဆိုင်ရာ အုပ်စု** | | | |
| **စဉ်** | **မြေအမျိုးအစား** | **စီမံခန့်ခွဲလျက်ရှိသည့် ဝန်ကြီးဌာနများ** | **စီမံခန့်ခွဲနေသည့် ဥပဒေ** |
| ၁၀။ | သတ္တုတွင်းမြေ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန | မြန်မာ့သတ္တုတွင်းဥပဒေ |
| ၁၁။ | ကျွဲနွားစားကျက်မြေ | ပြည်ထဲရေးဝန်ကြီးဌာန | မြေခွန်လက်စွဲဥပဒေ |
| ၁၂။ | မီးရထားမြေ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | |
| ၁၃။ | လမ်းမြေ | ဆောက်လုပ်ရေးဝန်ကြီးဌာန | လမ်းမကြီးများဥပဒေ |
| ၁၄။ | ဆည်မြောင်း၊ကန်၊တာတမံမြေ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဆည်မြောင်းဥပဒေ |
| ၁၅။ | မြစ်ချောင်းနှင့်ရေအောက်မြေ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ |
| ၁၆။ | အင်း၊အိုင် စသည့်မြေ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ရေချိုငါးလုပ်ငန်းဥပဒေ |
| ၁၇။ | စက်ရုံမြေ | သက်ဆိုင်ရာ ဝန်ကြီးဌာန | သက်ဆိုင်ရာမြေစီမံခန့်ခွဲမှု ဆိုင်ရာဥပဒေ |

| | | | |
|---|---|---|---|
| ၁၈။ | မြို့မြေ | ပြည်ထဲရေးဝန်ကြီးဌာန<br>စည်ပင်သာယာရေးကော်မတီ<br>(နေပြည်တော်၊ ရန်ကုန်၊ မန္တလေး) | မြို့နှင့် ကျေးရွာများဥပဒေ<br>စည်ပင်သာယာရေး အဖွဲ့ဥပဒေ<br>စာချုပ်စာတမ်းဥပဒေ |
| ၁၉။ | ရွာမြေ | ပြည်ထဲရေးဝန်ကြီးဌာန | မြို့နှင့် ကျေးရွာများဥပဒေ |
| ၂၀။ | လေယာဉ်ပျံကွင်းမြေ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | မြန်မာအမျိုးသားလေကြောင်းဥပဒေ |
| ၂၁။ | သာသနာ/သုသာန်၊<br>အခြားအဆောက်အဦးမြေ | ပြည်ထဲရေးဝန်ကြီးဌာန၊<br>သာသနာရေးဝန်ကြီးဌာန<br>စည်ပင်သာယာရေးကော်မတီ | သက်ဆိုင်ရာ မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေ |
| ၂၂။ | အမျိုးအစားခွဲခြားခြင်း<br>မပြုနိုင်သည့်မြေ | ပြည်ထဲရေးဝန်ကြီးဌာန | |

*ရင်းမြစ်* - ။ ဆရာ ဦးမိုယ်း (လယ်ဝန်) ဆောင်းပါး "မြေယာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး" ၊ ပြည်သူ့ အရေး ဂျာနယ်၊ အတွဲ ၃၊ အမှတ် ၁၀၉ (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်) ကို ကိုးကားပြင်ဆင်ထားသည်။

**ပုံ (၃) မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များ**




*ရင်းမြစ်* - World Bank. 2018. Towards a sustainable land administration and management system in Myanmar (English). Washington, DC: World Bank. http://documents.worldbank.org/curated/en/761961530810441394/Towards-a-sustainable-land-administration-and-management-system-in-Myanmar

**စာကွက် (၈)**

## NLD ဦးဆောင်သော အရပ်သားတစ်ပိုင်းအစိုးရလက်ထက် မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်း (သို့မဟုတ် ) အင်စတီကျူးရှင်းမူဘောင်များ (၁)

မြန်မာနိုင်ငံတွင် မြေများကို အမျိုးအစားခွဲခြားထားပြီး မြေအမျိုးအစားအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံခန့်ခွဲလျက်ရှိသည်။ (အောက်ပါဇယားရှု) မြန်မာနိုင်ငံအတွင်းရှိမြေများကို စီမံအုပ်ချုပ်ရာတွင် ဖွဲ့စည်းထားသော အဓိကကျသော အဖွဲ့အစည်းဆိုင်ရာမူဘောင် သို့မဟုတ် အုပ်ချုပ်ရေးယန္တယားအချို့ကို အောက်တွင်ဖော်ပြထားသည်။

| မြန်မာနိုင်ငံရှိ မြေအမျိုးအစားအချို့နှင့် စီမံခန့်ခွဲသော ဝန်ကြီးဌာနများ | |
|---|---|
| **ဝန်ကြီးဌာနများ** | **စီမံခန့်ခွဲသော မြေအမျိုးအစားများ** |
| ပြည်ထဲရေးဝန်ကြီးဌာန | မြို့မြေ၊ ရွာမြေ၊ သာသနာ့မြေ၊ မြစ်ကမ်းသဲသောင်မြေ၊ ရေကန်မြေ၊ သုသာန်မြေ၊ ကျေးရွာဘုံပိုင်မြေနှင့် စားကျက်မြေ |
| စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (ယခင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) | လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ |
| သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (ယခင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန) | သစ်တောမြေ |
| သတ္တုတွင်းဝန်ကြီးဌာန | ဓာတ်သတ္တုကန့်သတ်နယ်မြေ၊ ရတနာမြေ |
| ဆောက်လုပ်ရေးဝန်ကြီးဌာန | မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲသော မြေကွက်များ |
| စည်ပင်သာယာရေးကော်မတီများ | စည်ပင်သာယာရေးနယ်နိမိတ်မြေ၊ အရန်မြေ |

*ရင်းမြစ်* - မြန်မာ့အလင်းသတင်းစာ၊ အတွဲ (၅၂)၊ အမှတ် (၃၄၉)၊ (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)၊ သတင်းဆောင်ပါး 'လယ်ယာမြေများနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအနေဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိ'၊ စာ-၁ နှင့် စာ-၈) ဝန်ကြီးဌာနများ စီမံခန့်ခွဲသော မြေအမျိုးအစားများ

**ပြည်ထဲရေးဝန်ကြီးဌာန (MOHA)**

MOHA သည် မြို့မြေ၊ ရွာမြေ၊ သာသနာ့မြေ၊ မြစ်ကမ်းသဲသောင်မြေ၊ ရေကန်မြေ၊ သုသာန်မြေ၊ ကျေးရွာဘုံပိုင်မြေနှင့် စားကျက်မြေတို့ကို စီမံခန့်ခွဲသည်။ MOHA ၏ ဦးစီးဌာနတစ်ခုဖြစ်ခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) သည် MOHA စီမံခန့်ခွဲခွင့်ရှိသောမြေများကို အဓိကစီမံခန့်ခွဲသည်။ (NLD အစိုးရလက်ထက် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် GAD ကို MOHA အောက်မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ခဲ့သည်။) GAD ၏ ပင်မလုပ်ငန်းတာဝန် (၉) ရပ်ရှိပြီး မြေယာစီမံခန့်ခွဲရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ GAD ၏ မြေယာစီမံခန့်ခွဲရေးလုပ်ငန်းတွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ အစိုးရစီမံခန့်ခွဲ ပိုင်ခွင့်ရှိသောမြေများကို ပုဂ္ဂလိက/ ဌာနဆိုင်ရာ မြေငှားဂရန်၊ စက်မှုမြေငှားဂရန်များ ခွင့်ပြုချထားခြင်း၊ အခွန်လွတ်သာသနာ့မြေဂရန်များ ခွင့်ပြုချထားခြင်းနှင့် ဗုဒ္ဓသိမ်မြေဂရန် ခွင့်ပြုချထားခြင်းတို့ ပါဝင်သည်။ ထို့အပြင် GAD သည် မြေခွန်၊ တာတမံခွန်၊ ဓာတ်သတ္တုခွန်နှင့် ယစ်မျိုးခွန်တို့ကိုလည်း ကောက်ခံသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး/ပြည်နယ် GAD အကြီးအမှူးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ် GAD ရုံးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးလည်း ဖြစ်သည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOALI)**

MOALI သည် လယ်ယာမြေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စီမံခန့်ခွဲသည်။ မြေစီမံအုပ်ချုပ်မှုနှင့် စိုက်ပျိုးရေးမူဝါဒ (သစ်တောမြေများ မပါဝင်) တို့အတွက် အဓိကတာဝန်ယူရပြီး မြေအသုံးချမှု အစီအစဉ်ရေးဆွဲခြင်း၊ အခြေချနေထိုင်ခြင်း၊ မြေစာရင်းနှင့် အခြားသောကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရသည်။ MOALI ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၂ လယ်ယာမြေဥပဒေအရ ဖွဲ့စည်းထားသော လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ (FAB) နှင့် ၂၀၁၈ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေအရ ဖွဲ့စည်းထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ (CCMVFVL) တို့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ MOALI အောက်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန (DALMS) သည် ၂၀၁၂ လယ်ယာမြေဥပဒေကို အကောင်အထည်ဖော်ရာတွင် အဓိကကျသော ဦးစီးဌာနတစ်ခုဖြစ်သည်။ လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် (ပုံစံ-၇) ထုတ်ပေးနိုင်ရန် မြေတိုင်းတာခြင်း၊ မြေပုံထုတ်ပေးခြင်း၊မြေယာအငြင်းပွားမှုများကို ဖြေရှင်းပေးခြင်း စသည့် လုပ်ငန်းတာဝန်များဆောင်ရွက်ရသည်။ သို့ရာတွင် ၂၀၁၂ လယ်ယာမြေဥပဒေအရ လယ်ယာမြေစီမံ ခန့်ခွဲရန်အတွက် ရပ်ကျေး၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့်ဗဟိုအထိ အဆင့်ဆင့်ဖွဲ့စည်းထားသော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်း အကျင့်ပျက်ချစားမှုများရှိနေခြင်း၊ ဦးစီးဌာန၏ ဝန်ထမ်းမလုံလောက်ခြင်းနှင့် ဝန်ဆောင်မှုထိရောက်မြန်ဆန်မှုမရှိခြင်းတို့ကြောင့် မြေယာပြဿနာများသည်မကုန်ဆုံးနိုင်သောပြဿနာများ ဖြစ်နေသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC)**

MONREC သည် သစ်တောမြေများကို စီမံခန့်ခွဲရန်တာဝန်ရှိသည်။ MONREC အောက်ရှိ သစ်တောဦးစီးဌာန (TFD) သည် သစ်တောမြေများကို ၂၀၁၈ သစ်တောဥပဒေဖြင့် စီမံအုပ်ချုပ်သည်။ ၂၀၁၈ သစ်တောဥပဒေအရ သစ်တောဆိုင်ရာလုပ်ပိုင်ခွင့်အချို့ကို ပြည်နယ်/တိုင်းဒေသကြီးအဆင့် သစ်တောဦးစီးမှူးများအား အပ်နှင်းထားသည်။ ဥပမာ - ဒေသခံအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ (CFs) ကို ခရိုင်သစ်တောမှူးများက ခွင့်ပြုပေးနိုင်သည်။ ထို့အပြင် MONREC အောက်တွင် မြေတိုင်းဦးစီးဌာန (TSD) ရှိပြီး မြေပုံထုတ်ခြင်း၊ မြေပုံရေးဆွဲခြင်းနှင့် အခြားမြေပုံအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို တာဝန်ယူရသည်။

အထက်ဖော်ပြပါ ဝန်ကြီးဌာနများသည် သက်ဆိုင်ရာ မြေအမျိုးအစားများအလိုက် စီမံခန့်ခွဲမှုများကို ဆောင်ရွက်ကြရသည့်အပြင်၊ သိမ်းဆည်းမြေများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန်နှင့် မြေယာပြဿနာများဖြေရှင်း ပေးနိုင်ရန်အတွက် ယန္တရားများကိုလည်း သက်ဆိုင်ရာအာဏာပိုင်များက ဖွဲ့စည်းထားရှိကြသည်။ ဦးသိန်းစိန် အစိုးရလက်ထက်တွင် 'မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီ (နောင်တွင် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ)'၊ 'ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်'၊ 'မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ' နှင့် 'မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ' ကို ဖွဲ့စည်းခဲ့ပြီး မြေယာပြဿနာများကို ဖြေရှင်းစေခဲ့သည်။ NLD အစိုးရ လက်ထက်တွင် 'လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ'၊ 'အမျိုးသားမြေအသုံးချမှုကောင်စီ'နှင့် 'မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ' တို့ကိုဖွဲ့စည်းကာ မြေယာပြဿနာများကို ဖြေရှင်းစေခဲ့သည်။ အဆိုပါ မြေယာစီမံအုပ်ချုပ်မှု ယန္တရားများကို သိရှိနိုင်ရန် အကျဉ်းချုံးဖော်ပြသွားပါမည်။

**စာကွက် (၉)**

## NLD ဦးဆောင်သော အရပ်သားတစ်ပိုင်း အစိုးရလက်ထက် မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်း (သို့မဟုတ် ) အင်စတီကျူးရှင်းမှုဘောင်များ (၂)

**လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ (မြေစစ်ကော်မတီ)**

ဦးသိန်းစိန်အစိုးရလက်ထက်တွင် ဖွဲ့စည်းခဲ့သော "လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်" ကို ပြင်ဆင်ဖွဲ့စည်းခြင်းမပြုဘဲ ထိုကော်မရှင်ကို ဖျက်သိမ်းပြီး ထိုကော်မရှင်အစား မြေစစ်ကော်မတီကို ၂၀၁၆ ခုနှစ် မေလ (၅) ရက်နေ့တွင် ၅-၅-၂၀၁၆ ရက်စွဲပါ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် ၁၄/၂၀၁၆ ဖြင့် အမည်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ဗဟိုမြေစစ်ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒု-သမ္မတ (၂) က တာဝန်ယူပြီး ဒု-ဥက္ကဋ္ဌများအဖြစ် ပြည်ထဲရေးဝန်ကြီးနှင့် စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးတို့က တာဝန်ယူသည်။ အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ စက်မှုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီး၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရဝန်ကြီးချုပ်များ ပါဝင်ပြီး အတွင်းရေးမှူးအဖြစ် ပြည်ထဲရေး ဒုတိယဝန်ကြီးက တာဝန်ယူဆောင်ရွက်သည်။ ဗဟိုမြေစစ်ကော်တီအပြင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့် မြေစစ်ကော်မတီတို့ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ဗဟိုမြေစစ်ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ ယခင်ရှိခဲ့သော မြေစုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာဖော်ပြချက်များ အပေါ်ဖြေရှင်းဆောင်ရွက်မှုများကိုကြီးကြပ်စိစစ်ရန်၊ မြေစစ်ကော်မတီများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်ဆင့်တွင် ဖွဲ့စည်းသွားရန်နှင့် မြေစစ်ကော်မတီအဆင့်ဆင့်က ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ရန်တို့ဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ ရပ်ကွက်/ကျေးရွာအဆင့်အထိ မြေစစ်ကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများအပြင် သက်ဆိုင်ရာနယ်မြေ အလိုက် လူထုရွေးကောက် တင်မြောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသရှိ ရပ်မိရပ်ဖများ၊ လယ်ယာမြေဆိုင်ရာ လူမှုအဖွဲ့ အစည်းများနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ ပါဝင်သည်။

မြေစစ်ကော်မတီသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း သိမ်းဆည်းမြေပြဿနာများကိုသာ ဖြေရှင်းဆောင်ရွက်ခွင့် ရှိသည်။ ထိုသို့ဖြေရှင်းဆောင်ရွက်ရာတွင် မြေစစ်ကော်မတီသည် မူဝါဒလုပ်ငန်းစဉ်များကို ၂၀၁၆ ခုနှစ်တွင် (၁၀-၆-၂၀၁၆ ရက်စွဲပါ စာဖြင့်) ချမှတ်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် (၂၁-၃-၂၀၁၈ ရက်စွဲပါစာဖြင့်) ထိုမူဝါဒ လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတ ကိုယ်တိုင်ပြန်လည်စိစစ်ပြီး နောက်ဆုံးတွင် အောက်ပါဗဟိုမြေစစ်ကော်ာမတီ၏ မူဝါဒလုပ်ငန်းစဉ်စုစုပေါင်း (၅၂) ချက်ကို သတ်မှတ်ခဲ့သည်။

| | | |
|---|---|---|
| က) | နိုင်ငံတော်မှ သိမ်းဆည်းသည့် လယ်ယာမြေနှင့် အခြားမြေများကို မူလမြေပိုင်ရှင်များက ပြန်လည်လျှောက်ထား သည့် ကိစ္စနှင့် စပ်လျဉ်းသည့် မူဝါဒ | (၁၀) ရပ် |
| ခ) | တပ်မြေသိမ်းဆည်းမှုများနှင့် စပ်လျဉ်းသည့် မူဝါဒ | (၃) ရပ် |
| ဂ) | သိမ်းဆည်းမြေများကို ပြန်လည်ပေးရန် လျှောက်ထားခြင်းများနှင့် စပ်လျဉ်း၍ စိစစ်ရန်အချက် | (၄) ချက် |
| ဃ) | စွန့်လွှတ်ခြင်းမရှိသည့် သိမ်းဆည်းမမြေများနှင့် စပ်လျဉ်းသည့် စိစစ်ရန်အချက် | (၅) ချက် |
| င) | သိမ်းဆည်းထားသည့်ဌာနမှ စွန့်လွှတ်သည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက် | (၆) ချက် |
| စ) | စွန့်လွှတ်မြေများနှင့် သက်ဆိုင်သူများ လက်ဝယ်အမြန်ဆုံးရောက်ရှိရေးလုပ်ငန်းစဉ် | (၉) ရပ် |
| ဆ) | နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မတီများမှ အလေးထားဆောင်ရွက်ရန် အချက် | (၁၅) ချက် |
| | စုစုပေါင်း | (၅၂) ချက် |

**“**အမျိုးသားမြေအသုံးချမှုမူဝါဒအပိုင်း (၁၀)၊ ဥပဒေများသဟဇာတဖြစ်စေခြင်းနှင့် ဥပဒေအသစ် ပြဋ္ဌာန်းခြင်းတွင် အမျိုးသားမြေဥပဒေရေးဆွဲရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဖော်ပြထားရာတွင် ပထမဦးစွာရေးဆွဲရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အများပြည်သူနှင့် အကျိုးသက်ဆိုင်သူများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပေးရန်၊ ဥပဒေမူကြမ်းအတွက် ပါဝင်သင့်သည့်အချက်များကို စုဆောင်းပြုစုရာတွင်လည်းကောင်း၊ မူကြမ်းရေးသားရာတွင်လည်းကောင်း၊ မူကြမ်းကိုချပြဆွေးနွေးအကြံပြုချက်များရယူရာတွင်လည်းကောင်း၊ တိုင်းရင်းသားလုပ်သားပြည်သူများအားလုံး ပူးပေါင်းပါဝင်ညှိနှိုင်းဆွေးနွေးသည့် လုပ်ငန်းစဉ်များဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်သွားရန်။ မူကြမ်းပြုစုရာတွင်လည်း အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအခြားနိုင်ငံများ၏ အတွေ့အကြုံ၊ နိုင်ငံတော်၏ ပြောင်းလဲနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အနေအထားနှင့် အခြားထူးခြားသည့် အခြေအနေများ၊ **၂၁ ရာစုပင်လုံညီလာခံက သဘောတူထားသည့် မြေယာ၊ သယံဇာတ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်မှုဆိုင်ရာအခြေခံသဘောတရားများ၊** လက်ရှိ ကြုံတွေ့နေရသည့် ပြဿနာများ၊ မြေအသုံးချသူ ပြည်သူများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး အွန္တိမမျှော်မှန်းချက် စသည်တို့ကို အခြေခံပြီး ပြည်ထောင်စုလွှတ်တော်၏ လမ်းညွှန်မှု၊ ပူးပေါင်းပါဝင်မှု၊ တိုင်းရင်းသားလူမျိုးစုနှင့် လုပ်သားပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် မူကြမ်းကိုရေးဆွဲသွားရန်။**”**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ**
အမျိုးသားမြေအသုံးချမှုကောင်စီ၏ တတိယအကြိမ်အစည်းအဝေး
တက်ရောက်အမှာစကားပြောကြားချက်မှ ကောက်နှုတ်ချက်
(၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်)

ယခင်ခေတ်အဆက်ဆက်ကတည်းက မြေသိမ်းဆည်းမှုပြဿနာများကို ဦးသိန်းစိန်အစိုးရလက်ထက်တွင် စတင်ဖြေရှင်းလာခဲ့သော်လည်း လက်ရှိအစိုးရလက်ထက်တိုင် မပြီးဆုံးနိုင်သေးဘဲ၊ ပြဿနာများမှာ များပြားရှုပ်ထွေးနေဆဲဖြစ်နေပါသည်။ မြေစစ်ကော်မတီသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း သိမ်းဆည်းမြေယာ ပြဿနာများကိုသာ ဖြေရှင်းဆောင်ရွက်ခွင့်ရှိပြီး လက်ရှိတွင် တပ်မတော်၊ အစိုးရဌာနနှင့် ကုမ္ပဏီများက သိမ်းဆည်းခဲ့သော မြေအချို့ကို မူလပိုင်ရှင်များအား ပြန်လည်ပေးအပ်နိုင်ခဲ့သော်လည်း ယနေ့တိုင် မဖြေရှင်းနိုင်သေးသော မြေယာပြဿနာများစွာ ကျန်ရှိနေသေးသည်။

မြေစုံစမ်းရေးကော်မရှင်ကဲ့သို့ပင် မြေစစ်ကော်မတီသည်လည်း မြေသိမ်းဆည်းမှုပြဿနာများကို ဖြေရှင်းရာတွင် အားနည်းချက်များ ရှိနေသည်ကိုတွေ့ရသည်။ သုတေသနတွေ့ရှိချက်အရ မြို့နယ်နှင့် ခရိုင်အဆင့် ကော်မတီများတွင် ယခင်မြေသိမ်းဆည်းမှုများတွင် အဓိကတာဝန်ယူလုပ်ဆောင်ခဲ့သော အုပ်ချုပ်ရေးမှူးများ၊ မြေစာရင်းဌာနတာဝန်ရှိသူများနှင့်၊ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များ၏ လွှမ်းမိုးမှုရှိနေခြင်း၊ တောင်သူလယ်သမားကိုယ်စားလှယ် ကော်မတီဝင်များ ထည့်သွင်းရာတွင် လယ်ယာမြေအရေး စိတ်ဝင်စားပြီး လယ်ယာမြေဥပဒေနှင့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို နှံ့နှံ့စပ်စပ်နားလည်သူများကို ထည့်သွင်းနိုင်မှုမရှိခြင်းနှင့် စွန့်လွှတ်မြေများကို မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲအပ်နိုင်မှု နည်းပါးခြင်း၊ အချို့မြို့နယ်များတွင် ကော်မတီအစည်းအဝေးကို ပုံမှန်မပြုလုပ်နိုင်ခြင်း၊ အချို့မြို့နယ်များတွင် လယ်သမားကိုယ်စားလှယ်များအား ဖိတ်ကြားမှုမရှိခြင်းနှင့် တိုင်ကြားစာအခြေအနေကို သိရှိခွင့်မရှိခြင်း အစရှိသည် တို့ကြောင့် မြေစစ်ကော်မတီ၏ ထိရောက်အောင်မြင်မှု အလွန်နည်းပါးနေသည်ဟု သုံးသပ်ကြသည်။

*ရင်းမြစ်* - https://www.president-office.gov.mm/?q=issues/rural-urban/id-12003;https://m.facebook.com/myanmarpresidentoffice.gov.mm/photos/a.813483202032751.1073741828.813476528700085/1012490748798661/?type=3;http://www.president-office.gov.mm/m32016/?q=briefing-room/ notifications/ 2016/05/09/id-10279 [accessed 25 Oct 2019]

**အမျိုးသားမြေအသုံးချမှုကောင်စီ**

အမျိုးသားမြေအသုံးချမှုကောင်စီသည် ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမှုမူဝါဒအရ ဖွဲ့စည်းထားသော ကော်မတီဖြစ်ပြီး ဒုတိယသမ္မတက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သြဇာကြီးမားသည့် ဝန်ကြီးဌာန (၉) ခုမှ ပြည်ထောင်စုဝန်ကြီးများနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည်။ အမျိုးသားမြေအသုံးချမှုကောင်စီသည် အမျိုးသားမြေအသုံးချမှုမူဝါဒကို နိုင်ငံတစ်ဝန်း တစ်ပြေးညီအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသအလိုက် ကြီးကြပ်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော်ကောင်စီ၊ ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်တို့တွင် မြေအသုံးချမှုကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည် ဖြစ်သည်။

အမျိုးသားမြေအသုံးချမှုကောင်စီတွင် ဦးစားပေးလုပ်ငန်းစဉ် (၄) ရပ်ရှိပြီး ၎င်းတို့မှာ အမျိုးသားမြေအသုံးချမှု ကောင်စီ၏ဖွဲ့စည်းမှုဆိုင်ရာ ခိုင်မာစေခြင်း၊ အမျိုးသားမြေဥပဒေ (National Land Law) ရေးဆွဲရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်စေခြင်း၊ အမျိုးသားမြေအသုံးချမှု စီမံကိန်းများနှင့် မြေအသုံးချမှုဇုန်များ ရေးဆွဲသတ်မှတ်ခြင်းနှင့် မြေဆိုင်ရာသတင်းအချက်အလက်များ စီမံခန့်ခွဲသည့်စနစ် တည်ထောင်ခြင်းတို့ ဖြစ်သည်။

ထူးခြားချက်တစ်ခုမှာ အမျိုးသားမြေဥပဒေမူကြမ်းရေးဆွဲရာတွင် ၂၁ ရာစု ပင်လုံညီလာခံမှရရှိလာသော သဘောတူညီချက်များကို ထည့်သွင်းစဉ်းစားမည့်အရိပ်အရောင်များ တွေ့ရှိလာရသည်။ အမျိုးသားမြေအသုံးချမှု ကောင်စီ၏ တတိယအကြိမ် အစည်းအဝေး (၇-၅-၂၀၁၉) တွင် အမျိုးသားမြေဥပဒေတစ်ရပ် ပေါ်ထွက်လာစေရန် မူကြမ်းရေးဆွဲရာတွင် ၂၁ ရာစုပင်လုံညီလာခံမှ သဘောတူထားသော မြေယာ၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ခြင်းဆိုင်ရာ အခြေခံသဘောတရားများကိုပါအခြေခံပြီး ရေးဆွဲသွားရန် ဒုတိယသမ္မတက မိန့်ကြားခဲ့သည်။

*ရင်းမြစ်* - ၂၀၁၆ ခုနှစ် အမျိုးသားမြေအသုံးချမှုမူဝါဒ၊ https://www.president-office.gov.mm/?q=briefing-room/news/2019/05/08/id-15322 [accessed 25 Oct 2019]

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ**

အရပ်သားတစ်ပိုင်းအစိုးရလက်ထက်တွင် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီကို ၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့တွင် (အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၆ ဖြင့်) ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီဖွဲ့စည်းခဲ့သည်။ဗဟိုကော်မတီတွင်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်းဆောင်ရွက်ပြီး စုစုပေါင်း အဖွဲ့ဝင် (၁၈) ဦးဖြင့် ဖွဲ့စည်းထားသည်။ ၂၀၁၈ ခုနှစ်တွင် ၂၀၁၂ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။၂၀၁၈ ပြင်ဆင်ချက်ဥပဒေအရ ဗဟိုအဆင့်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီကို လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်တို့တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီတို့ကိုလည်းကောင်း အဆင့်ဆင့်ဖွဲ့စည်းရန်ပါရှိသော်လည်း လက်ရှိအချိန်ထိတွင် ဖွဲ့စည်းနိုင်ခြင်း မရှိသေးပါ။

*ရင်းမြစ်* ။ ။ https://www.moi.gov.mm/?q=announcement/22/06/2016/id-10670 [accessed 25 Oct 2019]

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)**

MIC သည် အစိုးရမှ ခန့်အပ်တာဝန်ပေးသည့်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို အတည်ပြုရန်၊ ခွင့်ပြုမိန့်ထုတ်ပေးရန်နှင့် အဓိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ရန် တာဝန်ရှိသည်။ လက်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းလိုက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်သည်။

ဦးသိန်းစိန်ဦးဆောင်သောအစိုးရလက်ထက်တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအားလုံးကို ပြည်ထောင်စုအဆင့်သို့ တင်ပြရပြီး ပြည်ထောင်စုအဆင့်က ခွင့်ပြုမှသာ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ရရှိသည်။ သို့ရာတွင် NLD အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှု ကော်မတီများကို ဖွဲ့စည်းထားသည်။ ပြည်နယ်/တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီများသည် အမေရိကန်ဒေါ်လာ (၅) သန်းအောက်၊ မြန်မာငွေ (၂) ထရီလီယံအောက် လုပ်ငန်းများကို ပြည်ထောင်စုအစိုးရအား တင်ပြစရာမလိုဘဲ ခွင့်ပြုထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိရန်အတွက် ရင်းနှီးမြှုပ်နှံမှုများသည် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကိုရယူရန် လိုအပ်သည်။ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ ရုံးခွဲများကိုလည်း ပြည်နယ်နှင့် တိုင်းဒေသများတွင် ဖွင့်လှစ်ထားသည်။

*ရင်းမြစ်* - https://www.dica.gov.mm/mm, https://www.bbc.com/burmese/40689278 [accessed 25 Oct 2019]

# ၄.၂ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့၏ မြေယာစီမံအုပ်ချုပ်မှု

## ၄.၂.၁ ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ မြေယာစီမံအုပ်ချုပ်မှု

### နောက်ခံသမိုင်းအကျဉ်း

ကရင်လူမျိုးတို့၏ အမျိုးသားရေးလှုပ်ရှားမှုသည် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၈၈၀ ပြည့်နှစ်များကတည်းက စတင်ခဲ့ပြီး ပညာတတ် ခရစ်ယာန်ကရင်များက ဦးဆောင်ခဲ့သည်။ နောက်ပိုင်းတွင် နိုင်ငံရေးပါတီတစ်ခုဖြစ်သော ကရင်အမျိုးသားအသင်း (KNA) ကိုတည်ထောင်ခဲ့ပြီး ထိုမှတစ်ဆင့် ကရင်အမျိုးသားတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ကရင်အမျိုးသားအစည်းအရုံး (KNU) ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ရန်ကုန်မြို့၌ စတင်ဖွဲ့စည်းခဲ့သည်။ (ယခုမှစ၍ ကရင်အမျိုးသားအစည်းအရုံးကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးဟု ခေါ်ဝေါ်သွားပါမည်။) ဒုတိယကမ္ဘာစစ်တစ်လျှောက်လုံးနီးပါးတွင် ဆန့်ကျင် ဘက်နှစ်ဖွဲ့အတွက်တိုက်ပွဲဝင်ခဲ့သဖြင့် ကရင်နှင့် ဗမာခေါင်းဆောင်များအကြား တင်းမာမှုများရှိခဲ့သည်။ အဆိုပါတင်းမာမှုများကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်အခါ ဗမာလူမျိုးများကြီးစိုးလာနိုင်မှုကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးက အထူးစိုးရိမ်ခဲ့သည်။ ထို့ကြောင့် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် အချုပ်အခြာအာဏာပိုင်သော ကရင်ပြည်နှင့် အချို့သောကဏ္ဍများတွင် ကရင်လူမျိုးတို့၏ ပါဝင်မှုအချိုးအစားမြှင့်တင်ရေးတို့ကို ထိုစဉ်အခါက မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ဖွဲ့စည်းထားသည့် တိုင်းပြုပြည်ပြုလွှတ်တော်တွင် တောင်းဆိုခဲ့သည်။ သို့ရာတွင် ထိုတောင်းဆိုချက်ကို လျစ်လျူရှုခံခဲ့ရသဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးက သပိတ်မှောက်ခဲ့ပြီး အစိုးရအဖွဲ့မှ စောဘဦးကြီးအပါအဝင် ကရင်ခေါင်းဆောင်အချို့ နုတ်ထွက်ခဲ့ကြသည်။ ထို့နောက် ၁၉၄၉ ခုနှစ်၊ ဖွန်လ (၁၄) ရက်နေ့တွင် ကော်သူးလေ အစိုးရကိုလည်းကောင်း၊ ၁၉၄၉ ခုနှစ်၊ ဇူလိုင်လတွင် ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့အစည်း (KNDO) ကိုလည်းကောင်း တည်ထောင်ခဲ့ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ပဲခူးတိုင်းတို့ ပါဝင်သည့် "လွတ်လပ်သော ကရင်ပြည်နယ်" ရရှိရေးကို တောင်းဆိုလာခဲ့သည်။[၈]

မြန်မာနိုင်ငံ ဖွဲ့စည်းတည်ထောင်ရာတွင် အချုပ်အခြာအာဏာပိုင် ပြည်နယ်တစ်ခုအဖြစ် ပါဝင်မှုမျိုးကို မျှော်မှန်းကာ၊ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကရင်လူမျိုးတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့်၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုအတွက် ဆယ်စုနှစ်ပေါင်းများစွာ စစ်အာဏာရှင်အစိုးရအဆက်ဆက်ကို ကြံ့ကြံ့ခံပြီး ခုခံတော်လှန်လာခဲ့သည်။ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအနက် သက်တမ်းအရှည်ကြာဆုံးသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။ စစ်အစိုးရအဆက်ဆက်တို့၏ ဖြတ်လေးဖြတ်အပါအဝင် နည်းလမ်းမျိုးစုံသုံးပြီး ထိုးစစ်ဆင်တိုက်ခိုက်ချေမှုန်းမှုများကြောင့် ကရင်အမျိုးသားတော်လှန်ရေးသမိုင်းတွင် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် အကွဲအပြဲများနှင့် မကြာခဏကြုံတွေ့ခဲ့ရသည်။ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း

[၈] ကော်သူးလေသည် ကရင်ပြည်ကို ရည်ညွှန်းပြီး ကော်သူးလေအစိုးရသည် ကရင်ပြည်အစိုးရကို ရည်ညွှန်းသည်။

စည်းလုံးညီညွတ်မှုရှိခဲ့သော်လည်း ၁၉၉၄ ခုနှစ်မှ စ၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ အဖွဲ့များခွဲထွက်ပြီး[၉] အစိုးရနှင့် အပစ်ခတ်ရပ်စဲရေးလက်မှတ်ရေထိုးသည့် အဖွဲ့အချို့တို့သည် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးအား ဆန့်ကျင်တိုက်ခိုက်မှုများရှိခဲ့သည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် စစ်အစိုးရအုပ်ချုပ်သည့် ခေတ်ကာလများတွင် စစ်အစိုးရ အဆက်ဆက်တို့နှင့် စားပွဲဝိုင်းတွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် အကြိမ်ကြိမ်ကြိုးပမ်းလာခဲ့သည်။ သို့ရာတွင် ထိုငြိမ်းချမ်းရေးကြိုးပမ်းမှုများသည် အကြိမ်ကြိမ်ပျက်ခဲ့ပြီး မျှော်လင့်ထားသလောက် မအောင်မြင်ခဲ့ပေ။

၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဦးသိန်းစိန်ဦးဆောင်သည့် အရပ်သားတစ်ပိုင်းအစိုးရတက်လာသောအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို အပစ်ခတ်ရပ်စဲရေးစာချုပ်များချုပ်ဆိုပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန်ဖိတ်ခေါ်ခဲ့သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မှတစ်ဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပကာ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင်ပါဝင်ကြရန် တိုက်တွန်းခဲ့သည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြန်လည်စတင်ခဲ့သည်။ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် ၂၀၁၂ ခုနှစ်တွင် အစိုးရနှင့် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကာ အပစ်ခတ်ရပ်စဲရေးသဘောတူညီမှု လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက် နေ့တွင် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၇) ဖွဲ့နှင့်အတူ NCA ကို လက်မှတ်ရေးထိုးခဲ့ပြီး ပြည်နယ်အဆင့်ကျင်းပသည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲနှင့် ပြည်ထောင်စုအဆင့်ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ၏ အစည်းအဝေးတို့တွင် ပါဝင်လာခဲ့သည်။ ယခုတစ်ခါ ပြန်လည်စတင်သည့် ၂၀၁၆ ခုနှစ်တွင်အမျိုးသားဒီမိုကရေစီပါတီဦးဆောင်သည့်အရပ်သားတစ်ပိုင်းအစိုးရအာဏာရလာပြီးနောက်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာရှေ့ဆက်ဖော်ဆောင်ရန်တစ်ဆို့မှုများရှိလာခဲ့ပါသည်။အဆိုပါတစ်ဆို့မှုများကြောင့်ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် NCA လက်မှတ်ရေးထိုးပြီး (၃) နှစ်အကြာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် တရားဝင်ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲများတွင် ယင်း၏ ပါဝင်မှုကို ယာယီရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်မှုများပြုလုပ်လျက် ရှိသည်။

တစ်ချိန်တည်းတွင် NCA ထိုးပြီးနောက်ပိုင်း အစိုးရစီမံအုပ်ချုပ်သည့်နယ်မြေနှင့် ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံး စီမံအုပ်ချုပ်သည့် နယ်မြေများအကြား ပြောင်းလဲတိုးတက်မှုအချို့ကို ဖော်ဆောင်နိုင်ခဲ့သည်။ NCA ထိုးပြီးနောက်ပိုင်းတွင် အစိုးရသည် NCA ထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့ အစည်းများကို မတရားအသင်းအဖြစ်မှ ပယ်ဖျက်လိုက်သည်။ ထို့ကြောင့် အများပြည်သူတို့သည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေများသို့ ယခင်ကထက် ပိုမိုလွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်ကြပြီဖြစ်သည်။ ထို့အပြင် ယခင်ကနှင့်မတူတော့ဘဲ လက်ရှိ KNU နှင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ အပြိုင်တည်ရှိမှုအောက်တွင်ပင် လူမှုစီးပွား ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်ဆင့်ထက်တစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်နှင့် ပို၍လွတ်လပ်စွာ လုပ်ဆောင်လာနိုင်သည်။ လက်နက်ကိုင်တိုက်ပွဲများ လျော့ကျရပ်စဲသွားခြင်းကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး စီမံအုပ်ချုပ်သည့်နယ်မြေများတွင် လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်း အစရှိသည့် အခြေခံအဆောက်အအုံများ အရှိန်အဟုန်ဖြင့် ဆောက်လုပ်လာနိုင်ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းနှင့် အခြေခံပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုရရှိလာခြင်းတို့ကြောင့် ကရင်ပြည်သူအချို့တို့သည် ၎င်းတို့၏ဘဝကို ပြန်လည်ထူထောင်နိုင်သည့် အခွင့်အလမ်းအချို့ရရှိခဲ့သည်။ တစ်ချိန်တည်းတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး နယ်မြေများအတွင်းသို့ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ တိုးချဲ့လာမှု၊ တပ်မတော်၏တပ်စခန်းများ တိုးချဲ့လာမှုနှင့် အငြင်းပွားဖွယ် ဖွံ့ဖြိုးရေးစီမံကိန်းအချို့ ဆက်လက်အကောင် အထည်ဖော်ခွင့် ရရှိလာမှုတို့ကြောင့် တင်းမာမှုအသစ်များနှင့် တကျော့ပြန်တင်းမာမှုများ၊ လက်နက်ကိုင်ပဋိပက္ခများ၊ မြေသိမ်းဆည်းမှုများနှင့် အရပ်သားပြည်သူအချို့ နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်ရမှုများ ရှိခဲ့သည်။ ထို့ကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကရင်လူမျိုးတို့၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်နှင့် ငြိမ်းချမ်းစွာရှင်သန်နေထိုင်ခွင့်တို့ကို ထိခိုက်နိုင်သည့်

[၉] ၁၉၉၄ ခုနှစ်တွင် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA) ကလည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် ဟောင်သရောအထူးဒေသငြိမ်းချမ်းရေးအဖွဲ့ကလည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ပဒိုအောင်ဆန်းဦးဆောင်သော ကရင်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ကလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA - PC) ကလည်းကောင်း ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ ခွဲထွက်ခဲ့ကြသည်။

ကျူးကျော်တိုးချဲ့မှုမှန်သမျှကို ကန့်ကွက်လာခဲ့ပြီး ပြည်သူလူထု၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ဆက်လက်ကာကွယ်စောင့်ရှောက်နိုင်ရန် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့ကိုပြန်လည်သုံးသပ်ကာ လမ်းကြောင်းအသစ်များဖြင့် ချဉ်းကပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး စီမံအုပ်ချုပ်သည့် လက်ရှိကော်သူးလေပြည်ကို ခရိုင် (၇) ခု၊ မြို့နယ် (၂၅) ခုနှင့် အထူးဒေသ (၂) ခုတို့ဖြင့် ဖွဲ့စည်းထားသည်။[၁၀] လက်ရှိတွင် KNU ဗဟိုအဆင့်တွင် ဗဟိုအမြဲတမ်းကော်မတီ (CSC)၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (CEC)၊ ဝန်ကြီးဌာန (၁၄)ခု[၁၁] နှင့် ဗဟိုအဆင့်ကောင်စီနှင့် ကော်မတီ (၁၁) ခု[၁၂] တို့ဖြင့် KNU ၏ နယ်မြေများကို စီမံအုပ်ချုပ်လျက်ရှိသည်။ KNU ညီလာခံကို (၄) နှစ်တစ်ကြိမ်ကျင်းပပြုလုပ်ပြီး သက်ဆိုင်ရာဗဟို၊ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့တို့ကို ရွေးကောက်တင်မြှောက်သည်။ ကျေးရွာ ဥက္ကဋ္ဌများကိုမူ (၂) နှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်သည်။ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ အသေးဆုံးအုပ်ချုပ်ရေးယူနစ်မှာ ကျေးရွာဖြစ်ပြီး ထိုမှတစ်ဆင့် အုပ်ချုပ်ရေးအဖွဲ့များကို ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်နှင့် ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းထားသည်။ ကျေးရွာတိုင်းတွင် ကျေးရွာလူထုမှ ရွေးချယ်တင်မြှောက်သော ကျေးရွာဥက္ကဋ္ဌရှိပြီး ကျေးရွာအုပ်စုအကြီးအကဲကို အုပ်စုမှူးဟုခေါ်သည်။ အစိုးရအုပ်ချုပ်ရေးယန္တရားနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ အုပ်ချုပ်ရေးယန္တရားနှစ်ခုလုံးရှိသည့် နယ်မြေဒေသများ (အစိုးရနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးတို့ ပူးတွဲစီမံအုပ်ချုပ်သည့် ထိစပ်နယ်မြေများ) တွင် အစိုးရဘက်က ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံရသူကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးက ၎င်း၏ အုပ်ချုပ်ရေးယန္တရားအတွက် အုပ်စုမှူးအဖြစ် ခန့်အပ်တာဝန်ပေးသည်။

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒသမိုင်းအကျဉ်း

မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်၌ အာဏာသိမ်းပြီးတက်လာသော ဗိုလ်ချုပ်နေဝင်းဦးဆောင်သော စစ်အစိုးရလက်ထက်တွင် နိုင်ငံအတွင်းရှိ မြေယာများအားလုံးကို သိမ်းဆည်းကာ နိုင်ငံပိုင်အဖြစ် ပြုလုပ်ခဲ့သည်။ လူထုဆန္ဒမပါဘဲ ရေးဆွဲချမှတ်ခဲ့သော အဆိုပါ မြေယာမူဝါဒကြောင့် ကရင်လူမျိုးအပါအဝင် နိုင်ငံအတွင်းရှိ အခြားတိုင်းရင်းသားလူမျိုးများ၏ မြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာအသုံးချပိုင်ခွင့်တို့ဆုံးရှုံးခဲ့ရသည်။ ထို့အပြင် စစ်အာဏာရှင်အစိုးရသည် "ဖြတ်လေးဖြတ်" အပါအဝင် စစ်ဆင်ရေးနည်းလမ်း အမျိုးမျိုးကို သုံးပြီး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့တို့ကို အပြင်းအထန်ချေမှုန်းတိုက်ခိုက်ခဲ့သဖြင့် တိုင်းရင်းသား ပြည်သူလူထုသည် ပြည်တွင်းစစ်ဒဏ်ကို အလူးအလဲခံစားခဲ့ရပြီး အတိဒုက္ခရောက်ခဲ့ရသည်။[၁၃] ပြည်သူလူထုအချို့သည် မိမိတို့၏ အိုးအိမ်၊ မြေယာများစွန့်လွှတ်ကာ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ခိုလှုံနေရသည့် ဒုက္ခသည်များ (refugees) အဖြစ်သို့ ရောက်ရှိခဲ့ရသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် မိမိတို့ ကရင်လူမျိုးများပိုင်ဆိုင်သော မြေယာများထပ်မံဆုံးရှုံးမှု မရှိစေရန် အလို့ငှာ မြေယာမူဝါဒများရေးဆွဲခဲ့ပြီး ကရင်လူမျိုးတို့၏ မြေယာအခွင့်ရေးများကို ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းလာခဲ့သည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ပထမဆုံးသော မြေယာမူဝါဒကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ (၉) ကြိမ်မြောက် ညီလာခံကိုကျင်းပခဲ့သည့် ၁၉၇၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ထိုမြေယာမူဝါဒ၏ ဆောင်ပုဒ်မှာ "လက်ငုတ်လက်မလွှတ်ရေး" ဖြစ်ပြီး ကရင်လူမျိုးတို့၏ ဘိုးစဉ်ဘောင်ဆက် ဓားမဦးချလုပ်ကိုင်လာခဲ့သော မြေယာများကို ပိုင်ဆိုင်ခွင့်နှင့် အသုံးချခွင့်တို့ကို ကာကွယ်စောင့်ရှောက်သွားရန် ဖြစ်သည်။ ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံး၏ ထင်ရှားသောဌာနတစ်ခု

---

[၁၀] ကော်သူးလေ၏ ခရိုင် (၇) ခုမှာ တောအူး (တောင်ငူ) ခရိုင်၊ မူတြော် (ဖာပွန်) ခရိုင်၊ ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်၊ ဒူးသထူ (သထုံ) ခရိုင်၊ ဘားအံခရိုင်၊ ဒူးပလာယာ (ကြာအင်းဆိပ်ကြီး) ခရိုင်နှင့် ဘိတ်-ထားဝယ် (တနင်္သာရီ) ခရိုင်တို့ ဖြစ်သည်။

[၁၁] ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ဝန်ကြီးဌာန (၁၄) ခုမှာ လယ်ယာနှင့် စိုက်ပျိုးရေးဌာန၊ သစ်တောဌာန၊ ကျန်းမာရေးနှင့်ကယ်ဆယ်ရေးဌာန၊ ပြည်ထဲရေးနှင့် သာသနာရေးဌာန၊ ပညာရေးနှင့် ယဉ်ကျေးမှုဌာန၊ ကာကွယ်ရေးဌာန၊ တရားရေးဌာန၊ မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းဌာန၊ မဟာမိတ်ရေးရာဌာန၊ နိုင်ငံခြားရေးဌာန၊ စည်းရုံးရေးနှင့် သတင်းပြန်ကြားရေးဌာန၊ အခွန်နှင့် ဘဏ္ဍာရေးဌာန၊ သတ္တုတွင်းဌာနနှင့် လမ်းပန်းဆက်သွယ်ရေးဌာနတို့ ဖြစ်သည်။

[၁၂] ဗဟိုအဆင့်ကောင်စီနှင့် ကော်မတီ (၁၀) ခုမှာ နာယကအဖွဲ့၊ စစ်ကောင်စီ၊ အမျိုးသားလုံခြုံရေးကောင်စီ၊ စည်းကမ်းကြီးကြပ်ရေးကော်မတီ၊ ဘဏ္ဍာရေးကော်မတီ၊ စီးပွားရေးကော်မတီ၊ မြေယာကော်မတီ၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးနှင့် အကြံပေးကော်မတီ၊ ပြန့်ကျဲနေသောကရင်များ ဆက်ဆံရေးကော်မတီ၊ ချီးမြှင့်ဂုဏ်ပြုရေးကော်မတီ၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတထိန်းသိမ်းရေးကော်မတီတို့ဖြစ်သည်။

[၁၃] "ဖြတ်လေးဖြတ်" သည် စစ်အာဏာရှင်ဟောင်း ဦးနေဝင်း ဦးဆောင်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) အစိုးရလက်ထက် ၁၈၆၅ ခုနှစ်မှ ၁၈၈၄ ခုနှစ်အထိ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏အပေါ် ရိက္ခာဖြတ်တောက်မှု၊ ဘဏ္ဍာငွေဖြတ်တောက်မှု၊ သတင်းအဆက်အသွယ်ဖြတ်တောက်မှုနှင့် လူထုနှင့် အဆက်အသွယ်ဖြတ်တောက်မှု စသည့် ဖြတ်တောက်မှု (၄) ခု ပါဝင်သည့် စစ်ဆင်ရေးကို ပြုလုပ်ခဲ့သည်။

ဖြစ်သည့် လယ်ယာနှင့် စိုက်ပျိုးရေးသည်[၁၄] ၎င်း မြေယာလုပ်ငန်းစဉ်ကို ၁၉၉၂ ခုနှစ်တွင် ပြန်လည်ပြင်ဆင်မှု အနည်းငယ်ပြုလုပ်ခဲ့ပြီး ၂၀၀၅ ခုနှစ်အထိ ကျင့်သုံးလာခဲ့သည်။ ထို့နောက် ခေတ်ကာလနှင့် နိုင်ငံရေးအခြေအနေပြောင်းလဲလာသည်နှင့်အမျှ ယခင် "လက်ငုတ်လက်မလွတ်ရေး" မူသည် ခေတ်နှင့်လျော်ညီမှု နည်းလာသည်။ အကြောင်းမှာ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ဌာနေကရင်လူထုတို့၏ နယ်မြေဒေသများအတွင်းသို့ ဌာနေလူထု[၁၅] မဟုတ်သော အခြားတိုင်းသားလူမျိုးများ ဝင်ရောက်နေထိုင်မှုရှိလာသဖြင့် ဌာနေ လူထုတို့၏ မြေယာလုံခြုံမှုမှာ စိုးရိမ်ဖွယ်ရာရှိလာသည်။ ထို့ကြောင့် ၂၀၀၅ ခုနှစ်မှစ၍ "မြေသည် ဒေသခံပြည်သူများအတွက် ဖြစ် သည်။" ဟူသော ဆောင်ပုဒ်ဖြင့် မြေယာမူဝါဒကို ပြန်လည်ပြင်ဆင်ခဲ့သည်။

၂၀၀၉ ခုနှစ်၊ မေလ (၆) ရက်နေ့တွင် ကျင်းပခဲ့သည့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ (၁၄) ကြိမ်မြောက် ညီလာခံတွင် ပြင်ဆင်ရေးဆွဲခဲ့သော မြေယာမူဝါဒကို အတည်ပြုခဲ့သည်။ တစ်ချိန်တည်းတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်း အရုံး၏ မြေယာမူဝါဒကို ခေတ်ကာလနှင့် လျော်ညီအောင် လူထုနှင့်တွေ့ဆုံဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ကာ ထပ်မံပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီးနောက် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ (၁၅) ကြိမ်မြောက် ညီလာခံကျင်းပခဲ့သည့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက် နေ့တွင် "မြေယာသည် ပြည်သူလူထုက ပိုင်ဆိုင်သည်" ဟူသော ဆောင်ပုဒ်ဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ လက်ရှိမြေယာမူဝါဒကို အတည်ပြုခဲ့သည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် နှစ်ပေါင်း (၇၀) ကျော်သက်တမ်းရှိသည့် မြန်မာနိုင်ငံ၏ သက်တမ်း အရှည်ကြာဆုံးသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့တစ်ခုဖြစ်သည်။ ကော်သူးလေအစိုးရ ဖွဲ့စည်းနိုင်ခဲ့သည်အထိ အင်အားတောင့်တင်းခိုင်မာခဲ့သည့် တော်လှန်ရေးကာလများမှသည် ခေတ်စနစ်အပြောင်းအလဲများနှင့် စစ်အစိုးရအဆက်ဆက်တို့၏ နိုင်ငံရေး၊ စစ်ရေးဖိနှိပ်ခြယ်လှယ်၊ ထိုးစစ်ဆင်မှုအမျိုးမျိုးတို့ကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ ခွဲထွက်သည့် အဖွဲ့ များမှာလည်း တစ်စတစ်စများပြားလာခဲ့ပါသည်။ သို့ရာတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ယခင်ကကဲ့သို့ အင်အား ကြီးမားမှု မရှိတော့သော်လည်း ကရင်လူမျိုးတို့၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ နိုင်ငံရေးတန်းတူညီမျှမှုနှင့် တရားမျှတမှု စသည့် နိုင်ငံရေးရည်မှန်းချက်များအတွက် အခက်အခဲနှင့် စိန်ခေါ်မှုအမျိုးမျိုးတို့ကို ယနေ့ထိတိုင်ကြံ့ကြံ့ခံလာခဲ့သည်။ တော်လှန်ရေးအစောပိုင်း နှစ်များတွင် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ နယ်မြေစိုးမိုးမှုမှာ လက်ရှိအနေထားထက် များစွာကြီးမားကျယ်ပြန့်သဖြင့် ပြည်သူလူထု၏ မြေယာလုံခြုံမှုမှာ အထူးစိုးရိမ်ဖွယ်ရာ မရှိခဲ့သော်လည်း နောက်ပိုင်းတွင် ကော်သူးလေပြည်အတွင်းသို့ စစ်အစိုးရ အဆက်ဆက်တို့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် မြေယာနှင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု များမှာ ပီပြင်ထိရောက်မှုအားနည်းခဲ့သည်။ သို့ရာတွင် အစိုးရအုပ်ချုပ်ရေး ယန္တရားမရောက်သည့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်း အရုံး စီမံအုပ်ချုပ်သည့် နယ်မြေများအတွင်းရှိ ပြည်သူလူထုတို့၏ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအပေါ် ယုံကြည်အားကိုး မှုမှာ ယနေ့ထိတိုင် မြင့်မားနေဆဲ ဖြစ်သည်။[၁၆]

ထို့ကြောင့် ကရင့်တော်လှန်ရေးသမိုင်းတစ်လျှောက် ကော်သူးလေးပြည်၏ မြေယာနှင့် သစ်တော ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒနှင့် သစ်တောမူဝါဒများ၊ အက်ဥပဒေများ၊ မူဘောင်များနှင့် ထိုမူဝါဒနှင့် အက်ဥပဒေတို့ကို အကောင်အထည်ဖော်ဆောင်လာခဲ့ကြသော သက်ဆိုင်ရာ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဌာနများ၏ အခန်းကဏ္ဍ၊ ၎င်းတို့၏ အောင်မြင်မှုနှင့် စိန်ခေါ်မှုများ၊ အရေးကြီးသော လယ်ယာနှင့် သစ်တောကဏ္ဍဆိုင်ရာ အပြောင်း အလဲအချို့နှင့် ကော်သူးလေပြည်သူတို့၏ လူမှုဘဝအပေါ် အကျိုးသက်ရောက်မှုတို့ကို သိရှိနားလည်နိုင်ရန်နှင့် အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုအတွက် မြေယာနှင့် သစ်တောအခြေခံမူများ ရေးဆွဲပြဋ္ဌာန်းရာတွင် အထောက်အကူဖြစ်နိုင်စေရန်နှင့် သက်ဆိုင်ရာ

---


[၁၄] လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဌာနကို ၁၉၇၆ ခုနှစ်တွင်ကျင်းပသည့် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ အရေးပေါ်အစည်းအဝေးတစ်ခုမှ သီးခြားဌာန နှစ်ခုအဖြစ် (လယ်ယာနှင့်စိုက်ပျိုးရေးဌာန၊ သစ်တောဌာန) ထားရှိခဲ့သည်။ လက်ရှိတွင် KNU မြေယာ မူဝါဒကို KNU ၏ လယ်ယာနှင့် စိုက်ပျိုး ရေးဌာန (KAD) က အကောင် အထည်ဖော်နေပြီး KNU သစ်တောမူဝါဒကို KNU ၏ သစ်တောဌာန (KFD) က အကောင်အထည်ဖော်နေသည်။

[၁၅] ဌာနေလူထုသည် ၁၉၈၈ ခုနှစ်မတိုင်ခင် ကော်သူးလေပြည်အတွင်းသို့ ဝင်ရောက်နေထိုင်သူများကို ရည်ညွှန်းသည်။ ဌာနေလူထုမဟုတ်သူများသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း ကော်သူးလေပြည်တွင် ဝင်ရောက်နေထိုင်သူများ ဖြစ်သည်။

[၁၆] ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် အစိုးရယန္တရားနှစ်ခုလုံးရှိသည့် ထိစပ် နယ်မြေများတွင် ပြုလုပ်ခဲ့သော သုတေသနမေးမြန်းချက်များမှ ရရှိလာသောသုံးသပ်ချက်ပေါ် အခြေခံသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ဌာနတာဝန်ခံများနှင့် ကရင်ပြည်သူအချို့တို့၏ သဘောထား၊ မျှော်မှန်းချက်များကို မှန်းဆနိုင်ရန်အလို့ငှာ တွေ့ဆုံမေးမြန်း သုတေသနပြုတွေ့ရှိသည်များကို အောက်တွင်ဖော်ပြထားပါသည်။

## မြေယာကဏ္ဍ - ဥပဒေဆိုင်ရာမူဘောင်များ




*ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒ စာအုပ်*

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ပထမဆုံးသော မြေယာမူဝါဒ ကို ၁၉၇၄ ခုနစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ထိုမတိုင်မီနှစ်များတွင် ဗြိတိသျှကိုလိုနီအစိုးရလက်ထက်ကတည်းက ပြဋ္ဌာန်းခဲ့သောသက်ဆိုင်ရာ အက်ဥပဒေများ အတိုင်းသာ ကော်သူးလေပြည်၏ မြေယာနှင့် သစ်တောများကို စီမံအုပ်ချုပ်ခဲ့သည်။ ထို့နောက် နိုင်ငံရေးအခြေအနေ ပြောင်းလဲလာမှုများကြောင့် ၁၉၇၄ ခုနစ်တွင် "လက်ငုတ်လက်မလွတ်ရေး" ဆောင်ပုဒ်နှင့်အတူ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ပထမဆုံးသောမြေယာမူဝါဒကို ပြဋ္ဌာန်းခဲ့သည်။ ထိုမြေယာမူဝါဒကိုပြောင်းလဲလာသော ခေတ်ကာလအခြေအနေနှင့် လျော်ညီအောင် ၁၉၉၂ ခုနစ်၊ ၂၀၀၅ ခုနစ်နှင့် ၂၀၀၉ ခုနစ်တို့တွင် ပြင်ဆင်မှုအချို့ပြုလုပ်ကာ ဆက်လက်ကျင့်သုံးလာခဲ့ပြီးနောက်၊ ၂၀၁၅ ခုနစ်တွင် "မြေယာသည် ပြည်သူလူထုများက ပိုင်ဆိုင်သည်။" ဟူသော ဆောင်ပုဒ်နှင့်အတူ လက်ရှိမြေယာမူဝါဒကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ လက်ရှိ မြေယာမူဝါဒတွင်ပါရှိသော အရေးပါသော မြေယာမူဝါဒအချို့ကို ဖော်ပြသွားပါမည်။

ကော်သူးလေပြည်အတွင်းရှိ ကရင်ပြည်သူလူထုအများစုသည် စိုက်ပျိုးရေးကိုအခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုကြသဖြင့် မြေယာသည် ၎င်းတို့၏ ရှင်သန်ရပ်တည်ရေး၊ လူမှုဘဝဖွံ့ဖြိုးရေးနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ရေးအတွက် အသက်သွေးကြောပမာအရေးပါသည်ဟု ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးက လက်ခံထားသည်။ ထို့ကြောင့် ကေအဲန်ယူကရင် အမျိုးသားအစည်းအရုံး၏ လက်ရှိမြေယာမူဝါဒသည်[၁၇] "မြေယာသည် ပြည်သူလူထုက ပိုင်ဆိုင်သည်။" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူလူထု၏ မြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာလုပ်ပိုင်ခွင့်တို့ကို အလေးထားသည်။ မြေယာပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒတွင် ထပ်ခါတလဲလဲဖော်ပြထားသည့် အချက်မှာ လူမှုရေးအရတရားဝင်မှု (social legitimacy) ဖြစ်သည်။ ဥပဒေအရ တရားဝင်အသိမှတ်ပြုထားခြင်း (legal recognition) မရှိသည့်တိုင် ဒေသတွင်းစံနှုန်းနှင့် တန်ဖိုးများအရ ကျယ်ကျယ်ပြန့်ပြန့်အသိမှတ်ပြုမှုရှိလျှင် မြေယာပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်တို့ရရှိနိုင်သည်။ ထို့ကြောင့်ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒသည် လူမှုရေးအရတရားဝင်မှုသာရှိသည့် ဓလေ့ထုံးတမ်း/မိရိုးဖလာအရ မြေယာ ပိုင်ဆိုင်မှု တို့ကို အသိမှတ်ပြုသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒအရ တိုင်းရင်းသားတိုင်း (နိုင်ငံသားတိုင်း) ၏ မြေယာ ပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုထားသော်လည်း မြေယာပိုင်ဆိုင်ခွင့်ကို ဌာနေလူထုအား အဓိကအပ်နှင်းထားသည်။ မြေယာအခွင့်အရေးများနှင့် ပတ်သက်၍ ပြည်သူလူထုပိုင်ဆိုင်သည့် မြေယာများကို ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်၊ ငှားရမ်းခွင့်နှင့် အမွေဆက်ခံခွင့်တို့ ရှိသည်။

ထို့အပြင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒသည် ကမ္ဘာ့ကုလသမဂ္ဂ၏ နိုင်ငံတကာ လူ့အခွင့်အရေးကြေငြာစာတမ်း (UDHR)၊[၁၈] ဌာနေတိုင်းရင်းသားပြည်သူများအခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း (UNDRIP)၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများဆိုင်ရာ အခြေခံမူများ (Penheiro Principles)[၁၉] စသည့် နိုင်ငံတကာလူ့အခွင့်အရေးစံနှု

---

[၁၇] ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒသည် မြေယာတစ်ခုတည်းထက် မြေယာအပါအဝင် မြေယာနှင့် ဆက်စပ်လျက်ရှိသော သစ်တော၊ ရေ၊ ရေလုပ်ငန်းနှင့် သဘာဝသယံဇာတများလည်း အကျုံးဝင်သည်။

[၁၈] UNDRIP အရ ဒေသခံပြည်သူတို့၏ မြေယာများ၊ နယ်မြေများနှင့်သယံဇာတများအပေါ် အကျိုးသက်ရောက်နိုင်သည့် စီမံကိန်းများကို ဖော်ဆောင်ရာတွင် ဒေသခံပြည်သူများထံမှ လွတ်လပ်စွာပေးထားသော သဘောတူခွင့်ပြုချက်ကို ကြိုတင်ရယူခြင်း (Free Prior Informed Consent-FPIC) ရှိရမည်။

[၁၉] Penheri Principles တွင် ဒုက္ခသည် (Refugees) နှင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) က ၎င်းတို့ မူလဖယ်ရှားခံရသည့် အိမ်များနှင့် ပိုင်ဆိုင်မှုများထံသို့ ပြန်လာနေထိုင်နိုင်ရေးအတွက် လမ်းညွှန်မှုများ ပေးထားသည်။

န်းများနှင့်အညီ ပြည်သူလူထု၏ မြေယာဆိုင်ရာအခွင့်အရေးတို့ကို ထိန်းသိမ်းကာကွယ်မြှင့်တင်ထားသည်။ အထူးသဖြင့် မြေယာမဲ့ ဆင်းရဲနွမ်းပါးသူများ၊ ဘေးဖယ်ခံထားရသူများနှင့် ခုခံနိုင်စွမ်းမရှိသူတို့၏ အခွင့်အရေးကို အလေးထားကာ ဦးစားပေးကာကွယ်ပေးထား သည်။ ထို့ကြောင့်လည်း ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒသည် မြေအပါအဝင် မြေနှင့် ဆက်စပ်နေသော သဘာဝအရင်းအမြစ်များကို ပြည်သူလူထုက ဒီမိုကရေစီနည်းလမ်းကျကျ လက်လှမ်းမီထိန်းချုပ်နိုင်သည့် အခွင့်အရေးများကို ပေး ထားသည်။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒများကို အကောင်ထည်ဖော်ရာတွင်လည်း အောက်ပါ အခြေခံ မူများ ထားရှိသည်။


- လူ့ဂုဏ်သိက္ခာ (Human Dignity)
- ခွဲခြားဆက်ဆံမှုကင်းလွတ်ခြင်း (Non-discrimination)
- ညီမျှမှုနှင့် တရားမျှတမှု (Equity and Justice)
- ကျားမရေးရာ သာတူညီမျှမှု (Gender Equality)
- အလုံးစုံနှင့် ရေရှည်တည်တံ့ခိုင်မြဲစေသည့် ချဉ်းကပ်ပုံ (Holistic and sustainable approach)
- ညှိနှိုင်းတိုင်ပင်မှုနှင့် ပါဝင်မှု (Consultation and Participation)
- တရားဥပဒေစိုးမိုးရေး (Rule of Law)
- ပွင့်လင်းမြင်သာမှု ရှိခြင်း (Transparency)
- တာဝန်ယူမှု (Accountablity)
- စဉ်ဆက်မပြတ်တိုးတက်မှု (Continuous Improvement)

အထက်ပါအခြေခံမူများသည် နိုင်ငံတကာတွင် ကျင့်သုံးနေသော လူ့အခွင့်အရေးစံနှုန်း၊ ဒီမိုကရေစီစံနှုန်းနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစံနှုန်းများပါရှိသဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာစီမံအုပ်ချုပ်မှုမူဘောင်သည် ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှုပြီး တည်ငြိမ်အေးချမ်းသော လူမှုအသိုင်းအဝိုင်းတစ်ရပ်တည်ဆောက်ရာတွင် အထောက်အပံ့ဖြစ်စေနိုင်သည့် မူဘောင်ဖြစ်သည်။ ထို့ကြောင့်လည်း ဤသုတေသနစာတမ်းအတွက် တွေ့ဆုံမေးမြန်းခဲ့သော ကေအဲန်ယူ-ကရင်အမျိုးသား အစည်း အရုံး၏ မြေယာမူဝါဒကို အကောင်အထည်ဖော်နေကြသည့် သက်ဆိုင်ရာ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ ခေါင်းဆောင် များနှင့် ကော်သူးလေပြည်သူများသည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာအုပ်ချုပ်မှုဆိုင်ရာ မူဝါဒများအပေါ် ဝေဖန်ထောက်ပြမှု မရှိသလောက်နည်းသည်။ ပြည်သူလူထုကို မြေပိုင်ဆိုင်ခွင့်ပေးထားခြင်း (အထူးသဖြင့် ဌာနေလူထုကို မြေယာ ပိုင်ဆိုင်ခွင့်ပေးခြင်း) နှင့် လူမှုရေးအရ တရားဝင်မှုရှိသော ရိုးရာဓလေ့ မြေယာပိုင်ဆိုင်ခွင့်တို့ကို ပေးထားခြင်းတို့သည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မြေယာမူဝါဒ၏ တစ်မူထူးခြားချက်များဖြစ်ပြီး၊ ပြည်သူလူထု၏ မြေယာလုံခြုံမှုနှင့် မြေယာလုပ်ပိုင်ခွင့် ခိုင်မာမှုကို အာမခံချက်ပေးသည်ဟု ရှုမြင်ကြသည်။

နောက်ထပ်ထူးခြားချက်တစ်ခုမှာ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒတွင် အများပိုင်မြေ၊ ဓလေ့ ထုံးတမ်းအရ စီမံခန့်ခွဲသော မြေ သို့မဟုတ် "ကော်" (စာကွက် ၁၀ )၊ ကျေးရွာမြေများနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အာဏာပိုင်များ၏ စီမံခန့်ခွဲမှုအောက်ရှိ အများပြည်သူ အကျိုးစီးပွားအတွက် ရည်ရွယ်ထားသောမြေဟူ၍ မြေအမျိုးအစားများ[၂၀] ခွဲခြား သတ်မှတ်ထားသော်လည်း "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း" မြေများ မပါရှိပေ။ ဆိုလိုသည်မှာ ကော်သူးလေပြည်တွင် မြေသည် ဆိုင်ရာပိုင်ရာရှိပြီး လူတစ်ဦး သို့မဟုတ် လူမှုအသိုင်းဝိုင်းတစ်ခု သို့မဟုတ် ကျေးရွာတစ်ရွာက ပိုင်ဆိုင်သည်။ "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း"များ မရှိပါ။ ထို့ကြောင့် မြန်မာနိုင်ငံအစိုးရက ၂၀၁၈ ခုနှစ်တွင် ပြဌာန်းလိုက်သည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေနှင့်အတူ မှတ်ပုံတင်ထားခြင်း မရှိသည့်မြေများကို အစိုးရထံတွင် လုပ်ကိုင်ခွင့်တောင်းခံရန် အသိပေးညွှန်ကြားချက်ထွက်လာ

[၂၀] အများပိုင်မြေတွင် ဒေသခံကျေးရွာလူထုအားလုံးက ဘုံအဖြစ် ထိန်းသိမ်းအသုံးပြုသော မြေဖြစ်ပြီး မြေအပါအဝင် မြေနှင့်ဆက်နွယ်သော သစ်တောနှင့် ရေသယံဇာတများလည်း ပါဝင်သည်။ "ကော်" သည် ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲသော မြေဖြစ်ပြီး မြေယာ၊ သစ်တော၊ ရေနှင့်ဆက်စပ်သော သယံဇာတများ ပါဝင်သည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ အာဏာပိုင်များက စီမံခန့်ခွဲသောမြေတွင် အမျိုးအစား (၃) မျိုးရှိသည်။ အခါအားလျော်စွာ ပေါ်ပေါက်သည့် မြေယာ (Periodic Land)၊ ထိန်းသိမ်းကန့်သတ်ထားသည့် မြေ (Reserved Lands) နှင့် အများပြည်သူပိုင်မြေယာ (Public Land) တို့ ဖြစ်သည်။

သောအခါ ထိုဥပဒေကိုဖျက်သိမ်းပေးရန် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးက သဘောထားထုတ်ပြန်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လူမှုရေးအရ တရားဝင်မှုသာရှိပြီး ဥပဒေအရတရားဝင်မှုမရှိသေးသည့် ကော်သူးလေဒေသရှိ ဓလေ့ထုံးတမ်း မြေယာနှင့် "ကု" သို့မဟုတ် ရွှေ့ပြောင်းတောင်ယာတို့၏လုံခြုံမှုကို ထိပါးလာနိုင်သည့်အပြင် ဓလေ့ထုံးတမ်းအရ မြေပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်တို့ကို အသိမှတ်ပြုထားသည့် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ မြေယာမူဝါဒကိုဆန့်ကျင်ရာ ရောက်သောကြောင့် ဖြစ်သည်။


တၢ်န့ၢ်ပၢဟီၣ်ခိၣ်ကပၢ်လံာ်အုၣ်သး
မြေယာပိုင်ဆိုင်ခွင့် လက်မှတ်
လံာ်အံၤအုၣ်ကီၤအသးလၢဟီၣ်ခိၣ်ကစၢ်အခွဲးအယာ်
ဒ်ကညီဒီကလုာ်စၢဖှိၣ်ကရၢအဟီၣ်ခိၣ်ကပၢ်သနူတၢ်ဘျၢတၢ်စိတၢ်ကမီၤအိၣ်အသိး
မြေယာပိုင်ဆိုင်သူအခွင့်အရေးအတွက်အာမခံလက်မှတ်
ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး မြေယာလမ်းစဉ်၏အာဏာသက်ရောက်မှု

*ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ မြေယာနှင့်စိုက်ပျိုးရေးဌာန (KAD) မှ ထုတ်ပေးသော မြေယာပိုင်ဆိုင်ခွင့်လက်မှတ်ပုံစံ (KAD ထံမှ ရယူခဲ့သည်။)*

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် မြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာလုပ်ပိုင်ခွင့်တို့အတွက် မြေဂရမ်များ ထုတ်ပေးသည်။ လက်ရှိတွင် ပိုင်ဆိုင်ခွင့်ဂရမ် တစ်မျိုးနှင့် လုပ်ပိုင်ခွင့်ဂရမ် နှစ်မျိုးဟူ၍ မြေဂရမ်အမျိုးအစား (၃) မျိုး ထုတ်ပေးသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒအရ နိုင်ငံသားတိုင်းသည် မြေပိုင်ဆိုင်ခွင့်ရှိသော်လည်း မြေပိုင်ဆိုင်ခွင့်ဂရမ် ထုတ်ပေးရာတွင် ဌာနေလူထုကို ပထမဦးစား၊ ရပ်ရွာလူထုကို ဒုတိယဦးစားပေး၊ မြေယာမဲ့များ၊ ဘေးဖယ်ခံထားရသူများနှင့် ခုခံနိုင်စွမ်း မရှိသူများ (ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ အပါအဝင်) ကို တတိယဦးစားပေးအဖြစ် ထုတ်ပေးသည်။ မြေကွက် တစ်ခုအတွင်း (၃) နှစ်နှင့်အထက် ဆက်တိုက်နေထိုင်လုပ်ကိုင်သူသည် ကျေးရွာနှင့် မိရိုးဖလာအကြီးအကဲများ၏ ခွင့်ပြုချက်ဖြင့် စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းဖြစ်လျှင် မြေအသုံးပြုခွင့်ဂရမ်ကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ လယ်ယာမြေနှင့် စိုက်ပျိုးရေးဌာန (KAD) ထံတွင် တရားဝင်လျှောက်ယူနိုင်သည်။ မြေလုပ်ပိုင်ခွင့်နှစ်မျိုးမှာ ဌာနေလူထုလုပ်ပိုင်ခွင့်ဂရမ်နှင့် စီးပွားရေးကုမ္ပဏီများအတွက် လုပ်စားခွင့်လက်မှတ်တို့ ဖြစ်သည်။ ဌာနေလူထု လုပ်ပိုင်ခွင့်ဂရမ်ကို တစ်ဦးလျှင်အများဆုံး ဧက (၂၀)၊ သက်တမ်း (၃) နှစ် ခွင့်ပြုထားပြီး သက်တမ်းပြည့်လျှင် ထပ်တိုးနိုင်သည်။ စီးပွားရေးကုမ္ပဏီများအတွက်ထုတ်ပေးသည့်လုပ်ပိုင်ခွင့်ဂရမ်ကို အများဆုံးဧက (၅၀) အထိ သက်တမ်း နှစ် (၂၀) ဖြင့်ချပေးနိုင်ပြီး သက်တမ်းကုန်လျှင် နောက်ထပ် (၁၀) နှစ် ထပ်တိုးပိုင်ခွင့်ရှိသည်။ မြေယာပိုင်ဆိုင်ခွင့် ဂရမ်များနည်းတူ ဌာနေလူထုအတွက်ထုတ်ပေးသည့် မြေယာလုပ်ပိုင်ခွင့်ဂရမ်များကို ရောင်းဝယ်ရာတွင် ဆွေမျိုးသားချင်းကို ပထမဦးစားပေး၊ ကျေးရွာလူထုကို ဒုတိယဦးစားပေးနှင့် အခြားရွာနှင့် အပြင်လူတို့ကို တတိယဦးစားပေးစနစ်ဖြင့် ရောင်းဝယ်ကြသည်။ ထို့အပြင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒအရ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး စီမံအုပ်ချုပ်သည့် နယ်မြေပြင်ပရှိဒေသများမှ ပြည်သူလူတို့က ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး စီမံအုပ်ချုပ်သည့် နယ်မြေအတွင်းရှိ မြေများကိုဝယ်ယူလိုပါက သက်ဆိုင်ရာကျေးရွာရပ်မိ ရပ်ဖများနှင့် မြို့နယ်နှင့် ခရိုင် KAD တာဝန်ခံတို့၏ ခွင့်ပြုချက်များရယူပြီး ရောင်းဝယ်နိုင်သည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏မြေယာမူဝါဒတွင် မြေယာအသုံးချပိုင်ခွင့်နှင့်ပတ်သက်ပြီး မြေဧကကန့်သတ်မှုများရှိသည်။ မြေကိုတစ်ဦးတည်းက သို့မဟုတ်အစုအဖွဲ့တစ်ခုတည်းက လက်ဝါးကြီးအုပ်ထားမှုမရှိစေရန် ရည်ရွယ်ခြင်းလည်း ဖြစ်နိုင်

သည်။ မိုးစပါးစိုက်ပျိုးရေးအတွက် လူတစ်ဦးလျှင် အများဆုံး ဧက (၂၀) အထိနှင့် နန်းမြေစိုက်ပျိုးရေးအတွက် (၂) ဧကမှ (၅) ဧက အထိ မြေအသုံးချခွင့်ပေးထားသည်။ သို့ရာတွင် အခြေအနေအပေါ်မူတည်ပြီး ဧက (၅၀) အထိ အများဆုံးခွင့်ပြုနိုင်သည်။ စိုက်ပျိုးရေး အတွက်သာ မြေကိုအသုံးချရမည်ဖြစ်ပြီး ရောင်းချခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် အခြားရည်ရွယ်ချက်များအတွက် အသုံးချခွင့်မရှိပါ။ မြေယာလုပ်ပိုင်ခွင့် ပထမသက်တမ်းနစ် (၂၀) ပြည့်ပြီးနောက် သက်တမ်းတိုးလိုက နောက်ထပ်နှစ်ကြိမ် (ဒုတိယ ၁၀ နှစ် နှင့် တတိယ ၅ နှစ်) အထိ ထပ်တိုးနိုင်သည်။ သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိလျှင် မြေယာလုပ်ပိုင်ခွင့် ဆက်လက်ရရှိမည်ဖြစ်ပြီး စည်းကမ်းသတ်မှတ်ချက်များ ချိုးဖောက်မှုရှိလျှင် (ဥပမာ-သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကြီးမားသည့်မြေအသုံးချမှုများဖြစ်လျှင်) ၎င်းမြေယာလုပ်ပိုင်ခွင့်ကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးက ပြန်လည်သိမ်းယူနိုင်သည်။

ပြန်လည်သိမ်းဆည်းထားသော မြေယာများကို ပြန်လည်ခွဲဝေရာတွင်လည်း ပြန်လည်ခွဲဝေမည့် မြေယာများရှိရာ ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများနှင့် တိုင်ပင်ဆွေးနွေးကာ မြေယာမဲ့များ၊ ဆင်းရဲနွမ်းပါးသူများနှင့် ခုခံနိုင်စွမ်းမရှိသူများ (ဥပမာ - ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ) ကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ မြေယာတိုးချဲ့လုပ်ကိုင်လိုသည့် ဌာနေလူထုနှင့် ကျေးရွာလူထုတို့ကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ အခြားအပြင်လူများကို တတိယဦးစားပေးအဖြစ်လည်းကောင်း သိမ်းဆည်းထားသော မြေယာများကို ဦးစားပေးစနစ်ဖြင့် ပြန်လည်ခွဲဝေချပေးသည်။ ထိုသို့ မြေယာပြန်လည်ခွဲဝေချထားရာတွင် ဦးစားပေးအုပ်စုများ ထားရှိသော်လည်း အဆိုပါဦးစားပေးအုပ်စုများအတွင်းရှိ ပြည်သူလူထုကို မြေများပြန်လည်ခွဲဝေရာတွင် ကျား-မ သို့မဟုတ် ဘာသာရေး သို့မဟုတ် ကိုးကွယ်ယုံကြည်မှု သို့မဟုတ် လူမျိုးအပေါ်အခြေခံသည့် ခွဲခြားဆက်ဆံမှုမျိုးမရှိစေဘဲ တန်းတူညီမျှစွာ ခွဲဝေပေးသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒအရ မြေယာလုပ်ကိုင်ခွင့်ဂရမ်ရှိသူများထံမှ မြေနှင့်ဆိုင်သော အခွန်ကို နှစ်စဉ်ကောက်ခံသည်။ မြေယာများကို မြေခွန်နှင့် သီးနှံခွန်ဟူ၍ အခွန် (၂) မျိုး စည်းကြပ်သည်။ သီးနှံစိုက်ပျိုး ထားခြင်းမရှိသည့် မြေများကို လောလောဆယ် တစ်ဧကလျှင် မြေခွန်တစ်ထောင်ကျပ် ကောက်ခံပြီး သီးနှံစိုက်ပျိုးထားသည့် မြေများကိုမူ မြေခွန်မကောက်တော့ဘဲ သီးနှံခွန်များကိုသာ ကောက်ခံသည်။ သီးနှံခွန်ကို သီးနှံအထွက်နှုန်းအပေါ်မူတည်ပြီး (၅) ရာခိုင်နှုန်း ကောက်ခံသည်။ အထူးသဖြင့် ရော်ဘာ၊ ကွမ်း၊ ပြောင်းနှင့် သစ်သီးဝလံများစိုက်ပျိုးထားသည့် ခြံမြေများကို သီးနှံအထွက်နှုန်းအပေါ်မူတည်ပြီး ကောက်ခံခြင်းဖြစ်သည်။ တောင်ယာမြေနှင့် လယ်မြေများကို စပါးအထွက်နှုန်း၏ (၄) ရာခိုင်နှုန်းသာ ကောက်ခံသည်။ မြေဆီမြေနှစ် ကောင်းမှုအပေါ်အခြေခံပြီး မြေအတန်းအစား ခွဲခြားထားသည့် လယ်နှင့် တောင်ယာမြေတို့၏ စပါးအထွက်နှုန်း ကွဲပြားမှုရှိပြီး တစ်ဧကလျှင် စပါး (၂၅) တင်း အောက်သာထွက်လျှင် အခွန်ကင်းလွတ်ခွင့် ပေးထားသည်။[၂၁] ထို့အပြင် မြေယာလုပ်ပိုင်ခွင့်ရထားသော မြေများတွင် သီးနှံစိုက်ပျိုးခြင်းမရှိဘဲ ပလပ်ထားပါက ထိုပလပ်မြေများကို မြက်ခွန် (weed tax) တစ်ဧကလျှင် တစ်ထောင်ကျပ်ကောက်ခံသည်။[၂၂] ဖော်ပြပါသီးနှံခွန်များသည် ဧက (၂၀) နှင့်အောက် စိုက်ပျိုးထားသော ဥယျာဉ်ခြံမြေ၊ လယ်မြေနှင့် သစ်တောမြေများအပေါ် ကောက်ခံခြင်းဖြစ်ပြီး ဧက (၂၀) အထက် ခြံမြေများကိုမူ စီးပွားဖြစ်စိုက်ပျိုးရေး အသွင်ဆောင်သဖြင့် သီးနှံခွန် (၇) ရာခိုင်နှုန်း ကောက်ခံသည်။ ဒုက္ခသည်များနှင့် IDPs တို့သည် ၎င်းတို့၏ မူလမြေနေရာများသို့ ပြန်လည်နေထိုင်လုပ်ကိုင်နိုင်မှု မရှိမချင်း ၎င်းတို့၏ မြေယာများကို အခွန်ကင်းလွတ်ခွင့် ပေးထားသည်။

---

၂၁ စပါးအထွက်နှုန်း (၇၅) တင်းနှင့်အထက်ရှိလျှင် ပထမတန်းစားလယ်ယာမြေ (သို့) တောင်ယာမြေ၊ (၅၀-၇၅) တင်းထွက်လျှင် ဒုတိယတန်းစားလယ်ယာမြေ (သို့) တောင်ယာမြေဟု သတ်မှတ်သည်။ သီးနှံခွန်ကို တင်း(၅၀) နှင့်အထက်ထွက်လျှင် ၁ တင်း၊ တင်း(၂၅-၅၀)ထွက်လျှင် ၂ တင်းဆောင်ရပြီး (၂၅)တင်း အောက်ထွက်လျှင် အခွန်ကင်းလွတ်သည်။

၂၂ ပလပ်မြေသည် လယ်နှင့် ယာမြေများကို စိုက်ပျိုးခြင်းမပြုဘဲ ပလပ်ထားသောမြေ ဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာစနစ်တွင် မြေဆီမြေနှစ်ပြန်လည်ဖြစ်ထွန်းလာရေးအတွက် နှစ်ကန့်အသတ်ဖြင့် ပလပ်ထားသောမြေများ အကျုံးမဝင်ပါ။ တောင်ယာမြေစိုက်ပျိုးရေးအတွက် ပလပ်ထားသည့်မြေများအပေါ် မြက်ခွန်ကောက်ခံခြင်း မရှိပါ။ လယ်မြေနှင့် ယာမြေများရှိ စိုက်ပျိုးခြင်းမပြုပဲ ပလပ်ထားခြင်းကို အားမပေးလိုသည့်အတွက် မြက်ခွန်ကောက်ခံခြင်းဖြစ်သည်။

**စာကွက် (၁၀)**

## "ကော်" သို့မဟုတ် ကရင်လူမျိုးတို့၏ ဓလေ့ထုံးတမ်းမြေ

"ကော်" သည် စကောကရင်ဘာသာဖြင့် "နယ်မြေ" ကို ရည်ညွှန်းသည်။ ထို့ပြင် "ကော်" သည် ကရင်လူမျိုးတို့၏ မိရိုးဖလာ (သို့မဟုတ်) ဓလေ့ထုံးတမ်းအရ စီမံအုပ်ချုပ်သော မြေယာစနစ်တို့ကိုလည်း ရည်ညွှန်းသည်။ ရှေးယခင်ခေတ် အဆက်ဆက် ဘိုးဘွားလက်ထက်ကတည်းက အစပျိုးခဲ့သော ကရင်လူမျိုးတို့၏ မြေယာစီမံအုပ်ချုပ်မှုပုံစံဖြစ်ပြီး ဓလေ့ထုံးတမ်း အကြီးအကဲတို့၏ ဉာဏ်ပညာအမြော်အမြင်၊ အတွေ့အကြုံတို့ဖြင့် တဖြည်းဖြည်းတည်ဆောက်လာခဲ့သောစနစ် ဖြစ်သည်။ သို့ရာတွင် ခေတ်ကာလအပြောင်းအလဲများကြောင့် ယနေ့ခေတ်တွင် "ကော်" သို့မဟုတ် ကရင်လူမျိုးတို့၏ဓလေ့ထုံးတမ်းမြေယာ အုပ်ချုပ်မှုစနစ်တို့သည် တဖြည်းဖြည်းပြောင်းလဲလာပြီး ကော်သူးလေပြည်၏ ဒေသအချို့တွင် "ကော်"စနစ် ကျင့်သုံးမှုများ မရှိတော့သည်အထိ ပျောက်ကွယ်သွားသည်။ လက်ရှိအချိန်ထိ လက်ဆင့်ကမ်းထိန်းသိမ်းကျင့်သုံးလာသည့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေတစ်ခုဖြစ်သည့် မူတြော်ခရိုင် (ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်) အတွင်းရှိ "ကော်" စနစ်များမှာ စိတ်ဝင်စားစရာ အလွန်ကောင်းပါသည်။ အဆိုပါဒေသရှိ "ကော်" စနစ်ကို လေ့လာခြင်းအားဖြင့် မြေယာ သည် ကရင်လူမျိုးတို့အတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့်သဘာဝပတ်ဝန်းဆိုင်ရာတန်ဖိုးများ ရှိနေသည်ကို ပိုမိုသိရှိနားလည်နိုင်သည်။

> 'ကော်'စနစ်ဆိုသည်မှာ ကျေးရွာမြေ၊ ဘိုးဘွားပိုင်မြေ၊ အများပိုင်မြေ၊ မြစ်ချောင်း၊ အင်းအိုင်နှင့် သစ်တောတို့ ပါဝင်သည့် နယ်နိမိတ်သတ်မှတ်ချက်ရှိသည့် နယ်မြေတွင် ဓလေ့ထုံးတမ်းအရ သဘာဝအရင်းအမြစ်များအပေါ် စုပေါင်း သုံးစွဲခြင်း၊ စုပေါင်းထိန်းသိမ်း ကာကွယ်စောင့်ရှောက် ခြင်းကိုအခြေခံပြီး မျိုးရိုးစဉ်ဆက်အစဉ်အလာအကြီးအကဲများမှ ပြင်ပဩဇာသက်ရောက်မှုမရှိဘဲ ဓလေ့ထုံးတမ်း စည်းမျဉ်းများနှင့်အညီ စီမံအုပ်ချုပ်သည့်စနစ် ဖြစ်သည်။
>
> ၂၀၁၉ ခုနှစ်၊ မေလ ၂၉-၃၀ ရက်နေ့တို့တွင် KNU ဖားအံခရိုင်၊ လေးဝါး (လော်ခီးလာ) တွင် ကျင်းပခဲ့သော 'ကော်' ရိုးရာဓလေ့နယ်မြေစီမံအုပ်ချုပ်ခြင်းစနစ်ဆိုင်ရာနှီးနှောဖလှယ်ပွဲမှ တင်ပြချက်

"ကော်" မြေများသည် အကျယ်အဝန်း အကြီးအသေးအမျိုးမျိုးရှိနိုင်ပြီး "ကော်" တစ်ခုသည် ကျေးရွာတစ်ရွာ သို့မဟုတ် ကျေးရွာတစ်ရွာထက်ပိုသော ကျေးရွာများဖြင့် ဖွဲ့စည်းထားနိုင်သည်။ "ကော်" တစ်ခုတွင် ကျေးရွာမြေ၊ လယ်ယာမြေ၊ တောင်ယာမြေ၊ သစ်တောမြေ၊ စားကျက်မြေ၊ ဥယျာဉ်ခြံမြေ၊ ချောင်းမြေ၊ သာသနာမြေနှင့် ကိုးကွယ်ယုံကြည်မှုအတွက် အထွတ်အမြတ်ထားသည့်မြေ၊ ယဉ်ကျေးမှုအမွေအနှစ် တည်ရာမြေများ စသည့် မြေအသုံးချမှုပုံစံအမျိုးမျိုးရှိနေနိုင်ပြီး မြေယာ၊ သစ်တော၊ ရေလုပ်ငန်း၊ ရေနှင့် ဆက်စပ်သော သဘာဝသယံဇာတများကို ၎င်းကော်အတွင်းရှိ ပြည်သူလူထုတို့က သက်ဆိုင်ရာ ဓလေ့ ထုံးတမ်းများနှင့် အညီ စီမံခန့်ခွဲ၊ ထုတ်ယူသုံးစွဲကြသည်။ "ကော်" တစ်ခုတွင် "ကော်ခို့" သို့မဟုတ် "ကော်ကဆာ" ခေါ် ကော်မြေ အကြီးအကဲတစ်ဦးရှိသည်။ "ကော်ခို့"သည် ကျေးရွာလူထုနှင့် တိုင်ပင်ကာ အထူးသဖြင့် နှစ်စဉ်ခုတ်မည့် သို့မဟုတ် တိုးချဲ့မည့် တောင်ယာမြေများကို ဆုံးဖြတ်ပေးသည်။ မျိုးရိုးအရသာ "ကော်ခို့" ဖြစ်ပိုင်ခွင့်ရှိပြီး အမျိုးသားများသာ "ကော်ခို့" ဖြစ်ခွင့်ရှိသည်။ "ကော်ခို့" တစ်ဦး၏ အကြီးဆုံးသား သို့မဟုတ် ဒုတိယအကြီးဆုံးသား၊ သို့မဟုတ် သားတစ်ယောက်မှမရှိလျှင် ဆွေးမျိုးထဲက သားယောက်ျား တစ်ဦးဦးကသာ "ကော်ခို့" ဖြစ်ပိုင်ခွင့်ရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် "ကော်ခို့" မရှိတော့ သည့် "ကော်" မြေများတွင် ကျေးရွာရပ်မိရပ်ဖနှင့် ကျေးရွာအုပ်ချုပ်ရေးအကြီးအကဲတို့က စုပေါင်းဆုံးဖြတ်ပေးသည်။

"ကော်" မြေများကို "ကော်ပိုမု" ခေါ် အမျိုးသမီးကော်နှင့် "ကော်ပိုခွား" ခေါ် အမျိုးသားကော်ဟူ၍ ဖို-မဓာတ်သဘော ဆောင်သည့် "ကော်" မြေအမျိုးအစားများကို ရှေးကရင်ဘိုးဘွားလက်ထက်ကတည်းက သတ်မှတ်ခဲ့ကြသည်။ ရှေးကရင်လူမျိုး တို့၏ အယူအရ အမျိုးသမီးကော်တွင် အမျိုးသားကလည်းကောင်း၊ အမျိုးသားကော်တွင် အမျိုးသမီးကလည်းကောင်း စိုက်ပျိုး လုပ်ကိုင်လျှင် ပိုမိုဖြစ်ထွန်းမှုရှိသည်။ တောင်ယာခုတ်မည်ဆိုပါက လုပ်ငန်းစဉ်တစ်လျှောက်လုံးထက် သက်ဆိုင်ရာ ကော်အမျိုး အစားအလိုက် အမျိုးသမီး သို့မဟုတ် အမျိုးသားက စတင်ခုတ်ထွင်ရှင်းလင်းမှုပြုရုံဖြင့်ပင် အကျိုးဖြစ်ထွန်းနိုင်သည်ဟု ယူဆကြ သည်။ "ကော်" တစ်ခုတွင် "ဒူး" ခေါ် တောင်ယာကွက်များကိုလည်း "ဒူးမုကနော်" ခေါ် အပျိုမဒူး၊ "ဒူးဖုးသာခွား" ခေါ် လူပျိုဒူး၊

"ဒူးမူးကမဲ" ခေါ် မုဆိုးမဒူးနှင့် ရိုးရိုးဒူးဟူ၍ (၄)မျိုး ခွဲခြားထားသည်။ "ကော်" တိုင်းတွင် ရိုးရိုးဒူးရှိသော်လည်း ကျန်ဒူးအမျိုးအစားများသည် "ကော်" တိုင်းတွင်မရှိပါ။ "ဒူး" နှင့်ပတ်သက်၍ "ဒူးမူးကနော်" တွင် အမျိုးသမီးကလည်းကောင်းနှင့် "ဒူးဖူးသာခွား" တွင် အမျိုးသားကလည်းကောင်း အစပျိုးလုပ်ကိုင်လျှင် ထိုတောင်ယာခင်းသည် အလိုလိုဖြစ်ထွန်းသည်ဟု ယူဆကြသည်။ ထိုသို့မဟုတ်ဘဲ "ဒူးမူးကနော်" တွင် အမျိုးသားက စလုပ်ကိုင်ပါက လွဲချော်မှု သို့မဟုတ် ခိုက်မှုတစ်စုံတစ်ရာ ရှိလာနိုင်သည်ဟု ယူဆကြသည်။

"ကော်" တစ်ခုအတွင်း ကျင့်သုံးသော ဓလေ့ထုံးတမ်းများလည်း ကွဲပြားမှုရှိသည်။ ဥပမာ မြေအမွေဆက်ခံခွင့်ကို ကျင့်သုံးရာတွင် ကျေးရွာအလိုက် ကွဲပြားနိုင်သည်။ အချို့ကျေးရွာများတွင် (အကြီးဆုံး သို့မဟုတ် အငယ်ဆုံး)သားကိုသာ အမွေပေးပြီး အချို့ကျေးရွာများတွင် သမီးကိုသာ အမွေပေးလေ့ ရှိသည်။ အချို့သော ကျေးရွာများတွင်မူ သားသမီး၊ အကြီးဆုံး၊ အလတ်နှင့် အငယ်ဆုံး မခွဲခြားဘဲ မိဘနှင့်အတူနေထိုင်ပြီး မိဘကို ကျွေးမွေးစောင့်ရှောက်သော သား/သမီးကိုသာ မြေယာအမွေများ ပေးကြသည်။ မြေယာအမွေနှင့် ပတ်သက်၍ ဦးစားပေးစဉ်းစားလေ့ရှိသည့် ဓလေ့များသည် ခေတ်ကာလနှင့် လူမှုပတ်ဝန်းကျင် အခြေအနေများအပေါ်မူတည်ပြီး ပြောင်းလဲနိုင်သည်။ သား သို့မဟုတ် သမီး သို့မဟုတ် အကြီးသုံး သို့မဟုတ် အငယ်ဆုံးသားသမီးကိုသာ ဦးစားပေးသည့်စနစ်မှ သားသမီးအကြီး၊ အငယ်မခွဲခြားဘဲ ညီတူညီမျှ အမွေခွဲဝေပေးသည့်စနစ်သို့ တဖြည်းဖြည်းကူးပြောင်းသွားသည့် ကျေးရွာများလည်း ရှိသည်။ ထို့ကြောင့် သက်ဆိုင်ရာကျေးရွာများတွင် ဖြစ်ပေါ်လာသည့် ဓလေ့ထုံးတမ်း များ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ မူလနောက်ခံအကြောင်းရင်းများကို နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။

"ကော်" တစ်ခုအတွင်းရှိ မြေနှင့် မြေ၊ သစ်တော၊ ရေအပါအဝင် ၎င်းတို့နှင့် ဆက်စပ်နေသော သဘာဝအရင်းမြစ်များကို မည်သို့ အသုံးချမည်၊ မည်သို့ ထုတ်ယူသုံးစွဲမည်နှင့် မည်သို့ထိန်းသိမ်းကာကွယ်သွားမည် အစရှိသည့် "ကော်" မြေတစ်ခုအတွင်း စီမံအုပ်ချုပ်မှုများသည် "ကော်" အလိုက် အလားတူသော ဓလေ့ထုံးတမ်းများ ရှိသကဲ့သို့ မတူကွဲပြားသော ဓလေ့ထုံးတမ်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များလည်း ရှိနိုင်သည်။ ဥပမာ လယ်တစ်ကွက်တွင် စပါးစိုက်မည်ဆိုလျှင် မစိုက်ခင်နှင့် ရိတ်သိမ်းပြီးချိန်တို့တွင် ရိုးရာအရ ရေ သို့မဟုတ် မြေ သို့မဟုတ် သစ်ပင်ကိုစောင့်ရှောက်သော ရိုးရာနတ်များကို ပူဇော်ပသမှုများ ပြုလုပ်ကြသည်။ စိုက်ပျိုးရေးဖြစ်ထွန်းရန်အတွက် ရွာသားတစ်ဦးချင်းက လည်းကောင်း၊ ရွာလုံးကျွတ်ကလည်းကောင်း သက်ဆိုင်ရာ အစောင့်အရှောက်နတ်များကို ပူဇော်ပသလေ့ ရှိကြသည်။

"ကော်" တစ်ခုနှင့် တစ်ခုကြား နယ်နိမိတ်ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်သည့်အခါတွင်လည်း ရိုးရာအရ သစ္စာဆိုခြင်းဖြင့် ဖြေရှင်းမှုများ ရှိသည်။ ဥပမာ "ကော်" နှစ်ခုအကြား နယ်နိမိတ်အမှတ်အသား ကျောက်တိုင်ရွှေ့သည့်အငြင်းပွားမှု




*"ကော်" ရိုးရာဓလေ့နယ်မြေ စီမံအုပ်ချုပ်ခြင်းစနစ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ*
*(၂၀၁၉ ခုနှစ်၊ မေလ ၂၉-၃၀ ရက်နေ့တွင် KNU ဖာအံခရိုင်၊ လေးဝါး (လော်ခီးလာ) တွင် ကျင်းပခဲ့သည်။) ဓာတ်ပုံ - KESAN*

တစ်ခုတွင် သက်ဆိုင်ရာ “ကော်” ရွာသားအချို့ကို သစ္စာဆိုကျိန်ခိုင်းပြီး ကင်းပွန်းချဉ်ရွက်ချည်ထားသော မသာတံပိုးတစ်ခု အောက်တစ်ဘက်စီတွင် ဝင်ရောက်ဖြတ်ကျော်ခိုင်းသည်။

ကင်းပွန်းချဉ်ရွက်အရင်ကြွေသည့်ဘက်က မှားပြီး သစ္စာစူးနိုင်သည်။ သစ္စာစူးသည့်အခါ ခေါင်းကိုက်၊ ဖျားနာ၊ မူးမော်၊ အော့အန် အစရှိသည့် ဝေဒနာအမျိုးမျိုးခံစားရပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်သည်ဟု ယုံကြည်ကြသည်။ နောက်ဆုံး၌ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးထံတွင် အကူညီတောင်းခံပြီး ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ခေါင်းဆောင်များက ဝင်ရောက်ဖြန်ဖြေ ပေးခဲ့ရသည့် သာဓကများလည်း ရှိခဲ့သည်။ ထိုကဲ့သို့ ရိုးသားဖြောင့်မှန်မှုကို ရိုးရာအရ အဆုံးဖြတ်ပေးသည့် ဓလေ့များနှင့်အတူ “ကော်” တစ်ခုနှင့် တစ်ခုအကြား မြေယာမျှဝေအသုံးချမှုများလည်းရှိသည်။ “ကော်” တစ်ခုအတွင်း လူဦးရေများလာပြီး စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေနေရာကျဉ်းမြောင်းလာသဖြင့် ပိုမိုကျယ်ဝန်းသည့် အခြား “ကော်” တစ်ခုတွင် တောင်ယာခုတ်လိုပါက ၎င်းကော်၏ “ကော်ခို့” နှင့် တိုင်ပင်ကာ ခွင့်ပြုချက်ရယူရန်လိုသည်။ ခွင့်ပြုချက်ပေးလျှင် တောင်ယာစလုပ်နိုင်ပြီး ခွင့်ပြုထားသည့်နှစ် ပြည့်လျှင် ထို “ကော်” ၏ “ကော်ခို့” ကို တောင်ယာမြေ အသုံးပြုခအနေဖြင့် သီးနှံ သို့မဟုတ် အရက် တစ်ပုလင်း သို့မဟုတ် ဝက် တစ်ကောင် ပေးဆောင်ရသည်။ ၎င်းကို ရွာရိုးရာဓလေ့အရ ရွာသားအားလုံး ပါဝင်သည့် စားသောက်ပွဲများတွင် အတူတကွ မျှဝေစားသောက်ကြသည်။

“ကော်” တစ်ခုအတွင်းတွင် ဓလေ့ထုံတမ်းအစဉ်လာများကို တစ်နှစ်ပတ်လုံး လစဉ်ဆောင်ရွက်မှုများ ရှိပြီး၊ “ကော်” အလိုက် တူညီမှုနှင့်ကွဲပြားမှုများ အနည်းနှင့်အများ ရှိနိုင်သည်။ အနည်းဆုံးတစ်နှစ်အချိန်ယူပြီး စနစ်တကျလေ့လာနိုင်လျှင် လူနှင့်သဘာဝပတ်ဝန်းကျင်တို့ သဟဇာတရှိစွာ ယှဉ်တွဲနေထိုင်မှုကို ဖော်ဆောင်သည့် ကရင်လူမျိုးတို့၏စိတ်ဝင်စားဖွယ်ကောင်းသည့် ဓလေ့ထုံးတမ်းမြေများ စီမံခန့်ခွဲမှုပုံစံနှင့် ၎င်းတို့၏တန်ဖိုးတို့ကို ကောင်းစွာသိမြင်လာနိုင်မည် ဖြစ်သည်။ သို့ရာတွင် ဓလေ့ထုံးတမ်း ”ကော်”မြေ အချို့တို့သည် စစ်ဘေးစစ်ဒဏ်နှင့် ဘာသာရေးပျံ့နှံ့မှုများကြောင့် တဖြည်းဖြည်းကွယ်ပျောက်သွားပြီး အချို့မှာလည်း အချိန်နှင့်အမျှ ပြောင်းလဲမှုများရှိလာသည်။ ပြည်တွင်းစစ်ကြောင့် မိမိတို့နေထိုင်ရာ “ကော်” မြေများကို စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်ကာ အခြားနိုင်ငံများတွင် ခိုလှုံနေခဲ့ရသောကြောင့် ယခင်ခေတ် အဆက်ဆက်ကျင့်သုံးလာခဲ့သည့် ဓလေ့ထုံးတမ်းမြေနှင့် သယံဇာတစီမံအုပ်ချုပ်မှုဓလေ့များ ကွယ်ပျောက်ခဲ့ရသည်။ ထို့ပြင် ရှေးယခင်၌ မိရိုးဖလာနတ်ကိုးကွယ်မှုများသာရှိခဲ့သော “ကော်”မြေများတွင် ဗုဒ္ဓသာသနာ၊ ခရစ်ယာန်သာသနာနှင့် အခြားသာသနာများ ပြန့်ပွားပြီးနောက် “ကော်” စနစ်များလည်း တဖြည်းဖြည်းပပျောက်လာသည်။ သို့မဟုတ် အသွင်သဏ္ဍာန်သစ်ဖြင့် ဆက်လက်တည်ရှိသည်။ ယနေ့တိုင် ဆက်လက်ကျင့်သုံးလျက်ရှိသော လေ့ထုံးတမ်းမြေများကို စနစ်တကျမှတ်တမ်းတင်နိုင်ရန်နှင့် ကောင်းမွန်ပြီး ခေတ်နှင့် လျော်ညီသော ဓလေ့ထုံးမြေယာစီမံခန့်ခွဲမှုစနစ်များကိုဖော်ထုတ်ပြီး ၎င်းတို့၏လုံခြုံရေးကို ဆက်လက်ကာကွယ်ထိန်းသိမ်းမြှင့်တင်သွားနိုင်ရန်အတွက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် သက်ဆိုင်ရာ ကရင်လူမှုအဖွဲ့အစည်းများသည် “ကော်” မြေများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ နီးနှောဖလှယ်ပွဲများနှင့် သုတေသနများကို မကြာသေးခင်နှစ်များအတွင်း အင်တိုက်အားတိုက် ကျင်းပပြုလုပ် အကောင်အထည် ဖော်လာကြသည်။

| ၂၀၁၉ ခုနှစ်၊ မေလအထိ မှတ်တမ်းတင်ထားသော ကော်သူးလေပြည်အတွင်းရှိ ‘ကော်’ အရေအတွက် | | |
|---|---|---|
| ခရိုင် | နယ်နိမိတ်တိုင်းတာသတ်မှတ်ပြီးသော ဒေသအသိအမှတ်ပြုထားသော ကော်အရေအတွက် | ကော်မြေဧရိယာ အကျယ်အဝန်း (ဧက) |
| ဘားအံ | ၁ | ၇,၃၆၆ |
| ခလယ်လွီထူ | ၁ | ၈,၁၂၀ |
| တောအူး | ၅ | ၄၉,၄၂၀ |
| မူတြော် | ၂၁ | ၇၀၈,၃၂၃ |
| ဘိတ်-ထားဝယ် | ၁၆၈ | ၇၄၉,၃၃၁ |
| စုစုပေါင်း | ၁၉၆ | ၁,၅၂၂,၅၆၀ |

Source: Kaw Policy Briefer (ကော်သူးလေမြေယာအချက်အလက်စီမံခန့်ခွဲမှုရုံးမှ ရယူထားသည်။)

## သစ်တောကဏ္ဍ - ဥပဒေဆိုင်ရာ မူဘောင်

ပထမဆုံးသော ကော်သူးလေသစ်တောအက်ဥပဒေနှင့် နည်းဥပဒေတို့ကို ၁၉၇၄ ခုနှစ်တွင် ကျင်းပခဲ့သော KNU ၏ နဝမ အကြိမ်ကွန်ဂရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အဆိုပါ သစ်တောအက်ဥပဒေနှင့် နည်းဥပဒေတို့ဖြင့် ကော်သူးလေပြည်အတွင်းရှိ သစ်တောမြေများကို နှစ်ပေါင်း (၅၉) နှစ်တိုင် ကျင့်သုံးစီမံလာခဲ့ပြီးနောက် ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေများနှင့်အညီ ၂၀၀၈ ခုနှစ်တွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သစ်တောမူဝါဒတစ်ရပ် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ထိုမူဝါဒကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကော်သူးလေသစ်တောများကိုမူ၊ စည်းမျဉ်း စည်းကမ်း၊ ဥပဒေများဖြင့် စီမံအုပ်ချုပ်နေသော်လည်း လက်နက်ကိုင်တော်လှန်ရေးကာလအတွင်း ထိရောက်မှုအားနည်းပြီး သစ်တော ပြုန်းတီးမှုများရှိခဲ့သည်။ သစ်တောသည် သဘာဝအရင်းအမြစ်ကြွယ်ဝပြီး လူသားတို့၏ အသက်ရှင်သန်နေထိုင်ရေးအတွက် အသက် သွေးကြောပမာတန်ဖိုးရှိသဖြင့် လက်ရှိတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကော်သူးလေအတွင်းရှိ သစ်တော၊ တောရိုင်းတိရိစ္ဆာန်၊ သဘာဝအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်တို့ကို ကာကွယ်စောင့်ရှောက်သည့် လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သစ်တောဥမူဝါဒနှင့် ဥပဒေများအရ သစ်တောမြေမှ စီးပွားဖြစ်သစ်ထုတ်လုပ်မှု များကို တင်းကြပ်စွာတားမြစ်ပိတ်ပင်ထားသည်။ ထို့အပြင် သစ်တောကြိုးဝိုင်းအတွင်း အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းနှင့် သစ်တောထွက် ပစ္စည်းထုတ်ယူခြင်းတို့ကိုလည်း ခွင့်ပြုချက်လိုင်စင်များဖြင့် ကန့်သတ်ထားသည်။ တစ်ချိန်တည်းတွင် ပြည်သူလူထုခံစားခွင့်ရှိသည့် အခွင့်အရေးများကိုလည်း ပေးထားသည်။ ကြိုးပြင်ကာကွယ်တောအတွင်းရှိ သစ်များ (ကျွန်းမပါ) ကို မိမိအိမ်ယာဆောက်လုပ်ရန် အတွက် (၅) တန်ထိ အခွန်လွတ်ထုတ်ခွင့်ရှိပြီး (၅)တန်ကျော်လျှင် အခွန်ထက်ဝက်နှုန်း ပေးဆောင်ရသည်။ ဘာသာရေးကျောင်း၊ စာသင်ကျောင်းကဲ့သို့သော အများနှင့်ဆိုင်သော အဆောက်အအုံများအတွက် မည်သည့်သစ်ကိုမဆို တန် (၂၀) အထိ အခွန်လွတ် ထုတ်ယူခွင့်ရှိသည်။ ကြိုးဝိုင်းတောဖြစ်လျှင် အိမ်သုံးအတွက် အခွန်လွတ်လှည်း (၄) စီးနှင့် အများနှင့်ဆိုင်သော အဆောက်အအုံ ဆောက်ရန်အတွက် (၁၅) တန်အထိ အကောက်လွတ်ထုတ်နိုင်သည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ တည်ဆဲသစ်တောဥပဒေအရ သစ်တောမြေအသုံးချမှု ပုံစံများအပေါ် မူတည်ပြီး သစ်တောမြေများကို အမျိုးအစားခွဲခြားထားသည်။ ၎င်းတို့မှာ ကျေးရွာပိုင် ဘုံသစ်တော၊ သစ်တောကြိုးဝိုင်း၊ ထိန်းသိမ်း ထားခြင်းမရှိသောသစ်တော၊ တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တော၊ အမျိုးသားပန်းခြံနှင့် ကြားခံတောတို့ဖြစ်သည်။ (စာကွက် ၁၁ ရှု) ကရင့် တော်လှန်ရေး အစောပိုင်းနှစ်များတွင် ကော်သူးလေသစ်တောမြေများကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအာဏာပိုင်များ ကသာ စီမံအုပ်ချုပ်လာခဲ့ကြသော်လည်း ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ၂၀၀၈ ခုနှစ်တွင် ရေးဆွဲချမှတ်သည့် သစ်တောမူဝါဒအရ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ သစ်တောဌာန၏ စောင့်ရှောက်မှုအောက်တွင် ဒေသခံလူထုများ ကိုယ်တိုင်စီမံအုပ်ချုပ်သော ကျေးရွာပိုင်ဘုံသစ်တောဖွဲ့စည်းခြင်း၊ စီမံအုပ်ချုပ်ခြင်းအစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ဒေသခံလူထုများ လျှောက်ထားတောင်းခံသည့် ကျေးရွာပိုင်ဘုံသစ်တောကို ၎င်းတို့ကိုယ်တိုင် စီမံအုပ်ချုပ်နိုင်ရန် အတည်ပြု လက်မှတ်များ ထုတ်ပေးလျက်ရှိသည်။ ထို့အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အခြေအနေအမျိုးမျိုးကြောင့် သစ်တော ကြိုးဝိုင်းအတွင်း ဝင်ရောက်နေထိုင်၊ စိုက်ပျိုးလုပ်ကိုင်သူတို့၏ အကျိုးစီးပွားအလို့ငှာ သစ်တောမြေများမှ အတင်းနှင်ထုတ်ခြင်း မပြုဘဲ သစ်တောကြိုးဝိုင်းအတွင်း လုပ်စားပိုင်ခွင့်လက်မှတ်များ ထုတ်ပေးခဲ့သည်။ သို့ရာတွင် သစ်တောကြိုးဝိုင်းအတွင်း အသစ်ဝင်ရောက် နေထိုင်မှုနှင့် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်မှုများကိုမူ တင်းကြပ်စွာ တားမြစ်ပိတ်ပင်ထားသည်။

**စာကွက် (၁၁)**

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သစ်တောဥပဒေအရ သတ်မှတ်ထားသော သစ်တောမြေအမျိုး အစားများ

**ကျေးရွာပိုင်ဘုံသစ်တော (Community Forest)** သည် ပြည်သူလူထုကိုယ်တိုင်စီမံအုပ်ချုပ်သော သစ်တောမြေ အမျိုးအစား ဖြစ်သည်။ ကျေးရွာပိုင်ဘုံသစ်တောအတွင်းရှိ သဘာဝအရင်းအမြစ်များကို မည်သို့စနစ်တကျ ထုတ်ယူသုံးစွဲမည်နှင့် ရေရှည် တည်တံ့ရေးအတွက် သစ်တောမြေများနှင့် သစ်တောအရင်းအမြစ်တို့ကို မည်သို့ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်တို့ကို ပြည်သူလူထုက စည်းမျဉ်းစည်းကမ်းများချမှတ်ကာ ကိုယ်တိုင်စီမံအုပ်ချုပ်သည်။ KFD သည် ကျေးရွာပိုင်ဘုံသစ်တောများ အတွက် တစ်ကြိမ်လျှင် သက်တမ်းနှစ် (၂၀) ရှိသည့် ကျေးရွာဘုံပိုင် သစ်တောစီမံခန့်ခွဲခွင့်လက်မှတ်များကို ၂၀၁၀ ပြည့်နှစ်မှ စတင် ထုတ်ပေးခဲ့သည်။

**သစ်တောကြိုးဝိုင်း (Reserved Forest)** သည် သစ်တောဖုံးလွှမ်းမှုများသည့် သစ်တောမြေအမျိုးအစားဖြစ်သည်။ သစ်ပင် မျိုးစိတ်စုံလင်ပြီး သစ်တမ်းရင့်သစ်ပင်ကြီးငယ်တို့ဖြင့် အုံမှိုင်းအုပ်ဆိုင်းနေသော သစ်တောမြေဖြစ်သည်။ အများပြည်သူ အကျိုး စီးပွားကိုရှေးရှုပြီး သစ်တောနှင့် ဂေဟစနစ်ရေရှည်တည်တံ့ရေးအတွက် စနစ်တကျထိန်းသိမ်းကာကွယ် စောင့်ရှောက်ထား သော သစ်တောမြေဖြစ်သည်။ သစ်တောကြိုးဝိုင်းများအတွင်း ဝင်ရောက်နေထိုင်ခြင်းနှင့် စိုက်ပျိုးရေးလုပ်ကိုင်ခြင်းတို့ကို အထူး တားမြစ်ပိတ်ပင်ထားသော်လည်း ရှိထားသောလယ်မြေနှင့် ခြံမြေတို့အတွက် တစ်ကြိမ်လျှင်သက်တမ်း (၅) နှစ်ဖြင့် သစ်တော ကြိုးဝိုင်းအတွင်း လုပ်စားပိုင်ခွင့်လက်မှတ်များကို KFD မှ ထုတ်ပေးသည်။

**ထိန်းသိမ်းထားခြင်း မရှိသည့် သစ်တောများ (Unreserved Forest)** သည် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး အာဏာပိုင်များကလည်းကောင်း၊ ပြည်သူလူထုကလည်းကောင်း “စနစ်တကျ” ရှိသော အစီအမံများဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှု မပြုရသေးသည့် သစ်တောမြေများ ဖြစ်သည်။ ထိုသစ်တောမြေများတွင်လည်း သစ်တောပြုန်းတီးမှု များရှိလာ သဖြင့် သစ်တောမြေအင်္ဂါရပ်များ တဖြည်းဖြည်းကျဆင်းလာကာ အချို့မှာ အခြားမြေအမျိုးအစားပုံစံများ ဖြစ်သွားသည်။

**တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (Wildlife Sanctuary)** သည် ဇီဝမျိုးစုံကွဲ (biodiversity) ကြွယ်ဝမှုကို ထိန်းသိမ်းကာကွယ် ထားသော သစ်တောမြေဖြစ်သည်။ KFD သည် ဤသစ်တောမြေများအတွင်း စိုက်ပျိုးလုပ်ကိုင်ခြင်း၊ အမဲလိုက်ခြင်း၊ သတ္တုတူး ဖော်ခြင်း၊ စားကျက်မြေအဖြစ် အသုံးပြုခြင်း၊ သစ်ထုတ်လုပ်ခြင်းတို့ကို တင်းကြပ်စွာတားမြစ်ကန့်သတ်ထားသည်။ အထူးသဖြင့် ရှားပါးမျိုးစိတ်များ (endangered species) နှင့် မျိုးသုန်းလုနီးပါးမျိုးစိတ်များ (critically endangered species) ၏ နေထိုင် ကျက်စားရာနေရာများ ပျောက်ဆုံးခြင်းနှင့်/သို့မဟုတ် ဖျက်ဆီးခံရခြင်းတို့ကြောင့် မလုံခြုံသည့်စာရင်းဝင်မျိုးစိတ်များ (vulnerable specifies) ကို ကာကွယ်စောင့်ရှောက်သွားနိုင်ရန် ဖြစ်သည်။

**ကြားခံနယ်မြေ/ကြားခံတော (Buffer Zone of Buffer Forests)** သည် ထိန်းသိမ်းတောများနှင့်အတူ ရှိနေသော နယ်မြေများ ဖြစ်သည်။ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ ဘေးပတ်လည်တွင် ကြားခံတစ်ခုကဲ့သို့တည်ရှိပြီး ရည်ရွယ်ချက်အမျိုးမျိုးအတွက် အသုံးပြုနိုင်သော နယ်မြေများဖြစ်သည်။

**အမျိုးသားဥယျာဉ် (National Park)** သည် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်၏အရေးပါမှုကို တန်ဖိုးထားတတ်ရန်၊ ရှားပါးပြီး မျိုးသုန်းလုနီးပါး အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို ကာကွယ်ထိန်းသိမ်းရန်၊ သက်ဆိုင်ရာပညာရှင်များက သုတေသန လေ့လာ နိုင်ရန်နှင့် အခြားသောရည်ရွယ်ချက်များအတွက် သတ်မှတ်ထိန်းသိမ်းထားသော သစ်တောမြေ ဖြစ်သည်။

*အရင်းအမြစ်* - ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒ (၂၀၁၅) နှင့် ကေအဲန်ယူ-ကရင် အမျိုးသားအစည်း အရုံး၏ သစ်တောမူဝါဒမူကြမ်း (၂၀၁၆)

လက်ရှိတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သစ်တောမြေများကို စနစ်တကျ တိုင်းတာမှတ်တမ်းတင်မှုများ ပြုလုပ်နေဆဲ ဖြစ်သည့်အလျောက် တိကျသော စုစုပေါင်းသစ်တောမြေ အကျယ်အဝန်းကို မသိရှိနိုင်သေးပါ။ မှတ်တမ်းတင်ထားပြီးသော သစ်တောမြေစာရင်းကို အောက်ပါဇယား (ဇယား-၈ ရှု) တွင် ဖော်ပြထားသည်။ အချို့သော သစ်တောမြေများသည် ဗြိတိသျှကိုလိုနီအစိုးရလက်ထက်ကတည်းက သတ်မှတ်ခဲ့သော သစ်တောမြေများဖြစ်ပြီး ခေတ်ကာလအပြောင်းအလဲများကြောင့် အချို့မှာ မြေပြင်တွင် မရှိတော့သော်လည်း ပယ်ဖျက်ခြင်း မပြုရသေးပါ။ ဥပမာ တိရိစ္ဆာန်ဘေးမဲ့တောအချို့တွင် သစ်တောပြုန်းတီးလာမှုကြောင့် တိရိစ္ဆာန်များ မရှိတော့သော်လည်း ဖျက်သိမ်းထားခြင်း မပြုရသေးပေ။ ထို့အပြင် တိုင်းတာစိစစ်မှုများ စတင်ပြုလုပ်နေဆဲဖြစ်ပြီး အတည်ပြုမှု မလုပ်ရသေးသည့် သစ်တောမြေများလည်း ရှိသည်။ သစ်တောမြေအမျိုးအစားအချို့မှာ လူတို့၏ ဝင်ရောက်နေထိုင်မှုနှင့် စိုက်ပျိုးလုပ်ကိုင်မှုများကြောင့် အရေအတွက်နှင့် သစ်တောဖုံးလွှမ်းမှု သို့မဟုတ် သစ်တောအရည်အသွေး လျော့ကျမှု ရှိနေသည်။ လက်ရှိတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကျန်ရှိနေသေးသော သစ်တောမြေများကို ယခင်ထက် ပိုမိုအားစိုက်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်လာသည်။ အထင်ရှားဆုံးသော သာဓကတစ်ခုမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ မူတြော်ခရိုင်အတွင်းတည်ရှိသည့် ဝေ့လေ့ထုံးတမ်း "ကော်" မြေများအပါအဝင် မြေအသုံးချမှု ပုံစံအမျိုးမျိုးပါဝင်သည့် နယ်မြေဒေသအားလုံးနီးပါးကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ်(Salween Peace Park) အဖြစ် သတ်မှတ်ကြေငြာလိုက်ခြင်း ဖြစ်သည်။ (စာကွက် ၁၂ ရှု) လက်ရှိတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်း၌ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ တပ်များနှင့် မြန်မာ့တပ်မတော်တို့၏ တပ်စခန်းများရှိနေသေးသော်လည်း အနာဂတ်တစ်ချိန်ချိန်တွင် ငြိမ်းချမ်းရေးရရှိပြီး တပ်ကင်းမဲ့နယ်မြေ သို့မဟုတ် စစ်မဲ့နယ်မြေတစ်ခုဖြစ်လာရန် မျှော်မှန်းထားသည်။

**ဇယား (၈) လက်ရှိတိုင်းတာပြီးသော ကော်သူးလေသစ်တောမြေ အမျိုးအစားနှင့် အရေအတွက်**

| သစ်တောမြေအသုံးချမှုပုံစံ | အရေအတွက် | | ဧက |
|---|---|---|---|
| | ယခင် | ယခု | |
| ကျေးရွာဘုံပိုင်သစ်တော | • | ၁၅၁ | ၂၄၄,၅၉၈.၀၃ |
| သစ်တောကြိုးဝိုင်း | ၆၀ | ၄၃ | မရနိုင် |
| တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တော | ၁၄ | ၁၅ | မရနိုင် |
| အမျိုးသားဥယျာဉ် | | ၁ | ၁,၃၅၅, ၅၈၀ |
| ကြားခံတော | - | ၈ | မရနိုင် |
| စုစုပေါင်း | | | မရနိုင် |

Source: Kaw Policy Briefer; KIC news, "အစိုးရအနေနဲ့ သစ်တောဆိုင်ရာဥပဒေဖျက်သိမ်းပေးဖို့ ကော်သူးလေကိုယ်စားလှယ်တောင်းဆို"

**စာကွက် (၁၂)**

### သံလွင်ငြိမ်းချမ်းရေးဥယျာဉ် (Salween Peace Park)

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေတစ်ခုဖြစ်သည့် ကော်သူးလေပြည်၊ မူတြော် ခရိုင် (ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်) တွင် တည်ရှိသည်။ မူတြော်ခရိုင်သည် ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ပွဲများအတွင်း ဌာနေကရင်တိုင်းရင်းသားတို့၏ ခံကတုတ် နယ်မြေတစ်ခုလည်း ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင်အစိုးရနှင့်ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးတို့အကြားအပစ်ခတ်ရပ်စဲရေးစာချုပ်လက်မှတ်ရေးထိုးပြီးနောက် ကရင်နေရပ်စွန့်ခွာတိမ်းရှောင်သူအချို့သည် မူတြော်ခရိုင် အတွင်းသို့ ပြန်လည်ဝင်ရောက်ထိုင်လာကြသည်။ မူတြော်ခရိုင်တွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ၏ တပ်မဟာ (၅) တပ်စခန်းများ ရှိသကဲ့သို့ နိုင်ငံတော်အစိုးရ၏ တပ်မတော်တပ်စခန်း (၆၀) ကျော်လည်း ဖြန့်ကျက်တည်ရှိနေသည်။ ၂၀၁၅ ခုနှစ်တွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် NCA လက်မှတ်ရေးထိုးပြီး အစိုးရနှင့် နိုင်ငံရေးဆွေးနွေးပွဲများ အကြိမ်ကြိမ်ကျင်းပကာ ငြိမ်းချမ်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေသော်လည်း မူတြော်ခရိုင်တွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်နိုင်ခြင်း မရှိသေးသည့်အပြင် တပ်မတော်နှင့်ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအကြား တိုက်ပွဲများလည်း ရံဖန်ရံခါ ဖြစ်ပွားနေဆဲ ဖြစ်သည်။

> "ဌာနေကရင်တိုင်းရင်းသားတို့၏ သဘာဝအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုထိရောက်အောင်မွန်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားနိုင်ရန်။"
>
> "ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးနှင့် ဒီမိုကရေစီအုပ်ချုပ်မှုစနစ်တို့ကိုအခြေခံပြီး အုပ်ချုပ်သွားမည့် ပိုင်နက်နယ်မြေတစ်ခု"
>
> "ဇီဝ-ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်စေရန် လမ်းပြခေါ်ဆောင်ပေးနိုင်မည့် မီးပြတိုက်တစ်ခု"

မူတြော်ခရိုင်သည် ရိုးရာဓလေ့မြေယာစီမံအုပ်ချုပ်မှုစနစ် (သို့မဟုတ်) ဌာနေကရင်တိုင်းရင်းသားတို့၏ "ကော်" မြေစီမံအုပ်ချုပ်မှုစနစ်များ ရှင်သန်တည်ရှိရာနယ်မြေဒေသတစ်ခုလည်း ဖြစ်သည်။ မူတြော်ခရိုင်အတွင်းရှိ ဌာနေကရင် တိုင်းရင်းသားများသည် တောင်ယာနှင့် လယ်ယာစိုက်ပျိုးရေးတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ ရေ၊ မြေ၊ တောတောင်များအကြား ငြိမ်းချမ်းစွာနေထိုင်သူများဖြစ်သည်။ မိမိတို့၏ဘိုးဘွားခေတ်ကတည်းက ကျင့်သုံးခဲ့သော ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ်တို့သည် မြေနှင့်သစ်တောအပါအဝင် သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ရေးကို ရှေးရှုသည့်အပြင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ရှင်သန်မှုများနှင့် ဆက်နွယ်နေသဖြင့် ဌာနေကရင်လူမျိုးတို့သည် မိမိတို့၏ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ်တို့ကို ခေတ်ကာလ အပြောင်းအလဲများကို ကြံကြံခံရင်း လက်ဆင့်ကမ်းထိန်းသိမ်းကာကွယ် စောင့်ရှောက်လာခဲ့သည်။ မူတြော်ခရိုင်အတွင်းရှိ ဌာနေကရင်လူမျိုးတို့၏ ဓလေ့ထုံးတမ်းမြေယာ စီမံအုပ်ချုပ်မှုစနစ်တို့သည် ဆယ်စုနှစ်များစွာ ဖြစ်ပွားနေခဲ့သော ပြည်တွင်းစစ်၊ သဘာဝဘေးအန္တရာယ်နှင့် လူမှုစီးပွားရေး အပြောင်းအလဲများကြောင့် တစ်ဖြည်းဖြည်း ပြောင်းလဲလာမှုများနှင့် ကွယ်ပျောက်သွားမှုများ ရှိနေသည်။ ထို့ပြင် ဌာနေကရင်လူမျိုးတို့၏ ဓလေ့ထုံးတမ်း မြေယာများအပေါ် အကျိုးသက်ရောက်နိုင်သည့် နိုင်ငံတော်အစိုးရ၏ တည်ဆဲမြေယာဥပဒေအချို့နှင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတို့ ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးသည် ရေရာမှုမရှိခြင်းတို့ကြောင့် ဌာနေကရင်လူမျိုးတို့၏ ဓလေ့ထုံးတမ်းမြေယာများနှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်ကောင်းများအတွက် အကာအကွယ်အစီအမံကောင်းများ ချမှတ်ဆောင်ရွက်ရန်အချက် ပေးခေါင်းလောင်းထိုးနေသကဲ့သို့ ဖြစ်နေပါသည်။

ထို့ကြောင့် မူတြော်ခရိုင်အတွင်းရှိ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အာဏာပိုင်များ၊ ဌာနေကရင်လူထုနှင့် ကရင်လူမှုအဖွဲ့စည်း အချို့သည် မူတြော်ခရိုင်အတွင်းရှိ ဌာနေကရင်လူမျိုးတို့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် ဌာနေလူထုတို့၏ အခွင့်အရေးများကို စုပေါင်းထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားနိုင်ရန်အတွက် ဆွေးနွေးပွဲများ အကြိမ်ကြိမ် ပြုလုပ်ခဲ့သည်။ "ကော်" မြေ စီမံအုပ်ချုပ်မှုစနစ်များတွင် နတ်ကိုးကွယ်ယုံကြည်မှုများနှင့် ဆက်နွယ်မှုရှိသည့် ရိုးရာဓလေ့များ ပါဝင်သဖြင့် အစပိုင်း၌ ကန့်ကွက်မှုအချို့ရှိခဲ့သော်လည်း နောက်ဆုံးတွင် ရိုးရာဓလေ့သည် ကိုးကွယ်ယုံကြည်မှုအမျိုးမျိုးရှိသည့်ကရင်လူမျိုး

များအကြား စည်းလုံးညီညွတ်မှု တည်ဆောက်ပေးနိုင်သည့်အရာအဖြစ် ရှုမြင်ကြကာ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို တည်ထောင်ရန် အားလုံးက သဘောတူကြသည်။ ထို့ကြောင့် မူတြော်ခရိုင်အတွင်းရှိ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် ခရိုင်အတွင်းရှိ ဒေသခံလူထုတို့၏ ကိုယ်ပိုင်သဘောဆန္ဒများနှင့်အညီ ဖြစ်တည်လာသော လူထုအခြေပြုဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး ကြိုးပမ်းမှုတစ်ခုဖြစ်သည်။


ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်သည့် မူတြော်ခရိုင်တွင်တည်ရှိသော သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ဌာနေကရင်တိုင်းရင်းသားများ၊ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး အာဏာပိုင်များနှင့် ကရင်လူမှုအဖွဲ့အစည်းများက သံလွင်ငြိမ်းချမ်းရေးဥယျာဉ် သဘောတူစာချုပ်ကိုထုတ်ပြန်ကြေငြာပြီး စတင်ဖွင့်လှစ်ခဲ့သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို "ဌာနေကရင် တိုင်းရင်းသားတို့၏ သဘာဝအမွေအနှစ်နှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုထိရောက်ကောင်းမွန်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက် သွားနိုင်ရန်"၊ "ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေးနှင့် ဒီမိုကရေစီအုပ်ချုပ်မှုစနစ်တို့ကိုအခြေခံပြီး အုပ်ချုပ်သွားမည့် ပိုင်နက်နယ်မြေတစ်ခု" ဖော်ဆောင်သွားရန်နှင့် အခြားတိုင်းရင်းသားလူမျိုးများက ၎င်းတို့၏ ဇာတိမြေအတွင်းရှိ "ဇီဝ-ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားစုံလင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်စေရန် လမ်းပြခေါ်ဆောင်ပေးနိုင်မည့် မီးပြတိုက်တစ်ခုဖြစ်လာစေရန်" ရည်ရွယ်ပြီး လူနှင့် သဘာဝသဟဇာတရှိစွာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သည့် နယ်မြေဝန်းကျင်တစ်ခု ပေါ်ထွန်းလာရေးကို မျှော်မှန်းထားပါသည်။ ဤမျှော်မှန်းချက်နှင့်အညီ ၂၀၁၆ ခုနှစ်မှစ၍ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်း ကျင့်သုံးမည့်အရင်းအမြစ်စီမံအုပ်ချုပ်မှုစနစ်တို့ကို ဝိုင်းဝန်းဆွေးနွေးကာ စုပေါင်းဆုံးဖြတ်ကြသည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် (၁,၃၅၅,၅၈၀) ဧက (စတုရန်းကီလိုမီတာ ၅,၄၈၅) ကျယ်ဝန်းပြီး သံလွင်မြစ်ကြောင်း ဖြတ်သန်းစီးဆင်းသွားသော တောင်တန်းတစ်လျှောက်ရှိ နယ်မြေများဖြင့်ဖွဲ့စည်းထားသည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်တွင် မြေအသုံးချမှုနှင့် အရင်းအမြစ် ထိန်းသိမ်းမှုပုံစံအမျိုးမျိုးရှိပြီး ၂၀၁၉ ခုနှစ်၊ မေလအထိ မှတ်တမ်းတင်ထားပြီးသော ကျေးရွာပိုင်ဘုံသစ်တော (၃၄) ခု၊ ကြိုးဝိုင်းသစ်တော (၈) ခု၊ တောရိုင်း တိရိစ္ဆာန်ဘေးမဲ့တော (၃) ခု၊ ဝေလေ့ထုံးတမ်းမြေ သို့မဟုတ် "ကော်" မြေ (၁၆၈) ခု ရှိသည်။ ကျေးရွာပေါင်း (၃၄၈) ရွာ၊ အိမ်ထောင်စုပေါင်း (၉,၈၈၄) စုနှင့် လူဦးရေ (၆၇,၇၈၄) ဦးရှိသော အုပ်ချုပ်မှုနယ်မြေတစ်ခုဖြစ်သည်။ သစ်တောကြိုးဝိုင်းများနှင့် တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တောများတွင် ရှားပါးနှင့်မျိုးတုန်းလုနီးပါးအပင်နှင့် တိရိစ္ဆာန်မျိုးစိတ်များ နေထိုင်ကျက်စားလျက်ရှိသည်။ ပထဝီနယ်မြေအနေအထားအရ "ကော်" မြေများတွင် ဌာနေကရင် လူထုတို့သည် ယေဘုယျအားဖြင့် တနိုင်တပိုင်ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ မြေ၊ သစ်တောနှင့် သဘာဝအရင်းအမြစ်တို့သည် ဌာနေလူထုတို့၏အသက်သွေးကြောများပမာ အရေးကြီးသဖြင့် ဌာနေလူထုတို့သည် သဘာဝအရင်းအမြစ်များ ပြုန်းတီးသွားနိုင်သည့် စည်းကမ်းမဲ့အလွန်အကျွံ ထုတ်ယူသုံးစွဲမှုများကို ကြိုတင်ကာကွယ်တားဆီးလိုကြသည်။ ထို့ကြောင့်လည်း သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို ပြည်သူလူထုက ထောက်ခံအားပေးကြခြင်းဖြစ်သည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးသည် ပြည်သူလူထုကို အခြေပြုသည့် ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်ကို အခြေခံထားပြီး တိုက်ရိုက်ဒီမိုကရေစီစနစ်နှင့် ကိုယ်စားပြုဒီမိုကရေစီစနစ်တို့ကို ကျင့်သုံးထားသည့် အုပ်ချုပ်ရေးစနစ်ဖြစ်သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အထွေထွေညီလာခံများမှတစ်ဆင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အုပ်ချုပ်ရေးကော်မတီကို ရပ်ရွာလူထုကိုယ်စားလှယ် (၅) ဦး၊ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ ကိုယ်စားလှယ် (၄) ဦးနှင့် လူမှုအဖွဲ့အစည်းကိုယ်စားလှယ် (၂) ဦးတို့ပါဝင်သော ကိုယ်စားလှယ် (၁၁) ဦးတို့ဖြင့် ဖွဲ့စည်းထားသည်။ ရပ်ရွာလူထုကိုယ်စားလှယ်များကို ကျေးရွာအုပ်စု (၂၆) အုပ်စု၏ ကျေးရွာလူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်ထားသော ရွပ်ရွာလူထုကိုယ်စားလှယ် (၅၂) ဦးကလည်းကောင်း၊ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ ကိုယ်စားလှယ်များကို ကျေးရွာ၊ မြို့နယ်နှင့် ခရိုင်အဆင့် ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံး၏ အုပ်ချုပ်ရေးအဖွဲ့ဝင်များက ရွေးချယ်မြှောက်သော ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ ကိုယ်စားလှယ် (၄၂) ဦးကလည်းကောင်း၊ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များကို ကရင်လူမှုအဖွဲ့အစည်း (၆) ခုက ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ် (၁၂) ဦးတို့ကလည်းကောင်း ကိုယ်စားပြုရွေးချယ် တင်မြှောက်သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အုပ်ချုပ်ရေးကော်မတီတွင် အနည်းဆုံးအမျိုးသမီးကိုယ်စားပြုမှု (၃၀) ရာခိုင်နှုန်းကို ထိန်းသိမ်းထားပြီး ကျား-မတန်းတူရေးကိုလည်း ရှေးရှုထားသည်။

### သံလွင်ငြိမ်းချမ်းရေးဥယျာဉ် အုပ်ချုပ်ရေး

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို အထူးအလေးထားသည်။ သံလွင် ငြိမ်းချမ်းရေး ဥယျာဉ်၏ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များအရ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိ ပြည်သူလူထုသည် မိမိတို့၏ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ကော် စသည့် အုပ်ချုပ်ရေးယူနစ်တစ်ခု၏ နယ်နိမိတ်အတွင်းရှိ သဘာဝအရင်းအမြစ် အသုံးပြုမှုကို စီမံအုပ်ချုပ်




သည့် စည်းမျဉ်းစည်းကမ်းများရေးဆွဲချမှတ်ပြီး အဆိုပါစည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာစေသည့် ယန္တရားများကို ကိုယ်တိုင်သတ်မှတ်ခွင့် ရှိသည်။ ထို့ပြင် လူမှုအသိုင်းအဝိုင်းနှင့် အစိုးရတို့၏အုပ်ချုပ်ရေး စနစ်များအကြား ညှိနှိုင်းဖြေရှင်း၍မရနိုင်သည့် ဆန့်ကျင်ကွဲလွဲမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဌာနေလူထုနှင့် လူမှုအသိုင်းအဝိုင်းတို့၏ အုပ်ချုပ်ရေးစနစ်သည် အစိုးရ၏ အုပ်ချုပ်ရေးစနစ်ထက် ပိုမို အရေးပါသော ဦးစားပေးမှုရှိစေရမည်ဟု သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်း ထားသည်။ ထို့ကြောင့် "သံလွင်ငြိမ်းချမ်းရေးဥယျာဉ်တွင် ပြည်သူလူထုဆန္ဒသည် အာဏာ၏ အခြေခံရင်းမြစ် ဖြစ်သည်။" ကို စံပြအနေဖြင့် ဌာနေကရင်လူထုတို့က စပေါင်းပုံဖော်သွားမည့်သဘောရှိသည်။

မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရန် ဦးတည်နေသည့် အငြင်းပွားဖွယ် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှ ရလဒ်ကောင်းများ မည့်သည့်အချိန်တွင် ထွက်လာမည်ကို မှန်းဆရခက်ခဲနေချိန်တွင် သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်သည် မူတြော်ခရိုင်ရှိဌာနေလူထုတို့၏ နိုင်ငံရေးမျှော်မှန်းချက်အချို့ကို လတ်တလော ဖြည့်ဆည်းပေးနိုင်သည့် ရွေးချယ်စရာတစ်ခုဖြစ်နိုင်သည်။ ဌာနေလူထုကိုယ်တိုင် လက်တွေ့ကျကျတည်ဆောက်ယူသွားမည့် ငြိမ်းချမ်းရေးသည် အနာဂတ် မျိုးဆက်သစ်များကို လက်ဆင့်ကမ်းနိုင်ရန်ရည်ရွယ်သည်။ ထို့ကြောင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် ငြိမ်းချမ်းရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (peace and self-determination)၊ သဘာဝပတ်ဝန်းကျင်ကြာရှည်တည်တံ့ရေး (Environmental integrity) နှင့် ယဉ်ကျေးမှုရှင်သန်ရေး (Cultural Survival) တို့ ပါဝင်သည့် ကရင်လူမျိုးတို့၏ အဓိကမျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဌာနေကရင် တိုင်းရင်းသားတို့၏ တစ်မူထူးခြားသော စပေါင်းကြိုးပမ်းမှုတစ်ရပ်အဖြစ် သမိုင်းတွင် ကျန်ရစ်သွားမည် ဖြစ်သည်။

ရင်းမြစ်- သံလွင်ငြိမ်းချမ်းရေဉယျာဉ်ကြေငြာစာတမ်း


## မြေယာကဏ္ဍ- အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ

မြေယာများကိုစီမံအုပ်ချုပ်ရာတွင် စည်းမျဉ်းစည်းကမ်းနှင့် မူဝါဒဥပဒေတို့သည် အရေးကြီးသကဲ့သို့ သက်ဆိုင်ရာ မြေယာမူဝါဒနှင့် ဥပဒေများကို အကောင်အထည်ဖော်ဆောင်သည့် အုပ်ချုပ်ရေးယန္တရား သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းများ ပီပြင်ထိရောက်မှုမှာလည်း အလွန်အရေးကြီးပါသည်။ ကော်သူးလေအစိုးရ စတင်တည်ထောင်ချိန်၌ ဖွဲ့စည်းခဲ့သော ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ ဌာနများအနက် ထင်ရှားသောဌာနတစ်ခုဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဌာနသည် မြေယာနှင့်သစ်တောကဏ္ဍကို စီမံအုပ်ချုပ်ခဲ့သည်။ အစပိုင်းတွင် ဗြိတိသျှလက်ထက်က ပြဋ္ဌာန်းခဲ့သော မြေယာနှင့် သစ်တောမူဝါဒနှင့် ဥပဒေများကို အခြေခံပြီး စီမံအုပ်ချုပ်ခဲ့သည်။ ထိုအချိန်တွင် မြန်မာပြည် အစိုးရဥပဒေများမှာလည်း ဗြိတိသျှအစိုးရ၏ ဥပဒေများကိုသာ ပြန်လည်အသက်သွင်း အသုံးပြုထားခြင်းဖြစ်သဖြင့် မြန်မာအစိုးရ၏ မြေယာနှင့် သစ်တောပေါ်လစီတို့သည်ကော်သူးလေအစိုးရ၏ ပေါ်လစီနှင့်များစွာ ကွာခြားမှုမရှိခဲ့ပါ။ သို့ရာတွင် ၁၉၇၄ ခုနှစ်နောက်ပိုင်းမှစ၍ ကေအဲန်ယူ-ကရင် အမျိုးသား အစည်းအရုံး၏ မြေယာနှင့် သစ်တောမူဝါဒများ စတင်ရေးဆွဲသည့် နောက်ပိုင်းတွင် ကွဲပြားမှုများရှိလာသည်။ ၁၉၇၆ ခုနှစ်တွင် ကျင်းပခဲ့သောကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏အရေးပေါ် အစည်းအဝေးတစ်ခု၌ကရင်လယ်ယာမြေနှင့်သစ်တောဌာနကို ကရင်လယ်ယာနှင့် စိုက်ပျိုးရေးဌာန (KAD) နှင့် ကရင်သစ်တော ဌာန (KFD) ဟူ၍ သီးခြားဌာန (၂) ခု အဖြစ် ကော်သူးလေမြေများကို စီမံအုပ်ချုပ်လာခဲ့သည်။ လက်ရှိတွင် KAD၊ KFD နှင့် ဗဟိုလယ်ယာမြေကော်မတီ (CLC) တို့က စီမံအုပ်ချုပ်လျက်ရှိပြီး ၎င်းတို့၏ လုပ်ငန်းတာဝန်နှင့် ဆောင်ရွက်ခဲ့မှုများကို ဖော်ပြသွားပါမည်။ (ပုံ ၄ ရှု)




*သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်ရှိ တောင်ပေါ်ကရင်ကျေးရွာတစ်ရွာ (Photo by ENAC)*





သံလွင်မြစ်ငြိမ်းချမ်းရေး ဥယျာဉ်တစ်နေရာ (Photo by ENAC)


ပုံ (၄) ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ KAD ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ




KAD ကို ဗဟို၊ ခရိုင်နှင့် မြို့နယ်အထိ အဆင့်ဆင့်ဖွဲ့စည်းထားသည်။ ကော်သူးလေပြည်အတွင်း မြေယာမူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဗဟို KAD သည် အကြံဉာဏ်ပေးသည့် အခန်းကဏ္ဍကိုသာ အဓိကရယူထားပြီး ဆုံးဖြတ်ချက်ချပိုင်ခွင့်ကို ခရိုင် KAD များအား အများဆုံးအပ်နှံထားသည်။ KAD သည် မြေယာလုံခြုံရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု စားနပ်ရိက္ခာဖူလုံရေးတို့အတွက် မြေတိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်း၊ မြေဂရမ်နှင့် မြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးခြင်း၊ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်း၊ မြေယာမူဝါဒများကို အသိပညာပေးခြင်း၊ မြေအငြင်းပွားမှုပြဿနာများ ဖြေရှင်းပေးခြင်းနှင့် မြေခွန်နှင့် သီးနှံခွန်များကောက်ခံခြင်း အစရှိသည့် လုပ်ငန်းများကို ကရင်လူမှုအဖွဲ့အစည်းအချို့နှင့် ချိတ်ဆက်ပူးပေါင်းဖော်ဆောင်လျက်ရှိသည်။

KAD သည် ဌာနမှ ချမှတ်လိုက်သည့် လုပ်ငန်းများကို အကောင်ထည်ဖော်ရာတွင် စိန်ခေါ်မှုများစွာ ရှိခဲ့သည်။ KAD သည် ၁၉၇၄-၂၀၀၅ ခုနှစ်အကြားတွင် နိုင်ငံရေးအခြေအနေများကြောင့် (အစိုးရနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအကြား တိုက်ပွဲများ ဖြစ်သောကြောင့်) လည်းကောင်း၊ နည်းပညာပိုင်းလိုအပ်ချက်များကြောင့်လည်းကောင်း မြေများကို စနစ်တကျတိုင်းတာ၊ မှတ်တမ်းတင်နိုင်ခဲ့မှု အားနည်းခဲ့သည်။ မြေများကို ကြိုးဖြင့်သာတိုင်းပြီး စစ်ဖြစ်လျှင်တိုင်းခဲ့သည့်မြေနေရာများကို စွန့်ခွာခဲ့ရသည်များလည်း ရှိခဲ့သည်။ ၂၀၀၈-၂၀၀၉ ခုနှစ်မှစ၍ ခရိုင်အားလုံးနီးပါးသို့ ကွင်းဆင်းကာ မြေယာမူဝါဒကို အသိပညာပေးခြင်း၊ ၂၀၁၂ ခုနှစ်မှစ၍ မြေများကို ကြိုးဖြင့်တိုင်းသည့်စနစ်၊ compass ဖြင့် တိုင်းသည့်စနစ်နှင့် GPS ဖြင့် တိုင်းသည့်စနစ်တို့ကို သင်ကြားပေးသည့် မြေတိုင်း

သင်တန်းများပေးခြင်း၊ ခရိုင်အလိုက်စီမံချက်များဖြင့် မြေတိုင်းခြင်း၊ မြေပုံထုတ်ခြင်းနှင့် မြေဂရမ်များ ထုတ်ပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၂၀၁၂-၂၀၁၄ ခုနှစ်အတွင်း မြေယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများကို ဗဟိုနှင့် ခရိုင်အဆင့်တို့တွင် ကျင်းပခဲ့ပြီး လက်ရှိကျင့်သုံးနေသော မြေယာမူဝါဒကို ၂၀၁၅ ခုနှစ်တွင် အတည်ပြုနိုင်ခဲ့သည်အထိ အင်တိုက်အားတိုက်ကြိုးပမ်းခဲ့သည်။




*မြေတိုင်းတာခြင်း၊ မြေပုံနှင့် မြေဂရမ်များထုတ်ပေးခြင်း (ဓာတ်ပုံ - KAD)*

KAD သည် မြေယာလုံခြုံမှုအတွက် မြေယာစီမံခန့်ခွဲမှုများအပြင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးသင်တန်းကျောင်းများဖွင့်လှစ်ကာ စိုက်ပျိုးရေးနည်းပညာများ သင်ကြားပေးသည်။ ဥပမာ ၂၀၀၇ ခုနှစ်တွင် (၂) နှစ်ကြာသည့် စိုက်ပျိုးရေးသင်တန်းတစ်ခုကို ထိုင်းတက္ကသိုလ်တစ်ခုနှင့်ချိတ်ဆက်ကာ ကရင်နှင့် အခြားတိုင်းရင်းသားများ တက်ရောက်ခဲ့သည့် စိုက်ပျိုးရေးနည်းပညာသင်တန်းများ ပို့ချခဲ့သည်။ အဆိုပါ စိုက်ပျိုးရေးသင်တန်းကျောင်းကို ရေရှည်ဖွင့်ရန် ရည်ရွယ်ခဲ့သော်လည်း စစ်ပွဲများကြောင့် ၂၀၀၉ ခုနှစ်တွင် ပိတ်ခဲ့ရပြီး ၂၀၁၃ ခုနှစ်ရောက်မှသာ (၆) လသင်တန်းပုံစံဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ နောက်ပိုင်းတွင် ထိုင်းတက္ကသိုလ်အချို့နှင့် ချိတ်ဆက်ကာ စိုက်ပျိုးရေးနည်းပညာများကို ဆက်လက်ပို့ချခဲ့သည်။ (ဥပမာ - ၂၀၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံရှိ Koken University နှင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် Payap University နှင့်လည်းကောင်း ချိတ်ဆက်ကာ စိုက်ပျိုးရေးသင်တန်းများ ပို့ချခဲ့သည်။) ထိုသင်တန်းကျောင်းမှ သင်တန်းပြီးသွားသော သင်တန်းသားများသည် လက်ရှိတွင် မိမိတို့၏ မိခင်တိုင်းရင်းသားအဖွဲ့အစည်းများတွင် စိုက်ပျိုးရေးသင်တန်းများ ပြန်လည်ပို့ချသူများလည်းရှိသည်။ ထို့အပြင် KAD သည် KESAN နှင့်ပူးပေါင်းကာ စားနပ်ရိက္ခာဖူလုံရေးသင်တန်းများ (Food Security Trainings)၊ စစ်ဘေးစစ်ဒဏ်ကြောင့် ကျွဲနွားနှင့် သီးနှံမျိုးစေ့များ ဆုံးရှုံးသွားသော ကျေးရွာများကို လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုသည့် ကျွဲများချထားပေးသည့် အစီအစဉ် (Bufflo Bank) နှင့် သီးနှံမျိုးစေ့များ စုဆောင်းဖြန့်ဝေရောင်းချသည့် အစီအစဉ်များ (Seed Bank) ကိုလည်း KESAN နှင့် ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ခဲ့သည်။ KAD သည် အထက်ပါ မြေယာစီမံခန့်ခွဲမှုနှင့်စိုက်ပျိုးရေးပညာရေးပေးလုပ်ငန်းများအပြင် မြေယာအငြင်းပွားမှုများကိုလည်း CLC မှ တစ်ဆင့် စနစ်တကျဖြေရှင်းနိုင်သည့် အစီအမံများကိုထားရှိသည်။ မြေယာပြဿနာအကြီးအသေးအပေါ် မူတည်ပြီး ဖြေရှင်းသည့် ယန္တရား မတူညီပါ။ အမွေကိစ္စ၊ ခြံစည်းရိုးနယ်နိမိတ် ကိစ္စကဲ့သို့သော အသေးအဖွဲ့မြေအငြင်းပွားမှုများကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သက်ဆိုင်ရာ KAD ဌာနမှူးများ ပါဝင်သည့် ကော်၊ ကျေးရွာ၊ မြို့နယ်နှင့် ခရိုင်အဆင့်မြေယာကော်မတီတို့က ညှိနှိုင်းဖြေရှင်းပေးသည်။[၂၉] အဖွဲ့အစည်းတစ်ခု သို့မဟုတ် ကုမ္ပဏီတစ်ခု သို့မဟုတ် မြန်မာတပ်မတော်ပါဝင်သည့် မြေသိမ်းဆည်းမှုပြဿနာများကိုမူ ခရိုင်နှင့် ဗဟို CLC က ညှိနှိုင်း ဖြေရှင်းပေးသည်။ KAD အောက်တွင် ဖွဲ့စည်းထားသော CLC တွင် KAD က ဥက္ကဋ္ဌအဖြစ်

[၂၉] ဓလေ့ထုံးတမ်း "ကော်" မြေစီမံအုပ်ချုပ်မှုရှိသည့် "ကော်" မြေများအတွင်းရှိ မြေယာပြဿနာများကို "ကော်ခို့" ပါဝင်သည့် "ကော်"မြေစီမံအုပ်ချုပ်ရေးအဖွဲ့က ညှိနှိုင်းဖြေရှင်းသည်။ သို့ရာတွင် "ကော်" မြေစီမံအုပ်ချုပ်မှုမရှိသည့် ကျေးရွာများတွင် ကျေးရွာလူထုရွေးချယ်တင်မြှောက်ထားသည့် ကျေးရွာမြေယာလူကြီးက ညှိနှိုင်းဖြေရှင်းသည်။ ကျေးရွာအဆင့်မဖြေရှင်းနိုင်မှသာလျှင် မြို့နယ်၊ ခရိုင်နှင့် ဗဟိုမြေယာကော်မတီများက အဆင့်ဆင့်ဖြေရှင်းပေးရသည်။

ဆောင်ရွက်ပြီး ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ဌာန (၇) ခုမှ[၂၄] ကိုယ်စားလှယ်များ၊ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့စည်းမှ ကိုယ်စားလှယ်များနှင့် မြေအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင် သည်။ CLC သည် မြေယာစီမံခန့်ခွဲခြင်း၊ မြေယာမှတ်ပုံတင်ခြင်းနှင့် မြေယာပြဿနာ ဖြေရှင်းခြင်းလုပ်ငန်း (၃) ရပ်ကို အဓိကဆောင်ရွက်သည်။ (ပုံ ၅ ရှု) ထို့ပြင် CLC သည် "ကော်" မြေကောင်စီ (Kaw Council) နှင့် ညှိနှိုင်းတိုင်ပင်ကာ ခေတ်နှင့်လျော်ညီနေဆဲဖြစ်သော "ကော်" မြေစီမံခန့်ခွဲမှုစနစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည်။ CLC ကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ညီလာခံကျင်းပသည့် နှစ်အလိုက် (၄) နှစ်တစ်ကြိမ် ဖွဲ့စည်းသည်။

**ပုံ (၅) ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး၏ ဗဟိုမြေယာကော်မတီ၏ ဖွဲ့စည်းပုံ**

**ဗဟိုမြေယာကော်မတီ**


**ကော်မတီညှိနှိုင်းရေးမှူး**

| | | | |
|---|---|---|---|
| | မြေယာစီမံအုပ်ချုပ်ရေး ကော်မတီ* | မြေယာတိုင်းတာရေး၊ မှတ်တမ်းတင်ရေးနှင့် မှတ်ပုံတင်ရေးကော်မတီ* | မြေယာအငြင်းပွားမှု ဖြေရှင်းရေးကော်မတီ* |
| ယေဘုယျ လုပ်ငန်း တာဝန်များ | မြေယာလုပ်ပိုင်ခွင့်စနစ်များကို စီမံခန့်ခွဲခြင်းနှင့် စီမံအုပ်ချုပ်ခြင်း။ | မြေယာမှတ်တမ်းတင်ခြင်း၊ နယ်နိမိတ်သတ်မှတ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် မြေပုံထုတ်ခြင်း။ | မြေယာလုပ်ပိုင်ခွင့်အငြင်းပွားမှု စိစစ်ခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်း။ |
| အသေးစိတ် လုပ်ငန်း တာဝန်များ | • မြေအမျိုးစားသတ် မှတ်ခြင်း။<br>• မြေအသုံးချမှုစည်းမျဉ်းများ ရေးဆွဲချမှတ်ခြင်း။<br>• ကျေးရွာမြေမှတ်ပုံတင်ခြင်း လမ်းညွှန်ချက်များရေးဆွဲခြင်း။<br>• မြေစီမံကိန်းများရေးဆွဲခြင်း။<br>• မြေဂရမ်များ၊ "ကော်" မြေ လက်မှတ်များ၊ ကျေးရွာမြေ လက်မှတ်များအတည်ပြုခြင်း။<br>• ရွှေ့ပြောင်းနေထိုင်သူများ၊ နေရပ်ပြန်IDPs နှင့် ဒုက္ခသည် များ၏ မြေယာလုပ်ပိုင်ခွင့် အခွင့်အရေးများ။ | • ခရိုင်အားလုံး၏ မြေမှတ်တမ်း များ၊ မြေပုံများနှင့် အခြား စာရွက်စာတမ်းများကို ထိန်းညှိခြင်း။<br>• မြေအချက်အလက်မှတ်တမ်း များကို မှတ်တမ်းတင်ခြင်းနှင့် ထိမ်းသိန်းခြင်း။<br>• မြေဂရမ်များနှင့် "ကော်"မြေ လက်မှတ်များ ထုတ်ပေးခြင်း။ | အောက်ပါ မြေယာပြဿနာများ အပါအဝင် မြေနစ်နာမှုများနှင့် တိုင်ကြားချက်များကို လက်ခံခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။<br>• လျော်ကြေးပေးခြင်း။<br>• ပြန်လည်ခွဲဝေပေးခြင်း။<br>• ရုတ်သိမ်းခြင်း။<br>• ပြန်လည်ပြင်ဆင်ခြင်း။<br>• ရင်းနှီးမြှုပ်နှံမှု။<br>• တန်ဖိုးဖြတ်ခြင်း<br>• နစ်နာကြေးပေးခြင်း။ |

* မြေယာကော်မတီအောက်တွင် ဖွဲ့စည်းထားသော ကော်မတီ (၃) ရပ်ကို နောက်ဆုံးအကြိမ် ပြန်လည်သုံးသပ်မှုပြုပြီးနောက် နောက်ပိုင်းတွင် ထိုကော်မတီများကို လုပ်ငန်းအဖွဲ့အများအဖြစ် သုံးနှုန်းသွားရန် ရှိသည်။
(*ရင်းမြစ်* ။ ။ ဗဟိုမြေယာ ကော်မတီဝင်တစ်ဦး၏ ပြောကြားချက်)

[၂၄] ဗဟိုမြေယာကော်မတီတွင်ပါဝင်သော ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ဌာန (၇) ခုမှာ ကရင်လယ်ယာနှင့်စိုက်ပျိုးရေးဌာန (KAD)၊ ကရင်သစ်တောဌာန (KFD)၊ ကရင်ရေလုပ်ငန်းဌာန (KFiD)၊ ကရင်သတ္တုတွင်းဌာန (KMD)၊ ကရင်ပြည်ထဲရေးဌာန (KID)၊ ကရင်တရားရေးဌာန (KJD) နှင့် ကရင်သတင်းနှင့်ပြန်ကြားရေးဌာန (DOI) တို့ ဖြစ်ကြသည်။

*သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိ တောင်ပေါ်ရှုခင်းတစ်နေရာ (Photo by ENAC)*



## သစ်တောကဏ္ဍ - အဖွဲ့အစည်းဆိုင်ရာ မူဘောင်


ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သစ်တောမြေများကို ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ သစ်တော ဥပဒေ၊ မူဝါဒများနှင့်အညီ KFD က စီမံအုပ်ချုပ်သည်။ KAD အုပ်ချုပ်ရေး ယန္တရားကဲ့သို့ပင် KFD ကို ဗဟို၊ ခရိုင်၊ မြို့နယ်အဆင့် KAD ဌာနနှင့် တာဝန်များကို ဖွဲ့စည်းထားရှိသည်။ KFD တွင် ဌာနခွဲ(၆)ခုပြီး ၎င်းတို့မှာ အကောက်ခွန်ဌာနခွဲ၊ သစ်တောပြုစုပျိုးထောင်ရေးနှင့် သစ်တော ပြန်လည်ဖွံ့ဖြိုးရေးဌာနခွဲ၊ သစ်တောထိန်းသိမ်းကာကွယ်ရေးနှင့် မြေတိုင်းဌာနခွဲ၊ သုတေသနနှင့် မှတ်တမ်းဌာနခွဲနှင့် သင်တန်းနှင့် ပညာရေးဌာနခွဲ၊ စီမံကိန်းဌာနခွဲတို့ ဖြစ်သည်။ (ပုံ ၆ ရှု) KFD သည် သစ်တောမြေများကို သတ်မှတ်ခြင်း၊ သစ်တောမြေ တိုင်းတာခြင်း၊ မြေပုံထုတ်မှတ်တမ်းတင်ခြင်း၊ ကျေးရွာပိုင်ဘုံ သစ်တောစီမံခန့်ခွဲခွင့်လက်မှတ်များနှင့် သစ်တောမြေလုပ်ပိုင်ခွင့် လက်မှတ်များ ထုတ်ပေးခြင်း (စာကွက် ၁၃ ရှု)၊ သစ်တောမြေအသုံးပြုမှုများအတွက် အခွန်ကောက်ခံခြင်း၊ သစ်ခိုးထုတ်မှုများကို ဖမ်းဆီး အရေးယူခြင်း အစရှိသည့် သစ်တောမြေစီမံခန့်ခွဲမှုများအပြင် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေး၊ တောရိုင်း တိရိစ္ဆာန်ကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းတို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။


**ပုံ (၆) ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး၏ KFD ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ**




*ရင်းမြစ်* ။ ။ KNU သစ်တောဌာန

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကော်သူးလေသစ်တောများကိုထိန်းသိမ်းကာကွယ် စောင့်ရှောက်ရာတွင် သက်ဆိုင်ရာ မြို့နယ်တိုင်း၌ သစ်တောတာဝန်ခံနှင့် အကွက်အုပ်များထားရှိပြီး သစ်တောကြိုးဝိုင်းနှင့် တိရိစ္ဆာန်ဘေးမဲ့တောများ အတွက် သစ်တောရဲများ (Forest Rangers) ထားရှိသည်။ တရားမဝင်သစ်ခိုးထုတ်မှုများနှင့် သစ်တောထွက်ပစ္စည်းခိုးထုတ်မှုများ၊ တားမြစ်ထားသော တိရိစ္ဆာန်မျိုးစိတ်များကို ဖမ်းဆီးသတ်ဖြတ်မှုများ၊ တရားမဝင် သတ္တုတူးဖော်ထုတ်လုပ်မှုများနှင့် သစ်တော မီးရှို့မှု များ စသည့် သစ်တောပြစ်မှုများကိုနှိမ်နင်းရာတွင် ကရင်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သစ်တောမြေအတွင်း ယခင်ဗြိတိသျှ ကိုလိုနီလက်ထက်






*ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သစ်တောဌာနမှထုတ်ပေးသော ကျေးရွာပိုင်ဘုံသစ်တောလက်မှတ်ပုံစံတစ်ခု*

ကတည်းကရှိခဲ့သော သတ္တုတူးဖော်ရေးလုပ်ငန်း အချို့သည် ယနေ့ထိတိုင် ရှိနေသည်။ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများသည် မရှောင်လွဲနိုင်သော သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများရှိသဖြင့် သစ်တောမြေများအပါအဝင် ကော်သူးလေပြည်အတွင်းရှိ မည်သည့်မြေတွင်မဆို ပြုလုပ်လိုသည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းလုပ်ငန်းများအတွက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ (EPC) ထံမှ ထောက်ခံချက်ရယူရန်လိုသည်။ ထို့ကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ဖော်ပြပါကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ သစ်တောထိန်းသိမ်းရေးအစီအမံ၊ ယန္တရားများနှင့်အတူ နိုင်ငံတစ်ဝန်းနှင့် ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသော သစ်တောပြုန်းတီးမှုများကို တစ်ဘက်တစ်လမ်းမှ လက်လှမ်းမီသလောက် ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်လျက် ရှိသည်။

## အားသားချက်နှင့် အားနည်းချက်များ


ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့်သစ်တောအုပ်ချုပ်မှုစနစ်တို့ကို ဥပဒေမူဘောင်နှင့် အဖွဲ့အစည်းမူဘောင်အားဖြင့် ဖော်ပြပြီးနောက် အဆိုပါမြေယာနှင့် သစ်တောအုပ်ချုပ်မှုစနစ်တို့၏ အားသာချက်နှင့် အားနည်းချက်အချို့နှင့် ပတ်သက်၍ သုတေသနတွေ့ရှိချက်အချို့တို့ကို ဖော်ပြသွားပါမည်။ တွေ့ရှိချက်များသည် တွေ့ဆုံမေးမြန်းခဲ့သော ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ အကြီးအကဲများနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေအတွင်းရှိ ပြည်သူလူထုအချို့တို့၏ အတွေ့အကြုံများနှင့် ထိုအတွေ့အကြုံများအပေါ် ခြုံငုံသုံးသပ်ချက်များကို များစွာအခြေခံထားပါသည်။

## အားသားချက်များ

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့် သစ်တောဆိုင်ရာ မူဝါဒနှင့်ဥပဒေများသည် ပြည်သူလူထုတို့၏ သဘောထားများ၊ စံတန်ဖိုးများနှင့် မျှော်မှန်းချက်များကို အဓိကအခြေခံပြီး ရေးဆွဲချမှတ်အတည်ပြုထားခြင်း ဖြစ်သည်။** ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် လက်ရှိ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒကို အတည်ပြု ပြဋ္ဌာန်းခြင်းမပြုမီ အောက်ခြေပြည်သူလူထု၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ဒေသခံဘာသာရေးနှင့် ဓလေ့ထုံးတမ်း အကြီးအကဲများနှင့် ဒေသခံပညာရှင်များပါဝင်သော နီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ကာ ပြည်သူလူထု၏ သဘောထားများနှင့် အကြံဉာဏ်များကိုစုစည်းရယူခဲ့သည်။ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ သစ်တောဆိုင်ရာ စည်းမျဉ်းဥပဒေများကိုလည်း ပြည်သူလူထု၏ သဘောထားများကို ထင်ဟပ်နိုင်စေရန် ရေးဆွဲပြဋ္ဌာန်းထားသည်။
- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့်သစ်တော မူဝါဒနှင့်ဥပဒေများသည် ကောင်းမွန်သော မြေယာနှင့် သစ်တောမူဝါဒနှင့် ဥပဒေများ ပေါ်ပေါက်လာနိုင်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ ဖြစ်သည်။** လက်ရှိ မူဝါဒနှင့်

စည်းမျဉ်းဥပဒေများသည် ပြီးပြည့်စုံမှု မရှိသော်လည်း ပိုမိုပြည့်စုံပြီး အားလုံးလွှမ်းခြုံမှုရှိသည့် မြေယာနှင့် သစ်တောမူဝါဒနှင့် ဥပဒေများ ထွက်ပေါ်လာရေးအတွက် အထောက်အပံ့ ဖြစ်နိုင်သည်။

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့် သစ်တောဆိုင်ရာ မူဝါဒနှင့် ဥပဒေများသည် နိုင်ငံတကာလူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်စံချိန်စံနှုန်းများကို ပေါင်းစပ်ထည့်သွင်းထားသည်။** မြေယာမူဝါဒတွင် မြေပိုင်ဆိုင်ခွင့်၊ မြေယာလုပ်ပိုင်ခွင့်၊ မြေယာကိုရောင်းဝယ်၊ ပေါင်နှံ၊ လဲလှယ်၊ ပေးကမ်း၊ ငှားရမ်း၊ အမွေပေးနိုင်သည့် အခွင့်အရေးများကို လည်းကောင်း၊ သစ်တောဥပဒေတွင် သစ်တောတွင် သစ်တောမြေထိန်းသိမ်းခွင့်၊ သစ်တောမြေအတွင်း လုပ်စားပိုင်ခွင့်တို့ကိုလည်းကောင်း၊ သစ်တောနှင့် ဇီဝမျိုးကွဲများ၊ ဂေဟာစနစ်စသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအမံတို့ကို လည်းကောင်းထည့်သွင်းထားသည်။ လူနှင့်သဘာဝ ပတ်ဝန်းကျင်သဟဇာတရှိစွာ ယှဉ်တွဲနေထိုင်မှုကို ဖော်ဆောင်ပေးသည်။
- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့်သစ်တောမူဝါဒနှင့်ဥပဒေများသည် ဌာနေလူထုနှင့် (ဒုက္ခသည်နှင့် ပြည်တွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများ၊ ဆင်းရဲနွမ်းပါးသူများကဲ့သို့သော) ခုခံနိုင်စွမ်းနည်းသူတို့၏ မြေယာနှင့် သစ်တောအခွင့်အရေးများကို အထူးကာကွယ်ထိန်းသိမ်းမြင့်တင်ပေးထားသည်။** မြေယာမူဝါဒတွင် ဌာနေလူထုကို မြေယာပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များအတွက် အထူးဦးစားပေးခြင်း၊ မြေယာပြန်လည်ခွဲဝေရာတွင် ခုခံနိုင်စွမ်းနည်းသူတို့ကို ဦးစားပေးခွဲဝေပေးခြင်း၊ သစ်တောဥပဒေတွင် သစ်တောမြေအတွင်းရှိ ဌာနေလူထုတို့၏ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးအတွက် ပလပ်ထားသောမြေများကို အခွန်ကင်းလွတ်စေခြင်း၊ သစ်တောမြေများအတွင်း ဖွံ့ဖြိုးရေးနှင့် စီမံကိန်းများ လုပ်ဆောင်လိုပါက ဌာန/ကျေးရွာလူထုတို့၏ သဘောတူညီမှု (FPIC) ရယူရန်လိုအပ်ခြင်း အစရှိသည့်မူဝါဒများဖြင့် ဒေသခံဌာနလူထု၏ အခွင့်အရေးများကို ကာကွယ်မြင့်တင်ထားသည်။




*KNU ၏ ဒူးပလာယာခရိုင် သစ်တောဌာန (KAD) မှ ထုတ်ဝေသော အသိပေးဆိုင်းဘုတ်*

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုတို့သည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ နိုင်ငံရေးရည်မှန်းချက်တစ်ခုဖြစ်သည့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အပြီးသတ်ငြိမ်းချမ်းရေး မရမီ ကြားကာလတွင် အကောင်ထည်ဖော်ဆောင် နိုင်သည်။** အထူးသဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေအတွင်းရှိ မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုသည် အချို့နယ်မြေများတွင် မရှိသလောက်နည်းပြီး အချို့နယ်မြေများတွင် လုံးဝမရှိပေ။ လူထုလိုလားသော မြေယာနှင့် သစ်တောမူဝါဒများကို လူထုနှင့်အတူ လွတ်လပ်စွာရေးဆွဲနိုင်ခြင်း၊ အတည်ပြု ပြဌာန်းပြီး အကောင်ထည်ဖော်နိုင်ခြင်းတို့ကြောင့် ကရင်လူမျိုးတို့လိုလားသော ကိုယ်ပိုင်ပြဌာန်းခွင့်ကို အပြည့်အဝမဟုတ်သည့်တိုင် အတိုင်းတာတစ်ခုအထိ ရရှိစေသည်။
- **လူထုဗဟိုပြုစီမံအုပ်ချုပ်မှုနှင့် လူထုကိုယ်တိုင်စီမံအုပ်ချုပ်မှုတို့ကို အားပေးမြှင့်တင်ထားပြီး ပြည်သူလူထုထံမှ လုပ်ပိုင်ခွင့်အာဏာဆင်းသက်လာသည်ကို အလေးထားသည့် သဘောဆောင်သည်။** မြေယာပြဿနာများကို ကျေးရွာအဆင့်မြေယာကော်မတီမှတစ်ဆင့် ဖြေရှင်းစေခြင်း၊ ကျေးရွာတွင် မဖြေရှင်းနိုင်မှသာလျှင် မြို့နယ်၊ ထို့နောက် ခရိုင်နှင့် ဗဟိုအဆင့်မြေယာ

ကော်မတီများအား ဖြေရှင်း စေခြင်း၊ ကျေးရွာပိုင်ဘုံသစ်တောများကို ကျေးရွာလူထုစီမံခန့်ခွဲပိုင်ခွင့်ရှိခြင်း၊ မြေယာကော်မတီများတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ KAD တာဝန်ခံများအပြင် လူထုကိုယ်စားလှယ်များ ပါဝင်စေခြင်း တို့သည် လူထုဗဟိုပြုသည့်အုပ်ချုပ်ရေးကို တန်ဖိုးထားခြင်းဖြစ်သည်။

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကော်သူးလေမြေယာမူဝါဒနှင့် ကော်သူးလေသစ်တောမူဝါဒတို့ကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် အရေးကြီးသည်ကို အသိအမှတ်ပြုသည်။** ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် KAD နှင့် KFD တို့မှတစ်ဆင့် မြေယာနှင့်သစ်တောဆိုင်ရာ အမြင်ဖွင့်သင်တန်းနှင့် နှီးနှောဖလှယ်ပွဲများ ကျင်းပခြင်း၊ မြေယာနှင့် သစ်တောဆိုင်ရာ အသိပေးကြေငြာချက်နှင့် အမိန့်ညွှန်ကြားချက်များကို လူထုအကြား အခါအားလျော်စွာ ထုတ်ပြန်အသိပေးခြင်းဖြင့် လူထုက ဥပဒေနားလည်ပြီး လိုလိုလားလားလိုက်နာ ဆောင်ရွက်မှုရှိရေးအတွက် မကြာခဏကြိုးပမ်းဆောင်ရွက်သည်။ ဥပမာ - မြေယာဥပဒေအသိပေးသည့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ မြေယာမူဝါဒစာအုပ်များ ဖြန့်ဝေခြင်းနှင့် နွေရာသီတွင် ခြံမြေ၊ ယာမြေများ၌ မီးတားလမ်းများထားရှိရေးအသိပေးပိုစတာများဖြန့်ဝေခြင်းတို့ကို ပြုလုပ်သည်။





*ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒကိုရေးဆွဲရာတွင် လူထုနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့စဉ် (ဓာတ်ပုံ-KAD)*

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့်သစ်တောစီမံအုပ်ချုပ်မှုတို့အပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုနှင့် ပူးပေါင်းပါဝင်မှု အလွန်အားကောင်းသည်။** ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေများရှိ ဒေသခံပြည်သူအများစု သို့မဟုတ် အားလုံးသည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ ထုတ်ပေးသည့် မြေယာပိုင်ဆိုင်ခွင့်ဂရမ်နှင့် မြေယာလုပ်ပိုင်ခွင့်ဂရမ်များ ရှိကြသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအုပ်ချုပ်ရေး

ယန္တရားနှင့် နိုင်ငံတော်အစိုးရအုပ်ချုပ်ရေး ယန္တရားနှစ်ခုလုံးရှိသည့် ထိစပ်နယ်မြေများရှိ ပြည်သူအများစုမှာလည်း နိုင်ငံတော်အစိုးရ၏ လယ်ယာမြေဥပဒေအရ ထုတ်ပေးသည့် လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇)အပြင် ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံးက ထုတ်ပေးသည့် မြေဂရမ်များလည်း ရှိကြသည်။ ထိစပ်နယ်မြေရှိ ပြည်သူလူထုအချို့သည် ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံး၏ မြေဂရမ်များကိုသာ လျှောက်ထားလေ့ရှိကြပြီး ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံးက ထုတ်ပေးသည့်မြေဂရမ်များသာ ရှိကြသည်။ ပြည်သူအချို့မှာ နိုင်ငံတော် အစိုးရဘက်ခြမ်းတွင် ပုံစံ-၇ ကို လျှောက်ထားကြသော်လည်း အလွန်အမင်း အချိန်ကြာမြင့်ခြင်း၊ တစ်ချို့မှာ လုံးဝမကျလာခြင်းတို့ကြောင့် ကုန်ကျစရိတ်သက်သာပြီး ပိုမိုမြန်ဆန်မှုရှိသော ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေဂရမ်များကိုသာ အားကိုးတကြီးလျှောက်ကြသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ၎င်းတို့ ထုတ်ပေးသော မြေဂရမ်များနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပွားလာလျှင်အပြည့်အဝမဟုတ်သည့်တိုင်အတိုင်းအတာတစ်ခုအထိအကာအကွယ်ပေးနိုင်သည်ဟု ယုံကြည်မျှော်လင့်ကြသည်။ ထို့ကြောင့် လူထုသည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့်သစ်တောမူဝါဒများကို အကောင်ထည်ဖော်ရာတွင် ပူးပေါင်းပါဝင်ကြသည်။

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒနှင့်သစ်တောဥပဒေများသည် ခေတ်နှင့်လျော်ညီပြီး ကောင်းမွန်သော ပြောင်းလဲတိုးတက်မှုကို ဦးတည်နေသည်။** ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ လက်ရှိတည်ဆဲမြေယာနှင့်သစ်တောမူဝါဒနှင့် စည်းမျဉ်းဥပဒေများသည် ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများနှင့်အညီ ယခင်ကျင့်သုံးလာခဲ့သော မြေယာနှင့်သစ်တောမူဝါဒနှင့် စည်းမျဉ်းဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြုပြဌာန်းခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို အခါအားလျော်စွာ ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာမူဝါဒနှင့် စည်းမျဉ်းဥပဒေများ၏ တဖြည်းဖြည်းပြောင်းလဲတိုးတက်မှုကို ဦးတည်သည့်သဘော ဆောင်သည်။

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် မိမိတို့၏ မြေယာနှင့် သစ်တောမူဝါဒများကို အကောင်အထည်ဖော်ရာတွင် ပိုပြင်ထိရောက်မှုရှိရေးအတွက် သက်ဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သည်။** ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် မိမိတို့၏ မြေယာနှင့် သစ်တောမူဝါဒများကို အကောင်အထည်ဖော်ရာတွင် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာအရင်းအမြစ်၊ ဘဏ္ဍာငွေအရင်းအမြစ်နှင့် အခြားလိုအပ်သော အရင်းအမြစ်များအတွက် ချိတ်ဆက်ဆောင်ရွက်မှု၊ ပူးပေါင်းလုပ်ဆောင်မှုနှင့် ကွန်ယက်တည်ဆောက်မှုတို့ကို အခါအားလျော်စွာ ပြုလုပ်သွားသည်။ တစ်ချိန်တည်းတွင် ပြင်ပအကူအညီ မှီခိုနေရမှုအနေအထားမျိုး မရောက်ရှိရေးအတွက် အရေးကြီးသည့် ဆုံးဖြတ်ချက်များကို လူထုနှင့်သက်ဆိုင်ရာ ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံးအာဏာပိုင်များ၏ လက်ဝယ်တွင်သာ ထားရှိသည်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို မထိခိုက်နိုင်သည့်သို့မဟုတ် ပြည်သူလူထု၏ ရေရှည်အကျိုးစီးပွားကိုရေးရှုသည့် အကူအညီများကို ကြိုဆိုပြီး၊ လူထု၏အကျိုးစီးပွားထိခိုက်နိုင်သည့် အကူအညီနှင့်ရင်းနှီးမြှုပ်နှံမှုများကို ကန့်ကွက်ခဲ့သည်။

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့်သစ်တောမူဝါဒနှင့် စည်းမျဉ်းဥပဒေများသည် ရေရှည်တည်တံ့ပြီး ငြိမ်းချမ်းသော လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို အထောက်အပံ့ဖြစ်စေရန် ရေးရှုထားသည်။** ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့် သစ်တောမူဝါဒများသည် မြေယာနှင့်သစ်တောသည် လူသားများ၏ အသက်ရှင်သန်ရေးအတွက် အရေးပါသကဲ့သို့ လူသားများတွင် မြေယာနှင့် သစ်တောအရင်းအမြစ်များ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းကာကွယ်ရမည့် တာဝန်လည်းရှိသည်ကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာရေးနှင့် လူနှင့်သဘာဝပတ်ဝန်းကျင် သဟဇာတရှိစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေးကို အဓိကထားရှေ့ရှုရေးဆွဲချမှတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် သစ်တောကြိုးဝိုင်းများ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများနှင့် ကျေးရွာပိုင် ဘုံသစ်တောများ စသည့် သစ်တောမြေများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်မှုတို့ကို ယခင်ကထက်ပို၍ အင်တိုက်အားတိုက် ဆောင်ရွက်လာသည်။

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် ကြားကာလအတွင်း ပြည်သူလူထု၏**

**မြေယာလုံခြုံရေးနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးရေးအတွက် ယခင်ထက် ပို၍လွတ်လပ်စွာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာနိုင်သည်။** ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် NCA ထိုးပြီးသည့်နောက်ပိုင်းတွင် ပြည်သူလူထု၏ မြေယာများကို တိုင်းတာပေးခြင်း၊ မြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာလုပ်ပိုင်ခွင့်ဂရမ်များ ထုတ်ပေးခြင်း၊ မြေယာပြဿနာများ ဖြေရှင်းပေးခြင်းနှင့် ကျေးရွာပိုင်ဘုံသစ်တောစီမံခန့်ခွဲပိုင်ခွင့် လက်မှတ်များထုတ်ပေးခြင်းတို့ကို ပိုမိုလွတ်လပ်စွာနှင့် ပိုမိုကျယ်ပြန့်စွာဆောင်ရွက်လာနိုင်သည်။ ထို့အပြင် စိုက်ပျိုးရေးနည်းပညာပိုင်း အသိပညာပေးမှုတို့ကိုလည်း ပိုမိုဆောင်ရွက်လာနိုင်သည်။ ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် ကြားကာလအတွင်း အခြေခံအဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးလာမှုများကြောင့် ပြည်သူများလည်း လွတ်လပ်စွာ ဝင်ထွက်သွားလာခွင့်နှင့် ကူးသန်းရောင်းဝယ်ခွင့်တို့ ပိုရှိလာသည်။

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုများသည် ပွင့်လင်းမြင်သာမှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် တာဝန်ယူ/တာဝန်ခံမှုရှိသည်ဟု ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးအာဏာပိုင်နှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေရှိ လူထုအများစုက ရှုမြင်ကြသည်။** ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် မြေဂရမ်မထုတ်ပေးမီ မြေတိုင်းတာမှုများကို သက်ဆိုင်ရာကျေးရွာ၏ ရပ်မိရပ်ဖများ၊ တိုင်းတာမည့် မြေကွက်၏ လေးဘက်လေးတန်ရှိ မြေပိုင်ရှင်များနှင့်အတူ ပြုလုပ်သည်။ ပြည်သူလူထု၏ မြေယာအခွင့်အရေးကို ဌာနေလူထုနှင့် ခုခံနိုင်စွမ်းမရှိသူများအတွက် ဦးစားပေးမှုကလွဲပြီး တန်းတူအခွင့်အရေးကို လူထုအားပေးထားသည်။ ထို့ပြင် လူထုအကြားရှိ မြေယာပြဿနာများကို မျှတစွာဖြေရှင်းပေးခြင်းနှင့် လူထု၏မြေယာလုံခြုံမှု (အထူးသဖြင့် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးထုတ်ပေးသည့် မြေဂရမ်ရှိသည့် မြေယာများ၏လုံခြုံမှု) အတွက် တာဝန်ယူတာဝန်ခံမှုရှိသည်ဟု အများစုက ရှုမြင်ကြသည်။

## အားနည်းချက်များ

- **မြေယာနှင့်သစ်တောမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရာတွင် လက်ရှိအနေအထားထက် ထိရောက်ပီပြင်မှုရှိရေးအတွက် လုံလောက်သောစွမ်းရည်ပြည့်ဝပြီး အတွေ့အကြုံရှိသော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်နေသည်။** ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့် သစ်တောမူဝါဒကို အများပြည်သူသိအောင် အသိပညာပေးရာတွင်လည်းကောင်း၊ နိုင်ငံတော်၏ တည်ဆဲလယ်ယာမြေနှင့် သစ်တောဥပဒေတို့ကို သုံးသပ်ရာတွင် နိုင်ငံတကာတွင် ကျင့်သုံးနေသော မြေယာနှင့်သစ်တောစီမံအုပ်ချုပ်မှုစနစ်ကောင်းများကိုလေ့လာပြီး ပြည်သူလူထုကိုဆွေးနွေး တင်ပြရာတွင်လည်းကောင်း ကိုယ်တိုင်နားလည်ပြီး အများနားလည်အောင် ကောင်းမွန်စွာ ရှင်းပြမျှဝေပေးနိုင်သည့် မြေယာနှင့် သစ်တောဝန်ထမ်းများ မွေးထုတ်ပေးရန်လိုပါသည်။ ထို့ပြင် မြေယာနှင့်သစ်တောဆိုင်ရာ ပြဿနာများကိုလည်း မျှတစွာညှိနှိုင်းဖြေရှင်းပေးနိုင်ပြီး မြေယာနှင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တိုက်အားတိုက် ဖော်ဆောင်ပေးနိုင်သည့် လုံလောက်သော လူ့စွမ်းအရင်းအမြစ်များ တည်ဆောက်သွားရန်လိုသည်။

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ လယ်ယာနှင့် သစ်တောမူဝါဒများနှင့် စည်းမျဉ်း ဥပဒေများကို ထုတ်ပြန်ရာတွင် အများပြည်သူ လက်လှမ်းမီနိုင်သည့် ဘာသာစကားဖြင့် လူထုအကြား ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးနိုင်မှု အားနည်းနေသေးသည်။** လက်ရှိအခြေအနေအရ လယ်ယာနှင့်သစ်တော မူဝါဒများနှင့် စည်းမျဉ်းဥပဒေများ၊ ညွှန်ကြားချက်များသည် များသောအားဖြင့် စကောကရင်ဘာသာစကားဖြင့်သာ ရရှိနိုင်ပြီး၊ အများပြည်သူလက်လှမ်းမီနိုင်သည့် ဘာသာစကားများဖြင့် (ဥပမာ ပိုးကရင်၊ မြန်မာစာ) သို့မဟုတ် သက်ဆိုင်ရာဒေသသုံးဘာသာ စကားများဖြင့် ပုံနှိပ်ဖြန့်ဝေမှုများ ပြုလုပ်နိုင်လျှင် ပြည်သူလူထုက မူဝါဒများကို အလွယ်တကူလေ့လာသိရှိနိုင်မည် ဖြစ်ပြီး၊ ပိုမိုထိရောက်မည် ဖြစ်သည်။

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့် သစ်တောမူဝါဒများကို လူထုကကောင်းစွာနားလည်သဘောပေါက်နိုင်ရန်အတွက် သက်ဆိုင်ရာ KAD နှင့် KFD တာဝန်ခံများသည် ကွင်းဆင်းအသိပညာပေးသွားရန် လိုအပ်သည်။** မူဝါဒစာအုပ်များကို ဖြန့်ဝေရုံမျှဖြင့် မူဝါဒများကို လူထုနည်းလည်နိုင်မည်ဟု ယူဆ၍မရနိုင်ပါ။ ကိုယ်တိုင်ကွင်းဆင်းရှင်းပြပြီး လူထုသဘောထားများနှင့် အကြံပြုချက်များရယူကာ မူဝါဒများကို လက်တွေ့အကောင်ထည်ဖော်ရာတွင် ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ပြင်ဆင်ဖြည့်စွက်သွားနိုင်ရန် ဖြစ်သည်။ အခြေအနေပြောင်းလဲမှုများကြောင့် လက်တွေ့မြေပြင်အခြေအနေနဲ့ မလျော်ညီတော့သည့်အချက်များကို လူထုကထောက်ပြနိုင်သဖြင့် ကွင်းဆင်းမှုများ ပြုလုပ်ရန်လိုသည်။

- **ကော်သူးလေမြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုများသည် နည်းပညာပိုင်းနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှု အားနည်းသည်။** မြေယာနှင့် သစ်တောမြေများကို တိုင်းတာသည့် နည်းပညာများကို ယခင်ထက် အဆင့်မြှင့်တင်ထားသော်လည်း ခရိုင်အားလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်မှု မရှိသေးသည်ကို တွေ့ရှိရသည်။ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို ခေတ်မီနည်းပညာများဖြင့် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်လျှင် လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ ကြန့်ကြာမှုများကို လျှော့ချနိုင်မည် ဖြစ်သည်။

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒနှင့် မြေယာအုပ်ချုပ်ရေးယန္တရားတို့သည် မြေယာပြဿနာအားလုံးကို ထိရောက်ဖြေရှင်းနိုင်မှု မရှိသေးပါ။** အထူးသဖြင့် စီးပွားရေးကုမ္ပဏီ သို့မဟုတ် တပ်မတော် သို့မဟုတ် အစိုးရဌာနများက သိမ်းထားသော လယ်ယာမြေ သို့မဟုတ် မြေယာများကို မူလပိုင်ရှင်တို့က ပြန်လည် ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် အတိုင်းအတာတစ်ခုအထိသာ အောင်မြင်မှုရှိသည်။ အထူးသဖြင့် အကြောင်း အမျိုးမျိုးကြောင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပေးသည့် မြေယာပိုင်ဆိုင်ခွင့် သို့မဟုတ် လုပ်ပိုင်ခွင့်ဂရမ် သို့မဟုတ် မြေခွန်ပြေစာ စသည့် အထောက်အထားတစ်ခုခုမရှိလျှင် ညှိနှိုင်းဖြေရှင်းရန်ခက်ခဲသည်။ ထို့သို့သော အခြေနေမျိုးတွင် ရေးမီနောက်မီသော ကျေးရွာရပ်မိရပ်ဖများနှင့် တိုင်ပင်ပြီး ညှိနှိုင်းဖြေရှင်းပေးသော်လည်း တစ်ခါတစ်ရံတွင် ထိရောက်မှု မရှိပါ။ ထို့ပြင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မိတ်ဖက်လက်နက်ကိုင်အဖွဲ့များ ပါဝင်ပတ်သက်မှုရှိသည့် မြေအငြင်းပွားမှု များကို ဖြေရှင်းရာတွင်လည်း စိန်ခေါ်မှုများရှိနေသည်။ ဥပမာ-ယခင်ကရင်အမျိုးသား တော်လှန်ရေးကာလ လူဟောင်းများမဟုတ်သည့် DKBA ခေါင်းဆောင်အချို့က သိမ်းထားသော ပြည်သူလူထုမြေယာများ ပြန်လည်ရရှိရေး အတွက် ညှိနှိုင်းရာတွင် အခက်အခဲများ ရှိနေသည်။ ထို့ပြင် လက်နက်ကိုင် ပဋိပက္ခများကို ရှောင်ရှားလိုသည့်အတွက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မိတ်ဖက်လက်နက်ကိုင်အဖွဲ့တစ်ခုခုက ပါဝင်ပတ်သက်မှုရှိသည့် သစ်ခိုးထုတ်မှုအချို့ကိုလည်း ထိရောက်စွာ ဖြေရှင်းနိုင်ခြင်း မရှိသေးပါ။

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာနှင့် သစ်တောဌာနတို့သည် ပြည်သူလူထု၏ စားဝတ်နေရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးအတွက် လိုအပ်သောလုံလောက်သည့် နည်းပညာနှင့် ငွေကြေးဆိုင်ရာ ပံ့ပိုးကူညီပံ့ပိုးမှုများ မပေးနိုင်သေးပါ။** ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် လူထုအကျိုးစီးပွားကိုလိုလားပြီး လူထုကိုကူညီလိုသည့် စေတနာ အပြည့်အဝရှိသော်လည်း ဘဏ္ဍာငွေအခက်အခဲများကြောင့် ချမှတ်ထားသော ဌာနဆိုင်ရာလုပ်ငန်းအချို့ကို အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးသည့်အပြင် အကောင်ထည်ဖော်ဆောင်နေသည့် လုပ်ငန်းအချို့မှာလည်း ပီပြင်မှု အားနည်းနေသည်။ ဥပမာ -သစ်တောမပြုန်းတီးရေးအတွက် သစ်တောမြေများတွင် တောင်ယာမခုတ်ရန် တားမြစ်ထားသော်လည်း လယ်မရှိသဖြင့် တောင်ယာမြေများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် ပြည်သူလူထုတို့၏ စားနပ်ရိက္ခာဖူလုံရေး အတွက် စိုက်ပျိုးရေးနည်းပညာနှင့် ကူညီပံ့ပိုးမှုများ မပေးနိုင်သေးသဖြင့် လူထုအား သစ်တောမြေများတွင် ယာယီ လုပ်ပိုင်ခွင့်များ ပေးထားရသည်။ ထို့ပြင် ပြည်တွင်းစစ်ကြောင့် မိမိတို့ကျေးရွာမှ ထွက်ပြေးပုန်းရှောင်နေရသူများနှင့် လူဦးရေးတိုးပွားလာသောကြောင့် စိုက်ပျိုးမြေနေရာလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် သစ်တောမြေအချို့ကို တိုးချဲ့စိုက်ပျိုးခွင့်များ ပေးထားရသည်။

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ၎င်း၏မြေယာနှင့် သစ်တောမူဝါဒများကို အကောင်အထည်ဖော်ရာတွင် အလျှော့ပေးနေရသည့် ရှော့ရဲမှုများရှိနေသည်။** ထို့သို့ဖြစ်ရသည့် အကြောင်းရင်းမှာ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် NCA ထိုးထားပြီး အစိုးရနှင့် နိုင်ငံရေးဆွေးနွေးပွဲများဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် ကြားကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် တစ်စုံတစ်ရာထိခိုက်သွားမည်ကို စိုးရိမ်သည့်အတွက်ကြောင့်လည်း ဖြစ်ပါသည်။ လက်ရှိတွင် တပ်မတော် သို့မဟုတ် အစိုးရဌာနတစ်ခုခုက သိမ်းထားသည့်မြေများကို ပြန်လည်ရယူပေးရန် ပြည်သူလူထု အချို့၏ တောင်းဆိုမှုများကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးပါ။ အထူးသဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ အုပ်ချုပ်ရေးယန္တရားမရောက်သည့် ဒေသများနှင့် ထိစပ်နယ်မြေများအတွင်းရှိ မြေယာပြဿနာများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်ခြင်း မရှိသေးပါ။ ဥပမာ - ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ စံဖရီးကျေးရွာအတွင်းရှိ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ မြေယာလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးသည့် (တပ်စွန့်) မြေများကို အစိုးရက အိမ်ရာစီမံကိန်းအတွက် သိမ်းယူခြင်းနှင့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်းရှိ အဖွဲ့စုံပါဝင်ပတ်သက်မှုရှိနေသည့် ရွှေမြစန္ဒီအိမ်ရာကို

အစိုးရမှ ဖယ်ရှားခြင်းတို့တွင် ညှိနှိုင်းဖြေရှင်းပေးနိုင်မှု မရှိခဲ့ပေ။ နောက်ထပ်စိန်ခေါ်မှုတစ်ခုမှာ အာဏာပိုင်များနှင့် နီးစပ်သည့် စီးပွားရေးကုမ္ပဏီအချို့တို့က မြေဧကရာချီသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ကွက်များကို ဦးသိန်းစိန်အစိုးရ လက်ထက်တွင် ရယူထားကြပြီး၊ လက်ရှိအစိုးရလက်ထက်တွင် လုပ်ငန်းအကောင်အထည်ဖော်ရန် ကြိုးပမ်းလာကြခြင်းပင်ဖြစ်သည်။ ထိုလုပ်ကွက်အချို့သည် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ ထိန်းချုပ်နယ်မြေများတွင်တည်ရှိသဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးဘက်မှ အပြင်းအထန် ကန့်ကွက်လိုသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကြောင့် ထိုလုပ်ကွက်များကို စနစ်တကျစောင့်ကြည့်ထိန်းကြောင်းနိုင်သည့် အခြားနည်းလမ်းများကိုရွေးချယ်ရသည်။

- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ကော်သူးလေမြေယာနှင့် သစ်တောမူဝါဒများကို အကောင်အထည်ဖော်ရာတွင် လုံလောက်သော လူ့သား၊ ငွေကြေးနှင့်နည်းပညာအရင်းအမြစ်နှင့် အကူအညီများ ရှာဖွေရယူသွားရန် လိုသည်။** လက်ရှိတွင် သစ်တောမြေများကို သစ်တောကြိုးဝိုင်း၊ တိရိစ္ဆာန်ဘေးမဲ့တော၊ ကျေးရွာပိုင်ဘုံသစ်တောဟူ၍ အမျိုးအစားသတ်မှတ်ကာ ထိန်းသိမ်းကာကွယ် ရောက်စောင့်ထားသော်လည်း လက်တွေ့တွင် သစ်တောမြေအားလုံးအတွက် လိုအပ်သော ယန္တရားများ မထားနိုင်သေးပါ။ ဥပမာ - ဒူးပလာယာခရိုင်တွင် တောရိုင်းတိရိစ္ဆာန် ဘေးမဲ့တော (၃) ခု ရှိသော်လည်း (၂) ခု အတွက်သာ သစ်တောရဲများ (Forest Rangers) ထားနိုင်သည်။ ထို့ပြင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ဘဏ္ဍာငွေနှင့် နည်းပညာ အရင်းမြစ်များကိုလည်း ထပ်မံရှာဖွေသွားရန်လိုသည်။
- **ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေများအတွင်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ နိုင်ငံရေးနှင့် စစ်ရေးတိုးချဲ့မှုများအပြင် အခြားနည်းလမ်းများဖြင့် ထိုးဖောက်ဝင်ရောက်မှုများ ရှိနေခြင်းကြောင့် ၎င်းတို့ကို ခုခံတွန်းလှန်နိုင်ရန် မဟာဗျူဟာနှင့် နည်းဗျူဟာများကို အမြဲမပြတ် ရှာဖွေဖော်ထုတ်နေရသည်။** ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် ၎င်းတို့၏ထိန်းချုပ်နယ်မြေအတွင်းသို့ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် အစိုးရ၏အုပ်ချုပ်ရေး ယန္တရားများဝင်ရောက်လာခြင်း၊ NCA ထိုးထားသော်လည်း တပ်မတော်တပ်စခန်းများ တိုးချဲ့ခြင်း၊ ဒေသခံနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သဘောတူညီချက်များမရယူဘဲ အကြီးစားရေအားလျှပ်စစ်နှင့် စီးပွားရေးစီမံကိန်းများဖော်ဆောင်ရန် ကြိုးပမ်းနေခြင်း စသည့် နယ်မြေတိုးချဲ့မှုများနှင့် ရင်ဆိုင်နေရသည်။

## ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်မြေယာမူဝါဒ

မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်သည် ရှေ့မတိုးသာနောက်မဆုတ်သာဘဲ ရပ်တန့်နေသည့် အနေအထားတွင် ရှိနေသည်ဟု အများစုက ဝေဖန်သုံးသပ်ကြသည်။ ယခင်ဦးသိန်းစိန်အစိုးရ လက်ထက်၌ စတင်ခဲ့သော ငြိမ်းချမ်းရေးဖြစ်စဉ်သည် အစပိုင်းတွင် အရှိန်အဟုန်တစ်ခုဖြင့် သွားနေသော်လည်း လက်ရှိအရပ်သားအစိုးရလက်ထက်တွင် အရှိန်အဟုန်များရပ်တန့်ကာ တိုးတက်ဖြစ်ထွန်းမှု အလားအလာ အလွန်နည်းနေသည်ကို တွေ့ရှိရသည်။ NCA ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနက် အင်အားကြီးအဖွဲ့နှစ်ဖွဲ့ဖြစ်သည့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့သည် လက်ရှိတွင် တရားဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်မှုကိုရပ်ဆိုင်းထားပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်လျက် ရှိသည်။ တိုင်းရင်းသားများက နိုင်ငံရေးတန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တရားမျှတမှုတို့ကို အာမခံချက်ပေးသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ထောင်လိုကြပြီး တပ်မတော်သားအစုအဖွဲ့က ၂၀၀၈ ဖွဲ့စည်းပုံနှင့် အညီသာ ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်လိုသည့် သဘောရှိနေသည်။ လက်ရှိအစိုးရသည် ဖက်ဒရယ် ပြည်ထောင်စုတည်ထောင်ရန် အတွက် NCA လမ်းကြောင်းကို အစပိုင်း၌ ဦးစားပေးရွေးချယ်ခဲ့သော်လည်း နောက်ပိုင်းတွင် လွှတ်တော်မှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ရေးလမ်းကြောင်းကို ရွေးချယ်လာသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပနိုင်မည့် အလားအလာကို မှန်းဆရ ခက်ခဲစေသည်။

ကျင်းပပြီးစီးခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံအစည်းအဝေးများမှာလည်း ဝေဖန်စရာနှင့် အငြင်းပွားစရာများနှင့်မလွတ်ကင်းခဲ့ပေ။ထွက်ရှိလာသောပြည်ထောင်စုသဘောတူစာချုပ်ပါကဏ္ဍအလိုက်သဘောတူညီချက်အများစုသည် ၂၀၀၈ ဖွဲ့စည်းပုံပါပြဋ္ဌာန်းချက်အချို့နှင့် ဆင်တူဖြစ်နေသဖြင့် တိုင်းရင်းသားတို့၏ ဖက်ဒရယ်အိမ်မက်မှာ အလှမ်းဝေးနေဆဲဖြစ်သည်။ လူထုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ရှိသော လမ်းကြောင်းမှတစ်ဆင့် ပါဝင်ကြသော်လည်း ၎င်းတို့ သဘောထားဆန္ဒများသည် ကန့်သတ်ပိတ်ပင်ခံရသည်။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခွင့်ရှိခဲ့သော ပြည်နယ်နှင့် ဒေသအလိုက်

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင်ပါဝင်ကာ သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒများရေးဆွဲရာတွင် တစ်တပ်တစ်အား ပါဝင်ခဲ့ကြသည်။ သို့ရာတွင် ထိုဆွေးနွေးပွဲများတွင် အတည်ပြုခဲ့သော မူဝါဒများကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ ဆွေးနွေးနိုင်ရန် UPDJC သို့တင်ရပြီး အရေးကြီးသော အချက်များကို UPDJC တွင် ပါဝင်သည့် အခြားအစုအဖွဲ့များအားလုံး သဘောတူသည့်တိုင် တပ်မတော်သား အစုအဖွဲ့က သဘောမတူလျှင် UPC တွင် ဆွေးနွေးခွင့်မရှိတော့ပါ။ ထို့ကြောင့် ထွက်လာသော သဘောတူညီချက်အများစုသည် တပ်မတော်ကလက်ခံနိုင်သည့် ၂၀၀၈ ဖွဲ့စည်းပုံပါ ပြဋ္ဌာန်းချက်များနှင့် ဆင်တူသောအချက်များဖြစ်နေခြင်း ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ ရလဒ်ကောင်းများ ထွက်လာနိုင်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်ပါဝင်သည့် အစုအဖွဲ့များ၏ အခန်းကဏ္ဍနှင့် ဆွေးနွေးသည့်အကြောင်းရာတို့သည် အရေးပါသကဲ့သို့ ဆုံးဖြတ်ချက်ချသည့် ဖြစ်စဉ်အဆင့်ဆင့်ကလည်း ထပ်တူအရေးပါသည်ကို သတိချပ်ရမည် ဖြစ်သည်။

NCA ပါ နိုင်ငံရေးဆွေးနွေးမှုမူဘောင် (FPD) အရ နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် ဆွေးနွေးသည့် အကြောင်းအရာ (၅) ခုအနက် မြေယာနှင့် သဘာဝပတ်ဝန်းကျင် သည် တစ်ခုအပါအဝင် ဖြစ်သည်။ ကျင်းပပြီးစီးခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံ အစည်းအဝေးများမှရရှိလာသော သဘောတူညီချက် (၅၁) ချက်အနက် (၁၂) ချက်သည် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍမှ ဖြစ်သည်။ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍအတွက် ရရှိလာသော သဘောတူညီချက်များသည် အခြားကဏ္ဍများအတွက် ရရှိလာသောသဘောတူညီချက်များနည်းတူ ၂၀၀၈ ဖွဲ့စည်းပုံနှင့် တည်ဆဲဥပဒေပြဋ္ဌာန်းချက်အချို့နှင့် ဆင်တူနေသည်။[၂၅] မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ သဘောတူညီချက်များနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သော ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံး၏ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ကရင်လူထုအချို့တို့၏ သဘောထားများကို မေးမြန်းခဲ့ရာ ထိုသဘောတူညီချက်များသည် ကောင်းမွန်သော်လည်း ကရင်လူမျိုးတို့ လိုလားသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် လုံလောက်သောအာမခံချက်များမပေးနိုင်ဟု ရှုမြင်သူများရှိသကဲ့သို့ ထိုသဘောတူညီချက်များသည် ၂၀၀၈ ဖွဲ့စည်းပုံ၏ တရားဝင်မှုနှင့် အသက်ဝင်မှုကိုသာ အားဖြည့်နေသည်ဟု သုံးသပ်မှုများလည်းရှိသည်။ သက်ဆိုင်သူအစုအဖွဲ့အားလုံးပါဝင်ခွင့် မရှိခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ ထွက်ပေါ်လာသော သဘောတူညီချက်များဖြစ်သဖြင့် ကြေကြေလည်လည် ထပ်မံဆွေးနွေးရန် လိုအပ်သည်ဟု ရှုမြင်သူများလည်း ရှိသည်။ ပြည်သူလူထုအချို့ကလည်း ထွက်ရှိလာသော သဘောတူညီချက်များ၏ အဓိပ္ပါယ်အတိမ်အနက်ကို ဂဃနဏ မသိသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အလုပ်ဖြစ်စေလိုကြသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးအလားအလာသည် မှုန်းဆရခက်နေပြီး သေချာရေရာမှု မရှိသော်လည်း ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံး၏ ဌာနဆိုင်ရာ ခေါင်းဆောင်အချို့တို့က ဖြစ်ပေါ်လာနိုင်သည့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတွင် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အခြေခံမူစံနှုန်းများနှင့်ကိုက်ညီသော မြေယာအုပ်ချုပ်မှုဆိုင်ရာမူဝါဒနှင့် ဥပဒေများပေါ်ပေါက်လာရေးကို မျှော်မှန်းဆောင်ရွက်နေကြသည်။ တပြိုင်နက်တည်းတွင် ဓလေ့ထုံးတမ်းမြေကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားဝင်အသိမှတ်ပြုရေးနှင့် ပြည်နယ်တစ်ခုချင်းစီ၏ မြေယာမူဝါဒနှင့် ဥပဒေများကို သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် ပြည်သူလူထုတို့က ကိုယ်တိုင်ရေးဆွဲချမှတ်ပိုင်ခွင့်ရှိရေး အစရှိသည့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ကို ထင်ဟပ်သည့်အခြေခံမူနှင့်စံနှုန်းများကိုလိုလားကြသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏တော်လှန်ရေးရည်မှန်းချက်ပန်းတိုင်နှင့်ကိုက်ညီသော မြေယာအခြေခံမူနှင့် သက်ဆိုင်ရာ နယ်မြေဒေသနှင့်ကိုက်ညီသော၊ ဒေသခံပြည်သူလိုလားသော မြေယာ အုပ်ချုပ်မှုစနစ်တို့ကို ရေးဆွဲချမှတ်ကျင့်သုံးသွားသင့်သည်ဟု ယုံကြည်လက်ခံထားကြသည်။ မြေနှင့်ဆိုင်သော သယံဇာတရင်းမြစ်များကို ထုတ်ယူသုံးစွဲရာတွင် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုနှင့် ရေရှည်တည်တံ့မှုအခြေခံမှုများဖြင့် ဆောင်ရွက်လျှင် လက်နက်ကိုင်ပဋိပက္ခများကို လျော့ချနိုင်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အထောက်အပံ့ဖြစ်စေနိုင်သည်ဟု ယုံကြည်ကြသည်။

[၂၅] ကရင်ငြိမ်းချမ်းရေးကွန်ရက်၊ "ရှေ့ဆက်ရန် မဖြစ်နိုင်တော့သည့် မြန်မာ့ငြိမ်းချမ်းရေး ဆွေးနွေးမှုခရီး၊ မြေယာကဏ္ဍဆွေးနွေးမှုမှ ချည်းကပ်လေ့လာခြင်း။" ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (also available at: https://www.facebook.com/KPSN.karen/posts/2126343277642602/) [accessed 22 Oct 2019]

**စာကွက် (၁၃)**

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး စီမံအုပ်ချုပ်သည့် နယ်မြေဒေသရှိ ကျေးရွာပိုင်ဘုံသစ်တောတစ်ခု

**ကျေးရွာပိုင်ဘုံသစ်တော - အသက်သွေးကြောစိမ်းလန်းတော**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လူသားအားလုံး၏ အကျိုးစီးပွားနှင့်သက်ဆိုင်သော အရေးကိစ္စဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို အမှီသဟဲပြုရှင်သန်နေထိုင်ကြသော လူသားတိုင်းသည် သဘာဝ ပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။ အုပ်ချုပ်သူအာဏာပိုင်များကသာ ဦးစီးဆောင်ရွက်လာခဲ့ရာမှ နောက်ပိုင်း၌ ပြည်သူလူထုကိုယ်တိုင် ဦးစီးဆောင်ရွက်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ တစ်ဖြည်းဖြည်းတိုးလာသည်။ အုပ်ချုပ်သူအာဏာပိုင်တို့ကလည်း သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ကို လူထုကိုယ်တိုင်စုပေါင်းထိန်းသိမ်းမှုများကို အသိအမှတ်ပြုလာသည့်အလျောက် တရားဝင်စီမံခန့်ခွဲခွင့်များ ပေးလာသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို လျော့ချရန်နှင့် ကာကွယ်တားဆီးရန်၊ သဘာဝအရင်းအမြစ်ရေရှည်တည်တံ့ရေးအတွက် စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာပိုင်ဘုံသစ်တောများ (Community Forests) တည်ထောင်လာကြသည်။ ထိုကျေးရွာပိုင်ဘုံသစ်တောများအနက် မကြာသေးခင်နှစ်အတွင်း တည်ထောင်ခဲ့သော ကော်သူးလေပြည်၊ ဒူးပလာယာခရိုင် (ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်) အတွင်းရှိ ကျေးရွာပိုင်ဘုံသစ်တော အကြောင်း တင်ပြသွားပါမည်။

"အသက်သွေးကြောစိမ်းလန်းတော"ဟု အမည်ပေးထားသော ကျေးရွာပိုင်ဘုံသစ်တောသည် KNU ၏ အုပ်ချုပ်ရေးနယ်မြေတစ်ခုဖြစ်သော ဒူးပလာယာခရိုင်တွင်ရှိပြီး ကျုံဒိုးမြို့နယ်၊ ကြာအင်းမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်တို့၏ ဆက်စပ်နယ်နိမိတ်အတွင်းရှိ မောဒေးတောင်တန်းတွင် တည်ရှိသည်။ ကျေးရွာပိုင်ဘုံသစ်တော အဖြစ်သတ်မှတ်ထားသည့် မောဒေးတောင်တန်းနယ်မြေသည်(၁၃၂၃၅) ဧကကျယ်ဝန်းသည်။ သဘာဝသစ်ပင်၊ ဝါးပင်နှင့် ပန်းမန်များ၊ ချောင်းနှင့် တောတောင်များ တည်ရှိပြီး တောရိုင်းတိရိစ္ဆာန်များ နေထိုင်ကျက်စားရာ နယ်မြေတစ်ခုလည်း ဖြစ်သည်။ မောဒေးတောင်တန်းရှိသစ်တောသည် တောင်တန်းတစ်ဝိုက်ရှိ ကျေးရွာလူထုလယ်ယာမြေများအတွက် အရေးကြီးသော ရေအရင်းအမြစ်ကို ထိန်းပေးထားသည့် ရေထိန်းတောလည်း ဖြစ်သည်။ သို့ရာတွင် ပြောင်းလဲလာသော ခေတ်စနစ်များနှင့်အတူ ဝိသမလောဘသားအချို့သည် မောဒေးတောင်းတန်းရှိ သစ်ပင်နှင့် သဘာဝရင်းမြစ်များကိုစည်းကမ်းမဲ့ထုတ်ယူသုံးစွဲများကြောင့် သစ်တောတစ်ဖြည်းဖြည်းပြုန်းလာပြီး တောရိုင်းတိရိစ္ဆာန်များလည်း မျိုးသုန်းပျောက်ကွယ်လာသည်။ သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဥတု ဖောက်ပြန်ကာ ရေခမ်းခြောက်လာပြီး ကျေးရွာလူထု၏ဥယျာဉ်ခြံမြေအတွင်းရှိ အပင်များလည်း သေကြေပျက်စီးလာသည်။

ထို့ကြောင့် မောဒေးတောင်တန်းတစ်လျှောက်ရှိ ကျေးရွာလူထုတို့သည် ကျေးရွာ၏ ဘာသာရေး ခေါင်းဆောင်များနှင့် ရပ်မိဖများနှင့်တွေ့ဆုံကာ မောဒေးတောင်တန်းကို ကာကွယ်တောအဖြစ် ထိန်းသိမ်းကာကွယ်သင့်မသင့် အလွတ်သဘောစတင်ဆွေးနွေးခဲ့ကြသည်။ မောဒေးတောင်ထိန်းသိမ်းရေးသည် ဘုံအကျိုးစီးပွား ထိန်းသိမ်းရေးကိစ္စဖြစ်သဖြင့် တောင်တန်းတစ်လျှောက်ရှိကျေးရွာ (၂၄) ရွာလုံးက စိတ်ဝင်စားလာပြီး နောက်ဆက်တွဲအစည်းအဝေး (၃-၄) ကြိမ်ကျင်းပပြီးနောက် မောဒေးတောင်တန်းကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်နှင့်အတူ မောဒေးတောင်တန်းထိန်းသိမ်းကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ တောင်တန်းကို ကျေးရွာပိုင်ဘုံသစ်တောအဖြစ် တရားဝင်ထိန်းသိမ်းနိုင်ရေးအတွက် ၂၀၁၅ ခုနှစ်တွင် အဆိုပြုလွှာတစ်ခုရေးဆွဲပြီး ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သစ်တောဌာနသို့ ပေးပို့ခဲ့သည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ထိုအဆိုပြုလွှာကို အဆင့်ဆင့်စိစစ်ပြီး မြေတိုင်းတာမှုနှင့်မြေပုံများ ထုတ်ပေးပြီးနောက် ၂၀၁၆ ခုနှစ်တွင် ကျေးရွာပိုင်ဘုံသစ်တော တည်ထောင်ခွင့် ခွင့်ပြုလွှာကို ထုတ်ပေးခဲ့သည်။ ထိုခွင့်ပြုလွှာနှင့်အတူ အသက်သွေးကြော စိမ်းလန်းတော စီမံအုပ်ချုပ်ခွင့်ကို အသက်သွေးကြောစိမ်းလန်းတော ထိန်းသိမ်းကာကွယ်ရေးအဖွဲ့အား နှစ် (၂၀) ခွင့်ပြုထားသည်။

အသက်သွေးကြောစိမ်းလန်းတော၏ ရည်မှန်းချက်မှာ ဘုံပိုင်တောအတွင်း သဘာဝတောတောင်နှင့် တောရိုင်းတိရိစ္ဆာန်များ ပျက်စီးပြုန်းတီးခြင်းအန္တရာယ်မှ ကင်းဝေးစေရန်နှင့် ရေရှည်တည်တံ့ရန်တို့ဖြစ်သည်။ အသက်သွေးကြောစိမ်းလန်းတော ထိန်းသိမ်းကာကွယ်ရေးအဖွဲ့၏ ဆောင်ပုဒ်မှာ "မောဒေးတောင်တန်း စိမ်းလန်းဖို့ စုပေါင်းထိန်းသိမ်းကာကွယ်စို့" ဖြစ်သည်။ ကျေးရွာပိုင်ဘုံသစ်တောထိန်းသိမ်းကာကွယ်ရေးအဖွဲ့ကို အလုပ်အမှုဆောင်အဖွဲ့၊ စီမံခန့်ခွဲမှုကြီးကြပ်ရေးအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ ရုံးအဖွဲ့၊ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးအဖွဲ့၊ ပညာပေးစည်းရုံးရေးအဖွဲ့ဟူ၍ လုပ်ငန်းအဖွဲ့ (၆) ခုတို့ဖြင့် ဖွဲ့ထားသည်။ စီမံခန့်ခွဲမှုကြီးကြပ်ရေး အဖွဲ့နှင့် စည်းကမ်းထိန်းသိမ်းရေးနှင့်လုံခြုံရေးအဖွဲ့တို့ကို တောင်တန်းအရှေ့ခြမ်းနှင့် တောင်တန်းအနောက်ခြမ်း ကျေးရွာများဖြင့် သီးခြားစီ ဖွဲ့စည်းထားပြီး ထိုအဖွဲ့များ၏ သက်တမ်းမှာလည်း မတူညီကြပါ။ လုပ်ငန်းကော်မတီဝင်များသည် ဒေသခံကျေးရွာလူထုဖြစ်ပြီး မိမိကိုယ်ကိုအဆိုတင်သွင်းခြင်းဖြင့် အခြားသူများ၏ တိုက်တွန်းချက်ကြောင့်မဟုတ်ဘဲ မိမိဆန္ဒအလျောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပါဝင်ကြသည်။


အသက်သွေးကြောစိမ်းလန်းတောထိန်းသိမ်းကာကွယ်ရေးအဖွဲ့တွင် အဓိကလုပ်ငန်းစဉ် (၅) ရပ်ရှိပြီး ၎င်းတို့မှာ စီမံအုပ်ချုပ်ခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်း၊ ပြုစုပျိုးထောင်ခြင်းနှင့် မျိုးဆက်ပြန့်ပွားခြင်း၊ ဘဏ္ဍာရေး ရန်ပုံငွေတည်ထောင်ခြင်းနှင့် ပညာပေးစည်းရုံးဟောပြောခြင်းတို့ဖြစ်သည်။ လက်ရှိတွင် လုပ်ငန်းအားလုံးကို အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို ရေးဆွဲချမှတ်ထားပြီးဖြစ်သော်လည်း အဖွဲ့၏ အဓိကလုပ်ငန်းအားလုံးကို အကောင်ထည်ဖော် ဆောင်နိုင်ခြင်းမရှိသေးပါ။ သစ်တောစီမံအုပ်ချုပ်ခွင့် သက်တမ်း (၃) နှစ်ကျော်ကာလတွင် မောဒေးတောင်တန်း စိမ်းလန်းစိုပြေရေးအတွက် ကျေးရွာ (၂၄) ရွာမှ ပြည်သူလူထုများက အသက်သွေးကြော စိမ်းလန်းတောအတွင်းရှိ လစ်လပ်မြေနေရာများတွင် ကျွန်းပျိုးပင် (၂) သောင်းကျော် စိုက်ပျိုးခဲ့သည်။ သစ်တောမြေအတွင်း သစ်ခိုးထုတ်မှု ရှိမရှိသိရှိရန် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ လုပ်ငန်းစဉ်ညှိနှိုင်းအစည်းဝေးများကျင်းပပြီး ထိုနယ်မြေတစ်ဝိုက်ရှိ လက်နက်ကိုင်အဖွဲ့များအား ဖိတ်ကြားကာ အဖွဲ့၏သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းခဲ့ကြသည်။ အကောင်ထည်မဖော်နိုင်သေးသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ထို့ပြင် အသက်သွေးကြောစိမ်းလန်းတော၏ ကျေးရွာပိုင်ဘုံသစ်တောဆိုင်ရာ စည်းကမ်းချက်များကိုလည်း ချမှတ်ထားသည်။ သစ်တောအတွင်း အကြောင်းမဲ့ သစ်၊ ဝါးနှင့် အပင်ခုတ်ခြင်း၊ အမဲလိုက်ခြင်း၊ ကုန်းနေ ရေနေတိရိစ္ဆာန်များ သတ်ဖြတ်ခြင်း၊ ဆင်လှွတ်ကျောင်းခြင်း၊ သယံဇာတတူးဖော်ခြင်း၊ ခြံမြေတိုးချဲ့ခြင်းနှင့် ကျူးကျော်နေထိုင်ခြင်း၊ မူးယစ်ဆေးဝါးပင်များစိုက်ပျိုးခြင်း စသည့်လုပ်ရပ်များကို တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်များသည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပေးသည့် ကျေးရွာပိုင်ဘုံသစ်တော တည်ထောင်ခွင့်ခွင့်ပြုလွှာတွင် ပါရှိသည့် လိုက်နာရမည့်စည်းကမ်းချက်များနှင့် ဆင်တူသည်။ ထို့ပြင် ကျေးရွာပိုင်ဘုံသစ်တောအတွင်းရှိ သစ်ပင်၊ ဝါးပင်နှင့် သစ်တောထွက်ပစ္စည်းများကို သစ်တော ကာကွယ်ထိန်းသိမ်းရေး အဖွဲ့ဝင်ကျေးရွာများက ထုတ်ယူခွင့်ရှိပြီး အဖွဲ့၏ခွင့်ပြုချက်ဖြင့်သာထုတ်ယူခွင့်ရှိသည်။ ဤစည်းကမ်းချက်များသည် ကောင်းမွန်သော သစ်တောထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များဖြစ်သည်။ ထိုစည်းကမ်းချက်များကိုလိုက်နာခြင်းသည် ကျေးရွာ (၂၄) ရွာရှိ အိမ်ထောင်စု (၄၆၄၃) ခု၊ လူဦးရေ (၂၇၄၁၃) ဦး၏ (၂၀၁၆ ခုနှစ်တွင် ကောက်ခံရရှိသော စာရင်းအရ) ဘုံအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာ ရောက်သည်။ ထို့ပြင် သစ်တောထိန်းသိမ်းခြင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဖြစ်သဖြင့် ဒေသ၊ နိုင်ငံနှင့်တစ်ကမ္ဘာလုံး၏ အကျိုးဖော်ဆောင်ရာလည်း ကျသည်။

အသက်သွေးကြောစိမ်းလန်းတော ကျေးရွာပိုင်ဘုံသစ်တောသည် ကိုယ်ထူကိုယ်ထစနစ်ဖြစ်သည့်အလျောက် ရေရှည်တည်တံ့ရေးနှင့် မျှော်မှန်းချက်ပန်းတိုင်ရောက်ရှိရေးအတွက် လိုအပ်သော အကူအညီများကို ရှာဖွေဖော်ထုတ်ရယူသွားရန် လိုသည်။ ဘုံပိုင်သစ်တော မတည်ထောင်ရသေးသည့် ဒေသများအတွက် စံနမူနာကောင်းတစ်ခု ဖြစ်လာနိုင်သည့် အလားအလာများကို စောင့်ကြည့်သွားရမည် ဖြစ်သည်။

*ရင်းမြစ်* - အသက်သွေးကြောစိမ်းလန်းတောကော်မတီဝင်အချို့အား တွေ့ဆုံမေးမြန်းမှုနှင့် အသက်သွေးကြော စိမ်းလန်းတော၏ ဖွဲ့စည်းပုံစာအုပ်

## အသက်သွေးကြောစိမ်းလန်းတောကျေးရွာပိုင် ဘုံသစ်တောဆိုင်ရာ စည်းကမ်းချက်များ




၁။ အသက်သွေးကြော စိမ်းလန်းတောနယ်မြေအတွင်းရှိ သစ်၊ ဝါးနှင့် အပင်များကို အကြောင်းမဲ့ခုတ်လှဲခြင်း၊ ဖျက်ဆီးခြင်းများ မပြုရ။

၂။ အသက်သွေးကြော စိမ်းလန်းတောနယ်မြေအတွင်း၌ တောမောင်းခြင်း၊ အမဲလိုက်ခြင်း၊ ထောင်ချောက်ဆင်ခြင်း၊ ကုန်းနေ၊ ရေနေတိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်းများ မပြုရ။

၃။ တရားဥပဒေဖြင့်တားမြစ်ထားသော မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကိုတူးဖော်ထုတ်ယူခြင်းမပြုရ။

၄။ တောမီးရှို့ခြင်း၊ မီးလောင်နိုင်သောအခြင်းအရာများမပြုလုပ်ရန်နှင့် မီးဘေးအန္တရာယ်များကို ဝိုင်းဝန်းကာကွယ်တားဆီးရသည်။

၅။ အသက်သွေးကြောစိမ်းလန်းတောအတွင်း၌ အဖွဲ့၏ခွင့်ပြုချက်ဖြင့်သာဆင်များကို စနစ်တကျထိန်းကျောင်း၍ ဆင်များကို လွှတ်ကျောင်းခြင်း မပြုရ။

၆။ ဒေသနေပြည်သူများ သဘောတူဆောက်လုပ်သည့် အဆောက်အဦးများမှအပ စီမံကိန်းဆိုင်ရာလုပ်ငန်းများ အပါအဝင်၊ အခြားအဆောက်အဦးဆောက်လုပ်ခြင်း၊ ခြံမြေတိုးချဲ့ခြင်း၊ ကျူးကျော်နေထိုင်ခြင်းများ မပြုရ။

၇။ ကိုယ်ကျိုးစီးပွားမဟုတ်သော အဆောက်အဦးများအတွက် သတ်မှတ်ချက်၊ ခွင့်ချက်များဖြင့်သာ သစ်၊ဝါးများကို မှန်ကန်စွာ အသုံးပြုရမည်။

၈။ အစုအဖွဲ့တွင် ပါဝင်သော ကျေးရွာများမှအပ၊ အခြားသူများ လာရောက်ခုတ်ယူသုံးစွဲခြင်း မပြုရ။

၉။ အသက်သွေးကြောစိမ်းလန်းတောအတွင်း မူးယစ်အပင်များ ကင်းစင်စေရမည်။

၁၀။ သစ်၊ ဝါးများ ပိုမိုများပြား၊ ကြီးထွားစေရေးနှင့် တောတောင်စိမ်းလန်းစိုပြေရေးရည်ရွယ်၍ အိမ်ရာမရှိသူများအတွက် သတ်မှတ်ခွင့်ပြုချက်မှအပ ကျန်အဆောက်အဦးများအတွက် (၁၀) နှစ်အတွင်း သစ်ပင်ကြီးများကို ထုတ်ယူသုံးစွဲခွင့် မပြုသေးပါ။

၁၁။ ကျေးရွာပိုင်ဘုံသစ်တောဆိုင်ရာကိစ္စရပ်များကို စီမံဆောင်ရွက်ရာတွင်အသက်သွေးကြောစိမ်းလန်းတောထိန်းသိမ်းကာကွယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၂။ အသက်သွေးကြောစိမ်းလန်းတောအတွင်းပါဝင်သော ခြံများဆိုင်ရာ ကိစ္စရပ်များကို KNU သစ်တောနှင့် လယ်ယာဌာနတို့၏ ခွင့်ပြု သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ရမည်။

၁၃။ အထက်ပါစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ပါက ပြစ်မှုဆိုင်ရာဥပဒေနှင့် သစ်တောဥပဒေအရသော်လည်းကောင်း၊ အဖွဲ့၏ အရေးယူပိုင်ခွင့်လုပ်ထုံးလုပ်နည်းများအရသော်လည်းကောင်း ထိရောက်စွာ အရေးယူခြင်းခံရမည်။

## ၄.၂.၂ မွန်ပြည်သစ်ပါတီ (NMSP) နှင့် မြေယာအုပ်ချုပ်မှု

### နောက်ခံသမိုင်းအကျဉ်း [၂၆]

မွန်အမျိုးသားတို့၏ တော်လှန်ရေးသည် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်ကတည်းက အစပျိုးခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲ၌ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေး (ဖ.ဆ.ပ.လ) အဖွဲ့က အပြတ်အသတ်  အနိုင်ရရှိခဲ့သည်။ မွန်ခေါင်းဆောင်အချို့သည် ဖ.ဆ.ပ.လ အစိုးရထံ မွန်လူမျိုးတို့အတွက် နိုင်ငံရေးတောင်းဆိုမှုအချို့ ပြုလုပ်သော်လည်း ဖ.ဆ.ပ.လအစိုးရက ထိုတောင်းဆိုချက်များကို လျစ်လျူရှုခဲ့သည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှထံတို့မှ မြန်မာနိုင်ငံလွတ်လပ်ရေးသောအခါ မွန်အမျိုးသား လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့သည်။ နောက်ပိုင်းတွင် မြန်မာနိုင်ငံဒေသအသီးသီး၌ ပြန့်ကျဲတည်ရှိ နေသော မွန်လက်နက်ကိုင်အင်အားစုများ တဖြည်းဖြည်း စုစည်းလာပြီး မွန်ပြည်သူ့တပ်ဦး (MPF) အမည်အောက်တွင် ဖ.ဆ.ပ.လ အစိုးရနှင့် ဗမာ့တပ်မတော်တို့ကို ခုခံတော်လှန်တိုက်ခိုက်ခဲ့သည်။ ၁၉၅၈ ခုနှစ်၊ ဇူလိုင်လတွင် MPF သည် ဒီမိုကရေစီနှင့် လက်နက်လဲလှယ်ခဲ့ကာ၊ ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ယင်းနောက်ပိုင်းတွင် မွန်အမျိုးသားလက်နက်ကိုင်တော်လှန်ရေးကို မွန်ပြည်သစ်ပါတီ (New Mon State Party) က ဆက်လက်ဦးဆောင်လာခဲ့ပြီး မွန်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (MNLA) ကို ၁၉၇၁ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။[၂၇]

မွန်ပြည်သစ်ပါတီ၏ နိုင်ငံရေးမျှော်မှန်းချက်သည် မွန်လူမျိုးတို့၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ အမျိုးသားတန်းတူရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးတို့ဖြစ်သည်။ မွန်ပြည်သစ်ပါတီသည် နိုင်ငံရေး မျှော်မှန်းချက်အတွက် စစ်အာဏာရှင်အစိုးရအဆက်ဆက်တို့ကို မလွှဲမရှောင်သာ လက်နက်စွဲကိုင် ခုခံတော်လှန်ခဲ့ရသော်လည်း နိုင်ငံရေးပြဿနာများကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲဖြင့်သာ အဖြေရှာရမည်ကို အလေးအနက် လက်ခံယုံကြည်သည်။ ထို့ကြောင့် ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် အာဏာသိမ်းခဲ့သည့် ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်သည့် တော်လှန်ရေးကောင်စီအစိုးရသည် ၁၉၆၃ ခုနှစ်၊ ဇွန်လ (၁၁)ရက် နေ့၌ ငြိမ်းချမ်းရေးဆွေးနွေးရန် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအား ဖိတ်ခေါ်သောအခါ မွန်ပြည်သစ်ပါတီသည် အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု(မ.ဒ.ည.တ)နှင့်အတူ တက်ရောက်ခဲ့သည်။ သို့ရာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ဖိတ်ခေါ်ခဲ့သည့် တော်လှန်ရေးကောင်စီအစိုးရက လက်နက်ချရေးကိုသာ ဦးတည်ဆွေးနွေးနေခဲ့သဖြင့် မွန်ပြည်သစ်ပါတီသည် ထိုဆွေးနွေးပွဲကို ကျောခိုင်းခဲ့သည်။  နောက်ပိုင်းတွင် တော်လှန်ရေးကောင်စီနှင့် မ.ဒ.ည.တ တို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများလည်း မအောင်မြင်ဘဲ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်နေ့တွင် အဆုံးသတ်သွားခဲ့သည်။[၂၈]

ထို့နောက် ၁၉၉၅ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (န.ဝ.တ) အစိုးရလက်ထက်၌ မွန်ပြည်သစ်ပါတီသည် နှစ်ဖက်အဖွဲ့စည်းများအကြား အပြန်အလှန်သဘောတူညီချက် (Bilateral Agreement) ပုံစံဖြင့် အပစ်ခတ်ရပ်စဲရေးကိုပထမအကြိမ်သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးနိုင်ငံရေးဆွေးနွေးပွဲကျင်းပရေးအတွက်တောင်းဆိုလာခဲ့သည်။ သို့ရာတွင် န.ဝ.တ အစိုးရက မိမိတို့သည် နိုင်ငံတော်တည်ငြိမ်ရေးအတွက် ထိန်းထားပေးရုံမျှသာဖြစ်ပြီး နောင်တက်လာမည့် အစိုးရနှင့်သာ နိုင်ငံရေးဆွေ့ဆုံဆွေးပွဲများ ပြုလုပ်ရန် ပြောဆိုခဲ့သည်။ ထို့နောက် စစ်အစိုးရသည် ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုခဲ့ပြီး ထိုဖွဲ့စည်းပုံဖြင့် ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲများကျင်းပရန် စီစဉ်ခဲ့သည်။ တစ်ချိန်တည်းတွင် အစိုးရနှင့် အပစ်ရပ် သို့မဟုတ် ငြိမ်းချမ်းရေး ယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို "ပြည်သူ့စစ်" သို့မဟုတ် "နယ်ခြားစောင့်တပ်" များအဖြစ် အသွင်ပြောင်းရန် အတင်းဖိအားပေးလာသောအခါ ဗမာ့တပ်မတော်နှင့် အသွင်မပြောင်းလိုသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား တင်းမာမှုနှင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ခဲ့သည်။ မွန်ပြည်သစ်ပါတီ၏သဘောထားရပ်တည်ချက်မှာ အစိုးရနှင့် အပစ်အခတ် ရပ်စဲရေးလုပ်ရခြင်းမှာ နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းရေးဆွေးနွေးပွဲ

---

[၂၆] ၂၀၁၈ ခုနှစ်၊ မေလတွင် မွန်ပြည်နယ်၊ ရေးမြို့နယ်၌ ကျင်းပခဲ့သည့် မွန်လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိလာသော နိုင်ငံရေးကဏ္ဍဆိုင်ရာ အခြေခံမူများနှင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ယခုစာတမ်းအတွက် တွေ့ဆုံမေးမြန်းခဲ့သော မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးနှင့် NMSP ခရိုင်ဥက္ကဋ္ဌတစ်ဦးတို့၏  ပြောကြားချက်များ၊

[၂၇] Mon State Profile by UNHCR, Updated June 2014. available at: https://reliefweb.int/sites/reliefweb.int/files/resources/MonStateProfile-June2014.pdf [accessed 17 June 2019]

[၂၈] ကရင်သတင်းဌာန (ကေအိုင်စီ) ၏ website တွင် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့၌ ဖော်ပြခဲ့သည့် မန်းထိန်ဝင်းစိန်၏ "တစ်ခါတုန်းကငြိမ်းချမ်းရေးဖြစ်စဉ်" ဆောင်းပါး၊ [accessed 17 June 2019]

များမှတစ်ဆင့် ဖြေရှင်းနိုင်ရန်အတွက်သာ ဖြစ်ပြီး "ပြည်သူ့စစ်" သို့မဟုတ် "နယ်ခြားစောင့်တပ်"များအဖြစ် အသွင်ပြောင်းရန် မဟုတ်ပါ။ ထို့ကြောင့် အစိုးရတပ်နှင့် မွန်ပြည် သစ်ပါတီအကြား တင်းမာမှုအမြင့်ဆုံး အနေအထားရောက်ရှိခဲ့ပြီး အစိုးရနှင့် မွန်ပြည်သစ်ပါတီအကြား တည်ဆောက်ခဲ့သော အပစ်ခတ်ရပ်စဲရေးမှာလည်း ပျက်လုနီးပါး ဖြစ်ခဲ့သည်။

စစ်အစိုးရလက်ထက်ရေးဆွဲခဲ့သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ၂၀၁၀ ရွေးကောက်ပွဲမှ တစ်ဆင့်တက်လာသော ဦးသိန်းစိန်ခေါင်းဆောင်သည့် အရပ်သားတစ်ပိုင်းအစိုးရလက်ထက်တွင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရန် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား ဖိတ်ကြားခဲ့သည်။ မွန်ပြည်သစ်ပါတီသည် "ပြည်သူ့စစ်" သို့မဟုတ် "နယ်ခြားစောင့်တပ်" အဖြစ်အသွင်ပြောင်းရန် အစိုးရ၏တစ်ဘက်သတ်ဖိအားပေးမှုများကြောင့် ဖြစ်ပေါ်လာသော တင်းမာမှုအခြေအနေများကို ထိန်းချုပ်နိုင်ရန် ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးကို ပြန်လည်ဖော်ဆောင်ခဲ့ပြီး နှစ်ဖက်အဖွဲ့အစည်းများအကြား အပြန်အလှန်သဘောတူညီချက် (bilateral agreement) ပုံစံဖြင့် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့်အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ဒုတိယအကြိမ်လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးလွှမ်းခြုံမှုရှိသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့က လက်မှတ်ရေးထိုးခဲ့ကြသော်လည်း မွန်ပြည်သစ်ပါတီသည် အစိုးရနှင့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခဲ့ပြီး ဦးထင်ကျော်ခေါင်းဆောင်သည့် အရပ်သားတစ်ပိုင်းအစိုးရလက်ထက် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) နေ့မှသာ NCA ကို လက်မှတ်ရေးထိုးခဲ့သည်။

မွန်အမျိုးသားတို့၏ တော်လှန်ရေးသမိုင်းတစ်လျှောက်တွင် မွန်ပြည်သစ်ပါတီမှ ထိန်းချုပ်စီမံခဲ့သည့် နယ်မြေများစွာရှိခဲ့သော်လည်း စစ်အာဏာရှင်အစိုးရအဆက်ဆက်တို့က နည်းလမ်းမျိုးစုံသုံးပြီး ထိုးစစ်ဆင် ကျူးကျော်တိုက်ခိုက်ခဲ့မှုများကြောင့် အဆိုပါနယ်မြေများလည်း အပြောင်းအလဲများ ရှိခဲ့သည်။ ယခင် NMSP ထိန်းချုပ်စီမံခဲ့သော နယ်မြေအချို့သည် အစိုးရ၏ထိန်းချုပ်စီမံမှုအောက် လုံးလုံးလျားလျား ကျရောက်သွားခဲ့ပြီး အချို့တို့မှာ မွန်ပြည်သစ်ပါတီနှင့် အစိုးရအုပ်ချုပ်ရေးယန္တရား နှစ်ခုလုံးရှိနေသည်။ ထို့ပြင် အချို့နယ်မြေများတွင် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်း (ဥပမာ - KNU၊ DKBA နှင့် အခြားအစိုးရနှင့် အပစ်ရပ်ထားသည့် လက်နက်ကိုင်အဖွဲ့များ) ရှိနေသည်။ မွန်ပြည်သစ်ပါတီ လက်ရှိစီမံအုပ်ချုပ်လျက်ရှိသည့် နယ်မြေများကို ခရိုင် (၃) ခရိုင်၊ ဗဟိုဝန်းကျင်ဒေသတစ်ခုနှင့် မြို့နယ်ပေါင်း (၁၁) မြို့နယ်ဖြင့်ဖွဲ့စည်းထားသည်။[၂၉] ကျေးရွာအဆင့်အုပ်ချုပ်ရေးအဖွဲ့ကို သက်ဆိုင်ရာကျေးရွာလူထုက (၅) ဦး သို့မဟုတ် (၁၀) ဦးကော်မတီကို အဆိုပြုကာ ထိုကော်မတီဝင်များကို မဲထည့်ပြီး ရွေးကောက်တင်မြှောက်သည်။ မြို့နယ်နှင့် ခရိုင်အဆင့် အုပ်ချုပ်ရေးအဖွဲ့များကိုမူ နှစ်ရှည်လများစွာ မွန်ပြည်သစ်ပါတီ၏ ပါတီဝင်ဖြစ်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သင်တန်းများ တက်ရောက်ပြီးသူများကိုသာ မွန်ပြည်သစ်ပါတီမှ ခန့်အပ်တာဝန်ပေးသည်။ မွန်ပြည်သစ်ပါတီဗဟိုအဆင့်တွင် ဌာနကြီး (၅) ဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့မှာ နိုင်ငံရေးဌာန၊ စစ်ရုံးချုပ်ဌာန၊ ဗဟိုအုပ်ချုပ်ရေးဌာန၊ ပြည်တွင်းရေးရာဌာနနှင့် ပြည်ပရေးရာဌာနတို့ ဖြစ်သည်။ အုပ်ချုပ်ရေးဌာနအောက်တွင် ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ မြေယာနှင့် သစ်တောဌာန၊ တရားရေးဌာန၊ ထောက်ပံ့ရေးဌာနနှင့်အကောက်ခွန်ဌာနစသည့်ဌာနခွဲ (၆) ခုထားရှိသည်။ မြေယာနှင့်သစ်တောကဏ္ဍကိုမြေယာနှင့်သစ်တောဌာနက စီမံအုပ်ချုပ်ပြီး ဗဟိုနှင့်ခရိုင်အဆင့်တာဝန်ခံများထားရှိသည်။ မွန်ပြည်သစ်ပါတီ၏ အုပ်ချုပ်ရေးဌာနအောက်ရှိ သက်ဆိုင်ရာ ခရိုင်တာဝန်ခံများသည် ဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရမည့်တာဝန်ရှိပြီး ပြဿနာတစ်ရပ်ရပ် ပေါ်ပေါက်လာပါက ထိုပြဿနာကို ခရိုင်အလုပ်အမှုဆောင်ကော်မတီက စုပေါင်းဖြေရှင်းကြသည်။

## မွန်ပြည်သစ်ပါတီ၏ မြေယာမူဝါဒနှင့် မြေယာအုပ်ချုပ်မှု

မွန်ပြည်သစ်ပါတီသည် ၁၉၇၂ ခုနှစ်၊ ဩဂုတ်လတွင် "လယ်လုပ်သူ လယ်ပိုင်ခွင့်ရှိရမည်" ဟူသော အခြေခံမူဖြင့် မြေယာလမ်းစဉ်တစ်ရပ် ချမှတ်ခဲ့သည်။ ထိုလမ်းစဉ်အရ "လယ်သမားတို့သည် မိမိတို့ ကိုယ်တိုင်စိုက်ပျိုးထားသောလယ်ယာမြေကို မိမိတို့

[၂၉] ခရိုင် (၃) ခုမှာ သထုံ၊ မော်လမြိုင်နှင့် ထားဝယ်ခရိုင်တို့ဖြစ်ပြီး ဗဟိုဝန်းကျင်ဒေသသည် ခရိုင်အဆင့် မရောက်သည့် မြို့နယ် (၂) ခုကို ပေါင်းစည်းထားသည့်ဒေသဖြစ်သည်။ မြို့နယ် (၁၁) ခုမှာ သထုံခရိုင်တွင် ကော့ကရိတ်မြို့နယ်၊ ကျိုက်မရောမြို့နယ်နှင့် ဂျိုင်းမြစ်မြို့နယ်၊ မော်လမြိုင်ခရိုင်တွင် ကြာအင်းဆိပ်ကြီးမြို့နယ်၊ မုဒုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်၊ ထားဝယ်ခရိုင်တွင် ရေးမြောက်မြို့နယ်၊ ရေးတောင်မြို့နယ်နှင့် ရေဖြူမြို့နယ်၊ ဗဟိုဝန်းကျင်ဒေသတွင် ဘုရားသုံးဆူမြို့နယ်နှင့် ရေးချောင်းဖျားမြို့နယ်တို့ဖြစ်သည်။ မွန်ပြည်သစ်ပါတီ စီမံအုပ်ချုပ်သည့် နယ်မြေများကို မွန်ပြည်သစ်ပါတီမှ အပြည့်အဝထိန်းချုပ်ထားသည့် မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေများနှင့် မွန်ပြည်သစ်ပါတီနှင့် အစိုးရ သို့မဟုတ် NMSP၊ အစိုးရနှင့် အခြား လက်နက်ကိုင်အဖွဲ့တစ်ခုခုတို့ ပူးတွဲစီမံအုပ်ချုပ်သည့် ထိစပ်နယ်မြေများဖြင့် ဖွဲ့စည်းထားသည်။

ပိုင်ဆိုင်ခြင်း၊ လယ်ယာထွက်သီးနှံများပိုမိုထွက်ရှိစေခြင်းနှင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချနိုင်ခြင်း” တို့ကိုခွင့်ပြုထားသည်။[၃၀] ထိုအချိန်က နိုင်ငံရေးအခြေအနေသည် တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် မွန်ပြည်သစ်ပါတီသည် မြေယာလမ်းစဉ်အတွက် အသေးစိတ် မူဝါဒနှင့် ဥပဒေများကို ရေးဆွဲချမှတ်နိုင်ခြင်းမရှိခဲ့ပေ။ သက်ဆိုင်ရာ ဗဟိုအဆင့်နှင့် ခရိုင်အဆင့်ကော်မတီနှင့် တာဝန်ခံများက စုပေါင်း ပုံဖော်ခဲ့သည့်ပုံစံမျိုးဖြင့်သာ မြေယာလမ်းစဉ်ကို မိမိတို့စီမံအုပ်ချုပ်သည့် နယ်မြေများအတွင်းကျင့်သုံးခဲ့ကြသည်။ နောက်ပိုင်းတွင်ဒေသ အခြေအနေနှင့် သင့်လျော်သည့် မြေယာမူဝါဒအသစ်များကို ဗဟိုကချမှတ်ရေးဆွဲခဲ့ပြီး ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေး အဖွဲ့များက ထိုမူဝါဒများနှင့်အညီ စုပေါင်း အကောင်ထည်ဖော် ဆောင်ကြသည်။

မွန်ပြည်သစ်ပါတီသည် အစိုးရနှင့် ပထမဆုံးအကြိမ် အပစ်ခတ်ရပ်စဲရေးစာချုပ်လက်မှတ်ထိုးသည့် ၁၉၉၅ ခုနှစ် မတိုင်ခင် ကတည်းက မြေယာပိုင်ဆိုင်ခွင့်လက်မှတ်/ဂရမ်ကို မိမိတို့ စီမံအုပ်ချုပ်သည့် နယ်မြေများရှိ မွန်ပြည်သူများအတွက် ထုတ်ပေးလာခဲ့ သည်။ အဆိုပါမြေယာပိုင်ဆိုင်ခွင့်လက်မှတ်ကို ရယူလိုပါက ကျေးရွာအကြီးအကဲများ၏ ထောက်ခံချက်ဖြင့် မွန်ပြည်သစ်ပါတီထံသို့ လျှောက်ထားနိုင်သည်။ မွန်ပြည်သစ်ပါတီသည် သက်ဆိုင်ရာ မြို့နယ်ကော်မတီ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လျှောက်ထားသော မြေကွက်၏ လေးဘက်လေးတန်ရှိခြံပိုင်ရှင်များအားခေါ်ယူစစ်ဆေးမှုများပြုလုပ်ပြီး ၎င်းတို့၏ထောက်ခံချက်များရယူခြင်း၊ ၎င်းတို့နှင့် အတူ မွန်ပြည်သစ်ပါတီ၏ လယ်ယာမြေတိုင်းတာရေးအဖွဲ့က[၃၁] မြေတိုင်းတာမှုများ ပြုလုပ်ခြင်းနှင့် မြေပုံကြမ်းထုတ်ပေးခြင်း၊ ထို့နောက် သက်ဆိုင်ရာခရိုင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အတည်ပြုချက်ဖြင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ရယူခြင်းများတို့ကို အဆင့်ဆင့်ပြုလုပ် ပြီးမှသာ မြေယာပိုင်ဆိုင်ခွင့်လက်မှတ်ကို ထုတ်ပေးခဲ့သည်။




*မွန်ပြည်သစ်ပါတီမှ ထုတ်ပေးသော မြေယာလက်မှတ်ပုံစံ (Photo by ENAC)*

မွန်ပြည်သစ်ပါတီမှထုတ်ပေးသည့် မြေယာပိုင်ဆိုင်ခွင့်လက်မှတ်ရှိသည့် မည်သည့်မြေကွက်ကိုမဆို ရောင်းချ၊ ပေါင်နှံ၊ လဲလှယ်၊ အမွေပေးပိုင်ခွင့် စသည့် မြေယာအခွင့်အရေးများ ပေးအပ်ထားပြီး မြေယာလွှဲပြောင်းမှုများပြုလုပ်သည့်အခါ ကိုယ့်သဘော ဖြင့် နှစ်ဦးနှစ်ဘက်ပြုလုပ်ခြင်းထက် ကျေးရွာ သို့မဟုတ် မြို့နယ်ရုံးများတွင် သက်ဆိုင်ရာ ကျေးရွာ သို့မဟုတ် မြို့နယ်ဥက္ကဋ္ဌနှင့် လူကြီးများ၏ ဆုံးဖြတ်ချက်များဖြင့် မြေရောင်းဝယ်လွှဲပြောင်းမှုများ ပြုလုပ်ရမည်ဖြစ်သည်။ သို့ရာတွင် မွန်ပြည်သစ်ပါတီသည် စိုက်ပျိုးမြေဖော်ထုတ်ရေးအတွက် မြေဂရမ်များထုတ်ပေးရာတွင် အထူးဦးစားပေးစနစ်ထားရှိသည်။ စိုက်ပျိုးမြေတစ်ကွက်အတွက် ဒေသခံနှင့် ဒေသခံမဟုတ်သူများက အပြိုင်လျှောက်ထားမှုရှိလာပါက ဒေသခံများကို အထူးဦးစားပေး ချထားပေးသည်။ ဒေသခံများ အပြိုင်လျှောက်လာပါက မြေကွက်နှင့် အနီးဆုံးကျေးရွာတွင် နေထိုင်သူများ ကို အထူးဦးစားပေးသည်။ မြေဂရမ်ထုတ်ပေးရာတွင်လည်း လူမျိုး၊ ဘာသာ၊ ကျား-မ ခွဲခြားမှု မရှိဘဲ တန်းတူအခွင့်အရေး ပေးထားသည်။

[၃၀] မွန်ဒေသမြေမူဝါဒ (မူကြမ်း) ၂၀၁၉၊ စာမျက်နှာ ၅

[၃၁] မွန်ပြည်သစ်ပါတီ၏ မြေတိုင်းတာရေးအဖွဲ့တွင် မွန်ပြည်သစ်ပါတီအဖွဲ့ဝင်များအပြင် သက်ဆိုင်ရာ နယ်မြေလူကြီးနှင့် နယ်မြေခံများပါ ပါဝင်ဖွဲ့စည်းထားသည်။



*မွန်ဒေသမြေယာမူဝါဒ (မူကြမ်း) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄-၅ ရက်) (ဓာတ်ပုံ- မွန်ဒေသမြေမူဝါဒရေးရာကော်မတီ)*

မွန်ပြည်သစ်ပါတီသည် ပါတီရန်ပုံငွေအတွက် မြေဆိုင်ရာ အခွန်အခအချို့ကို ကောက်ခံသည်။ မြေပိုင်ဆိုင်ခွင့်နှင့် မြေလုပ်ပိုင်ခွင့်ဂရမ်အတွက် လျှောက်သည့်အခါ မြေတိုင်းတာမှုများပြုလုပ်ရသဖြင့် ထိုဝန်ဆောင်မှုအတွက် မြေတစ်ဧကလျှင် ငွေ (၅၀၀၀) ကျပ်နှုန်းဖြင့် သတ်မှတ်ကောက်ခံသွားသည်။ သို့ရာတွင် မွန်ပြည်သစ်ပါတီမှ မြေဂရမ်ထုတ်ပေးသည့် မြေယာများနှင့် ပတ်သက်၍ အငြင်းပွားမှုဖြစ်ပြီး မြေတိုင်းတာမှုများ ထပ်မံပြုလုပ်ရပါက ထိုအတွက် အခကြေးငွေမယူပါ။ မွန်ပြည်သစ်ပါတီသည် မြေဂရမ်ထုတ်ပေးသည့် ဝန်ဆောင်ခအပြင် စိုက်ပျိုးမြေဖြစ်ပါက သီးနှံခွန်များကိုလည်း နှစ်စဉ်စည်းကြပ်သည်။ ကွမ်းသီး၊ ရော်ဘာ၊ စပါး စသည့် သီးနှံအမျိုးအစားအလိုက် သီးနှံခွန်နှုန်းထားများသတ်မှတ်ပြီး သီးနှံခွန်ပြေစာများထုတ်ပေးသည်။ စိုက်ပျိုးမြေများနှင့်ပတ်သက်၍ ချမှတ်ထားသော စည်းကမ်းချက်တစ်ခုမှာ စိုက်ပျိုးမြေရရှိပြီး (၃) နှစ် အတွင်း သီးနှံတစ်ခုခု စိုက်ပျိုးရမည်ဖြစ်ပြီး သီးနှံစိုက်ပျိုးထားခြင်း မရှိပါက ထိုမြေများကို မွန်ပြည်သစ်ပါတီမှ ပြန်လည်ရုပ်သိမ်းနိုင်သည်။

နောက်ပိုင်းတွင် မွန်ပြည်သစ်ပါတီ၏မြေယာစီမံအုပ်ချုပ်မှုပုံစံသည် ပြောင်းလဲမှုတစ်ချို့ရှိလာသည်။ မွန်ပြည်သစ်ပါတီနှင့် တပ်မတော်အကြားဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု မရှိခဲ့သည့် ယခင်ခေတ်ကာလများတွင် မွန်ပြည်သစ်ပါတီ၏ မြေယာစီမံအုပ်ချုပ်မှုသည် ယနေ့ခေတ်ကာလနှင့် ကွဲပြားမှုအချို့ ရှိသည်။ ထိုခေတ်ကာလများတွင် လူဦးရေနည်းပါးသဖြင့် မြေယာပိုင်ဆိုင်ခွင့်မြေဧကနှင့် မြေပိုင်ဆိုင်ခွင့်ရှိသူတို့ကို ကန့်သတ်ထားခြင်း မရှိသည့်အပြင် တော်လှန်ရေးရန်ပုံငွေအတွက် ထည့်ဝင်နိုင်အောင် မြေယာပိုင်ဆိုင်ခွင့်လက်မှတ်များကို အလွယ်တကူထုတ်ပေးခဲ့မှုအချို့ရှိခဲ့သည်။ ထို့အပြင် နည်းပညာ၊ ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် အားနည်းချက်များကြောင့် မြေပိုင်ဆိုင်ခွင့် လက်မှတ်/ဂရမ်များ ထုတ်ပေးရာတွင် စနစ်တကျမြေတိုင်းတာမှုများ မပြုလုပ်နိုင်ခဲ့ပေ။ အချို့မြေကွက်များအတွက် မြေပုံကြမ်းများ ထုတ်ပေးနိုင်ခဲ့သော်လည်း အချို့မြေကွက်များအတွက် မြေပုံကြမ်းများ မထုတ်ပေးနိုင်ခဲ့ပေ။ မြေဧကအရေအတွက်ကို ခန့်မှန်းတွက်ချက်ပြီး စားပွဲပေါ်တွင် အလွယ်နည်း ထုတ်ပေးခဲ့သည့် အဖြစ်မျိုးလည်း ရှိခဲ့သည်။

မကြာသေးခင် (၄-၅)နှစ်ဝန်းကျင်မှစ၍ မွန်ပြည်သစ်ပါတီသည် မိမိတို့ စီမံအုပ်ချုပ်သည့် နယ်မြေများတွင် မြေပိုင်ဆိုင်မှုကို ကန့်သတ်ရန် ကြိုးပမ်းလာသည်။ မိသားစုတစ်စုလျှင် မြေ (၁၀) ဧကသာ ပိုင်ဆိုင်ခွင့်ပြုထားသည်။ မြေ (၁၀) ဧကထက်မက လုပ်ကိုင်စားသောက်လိုပါက အခြားမိသားစုဝင်နာမည်ဖြင့် မြေပိုင်ဆိုင်ခွင့်ကိုလျှောက်ထားနိုင်သည်။ မူအရ မြေပိုင်ဆိုင်ခွင့်ကို လူမျိုး၊ ကိုးကွယ်သည့်ဘာသာနှင့် ကျား-မ ခွဲခြားမှု မရှိသော်လည်း ရေရှည်တွင် ဒေသခံပြည်သူများ မြေယာမဲ့များမဖြစ်ရေးအတွက် ဒေသခံ မဟုတ်

သည့် အခြားဘာသာခြားနှင့် လူမျိုးခြားအချို့ကို မြေရောင်းဝယ်၊ ပေါင်နှံမှုများမပြုလုပ်ရန် နှုတ်အားဖြင့် အမျိုးသားရေးကို ရှေးရှုပြီး နှိုးဆော်မှုများ ရှိသည်။ ထို့ပြင် မွန်ပြည်သစ်ပါတီသည် မြေယာ ပိုင်ဆိုင်ခွင့်လက်မှတ်များကို ယခင်ကကဲ့သို့ အလွယ်တကူထုတ်ပေးခြင်း မပြုလုပ်တော့ဘဲ ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ မြေများကို စနစ်တကျ ကွင်းဆင်းတိုင်းတာစိစစ်ပြီးမှသာ ထုတ်ပေးရန် စီစဉ်ညွှန်ကြားလာသည်။ မြေယာပိုင်ဆိုင်ခွင့်လက်မှတ်ကို ခရိုင်ကော်မတီမှ ထုတ်ပေးခွင့်သည် ယခင် ရှိခဲ့သော်လည်း ယခုအခါတွင် မွန်ပြည်သစ်ပါတီစီမံအုပ်ချုပ်သည့် နယ်မြေအားလုံးတွင်ထုတ်ပေးသည့် မြေပိုင်ဆိုင်ခွင့်လက်မှတ်ပုံစံများ တစ်ပြေးညီ ဖြစ်ရေးအတွက် ၂၀၁၉ ခုနှစ်မှ စ၍ ခရိုင်ကော်မတီ၏ စိစစ်ထောက်ခံချက်နှင့်အတူ ဗဟိုအုပ်ချုပ်ရေး ဌာနကသာ ထုတ်ပေးသွားရန် ရှိသည်။

ထို့အပြင် မွန်ပြည်သစ်ပါတီသည် မိမိတို့စီမံအုပ်ချုပ်သည့် နယ်မြေများအတွင်းရှိ မြေများလုံခြုံမှုရှိရေးနှင့် မြေယာအငြင်းပွားမှုများ လျော့နည်းလာစေရေးအတွက် လူထုအတွက် မြေတိုင်းတာမှုများ ပြုလုပ်ကာ မြေဂရမ်များကို စီမံချက်များချမှတ်ကာ ထုတ်ပေးလျက်ရှိသည်။ မိမိတို့ နေထိုင်လုပ်ကိုင်သည့်မြေများကို မှတ်ပုံတင်ကြရန် လူထုအားလည်း စည်းရုံးဟောပြောခဲ့သည်။ အထူးသဖြင့် မြေဂရမ် မရှိသေးသည့် မြေယာများကို မြေဂရမ်လျှောက်ကြရန် တိုက်တွန်းနှိုးဆော်သည်။ သို့ရာတွင် လက်တွေ့တွင် ပြည်သူလူထု အချို့သည် မြေဂရမ်လျှောက်ထားခြင်း မပြုဘဲ မိမိသဘောဖြင့် စိုက်ပျိုးလုပ်ကိုင်မှုအချို့ ရှိနေသော်လည်း မွန်ပြည်သစ်ပါတီအနေဖြင့် တားမြစ်ပိတ်ပင်မှုများမပြုဘဲ မြေယာမှတ်ပုံတင်လာရေးနှင့် ပူးပေါင်းပါဝင်လာရေးအတွက် မြေယာဆိုင်ရာအသိပညာဗဟုသုတများ ဟောပြောမှု၊ စည်းရုံးမှုများဖြင့်သာ ဥပဒေမူဘောင်အတွင်း ဝင်အောင် ပြုလုပ်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်သစ်ပါတီသည် မိမိတို့စီမံအုပ်ချုပ်သည့် နယ်မြေများအတွက် သင့်လျော်သည့်မြေယာမူဝါဒတစ်ခုထွက်ပေါ်လာရေးအတွက်လည်းကောင်း၊ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင် ကျင့်သုံးနိုင်မည့် မွန်မြေယာမူဝါဒတစ်ရပ် ထွက်ပေါ်လာရေးအတွက်လည်းကောင်း၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မြေယာကျွမ်းကျင်ပညာရှင်များနှင့် မွန်လူထုတို့နှင့် ပူးပေါင်းကာ မွန်ဓလေ့ထုံးတမ်းမြေယာစနစ်ကိုအခြေပြုသည့် မွန်ဒေသမြေယာမူဝါဒမူကြမ်းတစ်ခုကို ပြင်ဆင်ရေးဆွဲလျက်ရှိသည်။ (စာကွက်-၁၄ ရှု) လက်ရှိတွင် (၂)နှစ် တာကာလအတွင်း ပြင်ဆင်ရေးဆွဲခဲ့သော မူကြမ်းတစ်ခုထွက်လာပြီး အတည်ပြုနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းနေပါသည်။ ထို့အပြင် ပြည်သူလူထု၏ မြေယာလုံခြုံရေးအတွက် မွန်ပြည်သစ်ပါတီမှ ထုတ်ပေးသည့် မြေယာပိုင်ဆိုင်မှု လက်မှတ်များကို လက်ရှိတွင် နိုင်ငံတော်အစိုးရက တရားဝင်အသိအမှတ်ပြုထားခြင်း မရှိသေးသဖြင့် ၎င်းတို့ကို အစိုးရကတရားဝင် အသိအမှတ်ပြုရန် အစိုးရနှင့် ဆက်လက်ညှိနှိုင်းသွားရန်ရှိသည်။

မွန်ပြည်သစ်ပါတီသည် မိမိတို့စီမံအုပ်ချုပ်နေသည့် နယ်မြေများတွင် ထုတ်ပေးသည့် မြေယာပိုင်ဆိုင်မှု ဂရမ်များနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာဖြစ်လာပါက အတတ်နိုင်ဆုံးညှိနှိုင်းဖြေရှင်းပေးပြီး တာဝန်ယူ၊ တာဝန်ခံပေးသည်။ မြေယာအငြင်းပွားမှု ပြဿနာများကို ကျေးရွာမှတစ်ဆင့် မြို့နယ်၊ ခရိုင်နှင့် ဗဟိုအထိ အောက်ခြေမှအထက်သို့ အဆင့်ဆင့်ဖြေရှင်းသည့်ပုံစံကို ကျင့်သုံးသည်။ မွန်ပြည်သစ်ပါတီသည် မြေယာပြဿနာများကို ဖြေရှင်းရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အထူးသဖြင့် အခြား လက်နက်ကိုင်အဖွဲ့အစည်းများလည်း ရှိနေသည့် ထိစပ်နယ်မြေများတွင်ဖြစ်ပွားသော မြေယာအငြင်းပွားမှု များကို အပြည့်အဝ တာဝန်ယူဖြေရှင်းမပေးနိုင်သည့်အခက်အခဲများရှိနေသည်။ လက်ရှိညှိနှိုင်းဖြေရှင်းပေးနေရသည့် မြေယာအငြင်းပွားမှုများတွင် ယခင်အလွယ်တကူထုတ်ပေးခဲ့သည့် မြေယာလက်မှတ်များနှင့်ဆိုင်သော မြေယာအငြင်းပွားမှုများနှင့် ထိစပ်နယ်မြေများအတွင်း ရံဖန်ရံခါ ဖြစ်ပွားသည့် မွန်လူထုနှင့် အခြားလက်နက်ကိုင်အဖွဲ့တို့အကြား မြေယာပိုင်ဆိုင်မှုနှင့်အသုံးချမှုဆိုင်ရာ အငြင်းပွားမှုများလည်း ပါဝင်သည်။

## သစ်တောနှင့် သယံဇာတ စီမံအုပ်ချုပ်မှု

မွန်ပြည်သစ်ပါတီသည် မိမိတို့စီမံအုပ်ချုပ်သည့်နယ်မြေအတွင်း အများပြည်သူတို့၏ တစ်နိုင်တစ်ပိုင် သစ်ထုတ်လုပ်မှု အချို့ကို ယခင်ခွင့်ပြုခဲ့သော်လည်း၊ နောက်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထူးအလေးထားလာပြီး ၂၀၁၃ ခုနှစ်မှစ၍ သစ်ထုတ်ခွင့်ကို စတင်ပိတ်ပင်လိုက်သည်။ မွန်ပြည်သစ်ပါတီတွင် သစ်တောစီမံအုပ်ချုပ်သည့် သီးသန့်အုပ်ချုပ်မှုယန္တရားမရှိပါ။ မွန်ပြည်သစ်ပါတီ၏ သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်အလုပ်အမှုဆောင်များက မိမိတို့နယ်မြေအတွင်းရှိ သစ်တောများကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်မှုများပြုလုပ်ကြရသည်။ မွန်ပြည်သစ်ပါတီစီမံအုပ်ချုပ်သည့်နယ်မြေတွင် ယခင်အတိတ်ကာလ၌ သစ်တောများစွာ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် လူဦးရေတိုးလာသဖြင့် သစ်တောမြေနေရာများတွင် လူနေအိမ်များနှင့်ဥယျာဉ်ခြံမြေများက အစားထိုး



*မွန်ပြည်နယ်ရှိ ကွမ်းသီးခြံတစ်ခု (Photo by ENAC)*

နေရာယူလာသည်။ မွန်ပြည်သစ်ပါတီ၏ မြေယာ ပိုင်ဆိုင်ခွင့် လက်မှတ်ရှိသည့်မြေယာအချို့သည် အစိုးရ၏သစ်တောကြိုးဝိုင်းနယ်မြေထဲတွင် ပါရှိသဖြင့် ထိုနယ်မြေများကို သစ်တောမြေမှ ပယ်ဖျက်ပေးရန် မွန်ပြည်သစ်ပါတီက သက်ဆိုင်ရာအစိုးရဌာနနှင့် တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခဲ့သော်လည်း အစိုးရဘက်မှ တိကျသောအဖြေတစ်ခုခုမပေးဘဲ ခြံမြေများတွင် အပင်များ ဖြစ်ထွန်းလာသည်အထိ စိုက်ပျိုးထားပြီး နောက်ပိုင်းမှသာ ဆက်လက်ဆွေးနွေးသွားရန် ပြောဆိုပြန်ကြားသည်။

ကန့်သတ်ချက်တစ်ခုမှာ ထိစပ်နယ်မြေများရှိ မွန်ပြည်သူလူထုသည် မိမိတို့၏ မြေယာလုံခြုံရေးအတွက် မြေဂရမ်များကို နိုင်ငံတော်အစိုးရထံတွင် လျှောက်လိုက လျှောက်ခွင့် ရှိသည်။ သို့ရာတွင် မွန်ပြည်သစ်ပါတီတွင် အရင်ဦးစွာ လျှောက်ထားရယူပြီးမှသာ အစိုးရထံတွင် လျှောက်ခွင့်ရှိသည်။ မြေယာအငြင်းပွားမှုဖြစ်လာပါက ပြည်သူလူထုသည်အစိုးရထံ၌လည်းကောင်း၊ မွန်ပြည်သစ်ပါတီထံ၌လည်းကောင်း ဖြေရှင်းခွင့်ရှိသည်။ သို့ရာတွင် အစိုးရထံအရင်သွားပြီး အစိုးရ၏ဖြေရှင်းပေးမှုကိုခံယူပြီး ကျေနပ်မှုမရှိသည့်အခါ မွန်ပြည်သစ်ပါတီအား ဖြေရှင်းပေးရန်တောင်းဆိုလာပါက မွန်ပြည်သစ်ပါတီက ဖြေရှင်းပေးမည်မဟုတ်ပါ။ မြေယာအငြင်းပွားမှုကို ဖြေရှင်းပေးရန် မွန်ပြည်သစ်ပါတီအား အရင်ဦးစွာချဉ်းကပ်မှသာ မွန်ပြည်သစ်ပါတီက ဝိုင်းဝန်းညှိနှိုင်းဖြေရှင်းပေးပါသည်။ ထူးခြားချက်တစ်ခုမှာ ထိစပ်နယ်မြေများအတွင်း ဖြစ်ပွားသော မြေယာအငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းရာတွင် အစိုးရမှထုတ်ပေးသည့် မြေဂရမ်များကို အထောက်အထားတစ်ခုအနေဖြင့် ထည့်သွင်းစဉ်းစားပြီး ဖြေရှင်းပေးမှုများ ရှိသည်။ ထို့ပြင် အစိုးရဘက် ခြမ်းတွင် မြေယာအငြင်းပွားမှုဖြေရှင်းရာတွင်လည်း မွန်ပြည်သစ်ပါတီမှ ထုတ်ပေးသည့် မြေဂရမ်များကို ထည့်သွင်းစဉ်းစားပြီး ဖြေရှင်းမှုများရှိသည်။ ထိုကဲ့သို့ဖြေရှင်းရန်မွန်ပြည်သစ်ပါတီနှင့်အစိုးရအကြားတရားဝင်နားလည်မှုယူထားခြင်းမဟုတ်ဘဲအများပြည်သူလူထု၏အကျိုးစီးပွားကိုရှေးရှုပြီး ယင်းသို့ ဖြေရှင်းပေးနေခြင်း ဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ဆိုပါသည်။

မြေပေါ်မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲမှုများနှင့် ပတ်သက်၍လည်း မူဝါဒအသေးစိတ် ထုတ်ပြန်ထားခြင်း မရှိသော်လည်း တန်ဖိုးရှိတွင်းထွက်သယံဇာတများကို ထုတ်ယူလိုပါက မြေပိုင်ရှင်ရော မွန်ပြည်သစ်ပါတီပါ အကျိုးရှိမည့် ထုတ်ယူသုံးစွဲမှုမျိုးကိုသာ ကျင့်သုံးသွားရန် မွန်ပြည်သစ်ပါတီက ချမှတ် ထားသည်။ လက်ရှိတွင် မွန်ပြည်သစ်ပါတီ၏ ထိန်းချုပ်နယ်မြေအတွင်း အကြီးစားရင်းနှီးမြှုပ်နှံမှု စီမံကိန်းကြီးများ ဝင်ရောက်လာခြင်း မရှိသေးသော်လည်း၊ ယင်းသို့ရှိလာပါက ထိုမှုကို အခြေခံပြီး လုပ်ဆောင်သွားရန် ရှိသည်။ သို့ရာတွင် မွန်ပြည်သစ်ပါတီသည် မွန်ပြည်နယ်အတွင်း အစိုးရစီမံအုပ်ချုပ်သည့် နယ်မြေများအတွင်း



*မွန်ပြည်နယ်ရှိ ရော်ဘာခြံတစ်ခု (Photo by ENAC)*

ဝင်ရောက်လာသည့် မြေယာအသုံးချမှု ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုအချို့ကို ဒေသခံပြည်သူလူထုက လက်မခံဘဲကန့်ကွက်လျှင် ပြည်သူလူထုဘက်မှ အစဉ်တစိုက်ရပ်တည်ပေးခဲ့သည်။ ဥပမာ - ၂၀၁၆ ခုနှစ် တွင် မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်၌ တစ်နေ့လျှင် ဘီလပ်မြေတန်ချိန် (၅၀၀၀) ထုတ်လုပ်မည့် MCL ဘီလပ်မြေစက်ရုံတည်ဆောက်မှုကို ဒေသခံပြည်သူများက ကန့်ကွက်သဖြင့် မွန်ပြည်သစ်ပါတီသည် လူထုနှင့်အတူ ရပ်တည်ကာ ကန့်ကွက်ကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။[၄၂] ထို့နောက် ၂၀၁၇ ခုနှစ်၊ ဧပြီလ၌ စတင်လည်ပတ်ခဲ့သည့် ယင်းစက်ရုံအတွက် လုံလောက်သောလျှပ်စစ်ဓာတ်အားရရှိရန် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို ဒေသခံပြည်သူတို့က အကြိမ်ကြိမ်ကန့်ကွက်ခဲ့သဖြင့် အခြားနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးရန် မွန်ပြည်သစ်ပါတီသည် မွန်ပြည်နယ်အစိုးရအား တိုက်တွန်းခဲ့သည်။[၄၃]

## မြေယာနှင့် ငြိမ်းချမ်းရေး

မွန်ပြည်သစ်ပါတီသည် မွန်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးများအားလုံး၏ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို အာမခံချက်ပေးနိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံ တည်ထောင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် အစိုးရနှင့် NCA စာချုပ်ရေးထိုးပြီး NCA လမ်းကြောင်းမှတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းဖော်ဆောင်မှုတွင် ပါဝင်လာသည်။ NCA လမ်းကြောင်းအရ NCA တွင်ပါရှိသော နိုင်ငံရေးဆွေးနွေးမှုမူဘောင်တွင် ချမှတ်ထားသည့် ဆွေးနွေးရမည့် အကြောင်းအရာများနှင့်ပတ်သက်၍ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံမူဝါဒများကို ညှိနှိုင်းဆွေးနွေးပြီး ထွက်ရှိလာသော ရလဒ်နှင့်အညီ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်သွားရန်ဖြစ်သည်။ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုအတွက် ချမှတ်သွားမည့်အခြေခံမူများသည် လူထု၏သဘောထားဆန္ဒထင်ဟပ်ရေးအတွက် လူထုတွေ့ဆုံဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပသွားရမည်ဖြစ်သော်လည်း အစိုးရနှင့် တပ်မတော်ဘက်မှ ကန့်သတ်မှုများရှိနေပြီး အချိန်တိုအတွင်း ကျင်းပခဲ့ရသဖြင့် ထွက်ရှိ

၄၂ မွန်သတင်းအေဂျင်စီ (MNA) “ကျောက်မီးသွေးဖြင့် လည်ပတ်မည့် MCL ဘီလပ်မြေစက်ရုံအား မွန်ပြည်သစ်ပါတီ ကန့်ကွက်” (၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက်) Available at: http://burmese.monnews.org/2016/04/05/11786/ [accessed 17 June 2019]

၄၃ The Voice “မွန်ပြည်သစ်ပါတီနှင့် မွန်အစိုးရအဖွဲ့တို့ NCA လက်မှတ်ရေးထိုးရေးဆွေးနွေး” (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်) Available at: http://thevoicemyanmar.com/youth/11262-apr [accessed 17 June 2019]

လာသော မူဝါဒများသည် ပြည့်စုံလုံလောက်မှု မရှိသည့်အပြင်၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သူအများစုကလည်း ကျေနပ်အားရမှု မရှိကြပေ။

မြန်မာနိုင်ငံ၏ ကဏ္ဍအသီးသီးမှ ပြဿနာများကို ထိရောက်စွာဖြေရှင်းနိုင်မှုသည် နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မှု အပေါ် များစွာမူတည်နေသည်ဟု မွန်ပြည်သစ်ပါတီအနေဖြင့် ယုံကြည်လက်ခံထားသည်။ နိုင်ငံရေးပြဿနာများကို အပြီးအပြတ် ဖြေရှင်းနိုင်မှု မရှိသေးသ၍ ကျန်ကဏ္ဍအသီးသီး၏ ပြဿနာများကို ဖြေရှင်းရာတွင် ထိရောက်မှုအလွန်အားနည်းနိုင်သည်ဟု ရှုမြင်သည်။ အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုတွင် ကျင့်သုံးသွားမည့် ဖက်ဒရယ်မူဝါဒနှင့် မြေယာစီမံအုပ်ချုပ်မှုစနစ်သည် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ်ကို အသိအမှတ်ပြုပြီး ၎င်းတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်တို့ကို ထင်ဟပ်သည့်စနစ်ကို မွန်ပြည်သစ်ပါတီက လိုလားသည်။ ထို့ကြောင့် နှစ်ပေါင်း (၇၀)ကျော် ရှည်ကြာနေပြီဖြစ်သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ချုပ်ငြိမ်းနိုင်ရေးနှင့် အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုပေါ်ပေါက်လာနိုင်ရေးအတွက် လက်ရှိတစ်ဆို့နေသော မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ပြန်လည်စတင်နိုင်ရေးအတွက် မွန်ပြည်သစ်ပါတီသည် အခြားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့်အတူ အလားအလာရှိသည့် ငြိမ်းချမ်းရေးလမ်းကြောင်းများကို ဖော်ထုတ်သွားရန် ကြိုးပမ်းလျက် ရှိသည်။

## မွန်ပြည်သစ်ပါတီမြေယာစီမံအုပ်ချုပ်မှုစနစ်၏ အားသာချက်နှင့် အားနည်းချက်များ

မွန်ပြည်သစ်ပါတီ၏ လက်ရှိစီမံအုပ်ချုပ်သည့် နယ်မြေဒေသအတွင်း ကျင့်သုံးလျက်ရှိသော မွန်ပြည်သစ်ပါတီ၏ မြေယာ စီမံအုပ်ချုပ်မှုနှင့် ပတ်သက်၍ အားသာချက်နှင့် စိန်ခေါ်မှုအချို့တို့ကို တင်ပြသွားပါမည်။

### အားသာချက်များ

- **မြေယာစီမံအုပ်ချုပ်ရာတွင် အုပ်ချုပ်ရေးဌာနအောက်ရှိ မြေယာနှင့်သစ်တောဌာနခွဲတစ်ခုတည်း သို့မဟုတ် တာဝန်ခံတစ်ဦး ၏ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်းထက် သက်ဆိုင်ရာခရိုင်ကော်မတီများက စုပေါင်းစီမံအုပ်ချုပ်ခြင်း။** မွန်ပြည်သစ်ပါတီ သည် မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုကို အုပ်ချုပ်ရေးဌာနအောက်ရှိ မြေယာနှင့်သစ်တောဌာနခွဲအား တာဝန်အပ်နှင်း ထားသော်လည်း မြေတိုင်းတာစိစစ်မှုများပြုလုပ်ရာတွင်လည်းကောင်း၊ မြေယာအငြင်းပွားမှုများကို ဖြေရှင်းရာတွင်လည်း ကောင်း၊ မွန်ပြည်သစ်ပါတီ၏ အုပ်ချုပ်ရေးတာဝန်ခံများအပြင် သက်ဆိုင်ရာ ဒေသခံအကြီးအကဲများနှင့်အတူ စုပေါင်း ဆုံးဖြတ်သည်။ ထို့ကြောင့် မွန်ပြည်သစ်ပါတီ အပြည့်အဝထိန်းချုပ်ထားသည့် နယ်မြေဒေသများတွင် ကြီးမားသောမြေယာ အငြင်းပွားမှုပြဿနာများ မရှိသည်ကို တွေ့ရှိရသည်။
- **မွန်ပြည်သစ်ပါတီမှ ထုတ်ပေးသော မြေယာဂရမ်များသည် ပြည်သူလူထု၏ မြေယာလုံခြုံမှုကို တစ်စုံတစ်ရာ အကာအကွယ် ပေးခြင်း။** ပြည်သူလူထုအချို့သည် မြေယာပိုင်ဆိုင်ခွင့်နှင့် လုပ်ကိုင်ခွင့်ဆိုင်ရာ အထောက်အထားများ ခိုင်ခိုင်မာမာမရှိသဖြင့် မိမိတို့၏ မြေယာများနှင့် ပတ်သက်၍ အငြင်းပွားမှုဖြစ်ပေါ်လာပါက မြေယာအခွင့်အရေးများ ဆုံးရှုံးနိုင်သည်။ ထို့ကြောင့် NCA ထိုးထားသည့် မွန်ပြည်သစ်ပါတီမှ ပြည်သူလူထုအတွက်မြေဂရမ်များကို စနစ်တကျထုတ်ပေးခြင်းသည် ပြည်သူ လူထု၏ မြေယာလုံခြုံမှုကို အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုမပေါ်ထွန်းမီ ကြားကာလတွင် အတိုင်းအတာတစ်ခု အထိ အကာအကွယ်ပေးနိုင်ပါသည်။ လက်ရှိတွင် အစိုးရသည် ထိုမြေဂရမ်များကို တရားဝင်အသိအမှတ်ပြုထားခြင်း မရှိသေး သော်လည်း အစိုးရဘက်ခြမ်းတွင် ဖြေရှင်းပေးသည့်မြေယာအငြင်းပွားမှုအချို့တွင် မွန်ပြည်သစ်ပါတီမှထုတ်ပေးသော မြေဂရမ်များကို အထောက်အထားတစ်ခုအနေဖြင့် ထည့်သွင်းစဉ်းစားခြင်းနှင့် မွန်ပြည်သစ်ပါတီမှ လိုအပ်သလို ညှိနှိုင်း ပြောဆိုပေးမှုများသည် လူထု၏မြေယာလုံခြုံမှုအတွက် တစ်စုံတစ်ရာအထောက်အပံ့ ဖြစ်စေပါသည်။
- **မွန်ပြည်သစ်ပါတီ၏ မြေဂရမ်များကို လျှောက်ရာတွင်လည်းကောင်း၊ မွန်ပြည်သစ်ပါတီမှ မြေအငြင်းပွားမှုများကို ဖြေရှင်းရာ တွင်လည်းကောင်းများသောအားဖြင့် သက်ဆိုင်ရာ မွန်ပြည်သစ်ပါတီ အုပ်ချုပ်ရေးအဖွဲ့၏ ဝန်ဆောင်မှုများမြန်ဆန်ခြင်း။** တွေ့ဆုံမေးမြန်းခဲ့သော မွန်ပြည်သစ်ပါတီ စီမံအုပ်ချုပ်သည့်နယ်မြေရှိ ပြည်သူလူထုအချို့၏ အတွေ့အကြုံများအရ မွန်ပြည်သစ်ပါတီထံတွင် မြေယာဂရမ်များ လျှောက်ထားသည့်အခါ မွန်ပြည်သစ်ပါတီ အုပ်ချုပ်ရေးအဖွဲ့များ၏ မြေတိုင်းတာ စိစစ်မှုများကို များသောအားဖြင့် မြန်ဆန်မှုရှိပြီး တစ်ခါတစ်ရံတွင် (၂) ရက်အတွင်း ရရှိနိုင်သည့် အခွင့်အလမ်းများရှိခဲ့သည်။ ထို့အပြင် မြေယာအငြင်းပွားမှုများကို ဖြေရှင်းရာတွင် မွန်ပြည်သစ်ပါတီမှ ထုတ်ထားသည့် မြေဂရမ်ရှိလျှင် သို့မဟုတ်/နှင့်

သက်ဆိုင်ရာ မွန်ပြည်သစ်ပါတီ တာဝန်ခံလူကြီးများက ခရီးလွန်နေခြင်းမရှိလျှင် မြေယာမှုခင်းများကို အတတ်နိုင်ဆုံး မြန်ဆန်စွာနှင့် တရားမျှတစွာ ဖြေရှင်းပေးလေ့ရှိသည်။ အောက်ခြေအုပ်ချုပ်ရေးအဖွဲ့၏ ဖြေရှင်းချက်ကို မကျေနပ်ပါက အထက်သို့ အဆင့်ဆင့်တိုင်ကြားကာ ဖြေရှင်းနိုင်သည်။

- **မွန်ပြည်သစ်ပါတီသည် မွန်ဒေသမြေယာမူဝါဒတစ်ရပ် ပေါ်ထွက်လာရေးအတွက် မြေယာမူဝါဒ (မူကြမ်း) တစ်ခုကို ရေးဆွဲပြင်ဆင်နေခြင်းသည် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ ဖက်ဒရယ်မြေယာမူဝါဒ ပေါ်ထွက်လာရေးအတွက် အထောက်အပံ့ ဖြစ်စေနိုင်ခြင်း။** မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အပြောင်းအလဲများသည် ပြည်သူလူထု၏ မြေယာလုံခြုံမှု အပေါ်ရိုက်ခတ်နိုင်သည်။ ထို့ကြောင့် မွန်ပြည်သစ်ပါတီသည် လူထုနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ လူထု၏ အကျိုးစီးပွားနှင့် မြေယာလုံခြုံမှုကို အာမခံချက်ပေးနိုင်သည့် မြေယာမူဝါဒကို ရေးဆွဲဖော်ဆောင်နေခြင်းသည် ကြားကာလအတွင်း မွန်ပြည်သစ်ပါတီ စီမံအုပ်ချုပ်သည့် နယ်မြေ၏ မြေယာစီမံအုပ်ချုပ်မှုကို ခိုင်မာအားကောင်းလာစေနိုင်သည့်အပြင် အနာဂတ်ဖက်ဒရယ် ပြည်ထောင်စု၏မြေယာမူဝါဒများ ထွက်ပေါ်လာရေးအတွက် အထောက်အပံ့ ဖြစ်စေနိုင်သည်ဟု ရှုမြင်ကြသည်။

- **အပစ်ခတ်ရပ်စဲရေးစာချုပ်နှင့် NCA စာချုပ်တို့ကို လက်မှတ်ရေးထိုးပြီးနောက် မွန်ပြည်သစ်ပါတီ၏ တပ်တည်နေရာ အရေအတွက် တိုးချဲ့လာခြင်း၊ နိုင်ငံအတွင်း လွတ်လပ်စွာဝင်ထွက်သွားလာနိုင်ခြင်းနှင့် လူထုနှင့် ထိတွေ့နိုင်သည့် အခွင့်အလမ်း ပိုရှိလာခြင်း။** မွန်ပြည်သစ်ပါတီသည် အစိုးရနှင့် ၂၀၁၂ ခုနှစ်တွင် ဒုတိယအကြိမ် အပစ်ခတ်ရပ်စဲရေးစာချုပ်ကို လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် NCA ကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီးနောက်၊ မိမိတို့၏ တပ်တည်နေရာများကို ယခင် တပ်တည်နေရာ (၁၂) နေရာမှ (၁၈) နေရာအထိ (၆) နေရာ တိုးချဲ့နိုင်ခဲ့သည်။ ထို့ပြင် အစိုးရက NCA ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို မတရားအသင်းမှ ပယ်ဖျက်ပေးသဖြင့် မွန်ပြည်သစ်ပါတီသည် တရားဝင်အသင်းအနေဖြင့် နိုင်ငံအတွင်း လွတ်လပ်စွာဝင်ထွက်သွားလာခွင့်ရှိလာပြီး မွန်ပြည်သစ်ပါတီ စီမံအုပ်ချုပ်နေသည့် နယ်မြေအတွင်းရှိ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံနိုင်သည့် အခွင့်အလမ်း ပိုရှိလာသည်။

## အားနည်းချက်များ

- **လူ့စွမ်းအား၊ နည်းပညာနှင့် ဘဏ္ဍာရေးအရင်းမြစ်များ အားနည်းခြင်းကြောင့် မွန်ပြည်သစ်ပါတီ၏ မြေယာစီမံ အုပ်ချုပ်များသည် လိုအပ်ချက်များရှိနေခြင်း။** မွန်ပြည်သစ်ပါတီသည် မြေယာစီမံအုပ်ချုပ်ရာတွင် လိုအပ်သောလူ့စွမ်းအား၊ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များ အားနည်းသဖြင့် မြေယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြည်သူလူထုလိုအပ်သော စိုက်ပျိုးရေးနည်းပညာ ဆိုင်ရာအကူအညီများကို ပံ့ပိုးပေးနိုင်ရန်အခက်အခဲရှိသည်။ ထို့အပြင် မြေဂရမ်အချို့ကို စနစ်တကျ ကွင်းဆင်းတိုင်းတာ စိစစ်မှုများနှင့် မြေပုံကြမ်းများထုတ်ပေးရာတွင် သေချာစွာ စိစစ်ခြင်းများမပြုလုပ်ဘဲ အလွယ်တကူ ထုတ်ပေးခဲ့မှုများကြောင့် မြေယာအငြင်းပွားမှုဖြစ်သည့်အခါ အပြည့်အဝ မကူညီပေးနိုင်သည့် အခြေအနေများလည်း ရှိခဲ့သည်။ နယ်မြေ လုံခြုံရေးအခြေအနေကြောင့် မွန်ပြည်သစ်ပါတီသည် မြေယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြင်ပအကူအညီများကို ချိတ်ဆက်ရယူနိုင်မှု အားနည်းခဲ့သည်။

- **မွန်ပြည်သစ်ပါတီမှ ထုတ်ပေးသောမြေဂရမ်များကို အစိုးရက တရားဝင်အသိအမှတ် ပြုထားခြင်းမရှိသဖြင့် ပြည်သူလူထုသည် မြေယာဆိုင်ရာအခွင့်အရေးအချို့ကို မရရှိကြခြင်း။** မွန်ပြည်သစ်ပါတီမှ ထုတ်ပေးသော မြေယာပိုင်ဆိုင်ခွင့်/လုပ်ကိုင်ခွင့်ဂရမ်သည် ရောင်းဝယ်၊ ပေါင်နှံ၊ ငှားရမ်း၊ အမွေပေးပိုင်ခွင့် စသည့်မြေယာအခွင့်အရေးများရှိသော်လည်း အစိုးရမှ ထုတ်ပေးသော မြေအသုံးပြုခွင့် လက်မှတ် (ပုံစံ-၇) ကဲ့သို့ စိုက်ပျိုးရေးသွင်းအားစုအတွက် လိုအပ်သော ချေးငွေများကို ဘဏ်တွင် ချေးယူနိုင်သည့် အခွင့်အလမ်းမရှိသေးပါ။ ထို့အပြင် စိုက်ပျိုးရေးအတွက် ရယူထားသောမြေတွင် (၃) နှစ်အတွင်း စိုက်ပျိုးထားခြင်းမရှိလျှင် ပြန်လည်အသိမ်းခံရနိုင်သည့် အခြေအနေများလည်း ရှိနေသည်။

- **မွန်ပြည်သစ်ပါတီက အပြည့်အဝထိန်းချုပ်ထားသည့် နယ်မြေများတွင် နယ်မြေလုံခြုံရေးအရ ပြင်ပအဖွဲ့အစည်းများဝင်ရောက်မှုကို ကန့်သတ်ထားသဖြင့် လူထုသည် ပြင်ပအဖွဲ့အစည်းများထံမှ မြေယာအပါအဝင် အခြားဖွံ့ဖြိုးရေး အကူအညီများ မရရှိကြခြင်း။** မွန်ပြည်သစ်ပါတီသည် နယ်မြေလုံခြုံရေးအရ မိမိတို့၏ ထိန်းချုပ်နယ်မြေအတွင်းသို့ ပြင်ပအဖွဲ့အစည်းဝင်ရောက်မှုကို ကန့်သတ်ထားသဖြင့် မိမိတို့၏ နယ်မြေအတွင်းရှိ ပြည်သူလူထုသည် မြေယာဆိုင်ရာ အသိပညာ ဗဟုသုတ

များ၊ စိုက်ပျိုးရေးနည်းပညာဆိုင်ရာ အကူအညီများနှင့် အခြားဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများ လက်ခံရရှိမှု အလွန်နည်းပါးနေသည်။ ထို့အပြင် မွန်ပြည်သစ်ပါတီ စီမံအုပ်ချုပ်သည့် နယ်မြေ ဒေသအချို့တွင် အစိုးရက မြေဝင်ရောက်တိုင်းတာမှုများကို မွန်ပြည်သစ်ပါတီမှ ခွင့်မပြုသဖြင့် တစ်ချိန်ချိန်တွင် အစိုးရအသိမှတ်ပြုမှုမရှိသေးသည့် မိမိတို့၏မြေများ သိမ်းဆည်းခံရမည်ကို စိုးရိမ်ပူပန်နေသည့် ဒေသခံပြည်သူအချို့လည်း နေသည်ကို တွေ့ရှိရသည်။

- **ထိစပ်နယ်မြေများတွင်ဖြစ်ပေါ်သော မြေယာပြဿနာများကို မွန်ပြည်သစ်ပါတီမှ ဝင်ရောက်ဖြေရှင်းပေးမှုများကို အစိုးရက ကန့်ကွက်ခြင်း။** ထိစပ်နယ်မြေများတွင် အစိုးရအပါအဝင် မွန်ပြည်သစ်ပါတီနှင့် အခြားလက်နက်ကိုင် အဖွဲ့အစည်းများတို့က ပူးတွဲစီမံအုပ်ချုပ်မှုအချို့ရှိပြီး ထိုမြေများတွင် ဖြစ်ပေါ်သော မြေယာအငြင်းပွားများကို မွန်ပြည်သစ်ပါတီက ဝင်ရောက်ညှိနှိုင်းဖြေရှင်းပေးမှုများ ပြုလုပ်လျှင် အစိုးရဘက်မှ အသိအမှတ်ပြုဘဲ ၎င်းတို့၏အုပ်ချုပ်ရေးယန္တရားကို နောက်ယှက်သည်ဟု ဆိုကာ ကန့်ကွက်မှုများရှိနေသည်။ ထို့ကြောင့် ထိစပ်နယ်မြေများရှိ ပြည်သူလူထု၏ မြေယာအငြင်းပွားမှုများကို မွန်ပြည်သစ်ပါတီမှ ထိရောက်စွာကူညီဖြေရှင်း ပေးနိုင်မှုမရှိသေးသည့် စိန်ခေါ်မှုများ ရှိနေသည်။
- **ထိစပ်နယ်မြေများတွင် မွန်ပြည်သစ်ပါတီနှင့် သက်ဆိုင်ရာ ကရင်လက်နက်ကိုင် အဖွဲ့အစည်းများအကြား ရှင်းလင်းတိကျသော သဘောတူညီမှုများမရှိသဖြင့် မွန်ပြည်သစ်ပါတီနှင့် ကရင်လက်နက်ကိုင်အချို့အကြား မြေယာနှင့် သယံဇာတထုတ်ယူမှုကို အခြေခံသည့် စစ်ရေးတင်းမာမှုများ ရံဖန်ရံခါဖြစ်ပေါ်ခြင်း။** ဥပမာ- မွန်ပြည်သစ်ပါတီနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးရှိသည့် ထိစပ်နယ်မြေများတွင် နှစ်ဦးနှစ်ဘက် သတ်မှတ်သည့် ပိုင်နက်နယ်နိမိတ်များ မတူညီခြင်းကြောင့် တစ်ဘက်ဘက်က အခြားတစ်ဘက်သို့ နယ်မြေကျူးကျော်လာပါက အခြေအနေပေးလျှင် (ဆိုလိုသည်မှာ နယ်မြေအကာအကွယ်ပေးမည့်အင်အားရှိလျှင်)အင်အားသုံးကာကွယ်မှုများရှိသဖြင့် ထိစပ်နယ်မြေအချို့တွင် မွန်ပြည်သစ်ပါတီနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအကြား ရံဖန်ရံခါပွတ်တိုက်မှုများ ရှိနေတတ်သည်။ သက်ဆိုင်ရာ နယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်၊ စိုက်ပျိုးလုပ်ကိုင်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ သယံဇာတထုတ်ယူမှုများ ပြုခြင်းတို့ကြောင့် (ဥပမာ- သက်ဆိုင်ရာ နယ်မြေစိုးမိုးသည့် အဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ သစ်တောထွက်ပစ္စည်းထုတ်ယူမှု ဖြစ်ပေါ်လာသော အခြေအနေမျိုး) အောက်ခြေနှစ်ဘက် တပ်ဖွဲ့များအကြား ထိပ်တိုက်ပွတ်တိုက်မှုများကို ညှိနှိုင်းဖြေရှင်းမှုဖြင့် အဆုံးသတ်လေ့ရှိသော်လည်း နှစ်ဘက်အဖွဲ့အစည်းများအကြား တိကျခိုင်မာသည့် သဘောတူညီချက်များကို ယခုထိတိုင် တည်ဆောက်ထားနိုင်ခြင်း မရှိသေးသည်ကို တွေ့ရှိရသည်။
- **မွန်ပြည်သစ်ပါတီ၏ မြေယာနှင့် သယံဇာတစီမံအုပ်ချုပ်မှုသည် ပွင့်လင်းမြင်သာမှု အားနည်းနေသေးခြင်း။** မွန်ပြည်သစ်ပါတီ စီမံအုပ်ချုပ်သည့်နယ်မြေတွင် အကြီးစားရင်နှီးမြှုပ်နှံမှုနှင့် သယံဇာတထုတ်ယူမှု မရှိသေးသော်လည်း လက်ရှိခွင့်ပြုထားသည့် ရွာနယ်နိမိတ်တစ်ခုအတွင်းရှိ ကျောက်ထုတ်လုပ်ငန်းတစ်ခုနှင့်ပတ်သက်၍ အနီးတဝိုက်ရှိရွာသားများက ရေရေရာရာ မသိရှိခြင်း၊ ကျောက်မိုင်းကုမ္ပဏီအကြောင်းကို သက်ဆိုင်ရာတာဝန်ခံများအားမေးမြန်းလျှင် တိတိကျကျဖြေကြားမှု မရှိခြင်း (သိန်း ၂၀၀ အထက် ရင်းနှီးမြှုပ်နှံမှုများကို ခရိုင် သို့မဟုတ် ဗဟိုကသာ ကိုင်တွယ်သဖြင့်)၊ ကျေးရွာလူထုမှာ ကျောက်မိုင်းကြောက်သဖြင့် ယင်းကျောက်မိုင်းနားတစ်ဝိုက်ရှိ ခြံမြေများထဲသို့သွားရန် မဝံ့ရဲတော့ခြင်းနှင့် ထိုကျောက်မိုင်းတွင် အလုပ်လုပ်နေသည့် ဒေသပြင်ပမှ အလုပ်သမားများ ဝင်လာသည့်နောက်ပိုင်း ကျေးရွာတွင် ပစ္စည်းပျောက်ရှမှုကဲ့သို့ အမှုအခင်းများ ရှိလာခြင်း စသည့် ကျောက်မိုင်းကုမ္ပဏီ၏ ရိုက်ခတ်မှုများရှိနေသည်။ ထို့ကြောင့် မွန်ပြည်သစ်ပါတီသည် မြေနှင့် ဆက်စပ်သော သယံဇာတလုပ်ပိုင်ခွင့်များကို မည်သို့ ချပေးပြီး ဒေသခံကျေးရွာ လူထုအတွက် မည်သည့်အကျိုးကျေးဇူးများရှိသည်ကို လူထုအားပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြမှု အားနည်းနေသေးသည်။
- **အပစ်ခတ်ရပ်စဲရေးစာချုပ်နှင့် NCA စာချုပ်တို့ကို လက်မှတ်ရေးထိုးပြီးနောက် မွန်ပြည်သစ်ပါတီ၏ စီမံအုပ်ချုပ်သည့်နယ်မြေအတွင်းသို့ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများက နည်းမျိုးစုံဖြင့် တိုးချဲ့လာခြင်းနှင့် မွန်ပြည်သစ်ပါတီ၏ လုပ်ပိုင်ခွင့်နှင့် လှုပ်ရှားသွားလာခွင့်တို့ကို ကန့်သတ်လာခြင်း။** မွန်ပြည်သစ်ပါတီနှင့် အစိုးရအကြားအပစ်အခတ်ရပ်စဲရေးစာချုပ်ကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ NCA စာချုပ်ကို ၂၀၁၈ ခုနှစ်တွင်လည်းကောင်း လက်မှတ်ထိုးပြီး နောက်ပိုင်း၌ အစိုးရသည် ၎င်းတို့၏ မြေယာမူဝါဒများကို မွန်ပြည်သစ်ပါတီ၏ ထိန်းချုပ်နယ်မြေများအတွင်းသို့ ဝင်ရောက်အကောင် အထည်ဖော်မှုများ ရှိလာသည်။ ထို့ပြင် မွန်ပြည်သစ်ပါတီခေါင်းဆောင်များက အလုပ်ကိစ္စဖြင့် မြို့ထဲတစ်နေရာရာသွားလျှင် လုံခြုံရေးတပ်ဖွဲ့

လိုက်ပါခွင့်ကို ယခင်ခွင့်ပြုခဲ့သော်လည်း နောက်ပိုင်းတွင် ကန့်သတ်မှုများရှိလာသည်။ ထို့ပြင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် မွန်ပြည်သစ်ပါတီနှင့် လူထုတွေ့ဆုံမှုများကိုလည်း အစိုးရဘက်မှကန့်သတ်မှုများ ရှိလာသည်။ ထို့ကြောင့် မွန်ပြည်သစ်ပါတီသည် ငြိမ်းချမ်းရေးလုပ်ငန်းများကို အကန့်အသတ်ဖြင့် ဖော်ဆောင်နေရသည်။

- **နိုင်ငံရေးပြဿနာများကို အပြီးအပြတ်ဖြေရှင်းနိုင်မှု မရှိသေးသဖြင့် မြေယာအပါအဝင် အခြားကဏ္ဍ အလိုက်ပြဿနာများကို ထိရောက်စွာ ဖြေရှင်းပေးနိုင်မှု အားနည်းနေခြင်း။** မွန်ပြည်သစ်ပါတီသည် နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် ဖြေရှင်းရန်ရည်ရွယ်ချက်ဖြင့် အပစ်အခတ်ရပ်စဲရေးစာချုပ်နှင့် NCA စာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့သော်လည်း လက်ရှိမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရှေ့မတိုးနောက်မဆုတ်သည့် အခြေအနေ ဖြစ်နေသဖြင့် နိုင်ငံရေးပြဿနာကို အချိန်တိုအတွင်း အပြီးအပြတ်ဖြေရှင်းနိုင်မည့် အလားအလာမှာ အလွန်နည်းနေပါသည်။ ထို့ကြောင့် နိုင်ငံရေးအာဏာနှင့်ဆက်နွယ်သည့် မြေယာအပါအဝင် အခြားကဏ္ဍအလိုက် ပြဿနာများကို မွန်ပြည်သစ်ပါတီအပါအဝင် အခြားတိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များက ထိရောက်စွာဖြေရှင်းပေးနိုင်မည့် အလားအလာကို များစွာမျှော်လင့်၍ မရနိုင်သေးပါ။

**စာကွက် (၁၄)**

## မွန်ဒေသ မြေယာမူဝါဒ (မူကြမ်း)

မြေယာဥပဒေများအပါအဝင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအများစုသည် ဗဟိုချုပ်ကိုင်မှုများပြီး အစိုးရ အခြေပြုထားသည့် ဥပဒေများဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးတွင် အကျိုးသက်ရောက်ရန်အတွက် ရေးဆွဲထားသည့် အဆိုပါဥပဒေများကို ရေးဆွဲခဲ့စဉ်တွင် လူထုနှင့်တိုင်ပင်ဆွေးနွေးမှု၊ လူထုထံမှအကြံဉာဏ်ရယူမှုများ မရှိခဲ့သဖြင့် လက်တွေ့ အကောင်အထည်ဖော်သည့်အခါ သက်ဆိုင်ရာဒေသများ၏ အခြေအနေနှင့် သဟဇာတမဖြစ်မှုများ ရှိနေသည်။ မွန်ပြည်နယ်တွင် အစိုးရစီမံအုပ်ချုပ်သည့် နယ်မြေများ၊ မွန်ပြည်သစ်ပါတီစီမံအုပ်ချုပ်သည့် နယ်မြေများ၊ မွန်ပြည်သစ်ပါတီနှင့် အစိုးရ စီမံအုပ်ချုပ်မှုရောယှက်သည့် နယ်မြေများ၊ မွန်ပြည်သစ်ပါတီနှင့် KNU စီမံအုပ်ချုပ်မှု ရောယှက်သည့် နယ်မြေများနှင့် မွန်ပြည်သစ်ပါတီ၊ KNU နှင့် အစိုးရစီမံအုပ်ချုပ်မှု ရောယှက်သည့် နယ်မြေများရှိသည်။ ထို့ကြောင့် စီမံအုပ်ချုပ်သည့် အစုအဖွဲ့အပေါ် မူတည်ပြီး မွန်ပြည်နယ်အတွင်း လက်ရှိမြေယာစီမံအုပ်ချုပ်မှုပုံစံများသည် နယ်မြေဒေသအလိုက် ကွဲပြားမှုရှိနေသည်။

၂၀၁၀ ပြည့်နှစ်တွင်စတင်သည့် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို လွှတ်တော်တွင်းဥပဒေပြုရေးလမ်းကြောင်းနှင့် လွှတ်တော်ပြင်ပ NCA လမ်းကြောင်းတို့ဖြင့် ဖော်ဆောင်လာကြသည်။ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန်အတွက် NCA လမ်းကြောင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဖော်ဆောင်နေသည့်ကြားကာလတွင် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများသည် ဖက်ဒရယ်ပြည်ထောင်စု၏ မြေယာမူဝါဒနှင့် ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ၏ မြေယာမူဝါဒများကို ပြင်ဆင်ရေးဆွဲမှုများပြုလုပ်လျက်ရှိသည်။ မွန်ပြည်နယ်တွင် မွန်ဒေသမြေယာမူဝါဒ (မူကြမ်း) တစ်ရပ် ပေါ်ထွက်လာရေးအတွက် မွန်ဒေသမြေယာမူဝါဒဖော်ထုတ်ရေးကော်မတီကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားသည်။

**မွန်ဒေသ မြေယာမူဝါဒဖော်ထုတ်ရေး၏ ကော်မတီစုဖွဲ့မှု**




- ဦးဆောင်ကော်မတီဝင် (၁၅)ဦး (ညှိနှိုင်းရေးမှူး- ၃ ဦး)
- မြို့နယ်ဒေသအခြေပြုကော်မတီဝင် (၂၇) ဦး
- လုပ်ငန်းအဖွဲ့ဝင်များ ( ၅) ဦး
- အကြံပေးပညာရှင် ( ၇) ဦး

စုစုပေါင်း (၅၄) ဦး

လက်ရှိ မွန်ဒေသမြေယာမူဝါဒ ဖော်ထုတ်ရေးကော်မတီကို ဦးဆောင်ကော်မတီဝင် (၁၅) ဦး၊ မြို့နယ်အခြေပြုကော်မတီဝင် (၂၇) ဦး၊ လုပ်ငန်းအဖွဲ့ဝင် (၅) ဦးနှင့် အကြံပေးပညာရှင် (၇) ဦးပါဝင်သည့် စုစုပေါင်းကော်မတီဝင် (၅၄) ဦးတို့ဖြင့် ဖွဲ့စည်းထားသည်။ မွန်ဒေသမြေယာမူဝါဒဖော်ထုတ်ရေးအဖွဲ့သည် လူထုတွေ့ဆုံဆွေးနွေးပွဲများကျင်းပခြင်း၊ မိရိုးဖလာမြေယာအသုံးပြုမှု သုတေသနများပြုလုပ်ခြင်းနှင့် မွန်ဒေသဆိုင်ရာ မြေယာမူဝါဒအရင်းအမြစ်များ စုဆောင်းခြင်းတို့ ပြုလုပ်ခဲ့သည်။ လက်ရှိတွင် မွန်ဒေသမြေယာအသုံးပြုမှုသုတေသနစာတမ်းကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။ မူကြမ်းကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေခဲ့သည့် မွန်ဒေသမိရိုးဖလာ မြေအသုံးချမှုစာတမ်း၊ ၂၀၁၈ ခုနှစ်၊ ဧပြီလတွင်ကျင်းပခဲ့သော မွန်ဒေသမြေယာမူဝါဒလူထုတွေ့ဆုံပွဲမှ ဆွေးနွေးချက်များ၊ ၂၀၁၈ ခုနှစ် မေလတွင်ကျင်းပခဲ့သော မွန်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှ မြေယာမူဝါဒအခြေခံမူစာတမ်း၊ အမျိုးသမီး၊ လူငယ်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲမှ အခြေခံမူများ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော မွန်အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဖိုရမ်မှ မြေယာမူဝါဒစာတမ်းနှင့် မွန်ပြည်သစ်ပါတီ၏ ၁၉၇၂ ခုနှစ် မြေယာလမ်းစဉ်စာတမ်းတို့ကို အခြေခံရေးဆွဲထားသည်။

မွန်ဒေသမြေယာမူဝါဒ (မူကြမ်း) အရ မြေသည် မွန်လူမျိုးအတွက် အသက်သွေးကြော၊ ဇာစ်မြစ်နှင့် လက်ဆင့်ကမ်းအမွေ ဖြစ်သည်။ မြေယာမူဝါဒ (မူကြမ်း) ၏ ဦးတည်ချက်တွင် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု မပေါ်ပေါက်မီ ကြားကာလတွင် မွန်ပြည်သစ်ပါတီ စီမံအုပ်ချုပ်သည့်နယ်မြေများ၌ ကျင့်သုံးသွားနိုင်ရန်နှင့် အနာဂတ်ဖက်ဒရယ် ပြည်ထောင်စု၏ အဖွဲ့ဝင်မွန်ပြည်နယ်တွင် ကျင့်သုံးနိုင်ရန်တို့ ပါဝင်သည်။ မူကြမ်းတွင် မြေကို ပြည်သူလူထုကပိုင်ဆိုင်ပြီး မြေယာပိုင်ဆိုင်မှုများကို အများပိုင်နှင့် ပုဂ္ဂလိကပိုင်ဟူ၍ နှစ်မျိုးခွဲခြားထားသည်။ မြေအမျိုးအစားနှင့် ပတ်သက်၍ မိရိုးဖလာအရ အသုံးပြုနေသည့် မြေအမျိုးအစား (၁၇) မျိုးကို ဖော်ပြထားပြီး မွန်ဒေသတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများမရှိဟု ဖော်ပြထားသည်။ မြေယာနှင့် သယံဇာတစီမံအုပ်ချုပ်မှုအတွက် 'မွန်ဒေသ မြေယာ အုပ်ချုပ်ရေးဌာန'၊ 'မွန်ဒေသ မြေစီမံခန့်ခွဲမှုကော်မတီ' နှင့် 'မြေပြဿနာဖြေရှင်းရေးကော်မတီ/တရားရုံး' စသည့် ယန္တရားများကိုထည့်သွင်းရေးဆွဲထားသည်။ ထို့ပြင် မြေယာအငြင်းပွားမှုများ ဖြေရှင်းသည့်လမ်းညွှန်မှုများ ချမှတ်သွားရန်၊ ဒေသတွင်းမြေနေရာနယ်နိမိတ်များ တိုင်းတာသတ်မှတ်သွားရန်နှင့် မွန်ပြည်သစ်ပါတီ ထုတ်ပေးသည့် မြေဂရမ်များကို အစိုးရမှ အသိအမှတ်ပြုရေးအတွက် ညှိနှိုင်းဆွေးနွေးသွားရန် အစရှိသည့်ကြားကာလဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ရေးဆွဲချမှတ်ထားသည်။ မွန်ဒေသမြေယာမူဝါဒ ဖော်ထုတ်ရေးကော်မတီသည် အတည်မပြုရသေးသော မွန်ဒေသမြေယာမူဝါဒ (မူကြမ်း) ကို ၂၀၁၉ ခုနှစ်အတွင်း အတည်ပြုနိုင်ရန် ဆက်လက်ကြိုးပမ်းနေသည်။

Source: မွန်ဒေသမြေယာမူဝါဒ (မူကြမ်း)




မွန်ဒေသမြေယာမူဝါဒ (မူကြမ်း) အလုပ်ရုံဆွေးနွေးပွဲ (၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇-၈ ရက်)

*(ဓာတ်ပုံ- မွန်ဒေသမြေမူဝါဒရေးရာကော်မတီ)*

## ၄.၂.၃ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် မြေယာစီမံအုပ်ချုပ်မှု

### နောက်ခံသမိုင်းအကျဉ်း[၃၄]

ကရင်နီလူမျိုးများသည် မြန်မာနိုင်ငံ၏ စစ်အာဏာရှင်အစိုးရအဆက်ဆက်ကို ခုခံတော်လှန်ခဲ့သော တိုင်းရင်းသားလူမျိုးစုများတွင် တစ်ခုအပါအဝင် ဖြစ်သည်။ သမိုင်းအထောက်အထားများအရ ကရင်နီပြည်သည် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ အချိန်ထိ သီးခြားလွတ်လပ်သော ပြည်ထောင်တစ်ခုအဖြစ် ရပ်တည်ခဲ့သည်။[၃၅] မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ ကရင်နီပြည်သည် မြန်မာနိုင်ငံ၏ သီးခြားပြည်နယ်တစ်ခု အဖြစ်ပါဝင်လာခဲ့သည်။ (၁၉၅၁ ခုနှစ်တွင် ကရင်နီပြည်ကို ကယားပြည်နယ်ဟု အမည်ပြောင်းလဲခေါ်ဝေါ် ခဲ့သည်။) ဗမာဘုရင်များဩဇာလွှမ်းမိုးခဲ့သော ရှေးပဝေသဏီခေတ်များအတွင်း ဗမာမင်းများက ကရင်နီပြည်အပါအဝင် တိုင်းရင်းသားဒေသများကို စစ်မက်ပြုခဲ့ခြင်းနှင့် ဗြိတိသျှကိုလိုနီခေတ်အတွင်း ဗြိတိသျှအစိုးရက ဗမာအများစုနေထိုင်သည့် ဗမာပြည်မနှင့် တိုင်းရင်းသားလူမျိုးများနေထိုင်သည့် တောင်တန်းဒေသတို့ကို အုပ်ချုပ်ခဲ့ခြင်းတို့ကြောင့် ဗမာလူမျိုးနှင့် အခြားတိုင်းရင်းသားလူမျိုးများအကြား ဆက်ဆံရေးသည် အပြန်အလှန်ယုံကြည်မှု အလွန်အားနည်းခဲ့သည်။

ထို့နောက်ခံအခြေအနေများနှင့်အတူ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး မကြာခင် ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့တွင် မြန်မာအစိုးရ စစ်ပုလိပ်များက လွတ်လပ်သော ကရင်နီပြည်ထောင်စုကောင်စီ (UKISC) ကို ဝင်ရောက်တိုက်ခိုက်ခဲ့သောအခါ ကရင်နီအမျိုးသားခုခံတော်လှန်ရေးစတင်ခဲ့သည်။ ထို့နောက် ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၁၇) ရက်နေ့တွင် ကရင်နီခေါင်းဆောင်အချို့သည် လွတ်လပ်သော ကရင်နီပြည်ထောင်စုတပ်မတော် (UKSIA) ကို စတင်ဖွဲ့စည်းခဲ့သည်။ UKSIA ကို ဖွဲ့စည်းပြီး မကြာမီ စက်တင်ဘာလ (၈) ရက်နေ့တွင် UKISC ၏ ဥက္ကဋ္ဌ ဂိုဘီတူရီသည် လုပ်ကြံသတ်ဖြတ်ခံခဲ့သည်။[၃၆] ထို့နောက် ကရင်နီအမျိုးသား ခုခံတော်လှန်ရေးလှုပ်ရှားမှုကို ကြယ်ဖိုးကြီး အကြီးအကဲ စောဖျာစောရွှေမှ ဆက်လက်ဦးဆောင်ပြီး အောက်တိုဘာလ (၃) ရက်နေ့တွင် ကရင်နီစုပရင်းကောင်စီ(KSC)ကိုဖွဲ့စည်းခဲ့သည်။ နောက်ပိုင်းတွင် ကရင်နီမျိုးနွယ်စုအသီးသီးတို့ဖြင့် ဖွဲ့စည်းထားသော ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ကို ဖွဲ့စည်းခဲ့ပြီး ကရင်နီအမျိုးသားခုခံတော်လှန်ရေးကို ယနေ့တိုင် ဦးဆောင်လာခဲ့သည်။

ကရင်နီလူမျိုးတို့၏ နိုင်ငံရေးတန်းတူညီမျှမှုအတွက် လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့ချိန်မှစပြီး ယနေ့တိုင် ဆက်လက်ခုခံတော်လှန်နေသည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ကို ၁၉၅၇ ခုနှစ်၊ မေလ (၂) ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၅၇ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ပထမအကြိမ် အမျိုးသားကွန်ဂရက်ကို ခေါ်ယူကျင်းပကာ ကရင်နီအစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ဖွဲ့စည်းပြီးနောက် အစောပိုင်းနှစ်များတွင် ရွေးချယ်တင်မြှောက်ကာ ကရင်နီခေါင်းဆောင် အချို့တို့သည် တိုက်ပွဲများတွင် တစ်ယောက်ပြီးတစ်ယောက် ကျဆုံးသွားခြင်း၊ ဖ.ဆ.ဖ.လ အစိုးရထံ လက်နက်ချပြီး ဖ.ဆ.ဖ.လ အစိုးရနှင့် ပူးပေါင်းသွားခြင်း၊ ရန်သူ/အစိုးရ၏ ဖမ်းဆီးမှုခံခဲ့ရခြင်းတို့ကြောင့် ခေါင်းဆောင်မှုပိုင်း အကျပ်အတည်းများ ကြုံတွေ့ခဲ့ရသည့်အပြင် ဘဏ္ဍာငွေအခက်အခဲများလည်း ရှိခဲ့သည်။ သို့ရာတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် ကရင်နီပြည်သူလူထု၏ အားပေးထောက်ခံမှုများကြောင့် တဖြည်းဖြည်း ပြန်လည်အားဖြည့်လာနိုင်ခဲ့ပြီး ခေါင်းဆောင်အသစ်ကို ရွေးချယ်တင်မြှောက်ကာ ကရင်နီအမျိုးသားခုခံတော်လှန်ရေး ယနေ့တိုင်ဆက်လက်ဦးဆောင်လာနိုင်ခဲ့သည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် ကရင်နီအမျိုးသားခုခံတော်လှန်ရေးကို လက်နက်စွဲကိုင်ကာ တော်လှန်ခဲ့ရသော်လည်း ငြိမ်းချမ်းသောနည်းလမ်းများဖြင့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းလိုသည့်ဆန္ဒမှာ အစဉ်အမြဲရှိခဲ့သည်။ ထို့ကြောင့် ၁၉၆၂

---

[၃၄] ခူဦးရယ် "အမျိုးသားရေးလှုပ်ရှားမှုနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ အခန်းကဏ္ဍတစေ့တစောင်း" တိုင်းရင်းသားလူမျိုးရေးရာ သုတေသနအဖွဲ့ (BCES) (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)။ KNPP ၏ အမြဲတမ်းဗဟိုကော်မတီဝင်တစ်ဦးအား မေးမြန်းခြင်း (၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

[၃၅] ရှေးဗမာမင်းများက ကရင်နီပြည်ကို ဗမာပြည်၏ အစိတ်အပိုင်းတစ်ခုအဖြစ် သဘောထားခဲ့သော်လည်း ကရင်နီပြည်အပေါ် ၎င်းတို့၏ ဩဇာအာဏာ သက်ရောက်မှုမှာ မရှိသလောက်နည်းခဲ့သည်။ ဗမာမင်း မင်းတုန်းမင်းလက်ထက်တွင် အရှေ့ကရင်နီကိုသာ သိမ်းပိုက်နိုင်ခဲ့သဖြင့် အနောက်ကရင်နီကိုသိမ်းပိုက်နိုင်ရန် ဆက်လက်ကြိုးပမ်းခဲ့သော်လည်း ထိုစဉ်က အောက်မြန်မာပြည်ကိုသိမ်းပိုက်ထားသည့် ဗြိတိသျှတို့က အပြင်းအထန်ကန့်ကွက်သဖြင့် ၁၈၇၅ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် အနောက်ကရင်နီပြည်ကို သီးခြားလွတ်လပ်သောပြည်တစ်ခုအဖြစ် ဗမာမင်း၏ကိုယ်စားလှယ်အဖြစ် ကင်းဝန်မင်းကြီးနှင့် ဗြိတိသျှ-အိန္ဒိယဘုရင်ခံချုပ်၏ကိုယ်စားလှယ်အဖြစ် ဆာဒေါက်ကလပ်ဖောဆိုက်(Sir Douglas Forsyth)တို့က လက်မှတ်ထိုးအသိမှတ်ပြုခဲ့သည်။ ထိုနေ့ကို ကရင်နီတို့က ကရင်နီအမျိုးသားနေ့အဖြစ်သတ်မှတ်ခဲ့သည်။

[၃၆] ဂိုဘီတူရီအား သတ်ဖြတ်ခဲ့သည့် ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့ကို အစွဲပြု၍ စက်တင်ဘာလ(၈) ရက် ကို ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ကရင်နီအမျိုးသားများ၏ အာဇာနည်နေ့အဖြစ် ၁၉၈၄ ခုနှစ်တွင် စတင်အသိအမှတ်ပြုခဲ့ပြီး ထိုနေ့တွင် ကရင်နီအမျိုးသားအာဇာနည်နေ့ကို နှစ်စဉ်ကျင်းပလာခဲ့သည်။

ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် အာဏာသိမ်းခဲ့သော ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်သည့် တော်လှန်ရေးကောင်စီအစိုးရသည် ၁၉၆၂ ခုနှစ်၊ ဖွန်လ (၁၁) ရက်နေ့ တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် စတင်ကမ်းလှမ်းသောအခါ ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု (မ.ဒ.ည.တ)[၃၇] နှင့်အတူ တော်လှန်ရေးကောင်စီ အစိုးရကိုယ်စားလှယ်များအား ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ သို့ရာတွင် တွေ့ဆုံဆွေးနွေးမှု မပြေလည်သဖြင့် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးမှုသည် အချိန်တိုအတွင်း ပျက်ပြယ်ခဲ့ရသည်။ ထိုကဲ့သို့ ပျက်ပြယ်ခဲ့သဖြင့် ဆွေးနွေးပွဲတက်ရောက်ခဲ့ကြသော KNPP ကိုယ်စားလှယ်များသည် ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးကို အသိအမှတ်ပြုရေးအတွက် တင်ပြဆွေးနွေးခွင့်ပင် မရရှိခဲ့ကြပေ။

ပြည်တွင်းငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှု ပျက်ပြယ်သွားပြီးနောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် ကရင်နီအမျိုးသားခုခံတော်လှန်ရေး ဆက်လက်ရှင်သန်နိုင်ရေးအတွက် အင်အားတိုးချဲ့တည်ဆောက်မှုများကို ဆက်လက်ပြုလုပ်ခဲ့သည်။ စစ်အစိုးရဘက်မှ နည်းမျိုးစုံသုံးပြီး ထိုးစစ်ဆင်၊ လိုက်လံတိုက်ခိုက်မှုများကြောင့် ကရင်နီခေါင်းဆောင်အချို့ ကျဆုံးခဲ့ရသည်။ နောက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်းသို့ လက်ဝဲအယူအဆ (ကွန်မြူနစ်ဝါဒ) စိမ့်ဝင်လာမှုများကြောင့် ကျန်ရှိနေသော ကရင်နီအမျိုးသားခုခံတော်လှန် ရေးခေါင်းဆောင်များအကြား ဝါဒရေးရာအမြင်သဘောထား ကွဲပြားလာပြီး ကရင်နီအမျိုးသားခုခံတော်လှန်ရေးကို အင်အားချိနဲ့သွားစေခဲ့သည့် အုပ်စုကွဲမှုများအထိ ရှိခဲ့သည်။[၃၈] သို့ရာတွင် ကရင်နီအမျိုးသားခုခံတော်လှန်ရေးသည် စိန်ခေါ်မှုအမျိုးမျိုးကြားတွင် လုံးဝပျောက်ကွယ် အဆုံးသတ်သွားခဲ့ခြင်းမရှိဘဲ ခေါင်းဆောင်သစ်၊ အင်အားသစ်တို့ဖြင့် ဆက်လက်ရှင်သန်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပျက်ပြယ်သွားပြီးနောက် နှစ်ပေါင်းများစွာ ကြာရှည်ခဲ့သော စစ်အစိုးရ၏ ထိုးစစ်ဆင်မှုများသည် ၁၉၉၁ ခုနှစ်၊ နှစ်လည်ပိုင်းတွင် တဖြည်းဖြည်း အရှိန်ကျလာသည်။ ၁၉၉၃ ခုနှစ်တွင် န.ဝ.တ စစ်အစိုးရသည် ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် အပစ်အခတ်ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးမှုများကို ပြန်လည်စတင်ခဲ့ပြီးနောက် ၁၉၉၅ ခုနှစ်၊ မတ်လ (၂၁) ရက်နေ့တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် န.ဝ.တ စစ်အစိုးရတို့အကြား နှုတ်ကတိအားဖြင့် နှစ်ဘက်အပစ်ခတ်ရပ်စဲရေးသဘောတူညီမှုကို ရရှိခဲ့သည်။

သို့ရာတွင် စစ်အစိုးရသည် အပစ်ခတ်ရပ်စဲရေးသဘောတူညီမှုရရှိပြီး နှစ်လအကြာတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ထိန်းချုပ်နယ်မြေအတွင်းသို့ တပ်စခန်းချဝန်းရံမှုများ ပြုလုပ်လာသဖြင့် နှစ်ဘက်တပ်များအကြား တိုက်ခိုက်မှုများရှိခဲ့သည်။ အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့သော်လည်း မအောင်မြင်ခဲ့သဖြင့် အပစ်ခတ်ရပ်စဲမှု ပျက်ပြယ်ခဲ့ပြန်သည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် စစ်အစိုးရနှင့် အပစ်ခတ်ရပ်စဲရေးကို ပြန်လည်ညှိနှိုင်းနိုင်ရေးအတွက် ၁၉၉၈ ခုနှစ်၊ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ထပ်မံတွေ့ဆုံဆွေးနွေးမှုများရှိခဲ့သော်လည်း တိုးတက်မှုတစ်စုံတစ်ရာ မရရှိခဲ့ပေ။ ထိုအတောအတွင်း စစ်အစိုးရသည် ကရင်နီကျေးရွာများကိုလည်း အတင်းအဓမ္မရွှေ့ပြောင်းစေခဲ့ပြီး ကျေးရွာများကိုမီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့သဖြင့် ပြည်သူလူထုတို့ အတိဒုက္ခရောက်ခဲ့ရသည်။ စစ်အစိုးရ၏ မြေလှန်စစ်ဆင်ရေးကြောင့် ပြည်သူလူထုအမြောက်အများ ထိုင်း-မြန်မာနယ်စပ်ဒေသသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူဦးရေမှာလည်း တဖြည်းဖြည်းတိုးပွားလာခဲ့သည်။

ယခင်စစ်အစိုးရအဆက်ဆက်၏ လက်ထက်၌ပြုလုပ်ခဲ့ပြီး မအောင်မြင်ခဲ့သောအစိုးရနှင့် KNPP အကြား အပစ်အခတ်ရပ်စဲရေးကို ဦးသိန်းစိန်ခေါင်းဆောင်သည့် အရပ်သားတစ်ပိုင်း အစိုးရလက်ထက် ၂၀၁၂ ခုနှစ်ရောက်မှသာ ပြန်လည်စတင်နိုင်ခဲ့သည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် အစိုးရနှင့် ပြည်နယ်/ပြည်ထောင်စုအဆင့် အပစ်ခတ်ရပ်စဲရေးသဘောတူ စာချုပ် (Bilateral Agreement) ကို ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ သို့ရာတွင် ငြိမ်းချမ်းရေးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်ရေးမူကို လက်ခံထားသဖြင့် NCA လက်မှတ်ထိုးရေးအတွက် တစ်ဆို့မှုများရှိခဲ့သည်။ ကရင်နီအမျိုးသား တိုးတက်ရေးပါတီသည် ထိုတစ်ဆို့မှုများကို ကျော်လွှားနိုင်ရန်နှင့် NCA လက်မှတ်ထိုးနိုင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် တက်လာသော NLD အရပ်သားအစိုးရသစ်နှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

---

[၃၇] အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု(မ.ဒ.ည.တ) ကို ၁၉၅၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ကရင်အမျိုးသား အစည်းအရုံး (KNU)၊ ချင်းအမျိုးသားတပ်ဦးပါတီ (CNF)၊ မွန်ပြည်သစ်ပါတီ (NMSP) နှင့် ဗမာပြည်ကွန်မြူနစ်ပါတီ (အလံဖြူ) တို့ ပါဝင်သည်။

[၃၈] ၁၉၇၈ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လက်ဝဲအယူအဆများ (ကွန်မြူနစ်ဝါဒ) စိမ့်ဝင်လာပြီး ကရင်နီအမျိုးသားခုခံ တော်လှန်ရေးအသိုင်းအဝိုင်းများထဲသို့လည်း နက်ရှိုင်းစွာစိမ့်ဝင်မှုရှိခဲ့သဖြင့် နောက်ပိုင်း၌ ကရင်နီခေါင်းဆောင်များအကြား နိုင်ငံရေးအယူဝါဒကွဲပြားလာမှုကြောင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် နှစ်ခြမ်းကွဲသွားခဲ့ရသည်။ တစ်ခြမ်းမှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီအဖြစ်ဆက်ရှိနေပြီး ကျန်တစ်ခြမ်းသည် ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ခွဲထွက်ကာ ကရင်နီလူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦး (က.လ.လ.တ) ကို ဖွဲ့စည်းခဲ့သည်။



*အေးချမ်းသာယာသော ကယန်းကျေးရွာ (ဒေါ်ရောက်ခူကျေးရွာ၊ ကယားပြည်နယ်) (Photo by ENAC)*

## ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ မြေယာမူဝါဒနှင့် မြေယာစီမံအုပ်ချုပ်မှု

ကရင်နီပြည်၏ အစိုးရအဖြစ် ၁၉၄၆ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော လွတ်လပ်သော ကရင်နီပြည်ထောင်စုကောင်စီကို ကရင်နီအမျိုးသားတိုးတက်ရေးပါတီဖွဲ့စည်းခဲ့သည့် ၁၉၅၇ ခုနှစ် နောက်ပိုင်းတွင် ခေါ်ယူကျင်းပခဲ့သော ကရင်နီအမျိုးသားကွန်ဂရက်များတွင် ပြင်ဆင်ဖွဲ့စည်းမှုများ ရှိခဲ့သည်။[၃၉] နိုင်ငံရေးအခြေအနေအရပ်ရပ်ကြောင့် အမျိုးသားကွန်ဂရက်ကို အစဉ် အလာအရ ဆက်လက်ကျင်းပရန် အခက်အခဲရှိလာသဖြင့် ၁၉၈၆ ခုနှစ်တွင် အမျိုးသား ကွန်ဂရက်မှ ပါတီကွန်ဂရက်သို့ ပြောင်းလဲကျင်းပခဲ့ပြီး ကရင်နီပြည်အစိုးရကို (၄) နှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်သည်။[၄၀] လက်ရှိကရင်နီပြည်အစိုးရကို ဝန်ကြီးဌာန (၉) ခုတို့ဖြင့်

[၃၉] ကရင်နီအစိုးရအဖွဲ့ကို ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ပထမအကြိမ်အမျိုးသားကွန်ဂရက်တွင် ကရင်နီအမျိုးသားခုခံတော်လှန်ရေးအဖွဲ့၊ ဒုတိယအကြိမ် အမျိုးသားကွန်ဂရက်တွင် နိုင်ငံရေး၊စစ်ရေးကောင်စီ၊ တတိယအကြိမ် အမျိုးသားကွန်ဂရက်တွင် ကရင်နီအမျိုးသားတော်လှန်ရေးကောင်စီဟု အမည်ပြောင်းလဲခေါ်ဝေါ်ပြီး ဖွဲ့စည်းခဲ့သည်။

[၄၀] ကျင်းပခဲ့သော မျိုးသားကွန်ဂရက်အကြိမ်ပေါင်းကိုရေတွက်ပြီး ပါတီကွန်ဂရက်ကို လေးနှစ်တစ်ကြိမ် ဆက်လက်ကျင်းပသွားရန် ၁၉၈၆ ခုနှစ်တွင် ပါတီဗဟိုကော်မတီဝင်များက သဘောတူဆုံးဖြတ်ခဲ့သည်။



ဖွဲ့စည်းထားပြီး ကယားပြည်နယ်အတွင်းရှိ နယ်မြေဒေသအချို့ကို ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ သီးခြားအုပ်ချုပ်ရေးယန္တရားဖြင့်လည်းကောင်း၊ အချို့နယ်မြေများတွင် အစိုးရအုပ်ချုပ်ရေးယန္တရားနှင့် ရောယှက်၍လည်းကောင်း စီမံအုပ်ချုပ်လာခဲ့သည်။[၉၁] သက်ဆိုင်ရာဌာနတာဝန်ခံများကို (၄) နှစ်တစ်ကြိမ် ကျင်းပပြုလုပ်သည့် ပါတီကွန်ဂရက်တွင် ရွေးကောက်တင်မြှောက်ပြီး ဌာနအလိုက် ဌာနခွဲများထပ်မံဖွဲ့စည်းထားပြီး ဌာန၏မူဝါဒနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်အကောင်အထည်ဖော်သည်။ သို့ရာတွင် စစ်အစိုးရအဆက်ဆက်တို့၏ စဉ်ဆက်မပြတ် ချေမှုန်းတိုက်ခိုက်မှုများကြောင့် ဌာနခွဲများ၏ လုပ်ငန်းအချို့ကို ပီပြင်စွာဖော်ဆောင်နိုင်မှု အားနည်းခဲ့သည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ပြည်ထဲရေးဌာနအောက်တွင် လူဝင်မှုကြီးကြပ်ရေးဌာန၊ လယ်ယာနှင့်သစ်တောဌာနနှင့် အခွန်ဌာန စသည့်ဌာနခွဲများ ထားရှိသည်။ အခြားဌာနများနည်းတူ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ လယ်ယာနှင့် သစ်တောဌာနတွင် လယ်ယာနှင့် သစ်တောဆိုင်ရာမူဝါဒနှင့် လုပ်ငန်းစဉ်များရေးဆွဲချမှတ်ထားပြီး ထိုမူဝါဒနှင့်လုပ်ငန်းစဉ်များကို နှစ်စဉ်ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်သွားလေ့ရှိသည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ လယ်ယာမြေနှင့် သစ်တောမူဝါဒအရ "လယ်လုပ်သူ လယ်ပိုင်ဆိုင်ခွင့်"ရှိပြီး လယ်ယာမြေပိုင်ဆိုင်ခွင့်ကိုအသိအမှတ်ပြုရာတွင် လူမှုရေးအရတရားဝင်မှုကို အဓိကအခြေခံထားသည်။ အထူးသဖြင့် ဓလေ့ထုံးတမ်းအရမြေယာပိုင်ဆိုင်သူများသည် စာရွက်စာတမ်းအထောက်အထားမရှိကြသဖြင့် ၎င်းတို့၏မြေယာအခွင့်အရေးများ ထိခိုက်နစ်နာဆုံးရှုံးမှုများ မရှိစေရေးအတွက် ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်ခွင့်နှင့် လုပ်ကိုင်ခွင့်တို့ကို အသိအမှတ်ပြုထားသည်။ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ၏ လယ်ယာနှင့် သစ်တောဌာနသည် ကရင်အမျိုးသားအစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီတို့ကဲ့သို့ ကရင်နီလူထုအား မြေပိုင်ဆိုင်ခွင့်နှင့် မြေလုပ်ကိုင်ခွင့်လက်မှတ်/ဂရမ်များ ထုတ်ပေးခြင်းနှင့် ကရင်နီလူထုထံမှ မြေခွန်ကောက်ခံခြင်းမရှိပါ။[၉၂]

သို့ရာတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် မြေယာအငြင်းပွားမှုများကို သက်ဆိုင်ရာကျေးရွာ (သို့မဟုတ်) မြို့နယ်အကြီးအကဲများ၊ ရပ်မိရပ်ဖများနှင့်အတူ ညှိနှိုင်းဖြေရှင်းပေးသည်။ အထူးသဖြင့် ကျေးရွာလူထုအချင်းချင်းနှင့် ကျေးရွာတစ်ခုနှင့်တစ်ခု အကြားဖြစ်ပွားသော မြေယာအငြင်းပွားမှုများကို အဓိကညှိနှိုင်းဖြေရှင်းပေးသည်။ လက်ရှိအခြေအနေအရ အစိုးရဘက်မှ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ဝင်ရောက်ဖြေရှင်းပေးမှုကို ကန့်ကွက်ပိတ်ပင်သဖြင့် လူထုနှင့် ကုမ္ပဏီများအကြားဖြစ်ပွားသည့် မြေယာပြဿနာများနှင့် တပ်မတော်မြေသိမ်းဆည်းမှု ကိစ္စရပ်များကိုမူ ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် တိုက်ရိုက်ပါဝင် ဖြေရှင်းပေးခြင်းထက် အကြံပြုချက်များပေးခြင်းအားဖြင့်သာ ကူညီပေးနိုင်

[၉၁] ကရင်နီပြည်ဝန်ကြီးဌာနအရေးအတွက်သည် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ အမှုဆောင်အဖွဲ့ဝင်များ၏ တာဝန်ယူလုပ်ဆောင်နိုင်မှုအပေါ် မူတည်ပြီး အတိုးအလျော့ရှိနိုင်သည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ဥက္ကဋ္ဌသည် ကရင်နီအစိုးရအုပ်ချုပ်ရေးအဖွဲ့၏ ဝန်ကြီးချုပ်ဖြစ်သည်။ တာဝန်ယူလုပ်ဆောင် နိုင်မှုအပေါ် မူတည်ပြီး ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အချို့သည် အုပ်ချုပ်ရေးအဖွဲ့၏ သက်ဆိုင်ရာဝန်ကြီး တာဝန်များကိုယူကြသည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ လက်ရှိဝန်ကြီးဌာန (၉) ခုမှာ ၁) ကာကွယ်ရေးဌာန၊ ၂) ပြည်ထဲရေးဌာန၊ ၃) နိုင်ငံခြားရေးဌာန၊ ၄) တရားရေးဌာန၊ ၅) ပညာရေးဌာန၊ ၆) ကျန်းမာရေးဌာန၊ ၇) စာပေနှင့် ယဉ်ကျေးမှုဌာန၊ ၈) ဘဏ္ဍာရေးနှင့် ၉) စီးပွားရေးဌာနတို့ ဖြစ်သည်။

[၉၂] ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် မြေခွန်ကောက်ခံမှုမရှိသော်လည်း အမျိုးသားခွန်နှင့်စီးပွားရေးအခွန်တို့ကိုကောက်သည်။ အမျိုးသားခွန်သည် ကရင်နီအမျိုးသားခုခံတော်လှန်ရေးအတွက် ကောက်ခံသောအခွန်ဖြစ်ပြီး အိမ်ထောင်စုတစ်ခုလျှင် ဆန်တစ်ပုံး သို့မဟုတ် ဆန်မပေးနိုင်လျှင် ၎င်းနှင့်ညီမျှ သောငွေကို ကောက်ခံသည်။ စီးပွားရေးအခွန်သည် ကျောက်မျက်(သို့မဟုတ်) သစ်လုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းများအပေါ် သတ်မှတ်ထားသော ရာခိုင်နှုန်းအလိုက် ကောက်ခံသောအခွန်ဖြစ်သည်။

သည်။ ထို့ကြောင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီသည် လက်ရှိအခြေအနေအရ ကရင်နီပြည် (ယခု ကယားပြည်နယ်) တစ်ဝှမ်း နယ်မြေဒေသထိန်းချုပ်ထားနိုင်မှု အားနည်းနေခြင်း၊ အစိုးရနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှု မရှိသေးခြင်း တို့ကြောင့် ကရင်နီလူထု၏ မြေယာပိုင်ဆိုင်ခွင့်နှင့် လုပ်ကိုင်ခွင့်ဆိုင်ရာ လုံခြုံမှုကို အပြည့်အဝအကာအကွယ်ပေးနိုင်မှု မရှိသေးပါ။

ထို့အပြင် ကရင်နီပြည်ရှိသစ်တောနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်နိုင်သည့် သစ်တောထွက်ပစ္စည်းနှင့် သယံဇာတထုတ်ယူမှုများကိုလည်း ရှိနေသည်။ အထူးသဖြင့် ၂၀၁၂ ခုနှစ်တွင် အစိုးရနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့အကြား အပစ်ခတ်ရပ်စဲမှုသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း၌ ကယားပြည်နယ်အတွင်းသို့ ပြင်ပမှ သစ်ထုတ်လုပ်ရေးကုမ္ပဏီများ ဝင်ရောက်လာပြီး စီးပွားဖြစ်သစ်ထုတ်လုပ်မှုများကြောင့် ကယားပြည်နယ်အတွင်း သစ်တောပြုန်းတီးမှုများ ဖြစ်စေသည်။ တစ်ချိန်တည်းတွင် ယခင်နှင့် နှိုင်းယှဉ်ကြည့်လျှင် ဒေသအခြေအနေ တည်ငြိမ်အေးချမ်းလာသဖြင့် တောတောင်များ ခုတ်ထွင်ရှင်းလင်းကာ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်မှုများလည်း ယခင်ထက် ပိုများလာသဖြင့် သစ်တောပြုန်းတီးသွားစေသည့် အကြောင်းရင်းတစ်ခုဟု ရှုမြင်လာကြသည်။ တပ်မတော်၏ ဦးပိုင်ကုမ္ပဏီနှင့် အခြားခရိုနီကုမ္ပဏီများအပြင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီအပါအဝင် အစိုးရနှင့် အပစ်ခတ်ရပ်စဲရေး သို့မဟုတ် ငြိမ်းချမ်းရေးရယူထားသော ကယားပြည်နယ်အတွင်းရှိအခြားသောလက်နက်ကိုင်အဖွဲ့အစည်းများကလည်း သစ်နှင့် သဘာဝသယံဇာတထုတ်ယူမှုများရှိနေပြီး သယံဇာတထုတ်ယူမှုများ စနစ်တကျရှိရေးနှင့်သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးအတွက် ဘုံသဘောတူညီချက်များကို အချိန်မီတည်ဆောက်သွားရန် အရေးကြီးသည်။[၄၃] သို့မဟုတ်ပါကပြည်တွင်းငြိမ်းချမ်းရေးမတည်ဆောက်နိုင်မီအချိန်ကာလအတွင်းသယံဇာတတထုတ်ယူမှုများသည်ကရင်နီပြည်ဖွံ့ဖြိုးတိုးတက်မှုထက် ကရင်နီပြည်ဆုတ်ယုတ်မှုကိုသာ ဦးတည်သွားနိုင်သည်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ခြင်း မရှိသေးသော်လည်း ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံရေးအပြောင်းအလဲအချို့ရှိလာပြီး နိုင်ငံရေးပြဿနာများကို လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲခြင်းထက် နိုင်ငံရေးညှိနှိုင်းဆွေးနွေးပွဲများဖြင့် အဖြေရှာဖြေရှင်းရန် သက်ဆိုင်ရာအစုအဖွဲ့ အသီးသီးက ကြိုးပမ်းလာကြသည်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အချို့သည် အစိုးရနှင့် NCA လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်လာပြီး ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံမူများကို ချမှတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ လက်ရှိတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် အစိုးရနှင့် NCA မထိုးရသေးသော်လည်း အစိုးရနှင့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးပွဲများကျင်းပပြုလုပ်နိုင်သည့်အခါ အစိုးရနှင့် ညှိနှိုင်းဆွေးနွေးရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုအတွက် မူဝါဒများကို ရေးဆွဲချမှတ်ရာတွင်လည်းကောင်း အထောက်အကူပြုနိုင်ရန်ရည်ရွယ်ပြီး လယ်ယာမြေမူဝါဒမူကြမ်းများကို ရေးဆွဲချမှတ်လာခဲ့သည်။[၄၄]

မကြာသေးမီနှစ်များအတွင်း ကရင်နီပြည်၏ ဘုံမြေယာမူဝါဒနှင့်ပတ်သက်ပြီး ရေးဆွဲအတည်ပြုထားသည့် "ကရင်နီပြည်မြေမူဝါဒ" သည် ကရင်နီပြည်အတွင်းရှိ ကရင်နီလူထုနှင့် သက်ဆိုင်ရာအစုအဖွဲ့များက ပါဝင်ရေးဆွဲအတည်ပြုထားသည်။ အဆိုပါ "ကရင်နီပြည်မြေမူဝါဒ" သည် (စာကွက် ၁၅ ရှု) မြန်မာနိုင်ငံ၏ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတွင် အဖွဲ့ဝင်ပြည်နယ်တစ်ခုအဖြစ် ပါဝင်မည့် ကရင်နီပြည်၏ မြေမူဝါဒများအတွက် ဦးတည်ရေးဆွဲထားခြင်း ဖြစ်သည်။ အဆိုပါ "ကရင်နီပြည်မြေမူဝါဒ" စာအုပ်ထဲတွင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကိုရှေးရှုသည့် မြေစီမံအုပ်ချုပ်မှုဆိုင်ရာ အသေးစိတ်မူဝါဒများနှင့်ထိုမူဝါဒများကို အကောင်အထည်ဖော်မည့်ယန္တရားများကို ရေးဆွဲချမှတ်ထားသည်။ သို့ရာတွင် အဆိုပါမူဝါဒကို ရေးဆွဲချမှတ်ရာတွင် သက်ဆိုင်ရာ ကယားပြည်နယ်အစိုးရဌာနများ၏ ပါဝင်မှုမရှိသည့်အပြင် ၎င်း၏ပိတ်ပင်တားဆီးမှုများပင် ရှိခဲ့သဖြင့် လက်ရှိအခြေအနေအရ ထိုမူဝါဒကို အစိုးရဘက်မှ အသိအမှတ်မပြုလိုသည့် အနေအထားတွင် ရှိနေပါသည်။

---

[၄၃] ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် ၂၀၁၂ ခုနှစ်တွင် အစိုးရနှင့် အပစ်ခတ်ရပ်စဲရေးစာချုပ် လက်မှတ်ထိုးပြီးနောက် အစိုးရထံမှ သစ်တန်ချိန် တစ်သောင်း ထုတ်ယူခွင့် ရရှိသဖြင့် သစ်ထုတ်လုပ်မှု အချို့ ရှိခဲ့သည်။ သို့ရာတွင် ၂၀၁၆ ခုနှစ်တွင် အရပ်သားအစိုးရတက်လာသောအခါ သစ်ထုတ်ခွင့်ကို နိုင်ငံတစ်ဝှမ်း ပိတ်ပင်လိုက်သဖြင့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီသည်လည်း ခွင့်ပြုတန်ချိန် မကုန်ဆုံးမီ သစ်ထုတ်ခွင့်ပိတ်ပင်ခံခဲ့ရသည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် သစ်တောနှင့် သဘာဝပတ်ဝန်းထိန်းသိမ်းမှုများ အထူးအလေးထားလာသဖြင့် ကျန်သစ်တန်ချိန်များကို ထုတ်ပြီးလျှင် သစ်ဆက်လက်မထုတ်ရန် မူဝါဒချမှတ်ထားသည်။

[၄၄] Available at https://www.bnionline.net/mm/news-881.html [accessed 24 June 2019]

## ကရင်နီပြည်အတွင်း မြေအသုံးချမှုပုံစံပြောင်းလဲမှုများ

ကရင်နီပြည်ရှိ ပြည်သူလူထုအများစုသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ရိုးရာဓလေ့အရ လယ်ယာနှင့် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းတို့ကို အဓိကထား လုပ်ကိုင်လာကြသည်။[၅၅] စစ်အာဏာရှင်အစိုးရအဆက်ဆက်တို့၏ လက်ထက်တွင် နိုင်ငံတည်ငြိမ်အေးချမ်းမှု မရှိသဖြင့် ပြည်သူလူထုတို့သည် လယ်ယာနှင့် တောင်ယာများကို အေးချမ်းစွာစိုက်ပျိုးလုပ်ကိုင်ခွင့် မရရှိခဲ့ပေ။ စစ်အစိုးရကို ခုခံတော်လှန်ကြသော ကရင်နီနှင့် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို စစ်အစိုးရက 'ဖြတ်လေးဖြတ်' စစ်ဆင်ရေးဖြင့် မြေလှန် တိုက်ခိုက်ချေမှုန်းမှုများကြောင့် ပြည်သူလူထုတို့သည် မိမိတို့၏အိုးအိမ်၊ ကျေးရွာနှင့် စိုက်ပျိုးမြေများကိုစွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။[၅၆] အထူးသဖြင့် ၁၉၉၆ ခုနှစ်တွင် စစ်အစိုးရသည် ၎င်းတို့ သတ်မှတ်ထားသည့် "စုစည်းရွာ" များသို့ ကရင်နီကျေးရွာအချို့ကို အတင်းအကြပ် တစ်ပတ်အတွင်း ပြောင်းရွှေ့စေမှုကြောင့် ပြည်သူလူထုများစွာ အတိဒုက္ခရောက်ခဲ့ရသည်။ ခေတ်စနစ်ဆိုးများအောက်တွင် လွတ်လပ်စွာ စိုက်ပျိုးလုပ်ကိုင်ခွင့် မရရှိတော့သဖြင့် ဘိုးစဉ်ဘောင်ဆက်လက်ဆင့်ကမ်းလာသည့် ကရင်နီလူမျိုးတို့၏ ဓလေ့ထုံးတမ်း သို့မဟုတ် ရိုးရာဓလေ့ မြေယာစီမံအုပ်ချုပ်မှုစနစ်အချို့လည်း ကွယ်ပျောက်သွားခဲ့ရသည်။

ယနေ့ထိတိုင် ဆက်လက်ထိန်းသိမ်းထားနိုင်သည့် ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ်များမှာလည်း ပြောင်းလဲလာသော ခေတ်စနစ်များ၏ ရိုက်ခတ်မှုများကြောင့် သိသာထင်ရှားသော ပြောင်းလဲမှုအချို့ ရှိလာသည်။ ပထမအပြောင်းအလဲတစ်ခုမှာ ဓလေ့ထုံးတမ်းအရ လယ်ယာနှင့် တောင်ယာများကို စိုက်ပျိုးလုပ်ကိုင်ရာတွင် ဒေသထွက်မျိုးစေ့နှင့် သဘာဝမြေသြဇာများကိုသာ အသုံးပြုခဲ့သော်လည်း ယခုအချိန်တွင် သီးနှံအထွက်တိုးရေးအတွက် ပြင်ပမှတင်သွင်းလာသည့် မျိုးစေ့များနှင့် ဓာတ်မြေသြဇာများကို အသုံးပြုလာကြသည်။ ဒုတိယအပြောင်းအလဲတစ်ခုမှာ လုပ်ငန်းပိုမိုတွင်ကျယ်ရေးအတွက် ကျွဲနွားတိရိစ္ဆာန်အစား စက်ပစ္စည်းများကို အသုံးပြုကာ ထွန်ယက်စိုက်ပျိုးလာကြသည်။ တတိယအပြောင်းအလဲတစ်ခုမှာ လယ်ယာလုပ်ငန်းအတွက် အချင်းချင်းအပြန်အလှန် ကူညီရိုင်းပင်းမှုဓလေ့များ ကွယ်ပျောက်သွားပြီး အခကြေးငွေဖြင့် လုပ်အားငှားရမ်းလာကြသည်။ စတုတ္ထအပြောင်းအလဲတစ်ခုမှာ ယခင်ခေတ်များတွင် ရွာသားအချင်းချင်း ယုံကြည်မှုရှိကြပြီး မိမိတို့၏ လယ်ယာ/တောင်ယာမြေများကို ခွင့်ပြုချက်တောင်ရုံဖြင့် အခကြေးငွေမယူဘဲ လုပ်ကိုင်ခွင့်ပေးကြသည်။ သို့ရာတွင် ယနေ့ခေတ်တွင် ရွာသားအချင်းချင်း ယုံကြည်မှုနည်းလာပြီး မြေယာ ငှားရမ်းလုပ်ကိုင်ခွင့်များကို အလွယ်တကူ မပေးကြတော့ပေ။

ထို့အပြင် နောက်ထပ်ကြီးမားသော ရိုက်ခတ်မှုတစ်ခုမှာ မြေယာပိုင်ဆိုင်မှုအပေါ် အသိအမှတ်ပြုမှုဖြစ်သည်။ ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုများသည် လူမှုရေးအရ တရားဝင်မှု သို့မဟုတ် လူမှုပတ်ဝန်းကျင်၏ အသိအမှတ်ပြုမှုကို အဓိကအခြေခံထားသော်လည်း မြန်မာနိုင်ငံ၏ လက်ရှိတည်ဆဲ မြေယာဥပဒေများသည် ဓလေ့ထုံးတမ်းမြေယာများကို စနစ်တကျအသိအမှတ်ပြုကာကွယ်ပေးထားခြင်း မရှိသေးသဖြင့် အစိုးရထံတွင် မှတ်ပုံတင်ထားခြင်း မရှိသည့် ဓလေ့ထုံးတမ်းမြေယာများ၏ လုံခြုံမှုသည် စိုးရိမ်ဖွယ်ဖြစ်နေသည်။ သက်ဆိုင်ရာ အစိုးရဌာနမှထုတ်ပေးသည့် မြေယာလုပ်ကိုင်ခွင့်အထောက်အထား (ဥပမာ ပုံစံ-၇) ရှိသူနှင့် ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်ခွင့်ရှိသူ အကြား မြေယာအငြင်းပွားမှု တစ်ခုခုဖြစ်လာပါက အစိုးရဌာနမှထုတ်ပေးသည့် မြေယာလုပ်ပိုင်ခွင့်လက်မှတ်ရှိသူက အသာစီးရမှု သို့မဟုတ် အနိုင်ရမှုများရှိနေသည်။ ထို့ပြင် အစိုးရ၏ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ (၂၀၁၈) သည် အစိုးရထံတွင် မှတ်ပုံတင်ထားခြင်းမရှိသည့် ကရင်နီပြည်ရှိ မြောက်များစွာသော ဓလေ့ထုံးတမ်းမြေယာများ၏ လုံခြုံမှုကို ခြိမ်းခြောက်နေသည်။ ဥပဒေနားလည်သူများ၊ အထူးသဖြင့် ငွေရှင်ကြေးရှင်နှင့် ခရိုနီများက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်ကို လက်ဦးမှုရယူကာ လျှောက်ယူနိုင်သဖြင့် ဒေသခံလူထု၏ ဓလေ့ထုံးတမ်းလယ်ယာမြေများ မတရားသိမ်းဆည်းခံရမှုများကို ဆက်လက်ဖြစ်စေနိုင်သည်။

---

[၅၅] ကရင်နီပြည်တွင် လယ်ယာနှင့် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများအပြင် မော်ချီးဒေသတွင် ဗြိတိသျှကိုလိုနီခေတ်ကတည်းက ခဲမဖြူနှင့် အဖြိုက်နက်သတ္တုတူးဖော်ရေးလုပ်ငန်းများရှိပြီး လက်ရှိတွင် ထိုလုပ်ငန်းများကို ဒေသခံလူထုနှင့် ကုမ္ပဏီအချို့က လုပ်ကိုင်နေမှုရှိသော်လည်း မြန်မာ့တပ်မတော်၏ ဦးပိုင်ကုမ္ပဏီက လက်ဝါးကြီးအုပ်ထားသည်။

[၅၆] "ဖြတ်လေးဖြတ်" သည် ဗိုလ်ချုပ်နေဝင်းဦးဆောင်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက် ၁၉၇၀ နှစ်များအတွင်း ကျင့်သုံးခဲ့သော စစ်မဟာဗျူဟာတစ်ရပ်ဖြစ်ပြီး ထိုစစ်မဟာဗျူဟာအရ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ၁) ရိက္ခာဖြတ်တောက်ခြင်း၊ ၂) ဘဏ္ဍာငွေဖြတ်တောက်ခြင်း၊ ၃) သတင်းအဆက်အသွယ် ဖြတ်တောက်ခြင်းနှင့် ၄) လူထုနှင့်အဆက်အသွယ်ဖြတ်တောက်ခြင်းတို့ ပြုလုပ်ခဲ့သည်။

အထက်တွင် ဖော်ပြထားသော ကရင်နီပြည်အတွင်း မြေယာအသုံးချမှုဆိုင်ရာ အပြောင်းအလဲ အချို့ကို ခြုံငုံသုံးသပ်ရသော် တစ်ဘက်တွင် သီးနှံအထွက်တိုးမှုနှင့် လုပ်ငန်းတွင်ကျယ်မှုများ ယခင်ထက် ပိုရှိလာသော်လည်း၊ အခြားတစ်ဘက်တွင် ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများကို ယခင်ခေတ်ထက် မှီခိုအားထားလာရမှု၊ မြေဆီလွှာထိခိုက်ပျက်စီးမှုနှင့် ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်နိုင်မှုများရှိလာပြီး စက်ပစ္စည်းအသုံးပြုမှုနှင့် လုပ်သားငှားရမ်းရမှုများကြောင့် စိုက်ပျိုးရေးကုန်ကျစရိတ်များလည်း တိုးလာသည်။ ထို့ပြင် ကျေးရွာလူထုအကြား အပြန်အလှန်ယုံကြည်မှုများ လျော့နည်းလာမှုနှင့် အစိုးရ၏ တည်ဆဲလယ်ယာမြေဥပဒေများ၏ အားနည်းချက်များကို အခွင့်ကောင်းယူပြီး မြေယာသိမ်းဆည်းမှုများ ဖြစ်ပေါ်စေခဲ့သည်။ ထို့အပြင် ဒေသခံလူထု၏ မြေယာပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများ ထိပါးလာပြီး ၎င်းတို့၏ ဓလေ့ထုံးတမ်းမြေယာအခွင့်အရေးလုံခြုံမှုကို အားနည်းစေခဲ့သည်။ ထို့ကြောင့် ရိုးရာဓလေ့မြေယာအခွင့်အရေးများထပ်မံဆုံးရှုံးမှုများမရှိစေရေးအတွက် ဒေသခံလူထုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ စုပေါင်းကာ အစိုးရ၏ တည်ဆဲမြေယာဥပဒေများအား ဖျက်သိမ်းပေးရန် သို့မဟုတ် ပြင်ဆင်ပေးရန်နှင့် ရိုးရာဓလေ့မြေယာများကို တရားဝင်အသိအမှတ်ပြုပေးရန် အစဉ်တစိုက်တောင်းဆိုလာခဲ့သည်။[၇၇]




*ကယားပြည်နယ်ရှိတောင်သူလယ်သမားများအသုံးပြုသော ဓာတ်မြေသြဇာအမျိုးအစားတစ်ခု (Photo by ENAC)*

[၇၇] လွတ်လပ်တဲ့အာရှအသံ (RFA) – "လယ်ယာမြေ ဥပဒေပြင်ဆင်ပေးဖို့ ကယားပြည်နယ်မှာ တောင်းဆို" (၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်) available at https://www.rfa.org/burmese/news/kayah-farmers-press-04232016105950.html [accessed 24 June 2019], ကန္တာရဝတီတိုင်း(မ်) - Kantarawaddy Times – "မြေလွတ်မြေရိုင်းဥပဒေသည် ဒေသခံမြေယာများကို သိမ်းပိုက်နိုင်သည့်အတွက် ဖျက်သိမ်းရန်တောင်းဆိုနေကြ" (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) [accessed 24 June 2019]

**စာကွက် (၁၅)**

## ကရင်နီမြေယာမူဝါဒ




ကရင်နီပြည်ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ကရင်နီပြည်ရှိ ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့မြေယာစီမံခန့်ခွဲမှုများကို အခြေခံထားသော ကရင်နီမြေမူဝါဒတစ်ရပ် ပေါ်ထွက်လာရေးအတွက် ကရင်နီမြေမူဝါဒ ရေးဆွဲရေးလုပ်ငန်းစဉ်တစ်ရပ်ကို ၂၀၁၃ ခုနစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်။ ကရင်နီပြည်အတွင်းရှိ ဒေသခံလူထု၊ တောင်သူလယ်သမားတို့နှင့် တွေ့ဆုံဆွေးနွေးမှုများကျင်းပကာ အကြံဉာဏ်ရယူခြင်း၊ ရိုးရာဓလေ့ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ သုတေသနများပြုလုပ်ခြင်း၊ ကရင်နီပြည် အခြေစိုက် နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပကာ ညှိနှိုင်းတိုင်ပင်ခြင်းနှင့် အကြံဉာဏ်ရယူခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်လာခဲ့သည်။ ကရင်နီပြည် အတွင်းရှိ သက်ဆိုင်ရာအစုအဖွဲ့ အသီးသီးတို့နှင့် တိုင်ပင်ဆွေးနွေးမှုများ အကြိမ်ကြိမ် ပြုလုပ်ပြီးနောက် ကရင်နီမြေမူဝါဒကို ၂၀၁၈ ခုနစ်၊ ဒီဇင်ဘာလ (၄-၅) ရက်နေ့တွင်ကျင်းပသော ကရင်နီမြေအလုပ်ရုံဆွေးနွေးပွဲ (Karenni Land Seminar)၌ အတည်ပြုခဲ့သည်[၄၈]

ကရင်နီမြေမူဝါဒပါဖော်ပြချက်များအရ ကရင်နီပြည်တွင် ဌာနေတိုင်းရင်းသားလူမျိုးတို့၏ ဘိုးဘွားစဉ်ဆက် ကျင့်သုံးလာခဲ့သော ရိုးရာဓလေ့မြေစီမံခန့်ခွဲမှုစနစ်တို့သည် အသိအမှတ်ပြုခံရမှု မရှိခြင်း၊ ၎င်းတို့၏ စီမံထိန်းသိမ်းလာခဲ့သော မြေနှင့် သဘာဝအရင်းအမြစ်တို့သည် အတင်းအဓမ္မ သိမ်းဆည်းခံရခြင်းနှင့် ဌာနေတိုင်းရင်းသားတို့၏ မြေယာအခွင့်အရေးများကို အပြည့်အဝအသိအမှတ်ပြု၊ အကာအကွယ်ပေးထားသည့် ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ မရှိခြင်းတို့ကြောင့် ဌာနတိုင်းရင်းသား တို့၏ လူမှုစီးပွားတည်ငြိမ်မှုကို ထိခိုက်စေသည့်အပြင် ဂုဏ်သိက္ခာရှိစွာ ရှင်သန်ရပ်တည်နိုင်မှုကို ခြိမ်းခြောက်နေသည်။ ထို့ကြောင့် ကရင်နီပြည်အတွင်းရှိ ဒေသခံပြည်သူလူထုတို့၏ မြေယာ အခွင့်အရေးများအပြည့်အဝရရှိစေရန်၊ အမျိုးသားစာနပ် ရိက္ခာလုံခြုံစိတ်ချရမှုတိုးမြှင့်လာစေရန်နှင့် ဌာနေတိုင်းရင်းသားများ၏ မြေ၊ သားငါး၊ သစ်တောနှင့် သဘာဝသယံဇာတ စီမံ အုပ်ချုပ်မှုများ တိုးတက်လာစေရန်ရည်ရွယ်ပြီး ကရင်နီ မြေမူဝါဒကို ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် အနာဂတ်ဖက်ဒရယ်မြေ စီမံအုပ်ချုပ်မှုတွင် လမ်းညွှန်မှုပေးနိုင်ရန်အတွက်လည်း ရည်ရွယ်ထားသည်။

ကရင်နီမြေမူဝါဒ၏ အခြေခံမူများတွင် ဒေသတွင်းစံနှုန်းသတ်မှတ်ချက်များအပြင် နိုင်ငံတကာရှိ လူ့အခွင့် အရေးစံချိန် စံညွှန်းနှင့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများကို ထည့်သွင်းထားသည်။ ဥပမာ - လူ့ဂုဏ်သိက္ခာရှိမှု၊ တရားမျှတမှု၊ တန်းတူ ညီမျှမှုနှင့် သာတူညီမျှမှု၊ ညှိနှိုင်းတိုင်ပင်မှုနှင့် ပူးပေါင်းပါဝင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူတာဝန်ခံမှု၊ စဉ်ဆက်မပြတ် တိုးတက်မှု၊ ကျား-မရေးရာတန်းတူညီမျှမှု အစရှိသည့် စံနှုန်းများပါရှိသည်။ ပို၍အရေးကြီးသောအချက်မှာ ကရင်နီမြေမူဝါဒ၏ လမ်းညွှန်မှုမူဘောင်တွင် ရိုးရာဓလေ့မြေစီမံခန့်ခွဲမှုများကို ဥပဒေဖြင့် တရားဝင်အသိအမှတ်ပြုခြင်း၊ ကာကွယ်ခြင်းနှင့် ဖွံ့ဖြိုး တိုးတက်အောင် လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်သွားရန် ဖြစ်သည်။

ကရင်နီမြေမူဝါဒတွင် အပိုင်း (၁၀) ပိုင်းပါရှိပြီး မြေစီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အပိုင်းလိုက် ထည့်သွင်း ရေးဆွဲထားသည်။ အရေးကြီးသော မူဝါဒအချို့ကို ကောက်နုတ်တင်ပြရသော် မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဌာနေတိုင်းရင်းသား တို့၏ မြေပိုင်ဆိုင်မှုကို အသိအမှတ်ပြုကာကွယ်ရန်၊ မြေတန်ဖိုးသတ်မှတ်ရာတွင် မြေအပြင် မြေနှင့် ဆက်စပ်လျက်ရှိသော သဘာဝအရင်းအမြစ်များ၊ လူမှုစီးပွား၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် အခြေခံပြီးသတ်မှတ်ရန် ပါရှိသည်။ ထို့ပြင် မြေအသုံးချမှုစီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍ မြေနှင့် သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် ဒေသ၏

[၄၈] ကရင်နီမြေအလုပ်ရုံဆွေးနွေးပွဲ (Karreni Land Seminar) သို့ ကရင်နီပြည်အတွင်းရှိ မြို့နယ်အသီးသီးမှ တောင်သူလယ်သမားများ၊ ဌာနေတိုင်းရင်းသားများ နှင့် ဒေသခံကိုယ်စားလှယ်များ၊ လူထုအခြေပြုအရပ်ဘက် အသင်းအဖွဲ့များ၏ ကိုယ်စားလှယ်များ၊ ဒေသခံနိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလနှင့် ပြင်ပလေ့လာသူများ စုစုပေါင်း (၁၇၅) ဦး ပါဝင်တက်ရောက်ခဲ့သည်။




*ကရင်နီမြေအလုပ်ရုံဆွေးနွေးပွဲ (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄-၅ ရက်နေ့တွင် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့တွင် ကျင်းပခဲ့သည်။)*
*(ဓာတ်ပုံ - Karenni Land Policy Drafting Committee) (KEAN facebook page မှ ရယူသည်။)*

လူမှုစီးပွား ရေရှည်တည်ငြိမ်ရေးကို ဦးတည်ရန်၊ သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်များပါဝင်သည့် ဒေသခံပြည်သူနှင့် အစိုးရတို့ပါတဝင်သည့် ပူးတွဲမြေစီမံခန့်ခွဲမှုအဖွဲ့ကို အုပ်ချုပ်ရေးအဆင့်အလိုက် ရွေးချယ်ဖွဲ့စည်း၊ အကောင်အထည်ဖော်သွားရန် ပါရှိသည်။ မြေဆိုင်ရာ တရားရေးစနစ် တည်ထောင်ခြင်းနှင့်ပတ်သက်၍ မြေနှင့်ပတ်သက်သည့် လွတ်လပ်သော တရားရေးစနစ်နှင့် အထူးသီးသန့်တရားရုံးများကို ဒေသအဆင့်လိုက် သီးသန့်တည်ထောင်သွားရန်နှင့် မြေပိုင်ဆိုင်မှု၊ အသုံးချပိုင်ခွင့်နှင့် စပ်လျဉ်းသည့် တရားစွဲဆိုမှုများကို ပြည်နယ်အမြင့်ဆုံး တရားရုံး၏ဆုံးဖြတ်ချက်ဖြင့် အပြီးအပြတ်ဖြစ်စေရန်တို့ ပါရှိသည်။

ထို့ပြင် ပြည်တွင်းစစ်ကြောင့် နေရပ်စွန့်ခွာသွားရသူများ၊ အမျိုးသမီးများနှင့် ထိခိုက်ရလွယ်သော လူအုပ်စုများ၏ မြေယာ အခွင့်အရေးတို့ကို အသိအမှတ်ပြုပြီး မြေယာဆုံးရှုံးသွားသည့် မူလမြေပိုင်ရှင်များကို မြေပြန်လည်ပေးအပ်ခြင်း၊ အစားထိုးမြေနေရာပေးခြင်းနှင့် ဒေသခံမြေယာမဲ့များကို မြေယာများ ပြန်လည်ခွဲဝေပေးခြင်းတို့ကို ပြုလုပ်သွားရန် ပါရှိသည်။ ကရင်နီပြည်အပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အစိုးရ၏တည်ဆဲမြေယာဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်း မရှိသေးသည့် မြေယာမြောက်များစွာတည်ရှိနေပြီး ထိုမြေများကို နည်းမျိုးစုံဖြင့် သိမ်းဆည်းခံမှုများရှိနေသည်။ ထို့ကြောင့် ဌာနေလူထု၏ ဘိုးဘွားပိုင်မြေများ ထပ်မံဆုံးရှုံးမှုများ မရှိစေရေးအတွက် ကရင်နီမြေ မူဝါဒတွင် ကရင်နီပြည်အတွင်းရှိ မှတ်ပုံတင်ထားခြင်း မရှိသေးသော မြေများ၊ အထူးသဖြင့် ဓလေ့ထုံးတမ်းအရ မြေပိုင်ဆိုင်မှုနှင့် အသုံးချမှုများကို တရားဝင်အသိအမှတ်ပြုနိုင်သည့် တိကျရှင်းလင်းသည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်သွားရန် ပါရှိသည်။

ကရင်နီမြေမူဝါဒကို ကရင်နီဌာနေလူထုတို့ ဘိုးဘွားစဉ်ဆက်ဆက်ကျင့်သုံးလာခဲ့သော ရိုးရာဓလေ့ မြေစီမံခန့်ခွဲမှုစနစ်တို့ကို အခြေပြုရေးဆွဲထားပြီး ဖယ်ဒရယ်ဒီမိုကရေစနစ်၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် စံနှုန်းနှင့်အညီ အောက်ခြေမှအထက်သို့ ချဉ်းကပ်မှုမျိုးဖြင့် ရေးဆွဲထားသည်။ အဆိုပါ ကရင်နီမြေမူဝါဒကို ရေးဆွဲနေစဉ်ကာလ တစ်လျှောက်လုံးတွင် ဒေသခံလူထု၏ ပူးပေါင်းပါဝင်မှု အားကောင်းခဲ့သော်လည်း အစိုးရ၏ ပိတ်ပင်တားဆီးမှုအချို့ရှိခဲ့သည်။ ထိုတားဆီးမှုများကြားမှ ကရင်နီမြေမူဝါဒကို "ကရင်နီပြည်၏ ဘုံမြေမူဝါဒ" အဖြစ် အသုံးပြုသွားရန် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် အတည်ပြုနိုင်ခဲ့သည်။ သို့သော် လက်ရှိ နိုင်ငံရေးအခြေအနေအရ လက်တွေ့အကောင်အထည်ဖော်နိုင်သည့် အနေအထားမရှိသေးသဖြင့် ကရင်နီမြေမူဝါဒ ရေးဆွဲရေးကော်မတီသည် ကရင်နီမြေမူဝါဒ ပိုမိုကောင်းမွန်ပြည်စုံရေးအတွက် ထပ်မံပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်သွားရန် ရှိသည်။[၅၉]

*အရင်းအမြစ်။* ကရင်နီမြေမူဝါဒ (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ)

[၅၉] The Fifth Wave –"ဌာနေတိုင်းရင်းသားများ မြေယာအခွင့်အရေးနှင့် လုံခြုံမှုရရှိရန် ကရင်နီမြေမူဝါဒစာအုပ်အား ထုတ်ဝေ" (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်) available at http://www.fifthwavenews.com/fwn/36617 [accessed 24 June 2019), The Farmer Myanmar – "မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေကို မဖျက်သိမ်းဘူးဆိုရင် တိုင်းရင်းသားဒေသတွေမှာ ပြည်တွင်းစစ်တွေ ထပ်ဖြစ်လာမယ့် အခြေအနေကို စိုးရိမ်မိတယ်" available at https://www.thefarmermedia.com/news/12127 [accessed 24 June 2019]

**စာကွက် (၁၆)**

## “ကရင်နီပြည်” နှင့် “ကရင်နီကိုယ်ပိုင်ဝိသေသ” တည်ဆောက်မှုဆိုင်ရာ ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ (KNPP) ၏ အမျိုးသားရေးလှုပ်ရှားမှု

ကရင်နီ စောဖျာမင်းအဆက်ဆက်တို့က သီးခြားလွတ်လပ်စွာ စီမံအုပ်ချုပ်လာခဲ့သော ကရင်နီပြည် (ခေါ်) ယနေ့ ကယားပြည်နယ်သည် ရှေးပဝေသဏီခေတ်တွင် ယိုးဒယားယွန်းနှင့် ဗမာတို့၏ ကျူးကျော်မှုကို အကြိမ်ကြိမ်ခံခဲ့သော်လည်း ကရင်နီတို့သည် ထိုကျူးကျော်မှုများကို ခုခံတော်လှန်နိုင်ခဲ့ပြီး ကရင်နီပြည်ကို ကာကွယ်ထိန်းသိမ်းလာခဲ့သည်။ သမိုင်းအထောက် အထား များအရ မြန်မာနိုင်ငံအောက်ပိုင်းကို ဗြိတိသျှကိုလိုနီတို့က ကျူးကျော်သိမ်းပိုက်ပြီးသောအခါ အနောက်ကရင်နီ နယ်မြေ၏ သီးခြားလွတ်လပ်ရေးကို ဗြိတိသျှအစိုးရနှင့် ဗမာဘုရင်နှစ်ဘက်လုံးက အသိအမှတ်ပြုခဲ့သည်။ ဗြိတိသျှတို့က မြန်မာနိုင်ငံတစ်ခုလုံးကို သိမ်းပိုက်ပြီးနောက်ပိုင်း၌လည်း အနောက်ကရင်နီနယ်သည် ဗြိတိသျှတို့၏ တိုက်ရိုက်ဩဇာ သက်ရောက်မှု မကျရောက်ခဲ့ပေ။ သို့ရာတွင် ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှတို့ထံမှ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသောအခါ ကရင်နီပြည်ကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ အဖွဲ့ဝင်ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် “ကရင်နီပြည်နယ်” ကို “ကယား ပြည်နယ်” ဟု အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

သီးခြားလွတ်လပ်သော အနောက်ကရင်နီပြည်သမိုင်းကို အခြေပြုပြီး သီးခြားလွတ်လပ်သော ကရင်နီပြည်ကို အသိ အမှတ်ပြုရေးအတွက် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးမကြာခင်လပိုင်းအတွင်း ကရင်နီအမျိုးသားခုခံတော်လှန်ရေးလှုပ်ရှားမှုများ စတင်ပေါ်ပေါက်လာသည်။ ထိုခုခံတော်လှန်ရေးကို ၁၉၅၇ ခုနစ်၊ မေလ (၂) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သော ကရင်နီအမျိုးသား တိုးတက်ရေးပါတီက ဆက်လက်ဦးဆောင်လာခဲ့သည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် ပါတီကွန်ဂရက်များကျင်းပ ကာ ကရင်နီပြည်အစိုးရကို ဖွဲ့စည်းလာခဲ့သော်လည်း မြန်မာအစိုးရအဆက်ဆက်တို့က နည်းမျိုးစုံသုံးပြီး ချေမှုန်းတိုက်ခိုက်ခဲ့မှု များကြောင့် မိမိတို့၏နိုင်ငံရေးရည်မှန်းချက်များအတွက် လှုပ်ရှားဆောင်ရွက်ရာတွင် စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရသည်။ “ကရင်နီပြည်” ကို “ကယားပြည်နယ်” ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည့် ဦးနုခေါင်းဆောင်သော ဖ.ဆ.ဖ.လ အစိုးရ၏ ရည်ရွယ်ချက် မှာ ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးကို အသိအမှတ်မပြုလိုခြင်းနှင့် ကယားပြည်နယ်ကို ကရင်နီတို့၏ အမျိုးသားရေး လှုပ်ရှားမှုနှင့် ခွဲခြားထားလိုခြင်းတို့ကြောင့်ဖြစ်သည်ဟု သုံးသပ်မှုများ ရှိသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ အမျိုးသားရေးလှုပ်ရှားမှုသည် လူမျိုးနှင့် ပြည်နယ်၏ အမည်နာမ ပြောင်းလဲမှု ဆိုင်ရာ စိန်ခေါ်မှုအပြင် ကရင်နီမျိုးနွယ်စုများအကြား ဆက်သွယ်နိုင်သည့် ဘုံဘာသာစကားမရှိသဖြင့် ကရင်နီတို့၏ ကိုယ်ပိုင် ဝိသေသတည်ဆောက်မှုဆိုင်ရာ စိန်ခေါ်မှုနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။ ကရင်နီမျိုးနွယ်စုများတွင် ပကူးကရင်၊ ကယား၊ ကယန်း၊ ကယော၊ ယင်းတလဲ၊ မနုမနော၊ ဂေဘား စသည့် မျိုးနွယ်စုများပါဝင်ပြီး အဆိုပါ ကရင်နီမျိုးနွယ်စုများအားလုံးကို ကိုယ်စားပြု သည့် ဘုံစကားနှင့် စာပေများမရှိခဲ့ပါ။ ထိုကြောင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ၏ ဥက္ကဋ္ဌဟောင်းထဲဘူးဖဲ (၁၉၃၇- ၂၀၁၁) သည် ကရင်နီတို့၏ ဘာသာစကားဆိုင်ရာ ကိုယ်ပိုင်ဝိသေသကို တည်ဆောက်နိုင်ရန်အတွက် ကရင်နီအက္ခရာကို တီထွင်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် အများပြည်သူသိအောင် စတင်အသုံးပြုလာခဲ့သည်။ တော်လှန်ရေးကောင်စီခေတ် (၁၉၆၂- ၁၉၈၈) ၌ တိုင်းရင်းသားစာပေသင်ကြားမှုကို ပိတ်ပင်ခဲ့သော်လည်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် မိမိတို့ထိန်းချုပ် နယ်မြေဒေသအချို့တွင် ကရင်နီအက္ခရာများကို သင်ကြားစေခဲ့သဖြင့် နောက်ပိုင်းတွင် ထိုအက္ခရာများသည် ကရင်နီပြည် လွတ်လပ်ရေးလှုပ်ရှားမှု၏ သင်္ကေတတစ်ခု ဖြစ်လာခဲ့သည်။

ကရင်နီအက္ခရာများကို တီထွင်ခဲ့သော ထဲဘူးဖဲသည် ကရင်နီပြည်၊ ကြယ်ဖိုးကြီးဒေသမှ ကယားမျိုးနွယ်စုဖြစ်သဖြင့် ထိုအက္ခရာများသည် အသစ်တီထွင်ထားခြင်းဖြစ်သော်လည်း အမှန်တကယ်တွင် လူများစုဖြစ်သော ကယားမျိုးနွယ်စု၏ ဘာသာစကားကို အခြေခံထားသည်။ ကျန်ကရင်နီမျိုးနွယ်စုများက မိမိဆိုင်ရာစကားဖြင့် တတ်ကျွမ်းပြီးသူများက ပြန်လည် သင်ကြားပေးရန် ရည်ရွယ်ခဲ့သည်။ လက်ရှိတွင် ကယန်းနှင့် ကယောမျိုးနွယ်စုတို့သည် ရိုမင်အက္ခရာကို အသုံးပြုကြသဖြင့် လက်ရှိအခြေအနေအရ ကရင်နီမျိုးနွယ်စုများအကြား သဘောတူလက်ခံရန် အဆင်သင့် မဖြစ်နိုင်သေးသည့်အချိန်ကာလတွင် ကယားမျိုးနွယ်စုမှ မိမိတို့၏ မူလသုံးစွဲခဲ့သည့် ဗမာအက္ခရာကို အသစ်တီထွင်လိုက်သည့် ကရင်နီအက္ခရာဖြင့် အစားထိုးအသုံးပြု

သွားရန်နှင့် အစိုးရဘက်မှ တရားဝင်အသိအမှတ်ပြုနိုင်ရန် ကြိုးပမ်းထားခြင်းဖြစ်သည်။ နောင်တစ်ချိန်တွင် ဘုံစာပေဖြစ်လာနိုင်ရေးကို ဦးတည်သည့်အလျောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် ကယားမျိုးနွယ်စုအကြား ကရင်နီအက္ခရာ သင်ကြားမှု ကျယ်ပြန့်လာရေးအတွက် ကြိုးပမ်းခဲ့သည်။ ထိုကြိုးပမ်းမှုများကြောင့် နောက်ပိုင်းတွင် ကရင်နီအက္ခရာကို ကယားပြည်နယ်၏ တရားဝင်စာရေးစနစ်တစ်ခုအဖြစ် အသိမှတ်ပြုလာကြသည်။ ၂၀၁၃ ခုနှစ်တွင် ကယားစာပေနှင့် ယဉ်ကျေးမှု ကော်မတီသည် ကရင်နီအက္ခရာများကို ကယားပြည်နယ်၏ တရားဝင်စာရေးသားမှုစနစ်တစ်ခုအဖြစ် အသိအမှတ်ပြုခဲ့သည်။ သို့ရာတွင် ထိုအက္ခရာကို "ကရင်နီအက္ခရာ" ဟု မခေါ်တွင်ဘဲ ထိုအက္ခရာတီထွင်ခဲ့သော ထဲဘူးဖဲ၏ မွေးရပ်ဇာတိဖြစ်သည့် ကြယ်ဖိုးကြီးဒေသကိုအစွဲပြုပြီး "ကြယ်ဖိုးကြီးအက္ခရာ"ဟု သတ်မှတ်ခေါ်ဝေါ်ခဲ့သည်။ ထိုသို့ တရားဝင်အသိအမှတ်ပြုမှုသည် ကရင်နီအမျိုသား တိုးတက်ရေးပါတီ၏ ကရင်နီအမျိုးသားရေးလက္ခဏာတည်ဆောက်မှုတွင် အောင်မြင်မှုမှတ်တိုင်တစ်ခုဖြစ်သည်။

ကရင်နီအမျိုသားတိုးတက်ရေးပါတီသည် ကယားဗဟိုပြုသည့်အဖွဲ့အစည်းဖြစ်သည်ဟု ဝေဖန်မှုများရှိခဲ့သော်လည်း အမှန်တကယ်တွင် အမျိုးသားရေးနှင့် နိုင်ငံရေးအယူဝါဒဆိုင်ရာ သဘောထားကွဲလွဲမှုများကြောင့်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေး လိုလားမှုများကြောင့်လည်းကောင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ အဖွဲ့ဝင်အချို့တို့သည် ပါတီမှ ခွဲထွက်ပြီး သီးခြားရပ်တည်လာခဲ့သည်။ ဥပမာ - ၁၉၇၈ ခုနှစ်တွင် လက်ဝဲအယူဝါဒ (ကွန်မြူနစ်ဝါဒ) လွှမ်းမိုးသည့် ကရင်နီခေါင်းဆောင်အချို့နှင့် ၎င်းတို့၏နောက်လိုက်များက  ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF) ကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ထုတ်ပယ်ထားပြီး အစိုးရမှပြန်လည်လက်နက်တပ်ဆင်ပေးထားသည့် အဖွဲ့ဝင်အချို့တို့က  ကရင်နီအမျိုးသားဒီမုကရေစီပါတီ (KNDP) ကိုလည်းကောင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ အုပ်ချုပ်ရေးစနစ်ကို မလိုလားသည့် တပ်ဖွဲ့ဝင်အချို့တို့က ၁၉၉၉ ခုနှစ်တွင် ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (KNPDP) ကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် ကရင်နီအမျိုးသားသွေးစည်းညီညွတ်ရေးအဖွဲ့ (KNSO) ကိုလည်းကောင်း ဖွဲ့စည်းခဲ့ကြသည်။ (KNPLF ကို ယယန်းလူမျိုး အများစုတို့ဖြင့်လည်းကောင်း၊ KNPDP ကို ကယောလူမျိုးအများစုတို့ဖြင့်လည်းကောင်း၊ KNSO ကို ပကူးကရင်လူမျိုး အများစုတို့ဖြင့်လည်းကောင်း ဖွဲ့စည်းထားသည်။)

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ အစိတ်အပိုင်းများဖြစ်ခဲ့ကြသော ထိုခွဲထွက်အဖွဲ့များက စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲမှုများ ပြုလုပ်ခဲ့ကြပြီး ၂၀၁၀ ခုနှစ်တွင် နယ်ခြားစောင့်တပ် သို့မဟုတ် ပြည်သူ့စစ်အဖြစ်အသွင်းပြောင်းကာ စစ်အစိုးရနှင့် ပူးပေါင်းခဲ့ကြသဖြင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ၏ အမျိုးသားရေးလှုပ်ရှားမှုအပေါ် များစွာရိုက်ခတ်မှုရှိခဲ့သည်။ သို့ရာတွင် လက်ရှိတွင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီသည် ကရင်နီလူမျိုးတို့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိသည့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိသော တစ်ခုတည်းသော ကရင်နီအမျိုးသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ဖြစ်သည်။

*Source:* TNI, "From War to Peace in Kayah (Karreni) State- A Land at the Crossroads in Myanmar" (July 2018), available at: https://www.tni.org/files/publication-downloads/tni-2018_karenni_eng_web_def.pdf; Asia Peacebuilding Initiatives, "Karenni and Kayah: The Nature of Burma's Ethnic Problem over Two Names and the Path to Resolution" (February 2014). Available at: http://peacebuilding.asia/burmas-ethnic-problem-over-two-names-and-the-path-to-resolution/)[accessed 27 June 2019]; KNPP ၏အမြဲတမ်းဗဟိုကော်မတီဝင်တစ်ဦး၏ ပြောကြားချက်များ (10 July 2019)

## တွေ့ရှိချက်များ

### မြေယာအရေးကူညီပေးသည့် အဖွဲ့စည်းများ၏ ရပ်တည်ချက်နှင့် ချဉ်းကပ်မှုများ

- **မြေယာနှင့် သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားဆောင်ရွက်နေသော အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ မြေယာ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရပ်တည်ချက်များနှင့် ချဉ်းကပ်မှုများကွဲပြားမှုရှိနေခြင်း။** အစိုးရ၏ တည်ဆဲ မြေယာဥပဒေဘောင်တွင် ပေးထားသောမြေယာနှင့် သစ်တောဆိုင်ရာ အခွင့်အရေးများကို ဒေသပြည်သူလူထုတို့ ရယူခံစားနိုင်စေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ ရှိသကဲ့သို့ ၂၀၀၈ ဖွဲ့စည်းပုံအောက်တွင် ရေးဆွဲထားခြင်းကြောင့် အစိုးရ၏ မြေယာဥပဒေများကို အသိအမှတ်မပြုဘဲ ထိုဥပဒေများကို ပြည်သူများ သိရှိထားရုံမျှသာ အသိပညာပေးပြီး ဒေသခံပြည်သူလူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် မြေယာမူဝါဒများ ပေါ်ထွက်လာရေးအတွက် ကူညီဆောင်ရွက်ပေးသော အရပ်ဘက်လူမှု အဖွဲ့အစည်းများလည်း ရှိသည်။ အစိုးရဥပဒေအရ မြေယာပိုင်ဆိုင်ခွင့်မရှိသော်လည်း မြေယာလုပ်ကိုင်ခွင့်လက်မှတ် (ပုံစံ-၇) ရရှိထားသော မြေများမတရားသိမ်းဆည်းခံရမှုများမှ တစ်စုံတစ်ရာကာကွယ်ပေးနိုင်ခြင်းနှင့် အစုအဖွဲ့ပိုင်သစ်တောလက်မှတ်များ လျှောက်ထားခြင်းဖြင့် ကျေးရွာပိုင်သစ်တောများကို ဒေသခံလူထုကိုယ်တိုင် ထိန်းသိမ်းကာကွယ်၊ စောင့်ရှောက်နိုင်ခြင်းတို့ကြောင့် အစိုးရ၏ ဥပဒေဘောင်များအတွင်း လူထုပါဝင်ပူးပေါင်းမှုကို အားပေးနေသည့်အဖွဲ့များ ရှိသည်။ တစ်ချိန်တည်းတွင် အစိုးရ၏ တည်ဆဲမြေယာနှင့် သစ်တောဥပဒေများသည် အပေါ်ယံအားဖြင့် အားသာချက်အချို့ရှိသော်လည်း ရေရှည်တွင် ဌာနေတိုင်းရင်းသားတို့၏ ကိုယ်ပိုင်အမှတ်လက္ခဏာများနှင့် ဆက်နွယ်နေသော ၎င်းတို့၏ ရိုးရာဓလေ့မြေယာနှင့် သစ်တောစီမံခန့်ခွဲမှုစနစ်တို့ကို  မေ့မိန်ပျောက်ကွယ်သွားအောင် လုပ်ဆောင်နေသည်ဟု ရှုမြင်သည့် အဖွဲ့အစည်းများလည်း ရှိသည်။ ခြုံငုံကြည့်လျှင် အစိုးရ၏ မြေယာနှင့် သစ်တောဥပဒေများနှင့်အညီ ကူညီဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများသည် ပြည်သူလူထု၏ လက်ရှိမြေယာလုံခြုံရေးကို အဓိကထားပြီး အစိုးရဥပဒေများ၏ အားနည်းချက်များကို ဝေဖန်ထောက်ပြသည့်အဖွဲ့များမှာ အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုကို ရည်မှန်းပြီး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားနိုင်ရန် တွန်းအားပေးနေကြသည်။

### မြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုယန္တရားဆိုင်ရာ ပြဿနာများ

- **အစိုးရ၏ မြေယာစီမံအုပ်ချုပ်မှုယန္တရားများသည် ကရင်နီပြည် သို့မဟုတ် ကယားပြည်နယ်အတွင်းရှိ တပ်မတော်၏ မြေသိမ်းဆည်းမှုနှင့်ဆိုင်သော မြေယာပြဿနာများကို  ဖြေရှင်းပေးနိုင်မှု အလွန်အားနည်းနေခြင်း။** ကယားပြည်နယ်တွင် ယခင်စစ်အစိုးရလက်ထက်၌ တပ်မတော်မှ ဒေသခံလူထု၏ မြေယာများကို သိမ်းဆည်းခဲ့မှုများရှိပြီး ထိုမြေယာများကို ဒေသခံ တောင်သူလယ်သမားများအား ပြန်ပေးရန် အစိုးရဖွဲ့စည်းထားပေးသည့် လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီက ညွှန်ကြားလာသည့်တိုင် လုံးဝပြန်မပေးလိုသည့် အခြေအနေတွင် ရှိနေသည်။ ဥပမာ - တပ်မတော်၏ တပ်မ ၂၀၂ (ငွေတောင်တပ်) သည် တပ်လုံခြုံရေးအတွက် ရွာဖျက်ပြီး တပ်စခန်းလုပ်ထားသော မြေနေရာများကို မူလပိုင်ရှင်ဒေသခံ တောင်သူလယ်သမားများအား  ပြန်လည်ပေးအပ်ခြင်းမရှိသည့်အပြင် ထိုမြေများကို သီးစားချထားမှုနှင့်ပတ်သက်၍ ဒေသခံများက သက်ဆိုင်မြေယာစီမံအုပ်ချုပ်မှုအဖွဲ့ထံ တင်ပြခဲ့သည်။ သို့ရာတွင် ထိုမြေများကို တပ်မတော်သည် ယခုထိတိုင် ပြန်လည်စွန့်လွှတ်ခြင်း မရှိသေးပါ။

- **ကယားပြည်နယ်အတွင်းရှိ လယ်ယာမြေအငြင်းပွားမှုပြဿနာများကို လျှော့ချနိုင်ရန်ရည်ရွယ်ပြီး ၂၀၁၆ ခုနှစ်တွင် အာဏာရလာသော အရပ်သားအစိုးရသစ်လက်ထက်တွင် ကယားပြည်နယ်၏ဒေသအချို့ရှိ လယ်ယာမြေများကို လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် (ပုံစံ-၇) ထုတ်ပေးခြင်းကို ရပ်ဆိုင်းထားခြင်း။** စစ်အစိုးရလက်ထက် ၁၉၉၆ - ၉၇ ခုနှစ်တွင် နိုင်ငံတည်ငြိမ်ရေးချမ်းမှုမရှိသဖြင့် ကယားပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူတို့သည်  ၎င်းတို့၏ကျေးရွာများကို စွန့်ခွာပြီး ထိုင်း-မြန်မာနယ်စပ်သို့ရောက်ရှိကာ ဒုက္ခသည်များအဖြစ် ခိုလှုံကြရသည်။ ထိုဒုက္ခသည်များသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးရလျှင် မိမိတို့ဒေသသို့ပြန်လာသည့်အခါ မိမိတို့၏မြေယာများကို ပုံစံ-၇ လျှောက်ကာ လက်ဦးမှုရယူထားသူများနှင့် မြေယာပိုင်ဆိုင်မှုအငြင်းပွားမှုများ ရှိလာနိုင်သဖြင့် ပုံစံ-၇ ထုတ်ပေးခြင်းကို ဆိုင်းငံ့ထားသင့်သည်ဟု ကယားပြည်နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်အချို့က သက်ဆိုင်ရာ မြေယာစီမံခန့်ခွဲမှုအဖွဲ့များအား အကြံပြုတိုက်တွန်းမှုများရှိသည်။ ဥပမာ - ၁၉၉၆ ခုနှစ်တွင် စစ်အစိုးရသည် ကယားပြည်နယ်၊ ရှားတောမြို့နယ်ရှိ တောင်ပေါ်ရွာများကို စုစည်းရွာ

အဖြစ် ရှားတောမြို့တွင်းသို့ အတင်းအကြပ်ပြောင်းရွှေ့ခဲ့ပြီး၊ လယ်ယာမြေများကို သိမ်းဆည်းခဲ့သည်။ ထို့ကြောင့် လက်ရှိ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်တွင် မြို့နယ်အဆင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီတွင်ပါဝင်သော ဒေသခံလွှတ်တော်ကိုယ်စားလှယ်ကဒေသ၏ လိုအပ်ချက်အရ ပုံစံ-၇ ထုတ်ပေးခြင်းကို ဆိုင်းငံ့ထားရန် အစိုးရမြေစာရင်းဌာနအား မေတ္တာရပ်ခံထားသည်။ ထိုဒေသတွင် နေထိုင်ခဲ့ကြသော မူလမြေပိုင်ရှင် ဒေသခံ တိုင်းရင်းသားများ ပြန်လာသည့်အခါ မြေယာပိုင်ဆိုင်မှုပြဿနာများ ပိုမိုရှုပ်ထွေးလာနိုင်သောကြောင့် ဖြစ်သည်။

- **ကရင်နီပြည်တွင် လုပ်ပိုင်ခွင့်အာဏာကို အသုံးချပြီးဒေသခံ တောင်သူလယ်သမားများ၏ မြေများကို မြေလက်ဦးမှုရယူသည့် အာဏာပိုင်အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်အချို့ရှိပြီး ထိုမြေများကို မူလပိုင်ရှင်တောင်သူလယ်သမားများက ပြန်လည်ရယူနိုင်ရန် ကြိုးပမ်းရာတွင် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရခြင်း။** ဥပမာ - ကရင်နီပြည်ရှိ ဒေသခံတောင်သူအချို့သည် လွိုင်ကော်မြို့နယ်၊ မထောရှူရွာအနားရှိ တောင်ယာမြေများကို စိုက်ပျိုးလုပ်ကိုင်လာကြရာမှ ၂၀၁၆ ခုနှစ်တွင် အာဏာပိုင်များက နယ်မြေလုံခြုံရေးအရ ထိုတောင်သူများကို အတင်းအကြပ်မောင်းထုတ်ခဲ့သည်။ တောင်သူ (၈၅) ဦး ပိုင်ဆိုင်ခဲ့သော ထိုမြေဧက (၂၀၀) ကျော်ကို ကယားပြည်နယ်သို့ ၂၀၁၅ ခုနှစ်တွင် တာဝန်ကျသည့် စရဖတပ်မှူး (ငြိမ်း) တစ်ဦးက မြေစာရင်းဌာနနှင့် ပူးပေါင်းပြီး ပုံစံ-၇ ထုတ်ကာ ရယူခဲ့သည်။ နောက်ထပ် မြေသိမ်းမှုဥပမာတစ်ခုမှာ အစိုးရနှင့် အပစ်ရပ်စဲပြီး BGF သို့ အသွင်ပြောင်းထားသည့် ကရင်နီလက်နက်ကိုင်အဖွဲ့တစ်ခုမှ အကြီးအကဲတစ်ဦး၏ အမျိုးသမီးသည် ဒေသခံ တောင်သူ (၁၄) ဦးပိုင်ဆိုင်ခဲ့သော မြေ (၁၉) ဧကကျော်ကို တပ်မတော်မသိမ်းဆည်းရေးအတွက် ထိန်းသိမ်းပေးမည်ဟု ဆိုကာ နောက်ပိုင်းတွင်မိမိနာမည်ဖြင့် ပုံစံ-၇ ထုတ်ခဲ့သည်။ ထို့ပြင် အစိုးရနှင့် အပစ်အခတ်ရပ်စဲပြီးနောက် ပြည်သူ့စစ်သို့ အသွင်ပြောင်းထားသည့် ကရင်နီလက်နက်ကိုင်အဖွဲ့တစ်ခုကလည်း ဒေသခံလူထုအချို့၏ ခြံမြေများပါဝင်သည့် မြေ (၄၃) ဧကကို အဖွဲ့၏ တပ်မိသားစုဝင်များအတွက် အစိုးရထံမှ ပုံစံ-၁၀၅ ထုတ်ပြီး ရရှိထားသည်။ အဆိုပါ သိမ်းဆည်းမြေများ အပြင် စစ်အစိုးရခေတ်တွင် အစိုးရဌာနနှင့် တပ်မတော်တို့က နှုန်မိန့်ဖြင့်သိမ်းယူခဲ့သော ဒေသခံလူထု၏ လယ်ယာ မြေများကို မူလပိုင်ရှင်အချို့ဆုံးပါးသွားပြီးနောက် ၎င်းတို့၏သားသမီးများလက်ထက်တွင် ပြန်လည်ရယူနိုင်ရန် ကြိုးပမ်းနေမှုများသည် ယနေ့တိုင် မပြီးပြတ်နိုင်သေးပေ။

## ဌာနေတိုင်းရင်းသားတို့၏ မြေယာအခွင့်အရေးများ

- **ကယားပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံတောင်သူလယ်သမားများသည် မိမိတို့၏ မြေယာအခွင့်အရေးများအတွက် ခြိမ်းခြောက်မှုများရှိသည့်တိုင် ရဲဝံ့စွာဆန္ဒဖော်ထုတ်ခြင်းနှင့် အစိုးရ၏ မြေယာနှင့်သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာဥပဒေနှင့် ယန္တရားများ၏ အားနည်းချက်များကို ဝေဖန်ထောက်ပြခြင်းတို့ကို အလျင်းသင့်သလို အစဉ်တစိုက် လုပ်ဆောင်နေကြခြင်း။** ကယားပြည်နယ်တွင် တပ်သိမ်းမြေများနှင့် ကုမ္ပဏီသိမ်းမြေများ ပြန်လည်ရရှိရေးတို့အတွက် ဒေသခံ တောင်သူလယ်သမားများနှင့် မြေယာအရေးကူညီပေးနေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းအချို့တို့သည် ထွန်တုံးတိုက်ပွဲများ ကျင်းပခြင်း၊ ဌာနေလူထု၏ ရိုးရာဓလေ့မြေယာစီမံ အုပ်ချုပ်မှုစနစ်ကို မေးမိန်ပျောက်ကွယ်သွားစေနိုင်သည့် အစိုးရ၏ မြေယာနှင့် သစ်တောဥပဒေများကို ကန့်ကွက် ကြောင်း ထုတ်ပြန်ကြေငြာခြင်းနှင့် ထိုဥပဒေများကိုဖျက်သိမ်းပေးရန် ဆန္ဒဖော်ထုတ်ခြင်းတို့ကို အလျဉ်းသင့်သလိုပြုလုပ်လေ့ရှိသည်။ ထိုကဲ့သို့သော မြေယာအရေးတက်ကြွလှုပ်ရှားမှုများကြောင့် ဒေသခံလူထုအချို့ ဖမ်းဆီးခံရခြင်း၊ အရေးယူခံရခြင်းနှင့် ထောင်ကျခြင်းများရှိခဲ့သည်။ သို့ရာတွင် အစိုးရ၏ အပစ်ပေး အရေးယူမှုများကြောင့် ဒေသခံလူထု၏ မြေယာအခွင့်အရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်လိုသည့် စိတ်အားထက်သန်မှုသည် ယုတ်လျော့သွားခြင်းမရှိဘဲ မိမိတို့၏ အခွင့်အရေးအတွက် ဆက်လက်တိုက်ပွဲဝင်ရေး အတွက်ကိုသာ နှိုးဆွပေးနေသကဲ့သို့ ဖြစ်သည်။

- **ကယားပြည်နယ်တွင် ယနေ့တိုင် ရိုးရာဓလေ့မြေယာစီမံအုပ်ချုပ်မှုစနစ်များကို ဆက်လက်ကျင့်သုံး လျက်ရှိသော ကျေးရွာများစွာ ကျန်ရှိနေပြီး ထိုကျေးရွာများရှိ ဌာနေတိုင်းရင်းသားအများစုသည် အသက်မွေးဝမ်းကြောင်းမှုအတွက် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို အဓိကမှီခိုအားထားကြသည်။** အထူးသဖြင့် မြို့နှင့် ဝေးလံခေါင်းပါးသော တောင်ပေါ်ကျေးရွာများသည် ရိုးရာဓလေ့မြေယာစီမံ အုပ်ချုပ်မှုစနစ်ကို ဆက်လက်ကျင့်သုံးလျက်ရှိပြီး ဒေသ၏ ပထဝီတည်နေရာနှင့် ရာသီဥတု အခြေအနေပေါ် မူတည်၍ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြသည်။ အချို့ကျေးရွာများ တွင် ရေရှားပါးမှုကြောင့် စပါးစိုက်ပျိုးရန်အဆင်မပြေသဖြင့် (အချို့နှစ်များတွင် မိုးခေါင်ရေရှားမှုကြောင့် အစားအစာရှားပါးပြီး ဆန်ပြုတ်စားခဲ့ရ

သည့် ကျေးရွာများလည်း ရှိသည်။) ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးသည် မိုးရေကိုသာအဓိကအားထားရသည့် စိုက်ပျိုးရေးလုပ်ငန်းမျိုးဖြစ်သည်။ သို့ရာတွင် ထိုကျေးရွာများ၏ ရိုးရာဓလေ့မြေအုပ်ချုပ်မှုစနစ်များကို စနစ်တကျ မှတ်တမ်းတင်ထားမှု မရှိခြင်းနှင့် အစိုးရ၏ တရားဝင်အသိအမှတ်ပြုမှု မရှိခြင်းတို့ကြောင့် အသစ်ပြဌာန်းလိုက်သော လယ်ယာမြေနှင့် သစ်တောဆိုင်ရာဥပဒေများသည် ရိုးရာဓလေ့မြေယာလုံခြုံရေးမှုကို ခြိမ်းခြောက်နေသည်ဟု ဌာနေတိုင်းရင်းသားများက စိုးရိမ်နေကြသည်။ ပြောင်းလဲလာသော ခေတ်စနစ်များသည် ရိုးရာဓလေ့စိုက်ပျိုးရေးလုပ်ငန်းကို ရိုက်ခတ်မှုအချို့ ရှိနေသည်။ အချို့ကျေးရွာများတွင် ပြင်ပမှတင်သွင်းလာသော ဓာတ်မြေဩဇာ၊မျိုးစေ့နှင့် ဓာတုပိုးသတ်ဆေးတို့အပေါ် မှီခိုအားထားမှု ပိုရှိလာပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် သက်ဆိုင်ရာအစိုးရဌာနများ၏ ကူညီပံ့ပိုးမှုမှာ မရှိသလောက် အလွန်နည်းသည်။

- **၂၀၁၀ နောက်ပိုင်း အာဏာရလာသော အစိုးရသစ်များက မြေယာနှင့်သစ်တောအပါအဝင် အခြားကဏ္ဍများအတွက် ဥပဒေများ ပြင်ဆင်ပြဌာန်းလာချိန်တွင် ရိုးရာဓလေ့ မြေယာစီမံအုပ်ချုပ်မှုစနစ် ကျင့်သုံးသော ကယားပြည်နယ်ရှိကျေးရွာအချို့တို့သည် ၎င်းတို့၏ ရိုးရာဓလေ့အရ မြေယာ၊ သစ်တောနှင့် သယံဇာတစီမံအုပ်ချုပ်မှုစနစ်တို့ကို စနစ်တကျမှတမ်းတင်မှုများ ပြုလုပ်လာကြသည်။** ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ပြဌာန်းလိုက်သော အစိုးရ၏ မြေယာနှင့် သစ်တောဆိုင်ရာ ဥပဒေများသည် ရိုးရာဓလေ့မြေများကို အပေါ်ယံအသိအမှတ်ပြုမှု အချို့ထည့်သွင်းထားသော်လည်း ရှင်းလင်းတိကျသော တရားဝင် အသိအမှတ်ပြုမှုလုပ်ငန်းစဉ်များ မရှိသေးသည့်အချိန်တွင်  မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၈) ကို ပြဌာန်းလိုက်သဖြင့် ဒေသခံတိုင်းရင်းသားများသည် မိမိတို့၏ လယ်ယာမြေနှင့် တောင်ယာမြေတို့၏ လုံခြုံရေးအတွက် အထူးစိုးရိမ်လာကြသည်။ ဒေသခံတိုင်းရင်းသားများက မိမိတို့ဒေသတွင် "မြေလွတ်၊ မြေလပ်၊ မြေရိုင်း" မရှိဟု ကြွေးကြော်ပြီး မိမိတို့၏ ဓလေ့ထုံးတမ်းမြေယာများကို အစိုးရက မြေလွတ်၊မြေလပ်၊ မြေရိုင်းများအဖြစ် သတ်မှတ်မည်ကို အထူးစိုးရိမ်နေကြသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လိုသော ငွေရှင်ကြေးရှင်များက အစိုးရသတ်မှတ်ထာသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို လျှောက်ထားရယူနိုင်သဖြင့် အစိုးရထံတွင် စနစ်တကျမှတ်တမ်းတင်ထားခြင်း မရှိသေးသည့် စာရွက်စာတမ်းအထောက်အထား မရှိသေးသည့် ဓလေ့ထုံးတမ်းမြေများ၏ လုံခြုံရေးသည် စိုးရိမ်စရာဖြစ်လာသည်။ ထို့ကြောင့်လည်း ဒေသခံဌာနေတိုင်းရင်းသားများသည် မြေယာအရေးလှုပ်ရှားဆောင်ရွက်ပေးသည့် အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မိမိတို့၏ ရိုးရာဓလေ့မြေယာများကို စနစ်တကျမှတ်တမ်းတင်မှုများ အားတက်သရော ပြုလုပ်လာကြသည်။

*ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်ရှိ ကျေးရွာတစ်ရွာရှိ တောင်ယာခင်းတစ်ခုတွင် စိုက်ပျိုးရေးအတွက် မြေပြင်ဆင်မှု (Photo by ENAC)*



- **ကရင်နီပြည်တွင် ဆက်လက်ကျင့်သုံးလျက်ရှိသော ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့မြေယာ စီမံအုပ်ချုပ်မှုစနစ်အချို့တွင် အမျိုးသမီးများသည် မြေယာအမွေများကို တိုက်ရိုက်ဆက်ခံခွင့် မရှိကြသော်လည်း သွယ်ဝိုက်အားဖြင့် သက်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့် ရရှိနိုင်သည်။** ကရင်နီပြည်ရှိ ကယားကျေးရွာအချို့၏ ရိုးရာဓလေ့မြေယာစီမံ အုပ်ချုပ်မှုစနစ်တွင် မြေယာအမွေများကို ကျား/မ၊ အမျိုးသမီး/အမျိုးသား၊ သား/သမီး မခွဲခြားဘဲ ခွဲဝေပေးအပ်လေ့ရှိပြီး မိဘသေဆုံးသွားသည်အထိ မိဘနှင့်အတူနေပြီး မိဘအား ပြုစုစောင့်ရှောက်သော သား/သမီး တစ်ဦးဦးကိုသာ မြေနှင့် အိမ်ရာအမွေများ ပေးလေ့ရှိသည်။ သို့ရာတွင် ကရင်နီပြည်ရှိ တောင်ပေါ်ကယန်း ကျေးရွာအချို့၏ ရိုးရာဓလေ့မြေယာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများနှင့် သမီးများသည် မြေယာအမွေများကို တိုက်ရိုက်ဆက်ခံပိုင်ခွင့်မရှိကြသဖြင့် မြေယာပိုင်ဆိုင်ခွင့် မရှိကြပေ။ အိမ်ထောင်ကျသည့်အခါ အမျိုးသားများသည် မိသားစုစားဝတ်နေရေးအတွက် အိမ်ထောင်ဦးစီးတာဝန်ကို အဓိကယူကြရသည့် ရိုးရာအစဉ်အလာများကြောင့် အမျိုးသားများ၏ မြေယာပိုင်ဆိုင်မှုသည် ၎င်းမိသားစုတစ်ခုလုံး၏ အကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်ရန်အတွက် အခြေပြုထားခြင်းဖြစ်ရာ အမျိုးသမီးများသည် မြေယာပိုင်ဆိုင်ခွင့်မရှိသည့်တိုင်အောင် အကျိုးစီးပွားသက်ဆိုင်ခံစားခွင့် ရှိသည်ဟု အမျိုးသမီးများ မြေယာဆက်ခံခွင့် မရှိသည့် ရိုးရာဓလေ့မြေစီမံအုပ်ချုပ်မှုစနစ်ကျင့်သုံးသည့် ကျေးရွာအချို့ရှိ ဒေသခံဌာနေလူထုတို့က ရှုမြင်ကြသည်။ သို့ရာတွင် ခေတ်ကာလပြောင်းလဲလာသည်နှင့်အမျှ အမျိုးသမီးများ၏မြေပိုင်ဆိုင်မှု အခွင့်အရေးအတွက် အမျိုးသမီးတို့၏ မြေယာအမွေဆက်ခံခွင့်ကို ပိတ်ပင်ထားသည့် ရိုးရာဓလေ့ မြေယာစီမံအုပ်ချုပ်မှုစနစ်ကို ပြန်လည်သုံးသပ်ရန် ဆွေးနွေးပြောဆိုမှုအချို့ရှိလာသည်။

- **ကရင်နီပြည်ရှိ ဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့မြေယာစီမံအုပ်ချုပ်မှုစနစ်များတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးလုပ်ငန်းသည် အစဉ်အလာအရ ဌာနေတိုင်းရင်းသားများ၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သော်လည်း ယနေ့ခေတ်တွင် ထိုလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးကို ထိခိုက်မှုရှိစေနိုင်သည်ဟု ဝေဖန်မှုအချို့ရှိလာခြင်း။** ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးစနစ်အရ မြေဆီလွှာအရည်အသွေးပေါ်မူတည်ပြီး တောင်ယာ စိုက်ပျိုးလုပ်ကိုင်မည့်မြေများကို ခုတ်ထွင်ရှင်းလင်းကာ မီးရှို့မှုများပြုလုပ်ကာ (၄-၅) နှစ် သို့မဟုတ် (၁၀) နှစ်ခြားတစ်ကြိမ် ပြောင်းရွှေ့




*ကယားပြည် (ကရင်နီပြည်) တွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းမရှိဟူသည့် စည်းရုံးရေးပိုစတာများ (KEAN facebook page မှ ရယူသည်။)*

စိုက်ပျိုးကြသည်။ ဒေသတွင်းလူဦးရေ တိုးပွားလာသောကြောင့် တောင်ယာမြေများကို တိုးချဲ့စိုက်ပျိုးလာခြင်းနှင့် အချို့ ကျေးရွာများတွင် တောလိုက်ဓလေ့များ ဆက်လက်ထိန်းသိမ်းထားခြင်းတို့ကြောင့် သစ်တောမြေများလျော့ကျလာခြင်း၊ သားရဲတိရိစ္ဆာန်အချို့ ရှားပါးမျိုးတုန်းလာခြင်းများ ရှိလာသည်။ ထို့ကြောင့် ဌာနတိုင်းရင်းသားများသည် မိမိတို့၏ ကျေးရွာ သစ်တောမြေများ ရေရှည်တည်တံ့ရေးအတွက် ကျေးရွာသစ်တောထိန်းသိမ်းရေးအဖွဲ့ သို့မဟုတ် ကော်မတီတို့ကို ယခင်ထက် စနစ်တကျဖွဲ့စည်းကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများ ပြုလုပ်လာကြသည်။ ထိုသို့ သစ်တောများထိန်းသိမ်းရာတွင် အစိုးရထံတွင် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း (Community Forest) ထူထောင်ခွင့်လက်မှတ်များ လျှောက်ထားရယူပြီး သစ်တောကာကွယ်စောင့်ရှောက်သည့် ကျေးရွာများရှိသကဲ့သို့ အစိုးရထံတွင် CF လက်မှတ်မယူဘဲ ယခင်အစဉ်အဆက်ဖွဲ့စည်းထားသည့် ကျေးရွာဘုံပိုင်သစ်တော ထိန်းသိမ်းရေးအဖွဲ့ကိုသာ ပြင်ဆင်ဖွဲ့စည်းခြင်းဖြင့် ကျေးရွာသစ်တောများကို ယခင်ထက်ပိုမိုကာကွယ်စောင့်ရှောက်လာသည်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် အနာဂတ်ဖက်ဒရယ်မြေယာစီမံအုပ်ချုပ်မှု

- **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် မြေယာကဏ္ဍအပါအဝင် အခြားကဏ္ဍအလိုက် မူဝါဒများကို ညှိနှိုင်းဆွေးနွေးရာတွင် ကရင်နီပြည် (ကယားပြည်နယ်)၏ ဒေသခံလူထုနှင့် သက်ဆိုင်ရာအစုအဖွဲ့ အသီးသီး (ကရင်နီလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း စသည်) တို့၏ သဘောထားဆန္ဒများကို ပါဝင်ဆွေးနွေးညှိနှိုင်းသည့် အခွင့်အရေး မရရှိသေးခြင်း။** မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေးအတွက် အစိုးရနှင့် ညှိနှိုင်းဆွေးနွေးနေသည့် တစ်ခုတည်းသော ကရင်နီလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ဖြစ်သည့် KNPP သည် လက်ရှိတွင် အစိုးရနှင့်နှစ်ဦးနှစ်ဘက်အပစ်ခတ် ရပ်စဲရေးသဘောတူစာချုပ်ကိုသာ လက်မှတ်ရေးထိုးထားပြီး တစ်နိုင်ငံလုံးကို လွှမ်းခြုံသည့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA)ကို လက်မှတ်ထိုးထားခြင်းမရှိသေးသဖြင့် တရားဝင်လူထုတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခွင့်မရှိသေးပါ။ ထို့ပြင် UPDJC ၏ လုပ်ငန်းလမ်းညွှန်သည် ဗဟိုထိန်းချုပ်မှုများလွန်းနေပြီး အရပ်ဘက်အဖွဲ့အစည်းများ အပေါ်ကန့်သတ်မှုမှာလည်း များပြားလှပါသည်။ ထို့အပြင် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (အထူးသဖြင့် KNPP) သည် NCA တွင် ပါဝင်လက်မှတ်ထိုးထားမှု မရှိသေးခြင်းနှင့် ပြည်နယ်တွင်းနှင့် နယ်စပ်အခြေပြုအရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံး ပါဝင်နိုင်ရေးကို ထပ်မံတည်ဆောက်လိုခြင်း စသည့်အကြောင်းချက်များကြောင့် UPDJC ၏ လုပ်ငန်းကော်မတီထံ မူဝါဒအကြံပြုချက်စာတမ်းများ တင်ပြနိုင်ရေးအတွက် ကျင်းပခဲ့သော ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်များတွင် ကယားပြည်နယ်ကိုယ်စားပြုသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်တက်ရောက်ခဲ့ခြင်း မရှိပေ။ ထို့ကြောင့် ကျင်းပပြီးစီးခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အစည်းအဝေးများမှ ထွက်လာသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူများသည် ကရင်နီပြည်သူလူထု၏ သဘောထားဆန္ဒများကို ကိုယ်စားပြုမှု မရှိသလောက် နည်းနေသည်။

- **မြေ၊ သစ်တောနှင့် သဘာဝသယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ပြည်နယ်အစိုးရနှင့် ပြည်နယ်သားများ၏ လက်ထဲတွင်ထားရှိခြင်းဖြင့် ပြည်နယ်တို့၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ကို တိုးမြှင့်ပေးလိုခြင်း။** ပြည်နယ်အစိုးရသည် ပြည်သူနှင့် နီးစပ်မှုပိုရှိပြီး ပြည်သူ၏လိုအပ်ချက်များကို ပြည်ထောင်စုအစိုးရထက် ပိုသိနိုင်သောကြောင့် ပြည်နယ်အစိုးရ၏ မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များကို တိုးချဲ့ပေးသင့်သည်ဟုလည်းကောင်း၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ဆိုင်ရာ ဖက်ဒရယ်စံနှုန်းနှင့်အညီ လူထုကိုယ်တိုင် မိမိတို့၏ မြေယာ၊ သစ်တောနှင့် သယံဇာတများကို စီမံခန့်ခွဲသင့်သည်ဟုလည်းကောင်း တွေ့ဆုံမေးမြန်းခဲ့သော လူပုဂ္ဂိုလ်အားလုံးကဆန္ဒရှိကြသည်။ အထူးသဖြင့် ကရင်နီပြည်အတွင်းရှိ ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုတို့ကို ပြည်နယ်အစိုးရလက်ထဲတွင်ထားလိုကြသည်။ ခေတ်အဆက်ဆက်အုပ်ချုပ်ရေးစနစ်ဆိုးများကြောင့် ထွက်ပေါ်လာသော မြေယာပြဿနာများကို ထိရောက်စွာဖြေရှင်းပေးနိုင်ရန်အတွက် မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာဗဟိုချုပ်ကိုင်မှုကို များစွာဖြေလျှော့ပေးရန်လိုသည်ဟု ရှုမြင်ကြသည်။

# ၄.၃ မြန်မာနိုင်ငံ၏ ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်များ [၅၀]

## ၄.၃.၁ အဓိကအစိတ်အပိုင်းများ

ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ် ကျင့်သုံးကြရာတွင် ဒေသအလိုက်နှင့် လူမျိုးအလိုက် ကွဲပြားမှုရှိသည်ကို တွေ့ရသည်။ မတူညီသော ရေခံမြေခံနှင့် နောက်ခံသမိုင်းများကြောင့် ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်များ၏ မြေနယ်နိမိတ်ပိုင်းခြားသတ်မှုများ၊ မြေအသုံးချမှုပုံစံ၊ မြေယာအခွင့်အရေး၊ အခွန်အခနှင့် အကျိုးအမြတ်ခွဲဝေမှု၊ သဘာဝသယံဇာတထုတ်ယူသုံးစွဲမှုနှင့် မြေယာအငြင်းပွားမှု ဖြေရှင်းသည့်ပုံစံများအမျိုးမျိုးရှိနိုင်ပါသည်။ ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်၏ အဓိကျသော အစိတ်အပိုင်းအချို့တို့ကို အောက်တွင် ဖော်ပြထားပါသည်။

- **နယ်နိမိတ်ပိုင်းခြားသတ်မှတ်ခြင်း**

  ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်တွင် မြေယာနယ်နိမိတ်များကို (မြစ်ချောင်း၊ အင်းအိုင်၊ လျှိုမြောင်၊ ချိုင့်ဝှမ်း၊ တောင်ကုန်း၊ တောင်တန်း၊ သစ်ပင်၊ ဝါးပင်၊ သစ်ငုတ်၊ ကျောက်ဆောင် အစရှိသည့်) သဘာဝ အမှတ်အသားများနှင့် (ခြံစည်းရိုးကန်သင်းရိုး၊ သစ်တုံး၊ ကျောက်ပုံ၊ မှန်ထစ်၊ တူးမြောင်း အစရှိသည့်) လူလုပ်အမှတ်အသားများဖြင့် ပိုင်းခြားသတ်မှတ်ကြသည်။

- **မြေအသုံးချမှုပုံစံများ**

  ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်တွင် မြေအသုံးချမှုပုံစံ အမျိုးမျိုးရှိသည်။ လယ်မြေ၊ ယာမြေ၊ သစ်တောမြေ၊ ဥယျာဉ်ခြံမြေ၊ သချိုင်းမြေ၊ နတ်ကွန်းမြေ၊ အစရှိသည့် မြေကိုကိုးကွယ်ယုံကြည်မှုအတွက်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းအတွက်လည်းကောင်း၊ ရိုးရာယဉ်ကျေးမှုအတွက်လည်းကောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက်လည်းကောင်း ပုံစံအမျိုးမျိုးဖြင့် အသုံးချကြသည်။

- **မြေယာအခွင့်အရေးများ**
  - o **မြေပိုင်ဆိုင်ခွင့်** - မြေပိုင်ဆိုင်ခွင့်များကို တစ်ဦးချင်းပိုင်၊ အစုအဖွဲ့ပိုင်နှင့် ဘုံပိုင်ဟူ၍ သတ်မှတ်ခွဲခြားထားပြီး ပုဂ္ဂလိကပိုင်၊ မိသားစုပိုင်၊ လူမျိုးစု/မျိုးနွယ်စုပိုင်နှင့် ဘုံပိုင်ဆိုင်ခွင့်တို့ကို ဒေသခံလူထု သို့မဟုတ် ဌာနေလူထုအား ပေးထားလေ့ရှိသည်။ လယ်မြေ၊ ယာမြေနှင့် ဥယျာဉ်ခြံမြေများသည် ပုဂ္ဂလိကပိုင်မြေများဖြစ်ပြီး သစ်တောမြေ၊ စားကျက်မြေနှင့် ကိုးကွယ်ယုံကြည်မှုမြေများသည် ဘုံပိုင်မြေများ ဖြစ်သည်။ မြေပိုင်ဆိုင်မှုကို ဓလေ့ထုံးတမ်းအကြီးအကဲများ၊ ကျေးရွာရပ်မိရပ်ဖလူကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ကျေးရွာလူထုက အသိအမှတ်ပြုကြခြင်းဖြစ်ပြီး၊ များသောအားဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား မရှိပါ။ နောက်ပိုင်းတွင် အချို့ဒေသရှိ ပြည်သူများသည် မိမိတို့လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေများအတွက် နိုင်ငံတော်အစိုးရ အသိအမှတ်ပြုသည် လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် (ပုံစံ-၇) ကို လျှောက်ထားရယူပြီး၊ ထိုလက်မှတ်ကို မိမိတို့၏ မြေပိုင်ဆိုင်မှုအထောက်အထားအဖြစ် ထားရှိ လာကြသည်။
  - o **မြေယာလွှဲပြောင်းခွင့်** - မြေယာများကို ရောင်းဝယ်ခွင့်၊ ပေါင်နှံခွင့်၊ ဌားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် အမွေပေးခွင့် စသည့် မြေယာလွှဲပြောင်းခွင့်များကို ဒေသခံလူထု သို့မဟုတ် ဌာနေလူထုအား ပေးထားသော်လည်း မြေယာရောင်းချရာတွင် ကျေးရွာသားများကို ဦးစားပေးရောင်းချရန်နှင့် လူမျိုးခြားနှင့် ဘာသာခြားအချို့တို့ကို မရောင်းချကြရန် အမျိုးသားရေးအရ နှီးဆော်မှုများရှိသည်။
  - o **မြေယာအမွေဆက်ခံခွင့်** - ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်အချို့တွင် မြေယာအမွေကို သားနှင့် သမီး၊ အကြီး၊ အငယ်၊ အလတ် မခွဲခြားဘဲ မိဘကို သေသည်အထိ လုပ်ကျွေးပြုစု စောင့်ရှောက်သည့် သား သို့မဟုတ် သမီးကိုသာ အမွေပေးလေ့ရှိသည်။ အချို့သော ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်တွင် မြေယာအမွေကို သားကိုသာ ပေးလေ့

[၅၀] သက်ဆိုင်ရာ တိုင်းရင်းသား အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ထုတ်ဝေသော စာရွက်စာတမ်းများ၊ အစီရင်ခံစာများ၊ မြေယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများတွင် တင်ပြဆွေးနွေးသော အချက်အလက်များအပေါ် အခြေခံ၍ ကောက်နုတ်တင်ပြထားခြင်း ဖြစ်ပါသည်။

ရှိပြီး အကြီးဆုံး သို့မဟုတ် အငယ်ဆုံးသားကို ဦးစားပေးလေ့ရှိသည်။ ဥပမာ- ကယန်း (ကခေါင်း) လူမျိုး၊ နာဂ (ပိုညို) နှင့် အရှိချင်းလူမျိုးတို့သည် ၎င်းတို့၏ ဓလေ့ထုံးတမ်းများအရ သားများကိုသာ မြေယာအမွေပေးလေ့ရှိပြီး သားမရှိသည့်တိုင် သမီးများသည် အမွေဆက်ခံခွင့်မရှိကြပေ။


- **သီးနှံစိုက်ပျိုးလုပ်ကိုင်ခွင့်** - ဓလေ့ထုံးတမ်းအရ မိမိပိုင်သည့်မြေပေါ်တွင် မိမိကြိုက်နှစ်သက်ရာ သီးနှံများကို စိုက်ပျိုးနိုင်သည်။ များသောအားဖြင့် မြေယာဆိုင်ရာ အခွန်အခနှင့် အကျိုးအမြတ်များကို ပေးဆောင်ရန် မလိုပါ။
- **သယံဇာတထုတ်ယူသုံးစွဲခွင့်** - မြေပေါ်မြေအောက်ရှိ သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲခွင့်နှင့် ပတ်သက်၍ စည်းကမ်းသတ်မှတ်ချက်များ ထားရှိသည်။ ရေထွက်ဇရိယာနှင့် ထိန်းသိမ်းထားသော သစ်တောမြေများတွင် သစ်ခုတ်ခြင်း၊ တောင်ယာချဲ့ထွင်ခြင်းနှင့် သဘာဝသယံဇာတထုတ်ယူမှုများကို ကန့်သတ်လေ့ရှိသည်။ ဘုံပိုင်သစ်တောများမှ ထင်းနှင့် သစ်များကို မိသားစုသုံးစွဲရန်အတွက်သာ ထုတ်ယူခွင့်ရှိပြီး စီးပွားဖြစ်ထုတ်ယူသုံးစွဲခွင့် မပြုပါ။

- **မြေယာအငြင်းပွားမှုများကို ဖြေရှင်းခြင်း**

ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်များတွင် မြေယာအငြင်းပွားမှုများကို ကျေးရွာမှ ခန့်အပ်ထားသည့် ရာအိမ်မှူးနှင့် ရပ်မိရပ်ဖများက ညှိနှိုင်းဖြေရှင်းပေးလေ့ရှိသည်။ ကျေးရွာနယ်နိမိတ် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဘက်မှ ဓလေ့ထုံးတမ်းအကြီးအကဲများ၊ ကျေးရွာရပ်မိရပ်ဖ လူကြီးများနှင့် ကျေးရွာအုပ်ချုပ်ရေး အကြီးအကဲများက ဝိုင်းဝန်းညှိနှိုင်းဖြေရှင်းပေးသည်။ .0

## ၄.၃.၂ အားသာချက်နှင့် အားနည်းချက်များ

ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်တစ်ခုတွင် ဒေသခံလူထုနှင့် ဌာနေလူမျိုးစုတို့၏ အကျိုးစီးပွားကို ရေးရှုသော အစဉ်အလာ ရိုးရာဓလေ့များကြောင့် အားသာချက်များရှိသကဲ့သို့ ခေတ်နှင့် မလျော်ညီတော့သည့် ထုံးတမ်းဓလေ့အချို့ကြောင့် ဝေဖန်ထောက်ပြစရာ အားနည်းချက်များလည်း ရှိနေတတ်သည်။ အထက်တွင် ဖော်ပြထားသော ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်၏ အစိတ်အပိုင်းများကို အခြေခံပြီး ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်၏ အားသာချက်နှင့် အားနည်းချက်အချို့ကို လူမှုရေး၊ နိုင်ငံရေးနှင့် သဘာဝပတ်ဝန်းကျင် ရှုထောင့်များမှ သုံးသပ်တင်ပြသွားပါမည်။


REVENUE
L. B. Land 116.

FORM No. XLVI.

NOTICE OF FINAL ALLOTMENT FOR TAUNGYA CULTIVATION (RULE 56).

Notice is hereby given that the land situated in Kawludo (circles) Papun township Salween district, measuring 717.59 acres, or thereabouts, shown in the plan attached and bounded as follows;—

North— Selawklo
South— Pelawklo
East— Selawklo
West— By pathway from Kedo to Baw-ido and all where it meets Selawklo

is henceforward allotted for the purpose of taungya cultivation to ... residents ... village(s) Papun township, and is strictly reserved for the use of the taungya-cultivators of this family. No grants will be given to outsiders and no squatting by outsiders will be permitted within the above area. The members of the above-mentioned family may transfer their rights in this area to any other member of the same family but not to any other person. The transfer of any interest in this land to a person not a member of the family shall be null and void.

Date 24th July ...

Signature of Deputy Commissioner, Salween District

*ဗြိတိသျှအစိုးရလက်ထက် ထုတ်ပေးခဲ့သော တောင်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်တစ်ခု (ဓာတ်ပုံ - KAD)*

အားသာချက်အနေဖြင့် ပထမတစ်ချက်မှာ ဒေသခံပြည်သူလူထုသည် မြေပိုင်ဆိုင်ခွင့်အပြင် မြေများကို ရောင်းဝယ်၊ ပေါင်နှံ၊ ငှားရမ်းနှင့် အမွေပေးနိုင်သည့် မြေလွှဲပြောင်းပိုင်ခွင့်များရှိပြီး ဒေသခံမဟုတ်သူများ၏ မြေပိုင်ဆိုင်ခွင့်ကို ကန့်သတ်ပိတ်ပင်ထားလေ့ရှိသဖြင့် ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှု စနစ်များသည် ဒေသခံလူထု၊ အထူးသဖြင့် ဌာနေလူထုတို့၏ မြေယာလုံခြုံမှုကို များစွာအလေးထားသည်။ ဒုတိယအချက်အနေဖြင့် ပုဂ္ဂလိကပိုင်နှင့် လူမျိုးစုပိုင်မြေများတွင် နှစ်သက်ရာသီးနှံများကို စိုက်ပျိုးခွင့်ရှိပြီး ဒေသခံလူထု၏ လွတ်လပ်စွာစိုက်ပျိုးပိုင်ခွင့်ကို ကန့်သတ်ချုပ်ချယ်မှု မရှိပေ။ စားဝတ်နေရေးအတွက် သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းထက် ရာသီအလိုက်တစ်နိုင်တစ်ပိုင်သီးနှံမျိုးစုံစိုက်ပျိုးမှုကိုခွင့်ပြုထားသဖြင့်ဒေသထွက်သီးနှံစုံလင်မှုကိုထိန်းသိမ်းကာကွယ်ရာရောက်သည့်အပြင် ဒေသခံတို့၏ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရမျှတမှုအတွက် အထောက်အကူဖြစ်စေသည်။ တတိယအချက်မှာ ဓလေ့ထုံးတမ်းမြေယာ စီမံခန့်ခွဲမှုစနစ်တွင် မြေယာအသုံးချမှုပုံစံ အမျိုးမျိုးရှိပြီး စီပွားဖြစ်အလွန်အကျွံထုတ်ယူသုံးစွဲမှုမျိုး မဟုတ်ဘဲ မိသားစုစားဝတ်နေရေးအတွက် ကန့်သတ်ချက်များဖြင့်သာ ထုတ်ယူ သုံးစွဲခွင့်ပြုထားသဖြင့် ကြီးမားသောပြင်ပသက်ရောက်မှုတစ်စုံတစ်ရာ မရှိလျှင် ထိုသို့သော ထုတ်ယူ သုံးစွဲမှုများသည် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို အထောက်အကူပြု ထိန်းပေးနိုင်သည်။


တောင်ယာသီးနှံအချို့ (Photo by ENAC)

စတုတ္ထအချက်မှာ ဓလေ့ထုံးတမ်းမြေများသည် သက်ဆိုင်ရာဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ သမိုင်းကြောင်းများနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ဒေသန္တရအသိပညာများနှင့် သီးခြားဝိသေသ အမှတ်လက္ခဏာများ ရှင်သန်ဖြစ်တည်မှုနှင့် များစွာဆက်နွယ်မှုရှိသည်။ ပထဝီမြေအနေအထားနှင့် ရာသီဥတု အခြေအနေပေါ်မူတည်ပြီး ဘိုးစဉ်ဘောင်ဆက် တည်ဆောက်လာသည့် မြေယာဆိုင်ရာ ဒေသန္တရအသိပညာများ၊ ဓလေ့ထုံးတမ်းများနှင့် ရိုးရာယဉ်ကျေးမှုများသည် တိုင်းရင်းသားလူမျိုးများ၏ ဝိသေသ အမှတ် လက္ခဏာတစ်ခု ဖြစ်သည်။ ခေတ်နှင့် မလျော်ညီသည့် ဓလေ့ထုံးတမ်းအချို့ကျင့်သုံးမှု တဖြည်းဖြည်းပျောက်ကွယ်နေမှုသည် လက်ခံနိုင်စရာရှိသော်လည်း တိုင်းရင်းသားလူမျိုးတို့၏ အမှတ်လက္ခဏာများ မကွယ်ပျောက်သွားရေးအတွက် ခေတ်နှင့်လျော်ညီသော ဓလေ့ထုံးတမ်းများကို ဆက်လက်ထိန်းသိမ်းကာကွယ်သွားရန် အထူးလိုအပ်နေသည်။ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှုနှင့် လိုက်လျောညီထွေသည့် မြေအသုံးချမှုနှင့် သဘာဝသယံဇာတထုတ်ယူသုံးစွဲမှုဓလေ့များကို ကာကွယ်ထိန်းသိမ်းမြှင့်တင်သွားရန်လိုပါသည်။

နောက်ဆုံးအချက်မှာ ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်သည် ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ဖက်ဒရယ်စနစ်အရ လူထုသည် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် တစ်စုံတစ်ရာ ရှိရမည်ဖြစ်သည်။ ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်တွင် မြေယာစီမံခန့်ခွဲမှုအာဏာကို လူထုနှင့်အနီးဆုံး ဖြစ်သည့်လူထုက ရွေးကောက်တင်မြှောက်ထားသည့် ဓလေ့ထုံးတမ်းအကြီးအကဲများ သို့မဟုတ် ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးအကြီး အကဲများအားအပ်နှင်းထားသဖြင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိသည့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အခွင့်အလမ်းများကို ရယူကျင့်သုံးခွင့်ရရှိစေပါသည်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိသဖြင့် ပဋိပက္ခဖြစ်ပွားမှုကို လျော့နည်းစေနိုင်ပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်သွားနိုင်သည်။

အခြားတစ်ဘက်တွင် ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်များနှင့် ပတ်သက်၍ ခေတ်ကာလနှင့် မလျော်ညီတော့သည့် ဓလေ့ထုံးတမ်းများအပေါ် ဝေဖန်ထောက်ပြမှုအမျိုးမျိုးရှိနေသည်။ ပထမအချက်မှာ မြေယာပိုင်ဆိုင်မှုအခွင့်အရေးဖြစ်သည်။ အချို့သော ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်များတွင် အမျိုးသမီးများသည် မြေယာပိုင်ဆိုင်ခွင့် မရှိပေ။ မိဘများသည် ဓလေ့ထုံးတမ်းအရ မြေယာအမွေများကို သားများကိုသာပေးလေ့ရှိပြီး သမီးများကို ပေးလေ့မရှိပါ။ ထိုဓလေ့သည် ယနေ့ခေတ် လူ့အခွင့်အရေးရှုထောင့်အရ ကြည့်လျှင် ကျား-မတန်းတူခွင့် အခွင့်အရေးနှင့် ပဋိပက္ခဖြစ်နေသည်။ ထိုဓလေ့ကို အမျိုးသမီးအချို့က အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုတစ်ခုအဖြစ် မရှုမြင်ဘဲ မိမိတို့၏ဓလေ့ထုံးတမ်းကို မိမိတို့၏ ဆန္ဒအလျောက် လက်ခံသည့်တိုင် အခြားသော အမျိုးသမီးများနှင့် လူအခွင့်အရေးတက်ကြွလှုပ်ရှားသူ အချို့တို့က အဆိုပါအမျိုးသား သို့မဟုတ် သားဦးစားပေး မြေယာအမွေပေးသည့် ဓလေ့များအပေါ် မေးခွန်းထုတ်လာကြသည်။ မြေယာသည် အမျိုးသမီးများအတွက် စီးပွားရေးအရင်းအမြစ်တစ်ခုဖြစ်နိုင်သဖြင့် အချို့သော ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်တွင် ကျား-မတန်းတူညီမျှမှုရှိရေးအတွက်  ဆွေးနွေးငြင်းခုန်မှုများနှင့် တောင်းဆိုမှုများ ရှိလာသည်။

ဒုတိယအချက်မှာ ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်တွင် မြေယာအသုံးချမှုပုံစံတစ်ခုဖြစ်သည့်  ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေး သို့မဟုတ် အလှည့်ကျစိုက်ပျိုးရေးဖြစ်သည်။ စပါး သို့မဟုတ် အခြား သီးနှံစိုက်ပျိုးမည့် တောင်ယာခင်းများအတွက် သစ်ပင်ခြုံနွယ်များကို ခုတ်ထွင်ရှင်းလင်းပြီး မီးရှို့မှုများ ပြုလုပ်ရသဖြင့် သစ်တောပြုန်းတီးမှုများ ဖြစ်စေသည်ဟု ဝေဖန်ထောက်ပြကြသည်။ ပထဝီမြေအနေအထားနှင့် ရာသီဥတုအခြေအနေအရ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးကို အဓိကအခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုကြသည့် ဒေသခံလူထုတို့သည် မိမိတို့၏ တောင်ယာခင်းများကို ၅ နှစ်မှ ၇ နှစ်ခြားပြီး ပြောင်းရွှေ့ စိုက်ပျိုးလေ့ရှိကြသဖြင့် သစ်ပင်များပြန်လည်ရှင်သန်ကြီးထွားရေးကို ထည့်သွင်းစဉ်းစားခဲ့သည်။ သို့ရာတွင် ယနေ့ခေတ်တွင်  လူဦးရေတိုးပွားလာမှု၊ ပြည်တွင်းစစ်ဖြစ်ပွားမှုနှင့် အခြားပြောင်းလဲမှုများကြောင့် တောင်ယာများကို ၃ နှစ်ခြား စိုက်ပျိုးလုပ်ကိုင်လာကြသဖြင့် သစ်တောပြန်လည်ဖြစ်ထွန်းမှုကို အဟန့်အတားဖြစ်စေပြီး သစ်တောနှင့် မြေဆီလွှာပြုန်းတီးမှုကို ဖြစ်စေသည်ဟု အစိုးရအာဏာပိုင်နှင့် သဘာဝပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူအချို့က ရှုမြင်လာကြသည်။



*ကယားပြည်နယ်အတွင်းရှိ ရွှေ့ပြောင်းတောင်ယာခင်းတစ်ခုကို မီးရှို့နေစဉ် (၂၀၁၉ ခုနှစ်) (Photo by ENAC)*

တတိယအချက်မှာ ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်တွင် မြေယာအငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းမှုပုံစံများ ဖြစ်သည်။ ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်အရ မြေယာအငြင်းပွားမှုများကို ဖြေရှင်းရာတွင် ဓလေ့ထုံးတမ်းအကြီးအကဲများ၊ ကျေးရွာရပ်မိရပ်ဖများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များက စုပေါင်းဆုံးဖြတ်လေ့ ရှိကြသော်လည်း ထိုဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ တစ်ဘက်ဘက်က မကျေနပ်ပါက အယူခံတက်ပိုင်ခွင့်မရှိသည့် အခြေအနေမျိုးတွင် မြေယာအငြင်းပွားမှုဖြေရှင်း ဆုံးဖြတ်ချက်များ၏ တရားမျှတမှုကို မေးခွန်းထုတ်နိုင်သည်။ ဥပမာ- မြေယာနယ်နိမိတ်များကို သဘာဝအမှတ်အသားများဖြင့် ပိုင်းခြားသတ်မှတ်ထားကြသည် ဖြစ်၍ ထိုအမှတ်အသားအပြောင်းအလဲများနှင့်ဆိုင်သည့် မြေယာနယ်နိမိတ်အငြင်းပွားမှုတစ်ခုခုတွင် ရှေ့မီနောက်မီ ရပ်မိရပ်ဖလူကြီးများက မိမိတို့၏ ဩဇာအရှိန်အဝါကို အလွဲသုံးစားကာ ဘက်လိုက်သည့် ဆုံးဖြတ်ချက်များ ချနိုင်သည်။ သို့မဟုတ် မြေနယ်နိမိတ်အငြင်းပွားမှုများကို မိရိုးဖလာအရ ကိုးကွယ်ယုံကြည်သည့် ရိုးရာနတ်များအား ပူဇော်ပသခြင်းဖြင့်ဖြေရှင်းသည့် အခါမျိုးတွင် အငြင်းပွားဖွယ်ဖြစ်စေနိုင်သည်။ ထို့ကြောင့် တရားမျှတမှုကိုထိပါးနိုင်သည့် မြေယာပြဿနာဖြေရှင်းမှု ဓလေ့ထုံးတမ်းအချို့ကို ပြန်လည်သုံးသပ်ရန်နှင့် ဖျက်သိမ်းသင့်သည်များကိုဖျက်သိမ်းရန် ဆွေးနွေးငြင်းခုန် လာကြသည်။

စတုတ္ထအချက်မှာ ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်များတွင် မြေယာပိုင်ဆိုင်မှုဆိုင်ရာ သက်သေအထောက်အထား ဖြစ်သည်။ တစ်ဦးချင်းပိုင်၊ အစုအဖွဲ့ပိုင်နှင့် ဘုံပိုင်မြေများကို ရှေ့မီနောက်မီ ရပ်မိရပ်ဖများနှင့် ကျေးရွာလူထုတို့က အသိမှတ်ပြုထားသည့် လူမှုရေးအရတရားဝင်မှုရှိသော်လည်း များသောအားဖြင့် စာရွက်စာတမ်းအထောက်ထားများဖြင့် ပိုင်ဆိုင်မှုကိုအသိအမှတ်ပြုထားသည့် ဥပဒေအရတရားဝင်မှုမရှိကြပေ။ ဓလေ့ထုံးတမ်းမြေယာအသုံးချမှုများကို စနစ်တကျမှတ်တမ်းတင်ထားခြင်း မရှိသဖြင့် ဓလေ့ထုံးတမ်းမြေယာများကို နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ်/နှင့် နိုင်ငံတော်၏ မြေယာဆိုင်ရာဥပဒေများတွင် အတိအလင်း တရားဝင်အသိအမှတ်ပြုထားခြင်းနှင့် အကာအကွယ်ပေးထားခြင်း မရှိလျှင် နိုင်ငံတော်အစိုးရကလည်းကောင်း၊ ဥပဒေအားနည်းချက်ကို အခွင့်ကောင်းယူနိုင်သည့် ငွေရှင်ကြေးရှင်၊ ဓနရှင်များကလည်းကောင်း ဓလေ့ထုံးတမ်းမြေများကို အချိန်မရွေး သိမ်းယူ၊ ရယူနိုင်သောကြောင့် ဓလေ့ထုံးတမ်းမြေယာများသည် မြေယာလုံခြုံမှုအန္တရာယ် ရှိနိုင်သည်။ မြေယာ လုံခြုံမှုအာမခံချက်မရှိသောကြောင့် ဒေသခံလူထုနှင့် ဌာနေလူထုတို့၏ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာသည့် မြေယာအမွေအနှစ်များ ဆုံးရှုံးသွားနိုင်သည့် အန္တရာယ်လည်း ရှိသည်။

အခန်း (၅)

# နိုင်ငံတကာ မြေစီမံအုပ်ချုပ်မှုစနစ်များ

## ၅.၁ ဖက်ဒရယ်နိုင်ငံအချို့၏ မြေစီမံအုပ်ချုပ်မှုစနစ်များ

### ၅.၁.၁ အမေရိကန်ပြည်ထောင်စု (the United States of America)




အမေရိကန်ပြည်ထောင်စုသည် ပြည်နယ် (၅၀) ခုဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ဖက်ဒရယ်နိုင်ငံတစ်ခု ဖြစ်သည်။ ဖက်ဒရယ်နိုင်ငံဖြစ်သည့်အလျောက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများ("enumerated powers")၊ ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများ ("reserved powers") နှင့် ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရနှစ်ရပ်လုံးက ဥပဒေပြုနိုင်သည့် ထပ်တူပြုအာဏာများ ("concurrent powers") ကို သီးခြားစီပြဋ္ဌာန်းထားသည်။ အဆိုပါလုပ်ပိုင်ခွင့်အာဏာများတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားရေးစီရင်ရေးအာဏာတို့ ပါဝင်သည်။[၅၁] ဖက်ဒရယ်အစိုးရသည် ပြည်နယ်အစိုးရ၏ သီးခြားလုပ်ပိုင်ခွင့်အာဏာများကို တိုက်ရိုက်ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိသော်လည်း သွယ်ဝိုက်အားဖြင့် လွှမ်းမိုးနိုင်သည်။ ပြည်နယ်

[၅၁] ဖက်ဒရယ်စနစ်စတင်ကျင့်သုံးသည့် အစောပိုင်းနှစ်များတွင် ဖက်ဒရယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာနှင့် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာတို့သည် အလွန်ရှင်းလင်းတိကျသည်။ ပြည်နယ်များသည် မိမိတို့၏ ပြည်နယ်အတွင်းရှိ ပြည်နယ်အရေးကိစ္စများကို စီမံအုပ်ချုပ်ပြီး ဖက်ဒရယ်အစိုးရသည် နိုင်ငံတော်နှင့် နိုင်ငံတကာကိစ္စများကို စီမံအုပ်ချုပ်သည်။ သို့ရာတွင် ပြည်တွင်းစစ်ဖြစ်ပွားခဲ့သော ၁၈၆၀ ခုနှစ်များမှစ၍ ဖက်ဒရယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာသည် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများနှင့် ထပ်နေပြီး ရောယှက်လာသည်။

များသည် ၎င်းတို့၏ လုပ်ငန်းတာဝန်အချို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖက်ဒရယ်အစိုးရ၏ ငွေကြေးအထောက်အပံ့ကို ရယူလိုပါက ဖက်ဒရယ်အစိုးရက ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန်လိုအပ်သည်။ ဥပမာ - အမေရိကန်နိုင်ငံ၏ ၁၉၈၄ ခုနှစ်၊ အမျိုးသား အရက်သောက်သုံးခွင့် အနည်းဆုံးအသက်အရွယ်ဆိုင်ရာ အက်ဥပဒေ (the National Minimum Drinking Act)ကို ပြဋ္ဌာန်းခဲ့စဉ်က ပြည်နယ်များသည် ဖက်ဒရယ်အစိုးရ၏ ဖက်ဒရယ်ဟိုင်းဝေးလမ်းရန်ပုံငွေကို အပြည့်အဝရယူလိုပါက ပြည်နယ်ဥပဒေတွင် အရက်ဝယ်ယူသောက်သုံးခွင့်အနည်းဆုံး အသက်အရွယ်ကို (၂၁) နှစ် သတ်မှတ်ရမည် ဖြစ်သည်။[၅၂]

အမေရိကန်နိုင်ငံတွင် ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသန္တရအစိုးရအဖွဲ့များအကြား မြေနှင့် သယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ သမိုင်းတစ်လျှောက် ပြောင်းလဲတိုးတက်မှုများသည် ယနေ့မြေယာစနစ်ပြုပြင်ပြောင်းလဲမှုအတွက် ဆင်ခြင်စဉ်းစားစရာ အချက်အလက်များစွာ ပေးနိုင်ပါသည်။ ထို့ကြောင့် အောက်တွင် အမေရိကန်နိုင်ငံ၏ မြေအုပ်ချုပ်မှုစနစ်ကို ခြုံငုံနားလည်နိုင်ရန် အမေရိကန်ပြည်ထောင်စု၏ မြေအုပ်ချုပ်မှုစနစ်ကို ရှုထောင့် အမျိုးမျိုး(ပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲခွင့်၊ မြေအသုံးချမှုပုံစံများ၊ ဖက်ဒရယ်နှင့် ပြည်နယ်အစိုးရတို့၏ မြေစီမံအုပ်ချုပ်မှုတို့ကို နှိုင်းယှဉ်ခြင်း၊ ဌာနေလူမျိုးတို့၏ မြေနှင့်သယံဇာတအခွင့်အရေး) တို့မှ ချဉ်းကပ်လေ့လာ ဖော်ပြအပ်ပါသည်။

## မြေအုပ်ချုပ်မှုစနစ် - ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှု [၅၃]

အမေရိကန်နိုင်ငံ၏ မြေ၊ သစ်တောနှင့် သယံဇာတဆိုင်ရာ အုပ်ချုပ်မှုစနစ်သည် မြေပိုင်ဆိုင်မှုနှင့် များစွာချိတ်ဆက်နေသည်။ နိုင်ငံအတွင်းရှိ မြေပိုင်ဆိုင်မှုများကို ပုဂ္ဂလိကပိုင်မြေ (Private Lands)၊ ဖက်ဒရယ်မြေ (Federal Lands) ၊ ပြည်နယ်နှင့် ဒေသန္တရမြေ (State and Local lands) နှင့် ဌာနေလူမျိုး မြေ (Indian Lands) ဟူ၍ အဓိကအားဖြင့် (၄) မျိုး ခွဲခြားနိုင်သည်။ (စာကွက် ၁၇ ရှု) ထို့ပြင် ပင်လယ်သမုဒ္ဒရာအောက် နစ်မြုပ်နေသောမြေများကို ပြည်နယ်အစိုးရပိုင်မြေနှင့် ဖက်ဒရယ်အစိုးရပိုင်မြေဟူ၍ (၂) မျိုး ခွဲခြားထားသည်။ မြေနှင့်ဆက်စပ်လျက်ရှိသော သဘာဝသယံဇာတများနှင့်ပတ်သက်၍ ပုဂ္ဂလိက၊ ကော်ပိုရေးရှင်း၊ ဖက်ဒရယ်၊ ပြည်နယ်၊ ဒေသန္တရနှင့် မျိုးနွယ်စုအစိုးရတို့သည် မြေနှင့် မြေအောက်ရှိ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီး သွေးနှင့် အခြားသော သတ္တုများကို ပိုင်ဆိုင်နိုင်သည်။ တစ်ခါတစ်ရံတွင် မြေပေါ်သယံဇာတပိုင်ရှင်နှင့် မြေအောက်သယံဇာတပိုင်ရှင်တို့ မတူသည့် ပိုင်ဆိုင်မှုမျိုး (split ownership or split estate) လည်း ရှိသည်။ အမေရိကန်နိုင်ငံတွင် မြေ (၅၇) မီလျံဧကအောက်ရှိ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးနှင့် အခြား ဓာတ်သတ္တုများကို ဖက်ဒရယ်အစိုးရကပိုင်ဆိုင်ပြီး အဆိုပါမြေနှင့် မြေပေါ်သယံဇာတများကို နိုင်ငံသားများ သို့မဟုတ် ကော်ပိုရေးရှင်းများက အများစုပိုင်ဆိုင်ကြသည်။ ထို့အပြင် ကမ်းရိုးတမ်းပြင်ပတွင် တွေ့ရှိသော သယံဇာတများနှင့်ပတ်သက်၍ ပြည်နယ်ကမ်းရိုးတမ်းမှ ပင်လယ်ရေမိုင် (၃) မိုင် အကွာအဝေးအတွင်းရှိ သယံဇာတများကို ပြည်နယ်က ပိုင်ဆိုင်ပြီး ထို (၃) မိုင်အကွာမှ မိုင် (၂၀၀) အတွင်းရှိ သယံဇာတများကို ဖက်ဒရယ်အစိုးရက ပိုင်ဆိုင်သည်။

---

[၅၂] အရက်ဝယ်ယူခွင့်နှင့်သောက်သုံးခွင့်ရှိသည့် အသက်အရွယ်သတ်မှတ်မှုသည် ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာဖြစ်သည်။ ၎င်းကို သက်ဆိုင်ရာပြည်နယ်များက ဥပဒေပြုရသည်။ သို့ရာတွင် ဖက်ဒရယ်အစိုးရသည် ပြည်နယ်များအား ထောက်ပံ့ငွေပေးအပ်ရာတွင် တစ်ခါတစ်ရံ၌ ပြည်နယ်ဥပဒေများအပေါ် လွှမ်းမိုးနိုင်သည့် သတ်မှတ်ချက်များ ချမှတ်နိုင်သည်။ ဥပမာ - ပြည်နယ်တစ်ခုအတွင်းရှိ လမ်းများကိုပြုပြင်ရန် ရန်ပုံငွေများကို ဖက်ဒရယ်ဟိုင်းဝေးလမ်းရန်ပုံငွေအား လျှောက်ယူနိုင်သော်လည်း ဖက်ဒရယ်အစိုးရက ထိုရန်ပုံငွေကို ၁၉၈၄ ခုနှစ် အရက်ဝယ်ယူသောက်သုံးခွင့် အနည်းဆုံးအသက်အရွယ်ဆိုင်ရာ အက်ဥပဒေ (ထိုဥပဒေအရ အနည်းဆုံးအသက်အရွယ်မှာ ၂၁ နှစ် ဖြစ်သည်) နှင့်ချိတ်ထားပြီး ထိုဥပဒေကိုလိုက်နာမှသာ (ပြည်နယ်ဥပဒေတွင်ပြဋ္ဌာန်းမှသာ) ပြည်နယ်များလိုအပ်သော ရန်ပုံငွေများကိုချပေးသည်။

[၅၃] https://revenuedata.doi.gov/how-it-works/ownership/

**စာကွက် (၁၇)**

### အမေရိကန်နိုင်ငံရှိ မြေပိုင်ဆိုင်မှု (Land ownership in the US)

**ပုဂ္ဂလိကပိုင်မြေ (Private Lands)** သည် ပုဂ္ဂလိကနိုင်ငံသားများနှင့် ကော်ပိုရေးရှင်းများက ပိုင်ဆိုင်သော မြေ ဖြစ်သည်။

**ဖက်ဒရယ်မြေ (Federal Lands)** သည် ဖက်ဒရယ်အစိုးရကပိုင်ဆိုင်သော မြေဖြစ်ပြီး ထိုမြေများကို စာချုပ်၊ ဝယ်ယူမှု သို့မဟုတ် အောင်နိုင်မှုမှတစ်ဆင့် ပေးအပ်လာသော အများပိုင်မြေများ၊ ဝယ်ယူမှု၊ ပေးအပ်မှု၊ လဲလှယ်မှု သို့မဟုတ် စီရင်ချက်မှတစ်ဆင့် လွှဲပြောင်းမှုမှရရှိလာသော မြေများ၊ စစ်ဘက်ဆိုင်ရာ သိမ်းဆည်းမှုဥပဒေဖြင့် ဖက်ဒရယ်အစိုးရက ဝယ်ယူထားသော စစ်တပ်မြေများ၊ ပြည်နယ်ကမ်းရိုးတမ်းမှ (၃) မိုင်အကွာမှ စတင်သည့် နစ်မြုပ်နေသောမြေများ ပါဝင်သည်။

**ပြည်နယ်နှင့်ဒေသန္တရမြေ (State and local lands)** သည် ပြည်နယ်နှင့်ဒေသန္တရအစိုးရများက ပိုင်ဆိုင်သော မြေများဖြစ်ပြီး ပြည်နယ်တစ်ခုခုကပိုင်ဆိုင်သည့် မြေများ၊ ပြည်နယ်ကမ်းရိုးတမ်းမှ (၃) မိုင်အကွာ အဝေးအတွင်းရှိ နစ်မြုပ်မြေများ၊ ကောင်းတီး (county) ကဲ့သို့သော ဒေသန္တရအစိုးရကပိုင်ဆိုင်သည့် မြေများပါဝင်သည်။

*ရင်းမြစ်* ။ ။ https://revenuedata.doi.gov/how-it-works/ownership/

အမေရိကန်ပြည်ထောင်စု စတင်ဖွဲ့စည်းချိန်တွင် ဖက်ဒရယ်အစိုးရသည် မြေပိုင်ဆိုင်မှု မရှိခဲ့ပေ။ အမေရိကန်နိုင်ငံ၏ မူလ ပြည်နယ် (၁၃) ခုက ဗဟို/ဖက်ဒရယ်အစိုးရအား ၎င်းတို့၏ (နိုင်ငံအနောက်ဘက်ခြမ်းရှိ) မြေ ၄၀% ကျော်ကိုပေးအပ်ခဲ့သည့် ၁၇၈၁- ၁၈၀၂ ကာလအတွင်း ဖက်ဒရယ်အစိုးရ၏ မြေပိုင်ဆိုင်မှုစတင်ခဲ့သည်။ နောက်ပိုင်း၌ ထိုမြေများတွင် ပြည်နယ်အသစ်များ ပေါ်ထွက်လာသည်။ ဖက်ဒရယ်အစိုးရသည် ပြည်နယ်များမှပေးအပ်သော မြေများအပြင် ဖက်ဒရယ်မြေအချို့ကို ပြည်ပနိုင်ငံများထံမှ ဝယ်ယူခြင်းဖြင့်လည်းကောင်း၊ နစ်နိုင်ငံစာချုပ်ချုပ်ဆိုမှုများမှလည်းကောင်း ရယူပိုင်ဆိုင်လာခဲ့သည်။[၅၄] လက်ရှိတွင် ဖယ်ဒရယ်အစိုးရသည် ယေဘုယျအားဖြင့် မြေဧကစုစုပေါင်း ၆၄၀ မီလျံ (နိုင်ငံ၏ စုစုပေါင်းမြေဧက ၂.၂ ဘီလျံ၏ ၂၈ ရာခိုင်နှုန်းခန့်) ကို ပိုင်ဆိုင်သည်။ ပြည်နယ်တိုင်းတွင် ဖက်ဒရယ်အစိုးရပိုင်သည့် မြေများရှိသော်လည်း ဖက်ဒရယ်မြေအများစုသည် နိုင်ငံ၏ အနောက်ဘက်ခြမ်းရှိ ပြည်နယ်များတွင်တည်ရှိသည်။ မြေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်အစိုးရ၏ ကျယ်ပြန့်သော လုပ်ပိုင်ခွင့်အာဏာများကို ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံ၏ ပြဋ္ဌာန်းချက်တစ်ခု (ပုဒ်မ-၄၊ အပိုင်း-၃၊ အပိုဒ်-၂) ဖြစ်သော ပစ္စည်းပိုင်ဆိုင်မှု စကားစု (the Property Clause) အရ ကွန်ဂရက် (ဖက်ဒရယ်ဥပဒေပြုရေးအဖွဲ့/ ပြည်ထောင်စုလွှတ်တော်) သည် အမေရိကန်နိုင်ငံ၏ ပိုင်နက်နယ်မြေများနှင့် အခြားပစ္စည်းပိုင်ဆိုင်မှုများကို စွန့်လွှတ်ပိုင်ခွင့်နှင့် လိုအပ်သော စည်းမျဉ်းစည်းကမ်းများအားလုံးကို ချမှတ်ပိုင်ခွင့်ရှိသည်။ ထိုပြဋ္ဌာန်းချက်သည် ကွန်ဂရက်အား ဖက်ဒရယ်မြေများကို စီမံခန့်ခွဲပိုင်ခွင့်နှင့် စွန့်လွှတ်ပိုင်ခွင့်တို့ကို ပေးအပ်ထားခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံ၏ တရားလွှတ်တော်ချုပ် (the Supreme Court) ကလည်း အစိုးရပိုင်မြေ (public lands) နှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ကွန်ဂရက်အား အကန့်အသတ်မရှိ (without limitations) သတ်မှတ်ပိုင်ခွင့်ပေးထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်တစ်ခု (ပုဒ်မ-၆၊ အပိုဒ် -၂) ဖြစ်သော ကြီးစိုးခွင့်ဟူသည့် စကားစု (the Supremacy Clause) အရ ဖက်ဒရယ်မြေများကို စီမံအုပ်ချုပ်ရာတွင် ဖက်ဒရယ်ဥပဒေနှင့် ပြည်နယ်ဥပဒေများအကြား ပဋိပက္ခဖြစ်လျှင် ဖက်ဒရယ်ဥပဒေသည် ပြည်နယ်ဥပဒေအပေါ် လွှမ်းမိုးပိုင်ခွင့်ကို ပေးအပ်ထားသည်။

ဖက်ဒရယ်အစိုးရ၏ မြေများကို ဖက်ဒရယ်အစိုးရအပြင် ပြည်နယ်နှင့် ဒေသန္တရအစိုးရတို့ကလည်း စီမံအုပ်ချုပ်သည်။ သို့ရာတွင် ဖက်ဒရယ်မြေ၏ (၉၅) ရာခိုင်နှုန်းခန့်ကို ဖက်ဒရယ်အစိုးရဌာန (၄) ခုက စီမံ အုပ်ချုပ်သည်။ (စာကွက် ၁၈ ရှု) ထိုဌာနများမှာ ပြည်ထဲရေးဌာန (DOI) အောက်ရှိ မြေစီမံခန့်ခွဲရေးဌာန (BLM)၊ ငါးနှင့် သားရဲ တိရိစ္ဆာန်လုပ်ငန်းဌာန (FWS)နှင့် အမျိုးသားဥယျာဉ်

[၅၄] ဖက်ဒရယ်အစိုးရသည် ၁၈၀၃ ခုနှစ်တွင် လူဝီစီယားနားပြည်နယ်မြေ (Louisiana Territory) ကို ပြင်သစ်နိုင်ငံမှ လည်းကောင်း၊ ၁၈၁၉ ခုနှစ်တွင် ဖလော်ရီဒါ (Florida) နှင့် ဂျော်ဂျီယာ၊ အလာဘားမားနှင့် မစ္စစ္စပီမြေအချို့ကို စပိန်နိုင်ငံမှ လည်းကောင်း ဝယ်ယူခဲ့သည်။ ၁၈၄၆ ခုနှစ်တွင် အော်ရီဂွန်နယ်မြေ (Oregon Territory) ကို ဗြိတိန်နိုင်ငံနှင့် နစ်နိုင်ငံစာချုပ်ချုပ်ဆိုမှုမှတစ်ဆင့် ရယူခဲ့သည်။ ထို့ပြင် ၁၈၅၃ ခုနှစ်တွင် မက်စီကိုနယ်မြေအချို့နှင့် ၁၈၆၇ ခုနှစ်တွင် အလာစကာ (Alaska) မြေတို့ကို ရုရှားနိုင်ငံမှလည်းကောင်းဝယ်ယူခဲ့သည်။ available at: https://www.dummies.com/education/law/how-legal-title-is-acquired/

လုပ်ငန်းဌာန(NPS)၊ စိုက်ပျိုးရေးဌာန (DOA) အောက်ရှိ သစ်တောဌာန(FS)တို့ ဖြစ်သည်။ ကွန်ဂရက်သည် အဆိုပါဖက်ဒရယ်ဌာနများအား သက်ဆိုင်ရာဖက်ဒရယ် မြေစီမံခန့်ခွဲမှုအာဏာများကို ကွန်ကရက်မှ ပြဋ္ဌာန်းသည့်ဥပဒေများ (statues) ဖြင့် အပ်နှင်းထားသည်။[၅၅] ဖက်ဒရယ်ဌာနများ၏ မြေစီမံခန့်ခွဲခွင့်အာဏာများသည် ဌာနနှင့် အကြောင်းအရာအလိုက် လွှမ်းခြုံမှုကွဲပြားသော်လည်း ထိုပြဋ္ဌာန်းဥပဒေများကို ဖက်ဒရယ်အစိုးရ၏ ပိုင်ဆိုင်မှုအာဏာ (Property Clause) လွှမ်းခြုံမှုအတွက် ကျင့်သုံးနိုင်သည်။ ဖက်ဒရယ်အစိုးရသည် ဖက်ဒရယ်မြေစီမံခန့်ခွဲမှု တာဝန်အချို့ကို ပြည်နယ်များအား လွှဲအပ်ပေးနိုင်သော်လည်း များသောအားဖြင့် ဖက်ဒရယ်မြေများကို ဖက်ဒရယ်ဌာနများကသာ စီမံအုပ်ချုပ်သည်။ ဖက်ဒရယ်ပြဋ္ဌာန်းဥပဒေများက ခွင့်ပြုထားမှသာလျှင် ဖက်ဒရယ်အစိုးရဌာနများသည် ဖက်ဒရယ်မြေများကို ပြည်နယ် သို့မဟုတ် ပြင်ပအစုအဖွဲ့များအား စီမံခန့်ခွဲမှုတာဝန်အချို့ကို လွှဲအပ်ခွင့်ရှိသည်။ ထို့ကြောင့် နိုင်ငံ၏ ဖွဲ့စည်းပုံပါ ပိုင်ဆိုင်မှုစကားစု (the Property Clause) အရ ကွန်ဂရက်သည် ဖက်ဒရယ်မြေကို စီမံအုပ်ချုပ်ခွင့်အာဏာများစွာရှိပြီး ကြီးစိုးခွင့်စကားစု (the Supremacy Clause) အရ ဖက်ဒရယ်ပြဋ္ဌာန်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများသည် ၎င်းနှင့်ဆန့်ကျင်သည့် ပြည်နယ်ဥပဒေများကို လွှမ်းမိုးပိုင်ခွင့်ရှိနေသဖြင့် ဖက်ဒရယ်မြေအပေါ် ပြည်နယ်အစိုးရ၏လုပ်ပိုင်ခွင့်ကို ကွန်ဂရက်ကသာ တိုးချဲ့ သို့မဟုတ် လျော့ချသွားနိုင်သည်။

သက်ဆိုင်ရာ ပြည်နယ်များသည် ပြည်နယ်မြေများကို စီမံအုပ်ချုပ်ပိုင်ခွင့်အပြင် ပြည်နယ်နယ်နိမိတ်အတွင်းရှိ ဖက်ဒရယ်မြေများအား ပိုင်ဆိုင်ခွင့်နှင့် စီမံအုပ်ချုပ်ခွင့်ကို ဖက်ဒရယ်အစိုးရထံမှ (ကွန်ဂရက်၏ ခွင့်ပြုချက်ဖြင့်သာ) ရယူနိုင်သည်။ သို့ရာတွင် ပြည်နယ်များသည် ဖက်ဒရယ်မြေများကို စီမံအုပ်ချုပ်ရာတွင် သက်ဆိုင်ရာဖက်ဒရယ်အစိုးရ၏ ပြဋ္ဌာန်းဥပဒေများဖြင့်သာ စီမံအုပ်ချုပ်ခွင့်ရှိပြီး ပြည်နယ်ဥပဒေဖြင့် စီမံခန့်ခွဲခွင့် မရှိပေ။ ပြည်နယ်များသည် ကွန်ဂရက်မှခွင့်ပြုထားသည့် အတိုင်းအတာအတွင်း၌သာ ဖက်ဒရယ်မြေများကို တရားဝင်စီမံခန့်ခွဲပိုင်ခွင့် ရှိသည်။ ဖက်ဒရယ်အစိုးရ၏ မြေစီမံခန့်ခွဲမှုဆိုင်ရာ ပြဋ္ဌာန်းဥပဒေအချို့သည် ပြည်နယ်များ၏အစဉ်အလာအရ လုပ်ပိုင်ခွင့် (traditional authority) ကို အသိအမှတ်ပြုထားသည်။ ဥပမာ - အမျိုးသား သားရဲတိရိစ္ဆာန်ခိုလှုံမှုစနစ် စီမံအုပ်ချုပ်မှုအက်ဥပဒေ (the National Wildlife Refuge System Administration Act) တွင် ကွန်ဂရက်သည် သက်ဆိုင်ရာပြည်နယ်များ၏ နယ်နိမိတ်အတွင်းရှိ ဖက်ဒရယ်အစိုးရပိုင်သည့် သားရဲတိရိစ္ဆာန်နယ်မြေများကို "ပြည်နယ်နှင့်သက်ဆိုင်သော ရိုးရာနယ်မြေ (traditional area of state concern)" အဖြစ် သတ်မှတ်ကာ သက်ဆိုင်ရာပြည်နယ်များအား စီမံခန့်ခွဲခွင့်ပေးထားသည်။ ချွင်းချက်အနေဖြင့် ပြည်နယ်များသည် ဖက်ဒရယ်ပြဋ္ဌာန်းဥပဒေများနှင့် မဆန့်ကျင်သည့် ပြည်နယ်ဥပဒေ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းများဖြင့် စီမံခန့်ခွဲခွင့်ရှိသည်။ ဖက်ဒရယ်မြေနှင့် ပတ်သက်၍ ဖက်ဒရယ်အစိုးရသည် ပြည်နယ်များအားလုပ်ပိုင်ခွင့်အချို့ပေးထားသကဲ့သို့ တစ်ချိန်တည်းတွင် ပြည်နယ်များ၏ လုပ်ပိုင်ခွင့်ကိုကန့်သတ်ထားသည်။ ဥပမာ - ဖက်ဒရယ်မြေအတွင်းရှိ စားကျက်မြေ၊ မြက်ရိုင်းများ သို့မဟုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲခွင့်အာဏာတို့ကို ဖက်ဒရယ်အစိုးရဌာနများကိုသာ အပ်နှင်းထားပြီး ပြည်နယ်များအား တရားဝင်ခွင့်ပြုထားခြင်း မရှိပေ။

[၅၅] ပြဋ္ဌာန်းဥပဒေအချို့မှာ Federal Land Policy and Management Act (FLPMA), the Sustained-Yield Act, the National Park System Organic Act, the National Wildlife Refuge System Administration Act, the Mineral Lands Leasing Act of 1920 and the Wilderness Act တို့ဖြစ်သည်။ available at: https://fas.org/sgp/crs/misc/R44267.pdf

**စာကွက် (၁၈)**

## အမေရိကန်နိုင်ငံရှိ ဖက်ဒရယ်မြေ (Federal Lands)

ဖက်ဒရယ်မြေသည် အမေရိကန်နိုင်ငံသားများ ပိုင်ဆိုင်သောမြေဖြစ်ပြီး ဖက်ဒရယ်အစိုးရက အများပြည်သူအကျိုးငှာ ထိန်းသိမ်းစောင့်ရှောက်ပြီး စီမံခန့်ခွဲပေးသောမြေများ (land held public trust and managed by the federal government) ဖြစ်သည်။ ဖက်ဒရယ်အစိုးရသည် ယေဘုယျအားဖြင့် မြေဧက(၆၄၀) မီလျံ (အမေရိကန်ပြည်ထောင်စု၏မြေ ၂.၂၇ ဘီလျံဧက၏ ၂၈ ရာခိုင်နှုန်း) ကိုပိုင်ဆိုင်သည်။ ဖက်ဒရယ်မြေအများစုကို မြေစီမံခန့်ခွဲရေးဌာန (BLM)၊ အမေရိကန်နိုင်ငံ ငါးလုပ်ငန်းနှင့် သားရဲတိရိစ္ဆာန်ဝန်ဆောင်မှုဌာန (FWS)၊ အမျိုးသားဥယျာဉ် ဝန်ဆောင်မှုဌာန (NPS) နှင့် အမေရိကန်နိုင်ငံ သစ်တောဝန်ဆောင်မှုဌာန (FS) တို့က စီမံခန့်ခွဲလျက် ရှိသည်။ BLM၊ FWS နှင့် NPS တို့သည် အမေရိကန်နိုင်ငံပြည်ထဲရေးဌာန (DOI) အောက်တွင်ရှိပြီး FS သည် အမေရိကန်နိုင်ငံ စိုက်ပျိုးရေးဌာန (DOA) အောက်တွင်ရှိသည်။ ၎င်းဖက်ဒရယ်မြေစီမံခန့်ခွဲမှုအေဂျင်စီ (၄) ခုတို့သည် ဖက်ဒရယ်မြေ ၆၁၀.၁ မီလျံဧက သို့မဟုတ် ဖက်ဒရယ်မြေ (၉၅) ရာခိုင်နှုန်းကို စီမံခန့်ခွဲသည်။ ထို့အပြင် ဖက်ဒရယ်မြေအချို့ (၂ ရာခိုင်နှုန်း) ကို အမေရိကန်နိုင်ငံကာကွယ်ရေးဌာန (DOD) က ပိုင်ဆိုင်ပြီး ကျန်ဖက်ဒရယ်မြေများ (၃ ရာခိုင်နှုန်း) ကို အခြားဖက်ဒရယ်အေဂျင်စီများက စီမံအုပ်ချုပ်သည်။ ဖက်ဒရယ်မြေပမာဏနှင့်ရာခိုင်နှုန်းသည် ပြည်နယ်အလိုက် များစွာကွဲပြားမှုရှိသည်။ Connecticut နှင့် Iowa ပြည်နယ်တို့တွင် ဖက်ဒရယ်မြေ ၃ ရာခိုင်နှုန်းသာ ရှိသော်လည်း Nevada ပြည်နယ်တွင် ၇၉.၆ ရာခိုင်နှုန်းခန့် ရှိသည်။ သို့ရာတွင် ဖက်ဒရယ်မြေအများစုမှာ အမေရိကန်နိုင်ငံ၏ အနောက်ဘက်ခြမ်းပြည်နယ်များတွင် စုပုံနေသည်။

**ဖက်ဒရယ်အစိုးရမြေများကို စီမံခန့်ခွဲသည့် ဖက်ဒရယ်အေဂျင်စီများ**

| ဖက်ဒရယ်မြေစီမံခန့်ခွဲမှုအေဂျင်စီများ | စီမံအုပ်ချုပ်သည့် ဖက်ဒရယ်မြေ (ရာခိုင်နှုန်း) |
|---|---|
| U.S. Department of Interior (DOI)<br>• Bureau of Land Management (BLM)<br>• U.S. Fish and Wildlife Service (FWS)<br>• National Park Service (NPS)<br>U.S. Department of Agriculture (DOA)<br>• U.S. Forest Service (FS) | ၉၅ |
| U.S. Department of Defense (DOD) | ၂ |
| Others<br>• U.S. Army Corps of Engineers<br>• Bureau of Reclamation<br>• Post office<br>• The National Aeronautics and Space Administration<br>• The Department of Energy,<br>• And more.. | ၃ |

သမိုင်းကြောင်းအရ ဖက်ဒရယ်အစိုးရကို ဖွဲ့စည်းကြရာတွင် "အနောက်ဘက်" မြေများ (အမေရိကန်နိုင်ငံ၏ မူလကိုလိုနီပြည်နယ်များက ပိုင်ဆိုင်သည်ဟု အခိုင်အမာပြောဆိုခဲ့သော အပလေချီယန်တောင်တန်း (the Appalachian Mountains) နှင့် မစ္စစ္စပီမြစ် (the Mississippi River) ကြားရှိမြေများ)ကို ထိန်းချုပ်ရန် ကြိုးပမ်းခဲ့မှုဖြစ်စဉ်၏ လွှမ်းမိုးမှုရှိခဲ့သည်။ အစိုးရသစ်တည်ထောင်ရန်အတွက် မူလပြည်နယ်များက ထိုမြေများကို စွန့်လွှတ်ခဲ့ကြပြီး ဖက်ဒရယ်အစိုးရသစ်ကို ဖက်ဒရယ်ပိုင်ဆိုင်မှု ထိန်းချုပ်ခွင့်နှင့် ပြည်နယ်သစ်များဖွဲ့စည်းခွင့် အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းခဲ့သည်။ ထိုအပ်နှင်းမှုသည် ယခင်ကွန်ဖက်ဒရေးရှင်းစုဖွဲ့မှုအရ အားနည်းသော ဗဟိုအစိုးရအဖြစ်မှ အမေရိကန် ပြည်ထောင်စုဖွဲ့စည်းပုံ

အခြေခံဥပဒေအောက်တွင် ပိုမိုအားကောင်းသော ဗဟိုချုပ်ကိုင်သည့်ဖက်ဒရယ်အစိုးရအဖြစ် အသွင်ပြောင်းခဲ့သည်။ ဖက်ဒရယ်အစိုးရက ဖက်ဒရယ်မြေဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေများသည် ဖက်ဒရယ်အစိုးရ၏ မျှော်မှန်းချက် (၂) ခု ဖြစ်သော ဖက်ဒရယ်မြေအချို့ကို ထိန်းသိမ်းခြင်း (ဥပမာ-အမျိုးသား သစ်တောများနှင့် အမျိုးသားဥယျာဉ်များ)နှင့် ဘဏ္ဍာငွေရရန် သို့မဟုတ် ပို့ဆောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် လူနေထိုင်မှုတို့ကို အားပေးရန်အတွက် အခြားမြေများကိုရောင်းချခြင်း သို့မဟုတ် စွန့်လွှတ်ခြင်းတို့ကို ထင်ဟပ်ပြနေသည်။ ၁၉ ရာစုအတွင်းပြဋ္ဌာန်းခဲ့သော ဖက်ဒရယ်မြေဆိုင်ရာ ဥပဒေများသည် ဖက်ဒရယ်မြေစွန့်လွှတ်မှု (federal land disposal) ကို အားပေး ခဲ့သည်။ ဥပမာ - ၁၈၆၂ ခုနှစ်နှင့် ၁၈၇၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော the Homestead Act နှင့် the Desert Lands Entry Act တို့သည် ဖက်ဒရယ်ပိုင်မြေ ဧကအချို့ကို ပုဂ္ဂလိကပိုင်မြေများနှင့် ပြည်နယ်ပိုင်မြေများအဖြစ် ပြောင်းလဲခဲ့သည်။ သို့ရာတွင် ၂၀ ရာစုအတွင်းပြဋ္ဌာန်းခဲ့သော ဖက်ဒရယ်မြေဆိုင်ရာဥပဒေ များသည် ဖက်ဒရယ်မြေထိန်းသိမ်းထားမှုကို အလေးထားလာသည်။ ဥပမာ - ၁၉၇၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော the Federal Land Policy and Management Act သည် Alaska ပြည်နယ်မှလွဲပြီး ကျန်ပြည်နယ်များတွင် ဓားမဦးချမြေ ချပေးမှု (homesteading) ကို အဆုံးသတ်ခဲ့သည်။ Alaska ပြည်နယ်တွင်လည်း ဓားမဦးချမြေချပေးမှုကို ၁၉၈၆ ခုနှစ် အဆုံးသတ်ခဲ့သည်။ ဖက်ဒရယ်အစိုးရ၏ မြေယာမူဝါဒပြောင်းလဲမှုနှင့်အတူ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်း အထက်ဖော်ပြပါ ဖက်ဒရယ်အေဂျင်စီ (၅) ခု၏ စုစုပေါင်းဖက်ဒရယ်မြေပိုင်ဆိုင်မှုသည် ၃.၉ ရာခိုင်နှုန်းခန့် လျော့ကျသွားခဲ့သည်။

မှတ်ချက်။ ။ The Homestead Acts အရ မည်သည့် အမေရိကန်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုမည့် မည်သူမဆို ဖက်ဒရယ်မြေကို ပုဂ္ဂိုကပိုင်ဆိုင်ခွင့်ရှိသည့် ဓာမဦးချမြေများ (homesteads) အဖြစ် (၁၆၀) ဧကအထိ လျှောက်ထားရယူနိုင်သည်။ ဖက်ဒရယ်မြေပိုင်ဆိုင်ခွင့်ကို လျှောက်ထားရယူရာတွင် အဆင့် (၃) ဆင့်ရှိသည်။ လျှောက်လွှာတင်ခြင်း၊ လျှောက်ထားသည့်မြေများကို ကောင်းမွန်လာအောင်ပြုပြင်ခြင်းနှင့် မြေပိုင်ဆိုင်ခွင့် လက်မှတ်ရယူခြင်းတို့ ဖြစ်သည်။ ဖက်ဒရယ်မြေ ပိုင်ဆိုင်ခွင့်အတွက် ဓားမဦးချမြေများ လျှောက်ထားမှုနှင့်ပတ်သက်၍ စည်းကမ်းချက်အချို့ချမှတ်ထားသည်။ ၎င်းတို့မှာ လျှောက်ထားသူသည် အမေရိကန်ပြည်ထောင်စုကို မဆန့်ကျင်သူနှင့် အသက် (၂၁) နှစ်ပြည့်ပြီးသူ သို့မဟုတ် အိမ်ထောင်ဦးစီးဖြစ်ရန်လိုသည်။ လျှောက်ထားသူသည် လျှောက်ထားသည့် မြေပေါ်တွင် (၅) နှစ်ခန့် နေထိုင်၊ စိုက်ပျိုးလုပ်ကိုင်ပြီး ထိုမြေကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ပြီးနောက် ထိုမြေကို ပိုင်ဆိုင်ခွင့်ရရှိသည်။

*ရင်းမြစ်* - https://www.archives.gov/education/lessons/homestead-act (accessed 31 Aug 2019)

Vincent, Carol Hardy, Laura A. Hanson, and Jerome P. Bjelopera. Federal land ownership: Overview and data. Washington, DC, USA: Congressional Research Service, 2014. Available at: https://fas.org/sgp/crs/misc/R42346.pdf (accessed 31 Aug 2019)

King, Robert, BLM Archaeologist, National System of Public Lands, U.S. Department of the Interior, Bureau of Land Management. "The Homestead Act – Homesteading Comes to an End," Available at: https://www.youtube.com/watch?v=veiv6fTEl0g (accessed 31 Aug 2019)

## မြေအုပ်ချုပ်မှုစနစ် - မြေအသုံးချမှုပုံစံများ [၅၆]

အမေရိကန်နိုင်ငံ၏ မြေအသုံးချမှုပုံစံသည် ယေဘုယျအားဖြင့် ဗဟိုချုပ်ကိုင်မှုကို အများအပြား ဖြေလျှော့ထားသည့် စနစ်မျိုးဖြစ်သည်။ ဖွဲ့စည်းပုံအရမြေအသုံးချမှုအစီအစဉ်သည် ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာတွင် ပါဝင်သဖြင့် ဖက်ဒရယ်အစိုးရသည် ဖက်ဒရယ်မြေမဟုတ်သည့် မြေများ (ပြည်နယ်မြေနှင့် ဌာနေလူထုမြေ) ဆိုင်ရာ မြေအသုံးချမှုပုံစံများအပေါ် တိုက်ရိုက်လွှမ်းမိုးခွင့်မရှိပေ။ သို့ရာတွင် သွယ်ဝိုက်အားဖြင့် လွှမ်းမိုးမှုရှိနိုင်သည်။ ဖက်ဒရယ်အစိုးရသည် မြေအသုံးချမှုပုံစံအပေါ် လွှမ်းမိုးမှုရှိသည့် ဖက်ဒရယ်ဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။ ဥပမာ - နိုင်ငံတော်ရေကြီးမှု အာမခံအစီအစဉ် (NFIP)၊ မျိုးသုန်းလုနီးပါးမျိုးစိတ် အက်ဥပဒေ

[၅၆] OECD "The Governance of Land Use, Country Fact Sheet United States", available at: https://www.oecd.org/regional/regional-policy/land-use-United-States.pdf [accessed 14 July 2019]

(ESA)၊ စွမ်းအင်မူဝါဒ အက်ဥပဒေ (EPA)၊ သန့်ရှင်းသော ရေအက်ဥပဒေ (CWA)၊ အမျိုးသားပတ်ဝန်းကျင်မူဝါဒ အက်ဥပဒေ (NEA) နှင့် ဖက်ဒရယ်ဟိုင်းဝေးလမ်း အက်ဥပဒေ(FHA)တို့သည် အမေရိကန်နိုင်ငံတစ်ဝန်းလုံးရှိ မြေအသုံးချမှုပုံစံအပေါ် ဩဇာသက်ရောက်မှုရှိသည့် ဥပဒေများဖြစ်သည်။ ထို့အပြင် ဖက်ဒရယ်မြေမူဝါဒနှင့် စီမံခန့်ခွဲမှုအက်ဥပဒေ (FLPMA) သည်လည်း ဖက်ဒရယ်မြေအသုံးချမှုပုံစံများအပေါ်တွင် လွှမ်းမိုးသက်ရောက်မှုရှိသည်။[၅၇] ထိုနည်းတူပင် ပြည်နယ်များသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ပြဋ္ဌာန်းဥပဒေများမှတစ်ဆင့် မိမိတို့၏လုပ်ပိုင်ခွင့် အာဏာအချို့ကို ဒေသန္တရအစိုးရ၏ မြေအသုံးချမှုအပေါ် သွယ်ဝိုက်သောအားဖြင့် လွှမ်းမိုးနိုင်သည်။ ဥပမာ - ပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒေသန္တရအစိုးရအား လွှဲအပ်သည့်လုပ်ပိုင်ခွင့်အာဏာများ ထည့်သွင်းပြဋ္ဌာန်း၍လည်းကောင်း၊ ဒေသန္တရအစိုးရ၏မြေအသုံးချမှုကိုစီမံအုပ်ချုပ်သည့်မူဘောင်များကိုဥပဒေပြုခြင်းအားဖြင့်လည်းကောင်း ဒေသန္တရအစိုးရများ၏ မြေထိန်းချုပ်မှုကို ကန့်သတ်နိုင်သည်။ ပြည်နယ်အချို့တို့တွင် ဒေသန္တရအစိုးရက အဆောက်အအုံတည်ဆောက်ခွင့်ကဲ့သို့သော လုပ်ပိုင်ခွင့်များချထားပေးခြင်းမပြုမီ သဘာဝပတ်ဝန်းကျင်သုံးသပ်ချက်ပြုလုပ်ရန် ဥပဒေပြဋ္ဌာန်း ကန့်သတ်ထားသည်။

အမေရိကန်နိုင်ငံတွင် တစ်နိုင်ငံလုံးကို လွှမ်းခြုံထားသည့် အမျိုးသားမြေနေရာနှင့် မြေအသုံးချမှုအစီအစဉ် (Spatial and Land-use plans) မရှိပါ။ ပြည်နယ်အဆင့်တွင်လည်း ပြည်နယ်တိုင်းက ပြည်နယ်အဆင့် မြေအသုံးချမှုမူဘောင်/မဟာဗျူဟာကို ချမှတ်ကျင့်သုံးခြင်း မရှိပေ။ ပြည်နယ်အချို့တွင် မြေအသုံးချမှုမဟာဗျူဟာများ ချမှတ်ထားသော်လည်း အဆိုပါမဟာဗျူဟာများသည် ဒေသန္တရအဆင့် မြေအသုံးချမှုအတွက် လမ်းညွှန်မှုအဖြစ်သာ အသုံးပြုနိုင်သည်။ သို့ရာတွင် ပြည်နယ်အစိုးရက ငွေကြေး ပံ့ပိုးပေးသည့် စီမံချက်များအတွက် ထိုလမ်းညွှန်မှုကို လိုက်နာရန်လိုအပ်သည်။ ပြည်နယ်အချို့တွင်မူ ပြည်နယ်တစ်ခုလုံးလွှမ်းခြုံသည့် ပြည်နယ်အဆင့် မြေအသုံးချမှုမဟာဗျူဟာများကို ချမှတ်ထားသည်။ ထိုမဟာဗျူဟာများသည် ဥပဒေအရစည်းနှောင်မှုရှိပြီး ဒေသန္တရအစိုးရတို့က လိုက်နာရန်လိုအပ်သည်။ ဒေသန္တရအစိုးရများတွင် မိမိတို့၏ အုပ်ချုပ်ရေးနယ်မြေအတွင်း မြေအသုံးချမှုကို ကိုယ်ပိုင်ထိန်းချုပ်ခွင့် အတိုင်းအတာတစ်ခုထိ ရှိသည်။ ဒေသန္တရအစိုးရများက မြေအသုံးချမှုအတွက် အသေးစိတ်အစီအစဉ် (Comprehensive Plan-CP) နှင့် ဇုန်သတ်မှတ်မှု (Zoning Ordinances-ZO) တို့ကို ရေးဆွဲချမှတ်ကြသည်။ ပြည်နယ်အများစုတွင် ဒေသန္တရအစိုးရသည် CP ရေးဆွဲရန် မလိုအပ်သော်လည်း ပြည်နယ်အချို့တွင် ZO ရေးဆွဲချမှတ်ရန်အတွက် CP ရေးဆွဲချမှတ်ရန် လိုအပ်သည်။ (ပုံ ၉ ရှု)

**ပုံ (၇) အမေရိကန်ပြည်ထောင်စု၏ မြေအသုံးချမှုအစီအစဉ်ဖွဲ့စည်းပုံ**

**(Organization of spatial and land-use planning in the United States)**

| ပြည်နယ် (State) | ဒေသန္တရ (State) | |
|---|---|---|
| **မဟာဗျူဟာ အစီအစဉ် (Strategic Plans)** | **အသေးစိတ်အစီအစဉ်များ (Comprehensive Plans)** | **ဇုန်သတ်မှတ်ခြင်း (Zoning Ordinances)** |
| - ပြည်နယ်မြေအသုံးချမှုမှုမဟာဗျူဟာ အစီအစဉ်၏ ရည်ရွယ်ချက်ကို အဓိပ္ပါယ်ဖွင့်ဆိုသည်။<br>- ပြည်နယ်တိုင်းတွင် မြေအသုံးချမှု မဟာဗျူဟာ အစီအစဉ် မရှိပါ။<br>- မြေအသုံးချမှုမဟာဗျူဟာအစီအစဉ်များသည် ပြည်နယ်အလိုက် ကွဲပြားသည်။ | - ဇုန်သတ်မှတ်မှုအတွက် လမ်းညွှန်မှုများ ချမှတ်သည်။<br>- မြူနီစီပါယ်အုပ်ချုပ်ရေးအဖွဲ့က ကျင့်သုံးနိုင်သည်။<br>- ဒေသန္တရအစိုးရသည် အသေးစိတ်အစီအစဉ် ပူးတွဲရေးဆွဲရေး ကော်မရှင်ဖွဲ့နိုင်သည်။ | - မြေပုံနှင့်စာမှတ်တမ်းအခြေခံသည့် မြေအသုံးချမှုစည်းမျဉ်းစည်းကမ်းများ ပါဝင်သည်။<br>- ပြည်နယ်အများစုတွင် ဒေသန္တရအစိုးရတို့သည် ဇုန်သတ်မှတ်မှု ပြုလုပ်ခွင့်ရှိသော်လည်း ပြုလုပ်ရန် မလိုအပ်ပေ။ ဒေသန္တရအစိုးရအများစုက ဇုန်သတ်မှတ်မှု ပြုလုပ်ကြသည်။ |

Source: https://revenuedata.doi.gov/how-it-works/ownership/

[၅၇] Nation Flood Insurance Program (NFIP), Endangered Species Act (ESA), Energy Policy Act (EPA), Clean Water Act (CWA), National Environment Act (NEA), Federal Highway Act (FHHA) တို့ကို ပြည်နယ်များက မဖြစ်မနေပါဝင်ရန် မလိုသော်လည်း ထိုဥပဒေတွင်ပါဝင်သော သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်သည့် ပြည်နယ်များသည် ဖက်ဒရယ်အစိုးရ၏ ပံ့ပိုးငွေများကို ရယူနိုင်သည်။ Federal Land Policy and Management Act (FLPMA) သည် ပြည်နယ်နယ်နိမိတ်အတွင်းရှိ ဖက်ဒရယ်မြေများကိုစီမံခန့်ခွဲသည့် ဥပဒေတစ်ရပ်ဖြစ်ပြီး ပြည်နယ်အစိုးရက စီမံခန့်ခွဲခွင့်ရှိသည့် ဖက်ဒရယ်မြေများကို အဆိုပါဥပဒေနှင့်အညီစီမံခန့်ခွဲရန် လိုအပ်သည်။

## ဖက်ဒရယ်နှင့် ပြည်နယ်အစိုးရတို့၏ မြေစီမံခန့်ခွဲမှုကို နှိုင်းယှဉ်ခြင်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ပြည်နယ်တိုင်းတွင် ဖက်ဒရယ်အစိုးရပိုင်သည့် မြေများရှိသည်။ ဖက်ဒရယ်မြေကို ဖက်ဒရယ်ဥပဒေများနှင့်အညီ စီမံအုပ်ချုပ်ပြီး ပြည်နယ်မြေများကို ပြည်နယ်ဥပဒေများဖြင့် စီမံအုပ်ချုပ်သည်။ ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရတို့၏ မြေစီမံခန့်ခွဲမှုများကို နှိုင်းယှဉ်လေ့လာထားသည့် သုတေသနနှစ်ခု၏ တွေ့ရှိချက်များအရ ပြည်နယ်မြေ စီမံခန့်ခွဲရေးအဖွဲ့များ၏ မြေစီမံခန့်ခွဲမှုသည် ဖက်ဒရယ်မြေစီမံခန့်ခွဲရေးအဖွဲ့များ၏ မြေစီမံခန့်ခွဲမှုထက် အကျိုးဖြစ်ထွန်းမှုရှိသည်ကို တွေ့ရှိရသည်။ ပြည်နယ်အစိုးရက ပြည်နယ်မြေစီမံခန့်ခွဲမှုမှ ဘဏ္ဍာငွေများစွာ ရှာဖွေပေးနိုင်ချိန်တွင် ဖက်ဒရယ်အစိုးရမှာမူ တန်ဖိုးရှိသော သယံဇာတများကို စီမံခန့်ခွဲရာတွင် ဘဏ္ဍာငွေဆုံးရှုံးမှုများ မကြာခဏဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။ ထိုသုတေသနတွေ့ရှိချက်များသည် မှတ်သားဖွယ်ကောင်းသဖြင့် ထိုသုတေသနတွင် ဖော်ပြထားသည့် ဖက်ဒရယ်နှင့် ပြည်နယ်အစိုးရတို့၏ မတူညီသော မြေစီမံခန့်ခွဲမှုများ ပုံစံများကို အကျဉ်းချုံးတင်ပြသွားပါမည်။

ဖက်ဒရယ်မြေအများစုသည် အမေရိကန်နိုင်ငံအနောက်ဘက်ခြမ်းရှိ ပြည်နယ်များတွင် တည်ရှိသည်။ အဆိုပါဖက်ဒရယ်မြေများကို ဖက်ဒရယ်မြေစီမံခန့်ခွဲရေး ဌာနနှစ်ခုဖြစ်သော သစ်တောဌာန (Forest Service-FS) နှင့် မြေစီမံခန့်ခွဲရေးဌာန (Bureau of Land Management- BLM) က ကျွန်းသစ်ထုတ်လုပ်ခြင်း၊ ခြံမွေးတိရစ္ဆာန်စားကျက်လွှတ်ခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်းနှင့် ပြင်ပအပန်းဖြေခြင်း အစရှိသည့် မြေအသုံးချမှုပုံစံအမျိုးမျိုးကို စီမံခန့်ခွဲသည်။ ဖက်ဒရယ်အစိုးရသည် မြေအသုံးချမှုပုံစံအမျိုးမျိုးမှ ဘဏ္ဍာငွေများစွာရှာဖွေရရှိနိုင်သည့် အလားအလာရှိသော်လည်း ဖက်ဒရယ်မြေစီမံခန့်ခွဲရေးအဖွဲ့များသည် အမေရိကန် အခွန်ထမ်းများ၏ အခွန်ငွေများကို တစ်နှစ်လျှင် ၂ ဘီလျံနီးပါး သုံးစွဲနေခဲ့ကြရသည်။ ဖက်ဒရယ်မြေစီမံခန့်ခွဲ ရေးအဖွဲ့များနည်းတူ ပြည်နယ်မြေစီမံခန့်ခွဲရေးအဖွဲ့များသည် ပြည်နယ်မြေများကို ကျွန်းသစ်ထုတ်လုပ်ခြင်း၊ ခြံမွေးတိရစ္ဆာန် စားကျက်မြေလွှတ်ခြင်းနှင့် သတ္တုတူးဖော်ခြင်းတို့အတွက် မြေအငှားချခြင်းအပြင် အပန်းဖြေမြေနေရာများကိုလည်း စီမံခန့်ခွဲရသည်။ သို့ရာတွင် ဖက်ဒရယ်မြေစီမံခန့်ခွဲရေးအဖွဲ့များနှင့် မတူညီသောအချက်မှာ ပြည်နယ်များသည် ထိုလုပ်ငန်းများမှ အကျိုးအမြတ်ရ ရှိကြသည်။ ဖက်ဒရယ်မြေစီမံခန့်ခွဲရေးအဖွဲ့က ဖက်ဒရယ် မြေစီမံခန့်ခွဲရာတွင် တစ်ဒေါ်လာအသုံးပြုတိုင်း ၇၃ စင့်(ပြား)ခန့် ဆုံးရှုံးနေချိန်တွင် သုတေသနပြုထားသည့် ပြည်နယ် (၄)ခုသည် ပြည်နယ်မြေစီမံခန့်ခွဲရာတွင် တစ်ဒေါ်လာအသုံးပြုတိုင်း စုပေါင်းအမြတ်ငွေ ၁၄.၅၁ ဒေါ်လာ ရရှိနေသည်။ ဖက်ဒရယ်မြေစီမံခန့်ခွဲရေးအဖွဲ့တို့သည် ဝင်ငွေရရှိမှု နည်းသည့်အပြင် ၎င်းတို့၏ တစ်ဧကမြေစီမံခန့်ခွဲမှုအသုံးစရိတ်များမှာလည်း ပြည်နယ်မြေစီမံခန့်ခွဲမှု အဖွဲ့များထက် ၆ ဆခန့် ပိုများနေသည်။

အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်အစိုးရပိုင်သော မြေများကို ပြည်နယ်အစောင့်ရှောက်ခံမြေ (STL)၊ ပြည်နယ်သစ်တောမြေ (SF)၊ ပြည်နယ်ဥယျာဉ်မြေ (SP) နှင့် ပြည်နယ် သားရဲတိရစ္ဆာန်စီမံခန့်ခွဲမှု နယ်မြေ (SWMA) ဟူ၍ အဓိကအားဖြင့် မြေအမျိုးအစား (၄) မျိုး ခွဲခြားထားသည်။ (စာကွက်-၁၉ ရှု) ပြည်နယ်မြေစီမံခန့်ခွဲရေးအဖွဲ့က စီမံခန့်ခွဲရသော ပြည်နယ်မြေများတွင် STLs သည် အများဆုံးတွေ့ရသော ပြည်နယ်ပိုင်မြေအမျိုးအစားတစ်ခုဖြစ်သည်။ အဆိုပါမြေများကို ဖက်ဒရယ်အစိုးရက ပြည်နယ်များအား ကျောင်းနှင့် အခြားသော အစိုးရအဖွဲ့အစည်းများကို ထောက်ပံ့ရန်အတွက် ဘဏ္ဍာငွေများရှာဖွေပေးနိုင်ရန် ရည်ရွယ်ပြီး ချပေးသောမြေများဖြစ်သည်။ ပြည်နယ်များသည် အဆိုပါပြည်နယ်မြေများကို သတ်မှတ်ထားသော အကျိုးခံစားခွင့်ရှိသူတို့၏ ရေရှည်ငွေကြေးအကျိုးကျေးဇူးရှိရေးအတွက် စီမံခန့်ခွဲရန်တာဝန်ရှိသည်။ အဆိုပါ ပြည်နယ်မြေများကို စီမံခန့်ခွဲရာမှရရှိလာသော ဘဏ္ဍာငွေအနည်းငယ်ကိုသာ ပြည်နယ်မြေ စီမံခန့်ခွဲရေးအဖွဲ့များ၏ အသုံးစရိတ်အတွက်အသုံးပြုပြီး ကျန်ငွေများကို အကျိုးခံစားခွင့်ရှိသူတို့အား ခွဲဝေပေးသည်။ ပြည်နယ်များက မြေရောင်းချမှုများကို သတ်မှတ်ချက်များဖြင့်ခွင့်ပြုထားပြီး မြေရောင်းချမှုမှရရှိသော ဘဏ္ဍာငွေများနှင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုကဲ့သို့သော ပြန်လည်မဖြစ်ထွန်းနိုင်သည့် သဘာဝသယံဇာတရောင်းရငွေတို့ကို အမြဲတမ်းရန်ပုံငွေ (permanent fund) ထဲသို့ ထည့်သွင်းရသည်။ အဆိုပါ အမြဲတမ်းရန်ပုံငွေမှရရှိသော အကျိုးခံစားခွင့်ရှိသူများအား ခွဲဝေပေးသည်။

**စာကွက် (၁၉)**

## အမေရိကန်နိုင်ငံရှိ ပြည်နယ်အစိုးရပိုင်ဆိုင်သော အဓိက မြေအမျိုးအစားများ

**ပြည်နယ်အစောင့်ရှောက်ခံမြေ (State Trust Lands)** - ပြည်နယ်ဘဏ္ဍာငွေ ရရှိရန်အတွက် မြေအသုံးချမှုပုံစံအမျိုးမျိုးရှိသည့် ပြည်နယ်ပိုင်မြေအမျိုးအစား တစ်ခုဖြစ်သည်။ ဤမြေများကို စီမံခန့်ခွဲမှုမှရရှိသော အသားတင်ဘဏ္ဍာငွေများကို တိကျသော အကျိုးခံစားခွင့်ရှိသူများ (ဥပမာ - ကျောင်း၊ တက္ကသိုလ်၊ ဆေးရုံနှင့် အခြားသောအစိုးရအဖွဲ့အစည်းများ) အတွက် ခွဲဝေပေးရသည်။ ဤမြေအမျိုးအစားကို စီမံခန့်ခွဲသော ပြည်နယ်မြေစီမံခန့်ခွဲရေးအဖွဲ့/တာဝန်ခံများသည် အကျိုးခံစားခွင့်ရှိသူများ၏ ရေရှည်ဘဏ္ဍာငွေအကျိုး အမြတ်အတွက် တာဝန်ခံစီမံခန့်ခွဲရသည်။

**ပြည်နယ်သစ်တောမြေ (State Forests)** - ယေဘုယျအားဖြင့် ကျွန်းသစ်ထုတ်လုပ်မှု၊ သတ္တုထုတ်လုပ်မှု၊ အခြားသော ဘဏ္ဍာငွေမြှင့်တင်ရေး ရည်ရွယ်ချက်များနှင့် ပြင်ပအပန်းဖြေလှုပ်ရှားမှုများ (ဥပမာ- တောင်တက်ခြင်းနှင့် အမဲလိုက်ခြင်း) အတွက် စီမံခန့်ခွဲသော ပြည်နယ်ပိုင်မြေ အမျိုးအစားတစ်ခုဖြစ်သည်။

**ပြည်နယ်ဥယျာဉ်မြေ (State Parks)** - အပန်းဖြေလှုပ်ရှားမှုများအတွက် အသုံးပြုသော်လည်း များသောအားဖြင့် ပျော်ပွဲစားထွက်ခြင်းနှင့် ညအိပ်စခန်းချ နေထိုင်ခြင်းကဲ့သို့သော အပန်းဖြေမှုများအတွက် အသုံးပြုသည်။

**ပြည်နယ်သားရဲတိရစ္ဆာန်စီမံခန့်ခွဲမှုနယ်မြေ (State Wildlife Management Areas)** - ဂေဟစနစ်ကောင်းမွန်ရေး၊ သားရဲတိရစ္ဆာန် တိုးပွားရေးအတွက် စီမံခန့်ခွဲသော ပြည်နယ်ပိုင်မြေအမျိုးအစားတစ်ခု ဖြစ်သည်။

Source: Robert H. Nelson, "State-owned Lands in the Eastern United States," PERC Public Lands Report (March 2018). Available at: https://www.perc.org/wp-content/uploads/2018/03/PERC-ELR-web.pdf

ဖက်ဒရယ်မြေယာ စီမံခန့်ခွဲရေးအဖွဲ့များနှင့် ပြည်နယ်မြေစီမံခန့်ခွဲရေးအဖွဲ့များ၏ မြေစီမံခန့်ခွဲမှုပုံစံတို့မတူညီမှုများကြောင့် မြေစီမံခန့်ခွဲမှုကုန်ကျစရိတ်နှင့် ဘဏ္ဍာငွေရှာဖွေပေးနိုင်မှုအခြေအနေ ကွဲပြားသွားသည်ကို တွေ့ရှိရသည်။ ထိုမတူညီသော မြေစီမံခန့်ခွဲမှု အချို့ကို ဖော်ပြရသော် ဖက်ဒရယ်မြေစီမံခန့်ခွဲမှုသည် ဖက်ဒရယ်ပြဋ္ဌာန်းဥပဒေများ၊ ဘတ်ဂျက်ခွဲဝေလျာထားချက်နှင့် လူထုသဘောထားရယူမှုလုပ်ငန်းစဉ်များအပေါ် အခြေခံထားသည်။ ပထမတစ်ချက်အနေဖြင့် ဖက်ဒရယ်ဥပဒေများတွင် ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများသည်ထပ်နေတတ်ပြီး မြေစီမံအုပ်ချုပ်မှုလုပ်ထုံးလုပ်နည်းများ (ဥပမာ - အသေးစိတ်အစီအစဉ်ရေးဆွဲခြင်း၊ လူထုသဘောထားရယူခြင်းနှင့် ပတ်ဝန်းကျင်သက်ရောက်မှု ဆန်းစစ်ချက်ပြုလုပ်ခြင်း စသည့်တို့ကို) အဆင့်ဆင့် ရေးဆွဲချမှတ် အကောင်ထည်ဖော်ရသဖြင့် မြေစီမံခန့်ခွဲလုပ်ငန်းများကို ကြန့်ကြာစေနိုင်သည်။ ဒုတိယအချက်မှာ ဖက်ဒရယ်မြေစီမံခန့်ခွဲရေးအဖွဲ့တို့သည် ကွန်ဂရက်မှချပေးထားသည့် ဖက်ဒရယ်မြေစီမံခန့်ခွဲမှုဘတ်ဂျက်ဖြင့် ဖက်ဒရယ်မြေများကို စီမံခန့်ခွဲရသည်။ ဘဏ္ဍာနှစ်တစ်နှစ် အတွက်ချပေးသော ဘတ်ဂျက်ကို သုံး၍မကုန်လျှင် ကျန်ငွေများကိုနောက်ဘဏ္ဍာနှစ်အတွက် ထိန်းသိမ်းထားပိုင်ခွင့်မရှိသဖြင့် ထိုဘတ်ဂျက်ငွေများကို အကုန်သုံးရန် ဖက်ဒရယ်မြေစီမံခန့်ခွဲသူများအား တွန်းအားပေးသည့်သဘောရှိသည်။ ထို့ပြင် မြေစီမံခန့်ခွဲမှုမှ ရရှိလာသော ဘဏ္ဍာငွေအများစုကို ထိန်းသိမ်းထားပိုင်ခွင့်မရှိဘဲ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးသွင်းရသဖြင့် ဖက်ဒရယ်မြေစီမံခန့်ခွဲရေးတာဝန်ခံများအတွက် မြေစီမံခန့်ခွဲရေး ကုန်ကျစရိတ်လျှော့ချရန် သို့မဟုတ် ဘဏ္ဍာငွေတိုးမြှင့်ရန် မက်လုံးမရှိသလောက် အလွန်နည်းနေသည်။ တတိယတစ်ချက်မှာ ယေဘုယျအားဖြင့် ဖက်ဒရယ်မြေများကို(ပတ်ဝန်းကျင်) ထိန်းသိမ်းရေး ရည်ရွယ်ချက်များအတွက် အငှားချထားခွင့် မရှိခြင်းဖြစ်သည်။ လက်ရှိဖက်ဒရယ်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအရ ဖက်ဒရယ်မြေစီမံခန့်ခွဲရေးအဖွဲ့ (FS နှင့် BLM) တို့သည် ဖက်ဒရယ်စားကျက်မြေများကို စားကျက်မြေအသုံးပြုမှုမဟုတ်သည့် မြေထိန်းသိမ်းရေးကဲ့သို့သော မြေအသုံးချမှုများအတွက် မြေအငှားချထားမှုကို တားမြစ်ထားသည်။ ထိုကန့်သတ်ချက်သည် ဖက်ဒရယ်မြေအရည်အသွေးကို တိုးမြှင့်ပေးနိုင်သည့် မြေအသုံးချမှုများကို လက်လွှတ်ဆုံးရှုံးစေသည်။ စတုတ္ထအချက်မှာ ဖက်ဒရယ်မြေအတွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူမှုများအတွက် နှစ်ရှည်မြေအငှားချပြီး အခွန်နှုန်းထားတစ်ခုတည်းဖြင့် ကောက်ခံသည်။ မြေငှားရမ်းခနှင့် သယံဇာတအခွန်နှုန်းထားများကို လိုအပ်သလို အတိုးအလျော့ ပြုလုပ်ခွင့်မရှိခြင်းကြောင့် ဖက်ဒရယ်ဘဏ္ဍာငွေတိုးလာအောင် ရှာဖွေပေးနိုင်မှု အခွင့်အလမ်းဆုံးရှုံးစေနိုင်သည်။

အခြားတစ်ဘက်တွင် ပြည်နယ်မြေ (STL) စီမံခန့်ခွဲမှုပုံစံသည် ဖက်ဒရယ်မြေ စီမံခန့်ခွဲမှုပုံစံနှင့် လုံးဝမတူညီသည့် ပုံစံများကို ကျင့်သုံးနေကြပြီး၊ ထိုမြေစီမံခန့်ခွဲမှုပုံစံသည် ပြည်နယ်အတွက် ဘဏ္ဍာငွေများစွာကို ရှာဖွေပေးသည်။ ပြည်နယ်မြေစီမံခန့်ခွဲမှုသည်

တိကျသော အကျိုးခံစားခွင့်ရှိသူများအတွက် ဘဏ္ဍာငွေရှာဖွေပေးရမည့်တာဝန်နှင့် ဘဏ္ဍာငွေရရှိနိုင်သည့် မြေအသုံးချမှုပုံစံအမျိုးမျိုးနှင့် အကျိုးခံစားခွင့်ရှိသူများ၏ ရေရှည်အကျိုးစီးပွားအတွက် အမြဲတမ်းရံပုံငွေထားရှိမှုတို့အပေါ် အခြေခံထားသည်။ ပြည်နယ်မြေ စီမံခန့်ခွဲမှုပုံစံ၏ ထူးခြားချက်များအနက် ပထမတစ်ချက်မှာ ပြည်နယ်များသည် STL အတွက် ဘဏ္ဍာငွေရှာဖွေပေးရမည့် တာဝန်ရှိသည်။ ပြည်နယ်မြေစီမံခန့်ခွဲရေးအဖွဲ့တို့သည် ကျောင်း၊ တက္ကသိုလ်နှင့် ဆေးရုံကဲ့သို့သော တိကျသောအကျိုးခံစားခွင့်ရှိသူများကို ထောက်ပံ့နိုင်ရန်အတွက် ဘဏ္ဍာငွေရှာဖွေပေးရသည်။ ထို့ကြောင့် ပြည်နယ်မြေစီမံခန့်ခွဲရေးအဖွဲ့တို့သည် STL စီမံခန့်ခွဲရာတွင် စီမံခန့်ခွဲမှုကုန်ကျစရိတ် အနည်းဆုံးဖြစ်ရေးနှင့် ဘဏ္ဍာငွေကောက်ခံရရှိမှု အများဆုံးရရှိရေးအတွက် အစဉ်တစ်စိုက်ကြိုးပမ်းကြသည်။ ဒုတိယအချက်မှာ STL အကျိုးခံစားခွင့်ရှိသူများအတွက် ဘဏ္ဍာငွေရှာဖွေရာတွင်မြေအသုံးချမှုပုံစံအမျိုးမျိုးကို ခွင့်ပြုလေ့ရှိသည်။ ဥပမာ ပြည်နယ်များသည် STL အတွင်းရှိ စားကျက်မြေများကို အငှားချရာတွင် ခြံမွေးတိရစ္ဆာန်များ ကျောင်းရန်အတွက်သာမက (သဘာဝ) ထိန်းသိမ်းရေးကဲ့သို့သော အခြားမြေအသုံးချမှုပုံစံများကိုလည်း ခွင့်ပြုထားသည်။ ဈေးပြိုင်မြေငှားရမ်းမှုစနစ်ကိုကျင့်သုံးပြီး ဘဏ္ဍာငွေအများဆုံး ရရှိနိုင်သည့် မြေအသုံးချမှုများအတွက် မြေအငှားချပေးသည်။ ထို့ပြင် တစ်ခါတစ်ရံတွင် ဖက်ဒရယ်မြေ ငှားရမ်းခထက် ပိုများသော ပြည်နယ်မြေမြေငှားရမ်းခကို သတ်မှတ်ကောက်ခံမှုများ ပြုလုပ်သည်။ တတိယအချက်မှာ ပြည်နယ်များသည် တန်ဖိုးရှိသယံဇာတထုတ်လုပ်မှုမှ ရရှိသောဘဏ္ဍာငွေများကို ပြည်နယ်၏ အမြဲတမ်းရန်ပုံငွေအဖြစ်ထားရှိပြီး ထိုရံပုံငွေမှရရှိသော အတိုးငွေများကို STL အကျိုးခံစားခွင့်ရှိသူများအား  နှစ်စဉ်ခွဲဝေပေးရသည်။ STL အတွင်း သယံဇာတထုတ်လုပ်မှုများကို စီမံခန့်ခွဲရာတွင်လည်း ငှားရမ်းကာလအတွင်း ထုတ်လုပ်မှု မရှိသော မြေမှုများအပေါ် ငှားရမ်းခတိုးမြှင့်ကောက်ခံခြင်းဖြင့် သယဇာတထုတ်လုပ်မှုနှင့် ဘဏ္ဍာငွေ ကောက်ခံရရှိမှုတိုးမြှင့်ရေးအတွက် တွန်းအားပေးသကဲ့သို့ ဖြစ်စေသည်။

အမေရိကန်နိုင်ငံအနောက်ဘက်ခြမ်းရှိ ပြည်နယ်အချို့၏ ဖက်ဒရယ်မြေစီမံခန့်ခွဲမှုနှင့် ပြည်နယ်မြေစီမံခန့်ခွဲမှုတို့ကို နှိုင်းယှဉ်လေ့လာထားသည့် အထက်ပါသုတေသနတွေ့ရှိချက်အပြင် အမေရိကန်နိုင်ငံအရှေ့ ဘက်ခြမ်းရှိ ပြည်နယ်အချို့တို့၏ ပြည်နယ်ပိုင်မြေစီမံခန့်ခွဲမှုများကို လေ့လာတင်ပြထားသည့် သုတေသနတွေ့ရှိချက်များအရ ပြည်နယ်အစိုးရနှင့် ဖက်ဒရယ်အစိုးရတို့သည် မြေစီမံခန့်ခွဲရာတွင် ချဉ်းကပ်မှုပုံစံမတူညီကြသည်ကို တွေ့ရှိရသည်။ သုတေသနပြုထားသော အမေရိကန်နိုင်ငံအရှေ့ဘက်ခြမ်း ပြည်နယ်များသည် မြေအသုံးချမှုပုံစံအမျိုးမျိုးနှင့် ဘဏ္ဍာငွေရရှိရေးအတွက် ပြည်နယ်ပိုင်မြေများကို အင်တိုက်အားတိုက်စီမံခန့်ခွဲနေပြီး တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်နှင့်ဂေဟစနစ် ကောင်းမွန်ရေးအတွက် ပြည်နယ်သစ်တော မြေများနှင့် အခြားသော ပြည်နယ်ပိုင်မြေများကို ထိန်းသိမ်းမှုများပြုလုပ်ကြသည်။ ထို့ပြင်မြေစီမံခန့်ခွဲမှု ကုန်ကျစရိတ်ကာမိရန်အတွက် ကျွန်းသစ်ထုတ်လုပ်ခြင်း၊ အမဲလိုက်လိုင်စင်ချပေးခြင်း၊ သတ္တုတူးဖော်ရေးအတွက် မြေအငှားချခြင်း၊ အပန်းဖြေနေရာ ဖွင့်လှစ်ခြင်းနှင့် ဖက်ဒရယ်ထောက်ပံ့ငွေရယူခြင်းတို့ကို ပြုလုပ်သည်။ သုတေသနပြုထားသည့် ပြည်နယ်များ၏ ပြည်နယ်ပိုင်မြေစီမံခန့်ခွဲမှုများသည် ဒေသလိုအပ်ချက် သို့မဟုတ် ဒေသအခြေအနေကို တုံ့ပြန်ထားသည့် ဆန်းသစ်သောမြေစီမံခန့်ခွဲမှုနည်းလမ်းများနှင့် စီမံအုပ်ချုပ်မှုစနစ်တို့ကို ရေးဆွဲအကောင်အထည်ဖော်နိုင်မှုကို မီးမောင်းထိုးပြနေသည်။ ဥပမာ - ပြည်နယ်က စီမံခန့်ခွဲသည့် သားရဲတိရစ္ဆာန်စီမံခန့်ခွဲမှုနယ်မြေများ တိုးချဲ့လာခြင်း၊ မြေအမျိုးအစားသစ် ဖော်ထုတ်ခြင်းနှင့်  မြေအသုံးချမှုအခွင့်အရေးလွှဲပြောင်းခွင့်ပေးခြင်းတို့သည် ပြည်နယ်များ၏ မြေစီမံခန့်ခွဲမှုဆိုင်ရာ လွတ်လပ်မှုကို မီးမောင်းထိုးပြနေသည့် သာဓကများ ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စု၏ မြေစီမံအုပ်ချုပ်မှုစနစ်ကို ခြုံငုံသုံးသပ်ရသော် ပြည်နယ်များသည် ပြည်နယ်မြေများကို စီမံခန့်ခွဲရာတွင် လွတ်လပ်မှု၊ တာဝန်ယူတာဝန်ခံမှု၊ ထိရောက်မှု (ကုန်ကျစရိတ်နည်းပြီး ဘဏ္ဍာငွေရရှိမှုများသည့် အခြေအနေ) နှင့် လိုအပ်ပါက ပြောင်းလဲပြင်လွယ်ရှိမှုနှင့် ပတ်ဝန်းကျင်ရေရှည် တည်တံ့မှုတို့ကိုအားပေးသည့် ချဉ်းကပ်မှုကို အသုံးပြုထားသည်။ ဖက်ဒရယ်အစိုးရသည် ပြည်နယ်မြေ စီမံခန့်ခွဲမှုကို ဝင်ရောက်စွက်ဖက်ခွင့်မရှိသဖြင့် ပြည်နယ်များသည် ဒေသလိုအပ်ချက်နှင့် ဒေသအခြေအနေများနှင့်အညီ ပြည်နယ်မြေများကို လွတ်လပ်စွာစီမံခန့်ခွဲနိုင်သည်။ ထို့ပြင် ပြည်နယ်မြေ စီမံခန့်ခွဲရေးအဖွဲ့များသည် SLT မြေများကို အကျိုးခံစားခွင့်ရှိသူများ၏ ရေရှည်ဘဏ္ဍာရေးအရင်းအမြစ်ကို တာဝန်ယူရှာဖွေပေးရသဖြင့် ပြည်နယ်မြေစီမံခန့်ခွဲမှုစနစ်တိုးတက်ကောင်းမွန်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းကြသည်။ ထိုကြိုးပမ်းမှုကြောင့် ပြည်နယ်မြေစီမံခန့်ခွဲမှုသည် ဖက်ဒရယ်မြေစီမံခန့်ခွဲမှုနှင့် နှိုင်းယှဉ်လျှင် ကုန်ကျစရိတ်သက်သာပြီး ပြည်နယ်အတွက် ဘဏ္ဍာငွေများစွာ ရှာဖွေပေးနိုင်သည်။ ထို့ပြင် မြေစီမံခန့်ခွဲမှုများသည် သတ်မှတ်ထားသော မြေအသုံးချမှုပုံစံများအပြင် ပြည်နယ်အတွက် အကျိုးဖြစ်ထွန်းစေနိုင်သည့် အခြားသော မြေအသုံးချမှုပုံစံများကိုလည်း ခွင့်ပြုလေ့ရှိသည်။ ပြည်နယ်များသည် ပြည်နယ်ဘဏ္ဍာငွေရရှိနိုင်သည့် မြေအသုံးချမှုများအပြင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ရေရှည်တည်တံ့ရေးကို ရှေးရှုသည့် မြေ အသုံးချမှုပုံစံများကိုလည်း အားပေးသည်။

## ဌာနေအမေရိကန်လူမျိုးများ၏ မြေယာနှင့် သယံဇာတအခွင့်အရေးများ

အမေရိကန်နိုင်ငံတွင် ဌာနေအမေရိကန်လူမျိုး မျိုးနွယ်စု (Native American tribes) အတွက် တရားဝင်သတ်မှတ်တည်ထောင်ထားသော အင်းဒီးယန်းမြေ/အင်းဒီယန်းသီးသန့်မြေနေရာများ (Indian Reservations) ရှိသည်။[၅၈] အင်းဒီးယန်းမြေများသည် စာချုပ်၊ ပြဌာန်းဥပဒေနှင့်/သို့မဟုတ် သမ္မတအမိန့် သို့မဟုတ် တရားရုံးအမိန့်ဖြင့် တည်ထောင်ထားသော၊ တိကျသည့်နယ်နိမိတ်များဖြင့် ပိုင်းခြားထားသည့် နယ်မြေဒေသများ ဖြစ်သည်။ အင်ဒီးယန်းမြေများကို ဖက်ဒရယ်အစိုးရက အသိအမှတ်ပြုထားသည့် ဌာနေအမေရိကန်လူမျိုးမျိုးနွယ်စုများက စီမံခန့်ခွဲသည်။ အင်းဒီးယန်းမြေများသည် ပြည်နယ်များအတွင်း တည်ရှိနေသော်လည်း ပြည်နယ်အစိုးရ၏ စီမံအုပ်ချုပ်မှုအောက်တွင်မရှိဘဲ ဖက်ဒရယ်အစိုးရ၏ ဌာနတစ်ခုဖြစ်သော အမေရိကန်ပြည်ထောင်စု အင်းဒီးယန်းရေးရာဌာန (the U.S. Bureau of Indian Affairs) အောက်တွင် ရှိသည်။ အမေရိကန်နိုင်ငံတွင် ဖက်ဒရယ်အစိုးရ အသိအမှတ်ပြုထားသည့် ဌာနေအမေရိကန် လူမျိုးမျိုးနွယ်စု (၅၆၀) ကျော်ရှိသည်။ သို့ရာတွင် အဆိုပါမျိုးနွယ်စုတိုင်းအတွက် သီးသန့်မြေနေရာမရှိပါ။ အချို့မျိုးနွယ်စုများသည် မြေနေရာတစ်ခုထက်မကရှိပြီး အချို့မျိုးနွယ်စုများသည် မြေနေရာတစ်ခုတည်းတွင် ခွဲဝေနေထိုင်ကြသည်။ ဌာနေအမေရိကန်လူမျိုးများ၏ သီးသန့်မြေနေရာအားလုံး၏ စုစုပေါင်းမြေဧက မှာ ၅၅.၇ သန်းကျော် (အမေရိကန်နိုင်ငံအကျယ်အဝန်း၏ ၂.၃ ရာခိုင်နှုန်းခန့်) ရှိသည်။ ယနေ့ခေတ်တွင် ဌာနေအမေရိကန်လူမျိုးအမြောက်အများသည် အင်းဒီးယန်းမြေ/သီးသန့်ထိန်းသိမ်းမြေနေရာမဟုတ်သည့် နေရာဒေသများတွင်လည်း နေထိုင်လာကြသည်။

ဌာနေအမေရိကန်လူမျိုးများ၏မြေကိုအဓိကအားဖြင့်(၂)မျိုးခွဲခြားနိုင်သည်။ပထမတစ်မျိုးမှာဖက်ဒရယ်အစိုးရအမည်ပေါက်သည် အစောင့်ရှောက်ခံမြေ (Trust Land) ဖြစ်ပြီး ထိုမြေများကို ဖက်ဒရယ်အစိုးရက တရားဝင်ပိုင်ဆိုင်သော်လည်း သက်ဆိုင်ရာဌာနေအမေရိကန်လူမျိုးများက စီမံအုပ်ချုပ်သည့်မြေများဖြစ်သည်။ ဒုတိယတစ်မျိုးမှာ ဝယ်ယူမြေ (Fee Land) ဖြစ်ပြီး ဌာနေအမေရိကန်မျိုးနွယ်စုများက သက်ဆိုင်ရာပြဌာန်း ဥပဒေများနှင့်အညီ မျိုးနွယ်စုအမည်ပေါက် ပိုင်ဆိုင်ခွင့် (legal title) အတွက် ဝယ်ယူထားသော မြေများဖြစ်သည်။ ဌာနေအမေရိကန် လူမျိုးများ၏ မြေအများစုမှာ အစောင့်ရှောက်ခံမြေများ (Trust Land) ဖြစ်သည်။ ဌာနေအမေရိကန်လူမျိုးများ၏ သဘာဝသယံဇာတပိုင်ဆိုင်မှုသည် ဌာနေအမေရိကန်လူမျိုးများ၏ မြေပိုင်ဆိုင်မှုပုံစံနှင့် အခြေခံအားဖြင့် တူညီသည်။ ဌာနေအမေရိကန်လူမျိုးများ၏မြေပေါ်ရှိသဘာဝ သယံဇာတများကိုဖက်ဒရယ်အစိုးရကတရားဝင်ပိုင်ဆိုင်သည်။ သို့ရာတွင် သယံဇာတ ထုတ်ယူမှုမှရရှိသော အကျိုးအမြတ်များသည် သက်ဆိုင်ရာဌာနေအမေရိကန်လူမျိုး မျိုးနွယ်စုများအတွက်ဖြစ်သည်။ ဌာနေမျိုးနွယ်စုများသည် ၎င်းတို့မြေအတွင်းရှိ သဘာဝသယံဇာတများကို ထုတ်ယူခွင့်ရှိသော်လည်း ဖက်ဒရယ်အစိုးရ၏ အတည်ပြုချက်ရယူရန်လိုသည်။[၅၉]

ဌာနေအမေရိကန်လူမျိုးများ၏ လက်ရှိမြေပိုင်ဆိုင်ခွင့်နှင့် လုပ်ကိုင်ခွင့်အခွင့်အရေးများကိုနားလည်နိုင်ရန် ၎င်းတို့၏ သီးသန့်မြေနေရာဖြစ်တည်လာမှုသမိုင်းကြောင်းကို သိရှိထားရန်လိုပါသည်။ ၁၈၀၀ ပြည့်နှစ် နှောင်းပိုင်းနှစ်များနှင့် ၁၉၀၀ ခုနှစ် အစောပိုင်းနှစ်များအတွင်း အမေရိကန်အစိုးရသည် ဌာနေအမေရိကန်လူမျိုးများ၏ မြေများကို ဌာနေမျိုးနွယ်စုဝင် တစ်ဦးချင်းစီအတွက် မြေကွက်များကွက်ပြီး ချပေးခဲ့သည်။ ထိုသို့ မြေအကွက်ချပေးမှုသည် ၁၈ ရာစုတွင် စတင်ခဲ့သော်လည်း ၁၉ ရာစုနှောင်းပိုင်းတွင်မှ ကျယ်ကျယ်ပြန့်ပြန့် ပိုရှိလာသည်။စိုက်ပျိုးရေးအတွက် မြေကိုအမှန်တကယ်အသုံးပြုကြသည့် ဌာနေအင်းဒီယန်းများမြေပိုင်သည့် တောင်သူလယ်သမားများဖြစ်လာရေးအတွက်ရည်ရွယ်ပြီး ၁၈၈၇ ခုနှစ်တွင် ပြဌာန်းလိုက်သည့် မြေချထားရေးအက်ဥပဒေ (the General Allotment Act of 1887 or the Dawes Act) သည် ဌာနေအမေရိကန်လူမျိုးတို့၏ မြေဧကပေါင်းမြောက်များစွာကို ပုဂ္ဂပိုင်အဖြစ်အသွင်ပြောင်းပေးခဲ့သည်။ ထိုဥပဒေအရ ပုဂ္ဂလိကပိုင်အဖြစ် အမေရိကန်အစိုးရက အကွက်ရိုက်ချပေးထားသောမြေကွက်များ (allotments) ကို သတ်မှတ်ထားသည့် နှစ်ကာလတစ်ခု (များသောအားဖြင့် ၂၅ နှစ်) အတွင်း ဖက်ဒရယ်အစိုးရက တရားဝင် (အမည်ပေါက်) ပိုင်ပြီး

---

[၅၈] အမေရိကန်နိုင်ငံ၏ ဌာနေလူမျိုးများကို Native Americans or American Indians or Native American Nations ဟု အမျိုးမျိုးခေါ်ဝေါ်ကြသည်။ အမေရိကန် ဌာနေလူမျိုးမျိုးနွယ်စုများတွင် ဌာနေအင်းဒီးယန်းမျိုးနွယ်စုများ (Indian Natives)နှင့် အလာစကာဌာနေလူမျိုးများ(Alaska Natives)တို့သည် ဥရောပတိုက်မှလူဖြူများက ယနေ့အမေရိကန် နိုင်ငံအတွင်းသို့မရောက်ခင်ကတည်းက ရှိနေသော ဌာနေလူမျိုးများဖြစ်သည်။ အမေရိကန်နိုင်ငံတည်ထောင်သောအခါ ဌာနေသားများအတွက် သီးသန့်မြေနေရာများ (reservations) သတ်မှတ်ကာ ထိုမြေများကိုဖက်ဒရယ်အစိုးရက စီမံသည်။

[၅၉] U.S. Department of the Interior, Natural Revenue Data, "Native American ownership and governance of natural resource," available at: https://revenuedata.doi.gov/how-it-works/native-american-ownership-governance/ [accessed 19 July 2019]

နောက် ထိုမြေများကို ဝယ်ယူမြေ (fee lands) အဖြစ် ဌာနေအမေရိကန်လူမျိုးတို့က (အမည်ပေါက်) ပိုင်ဆိုင်နိုင်သည်။[၆၀] သို့ရာတွင် ဝယ်ယူမြေဖြစ်လာသောမြေများကို ပြည်နယ်နှင့် ဒေသန္တရအစိုးရတို့က အခွန်စည်းကြပ်နိုင်သည်။[၆၁]

မြေအကွက်ရိုက်ချပေးသည့် စနစ်သည် ဌာနေအင်းဒီယန်းလူမျိုးတို့၏ မြေပိုင်ဆိုင်မှုနှင့် မြေအသုံးချပုံစံတို့အပေါ် ကြီးမားစွာ ရိုက်ခတ်ခဲ့သည်။ ၁၈၉၁ ခုနှစ်တွင် အမေရိကန်အစိုးရသည် ဌာနေအမေရိကန်လူမျိုးတို့၏ မြေများကို စိုက်ပျိုးဖြစ်ထွန်းမှုအများဆုံးရှိသည့် မြေအသုံးချမှုဖြစ်ရေးအတွက် အငှားချထားမှုကို စတင်ခွင့်ပြုခဲ့သည်။ အဆိုပါမြေအငှားချမှုသည် တစ်ဖြည်းဖြည်းကျယ်ပြန့်လာပြီး နောက်ပိုင်းတွင် အမေရိကန်နိုင်ငံ ပြည်ထဲရေးဌာနေ (DOI) ၏ မြေအငှားချပေးသည့် လုပ်ပိုင်ခွင့်ကို ဒေသခံ အင်ဒီးလူမျိုး ကိုယ်စားလှယ်များအား လွှဲအပ်ပေးသည်အထိ ကျယ်ပြန့်လာခဲ့သည်။ ထိုမြေအငှားချသည့်စနစ်ကြောင့် အင်းဒီးယန်းမြေများကို အင်းဒီးယန်းမဟုတ်သူများအား မြေအဌားချပေးမှုများရှိလာပြီး အင်းဒီးယန်းတို့၏ စိုက်ပျိုးရေးအတွက် မြေအသုံးချမှုမှလည်း များစွာ လျော့ကျသွားခဲ့သည်။ ထို့ပြင် ဖက်ဒရယ်အစိုးရ၏ အမည်ပေါက်မြေပိုင်ဆိုင်မှုမှ ဌာနေလူမျိုးတို့၏ အမည်ပေါက်မြေပိုင်ဆိုင်မှုဖြစ်လာသော ဝယ်ယူမြေ (fee lands) များကို လွှဲပြောင်းရောင်းချပိုင်ခွင့်ပေးထားသဖြင့် ထိုမြေအမြောက်အမြားသည် ဌာနေအင်းဒီးယန်းမဟုတ်သူများ၏ လက်ထဲသို့ရောက်ခဲ့သည်။ မြေအကွက်ရိုက်ချပေးသည့်မူဝါဒကြောင့် ဌာနေအင်းဒီးယန်းမြေများအပေါ် နောက်ထပ်ရိုက်ခတ်မှုတစ်ခုမှာ မြေအကွက်ရိုက်ချပေးသည့် မူဝါဒသည် ပိုင်ရှင်သေဆုံးပြီးနောက် အကွက်ရိုက်မြေရောင်းချမှုကို အားပေးပြီး ဌာနေအင်းဒီးယန်းလူမျိုးတို့၏ အမွေဆက်ခံမှုဆိုင်ရာ အစဉ်အလာအတွက် အဟန့်အတားတစ်ခု ဖြစ်လာစေခဲ့သည်။[၆၂]

ထို့ကြောင့်မြေအကွက်ရိုက်ချပေးသည့် မူဝါဒသည် ပုဂ္ဂလိကမြေပိုင်ဆိုင်မှုနှင့် အင်းဒီးယန်း မြေပိုင်ရှင်များ မိမိတို့မြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင်မှုကို မြှင့်တင်ပေးရန် ရည်ရွယ်ခဲ့သော်လည်း ဌာနေအမေရိကန်လူမျိုးတို့၏ မြေပိုင်ဆိုင်မှုနှင့် မြေအသုံးချမှုကို အကြီးအကျယ် လျော့ကျစေခဲ့သည်။ ဌာနေအမေရိကန်လူမျိုးတို့သည် ၁၈၈၇ ခုနှစ်တွင် မြေဧက (၁၃၈) သန်းပိုင်ဆိုခဲ့သော်လည်း (၄၇) နှစ်အကြာ ၁၉၃၄ ခုနှစ်တွင် မြေဧက (၄၈) သန်းသာ ပိုင်ဆိုင်တော့သည်။ ထို့ကြောင့် ဖက်ဒရယ်အစိုးရသည် ဌာနေအမေရိကန် လူမျိုးတို့၏ မြေဆုံးရှုံးမှုများကိုလျော့ချရန် ၁၉၃၄ ခုနှစ်တွင် မျိုးနွယ်စုမြေအကွက်ရိုက်ချပေးသည့်မူဝါဒကို ဖျက်သိမ်းခဲ့ပြီး ဖက်ဒရယ်အစိုးရ၏ အမည်ပေါက်ပိုင်ဆိုင်သည့်ကာလကို အကန့်အသတ်မရှိ သတ်မှတ်လိုက်သည်။ ထို့နောက် မြေအကွက်ချထားခြင်းမပြုရသေးသည့် မြေများကို မျိုးနွယ်စုများပိုင်ဆိုင်နိုင်သည့် အခွင့်အလမ်းကိုပေးသည့် ဥပဒေ (the Indian Reorganization Act of 1934) ကို ပြဌာန်းခဲ့သည်။ ထိုဥပဒေသည် မျိုးနွယ်စုများ၏ ကိုယ်ပိုင်အုပ်ချုပ်မှုကိုအားပေးပြီး အင်ဒီးယန်းမြေဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေအကူအညီများလည်း ပံ့ပိုးပေးသည်။ ထို့ပြင် ၁၉၃၈ ခုနှစ်တွင် မျိုးနွယ်စုများ၏ သဘောတူညီချက်လိုအပ်သည့် အင်းဒီယန်းသတ္တုမြေငှားရမ်းမှုအက်ဥပဒေ (Indian Mineral Leasing Act of 1938) ကို လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် မျိုးနွယ်စုများအား စွမ်းအင်ဆိုင်ရာ စီးပွားရေးသဘောတူညီချက်များချုပ်ဆိုခွင့် ပြုထားသည့် အင်းဒီးယန်းမျိုးနွယ်စုစွမ်းအင်ဖွံ့ဖြိုးရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အက်ဥပဒေ (Indian Tribal Energy and Self-determination Act of 2005) ကို လည်းကောင်း၊ ထိုဥပေဒများကို ပြင်ဆင်သည့် ပြင်ဆက်ချက်ဥပဒေများကိုလည်းကောင်း အသီးသီးပြဌာန်းခဲ့သည်။

ယနေ့ခေတ်အင်းဒီးယန်းမြေများသည် ဌာနေအမေရိကန်လူမျိုးများ၏ အချုပ်အခြာအာဏာပိုင်သည့် မြေများဖြစ်သည်။ ထိုမြေများကို ဖက်ဒရယ်အစိုးရက တရားဝင် (အမည်ပေါက်) ပိုင်ဆိုင်ပြီး သက်ဆိုင်ရာ ဌာနေလူမျိုးများက ဖက်ဒရယ်အစိုးရ၏ ဘဏ္ဍာ

---

[၆၀] ဖက်ဒရယ်အစိုးရအကွက်ရိုက်ချပေးသည့် မြေတစ်ကွက်၏ အကျယ်အဝန်းသည် ဧက ၆၀ မှ ၁၆၀ အထိရှိသည်။ ၁၉၀၃ ခုနှစ်တွင် အမေရိကန်တရားရုံးချုပ် (Supreme Court) သည် ဖက်ဒရယ်အစိုးရက ဌာနေလူမျိုးများ၏ မြေများကို အကွက်ရိုက်ချပေးခြင်းသည် ဌာနေအင်းဒီးယန်းမျိုးနွယ်စု လူမျိုးများအပေါ် ၎င်း၏ (ကွန်ဂရက်၏) အာလုံးလွှမ်းခြုံအာဏာ (plenary power) ကို ကျင့်သုံးခြင်းဖြစ်ပြီး အင်းဒီးယန်းမြေပြုပြင်ပြောင်းလဲမှုများကို ဌာနေအင်းဒီယန်းလူမျိုးတို့၏ သဘောတူညီမှု (consent) မပါဘဲ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံသည် ကွန်ဂရက်အား အာလုံးလွှမ်းခြုံအာဏာပေးအပ်ရာတွင် အကန့်အသတ်မရှိ ကျင့်သုံးခွင့်ကို ပေးအပ်ထားခြင်း မဟုတ်သဖြင့် ဖွဲ့စည်းပုံကို ချိုးဖောက်ရာရောက်သည်ဟု ဝေဖန်ထောက်ပြကြသည်။

[၆၁] ယေဘုယျအားဖြင့် ပြည်နယ်သည် ဌာနေအင်းဒီးယန်းမြေအတွင်းရှိ ဌာနအင်းဒီးယန်းမျိုးနွယ်နှင့် အဖွဲ့ဝင်များကို အခွန်စည်းကြပ်ခွင့်မရှိပါ။ သို့ရာတွင် အင်းဒီးယန်းမြေအတွင်းရှိ အင်းဒီယန်းမဟုတ်သူများအပေါ် အခွန်စည်းကြပ်နိုင်သည်။ ပြည်နယ်များသည် အင်းဒီးယန်းမြေအတွင်းရှိ အင်းဒီယန်းမဟုတ်သူများ၏ စီးပွားရေးလုပ်ငန်းများနှင့် အင်းဒီးယန်းစီးပွားရေးလုပ်ငန်းများ၏ ဖောက်သည်များကို အခွန်စည်းကြပ်နိုင်သည်။ ထို့ပြင် ပြည်နယ်များသည် fee lands အပေါ်၌လည်း အခွန်ကောက်ခံနိုင်သည်။

[၆၂] ဖက်ဒရယ်အစိုးရချပေးသည် မြေကွက်ကို ပိုင်သည့်ပိုင်ရှင်များ သေဆုံးသွားသည့်အခါ ထိုမြေကွက်ကို ၁) ရောင်းချခြင်း၊ ၂) အမွေဆက်ခံမည်သူများကို ပူးတွဲပိုင်ရှင်အဖြစ် သတ်မှတ်ကာ မြေကွက်မူပိုင်ခွင့်ချပေးခြင်း၊ ၃) အမွေဆက်ခံသူများအတွက် မြေကို trust land သို့မဟုတ် fee lands အဖြစ် ခွဲစိတ်ခွဲဝေခြင်းနှင့် ၄) trust land အဖြစ်ဆက်ထားပြီး အမွေဆက်ခံသူများ၏အကျိုးအတွက် အငှားချခြင်းတို့ကို ပြုလုပ်ကြသဖြင့် အဆိုပါအလေ့အထများသည် မြေရောင်းချမှုကို အားပေးနေသည်။

ငွေအကူအညီများဖြင့် စီမံအုပ်ချုပ်သည်။ ဖက်ဒရယ်အစိုးရသည် ဌာနေအမေရိကန်လူမျိုးတို့၏မြေများကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသော်လည်းဌာနေ လူမျိုးတို့၏ မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖက်ဒရယ်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများသည် အင်းဒီးယန်းလူမျိုးများ၏ ဆင်းရဲနွမ်းပါးမှုကို ပပျောက်အောင်ဆောင်ရွက်နိုင်ခြင်း မရှိသေးပေ။ ဌာနေအမေရိကန်လူမျိုးများ၏ ဆင်းရဲနွမ်းပါးမှုနှင့် လူနေမှုအဆင့်အတန်းနိမ့်ကျမှုတို့သည် ဌာနေအမေရိကန် လူမျိုးတို့၏မြေများကို စီမံအုပ်ချုပ်မှုစနစ်နှင့် များစွာဆက်စပ်နေသည် ဟုသုံးသပ်ကြသည်။ဖက်ဒရယ်အစိုးရသည် ဌာနေအမေရိကန်လူမျိုးတို့၏ လက်ရှိမြေစီမံအုပ်ချုပ်မှုကို ပုံစံအမျိုးမျိုးဖြင့် လွှမ်းမိုးချယ်လှယ်နေသည်။ ပထမအချက်အနေဖြင့် ဖက်ဒရယ်အစိုးရသည် ဌာနေအမေရိကန်လူမျိုးတို့၏ မြေ/အင်းဒီးယန်းမြေများကို တရားဝင်ပိုင်ဆိုင်ပြီး ဌာနေလူမျိုးများ၏အကျိုးစီးပွားအတွက် ထိုမြေများကိုစီမံခန့်ခွဲနိုင်သည်။ (အမည်ပေါက်) တရားဝင်ပိုင်ဆိုင်မှု မရှိသဖြင့် ဌာနေအင်းဒီးယန်းလူမျိုးတို့သည် မိမိတို့၏မြေများကို ချေးငွေအတွက် ပေါင်နှံမှုမပြုနိုင်ကြပေ။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းထူထောင်ရန်အတွက် ဌာနေအင်းဒီးယန်းလူမျိုးတို့၏ ချေးငွေရရှိနိုင်သည့် အခွင့်အလမ်းကို ပိတ်ပင်ရာရောက်သည်။ ဒုတိယအချက်မှာ ဌာနေလူမျိုးများ၏ မြေအတွင်း စီးပွားရေးဖွံ့ဖြိုးရေးအတွက် မြေအသုံးချမှုများနှင့် သယံဇာတထုတ်ယူမှုများသည် များသောအားဖြင့် ဖက်ဒရယ်အစိုးရ၏ အတည်ပြုချက်ရယူရန်လိုသည်။ ထို့ပြင် ဖက်ဒရယ်အစိုးရသည် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များတွင်လည်း ပါဝင်ပတ်သက်နိုင်သည်။ ဥပမာ - ဖက်ဒရယ်အစိုးရသည် မျိုးနွယ်စုများအတွက် အခွန်ကောက်ခံပေးပြီး မျိုးနွယ်စုများအား ပြန်လည်ခွဲဝေပေးသည်။

တတိယအချက်မှာ မျိုးနွယ်စုမြေများကိုအုပ်ချုပ်သည့် ဥပဒေမူဘောင်သည် ရှုပ်ထွေးပြီး စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည်။ ၁၉ ရာစုတွင် ချမှတ်ခဲ့သော မြေအကွက်ရိုက်ချထားရေးမူဝါဒ၏ အကျိုးဆက်များကြောင့် ဌာနေလူမျိုးတို့၏ မြေပိုင်ဆိုင်မှုနှင့် သယံဇာတထုတ်ယူခွင့်သည် ပုံစံအမျိုးမျိုးရှိလာခဲ့သည်။ ဖက်ဒရယ်အစိုးရအမည်ပေါက်မြေများ (allotments)၊ မျိုးနွယ်စုအမည်ပေါက်မြေများ (fee lands)၊ မြေပိုင်ဆိုင်ခွင့်နှင့် သယံဇာတထုတ်ယူခွင့် နှစ်ခုလုံးရှိသည့်မြေများ(allotment & allotment or fee land & fee land)၊ မြေပိုင်ဆိုင်ခွင့်နှင့် သယံဇာတထုတ်ယူခွင့်သီးခြားရှိသည့်မြေများ (allotment & tribal or tribal & allotment) ဟူ၍ ဌာနေမျိုးနွယ်စုမြေအမျိုးအစား အမျိုးမျိုးရှိသည်။ ထို့ပြင် ဖက်ဒရယ်အမွေ ဆက်ခံမှုဥပဒေအရ အင်းဒီးယန်းမြေများကို အမွေဆက်ခံသူများအား အညီအမျှခွဲစိပ်ပေးရန် လိုအပ်သဖြင့် မြေတစ်ကွက်တည်းတွင် ပိုင်ရှင်များစွာ ထွက်ပေါ်လာသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးရေးအတွက် ဌာနေမြေများကို စီမံခန့်ခွဲရန်ခက်ခဲလာသည်။ တတိယအချက်မှာ ဖက်ဒရယ်အစိုးရ၏ ဌာနေလူမျိုးများမြေနှင့် သယံဇာတစီမံခန့်ခွဲမှုများသည် ညံ့ဖျင်းလေ့ရှိပြီး ဌာနေလူမျိုးတို့ ရသင့်ရထိုက်သော ငွေကြေးအကျိုးအမြတ်များကို ဆုံးရှုံးစေခဲ့သည်။ ဌာနေလူမျိုးမြေအတွင်းရှိ သယံဇာတထုတ်ယူမှုများအပေါ်ကောက်ခံသော နိုင်ကြေး (အခွန်) နှုန်းထားများကို BIA က သတ်မှတ်ပြီး တစ်ခါတစ်ရံ၌ လျော့ပေါ့သတ်မှတ်မှုများရှိခဲ့သည်။ ထို့ပြင် လူမျိုးစုမြေမှကောက်ခံရရှိသော ဘဏ္ဍာငွေများကို စီမံခန့်ခွဲရာတွင် လွဲချော်မှုများရှိခဲ့ပြီး ဌာနေလူမျိုးတို့၏ အကျိုးခံစားခွင့်ကို ထိခိုက်နစ်နာစေခဲ့သည်။ BIA သည် မြေဘဏ္ဍာငွေ အလွဲသုံးစားမှုများကြောင့် တရားစွဲခံရပြီး (၁၃) နှစ်ကြာ အမှုရင်ဆိုင်ပြီးနောက် အိုဘားမားအစိုးရလက်ထက် ၂၀၀၉ ခုနှစ်တွင် အမေရိကန်တရားရုံးချုပ်က BIA မှ ဒေါ်လာ ၃.၄ ဘီလျံ ပေးလျော်စေရန် ဆုံးဖြတ်ခဲ့သည်။[၆၃] ထို့ကြောင့် ဌာနေလူမျိုးတို့က မိမိတို့မြေနှင့်သယံဇာတများကို ကိုယ်တိုင်ထိန်းချုပ်ပိုင်ခွင့်ကို တိုးချဲ့ပေးရန်နှင့် ဖက်ဒရယ်အစိုးရ၏ ထိန်းချုပ်မှုကိုလျှော့ချရန် အစဉ်တစ်စိုက် တောင်းဆိုလာကြသည်။

### ဖက်ဒရယ်အစိုးရအသိမှတ်ပြုမှုမရှိသော မျိုးနွယ်စုများ (Non-Federally Recognized Tribes- NFRT) [၆၄]

အမေရိကန်နိုင်ငံတွင် ဖက်ဒရယ်အစိုးရက အသိအမှတ်ပြုထားသော ဌာနေအမေရိကန်လူမျိုးများရှိသကဲ့သို့ ဖက်ဒရယ်အစိုးရ၏ အသိအမှတ်ပြုမှုမရှိသော မျိုးနွယ်စုများ (NFRTs) လည်းရှိသည်။ NFRT သည် ၁) ဖက်ဒရယ်အသိအမှတ်ပြုမှု မရှိသော်လည်း ပြည်နယ်အသိအမှတ်ပြုသည့် မျိုးနွယ်များနှင့် ၂) ဖက်ဒနှင့် ပြည်နယ်နှစ်ခုလုံးအသိမှတ်ပြုမှု မရှိသော်လည်း အင်းဒီးယန်းမျိုးနွယ်စုများအဖြစ် ကိုယ့်ကိုယ်ကိုသတ်မှတ်သော လူအုပ်စုများကို ရည်ညွှန်းသည်။ ဖက်ဒရယ်အစိုးရသည် NFRTs ကို ကူညီပံ့ပိုးပေးသည့် ဖက်ဒရယ်အစီအစဉ်များထားရှိပြီး NFRTs တို့ကို ကူညီထောက်ပံ့သည်။ ဖက်ဒရယ်အစိုးရသည် ဖက်ဒရယ်အစိုးရ၏ ပြဋ္ဌာန်းဥပဒေအချို့အရ ပြည်နယ်များက အသိအမှတ်ပြုသည့် မျိုးနွယ်စုများနှင့် ပြည်နယ်ကြိုးဝိုင်းမြေ သို့မဟုတ် စိုက်ပျိုးမွေးမြူရေးခြံ သို့မဟုတ်

[၆၃] The New York Times, U.S will settle Indian Lawsuit for $3.4 Billion (December 8, 2009). Available at: https://www.nytimes.com/2009/12/09/us/09tribes.html [accessed 20 July 2019]

[၆၄] U.S. Government Accountabilty Office, Report to the Honorable Dan Boren House of Representatives, Indian Issues: Federal Funding for Non-Federally Recognized Tribes. (April 2012) available at: https://www.gao.gov/products/GAO-12-348 [accessed 20 July 2019]

အနီးတွင်နေထိုင်သော မျိုးနွယ်စုများကို ဘဏ္ဍာငွေထောက်ပံ့ရန် တာဝန်ရှိသည်။ ဥပမာ- စိုက်ပျိုးရေးဌာန၏ ကျေးလက်စီးပွားရေးလုပ်ငန်း ထောက်ပံ့ငွေအစီအစဉ်၊ ပညာရေးဌာန၏ အရွယ်ရောက်အင်းဒီးယန်းများအတွက် ပညာရေးအခွင့်အလမ်း တိုးတက်ရေးအစီအစဉ်၊ ကျန်းမာရေးဌာန၏ လူထုဝန်ဆောင်မှုထောက်ပံ့ရေးအစီအစဉ်၊ အလုပ်သမားဌာန၏ ဌာနေလူမျိုး အလုပ်အကိုင်နှင့်သင်တန်းအစီအစဉ်တို့သည် NFRTs ၏ လူမှုဘဝဖွံ့ဖြိုးရေးအတွက် ဖက်ဒရယ်အစိုးရက ဘဏ္ဍာငွေထောက်ပံ့ပေးသော အစီအစဉ်များဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် အမေရိကန်နိုင်ငံတွင် မြေဆိုင်ရာလုပ်ပိုင်ခွင့်အာဏာများကို အစိုးရအဆင့်များအကြား ရှင်းလင်းစွာခွဲဝေအပ်နှင်းထားခြင်း၊ မြေပိုင်ဆိုင်မှုနှင့်စီမံခန့်ခွဲမှုတို့ကို မြေအမျိုးအစား(ဖက်ဒရယ်ပိုင်မြေ၊ ပြည်နယ်ပိုင်မြေ) အလိုက် သက်ဆိုင်ရာမြေဥပဒေများဖြင့် စီမံအုပ်ချုပ်ခြင်း၊ ဖက်ဒရယ်အစိုးရသည် ပြည်နယ်များ၏ သီးခြားလုပ်ပိုင်ခွင့်အရ ၎င်းတို့၏မြေအသုံးချမှုပုံစံများကို တိုက်ရိုက်လွှမ်းမိုးခွင့် မရှိသော်လည်း သွယ်ဝိုက်အားဖြင့်လွှမ်းမိုးနိုင်သည့်ဖက်ဒရယ်ဥပဒေများ (ဥပမာ -ESA, EPA, NEA) ပြဋ္ဌာန်းနိုင်ခြင်းနှင့် ဖက်ဒရယ်အစိုးရစီမံအုပ်ချုပ်မှုအောက်တွင် ဌာနေအမေရိကန်လူမျိုးများအတွက် သီးသန့်မြေနေရာများ တည်ထောင်ထားခြင်းတို့ကို တွေ့ရသည်။ ထို့အပြင် သုတေသနစာတမ်းအချို့၏ တွေ့ရှိချက်အရ ပြည်နယ်အချို့သည် ဖက်ဒရယ်အစိုးရထက် ပိုမိုစွမ်းဆောင်နိုင်သည့်ကို တွေ့ရသည်။

## ၅.၁.၂ အိန္ဒိယ (India)

အိန္ဒိယနိုင်ငံသည် ပြည်နယ် (၂၉) ခုနှင့် ပြည်ထောင်စုနယ်မြေ (၇) ခုတို့ဖြင့် ဖွဲ့စည်းထားသော ဖယ်ဒရယ်နိုင်ငံတစ်ခုဖြစ်သည်။[၆၅] အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံအရ နိုင်ငံကို ဗဟိုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရဟူသည့် အစိုးရအလွှာ (၃) လွှာဖြင့် စီမံအုပ်ချုပ်သည်။ နိုင်ငံ၏ ဖွဲ့စည်းပုံတွင် အစိုးရအဖွဲ့များ (ဗဟို၊ ပြည်နယ်၊ ဒေသန္တရ) ၏ လုပ်ပိုင်ခွင့်အာဏာများ/လုပ်ငန်းတာဝန်များကို တိကျစွာ ခွဲဝေအပ်နှင်းထားသည်။ အထူးသဖြင့် အစိုးရအဆင့်အလိုက် ဥပဒေပြုခွင့်ရှိသော အကြောင်းအရာများကို အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဇယား(၇)ပါ ပြည်ထောင်စုစာရင်း (Union List) တွင် ပြည်ထောင်စုဥပဒေပြုရေးအဖွဲ့ (ပါလီမန်) က ဥပဒေပြုခွင့်ရှိသော အကြောင်းအရာများကိုလည်းကောင်း၊ ပြည်နယ်စာရင်း (State List) တွင် ပြည်နယ်ဥပဒေပြုရေးအဖွဲ့ (ပြည်နယ်လွှတ်တော်) က ဥပဒေပြုခွင့်ရှိသည့် အကြောင်းအရာများကိုလည်းကောင်း၊ ထပ်တူပြုစာရင်း (Concurrent List) တွင် ပါလီမန်နှင့် ပြည်နယ်လွှတ်တော် နှစ်ဖွဲ့လုံးက ဥပဒေပြုခွင့်ရှိသော အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းစွာဖော်ပြထားသည်။ ထို့အပြင် ၁၉၉၂ ခုနှစ်၊ ဖွဲ့စည်းပုံပြင်ဆင်ချက်အက်ဥပဒေ (73rd and 74th Constitution Amendment Acts,1992) အရ ထပ်မံဖြည့်စွက်ထားသော ဇယား-၁၁ နှင့် ဇယား-၁၂ တို့တွင် ကျေးလက်နှင့် မြို့ပြဒေသန္တရအစိုးရအဖွဲ့တို့၏ လုပ်ပိုင်ခွင့်အာဏာ/လုပ်ငန်းတာဝန်တို့ကို ထည့်သွင်းပြဋ္ဌာန်းထားသည်။[၆၆]

အိန္ဒိယနိုင်ငံတွင်မြေသည် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာ (တစ်နည်းအားဖြင့် ပြည်နယ်က ဥပဒေပြုခွင့်ရှိသော အကြောင်းအရာ) ဖြစ်သည်။ မြေနှင့်ဆိုင်သော ဥပဒေပြုရေးတာဝန်အပြင် စီမံအုပ်ချုပ်ရေးတာဝန်များကိုလည်း ပြည်နယ်များအား လွှဲအပ်ပေးထားပြီး၊ ဗဟို/ပြည်ထောင်စုအစိုးရသည် ယေဘုယျ လမ်းညွှန်မှုများကိုသာ ချမှတ်ပေးသည်။[၆၇] ထို့ကြောင့် မြေယာဆိုင်ရာ ဥပဒေများနှင့် ထိုဥပဒေတို့ကို အကောင်အထည်ဖော်မှုနှင့် အောင်မြင်မှုအခြေအနေတို့သည် ပြည်နယ်အလိုက် ကွဲပြားမှုရှိသည်။

---

[၆၅] သို့ရာတွင် ပညာရှင်အချို့က စပ်ကြားပြည်ထောင်စုဟုသာ သုံးသပ်ရှုမြင်ကြသည်။ Stepan, Alfred, Juan J. Linz, Juan J. Linz, and Yogendra Yadav. Crafting state-nations: India and other multinational democracies. JHU Press, 2011; မင်းခင်မောင်ရင် "ကွဲပြားမှုကြီးမားသော လူ့အဖွဲ့အစည်းများတွင် နိုင်ငံတည်ထောင်ခြင်းနှင့် နိုင်ငံတည်ဆောက်ခြင်း" Myanmar Quarterly Report, Vol-1, No 2, 2017,pp 227-293. Rekha, Sexena. 2013. "India: A Hybrid Federal-Unitary State?". In Routle Handbook of Regionalism and Frederalism, edited by John Loughlin John Kincaid and Wilfried Swenden. London: Routledge, 2013

[၆၆] ထပ်တူပြုစာရင်း (Concurrent List) ပါ အကြောင်းအရာများနှင့်ပတ်သက်၍ ဗဟိုအစိုးရဥပဒေနှင့် ပြည်နယ်အစိုးရ ဥပဒေတို့အကြား ပဋိပက္ခဖြစ်လျှင် ဗဟို/ပြည်ထောင်စုဥပဒေ၏လွှမ်းမိုးခွင့်ကို ပေးအပ်ထားသည်။ သို့ရာတွင် သမ္မတ၏သဘောတူညီချက်ရယူပြီး ဗဟိုအစိုးရ၏ဥပဒေများကလွှမ်းမိုးနိုင်သည်။ ထို့ပြင် စာရင်းနှင့်ဇယားများတွင် မပါဝင်သေးသည့်အကြောင်းရာများ၊ ဥပဒေပြုခွင့်ဖြစ်သော ကြွင်းကျန်အာဏာများကို ပြည်ထောင်စုအစိုးရအား အပ်နှင်းထားသည်။

[၆၇] သို့ရာတွင် "ပစ္စည်းသိမ်းယူခြင်းနှင့် အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (acquisition and requisition of property)" သည် ထပ်တူပြုစာရင်းတွင် ပါဝင်သဖြင့် ပါလီမန်နှင့် ပြည်နယ်ဥပဒေပြုရေးအဖွဲ့နှစ်ခုလုံးက ထိုအကြောင်းအရာနှင့် ပတ်သက်၍ ဥပဒေပြုခွင့်ရှိသည်။




အဘာယ်ကြောင့်ဆိုသော် ပြည်နယ်များ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနောက်ခံအခြေအနေများ ကွဲပြားခြားနားမှု ရှိနေကြပြီး၊ ထိုခြားနားမှုများက ပြည်နယ်များ၏ မြေယာစီမံအုပ်ချုပ်မှုအပေါ် ဩဇာသက်ရောက်လွှမ်းမိုးနေသောကြောင့် ဖြစ်သည်။ ပြည်နယ်များသည် ၁၉၉၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များနှင့်အညီ မြေအမျိုးအစားအချို့ကို ပြည်နယ်အစိုးရအောက်ရှိ (ကျေးလက်နှင့်မြို့ပြ) ဒေသန္တရအစိုးရအဖွဲ့တို့အား စီမံခန့်ခွဲပိုင်ခွင့်တာဝန်များ (ဥပမာ - မြေပြုပြင်မွမ်းမံခြင်း၊ မြေပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ခြင်း၊ မြေများကို စနစ်တကျပြုပြင်ခြင်းနှင့် မြေဆီလွှာထိန်းသိမ်းခြင်း) ကို ခွဲဝေပေးရသည်။

အိန္ဒိယနိုင်ငံ၏ ယနေ့ခေတ်မြေအုပ်ချုပ်မှုဆိုင်ရာ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင် သို့မဟုတ် အခြေခံဖွဲ့စည်းပုံကို ဗြိတိသျှကိုလိုနီခေတ်တွင် ဗြိတိသျှကိုလိုနီအစိုးရက ရေးဆွဲခဲ့ခြင်းဖြစ်သည်။ မြေယာကဏ္ဍမှ ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေသည် ကိုလိုနီအုပ်ချုပ်ရေးအတွက် အရေးပါသောဘဏ္ဍာငွေအရင်းအမြစ်တစ်ခု ဖြစ်ခဲ့သည်။ အခွန်ဘဏ္ဍာငွေရရှိရေးအတွက် ဗြိတိသျှကိုလိုနီအစိုးရသည် အိန္ဒိယနိုင်ငံ၏ မြေယာကဏ္ဍအတွက် မြေတိုင်းတာခြင်း၊ မြေမှတ်တမ်းတင်ခြင်း၊ မြေအမျိုးအစား သတ်မှတ်ခြင်းနှင့် မြေလုပ်ပိုင်ခွင့်ဆိုင်ရာ စနစ်တစ်ခုထွက်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရသောအခါ မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ ထိုပြုပြင်ပြောင်းလဲမှုတွင် မြေရှင်စနစ်ကိုဖျက်သိမ်းခဲ့ပြီး မြေစိုက်ပျိုးလုပ်ကိုင်သူအားမြေလွှဲပြောင်းပေးခြင်း၊ မြေပိုင်မှုပမာဏကန့်သတ်ခြင်းနှင့် မြေပြန်လည်ဖြန့်ဝေခြင်းတို့ကို အဓိကဦးတည်ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ပြည်နယ်အများစုတွင် မြေယာပြုပြင်ပြောင်းလဲမှုကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ပါ။ မြေစီမံအုပ်ချုပ်မှုများ စနစ်တကျမရှိခဲ့သဖြင့် မြေယာကဏ္ဍမှ ကောက်ခံရရှိသောအခွန်ငွေသည်လည်း အိန္ဒိယအစိုးရအတွက် အဓိကကျသော ဘဏ္ဍာငွေအရင်းအမြစ် မဟုတ်တော့ပေ။

၁၉၉၁ ခုနှစ်နောက်ပိုင်းတွင် အိန္ဒိယအစိုးရသည် နိုင်ငံ၏ မြေယာကဏ္ဍလွတ်လပ်မှုရှိရေးအတွက် အစီအစဉ်များ ရေးဆွဲချမှတ်ကာ မြေပိုင်ဆိုင်မှုကန့်သတ်ချက်များကို ရုတ်သိမ်းရန် ကြိုးပမ်းလာခဲ့သည်။ ရေကာတာတည်ဆောက်ခြင်း၊ သတ္တုတူးဖော်ခြင်း၊

သဘာဝသယံဇာတထုတ်ယူခြင်း၊ ဆိပ်ကမ်း၊ လမ်းနှင့် အခြေခံအဆောက်အအုံတည်ဆောက်ခြင်း အစရှိသည့် အကြီးစား "ဖွံ့ဖြိုးရေးစီမံကိန်းများ" နှင့် အထူး စီးပွားရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်လာသဖြင့် မြေသိမ်းဆည်းမှုများ၊ မြေမှနှင်ထုတ်မှုများနှင့် အဓမ္မပြောင်းရွှေ့ခံရမှုများ အစရှိသည့် မြေယာပြဿနာများ သိသာစွာများပြားလာခဲ့သည်။ "အများ ပြည်သူအကျိုးအလို့ငှာ (public benefits)" ဆိုသည့် အကြောင်းပြချက်ဖြင့် အစိုးရမှ မြေသိမ်းယူခွင့်ကို ခွင့်ပြုထားသည့် အိန္ဒိယနိုင်ငံ၏ မြေသိမ်းဥပဒေ (၁၈၉၄) ကို အသုံးပြုခဲ့သည့်အပြင် စက်မှုလုပ်ငန်းထွန်းကားရေးအတွက် စိုက်ပျိုးမြေများကို ပြောင်းလဲအသုံးပြုခွင့်ပေးထားသည့် မြေဥပဒေများကိုလည်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး မြေအရောင်းအဝယ်ချောမွေ့စေရေးအတွက် အစိုးရဘက်မှ ကြိုးပမ်းလာခဲ့သည်။ မြေကို ဒေသခံလူထု၏ အသက်အိုးအိမ်၊ ယဉ်ကျေးမှု၊ အမှတ်လက္ခဏာအဖြစ် ရှုမြင်ခြင်းထက် ရောင်းကုန်ပစ္စည်းအဖြစ်မျှသာ ရှုမြင်လာကြသဖြင့် မြေသိမ်းဆည်းမှုအချို့သည် မြေသိမ်းဆည်းခံရသူများအား ထိုက်သင့်သော နစ်နာကြေး၊ လျော်ကြေးများပေးအပ်ခြင်း မရှိခဲ့တော့ပေ။ ထို့ပြင် မြေသိမ်းဆည်းမှုမပြုမီ သိမ်းဆည်းခံများ၏ သဘောတူညီမှုကို ရယူခဲ့မှုမရှိခြင်း သို့မဟုတ် မရိုးသားသော နည်းလမ်းများဖြင့် ရယူခဲ့ခြင်းတို့ကြောင့် ဒေသခံလူထု၏ မြေယာများစွာ သိမ်းဆည်းခံခဲ့ရသည်။

ထို့ကြောင့် ၂၀၁၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံအစိုးရသည် မည်သည့်မြေသိမ်းဆည်းမှုများအတွက်မဆို ဒေသခံလူထု၏ သဘောတူညီချက်ရယူရန် လိုအပ်စေသည့် မြေသိမ်းအက်ဥပဒေအသစ်ဖြစ်သည့် 'မြေသိမ်းဆည်းခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ပြန်လည်နေရာချထားခြင်းတို့အတွက် ထိုက်သင့်သောနစ်နာကြေး၊ လျော်ကြေးရပိုင်ခွင့်နှင့် ပွင့်လင်းမြင်သာမှုရှိရေးအက်ဥပဒေ (The Rights to Fair Compensation and Transparency in Land Acquisition, Rehabilitation and Resettlement Act, 2013)' ကို ပြဋ္ဌာန်းခဲ့သည်။[၆၈] ထိုအက်ဥပဒေအရ မြေသိမ်းဆည်းမှုမပြုခင် သိမ်းဆည်းခံရသူများ၏ သဘောတူညီချက်ကို ကြိုတင်ရယူရန် လိုအပ်ပြီး၊ ထိုသို့ရယူရာတွင် အတင်းအကြပ်ရယူမှုခြင်းထက် လွတ်လပ်စွာကြိုတင်အသိပေးရယူထားသည့် သဘောတူညီချက်(FPIC) ဖြစ်ရန် လိုသည်။[၆၉] ထို့ပြင် FPIC ဖြင့် ရယူထားသည့် မြေများအတွက်လည်း ထိုက်သင့်သော လျော်ကြေးများပေးအပ်ရန်နှင့် စီမံကိန်းတိုင်းအတွက် (၆) လအတွင်း လူမှုရေးအကျိုးသက်ရောက်မှု ဆန်းစစ်ချက် (SIA) ကိုလည်း ပြုလုပ်ရန်လိုအပ်သည်။ သို့ရာတွင် အဆိုပါအက်ဥပဒေသည် တရားဝင်မှတ်ပုံတင်ထားသော မြေများနှင့်သာသက်ဆိုင်မှုရှိပြီး ထိုမြေများကို အစိုးရက သိမ်းဆည်းမှုပြုသည့်အခါ ထိခိုက်နစ်နာသူများအား နစ်နာကြေး/လျော်ကြေး ပေးပါသည်။ သို့ရာတွင် ထိုဥပဒေက စာရွက်စာတမ်းအထောက်အထားဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် ဓလေ့ထုံးတမ်းအရ စီမံအုပ်ချုပ်သော မြေများကိုအသိအမှတ်မပြုပါ။ ဆိုလိုသည်မှာ အစိုးရက ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဓလေ့ထုံးတမ်းဥပဒေဖြင့် စီမံခန့်ခွဲသော အစုအဖွဲ့ပိုင်မြေ/အများပိုင်မြေ (Community Land) များကို သိမ်းသည့်အခါ ထိုသိမ်းဆည်းမှုကြောင့် ထိခိုက်နစ်နာသူများကို နစ်နာကြေး/လျော်ကြေးပေးခြင်း မရှိပါ။ ထို့အချက်သည် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံတွင် ဓလေ့ထုံးတမ်းဥပဒေနှင့် ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှု တို့ကို အသိအမှတ်ပြုထားမှုနှင့် ဆန့်ကျင်ကွဲလွဲနေသည်ကို တွေ့ရှိရသည်။ အဆိုပါ မြေသိမ်းအက်ဥပဒေသည် အစိုးရနှင့် စီးပွားရေးကော်ပိုရေးရှင်းများအတွက် မြေသိမ်းဆည်းရန်ခက်ခဲစေသဖြင့် နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံ၏ ပြည်နယ်အချို့က ထိုအက်ဥပဒေကို ပြောင်ပြောင်တင်းတင်း ကန့်ကွက်မှုများပြုလုပ်ခဲ့ကြပြီး ပြင်ဆင်ရန် ကြိုးပမ်းခဲ့ကြသည်။[၇၀]

အိန္ဒိယနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံဖြစ်ပြီး၊ ဟိန္ဒူလူမျိုးသည် လူများစုလူမျိုး ဖြစ်သည်။ ဟိန္ဒူလူမျိုးများအကြားတွင် အစဉ်အလာအရ လူတန်းစားအလွှာခွဲခြားထားသည့် ဇာတ်နိမ့် ဇာတ်မြင့်စနစ် (caste system) မှာ ယနေ့ထက်တိုင် တည်ရှိနေဆဲဖြစ်သည်။ ထိုစနစ်အရ ဟိန္ဒူလူမျိုးများကို ၎င်းတို့လုပ်ကိုင်ရလေ့ရှိသည့် အလုပ်အကိုင် အမျိုးအစားများအပေါ် အခြေခံပြီး ပြဟ္မာ (Brahmins)၊ ခတ္တိယ (Kshtriya)၊ ဗိုက်ရှရာ (Vaishyas) နှင့် ရှူးဒလာ (Shudras) ဟူ၍ လူတန်းစားအလွှာ (၄) လွှာဖြင့် ခွဲခြားသတ်မှတ်ထားသည်။ ထို့ပြင် ဇာတ်နိမ့်ဇာတ်မြင့်လူတန်းစားစာရင်း မဝင်သည့် လူတန်းစားတစ်ရပ်မှာ ဒါလိ(Dalits) သို့မဟုတ် တို့ထိမှုမပြုသင့်သူများ (the untouchables) ဖြစ်ပြီး ရိုးရာအစဉ်အလာအရ အဖိနှိပ်ခံနှင့် အပယ်ခံလူတန်းစားများဖြစ်

[၆၈] ၂၀၁၃ ခုနှစ် မြေသိမ်းအက်ဥပဒေသည် ဗြိတိသျှကိုလိုနီခေတ်တွင် ပြဋ္ဌာန်းခဲ့သော ၁၈၉၄ ခုနှစ်၊ မြေသိမ်းဥပဒေကို ဖျက်သိမ်းပြီး အစားထိုးရေးဆွဲထားသော အိန္ဒိယနိုင်ငံ၏မြေသိမ်းဥပဒေဖြစ်သည်။ အိန္ဒိယပါလီမာန်က ၂၀၁၃ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် စတင်အကျိုးသက်ရောက်ခဲ့သည်။

[၆၉] အစိုးရ-ပုဂ္ဂလိကအကျိုးတူလုပ်ငန်းအတွက် မြေသိမ်းသည့်အခါ သိမ်းဆည်းခံရသူ ၇၀ ရာခိုင်နှုန်း၏ သဘောတူညီချက်ရယူရမည်ဖြစ်ပြီး ပုဂ္ဂလိကကုမ္ပဏီများအတွက် မြေသိမ်းသည့်အခါ သိမ်းဆည်းခံသူ ၈၀ ရာခိုင်နှုန်း၏ သဘောတူညီချက်ရယူရမည် ဖြစ်သည်။

[၇၀] Edited by Vidya Bhushan Rawat,"Land Acquisition & Land Alienation in India, Select Case Studies", Social Development Foundation, Delhi, India & International Land Coalition, Rome, Italy. Available at: http://www.landcoalition.org/sites/default/files/documents/resources/sdf_ilc_land_book_final_2.pdf [accessed 12 July 2019]

သည်။[၇၁] လုပ်ကိုင်ရသည့် အလုပ်အမျိုးအစားအပေါ်အခြေခံပြီး ဟိန္ဒူလူမျိုးများ၏ လူတန်းစားများကို အဓိကဇာတ် (မျိုးရိုး) ၃၀၀၀ ကျော်နှင့် ဇာတ်ခွဲပေါင်း (၂၅၀၀) ကျော် ခွဲခြားထားသည်။ ၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရသောအခါ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ၏ အခွင့်အရေးညီမျှစေရန် ဇာတ်နိမ့်ဇာတ်မြင့်ကို အခြေခံသည့် ခွဲခြားဆက်ဆံမှုများကို ဖျက်သိမ်းပိတ်ပင်ခဲ့ပြီး၊ ရိုးရာအစဉ်အလာအရ အခွင့်အလမ်းနည်းပါးခဲ့သော အနိမ့်ဆုံးလူတန်းစားအလွှာမှ မျိုးနွယ်စုများအတွက် အစိုးရအလုပ်အကိုင်နှင့် ပညာရေးအခွင့်အလမ်းများအတွက် ကိုတာစနစ် (အချိုးကျခွဲဝေမှုစနစ်) ကို စတင်ကျင့်သုံးခဲ့သည်။ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း သမိုင်းကြောင်းအရ အပယ်ခံနှင့် အဖိနှိပ်ခံရသော လူတန်းစားစာရင်း/အစိုးရအသိအမှတ်ပြု လူမှုအတန်း အစားများ (the Scheduled Castes- SCs) နှင့် ဖွံ့ဖြိုးမှုနိမ့်ကျသော မျိုးနွယ်စုများစာရင်း/ အစိုးရအသိအမှတ်ပြု မျိုးနွယ်စုများ (Scheduled Tribes- STs) ကို တရားဝင်အသိအမှတ် ပြုပြဋ္ဌာန်းလိုက်သည်။[၇၂] ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် SCs နှင့် STs တို့၏ လူမှုဘဝအခြေအနေများ တိုးတက်ကောင်းမွန်လာရေးအတွက် မဟာဗျူဟာ (၃) ရပ် ချမှတ်ထားသည်။ ၎င်းတို့မှာ ၁) SCs နှင့် STs တို့ကို အကာအကွယ်ပေးသည့် အက်ဥပဒေများ ပြဋ္ဌာန်းအကောင်အထည်ဖော်စေခြင်း၊ ၂) SCs နှင့် STs တို့ကို အထူးအခွင့်အရေးပေးခြင်း (အလုပ်အကိုင်နှင့် ပညာရေးအခွင့်အလမ်းများအတွက် ကိုတာ ထားရှိခြင်း) နှင့် ၃) SCs နှင့် STs တို့နှင့် အခြား လူမှုအဖွဲ့အစည်းများအကြား လူမှုစီးပွားကွာဟချက်များကို လျော့ချသည့် ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ ဖြစ်သည်။

SCs နှင့် STs တို့သည် သမိုင်းတစ်လျှောက်တွင် မြေယာအခွင့်အရေးရရှိမှု အလွန်နည်းပါးခဲ့ပြီး မတရားမှုနှင့် အမြတ်ထုတ်ခံခဲ့ရမှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုနေးကွေးခဲ့ရသည်။[၇၃] ထို့ကြောင့် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရတို့သည် SCs နှင့် STs တို့၏ မြေယာထိန်းချုပ်မှုနှင့် အသုံးချမှုဆိုင်ရာ အခွင့်အရေးများကို မြှင့်တင်ပေးရန်နှင့် အကာအကွယ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လာကြသည်။ ပြည်နယ်အလိုက် SCs နှင့် STs တို့၏ မြေယာအခွင့်အရေးများကို ကာကွယ်မြှင့်တင်ပေးသည့် ဥပဒေများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။ ပြည်နယ်အများစုတွင် SCs နှင့် STs တို့၏ မြေများကို SCs နှင့် STs မဟုတ်သည့် လူအုပ်စုများလက်ထဲသို့ လွှဲပြောင်းခြင်းကို တားမြစ်ထားသည်။ သို့ရာတွင် ပြည်နယ်အချို့တွင် သက်ဆိုင်ရာလုပ်ငန်းကျွမ်းကျင်သည့် အာဏာပိုင်များ၏ခွင့်ပြုချက်ကို ကြိုတင်ရယူပြီး SCs နှင့် STs တို့၏မြေများကို လွှဲပြောင်းရယူနိုင်သည်။ ပြည်နယ်များသည် SCs နှင့် STsတို့၏ မြေများကို ထိန်းသိမ်းသည့်အစီအမံများအပြင် မြေမဲ့ယာမဲ့ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် မြေပိုင်ဆိုင်မှုကန့်သက်သည့် ဥပဒေများ (Land Ceiling Acts) ကိုလည်း အသီးသီးပြဋ္ဌာန်းခဲ့ကြပြီး ပိုလျှံသောမြေများကို ဆင်းရဲသားမြေယာမဲ့များအား ပြန်လည်ခွဲဝေပေးသည်။[၇၄]

အိန္ဒိယနိုင်ငံတွင် ဖွဲ့စည်းပုံတွင် အသိအမှတ်ပြုထားသည့် STs များကို အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များမှတစ်ဆင့် ဓလေ့ထုံးတမ်းအရ မြေယာစီမံခန့်ခွဲမှုစနစ်များကို အသိအမှတ်ပြု အကာအကွယ်ပေးထားသည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအရ STs လူ့အဖွဲ့အစည်းများသည် ၎င်းတို့နှင့် သက်ဆိုင်သည့်မြေယာများကို ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ရှိသော်လည်း ပြည်ထောင်စုနှင့် ပြည်နယ်ဥပဒေများကို လိုက်နာရန်လိုအပ်သည်။ များသောအားဖြင့် STs တို့၏ ဓလေ့ထုံးတမ်းအရ စီမံအုပ်ချုပ်သော မြေများကို အသိအမှတ်ပြုထားသော်လည်း ထိုမြေများကို တရားဝင်မှတ်ပုံတင်ပြီး အသိအမှတ်ပြုထားသည့် အထောက်အထားများ/လက်မှတ်

---

၇၁ ဟိန္ဒူလူမျိုးများ၏ ဇာတ်အမြင့်ဆုံးလူတန်းစားအလွှာမှာ ဗြဟ္မာ (Brahmins) ဖြစ်ပြီး ပညာရှင်များ၊ ဘာသာရေးဆရာများ ပါဝင်သည်။ ဒုတိယအမြင့်ဆုံးလူတန်းစားအလွှာမှာ ကရာထလီရာ (Kshatriyas) ဖြစ်ပြီး စစ်သည်တော်နှင့် အုပ်ချုပ်သူလူတန်းစားများပါဝင်သည်။ ထို့ပြင် ငွေရှင်ကြေးရှင်၊ မြေပိုင်ရှင်များလည်း ပါဝင်သည်။ တတိယလူတန်းစားအလွှာမှာ ဗိုက်ရှရာ (Vaishyas) ဖြစ်ပြီး ကုန်ရောင်းဝယ်သည့် ကုန်သည်များပါဝင်သည်။ အနိမ့်ဆုံးလူတန်းစားအလွှာမှာ ရှူးဒလာ (Shudras) ဖြစ်ပြီး ကာယလုပ်သားများ ပါဝင်သည်။ ဒါလိ (Dalits) သည် ဇာတ်နိမ့်ဇာတ့်မြင့်စာရင်း မဝင်သည့် အနိမ့်ဆုံးလူတန်းစားအလွှာဖြစ်ပြီး အောက်ခြေသိမ်းအလုပ်များကို လုပ်ကိုင်သူများ ဖြစ်သည်။ available at: https://www.bbc.com/news/world-asia-india-35650616

၇၂ ဟိန္ဒူဇာတ်နိမ့်ဇာတ်မြင့်စနစ်၏ ပြင်ပရှိ အနိမ့်ဆုံးလူတန်းစားအလွှာဖြစ်သည့် ဒါလိမျိုးနွယ်စုများစာရင်းကို Scheduled Tribes –SCs ဟုလည်းကောင်း၊ အိန္ဒိယနိုင်ငံရှိ အချို့သော ဌာနတိုင်းရင်းသားမျိုးနွယ်စုများစာရင်းကို Scheduled Tribes-STs ဟုလည်းကောင်း ခေါ်ဝေါ်သတ်မှတ်ပြီး သမိုင်းကြောင်းအရ အခွင့်အလမ်းနည်းပါးသည့် လူအုပ်စုများအဖြစ် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံထဲတွင် တရားဝင်အသိအမှတ်ပြုထားသည်။ STs တွင် တိုင်းရင်းသားလူမျိုး (၇၀၅) မျိုးကို အသိအမှတ်ပြုထားသည်။

၇၃ စီပွားရေးဖွံ့ဖြိုးမှုနိမ့်ကျသဖြင့် စိုက်ပျိုးစရိတ်လိုအပ်ချက်အတွက် STs များသည် STs မဟုတ်သူများထံမှ ချေးငွေရယူမှီခိုခဲ့ရပြီး နောက်ဆုံးတွင် ၎င်းတို့၏ မြေများကို ငွေရှင်ကြေးရှင်များအား လွှဲအပ်ခဲ့ရသည့် အခြေအနေများ ရှိခဲ့သည်။

၇၄ Mohanty, B. B., "Land Distribution among Scheduled Castes and Tribes", Economic and Political Weekly, Vol. 36, No. 40 (Oct. 6-12, 2001), pp.3857-3868. Available at: https://www.thehinducentre.com/multimedia/archive/02686/4411206_2686577a.pdf [accessed 12 July 2019]

များ မရှိကြပေ။ ဥပမာ - အန္ဒိယနိုင်ငံ၏ တောတောင်ထူထပ်သော တောင်ပေါ်ပြည်နယ်တစ်ခုဖြစ်သည့် မီဇိုရမ်ပြည်နယ်တွင် ဓလေ့ထုံးတမ်းအရ အသိအမှတ်ပြုထားသည့် အများပိုင်/ဘုံပိုင်မြေ (ကျေးရွာပိုင်မြေ) အမြောက်အများရှိသော်လည်း ထိုမြေများသည် အစိုးရမြေစာရင်းတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသဖြင့် အစိုးရက ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် တရားဝင်မြေသိမ်းဆည်းသည့်အခါ ထိုမြေများပေါ်တွင် အမှီသဟဲပြုပြီး အသက်မွေးဝမ်းကျောင်းပြုကြရသည့် မီဇိုမျိုးနွယ်စုများအား ထိုက်သင့်သော နစ်နာကြေး/လျော်ကြေးများ ပေးအပ်ခြင်းမရှိပေ။ ထို့ကြောင့် ဖွဲ့စည်းပုံထဲတွင် STs တို့၏ ဓလေ့ထုံးတမ်းဥပဒေများကို ကျင့်သုံးပိုင်ခွင့်နှင့် ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်အာဏာတို့ကို ခွင့်ပြုထားသည့် ပြဋ္ဌာန်းချက်များပါရှိသော်လည်း အကန့်အသတ်ဖြင့်သာ ခွင့်ပြုထားသည်ကိုတွေ့ရှိရသည်။[၇၅]

အိန္ဒိယနိုင်ငံတွင် ကျယ်ပြောသော သစ်တောမြေများအတွက်လည်း သစ်တောမူဝါဒနှင့် ဥပဒေများကို ပြဋ္ဌာန်းထားသည်။ အိန္ဒိယနိုင်ငံ၏ သစ်တောမူဝါဒသည် ဗြိတိသျှကိုလိုနီခေတ်ကတည်းက သစ်တောမြေများတွင် အချိန်ကြာမြင့်စွာ နေထိုင်လာခဲ့ကြသော အိန္ဒိယလူမျိုး မျိုးနွယ်စုများ၏ မြေယာအခွင့်အရေးကို ငြင်းပယ်ထားခဲ့ပြီး၊ ၎င်းတို့၏ မြေယာအခွင့်အရေးလုံခြုံမှုကို အာမခံခြင်း မရှိခဲ့ပါ။ အိန္ဒယနိုင်ငံ လွတ်လပ်ရေးရသောအခါ နိုင်ငံအတွင်းရှိ သစ်တောမြေများကို ထိန်းသိမ်းရန်အတွက် အိန္ဒိယအစိုးရက ၁၉၈၀ ခုနှစ်တွင် သစ်တောထိန်းသိမ်းရေးအက်ဥပဒေ (Forest Conservation Act, 1980) ကို ပြဋ္ဌာန်းခဲ့သည်။ သို့ရာတွင် အိန္ဒိယအစိုးရသည် သစ်တောမြေများအား ကွင်းဆင်းလေ့လာတိုင်းတာမှုများကို စနစ်တကျဆောင်ရွက်ခြင်းမပြုဘဲ သစ်တောကြိုးဝိုင်းသတ်မှတ်ခဲ့မှုများကြောင့် သစ်တောမြေတွင် ရာစုနှစ်ပေါင်းများစွာ နေထိုင်လာသည့် မျိုးနွယ်စုများ၏ မြေယာအခွင့်အရေးကို လျစ်လျူရှုရာ ရောက်ခဲ့သည်။ ထို့ကြောင့် ရိုးရာအစဉ်အလာအရ သစ်တောမြေတွင် နေထိုင်သူများ (Other Traditional Forest Dwellers- OTFDs) အပေါ် ကျရောက်ခဲ့သော သမိုင်းတစ်လျှောက်မတရားမှုများ (ဥပမာ - မျိုးနွယ်စုမြေများသိမ်းဆည်းခံရမှု) ကို ကုစားနိုင်ရန်ရည်ရွယ်ပြီး ၂၀၀၆ ခုနှစ်တွင် သစ်တောအခွင့်အရေးအက်ဥပဒေ (Forest Rights Act-FRA, 2006) ကို အိန္ဒိယအစိုးရက ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေအရ STs နှင့် OTFDs တို့၏ သစ်တောမြေပေါ်တွင် နေထိုင်ခွင့်နှင့် ၎င်းတို့သစ်တောမြေများကို စီမံခန့်ခွဲခွင့်ဆိုင်ရာ အခွင့်အရေးတို့ကို တရားဝင် အသိအမှတ်ပြုခဲ့သည်။ ထို့အပြင် ယခင်သစ်တောမူဝါဒများကြောင့် STs နှင့် OTFDs တို့၏ ရိုးရာဓလေ့ အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် ၎င်းတို့၏ သစ်တောမြေထဲသို့ ပြင်ပအဖွဲ့အစည်းများ ကျူးကျော်လာမှုတို့ကို တားဆီးသွားရန် ရည်ရွယ်ခဲ့သည်။ ထိုဥပဒေက ဒေသန္တရအစိုးရအား အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာတို့ကို အပ်နှင်းထားပြီး သစ်တောအခွင့်အရေး ရပိုင်ခွင့်နှင့် ပတ်သက်၍ ပြည်နယ်အစိုးရအောက်တွင် ဖွဲ့စည်းထားသော ကော်မတီ (၃) ရပ်က အဆင့်ဆင့် စိစစ်ဆုံးဖြတ်ပေးရသည်။[၇၆]

FRA သည် STs နှင့် OTFDs တို့၏ မြေယာနှင့် သစ်တောအခွင့်အရေးများကို ထိန်းသိမ်းကာကွယ်ရာ ရောက်သော်လည်း ၎င်းတို့၏ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးနှင့် သစ်တောထွက်ပစ္စည်း ထုတ်ယူမှုတို့သည် သစ်တောအရည်အသွေးကို ကျဆင်းစေသည်ဟု သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အချို့က ဝေဖန်ပြစ်တင်ကြသည်။ အဆိုပါအက်ဥပဒေသည် "သစ်တောမြေတွင် မူလနေထိုင်သူများ"၏ အခွင့်အရေးကို တရားဝင်အသိအမှတ်ပြုရန်အတွက် ရည်ရွယ်ပြဋ္ဌာန်းခဲ့သော်လည်း ထိုဥပဒေသည် သစ်တောမြေပေါ်တွင် နောက်ထပ် ကျူးကျော်နေထိုင်မှုများကို အားပေးသည်ဟုဆိုကာ ၂၀၀၈ ခုနှစ်တွင် သားရဲတိရိစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့အချို့က အိန္ဒိယနိုင်ငံ၏ ပြည်ထောင်စု တရားလွှတ်တော်ချုပ် (Supreme Court) ထံ စတင်အမှုဖွင့်ခဲ့သည်။ လပေါင်းများစွာ အမှုကြားနာပြီးနောက် တရားလွှတ်တော်ချုပ်က ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် ပြည်နယ် (၂၁) ပြည်နယ်မှ သက်ဆိုင်ရာ အာဏာပိုင်များအား သစ်တောမြေအတွင်း တရားမဝင်နေထိုင်သူအဖြစ် သတ်မှတ်ခံရသူများအား သစ်တောမြေမှ နှင်ထုတ်ရန် ညွှန်ကြားခဲ့သည်။ ထို့ပြင် ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့တွင်လည်း သစ်တောများအတွင်း တရားမဝင်ကျူးကျော်နေထိုင်သူများကို သစ်တောမြေမှ နှင်ထုတ်သည့် နောက်ထပ် အလားတူအမိန့်များကို တရားလွှတ်တော်ချုပ်က ထပ်မံထုတ်ပြန်ခဲ့သည်။

---


[၇၅] Mohanty, B. B., "Land Distribution among Scheduled Castes and Tribes", Economic and Political Weekly, Vol. 36, No. 40 (Oct. 6-12, 2001), pp.3857-3868. Available at: https://www.thehinducentre.com/multimedia/archive/02686/4411206_2686577a.pdf [accessed 12 July 2019]

[၇၆] FRA (2016) ရိုးရာဓလေ့အရ သစ်တောမြေအတွင်း နှစ်ပေါင်း (၇၅) နှစ်ကျော် နေထိုင်လာသူများနှင့်/သို့မဟုတ် အသက်မွေးဝမ်းကျောင်းမှုအတွက် ရိုးရာအရ သစ်တောထွက်ပစ္စည်းများကို မှီခိုအားထားနေရသူများက သစ်တောအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည်။ သစ်တောအခွင့်အရေး ရပိုင်ခွင့်ကို ရပ်ကွက်၊ မြို့နယ်နှင့် ခရိုင်အဆင့် ကော်မတီ (၃) ရပ်က အဆင့်ဆင့်စိစစ်ဆုံးဖြတ်သည်။ အောက်ခြေအဆင့်ကပယ်ချလျှင် အထက်အဆင့်ဆင့်သို့ အယူခံဝင်သွားနိုင်သည်။ available at: https://www.thenewsminute.com/article/1-million-tribals-face-eviction-forest-lands-did-centres-apathy-cause-crisis-97112 [accessed 12 July 2019]

ထိုအမိန့်များကို အကောင် အထည်ဖော်ရန်မှာ သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် ၎င်းတို့၏အာဏာပိုင်အဖွဲ့များ၏ တာဝန်ဖြစ်သဖြင့် ဗဟိုအစိုးရက ဝင်ရောက်စွက်ဖက်ခြင်း မရှိခဲ့ပေ။[၇၇]

အထက်တွင် အကျဉ်းချုံးဖော်ပြခဲ့သော အိန္ဒိယနိုင်ငံ၏ မြေယာနှင့် သစ်တောအုပ်ချုပ်မှုစနစ်ကို ဖက်ဒရယ်စံနှုန်းများနှင့် ချိန်ထိုးသုံးသပ်ရလျှင် ပြည်နယ်များ၏ မြေယာနှင့် သစ်တောစီမံအုပ်ချုပ်ပိုင်ခွင့်ကို နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားဝင် ထည့်သွင်းပြဌာန်းထားသည်ကို တွေ့ရသည်။ နိုင်ငံသားများ၏ တန်းတူအခွင့်အရေးအတွက် သမိုင်းကြောင်းအရ အဖိနှိပ်ခံခဲ့ရသော မျိုးနွယ်စုများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသော မျိုးနွယ်စုများ (SCs and STs) ၏ လူမှုဘဝဖွံ့ဖြိုးရေးအတွက် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့က လိုအပ် သလို ဥပဒေများပြဌာန်းကာ အထူးစီမံချက်များဖြင့် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်၊ ထိန်းသိမ်းမြှင့်တင်ပေးမှုများ ပြုလုပ်ပေးခဲ့သည်။ ထို့အပြင် ပြည်နယ်များ၏ လုပ်ငန်းတာဝန်များ/လုပ်ပိုင်ခွင့် အာဏာများ (အထူးသဖြင့် မြေယာနှင့်သစ်တောဆိုင်ရာ လုပ်ငန်းတာဝန်များ)ကို ဗဟို/ပြည်ထောင်စု အစိုးရက အကန့်အသတ်ဖြင့်သာ ဝင်ရောက်စွက်ဖက်သည်ကိုလည်း တွေ့ရှိရသည်။ အိန္ဒိယနိုင်ငံ၏ မြေယာအုပ်ချုပ်မှုစနစ်တွင် အားနည်းချက်အချို့ရှိသော်လည်း ယေဘုယျအားဖြင့် ပြည်နယ်များ၏ ကိုယ်ပိုင် ပြဌာန်းခွင့်ကို အားကျဖွယ်ကောင်းသည့် အတိုင်းအတာတစ်ခုထိ ခွင့်ပြုထားသည်ကို တွေ့ရှိရသည်။

## ၅.၁.၃ မလေးရှား (Malaysia)[၇၈]




မလေးရှားနိုင်ငံသည် ပြည်နယ်ပေါင်း (၁၃) ခုနှင့် ဖက်ဒရယ်နယ်မြေ (၃) ခုတို့ဖြင့် ဖွဲ့စည်းထားသော စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသည့် ဖက်ဒရယ်နိုင်ငံတစ်ခုဖြစ်သည်။[၇၉] နိုင်ငံ၏ဖွဲ့စည်းပုံအရ (ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသန္တရအဆင့်) အစိုးရ (၃) ရပ် ဖြင့်ဖွဲ့စည်းထားပြီး ဖက်ဒရယ်နှင့် ပြည်နယ်အဆင့်တို့တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို ခွဲဝေကျင့်သုံး

[၇၇] တရားမဝင်သစ်တောကျူးတို့ကို သစ်တောမှနှင်ထုတ်ရန်အမှုဖွင့်တိုင်ကြားသည့်အစိုးရမဟုတ်သည့်အဖွဲ့စည်းများမှာ Wildlife First, Nature Conservation Society နှင့် Tiger Research and Conservation Trust အဖွဲ့တို့ ဖြစ်သည်။ available at: https://www.thehindu.com/news/national/supreme-court-order-on-eviction-consistent-with-its-stand-on-forest-rights/article26358075.ece [accessed 12 July 2019]

[၇၈] Presentation on Land Tenure System in Malaysia, A conduit to the State-building through ensure equality and justice for all by Assoc Prof Dr. Noor Rosly Hanif and Assoc Prof Dr. Sr. Wan Norazriyati W.A.AZIZ Dr. Sr Noor Rosly Hanif, Department of Estate Management, Faculty of Built Environment, University of Malaya, Kualu Lumpur, Malaysia; Presentation file on Land Administration in Malaysia by Dr. Sr Wan Nor Azriyati Wan Abd Aziz & Assoc Prof Dr Sr Noor Rosly Hanif, University of Malaya, Kuala Lumpur, available at: http://aseanvaluer.org/images/PDF/Land%20Administration%20in%20Malaysia.pdf; Presentation file on Adat Land laws in Malaysia by Adibah Awang, Dr. Shahidah Mohd. Ariff, Geo-Law RG, Universiti Teknologi Malaysia, available at: http://www.csdila.unimelb.edu.au/projects/tehran/Presentations/pdf/4-Adat%20land.pdf [accessed 3 July 2019]

[၇၉] နိုင်ငံ၏ အကြီးအကဲအဖြစ် စုလတန်တော်ဝင်မိသားစုမှ ရွေးချယ်သော စုလတန်ဘုရင်ကိုလည်းကောင်း၊ အစိုးရအဖွဲ့ ၏အကြီးအကဲအဖြစ် စုလတန်ဘုရင်က ရွေးချယ်သော ဝန်ကြီးချုပ်ကိုလည်းကောင်း (များသောအားဖြင့် မဲအရေ အတွက် အများဆုံးရသည့် နိုင်ငံရေးပါတီ၏ ခေါင်းဆောင်) တာဝန်အပ်နှင်းသည်။

သည်။ ဒေသန္တရအဆင့်အစိုးရများကို ပြည်နယ်အစိုးရများက ရွေးချယ်ခန့်အပ်ပြီး လုပ်ပိုင်ခွင့်အာဏာအချို့အပ်နှင်းသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်အစိုးရကသာ ဥပဒေပြုခွင့်ရှိသော ဖက်ဒရယ်ဥပဒေပြုစာရင်း၊ ပြည်နယ်အစိုးရကသာ ဥပဒေပြုခွင့်ရှိသော ပြည်နယ်ဥပဒေပြုစာရင်းနှင့် ဖက်ဒရယ်နှင့် ပြည်နယ်အစိုးရနှစ်ရပ်လုံး ဥပဒေပြုနိုင်သည့် ထပ်တူဥပဒေပြုစာရင်းတို့ကိုပြဋ္ဌာန်းထားပြီး ဥပဒေပြုစာရင်း (၃) ခုလုံးတွင်မပါသည့် အကြောင်းအရာများကို ဥပဒေပြုခွင့်၊ တစ်နည်းအားဖြင့် ကြွင်းကျန်အာဏာများကို ပြည်နယ်များအား ပေးအပ်ထားသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်နှင့်ပြည်နယ် ဥပဒေတို့ ပဋိပက္ခတစ်စုံတစ်ရာဖြစ်ပေါ်လာလျှင် ဖက်ဒရယ်ဥပဒေကိုလွှမ်းမိုးခွင့်ပေးထားသည်။[၈၀]

မလေးရှားနိုင်ငံ၏ အစိုးရအဖွဲ့များအကြား အာဏာခွဲဝေမှုကိုကြည့်လျှင် နိုင်ငံတော်အဆင့် တစ်နည်းအားဖြင့် ဖက်ဒရယ်အဆင့်တွင် အမျိုးသားလုံခြုံရေး၊ နိုင်ငံခြားရေးရာ၊ ဘဏ္ဍာရေး၊ ပညာရေး၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ စွမ်းအင်၊ အိမ်ရာ၊ ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေး၊ လူသားအရင်းအမြစ် အစရှိသည်တို့ပါဝင်ပြီး ပြည်နယ်အဆင့်တွင် မြေယာ၊ လူထုဝန်ဆောင်မှုလုပ်ငန်း၊ ဒေသန္တရအုပ်ချုပ်ရေး၊ စိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်း၊ အစ္စလမ်မစ်ဥပဒေနှင့် အများပြည်သူအားလပ်ရက် စသည်တို့ ပါဝင်သည်။ ဒေသန္တရအဆင့်တွင် အခွန်ကောက်ခံခြင်း၊ ဥပဒေနှင့်စည်းကမ်းများရေးဆွဲခြင်း၊ သက်ဆိုင်ရာဒေသအတွင်း ကုန်သွယ်ရေးလိုင်စင်နှင့် ခွင့်ပြုချက်များ ထုတ်ပေးခြင်း၊ အမှိုက်ကောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့အပါအဝင် အခြေခံဝန်ဆောင်မှုများပေးခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ပြည်နယ်အစိုးရများအား ပေးအပ်သည်။

မလေးရှားနိုင်ငံ၏ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မလေးရှားဘုရင်သည် "မလေးလူမျိုးနှင့် ဆာဘာနှင့် ဆာရာဝပ် ပြည်နယ်များမှ ဒေသခံများ၏ အထူးအခွင့်အရေးနှင့် အခြားလူမှုအဖွဲ့အစည်းများ၏ တရားဝင်သောအကျိုးစီးပွားများကို ကာကွယ်ရောက်စောင့်" ရမည့်တာဝန်ကို ပေးအပ်ထားသည်။ ထို့အပြင် နိုင်ငံသားတိုင်းသည် တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှပြီး တူညီသောဥပဒေ၏အကာအကွယ်ကို ရပိုင်ခွင့်ရှိသည်။ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ပစ္စည်းပိုင်ဆိုင်ခွင့်ရှိပြီး လုံလောက်သောလျော်ကြေးများမပေးဘဲ ပစ္စည်းများကိုသိမ်းဆည်းခြင်း သို့မဟုတ် အသုံးပြုခြင်းတို့ကို တားမြစ်ထားသည်။ ထိုပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ဆိုင်ရာပြဋ္ဌာန်းချက်ကို ပြည်နယ်တိုင်းတွင် ကျင့်သုံးသည်။ ပစ္စည်းပိုင်ဆိုင်မှုတစ်ခုဖြစ်သည့် မြေသည် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာဖြစ်သည်။ ဆိုလိုသည်မှာ မြေယာနှင့်ဆိုင်သောဥပဒေများကို ပြည်နယ်ဥပဒေပြုရေးအဖွဲ့ကသာ ဥပဒေပြုခွင့်ရှိသည်။[၈၁] သို့ရာတွင် ချွင်းချက်တစ်ခုမှာ ဥပဒေများတစ်သမတ်တည်းဖြစ်ရေး (uniforminty) အတွက်ရည်ရွယ်ပြီး ပြည်နယ်ဥပဒေပြုစာရင်း (State List) တွင်ပါသော အကြောင်းအရာများကို ပါလီမန် (ဖက်ဒရယ်ဥပဒေပြုရေးအဖွဲ့) က ဥပဒေပြုခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အမျိုးသားမြေကိုဒ်ဥပဒေ (National Land Code-NLC) ကို ဖက်ဒရယ်အစိုးရမှပြဋ္ဌာန်းထားပြီး ထို NLC နှင့် အခြားမြေယာဆိုင်ရာ ဥပဒေများ (မြေသိမ်းအက်ဥပဒေနှင့် မြေမှတ်ပုံတင်ခြင်း အက်ဥပဒေ) တို့ကို ဆာဘာနှင့် ဆာရာဝပ် ပြည်နယ်များကလွဲပြီး ကျန်ပြည်နယ်များအားလုံးတွင် ကျင့်သုံးစေသည်။[၈၂]

> **ဖက်ဒရယ်အစိုးရသည် ဥပဒေနှင့် မူဝါဒတစ်သမတ်တည်းဖြစ်ရေးအတွက် ဆောင်ရွက်ခွင့်ရှိပြီး မြေယာလုပ်ပိုင်ခွင့်၊ မြေယာမှတ်ပုံတင်ခြင်းနှင့် မြေယာလွှဲပြောင်းခြင်း၊ မြေပေါင်နှံခြင်း၊ မြေငှားရမ်းခြင်း၊ မြေယာဆိုင်ရာ အဖိုးအခများ ပေးဆောင်ခြင်းနှင့် ဒေသန္တရအစိုးရနှင့်ပတ်သက်၍ ဥပဒေပြုပိုင်ခွင့် ရှိသည်။**
>
> (ပုဒ်မ ၇၆၊ စာပိုဒ် (၄)၊ ၂၀၀၈ ခုနှစ်၊ မလေးရှားဖက်ဒရယ်ဖွဲ့စည်းပုံ)

## မလေးရှားနိုင်ငံ၏ မြေယာအုပ်ချုပ်မှုစနစ်များ

မလေးရှားသည် ဖက်ဒရယ်နိုင်ငံအဖြစ် တည်ထောင်ခြင်းမပြုမီသီးခြားလွတ်လပ်သော ပြည်ထောင်များအဖြစ် တည်ရှိခဲ့ချိန်တွင် သက်ဆိုင်ရာ ဆူလတန်ဘုရင်များက အုပ်ချုပ်ခဲ့သည်။ ၁၅၁၁-၁၆၄၁ ခုအတွင်း ပေါ်တူဂီတို့က မလက္ကာမြို့ကို သိမ်းပိုက်ပြီး

[၈၀] မလေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၇၅ အရ မည်သည့် ပြည်နယ်ဥပဒေသည် ဖက်ဒရယ်ဥပဒေတစ်ခုခုနှင့် ညီညွတ်မှုမရှိလျှင် ဖက်ဒရယ်ဥပဒေသည် ပြည်နယ်ဥပဒေအပေါ်လွှမ်းမိုးမှုရှိသည်ဟု ပြဋ္ဌာန်းထားသည်။

[၈၁] မလေးရှားနိုင်ငံ၏ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ-၇၄၊ https://www.slideshare.net/xareejx/land-law-1-slides-the-national-land-code

[၈၂] မလေးရှားနိုင်ငံ၏ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ-၇၆ (၄)၊ https://www.slideshare.net/xareejx/land-law-1-slides-the-national-land-code

စတင် ကိုလိုနီပြုခဲ့ပြီးနောက်၊ ဗြိတိသျှတို့က မလေးကျွန်းဆွယ်အနှံ့ ကိုလိုနီနယ်ချဲ့ခဲ့သည်။ ဗြိတိသျှကိုလိုနီအစိုးရက မလေးရှားနိုင်ငံကို လူမှုရေး-နိုင်ငံရေးစနစ် (၄)မျိုးဖြင့် ခွဲခြားအုပ်ချုပ်ခဲ့သည်။ ယင်းတို့မှာ စင်္ကာပူ၊ ပီနမ်နှင့် မလက္ကာကျွန်းတို့တွင် အခြေချနေထိုင်မှုစနစ် (Straits settlements)၊ ဖက်ဒရယ်စုဖွဲ့မှုပုံစံဖြင့် ပြည်နယ် (၅) ခု (Federated Malay States- FMS)၊ ဖက်ဒရယ်စုဖွဲ့မှုပုံစံ မရှိသည့် ပြည်နယ် (၅) ခု (Non-federated Malay States - NFMS) နှင့် ဆာဘာနှင့် ဆာရဝပ်ပြည်တို့တို့ပါဝင်သည့် ဘော်နီယိုပြည်များ (Borneo States) တို့ဖြစ်သည်။ ထိုမတူကွဲပြားသည့် လူမှုရေး-နိုင်ငံရေးစနစ် (၄) မျိုးကို အခြေခံပြီး မြေယာစီမံအုပ်ချုပ်မှု ဥပဒေ (၄) မျိုးကို ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ ၎င်းတို့မှာ မလရာကျွန်းရှိ အဒတ်ဥပဒေ(Adat Law)၊ မလရာကျွန်းဆွယ်ဒေ၏ အစ္စလမ်မစ်ဥပဒေ (Islamic Law)၊ အင်္ဂလိပ်ဥပဒေ (English Law) နှင့် ဆာဘာနှင့် ဆာရဝပ်ပြည်နယ်တို့တွင် ကျင့်သုံးနေသော ဌာနေဥပဒေ (Native Law) တို့ဖြစ်သည်။

ကိုလိုနီခေတ်အစောပိုင်းနှစ်များတွင် ဗြိတိသျှတို့သည် မြေယာပိုင်ဆိုင်မှုလုပ်ထုံးလုပ်နည်းများကို စတင်မိတ်ဆက်လာခဲ့ပြီး မလေးကျွန်းဆွယ်ဒေသရှိ FMS ပြည်နယ်အသီးသီးတွင် အထွေထွေမြေယာ စည်းမျဉ်းစည်းကမ်းများ (General Land Regulations) ကို သီးခြားစီထုတ်ပြန်ကျင့်သုံးခဲ့သည်။ နောက်ပိုင်းတွင် FMS ပြည်နယ်များတွင် တူညီသောမြေယာစည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းကျင့်သုံးစေခဲ့သည်။ FMS ပြည်နယ်များတွင် ကျင့်သုံးသော မြေယာအုပ်ချုပ်မှုစနစ်မှာ မြေယာမှတ်ပုံတင်သည့် တောရင်းစနစ် (Torrens System) ဖြစ်ပြီး ထိုစနစ်အရမြေတစ်ကွက်ကို ပိုင်ဆိုင်ကြောင်း သက်သေပြနိုင်သည့် စာရွက်စာတမ်းတစ်ခု (မြေပိုင်ဆိုင်မှု လက်မှတ်) ကို လျှောက်ထားရယူထားလျှင် ထိုမြေပိုင်ရှင်သည် ငှားရမ်းပေါင်နှံခွင့်ရှိသည်။ NFMS ပြည်နယ်များတွင်လည်း တောရင်းစနစ်နှင့် အလားတူမြေယာမှတ်ပုံတင်သည့်စနစ်ကို ဗြိတိသျှတို့က ထုတ်ပြန်ကျင့်သုံးစေခဲ့သည်။[၈၃]

၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင် ဖက်ဒရယ်နိုင်ငံအဖြစ် မလေးရှားနိုင်ငံကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ချိန်၌ မလရာဒေသ (ယနေ့ မလေးကျွန်းဆွယ်ဒေသ) နယ်မြေများ၊ စင်္ကာပူကျွန်းနှင့် (ဆာဘာနှင့် ဆာရဝပ်တို့ပါဝင်သော) မြောက်ပိုင်းဘော်နီယိုကျွန်းတို့ပါဝင်သော်လည်း၊ ၁၉၆၅ ခုနှစ်၊ ဩဂုတ် လတွင် စင်္ကာပူသည် မလေးရှားနိုင်ငံမှ ခွဲထွက်ကာ လွတ်လပ်သောနိုင်ငံတစ်ခု အဖြစ် ရပ်တည်လာခဲ့သည်။ မလေးရှားနိုင်ငံကို ဖက်ဒရယ်နိုင်ငံအဖြစ် တည်ထောင်ပြီးနောက် ၁၉၆၅ ခုနှစ်တွင် ဖက်ဒရယ်မြေယာ ဥပဒေကိုရေးဆွဲပြီး ယခင်ရှိထားသည့် ပြည်နယ်၊ ခရိုင်နှင့် ဒေသဆိုင်ရာမြေယာဥပဒေတို့ကို အသိအမှတ်ပြု ကျင့်သုံးလာခဲ့သည်။ (မြေအမျိုးအစားသတ်မှတ်ချက်နှင့် ပတ်သက်၍ စာကွက် ၂၀ ရှု) မလေးရှားနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော အဓိကမြေယာဥပဒေများမှာ မလေးကျွန်းဆွယ်ဒေသအတွင်းရှိ ပြည်နယ်များအားလုံးတွင် ကျင့်သုံးရန်အတွက် ပြဋ္ဌာန်းထားသည့် အမျိုးသားမြေ ကိုဒ်ဥပဒေ (NLC)[၈၄]၊ ဆာရာဝပ်ပြည်နယ်တွင် ကျင့်သုံးရန်အတွက်သာ ပြဋ္ဌာန်းထားသည့် ဆာရာဝပ်မြေယာကိုဒ်ဥပဒေ (Sarawak Land Code)၊ ဆာဘာပြည်နယ်တွင် ကျင့်သုံးရန်အတွက်သာ ပြဋ္ဌာန်းထားသည့် ဆာဘာမြေယာကိုဒ်ဥပဒေ (Sabah Land Ordinance) နှင့် ပြည်နယ်တစ်ခုချင်းစီ၏ မြေယာစည်းကမ်းများ (Each State Land Rules) တို့ ဖြစ်သည်။

မလေးရှားနိုင်ငံ၏ ၁၉၅၇ ခုနှစ် ဖက်ဒရယ်ဖွဲ့စည်းပုံပါ ပြဋ္ဌာန်းချက် (ပုဒ်မ ၉၁) နှင့်အညီ ဥပဒေနှင့် မူဝါဒများ တသမတ်တည်း ဖြစ်စေရေးအတွက် အမျိုးသားမြေကောင်စီ (National Land Council –NLC) တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ထိုကောင်စီတွင် ဖက်ဒရယ် ဝန်ကြီးတစ်ပါးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဆာဘာနှင့်ဆာရာဝပ်အပါအဝင် ကျန်ပြန်နယ်များ၏ ကိုယ်စားလှယ်များက အဖွဲ့ဝင် အဖြစ်ပါဝင်သည်။ ကောင်စီ၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတစ်ဝန်းမြေအသုံးချမှု၊ ထိန်းချုပ်မှုနှင့် မြှင့်တင်မှုများအတွက် အမျိုးသား မူဝါဒတစ်ရပ် ရေးဆွဲရန်ဖြစ်သည်။ NLC သည် သတ္တုတူးဖော်ရေးလုပ်ငန်း၊ စိုက်ပျိုးရေး၊ သစ်တောလုပ်ငန်း သို့မဟုတ် အခြားသော ရည်ရွယ်ချက်များအတွက် နိုင်ငံတစ်ဝန်းလုံးရှိ မြေအသုံးချမှုများ ဖွံ့ဖြိုးရေးနှင့် ထိန်းချုပ်ရေးအတို့အတွက် အမျိုးသားမူဝါဒများကို ရေးဆွဲခွင့်ရှိသည်။ သို့ရာတွင် ထူးခြားချက်တစ်ခုမှာ ကောင်စီဆုံးဖြတ်ချက်များ၏ စည်းနှောင်မှုအားသည် ဆာဘာနှင့် ဆာရာဝပ် ပြည်နယ်အပေါ် သက်ရောက်မှုမှာ အစဉ်အမြဲမရှိပေ။ ထိုပြည်နယ်နှစ်ခုက ကောင်စီဆုံးဖြတ်ချက်တွင် ပါဝင်မဲထည့်ခြင်းမရှိလျှင် ကောင်စီ၏ဆုံးဖြတ်ချက်သည် ထိုပြည်နယ်နှစ်ခုအပေါ် သက်ရောက်မှုမရှိပေ။ ကောင်စီအစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပပြီး ဒု-ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

---

[၈၃] Ramanaidu, Ramesh Rao (1988) Malay reservation lands: a case study of Sungei Penchala, Master’s Thesis, University of Malaya. Chapter 2: Land in Malaysia. Available at:  http://studentsrepo.um.edu.my/677/

[၈၄] အမျိုးသားမြေကိုဒ်ဥပဒေ (National Land Code –NLC) ကို မလေးရှားနိုင်ငံ လွတ်လပ်ရေးမရခင်အချိန်ကတည်းက ရေးဆွဲခဲ့ပြီး ၁၉၂၆ ခုနှစ်ထိ ပြင်ဆင်မွမ်းမံခဲ့ပြီးနောက်ပိုင်းတွင် အကြိမ်ပေါင်းများစွာ ထပ်မံပြင်ဆင်ခဲ့သည်။

မြေယာဥပဒေနှင့် မူဝါဒများသဟဇာတဖြစ်ရေးအတွက်ရည်ရွယ်ပြီး ဖွဲ့စည်းထားသော အထက်ပါ NLC အပြင် နိုင်ငံတော်/ ဖက်ဒရယ်အဆင့် မြေယာစီမံအုပ်ချုပ်မှုယန္တရား (ဖက်ဒရယ်မြေယာစီမံအုပ်ချုပ်ရေး အဖွဲ့များ) ကိုလည်း ဖွဲ့စည်းထားသည်။ မြေယာနှင့် မိုင်းဆိုင်ရာ အထွေထွေညွှန်ကြားရေးမှူးရုံး (the Office of the Director General of Land and Mines) ကို တည်ထောင်ပြီး ဖက်ဒရယ်မြေယာ ကော်မရှင်နာ (the Federal Land Commissioner) ကို မလေးရှားနိုင်ငံ၏ ဘုရင်က ခန့်အပ်သည်။ ဖက်ဒရယ် မြေယာ ကော်မရှင်နာသည် ဖက်ဒရယ်အစိုးရ၏ပြောင်းရွှေ့နိုင်သောနှင့် မပြောင်းရွှေ့နိုင်သောပစ္စည်းတို့ကို ထိန်းသိမ်း စောင့်ရှောက် သောသူ ဖြစ်သည်။ မြေယာနှင့်မိုင်းဆိုင်ရာ အထွေထွေညွှန်ကြားရေးမှူးသည် ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရတို့အကြား မြေယာစီမံခန့်ခွဲမှုများကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ ညွှန်ကြားရေးမှူးနှင့် ကော်မရှင်နာတို့သည် ဖက်ဒရယ်နှင့် ပြည်နယ်အစိုးရတို့ အကြား မြေစီမံအုပ်ချုပ်မှုကိစ္စများနှင့်ပတ်သက်၍ ချိတ်ဆက်ဆောင်ရွက်မှုရှိရန်နှင့် မလေးကျွန်းဆွယ်ဒေသရှိ ပြည်နယ်အားလုံးတွင် မြေမူဝါဒများ၊ ဥပဒေများ နှင့်လမ်းညွှန်မှုများကို ထိရောက်စွာအကောင်အထည်ဖော်ရေးနှင့် တသမတ်တည်းဖြစ်ရေးအတွက် ကြီးကြပ် တာဝန်ယူရသည်။

ပြည်နယ်များ၏ မြေယာလုပ်ပိုင်ခွင့်များတွင် ပြည်နယ်မြေများကို ထိန်းသိမ်းခြင်းနှင့် ထိန်းသိမ်းမြေများ (reserved land) ကို ငှားရမ်းခွင့်ထုတ်ပေးခြင်း၊ ပြည်နယ်မြေ၊ ထိန်းသိမ်းမြေနှင့်နှင့် သတ္တုတွင်းမြေ (mining land) တို့တွင် ယာယီနေထိုင်ခွင့်လိုင်စင်ဖြင့် နေထိုင်ခွင့်ပြုခြင်း၊ သစ်တောကြိုးဝိုင်းများမှလွဲပြီး၊ မည်သည့် မြေယာအမျိုးအစားတွင်မဆို ကျောက်သယံဇာတများတူးဖော်ထုတ်လုပ် ခွင့်ပြုခြင်းတို့ ပါဝင်သည်။ ပြည်နယ်အစိုးရများသည် လွန်ခဲ့သည့်နှစ်ပေါင်း (၂၀) ကျော်ကာလအတွင်း ပြည်နယ်အတွင်းရှိ ဌာနေ တိုင်းရင်းသားများ၏ မြေများကို ဌာနေသားများ၏ ဓလေ့ထုံးတမ်းမြေ (Native Customary Land-NCL) အဖြစ် အသိအမှတ်ပြုခဲ့ ကြသော်လည်း ယနေ့ခေတ်တွင် ဆာဘာနှင့် ဆာရာဝပ်ပြည်နယ်အစိုးရတို့သည် ဌာနေသားများ၏ ဓလေ့ထုံးတမ်းမြေအဖြစ် အသိ အမှတ်ပြုခြင်းမခံရသေးသော မြေများကို အစိုးရမြေအဖြစ်သတ်မှတ်ပြီး NCL အဖြစ် အသိမှတ်ပြုရန် တွန့်ဆုတ်လာကြသည်။

---

**စာကွက် (၂၀)**

### မလေးရှားနိုင်ငံ၏ ၁၉၆၅ ခုနှစ် အမျိုးသားမြေကိုဥပဒေ၏ အပိုင်း (၅) ပါ မြေအဓိပ္ပါယ်ဖွင့်ဆိုချက်

မလေးရှားနိုင်ငံ၏ ၁၉၆၅ ခုနှစ် အမျိုးသားမြေကိုဥပဒေ (NLC) တွင် မြေကို အောက်ပါအပိုင်း ဖွင့်ဆိုထားသည်။

(က) မြေမျက်နှာပြင်နှင့် မြေမျက်ပြင်ပေါ်ကို ဖွဲ့စည်းထားသည့် အရာများအားလုံး
(ခ) မြေအောက်နှင့် မြေအောက်ရှိ အရာများအားလုံး
(ဂ) မြေမျက်နှာပြင်အပေါ်နှင့် အောက်ရှိ သဘာဝပေါက်ပင်အားလုံးနှင့် အခြားသဘာဝထုတ်ကုန်များ
(ဃ) မြေပြင်အပေါ်ကဖြစ်စေ၊ မြေအောက်ကဖြစ်စေ မြေကြီးကို အမြဲတမ်းတွဲကပ်သော အရာအားလုံး
(င) ရေဖုံးလွှမ်းထားသော မြေ

---

မလေးရှားနိုင်ငံ၏ မြေယာအုပ်ချုပ်မှုစနစ်တွင် ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့် (Customary Land Tenure) ကို အသိ အမှတ်ပြုထားပြီး ထိုအသိအမှတ်ပြုမှုသည် မလေးရှားနိုင်ငံ၏ ဌာနေတိုင်းရင်းသားများနှင့် တိုင်းရင်းသားလူမျိုးများ၏ အမျိုးစုံလင်မှုကို ကိုယ်စားပြုသည်။ မလေးရှားနိုင်ငံတွင် တိုင်းရင်းသား လူမျိုး၊ ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများနှင့် ပထဝီတည်နေရာအရ သီးခြား လွတ်လပ်သောအခွင့်အရေးများအမျိုးမျိုးကို အသိအမှတ်ပြုထားသော အဓိကဥပဒေ (၄) ရပ်ရှိသည်။ ၎င်းတို့မှာ ပထဝီတည်နေရာအရ တစ်မူထူးခြားသည့် ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးကို အခြေခံထားသည့် ဆာရာဝပ်ဌာနေသားများ၏ ဓလေ့ထုံးတမ်းဥပဒေ (the Sarawak Native Customary Law) နှင့် အာဒဲ့ပက်ပါတီဓလေ့ထုံးတမ်း ဥပဒေ (Adat Pepatih)၊ တိုင်းရင်းသားအခွင့်အရေးကို အခြေခံသည့် မလေးမြေထိန်းသိမ်းရေးအက်ဥပဒေ (the Malay Reservation Act) နှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးကို အခြေခံ သည့် အော်ရန်အစလီ ဓလေ့ထုံးတမ်းဥပဒေ (the Orang Asli) တို့ဖြစ်သည်။ မလေးရှားနိုင်ငံတွင် အသိအမှတ်ပြုထားသော ဓလေ့ ထုံးတမ်းမြေအချို့ကို အောက်တွင်တစ်ခုချင်းစီ အကျဉ်းချုပ်ဖော်ပြသွားပါမည်။

## မလေးထိန်းသိမ်းမြေ (The Malay Reserve Land)

၁၉၁၃ ခုနှစ်တွင် ဗြိတိသျှအစိုးရက မလေးထိန်းသိမ်းမြေဥပဒေ (the Malay Reservation Enactment)ကို ပြဌာန်းခဲ့ပြီး ဖက်ဒရယ်ပုံစံဖြင့် စုဖွဲ့ထားသော မလေးပြည်နယ် (၄) ခု (Perak, Selangor, Negeri Sembilan, and Pahang) အတွင်းရှိ မလေးမြေများကို မလေးလူမျိုးကသာ ထိန်းချုပ်ခွင့်နှင့် ကန့်သတ်ခွင့်ရှိရေးအတွက် ရည်ရွယ်ခဲ့သည်။ ဥပဒေစတင်ပြဌာန်းချိန်တွင် ဖက်ဒရယ်ပုံစံဖြင့်စုဖွဲ့ထားသည့် မလေးပြည်များ (မလေးကျွန်းဆွယ်ဒေသ)၏ မြေ (၅၀) ရာခိုင်နှုန်းကို မလေးထိန်းသိမ်းမြေအဖြစ် သတ်မှတ်သွားရန် ရည်မှန်းခဲ့သော်လည်း ယနေ့တိုင် ထိုရာခိုင်နှုန်းကို မရောက်ရှိနိုင်သေးပါ။ မလေးရှားနိုင်ငံ လွတ်လပ်ရေးရပြီးနောက် မလေးထိန်းသိမ်းမြေဥပဒေသည် နိုင်ငံ၏ မူလမြေယာဥပဒေအမျိုးအစားတစ်ခုဖြစ်လာပြီး၊ ဖက်ဒရယ်/ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် NLC (၁၉၆၅) တို့က အထူးအကာအကွယ်ပေးထားသည်။ "မလေး" ဟူသည့်စကားရပ်ကို သက်ဆိုင်ရာပြည်နယ်များ၏ ဥပဒေက အဓိပ္ပါယ်ဖွင့်ဆိုသည်။ဆိုလိုသည်မှာ မည်သူမည်ဝါက ပြည်နယ်သားမလေးလူမျိုးဖြစ်သည်ကို သက်ဆိုင်ရာပြည်နယ်များက ဆုံးဖြတ်သည်။ ပြည်နယ်များသည် မလေးထိန်းသိမ်းမြေများကို မလေးလူမျိုးများအကြားတွင်သာ စီမံဆောင်ရွက်ခွင့်ရှိပြီး မလေးမဟုတ်သူများက ထိုမြေများကို စီမံအုပ်ချုပ်လျှင် တရားဝင်မှုမရှိပေ။ ကုလားတန်ပြည်နယ်ဥပဒေတွင် ကုလားတန်ဌာနေသား (natives) စကားလုံးကို အသုံးပြုထားပြီး အရှေ့ နှင့် အနောက်မလေးရှားဒေသရှိ အခြားပြည်နယ်များမှ မလေးများကို ပထုတ်ထားသည့်သဘောရှိသည်။ သို့ရာတွင် မလေးထိန်းသိမ်းမြေပိုင်ရှင်များသည် မြေငှားရမ်းမှုနှင့် အခြားဝင်ငွေရနိုင်သည့်ပုံစံများနှင့် ဆက်နွယ်သည့်မည်သည့် အထူးအခွင့်အရေးမှ မခံစားကြရပေ။ မလေးမဟုတ်သူများ၏ မြေရောင်းဝယ်ခွင့်ကို တားမြစ်ထားသဖြင့် ဇရိယာအဝန်းအဝိုင်း တစ်ခုအတွင်းရှိ အခြားလက်ဝယ်ထားပိုင်ခွင့်ရှိသည့် ပစ္စည်း (free hold property) နှင့် နှိုင်းယှဉ်လျှင် မလေးထိန်းသိမ်းမြေပိုင်ရှင်များ ပိုင်ဆိုင်သည့် မြေယာများ၏ စီးပွားရေးတန်ဖိုးကိုလျော့ကျစေသည်။ ထို့ကြောင့် နောက်ပိုင်းတွင် ကွာလာလမ်ပူမြို့ကဲ့သို့သော မြို့ပြဒေသရှိ မလေးထိန်းသိမ်းမြေပိုင်ရှင်များစွာတို့သည် မိမိတို့ပိုင်ဆိုင်သည့် မြေများဈေးကွက်တန်ဖိုးအတိုင်း ရရှိရေးအတွက် မလေးထိန်းသိမ်းမြေဥပဒေကို ပြန်လည်သုံးသပ်ရန် အစိုးရအား တောင်းဆိုလာကြသည်။

## အာဒဲ့ပက်ပါတီ (The matriarchal system or adat pepatih)

အာဒဲ့ပက်ပါတီ (adat pepatih) သည် မလေးရှားနိုင်ငံ၊ ဆူမားတြားဒေသရှိ မင်နန်ခါဘောင် ကုန်းပြင်မြင့် (Minangkabau) မှ ဆင်းသက်လာသော ဓလေ့ထုံးတမ်းဥပဒေများဖြစ်ပြီး ထိုဥပဒေတွင် ဓလေ့ထုံးတမ်းမြေယာလုပ်ကိုင်ခွင့် စနစ်လည်းပါရှိသည်။ အာဒဲ့ပက်ပါတီဓလေ့ထုံးတမ်းစနစ်ကို မလေးကျွန်းဆွယ်ဒေသရှိ Negeri Sembilan ပြည်နယ်တွင်[၉၅] ကျင့်သုံးလျက်ရှိပြီး ထိုစနစ်၏ ထူးခြားချက်မှာ အမျိုးသမီးအဖွဲ့ဝင်များကို မြေနှင့်ပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဦးစားပေးထားခြင်းသည်။ အမျိုးသမီးများသည် မြေယာအပါအဝင် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အမွေဆက်ခံခွင့်ရှိသော်လည်း အမျိုးသားအဖွဲ့ဝင်များသည် မည်သည့်ပစ္စည်းနှင့်မျှ သက်ဆိုင်ခွင့် မရှိပေ။[၉၆] ထို့ကြောင့် Negeri Sembilan ပြည်နယ်၏ ခရိုင် လေးခု (Kuala Pilah, Rembau, Jelebu and Tampin) တွင် ကျင့်သုံးနေသော အာဒဲ့ပက်ပါတီစနစ်ကို အမျိုးသမီးကြီးစိုးသည့် ဓလေ့ထုံးတမ်းစနစ်တစ်ခုအဖြစ် ရှုမြင်နိုင်သည်။ (စာကွက် (၂၁-ရှ)

---

[၉၅] Negeri Sembilan သည် "ကိုးပြည်နယ်" ဟု အဓိပ္ပါယ်ရပြီး ရှေးအချိန်တွင် လွတ်လပ်သောအကြီးအကဲများရှိသည့် ပြည်ထောင်များဖြင့် ဖွဲ့စည်းထားသော ကွန်ဖက်ဒရိတ်ကို ရည်ညွှန်းသည်ဟု ယူဆကြသည်။

[၉၆] အမျိုးသားများသည် အိမ်ထောင်မကျမချင်း မိခင်၏မျိုးနွယ်စုဝင်အဖြစ် သတ်မှတ်ပြီး အိမ်ထောင်ကျသည့်အခါ မိမိအမျိုးသမီး၏ မျိုးနွယ်စုဝင်ဖြစ်သွားသည်။ အိမ်ထောင်မကျသော အမျိုးသားသည် မိခင်ပစ္စည်းများကို ရပိုင်ခွင့်ရှိသည်။

**စာကွက် (၂၁)**

### မလေးရှားနိုင်ငံရှိ "အာဒဲ့ပက်ပါတီ"ဓလေ့ထုံးတမ်းမြေစနစ်ပါ အမျိုးသမီးများ၏မြေအခွင့်အရေးများ

အမျိုးသမီးများကို အောက်ပါအတိုင်း ဦးစားပေးထားသည်။

- ဘိုးဘွားပိုင်မြေနှင့် အမွေများကို အမျိုးသမီးအဖွဲ့ဝင်များအား ပေးအပ်သည်။
- အမျိုးသမီးအဖွဲ့ဝင်များသည် မိသားစုကိုယ်စား ပစ္စည်းထိန်းသိမ်းပိုင်ခွင့် ရှိသည်။
- သေတမ်းစာနှင့်အညီ ပစ္စည်းများကို အညီအမျှအမွေဆက်ခံနိုင်သည်။
- ဓလေ့ထုံးတမ်းဥပဒေအရ အမြဲတမ်းအဖွဲ့ဝင်တွင်ပါသည့် အမျိုးသမီးများသည် မြေ သို့မဟုတ် အခြားပစ္စည်းများကို ရပိုင်ခွင့်ရှိသည်။
- အမျိုးသမီးအဖွဲ့ဝင်များအားလုံးသည် ဓလေ့ထုံးတမ်းမြေကွက်တစ်ကွက်နှင့် ပတ်သက်နိုင်သည်။
- အမျိုးသမီးအဖွဲ့ဝင်များ ပိုင်ဆိုင်သောပစ္စည်းများကို အာဒဲ့ပက်ပါတီဓလေ့ထုံးတမ်းဥပဒေ၏ အမျိုးသမီးအဖွဲ့အဝင်များ အား လက်ဆင့်ကမ်းရမည်။

*Source*: https://www.studocu.com/en/u/4195742

မြေယာဆိုင်ရာ ဓလေ့ထုံးတမ်းအခွင့်အရေးကို ထိန်းသိမ်းရန်ရည်ရွယ်ပြီး ၁၉၀၉ ခုနှစ်တွင် ဓလေ့ထုံးတမ်း မြေယာစီမံခွင့် အမိန့် (Customary Tenure Ordinance) ကို ထိုခရိုင်လေးခုတွင် ထုတ်ပြန်ပြီးကျင့်သုံးခဲ့သည်။ ထို့နောက် ၁၉၂၆ ခုနှစ်တွင် မလေးမြေများကို နိုင်ငံခြားသားများလက်ထဲသို့ မကျရောက်ရေး (ပိုင်ဆိုင်ခွင့်မရှိရေး) အတွက် ထိုပြဋ္ဌာန်းချက်ကို ထပ်မံပြင်ဆင်ခဲ့သည်။ ထိုပြဋ္ဌာန်းချက်အရ မြေများကို 'ဓလေ့ထုံးတမ်းမြေ' အမည်ဖြင့် မှတ်ပုံတင်ရန်လိုအပ်ပြီး 'ဓလေ့ထုံးတမ်းမြေ' အဖြစ် တရားဝင် အသိအမှတ်ပြုထားသောမြေများကိုသာ အကာအကွယ်ပေးထားသည်။ အာဒဲ့မြေ၏ အဓိကျသောစည်းကမ်းချက် (၄) ခု မှာ ၁) ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်သည် တစ်ဦးတစ်ယောက်ချင်းပိုင်ဆိုင်မှု မဟုတ်ဘဲ မျိုးနွယ်စုပိုင်ပစ္စည်း ဖြစ်သည်။ ၂) အာဒဲ့မြေသည် ရယူထားသော ပစ္စည်းဖြစ်ပြီး အမွေဆက်ခံရရှိသည့် ပစ္စည်းမဟုတ်ပါ။ ၃) အာဒဲ့မြေသည်ဘိုးဘွားပိုင်မြေ ဖြစ်လာနိုင်သည်။ ၄) ဘိုးဘွားပိုင်ပစ္စည်းကို မျိုးနွယ်စုတစ်ခု၏ အမျိုးသမီးအဖွဲ့ဝင်များအား အပ်နှင်းထားပြီး ဘိုးဘွားပိုင်ပစ္စည်းအားလုံးသည် အမျိုးသမီးနှင့် သက်ဆိုင်မှုရှိရန် အထူးလိုအပ်သည်။

အာဒဲ့ဓလေ့ထုံးတမ်းဥပဒေသည် လက်ရှိမြေယာဥပဒေနှင့် မြေယာစည်းမျဉ်းစည်းကမ်းများ (ဥပမာ - ၁၉၆၅ ခုနှစ် အမျိုးသား မြေကိုဒ်ဥပဒေ NLC နှင့် ၁၉၆၀ မြေသိမ်းအက်ဥပဒေ) အပေါ် လွှမ်းမိုးမှုရှိသည်။ NLC ၏ အပိုဒ် (၄-က) တွင် NLC နှင့် မည်သည့် ဓလေ့ထုံးတမ်းဥပဒေတစ်ခုခုအကြား ပဋိပက္ခတစ်ခုခုဖြစ်ပေါ်လာပါက ဓလေ့ထုံးတမ်းပြဋ္ဌာန်းချက်က လွှမ်းမိုးသည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အာဒဲ့မြေများသည် မလေးရှားနိုင်ငံ၏ မြေယာဥပဒေတွင် အထူးအခွင့်အရေးရရှိထားသည့် မြေယာများ ဖြစ်သည်။

စာကွက် (၂၂)

### မလေးရှားနိုင်ငံ၏ "အာဒဲ့တီမင်ဂမ်" ဓလေ့ထုံးတမ်းစနစ်အရ သေဆုံးသူ၏ ပိုင်ဆိုင်မှုများကို ခွဲဝေပုံ

မလေးရှားနိုင်ငံ၏ "အာဒဲ့တီမင်ဂမ်" ဓလေ့ထုံးတမ်းစနစ်အရ သေဆုံးသွားသူတစ်ဦး၏ ပိုင်ဆိုင်မှု (ပစ္စည်း သို့မဟုတ် အိမ်ခြံမြေ) များကို အောက်ပါအတိုင်း ခွဲဝေသည်။

- သမီးသည် သားရပိုင်ခွင့်၏ တစ်ဝက်ကို ရပိုင်ခွင့်ရှိသည်။
- သားမရှိလျှင် သမီးသည် သေဆုံးသူ၏ပစ္စည်းတစ်ဝက်ကို ရပိုင်ခွင့်ရှိသည်။
- သမီးနှစ်ဦးရှိပြီး သားတစ်ဦးသာရှိလျှင် သမီးများသည် အိမ်ခြံမြေ၏ သုံးပုံနှစ်ပုံကို အညီအမျှရပိုင်ခွင့်ရှိသည်။
- အိမ်ထောင်သက်တမ်းအတွင်း ကလေးမရှိလျှင် သေဆုံးသူ၏ ဇနီး သို့မဟုတ် ဇနီးများသည် သေဆုံးသူ၏ အိမ်ခြံမြေ လေးပုံတစ်ပုံကို ရပိုင်ခွင့်ရှိသည်။ ကလေးရှိလျှင် သေဆုံးသူ၏ ဇနီး သို့မဟုတ် ဇနီးများသည် သေဆုံးသူ၏ အိမ်ခြံမြေ ရှစ်ပုံတစ်ပုံကိုသာ ရပိုင်ခွင့် ရှိသည်။
- ကလေးမရလျှင် လင်ယောကျ်ားသည် ဇနီး၏ အိမ်ခြံမြေတစ်ဝက်ကို ရပိုင်ခွင့် ရှိသည်။ ကလေးရလျှင် လင်ယောကျ်ားသည် ဇနီး၏ အိမ်ခြံမြေ လေးပုံတစ်ပုံကို ရပိုင်ခွင့်ရှိသည်။
- သေဆုံးသူ၏ ဖခင် သို့မဟုတ် မိခင်သည် သေဆုံးသူကကလေးချန်ထားလျှင် သေသုံးသူ၏ အိမ်ခြံမြေ ခြောက်ပုံတစ်ပုံကို ရပိုင်ခွင့်ရှိသည်။

*Source:* http://ironwills.com.my/what-is-customary-law.html#Temenggong

## အာဒဲ့ တီမင်ဂန် (The patriarchal system or Adat Temenggung)

အာဒဲ့ တီမင်ဂန်သည် အမျိုးသားများကို ဦးစားပေးထားသော ဓလေ့ထုံးတမ်းစနစ်ဖြစ်ပြီး အဓိကအားဖြင့် အစ္စလမ်မစ် အခြေခံမှုများ သို့မဟုတ် Jukum Syariah ဥပဒေကို အခြေခံထားသည်။ ကိုရမ်ကျမ်းတွင် ပါရှိသည့်အတိုင်း အမွေဆက်ခံမှုဆိုင်ရာ စည်းကမ်းများကို ကျင့်သုံးသည်။ အာဒဲ့ပက်ပါတီစနစ် ကျင့်သုံးသော Negeri Sembilan ပြည်နယ်ကလွဲပြီး အနောက်မလေးရှားဒေသရှိ ပြည်နယ်အားလုံးတွင် အာဒဲ့ တီမင်ဂန်စနစ်ကို ကျင့်သုံးသည်။ အမျိုးသားများသည် ခေါင်းဆောင်များဖြစ်လေ့ရှိပြီး အမျိုးသမီးနှင့် ကလေးများအပါအဝင် မိမိတို့၏ပိုင်ဆိုင်မှုများကို ကာကွယ်ရမည့်တာဝန်များစွာရှိသဖြင့် အာဒဲ့တီမင်ဂန်စနစ်သည် အမျိုးသားများကို ပို၍ ဦးစားပေးထားခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ ဤစနစ်တွင် မြေယာအမွေဆက်ခံနိုင်ရန်နှင့် မိသားစုကိုဦးဆောင်နိုင်ရန် သားယောကျ်ားရှိခြင်း၏ အရေးပါမှုကိုအဓိကထားကြသည်။

## ဆာရာဝပ်ပြည်နယ်ရှိ ဌာနေဓလေ့ထုံးတမ်းမြေ (The Native Customary Land in Sarawak)

ဆာရာဝပ်ပြည်နယ်၏ ဆာရာဝပ်မြေကိုဥပဒေ (the Sarawak Land Code) အရ ဌာနေသားများ၏ ဓလေ့ထုံးတမ်းမြေကို "၁၉၅၈ ခုနှစ်၊ ဇန်ဝါရီလ (၁) ရက်နေ့မတိုင်ခင် ပြဋ္ဌာန်းခဲ့သော ဥပဒေအရ ဌာနေသားများ၏ ဓလေ့ထုံးတမ်းအခွင့်အရေးကို စုပေါင်း သို့မဟုတ် အခြားနည်းလမ်းဖြင့်ရရှိထားသည့် တရားဝင်မြေ" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ လွန်ခဲ့သည့် မျိုးဆက်ပေါင်းအနည်းငယ် အတွင်း မိမိတို့မြေပေါ်တွင် အခြေချနေထိုင်လာကြသည့် ဆာရာဝပ်ပြည်နယ်၏ ဌာနေသားများ၏ မြေယာအခွင့်အရေးကို ဥပဒေက အသိအမှတ်ပြုထားသည်။ သို့ရာတွင် ဌာနေသားများ၏ ဓလေ့ထုံးတမ်းမြေယာအခွင့်အရေးနှင့် ပတ်သက်၍ ပြည်နယ်အာဏာပိုင်များနှင့် ဌာနေအဖွဲ့အစည်းများအကြား အဓိပ္ပါယ်ကောက်ယူမှုကွဲပြားသဖြင့် ပဋိပက္ခများစွာဖြစ်ပေါ်ပြီး ဆာရာဝပ်ပြည်နယ်တွင် မြေယာ လျှောက်တင်ခြင်းနှင့် မြေတိုင်းတာခြင်းလုပ်ငန်းစဉ်ကြန့်ကြာမှုများ ဖြစ်စေခဲ့သည်။ ထိုအခြေအနေများကြောင့် နောက်ဆုံးတွင် ပဋိပက္ခ ဖြစ်စေပြီး ဓလေ့ထုံးတမ်းမြေယာ ပိုင်ဆိုင်သူများအကြား မကြေနပ်မှုများ ရှိလာသည်။

၁၉၉၇ ခုနှစ်တွင် မြေတိုင်းဌာနအာဏာပိုင်များ၏လုပ်ပိုင်ခွင့်ကို တိုးမြှင့်ပေးထားသည့် ဥပဒေပြင်ဆင်ချက်အရ အသုံးမပြုဘဲ ချန်လှပ်ထားသောမြေများကို ဖွံ့ဖြိုးရေးနယ်မြေအဖြစ် သတ်မှတ်ကြေငြာခွင့်ပေးထားခြင်းသည် ဌာနေတိုင်းရင်းသားလူမျိုးအချို့ (the Ibans, Orang Ula and Bidayuhs) နှင့် မလေးလူမျိုးတို့၏ အခွင့်အရေးအပေါ် သက်ရောက်မှုရှိခဲ့သည်ဟု ရှုမြင်ကြသည်။ ဌာနေသား များ၏ ဓလေ့ထုံးတမ်းအရ မြေပိုင်ဆိုင်ခွင့်သည် မျိုးဆက်တစ်ခုမှ တစ်ခုသို့ အမွေဆက်ခံရရှိထားခြင်း ဖြစ်သည်။ မြေပိုင်ဆိုင်မှုနှင့်

မြေနယ်နိမိတ်များကို ဌာနေလူမှုအဖွဲ့အစည်းက သတ်မှတ်ရာတွင် သစ်ပင်၊ မြစ်ချောင်း အစရှိသည့် သဘာဝအမှတ်အသားများကို အသုံးပြုသည်။ ထိုအမှတ်အသားများကို သက်ဆိုင်ရာတိုင်းရင်းသားမျိုးနွယ်စုအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုများကလည်း သိရှိကြသည်။ ပို၍အရေးကြီးသောအချက်များမှာ ဌာနေတိုင်းရင်းသားများ၏ မြေပိုင်ဆိုင်မှုကိုအမြဲတမ်းပိုင်ဆိုင်ခွင့်အဖြစ် အသိအမှတ်ပြုထားခြင်းနှင့် ကျေးရွာအကြီးအကဲများသည် ဓလေ့ထုံးတမ်းမြေပိုင်ဆိုင်မှုနှင့် နယ်နိမိတ်သတ်မှတ်မှုတို့ကို အဆုံးအဖြတ်ပေးသည့် စီမံအုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ခြင်းတို့ ဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် ဆာရာဝပ်မြေကိုဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းအရ ဌာနေတိုင်းရင်းလူမျိုးများ၏ နယ်မြေဇရိယာ(Native Territorial Domain - NTD)ကို တိုးချဲ့သတ်မှတ်ပြီး ထိုနယ်မြေအတွင်း ဌာနေတိုင်းရင်းသားများ၏ အစုအဖွဲ့ပိုင်ဘုံမြေလက်မှတ် (Native Communal Title-NCT) ထုတ်ပေးရန်ပါရှိသည်။ ဌာနေတိုင်းရင်းသားလူမျိုးတစ်ခု၏ နယ်မြေအတွင်း ပိုင်ဆိုင်မှုအခွင့်အရေး ရရှိနိုင်ရန်အတွက် ဓလေ့ထုံးတမ်းများကို တရားဝင်အသိအမှတ်ပြုခြင်း ဖြစ်သည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားလူမျိုးတစ်မျိုး၏ NTD ကို ဟက်တာ ၅၀၀ မှ ၁၀၀၀ အထိ တိုးချဲ့ပေးပြီး NTD တွင် အစုအဖွဲ့အလိုက် အသုံးပြုသည့် ဘုံမြေများအတွက် NCT နှင့် စိုက်ပျိုးရေးနှင့် အိမ်ရာအတွက် တစ်ဦးချင်းအလိုက် အသုံးပြုသည့် တစ်ဦးတစ်ယောက်ပိုင်လက်မှတ်များ (Individual Titles) ကို ထုတ်ပေးသည်။

## မလေးကျွန်းဆွယ်ဒေသရှိ အော်ရန် အစလီ (Orang Asli In Peninsular Malaysia)

မလေးကျွန်းဆွယ်ဒေသရှိ ဌာနေတိုင်းရင်းသားများအတွက် မိမိတို့လူနည်းစု၏ မြေရယူသိမ်းပိုက်မှုများသည် အမွေဆက်ခံရရှိထားသော မြေများပေါ်တွင် (အချိန်မရွေးဖယ်ရှားနိုင်သော) ငှားရမ်းနေထိုင်သူများသာဖြစ်သည်ဟု မှတ်ယူကြသည်။ ၁၉၅၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မူလဌာနေလူမျိုးများ အက်ဥပဒေ (the Aboriginal Peoples Act-1954)တွင် အော်ရန်အစလီဌာနေမြေသည်[၈၇] ထိုအက်ဥပဒေတွင် ဖွင့်ဆိုထားသည့် မူလဌာနေနယ်မြေများ (aboriginal areas)၊ မူလဌာနေထိန်းသိမ်းနယ်မြေ (aboriginal reserve) နှင့် မူလဌာနေလူမျိုးများ အခြေချနေထိုင်ခဲ့သည့် နယ်မြေ (aboriginal inhabited places) ကို ရည်ညွှန်းသည်။ အော်ရန်အစလီဒေသသည်မြေကို ဒေသတွင်းဂုဏ်သိက္ခာနှင့် ဝါစဉ်ကြီးမှု၏ သင်္ကေတတစ်ခုအဖြစ် သဘောထားသဖြင့် အော်ရန်အစလီမြေသည် အမှတ်သင်္ကေတနှင့် စိတ်ပိုင်ဆိုင်ရာ နှောင်ဖွဲ့မှုများရှိသည့်အပြင် မြေဆီလွှာများသည် ဘေးဘိုးဘီဘင်တို့၏ ကိုယ်ခန္ဓာများဖြင့် ဖွဲ့စည်းထားသဖြင့် ဝိညာဉ်ပိုင်းဆိုင်ရာဆက်နွယ်မှုရှိသည်ဟု ဆိုကြသည်။ ထို့ကြောင့် အော်ရန်အစလီဌာနေလူမျိုးများအတွက် မြေသည် အလွန်နက်ရှိုင်းပြီး ဝိညာဉ်ပိုင်းဆိုင်ရာ အဓိပ္ပါယ်ရှိနေသည်။

အော်ရန်အစလီ ဓလေ့ထုံးတမ်းအလေ့အထများအရ လူမှုအသိုင်းအဝန်းတစ်ခုချင်းစီတွင် မြေယာအခွင့်အရေးတစ်ရပ်ရှိပြီး၊ ထိုအခွင့်အရေးမှာ ထိုလူမှုအသိုက်အဝန်းက ပိုင်ဆိုင်သောနယ်မြေပေါ်တွင် နေထိုင်အသုံးချခွင့် ဖြစ်သည်။ ထိုအခွင့်အရေးများကို အသိအမှတ်ပြုမှုသည် ဓလေ့ထုံးတမ်းအရ အပ်နှင်းထားသော အစုအဖွဲ့လိုက်အခွင့်အရေးအပေါ်တွင် မူတည်သည်။ သို့ရာတွင် အိမ်ထောင်စုတစ်ခုချင်းစီ၏ မြေပိုင်ဆိုင်မှုကို အစုအဖွဲ့အလိုက်အခွင့်ရေးများမှ ခွဲထုတ်ပေးနိုင်သည်။ အော်ရန်အစလီဌာနေလူမျိုးတို့၏ ဓလေ့ထုံးတမ်း မြေယာလုံခြုံရေးအတွက်ရည်ရွယ်ပြီး မလေးရှားအစိုးရသည် ၂၀၁၀ ပြည့်နှစ်တွင် အော်ရန်အစလီမြေမူဝါဒသစ် (the New Orang Asli Land Policy, 2010) ကို အဆိုပြုခဲ့သည်။ ထိုမူဝါဒအရ အော်ရန် အစလီ အိမ်ထောင်ဦးစီးတစ်ဦးချင်းအား စိုက်ခင်းမြေ (၂.၅) ဟက်တာနှင့် အိမ်ရာမြေ (၀.၁) ဟက်တာတို့ကို ပေးရန်ဖြစ်သည်။ ထိုမူဝါဒကို အကောင်အထည်ဖော်ခြင်းဖြင့် အော်ရန်အစလီလူမျိုးတို့တွင် မိမိတို့မြေများကို ပိုင်ဆိုင်မှုနှင့် မြေအပေါ်တာဝန်ယူမှုများရှိလာပြီး အော်ရန်အစလီဌာနေလူမျိုးတို့၏ ဆင်းရဲမွဲတေမှုပပျောက်သွားစေနိုင်လိမ့်မည်ဟု မလေးရှားအစိုးရအာဏာပိုင်များက မျှော်လင့်ခဲ့ကြသည်။


---

[၈၇] ဗြိတိသျှကိုလိုနီအစိုးရလက်ထက်၌ အသုံးပြုခဲ့သော 'abroginies' သို့မဟုတ် 'Skai' အသုံးအနှုန်းကို ပြောင်းလဲရန် "အော်ရန်အစလီ (Orang Asli)" အသုံးအနှုန်းကို မလေးရှားအစိုးရက မိတ်ဆက်ခဲ့ပြီး တောထဲတွင်နေထိုင်သော လူသားမျိုးနွယ်စုများကို ရည်ညွှန်းသည်။ မလေးရှားနိုင်ငံတွင် အစောဆုံးနေထိုင်သည့်ဌာနေလူမျိုးများ (the earliest natives) များအဖြစ် မလေရှားအစိုးရအသိအမှတ်ပြုထားသော မလေးကျွန်းဆွယ်တွင်နေထိုင်သော အော်ရန်အစလီလူမျိုးများသည် မျိုးနွယ်စုခွဲ (၁၉) ခုရှိပြီး ၎င်းတို့ကို အဓိကအုပ်စု (၃) ခု (Senoi, Negrtio and Melayu Asli) အဖြစ် ခွဲခြားနိုင်သည်။ အော်ရီအစလီထိန်းသိမ်းမြေသည် ဖက်ဒရယ်အစိုးရမြေဖြစ်သည်ဟု နိုင်ငံ၏ဖွဲ့စည်းပုံထဲတွင် (ပုဒ်မ-၈၅ အပိုဒ်ခွဲ ၅) ပြဋ္ဌာန်းထားသည်။ available at: http://eprints.uthm.edu.my/5828/1/16._Zainal_Zulhimi.pdf [accessed 3 July 2019]

## မြေယာနှင့် သယံဇာတဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေခြင်း


မလေးရှားနိုင်ငံ၏ ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများအကြား မြေယာနှင့်သယံဇာဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေမှုများသည် ဖက်ဒရယ်စနစ်နှင့်အညီ သီးခြားလုပ်ပိုင်ခွင့်အာဏာများနှင့် ထပ်တူပြုအာဏာများဟူ၍ ခွဲခြားထားပြီး နိုင်ငံအတွင်းရှိ ဌာနေတိုင်းရင်းသားများနှင့် တိုင်းရင်းသားများ၏အထူးအခွင့်အရေးကို အသိအမှတ်ပြုထားသည်။ ထို့ပြင် တစ်နိုင်ငံလုံးကိုလွှမ်းခြုံသော ဖက်ဒရယ်ဥပဒေများအပြင် အချို့ပြည်နယ်များတွင်သာ အကျိုးသက်ရောက်သည့် ဥပဒေများ (ဥပမာ - ဆာဘာနှင့် ဆာရဝပ် ပြည်နယ်များတွင်သာကျင့်သုံးသည့် ဓလေ့ထုံးတမ်းမြေယာဥပဒေများ၊ Negeri Sembilan ပြည်နယ်တွင်သာကျင့်သုံးသည့် အာဒဲ့ပက် ပါတီဓလေ့ထုံးတမ်းဥပဒေ စသည်တို့) ကိုလည်း ပြဋ္ဌာန်းကျင့်သုံးနေသဖြင့် မလေးရှားနိုင်ငံ၏ နိုင်ငံအုပ်ချုပ်ရေးစနစ်သည် ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အထူးအလေးထားသည့် အချိုးမညီဖက်ဒရယ်စနစ်ပုံစံကို ထင်ဟပ်ပြနေသည်။

**(ပုံ ၈) မလေးရှားနိုင်ငံ၏ မြေနှင့်သယံဇာတဆိုင်ရာ အာဏာခွဲဝေမှု**




မလေးရှားနိုင်ငံ၏ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြေသည် ပြည်နယ်၏ သီးခြားလုပ်ပိုင်ခွင့် အာဏာဖြစ်ပြီး ဥပဒေနှင့် မူဝါဒတို့တသမတ်တည်းဖြစ်ရေးအကြောင်းပြချက်ဖြင့် မြေနှင့်ဆိုင်သောကိစ္စရပ်များအားလုံးကို ပါလီမာန်(ဖက်ဒရယ်ဥပဒေပြုရေးအဖွဲ့) က ဥပဒေပြုခွင့်မရှိပေ။ ဖက်ဒရယ်အစိုးရ၏ မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်ထားခြင်းဖြင့် ပြည်နယ်များ၏ မြေယာကဏ္ဍ အချုပ်အခြာအာဏာကို နိုင်ငံ၏ဖွဲ့စည်းပုံထဲတွင် အကာအကွယ်ပေးထားသည်။ ထို့ပြင် မလေးရှားနိုင်ငံ၏ အမျိုးသားမြေဥပဒေ (NLC) ကလည်း နိုင်ငံအတွင်းရှိ ဓလေ့ထုံးတမ်းမြေယာများကို ကောင်းစွာအသိအမှတ်ပြုထားသည်။ NLC တွင် NLC နှင့် ဓလေ့ထုံးတမ်းဥပဒေအကြား ပဋိပက္ခ ဖြစ်လာပါက ဓလေ့ထုံးတမ်းပြဋ္ဌာန်းချက်သာ အတည်ဖြစ်သည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် အာဒဲ့မြေ သို့မဟုတ် ဓလေ့ထုံးတမ်းမြေ သို့မဟုတ် ဌာနေသားများ၏ ဓလေ့ထုံးတမ်းမြေများသည် မလေးရှားနိုင်ငံ၏ မြေယာဥပဒေတွင် အထူးအခွင့်အရေး ရရှိထားသည်။

### ၅.၁.၄ နိုင်ဂျီးရီးယား (Nigeria)




နိုင်ဂျီးရီးယားနိုင်ငံသည် အာဖရိကတိုက်ရှိ ဖက်ဒရယ်နိုင်ငံတစ်ခုဖြစ်သည်။ နိုင်ငံ၏လက်ရှိတည်တဲ ၁၉၇၈ ခုနှစ် မြေအသုံးချမှုအက်ဥပဒေ (LUA, 1978) အရ နိုင်ငံအတွင်းရှိ မြေများအားလုံးကို နိုင်ငံတော်ကပိုင်ဆိုင်ပြီး ပြည်နယ်များသည် ဖက်ဒရယ်အစိုးရ ပိုင်မြေ မဟုတ်သော ပြည်နယ်အစိုးရ ပိုင်မြေများကို စီမံအုပ်ချုပ်သည်။[၉၉] ကိုလိုနီခေတ်မတိုင်ခင်ကာလတွင် ဓလေ့ထုံးတမ်းမြေယာ စီမံအုပ်ချုပ်မှုစနစ်ကိုကျင့်သုံးခဲ့ပြီး ထိုစနစ်တွင် မြေကိုတစ်ဦးတစ်ယောက်ပိုင်သည့် ပုဂ္ဂလိကပိုင်ဆိုင်မှုထက် မိသားစုနှင့် လူမှု အသိုင်းအဝိုင်းအလိုက် ပိုင်ဆိုင်သည့်အစုအဖွဲ့/ဘုံပိုင်ဆိုင်မှုမျိုးသာ ရှိခဲ့သည်။ မြေများကို ကျေးရွာလူကြီး သို့မဟုတ် လူမျိုးစုအကြီးအကဲက စီမံအုပ်ချုပ်သော်လည်း ၎င်းတို့သည်မြေပိုင်ရှင်များမဟုတ်ဘဲ အများအကျိုးအတွက် မြေများကို ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ကြည့်ရှုစောင့်ရှောက်၊ စီမံခန့်ခွဲပေးသူများသာ ဖြစ်သည်။ ဓလေ့ထုံးတမ်းအရ အသုံးပြုသောမြေများကို ရောင်းချခွင့် သို့မဟုတ် လွှဲပြောင်းခွင့် မရှိခဲ့ပေ။ ထိုစဉ်က နိုင်ဂျီးရီးယားနိုင်ငံအတွင်းကျင့်သုံးသော ဓလေ့ထုံးတမ်းဥပဒေများသည် ဒေသ သို့မဟုတ် မျိုးနွယ်စု အလိုက် အနည်းနှင့်အများ ကွဲပြားမှုရှိသည်။

သို့ရာတွင် နိုင်ငံတောင်ပိုင်းဒေသအတွင်းသို့ ဗြိတိသျှကိုလိုနီတို့ နယ်ချဲ့ဝင်ရောက်လာသည့် အချိန်မှစ၍ ဓလေ့ထုံးတမ်း ဥပဒေဖြင့် စီမံအုပ်ချုပ်သည့် မြေစီမံခန့်ခွဲမှုစနစ်သည် တစ်ဖြည်းဖြည်းမှေးမှိန်လာပြီး ပုဂ္ဂလိကမြေပိုင်ဆိုင်မှုကို အလေးထားသည့် မြေစီမံခန့်ခွဲမှုစနစ်သည် တစ်ဖြည်းဖြည်း ဖွံ့ဖြိုးလာသည်။ ကိုလိုနီခေတ်တွင် ဗြိတိသျှတို့သည် မိမိတို့၏အကျိုးစီးပွားတွက် မြေများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်ရန် မြေဆိုင်ရာဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲပြဌာန်းခဲ့သည်။ အဆိုပါ မြေဥပဒေများသည် ကိုလိုနီအစိုးရမြေရရှိရေးအတွက် ပြဌာန်းထားခြင်းဖြစ်သည့်အပြင် အထူးသဖြင့် နိုင်ဂျီးရီးယားနိုင်ငံ တောင်ပိုင်းဒေသတွင် ဓလေ့ထုံးတမ်း မြေစီမံအုပ်ချုပ်မှုစနစ်ကို ပပျောက်ရေးနှင့် ပုဂ္ဂလိကမြေပိုင်ဆိုင်မှုစနစ် ဖွံ့ဖြိုးလာရေးအတွက်လည်း ဦးတည်ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်းတွင် နိုင်ဂျီးရီးယား နိုင်ငံအတွင်းရှိ မြေများကို ဗြိတိသျှဘုရင်မပိုင်မြေ (Crown Land) သို့မဟုတ် နိုင်ငံပိုင်မြေ (state land) အဖြစ် အသွင်ပြောင်းခဲ့ပြီး မြေလုပ်ကိုင်ခွင့်တို့ကို ဗြိတိသျှအစိုးရက ထုတ်ပေးသည်။

---

[၉၉] Udoekanem, et al. "Land ownership in Nigeria: Historical development, current issues and future expectations." Journal of environment and Earth science 4, no. 21 (2014): 182-188. Available at: https://pdfs.semanticscholar.org/5303/ba2f3db9fd1f2429f5c0811cd067861a8fc5.pdf [accessed 25 Aug 2019]; https://africacheck.org/factsheets/factsheet-who-owns-the-land-in-nigeria/,

၁၉၆၀ ခုနှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံသည် ဗြိတိသျှကိုလိုနီအစိုးရထံမှ လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း၌ နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းဒေသရှိ ပြည်နယ်များသည် ပုဂ္ဂလိကမြေပိုင်ဆိုင်မှုကို အလေးထားသည့် မြေအုပ်ချုပ်မှုစနစ်ကို အဓိကထား ကျင့်သုံးလာခဲ့သည်။ တစ်ချိန်တည်းတွင် နိုင်ငံမြောက်ပိုင်းဒေသရှိ ပြည်နယ်များတွင် ၁၉၆၂ ခုနှစ် မြေလုပ်ကိုင်ခွင့်ဥပဒေ (The Land Tenure Law of Northern Nigeria of 1962) အရ နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ပြည်နယ်များ၏ နယ်နိမိတ်အတွင်းရှိ မြေအားလုံးသည် ဌာနေမြေများ ("native lands") ဖြစ်ပြီး ထိုမြေများကို သက်ဆိုင်ရာ ပြည်နယ်များက ပိုင်ဆိုင်ကြသည်။ ပြည်နယ်ရှိ ဌာနေလူမျိုးတို့၏ မြေအသုံးချမှုနှင့် ဘုံအကျိုးစီးပွားအတွက် သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများအား မြေထိန်းချုပ်စီမံခွင့်ကို အပ်နှင်းထားသည်။ ထိုဥပဒေအရ ကန့်သတ်ထားသော နှစ်ကာလတစ်ခုအတွင်းမြေပေါ်တွင် နေထိုင်လုပ်ကိုင်ခွင့်ကို နိုင်ဂျီးရီးယားမြောက်ပိုင်းဒေသရှိ ဌာနေလူမျိုးများအား ပေးထားသည့်အပြင်၊ သက်ဆိုင်ရာပြည်နယ်ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ထိုမြေများကို ရောင်းချခွင့်၊ ပေါင်းနှံခွင့်နှင့် လွှဲပြောင်းခွင့်တို့ကိုလည်း ပေးအပ်ထားသည်။

၁၉၇၈ ခုနှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံ၏ မြေအသုံးချမှုအက်ဥပဒေ (the Land Use Act of 1987) ကို ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေကို ယနေ့တိုင် ကျင့်သုံးလာခဲ့သည်။ ထိုဥပဒေအရ နိုင်ဂျီးရီးယားနိုင်ငံရှိ ပြည်နယ်တစ်ခုချင်းစီ၏ နယ်နိမိတ်အတွင်းရှိ မြေများအားလုံးကို စီမံအုပ်ချုပ်ရန် သက်ဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေးမှူး (Governor)အား အပ်နှင်းထားသည်။ နိုင်ဂျီးရီးယားပြည်သူတို့၏ မြေအသုံးချမှုနှင့် ၎င်းတို့၏ ဘုံအကျိုးစီးပွားကိုရှေးရှုပြီး ပြည်နယ်အုပ်ချုပ်ရေးမှူးများသည် ပြည်နယ်အတွင်းရှိမြေများကို မြေအသုံးချမှု အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံအုပ်ချုပ်ရန်တာဝန်ရှိသည်။ မြေအက်ဥပဒေအရ ပြည်နယ် အုပ်ချုပ်ရေးမှူးသည် နိုင်ဂျီးရီးယားပြည်သူများအား မြေကိုတရားဝင်လုပ်ကိုင်နေထိုင်ခွင့် (statutory rights of occupancy) ချပေးပြီး၊ မြေများကို (၉၉) နှစ်ကြာ လက်ဝယ်ထားခွင့် ပေးထားသည်။ ထို့ပြင် ဓလေ့ထုံးတမ်းဥပဒေအရ စီမံအုပ်ချုပ်သော မြေများပေါ်တွင် လုပ်ကိုင်နေထိုင်ခွင့် (customary right of occupancy) ကို ဒေသန္တရအစိုးရ (a Local Government) ကလည်း ခွင့်ပြုနိုင်သည်။ သို့ရာတွင် မည့်သည့်မြေရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းမှုမဆို ပြည်နယ်အုပ်ချုပ်ရေးမှူး၏ သဘောတူညီချက် လိုအပ်သည်။ ထို့ပြင် ထူးခြားချက်တစ်ခုမှာ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ မြေလုပ်ပိုင်ခွင့်ချပေးမှုနှင့် အစိုးရမြေသိမ်းဆည်းမှုအတွက် လျော်ကြေးပေးမှုများသည် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိသည့်တိုင် တရားရုံးက မေးခွန်းထုတ်ပိုင်ခွင့်မရှိဟု အက်ဥပဒေထဲတွင် ပြဋ္ဌာန်းထားသည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ လက်ရှိတည်ဆဲ ၁၉၈၇ ခုနှစ် မြေအသုံးချမှုအက်ဥပဒေတွင် နိုင်ဂျီးရီးယား ဌာနေမျိုးနွယ်စုတို့၏ ဓလေ့ထုံးတမ်းမြေစီမံအုပ်ချုပ်မှုစနစ်ကို အတိအလင်းအသိအမှတ်ပြုပြဋ္ဌာန်းထားခြင်း မရှိသော်လည်း၊ ပြဋ္ဌာန်းချက်အချို့ပါ ဖော်ပြချက်များအရ မြေစီမံအုပ်ချုပ်သည့် ဓလေ့ထုံးတမ်းဥပဒေများကို အသိအမှတ်ပြုထားသည်။ ဥပမာ- မြေအက်ဥပဒေထဲတွင် ဓလေ့ထုံးတမ်းမြေလုပ်ကိုင်ခွင့် (customary right of occupancy) ကို ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မြေအသုံးပြုခြင်း (သို့မဟုတ်) မြေပေါ်တွင် နေထိုင်ခြင်းဟုဖွင့်ဆိုထားသည်။ သို့ရာတွင် ဓလေ့ထုံးတမ်းမြေလုပ်ပိုင်ခွင့်ကိုတရားဝင်ရရှိရေးအတွက် ယခင်ဓလေ့ထုံးတမ်းဥပဒေအရ ရရှိခဲ့သောမြေများကို ပြည်နယ်အစိုးရက တရားဝင်အသိမှတ်ပြုသည့် ဓလေ့ထုံးတမ်းမြေလုပ်ပိုင်ခွင့်သို့ အသွင်းပြောင်းရမည် ဖြစ်သည်။ ဓလေ့ထုံးတမ်းမြေစီမံအုပ်ချုပ်မှုစနစ်ကို တရားဥပဒေဘောင်သွင်းထားသည့်သဘောမျိုး ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် ဓလေ့ထုံးတမ်းအကြီးအကဲများ၏ လုပ်ပိုင်ခွင့်အာဏာများကို လျော့ချ သို့မဟုတ် ဖယ်ရှားလိုက်သည့် သဘောရောက်ခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ မြေအက်ဥပဒေသည် ဓလေ့ထုံးတမ်းမြေစီမံအုပ်ချုပ်မှုစနစ်ကို ဆက်လက်ထိန်းသိမ်းထားမှုနှင့်အတူ ထိန်းချုပ်ကန့်သတ်မှုအချို့လည်း ရှိနေသည်။ မြေအက်ဥပဒေအရ ပြည်နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ဒေသန္တရအစိုးရမှလွဲပြီး မည်သူမျှ မြေပိုင်ဆိုင်ခွင့် (လက်ဝယ်ထားခွင့်) ကို လွှဲပြောင်းခွင့် မရှိသဖြင့် ဓလေ့ထုံးတမ်းအကြီးကဲများသည် ဓလေ့ထုံးတမ်းမြေများကို ပြည်နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ဒေသန္တရအစိုးရ၏ ခွင့်ပြုချက်မပါဘဲ တရားဝင်လွှဲပြောင်းခွင့် မရှိပေ။ ထို့ကြောင့် လူမှု အစုအဖွဲ့ပိုင်သည့် ဓလေ့ထုံးတမ်းမြေများကို အဖွဲ့ဝင်များအား ထပ်ဆင့်အငှားချပေးရာတွင် တရားဝင်ဖြစ်ရေးအတွက် ပြည်နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ဒေသန္တရအစိုးရ၏ သဘောတူညီမှုရယူရန်လိုသည်။ အဆိုပါ အစီအမံသည် ဒေသခံမဟုတ်သူများ၏ လက်ထဲသို့ ဓလေ့ထုံးတမ်းမြေများ လွှဲပြောင်းပေးမှုကို ထိန်းချုပ်ရာလည်း ရောက်သည်။

မြေအသုံးချမှုအက်ဥပဒေ၏ ဓလေ့ထုံးတမ်းမြေအပေါ် နောက်ထပ်ကန့်သတ်ချက်တစ်ရပ်မှာ မြေရောင်းချခွင့် ဖြစ်သည်။ ဓလေ့ထုံးတမ်းဥပဒေအရ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ အစုအဖွဲ့/ဘုံပိုင်မြေများကို အဖွဲ့ဝင်များအကြား ခွဲစိပ်ခွဲဝေခြင်း သို့မဟုတ် ရောင်းချခြင်းတို့ကို ခွင့်ပြုထားသည်။ သို့ရာတွင် မြေအက်ဥပဒေအရ မြေရောင်းချခွင့်ကို ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်

ဒေသန္တရအစိုးရတို့ကိုသာ အပ်နှင်းထားသဖြင့် ဓလေ့ထုံးတမ်းမြေများကို ပြည်နယ်နှင့် ဒေသန္တရအစိုးရအာဏာပိုင်များ၏ ခွင့်ပြုချက်မပါဘဲ ရောင်းချခွင့်မရှိပါ။ ထို့ကြောင့် နိုင်ဂျီးရီးယားနိုင်ငံ၏ မြေအသုံးချမှုဥပဒေသည် နိုင်ငံအတွင်း မြေအသုံးချမှုများကို ပြည်နယ်အစိုးရအား အလွန်အကျွံထိန်းချုပ်ခွင့်ပေးထားပြီး ဓလေ့ထုံးတမ်းအရ မြေစီမံခန့်ခွဲမှုကို ထိန်းချုပ်ကန့်သတ်မှုများနှင့်အတူ ဆက်လက်ကျင့်သုံးခွင့်ပေးထားသည်ကို တွေ့ရှိရသည်။

## ၅.၂ အာဖရိကနိုင်ငံအချို့၏ ဓလေ့ထုံးတမ်းမြေများကို တရားဝင်အသိအမှတ်ပြုမှုများ [၉၉]

### ၅.၂.၁ ဘော့ဆွာနာ (Botswana)




ဘော့ဆွာနာနိုင်ငံသည် အာဖရိကတိုက်တောင်ပိုင်းရှိနိုင်ငံတစ်ခုဖြစ်သည်။ နိုင်ငံမြေဧရိယာ၏ ၇၀ ရာခိုင်နှုန်းခန့်ကို ကာလာဟာရီသဲကန္တာရက ဖုံးလွှမ်းထားသော ဆာဟာရတောင်ပိုင်းနိုင်ငံတစ်ခုဖြစ်သည်။ သမိုင်းကြောင်းအရ ဆွာနာမျိုးနွယ်စုများ (Tswana tribes) အများစုနေထိုင်သော ဘော့ဆွာနာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှအစောင့်ရှောက်ခံနိုင်ငံ(a British protectorate) တစ်ခုဖြစ်လာခဲ့သည်။ ဗြိတိသျှကိုလိုနီခေတ်၌ ဗြိတိသျှအစိုးရသည် ဆွာနာမျိုးနွယ်စု (၅) စုတို့၏ အကြီးအကဲများအား ၎င်းတို့၏ မျိုးနွယ်စုနယ်မြေများကို နယ်နိမိတ်သတ်မှတ်စေခဲ့ပြီး ထိုမြေများကို “မျိုးနွယ်စုမြေ (tribal land) ” အဖြစ် သတ်မှတ်ကာ စနစ်တကျမြေပုံထုတ်ပေးခဲ့သည်။ ကျန်ရှိသောမြေများကို “ဗြိတိသျှဘုရင်မပိုင်မြေ (crown land)” အဖြစ် သတ်မှတ်လိုက်သည်။ ထိုကဲ့သို့မြေသတ်မှတ်မှုများကြောင့် ဗြိတိသျှဘုရင်မပိုင်မြေတွင် နေထိုင်သော ဆွာနာမဟုတ်သည့် လူနည်းစုဘာဆားဝါ (ဆန်) မျိုးနွယ်စုတို့၏

[၉၉] Knight, Rachael S. "Statutory recognition of customary land rights in Africa: an investigation into best practices for lawmaking and implementation." FAO Legislative Study 105 (2010). Available at: http://www.fao.org/3/i1945e/i1945e00.htm [accessed 27 Aug 2019]

တရားဝင်မြေရပိုင်ခွင့်များ ဆုံးရှုံးသွားခဲ့ရသည်။ မျိုးနွယ်စုမြေကို သက်ဆိုင်ရာဆွာနာမျိုးနွယ်စုတို့က ဗြိတိသျှတို့၏ သွယ်ဝိုက်အုပ်ချုပ်ရေး အခြေခံမူများနှင့်အညီ စီမံအုပ်ချုပ်ပြီး ဗြိတိသျှဘုရင်မပိုင်မြေများကို ဗြိတိသျှတို့က တိုက်ရိုက်စီမံအုပ်ချုပ်သည်။

၁၉၆၆ ခုနှစ်တွင် ဘော့ဆွာနာနိုင်ငံလွတ်လပ်ရေးရရှိသောအခါ အစိုးရသစ်သည် ဗြိတိသျှကိုလိုနီ အုပ်ချုပ်ရေး၏ သီးခြားမြေလုပ်ပိုင်ခွင့်ပုံစံ (၃) မျိုးဖြစ်သော မျိုးနွယ်စုမြေ၊ အစိုးရမြေ (ယခင်ဗြိတိသျှဘုရင်မပိုင်မြေ) နှင့် ဘိုးဘွားပိုင်မြေတို့ကို အမွေဆက်ခံခဲ့ရသည်။ လွတ်လပ်ရေးရပြီးချိန်မှစ၍ ဘော့ဆွာနာနိုင်ငံ၏မူဝါဒမှာ မျိုးနွယ်စုမြေများကိုတိုးချဲ့သွားရန်ဖြစ်သဖြင့် အစိုးရမြေများကို မျိုးနွယ်စုမြေများအဖြစ် တဖြည်းဖြည်းပြောင်းလဲယူခဲ့သည်။ ထို့ကြောင့် ၁၉၉၈ ခုနှစ်တွင် နိုင်ငံအတွင်းရှိ မျိုးနွယ်စုမြေသည် ယခင်နိုင်ငံမြေ၏ ၄၈.၇ ရာခိုင်နှုန်းမှ နောက်ပိုင်းတွင် ၇၁ ရာခိုင်နှုန်းအထိ ရှိလာသည်။ ဘော့ဆွာနာ အစိုးရသစ်သည် ဆွာနာဓလေ့ ထုံးတမ်းများထိန်းသိမ်းရေးကိုအလေးထားပြီး ကိုလိုနီအစိုးရချမှတ်ခဲ့သော မြေအုပ်ချုပ်ရေးဥပဒေမူဘောင်တို့ကို အကြီးအကျယ်ပြင်ဆင်ရန် ၁၉၆၈ ခုနှစ်တွင် မျိုးနွယ်စုမြေအက်ဥပဒေ (the Tribal Land Act - TLA) ကို ပြဋ္ဌာန်းခဲ့သည်။ ထို့ပြင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအဖွဲ့တို့ကို ထိန်းကျောင်းရန်နှင့် မျိုးနွယ်စုအကျိုး စီးပွားအတွက် ကိုယ်စားပြုရန်အတွက် လွှတ်တော်အကြံပေးအကြီးအကဲများအဖွဲ့ (House of Chiefs) အဖွဲ့ကိုလည်း အစိုးရ၏ စတုတ္ထမဏ္ဍိုင်အဖြစ် ဖွဲ့စည်းခဲ့သည်။

## ဘော့ဆွာနာနိုင်ငံ၏ ဓလေ့ထုံးတမ်းမြေစီမံခန့်ခွဲမှု

ဘော့ဆွာနာနိုင်ငံတွင် TLA မပြဋ္ဌာန်းမီခေတ်ကာလ၌ မြေနှင့် သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ အခြေခံဓလေ့ထုံးတမ်းစည်းကမ်းများသည် အသက်ရှင်သန်မှုနှင့် အသက်မွေးဝမ်းကျောင်း လိုအပ်ချက်များအတွက် လူတစ်ဦးချင်းစီ၏ မြေအသုံးပြုခွင့်၊ လက်ဝယ်ထားခွင့် သို့မဟုတ် ရယူခွင့်တို့အပေါ်တွင် အခြေခံထားသည်။ ဆွာနာမျိုးနွယ်စုတို့၏ ဓလေ့ထုံးတမ်းဥပဒေအရ မြို့/ရွာအသစ်တည်ထောင်သည့်အခါ မျိုးနွယ်စုအကြီးအကဲသည် မျိုးနွယ်စုစည်းဝေးနေရာ (kgotla) အတွက် မြေနေရာကို အရင်ရွေးချယ် သတ်မှတ်သည်။ ထို့နောက် ထိုမြေနေရာကို ဗဟိုပြုပြီး ကျေးရွာ (ရပ်ကွက်များ၏) မြေကွက်များကို အကွက်ရိုက်ကာ စက်ဝိုင်းခြမ်းသဏ္ဍာန်ဖြင့် ဝန်းရံထားသည်။ ရပ်ကွက်တစ်ခုစီကို ရပ်ကွက်လူကြီးတစ်ဦးစီ (a ward headman) က စီမံအုပ်ချုပ်သည်။ Kgotla ကို သတ်မှတ်ထားသော မြေအသုံးချမှုပုံစံ (၃) မျိုးဖြင့် ဝန်းရံ ထားသည်။ Kgotla နှင့် အနီးဆုံးမြေများကို လူနေထိုင်သည့်မြေ (residential land)၊ လူနေထိုင်သည့်မြေ အပြင်ဘက်တွင် စိုက်ပျိုးနိုင်သော မြေ (arable land) နှင့် စိုက်ပျိုးနိုင်သည့်မြေဧရိယာအပြင်ဘက်တွင် ဘုံစားကျက်မြေ (communal grazing land) များအဖြစ် သတ်မှတ်ထားသည်။ ဘုံစားကျက်မြေအဆုံးသည် အခြားရွာ သို့မဟုတ် အခြားမျိုးနွယ်စုတစ်ခု၏ နယ်နိမိတ်များနှင့် ထိစပ်သည်။

မြေစီမံအုပ်ချုပ်မှုကို ဗဟိုချုပ်ကိုင်မှု ဖြေလျှော့သည့်ပုံစံဖြင့် ရပ်ကွက်လူကြီးများအား လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည်။ ရပ်ကွက်လူကြီးသည်လူနေထိုင်ရန်နှင့်စိုက်ပျိုးလုပ်ကိုင်ရန်အတွက်မိသားစုအရွယ်အစား၊လက်ရှိနှင့်အနာဂတ်လိုအပ်ချက်များအပေါ် မူတည်ပြီးရွာသားများကိုမြေခွဲဝေပေးသည်။မြေခွဲဝေပြီးသည့်အခါသက်ဆိုင်ရာမိသားစုသည်ထိုမြေကိုရာသက်ပန်ပိုင်ဆိုင်သွားသည်။ ထိုမြေများကို မျိုးနွယ်စုအကြီးအကဲမပါဘဲ ရွာသားအချင်းချင်းကြား လွတ်လပ်စွာလွှဲပြောင်းခွင့်ရှိသည်။ မြေရောင်းချမှုမရှိသဖြင့် မြေလွှဲပြောင်းမှုအတွက် စည်းကမ်းသတ်မှတ်ချက်လည်း မရှိပါ။ ဘုံပိုင်စားကျက်မြေသည် ဘုံပိုင်ပစ္စည်းဖြစ်သဖြင့် ကျေးရွာသားများသည် မိမိတို့၏ တိရစ္ဆာန်များကို ထိုစားကျက်မြေပေါ်တွင် လွတ်လပ်စွာထိန်းကျောင်းခွင့်ရှိသည်။ သို့ရာတွင် မြေသယံဇာတ ရေရှည်တည်တံ့ရေးအတွက် စားကျက်မြေများကို အုပ်ချုပ်ရေးစရိုင်အလိုက် ပိုင်းခြားကြီးကြပ်စေသည်။ ထို့ကြောင့် စားကျက်မြေတွင် တိရစ္ဆာန်ထိန်းကျောင်းလိုပါက သက်ဆိုင်ရာစားကျက်မြေ ကြီးကြပ်သူ၏ခွင့်ပြုချက် ရယူရန်လိုသည်။ ရွာသားအားလုံးသည် ဘုံပိုင်မြေတွင် ထင်းခွေခြင်း၊ မြေဆီလွှာယူခြင်း၊ လောင်စာနှင့် အဆောက်အအုံဆောက်ရန်အတွက် လိုအပ်သောအရာများ ရယူနိုင်သည်။

သို့ရာတွင် အချို့သောသယံဇာတထုတ်ယူမှုများကို မျိုးနွယ်စုအကြီးအကဲက စည်းကမ်းချမှတ်ထားသည်။ ဥပမာ - မျိုးနွယ်စုအကြီးအကဲသည် တောရိုင်းတိရစ္ဆာန်သတ်ဖြတ်ခွင့်ကိုဆုံးဖြတ်ပြီး သတ်ဖြတ်မည့် တိရစ္ဆာန်၏ တန်ဖိုး၊ ရှားပါးမှုနှင့် အခြားအခြေခံမူများအပေါ်မူတည်ပြီး အရေအတွက်ကန့်သတ်သည်။ ထို့ပြင် ၎င်းသည်မြေကွက်မီးရှို့နိုင်သည့် အချိန်နှင့် အိမ်ဆောက်ရာတွင် အသုံးပြုသည့် မြက်များ ရိတ်သိမ်းနိုင်သည့်အချိန်တို့ကို သေချာစွာစည်းကမ်းချမှတ်သည်။ ဓလေ့ထုံးတမ်းဥပဒေအရ မြေအငြင်းပွားမှုများကို အဆင့်ဆင့်သော အုပ်ချုပ်ရေးအကြီးအကဲများက ဖြေရှင်းသည်။ ကျေးရွာတွင်း မြေအငြင်းပွားမှုကို မိသားစုအကြီးအကဲက အရင်ဖြေရှင်းပေးပြီး၊ မပြေလည်ပါက သက်ဆိုင်ရာ ရပ်ကွက်အကြီးအကဲက ဖြေရှင်းပေးသည်။ ရပ်ကွက်အကြီးအကဲက မဖြေရှင်းပေးနိုင်လျှင် ၎င်းအထက်ရှိ ဒုတိယ မျိုးနွယ်စုအကြီးအကဲက လည်းကောင်း၊ ထိုမှတစ်ဆင့် မျိုးနွယ်စုအကြီးအကဲကလည်းကောင်း ဖြေရှင်းပေးသည်။

## ဘော့ဆွာနာနိုင်ငံ၏ မျိုးနွယ်စုမြေအက်ဥပဒေ

ဘော့ဆွာနာနိုင်ငံသည် လွတ်လပ်ရေးရပြီး (၂) နှစ်အကြာ ၁၉၆၈ ခုနှစ်တွင် မျိုးနွယ်စုမြေ အက်ဥပဒေ (TLA) ကို ပြဋ္ဌာန်းခဲ့သည်။ TLA မပြဋ္ဌာန်းခင်ကာလတွင် ဓလေ့ထုံးတမ်း မြေအားလုံးကို မျိုးနွယ်စုအကြီးအကဲများက စီမံအုပ်ချုပ်ခဲ့သော်လည်း TLA ပြဋ္ဌာန်းပြီးသောအခါ မျိုးနွယ်စုအကြီးကဲများနှင့် ရပ်ကွက်လူကြီးတို့ကို ခန့်အပ်ခံနှင့်ရွေးကောက်ခံမြေဘုတ်အဖွဲ့တို့နှင့် အစားထိုးလိုက်သည်။ မြေဘုတ်အဖွဲ့ တစ်ခုချင်းစီကို မူလက အဖွဲ့ဝင် (၆) ဦးဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတို့မှာ မြေဘုတ်အဖွဲ့စီမံ အုပ်ချုပ်ရသော မျိုးနွယ်စုမြေ၏ အကြီးကဲ သို့မဟုတ် ဒုတိယအကြီးကဲတစ်ဦး၊ မျိုးနွယ်စုအကြီးအကဲမှခန့်အပ်သော အဖွဲ့ဝင်တစ်ဦး၊ ခရိုင်ကောင်စီမှ ရွေးကောက်သောအဖွဲ့ဝင်နှစ်ဦး၊ မြေယာဝန်ကြီးမှ ခန့်အပ်သော အဖွဲ့ဝင်နှစ်ဦးတို့ ပါဝင်သည်။ ထိုစုဖွဲ့မှုသည် တစ်ဖွဲ့ဖွဲ့ (မျိုးနွယ်စုအကြီးကဲ သို့မဟုတ် ဗဟိုခန့်အပ်အဖွဲ့ဝင်)၏ လုပ်ပိုင်ခွင့် အလွဲသုံးစားမှုကို စစ်ဆေးထိန်းကျောင်းနိုင်ရန်ဖြစ်သည်။ မြေဘုတ်အဖွဲ့သည် ဗဟိုအစိုးရဝန်ကြီးအပြင် ဒေသခံလူထုနှင့် မျိုးနွယ်စုအကြီးကဲတို့ကိုလည်း တာဝန်ခံရသည်။

သို့ရာတွင် ယနေ့ခေတ်မြေဘုတ်အဖွဲ့၏ ဖွဲ့စည်းမှုသည် မူလဖွဲ့စည်းမှုနှင့်မတူညီဘဲ ပြောင်းလဲသွားသည်။ မြေဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်များကို ဓလေ့ထုံးတမ်းခုံရုံးတွင် အယူခံဝင်ရသည့်အခါ ခုံရုံးအဖွဲ့တွင် ဓလေ့ထုံးတမ်းအကြီးအကဲများပါဝင်သဖြင့် အကျိုးစီးပွားပဋိပက္ခများ ရှိလာနိုင်သောကြောင့် ယနေ့ခေတ် မြေဘုတ်အဖွဲ့အတွက် မျိုးနွယ်စုအကြီးအကဲများ၊ ဒုတိယ-အကြီးအကဲများနှင့် ၎င်းတို့အဆိုပြုသည့် အဖွဲ့ဝင်များ၏ ရွေးချယ်ခံခွင့်ကို ပိတ်ပင်ထားသည်။ ယနေ့ခေတ်မြေဘုတ်အဖွဲ့ကို အဖွဲ့ဝင် ၁၂ ဦး ဖြင့် ဖွဲ့စည်းထားသည်။ လူထုရွေးကောက်သည့် အဖွဲ့ဝင်(၅) ဦး၊ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနတို့၏ ကိုယ်စားလှယ် (၂) ဦးနှင့် မြေယာဝန်ကြီးဌာနမှခန့်အပ်သော အဖွဲ့ဝင် (၅) ဦးတို့ ပါဝင်သည်။ မြေဘုတ်အဖွဲ့၏ ဖွဲ့စည်းမှုအသစ်အရ ဝန်ကြီးဌာနများမှ ခန့်အပ်သော အဖွဲ့ဝင် (၇) ဦးတို့သည် ဗဟိုအစိုးရကိုသာ တာဝန်ခံရသည်။ ရွေးကောက်ခံအဖွဲ့ဝင် (၅) ဦး မှာလည်း တိုက်ရိုက်ဒီမိုကရေစီစနစ်ဖြင့် တင်မြှောက်ထားခြင်း မဟုတ်ပါ။ မြေဘုတ်အဖွဲ့ဝင်အဖြစ် အရွေးခံ လိုသူသည် မြေဘုတ်အဖွဲ့ရွေးချယ်ရေးကော်မတီထံ၌ လျှောက်လွှာတင်ရသည်။ ကော်မတီသည် လျှောက်လွှာများကိုစိစစ်ပြီး လျှောက်ထားသူများ ထဲမှ (၁၅) ဦးကို Kgotla တွင် ရွေးကောက်ခံရန်ရွေးချယ်သည်။ ရွေးကောက်ပွဲနေ့တွင် လူထုရွေးချယ်သောအဖွဲ့ဝင်များမှ အသင့်တော်ဆုံး (၅) ဦးကို ကော်မတီက ထပ်မံရွေးချယ်ပြီး မြေယာဝန်ကြီးက ခန့်အပ်သည်။

မျိုးနွယ်စုမြေစီမံခန့်ခွဲရန် အစပိုင်းတွင် မြေဘုတ်အဖွဲ့ (၆) ဖွဲ့သာ ဖွဲ့စည်းခဲ့သော်လည်း နောက်ပိုင်း၌ ကျေးရွာအဆင့်မြေဘုတ်အဖွဲ့ခွဲများကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ မြေဘုတ်အဖွဲ့များ၏ အဓိကလုပ်ငန်းများမှာ -

- မြေဘုတ်အဖွဲ့ခွဲများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မှုကို ကြားနာခြင်း
- မျိုးနွယ်စုမြေအတွင်း မြေအသုံးချမှုဇုန်များကို သတ်မှတ်ခြင်း
- ခရိုင်ကောင်စီ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မျိုးနွယ်စုအကြီးကဲတို့နှင့်တိုင်ပင်ပြီး မြေစီမံခန့်ခွဲမှု အစီအစဉ်များချမှတ်ခြင်း
- မြေယာမှတ်တမ်းများ ထိန်းသိမ်းခြင်း
- အဝီစိတွင်းနက်များတူးရန် လျှောက်ထားမှုကို ဆုံးဖြတ်ပေးခြင်း
- မျိုးနွယ်စုမြေတွင် အမျိုးသားအဆင့် မြေဆိုင်ရာအစိုးရအစီအစဉ်များကို အကောင်အထည်ဖော်ခြင်း
- မျိုးနွယ်စုမြေရေရှည်တည်တံ့ရေးအတွက် မူဝါဒများရေးဆွဲအကောင်အထည်ဖော်ခြင်း
- အင်္ဂလိပ်ရိုးရာဥပဒေအောက်တွင် ဘော့ဆွာနာနိုင်ငံသားများကို မြေချပေးခြင်း
- အင်္ဂလိပ်ရိုးရာဥပဒေနှင့်အညီ နိုင်ငံသားမဟုတ်သူများ၏ မြေလျှောက်ထားမှုကိုစိစစ်ခြင်း
- ဒေသဆိုင်ရာ မူဝါဒများ ရေးဆွဲခြင်းနှင့် လိုက်နာစေခြင်း

TLA တွင် မျိုးနွယ်စုနယ်မြေများအတွက် မြေအခွင့်အရေး (၃) မျိုးကို ပြဋ္ဌာန်းထားသည်။ ၎င်းတို့မှာ ဓလေ့ထုံးတမ်းမြေအခွင့်အရေးများ(customary land rights)၊ အင်္ဂလိပ်ရိုးရာဥပဒေဆိုင်ရာ မြေအခွင့်အရေး (common law land rights) နှင့် ရာသက်ပန်မြေအခွင့်အရေးများ (freehold land rights) တို့ဖြစ်သည်။ ဓလေ့ထုံးတမ်းမြေ အခွင့်အရေးများသည် မျိုးနွယ်စုနယ်မြေအတွင်းရှိ မြေများကို ဓလေ့ထုံးတမ်းအရ ရယူထားသောမြေအသုံးပြုခွင့် (မြေပိုင်ဆိုင်ခွင့်မဟုတ်ပါ) ဖြစ်သည်။ အင်္ဂလိပ်ရိုးရာ ဥပဒေဆိုင်ရာ မြေအခွင့်အရေးများကို လူနေထိုင်ရန်နှင့် ကူးသန်းရောင်းဝယ် သို့မဟုတ် စက်မှုလုပ်ငန်းလုပ်ရန်အတွက်ချပေးသော မြေ အခွင့်အရေးများဖြစ်သည်။ ဤအခွင့်အရေးများကို Deeds Registry Act အရ မှတ်ပုံတင်နိုင်ပြီး ပေါင်နှံ၊ လွှဲပြောင်းနိုင်သည်။ နိုင်ငံခြားသားများ၊

နိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် မြေကိုလွတ်လပ်စွာ လွှဲပြောင်းလိုသူများအတွက် ထုတ်ပေးသည်။ မြေဘုတ်အဖွဲ့သည် ၁၉၆၈ - ၂၀၀၈ ခုနှစ်အတွင်း ရာသက်ပန်ဘိုးဘွားပိုင်မြေများကို ချပေးခြင်းမရှိဘဲ ကျန်မြေနှစ်မျိုးကိုသာ ချပေးသည်။

TLA နှင့် စည်းမျဉ်းစည်းကမ်းတို့တွင် အတိအလင်းဖော်ပြထားခြင်း မရှိသော်လည်း TLA မပြဋ္ဌာန်းမီကာလတွင် ဓလေ့ထုံးတမ်းအရ ရယူခဲ့သော မြေအခွင့်အရေးများကို မှတ်ပုံတင်ရန်မလိုဟု မှတ်ယူကြသည်။ ထို့ကြောင့် ကျေးလက်ဒေသရှိ ပြည်သူလူထုသည် မိမိတို့၏မြေအခွင့်အရေးနှင့် ရပိုင်ခွင့်များအတွက် ရှည်လျား၊ ရှုပ်ထွေးသော မြေမှတ်ပုံတင်မှုလုပ်ငန်းစဉ်များကို ဖြတ်ကျော်စရာ မလိုပေ။ ရှိထားပြီးသော မြေရပိုင်ခွင့်များကို မှတ်တမ်းတင်ထားသည့် ဓလေ့ထုံးတမ်းမြေဂရမ်လက်မှတ်များနှင့် ဓလေ့ထုံးတမ်းမြေဂရမ်အသစ်များကို မြေဘုတ်အဖွဲ့များထံတွင် လျှောက်ထားနိုင်သည်။ မြေဘုတ်အဖွဲ့များသည် ဓလေ့ ထုံးတမ်းမြေ များကို ကုန်သွယ်ရေး၊ ထုတ်လုပ်ရေး သို့မဟုတ် အခြား စီးပွားရေးလုပ်ငန်းများအတွက် မည်သူ့ကိုမျှ (ဘော့ဆွာနာနိုင်ငံသားဖြစ်သည့်တိုင်) ထုတ်ပေးပိုင်ခွင့်မရှိပါ။ ထိုအခွင့်အရေးများကို ရယူလိုပါက အင်္ဂလိပ် ရိုးရာဥပဒေဆိုင်ရာ မြေအခွင့်အရေးများအား လျှောက်ထားခြင်းဖြင့် ရယူနိုင်သည်။

TLA ၏ မြေခွဲဝေမှုပုံစံသည် ယခင်ဓလေ့ထုံးတမ်းနှင့် သွေဖီမှုအချို့ရှိသည်။ ဓလေ့ထုံးတမ်းဥပဒေအရ မြေကို လူတစ်ဦးချင်းထက် မိသားစုများအား ချပေးခဲ့သော်လည်း၊ TLA အရ မြေကိုလူတစ်ဦးချင်းစီအား ချပေးသည်။ ထို့ပြင် မြေလျှောက်ထားရာတွင် လျှောက်ထားသူသည် အိမ်ထောင်ရှိ/မရှိနှင့် မိသားစုဝင်အရေအတွက်ကို လျှောက်လွှာတွင် ဖော်ပြနိုင်သော်လည်း မိသားစုဝင်များ၏ အမည်များကို ဖော်ပြနိုင်သည့်နေရာများ မပါရှိပေ။ အိမ်ထောင်စုတစ်ခု၏ အိမ်ထောင်ဦးစီးအမျိုးသားသည် မြေအသုံးချခွင့် လျှောက်ထားသည့်အခါ မြေကွက်ကိုင်ငွေးနာမည်ဖြင့်သာ မှတ်ပုံတင်ထားသဖြင့် ဥပဒေအရ အဆိုပါမြေကွက်သည် ၎င်းတစ်ဦးတည်းနှင့်သာ သက်ဆိုင်သည့်သဘောရှိသည်။ ထို့ကြောင့် လင်မယားကွာရှင်းရသည့် ကိစ္စမျိုးတွင်  အိမ်ထောင်ဖက်သည် ထိုမြေနှင့် ပတ်သက်၍ ရပိုင်ခွင့်များ တောင်ဆိုနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။

မျိုးနွယ်စုနယ်မြေအတွင်းရှိ အင်္ဂလိပ်ရိုးရာဥပဒေဆိုင်ရာ မြေအခွင့်အရေးများကို လူနေထိုင်ရန်နှင့် ကူးသန်းရောင်းဝယ်ရေး သို့မဟုတ် စက်မှုလုပ်ငန်းများအတွက် မြေဘုတ်အဖွဲ့ကချပေးသည်။ အစပိုင်းတွင် နိုင်ငံခြားသားများနှင့် မျိုးနွယ်စုနယ်မြေပြင်ပရှိ ဘော့ဆွာနာနိုင်ငံသားများကိုသာ အဓိကချပေးသော်လည်း နောက်ပိုင်း၌ မျိုးနွယ်စုနယ်မြေအတွင်းရှိ ဘော့ဆွာနာနိုင်ငံသားများကိုလည်း ချပေးသည်။ ထိုသို့ချပေးခြင်းအားဖြင့် မျိုးနွယ်စုနယ်မြေအတွင်းရှိလူထုတို့သည် လူထုအခြေပြု သယံဇာတစီမံခန့်ခွဲမှုအစီစဉ်များအတွက် မြေငှားရမ်းအသုံးချခွင့် ရလာကြသည်။ မြေဘုတ်အဖွဲ့များသည် အင်္ဂလိပ်ရိုးရာဥပဒေဆိုင်ရာ မြေအခွင့်ရေးများကို လျှောက်ထားသည့် မြေကွက်များနှင့်ပတ်သက်၍ ဓလေ့ထုံးတမ်းမြေအမျိုးအစား ဟုတ်မဟုတ် မြေမှတ်တမ်းရုံးတွင် စုံစမ်းစစ်ဆေးနိုင်သည်။ ဓလေ့ထုံးတမ်းမြေဖြစ်လျှင် မြေငှားရမ်းမှုတွက် စည်းမျဉ်းစည်းကမ်းများပါရှိသည့် သဘောတူညီချက် (အကြမ်း)ကို မြေပုံကြမ်းနှင့်အတူ မြေယာဝန်ကြီးထံသို့ ပေးပို့ရသည်။

မြေမှတ်တမ်းရုံးတွင် စုံစမ်းစစ်ဆေးသည့်အခါ မြေသည်ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့်ရှိသူက နေထိုင်လုပ်ကိုင်နေလျှင် အင်္ဂလိပ်ရိုးရာဥပဒေဆိုင်ရာ မြေအခွင့်အရေးအတွက် ၎င်း၏သဘောတူညီမှုကိုရယူရန် လိုအပ်သည်။ သို့ရာတွင် ဓလေ့ထုံးတမ်းမြေများကို မှတ်ပုံတင်ရန် မလိုအပ်သဖြင့် မြေမှတ်တမ်းရုံးတွင် အဆိုပါမြေများ၏ မှတ်တမ်းများမရှိသည့်အခါ ဓလေ့ထုံးတမ်းမြေအခွင့်အရေးရရှိထားသူ၏ မြေလုံခြုံမှုကို အကာအကွယ်မဲ့စေသည်။ ထို့ပြင် ဓလေ့ထုံးမြေအခွင့်အရေးများကို ချပေးသည့်အခါ လူထုကြားနာမှု လိုအပ်သော်လည်း အင်္ဂလိပ်ရိုးရာဥပဒေဆိုင်ရာ မြေအခွင့်အရေးများကို ချပေးသည့်အခါ လူထုကြားနာမှု မလိုအပ်ပေ။ ထို့ကြောင့် ချပေးထားသော အင်္ဂလိပ်ရိုးရာဥပဒေဆိုင်ရာ မြေအခွင့်အရေးများက ဓလေ့ထုံးတမ်းမြေအခွင့်အရေးများကို ထိပါးလာသည့်အခါ အဆိုပါ အင်္ဂလိပ်ရိုးရာဥပဒေဆိုင်ရာ မြေအခွင့်အရေးများကို ပြန်လည်ရုတ်သိမ်းရသည့် အခြေအနေမျိုးလည်း ရှိခဲ့သည်။

ဘော့ဆွာနာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဘော့ဆွာနာနိုင်ငံသားတိုင်းသည် အခြေခံလူ့အခွင့်အရေးနှင့် လူတစ်ချင်းစီ၏ လွတ်လပ်ခွင့်တို့ကို ရပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။ သို့ရာတွင်  ဘော့ဆွာနာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ TLA နှင့် TLA ၏ လုပ်ထုံးလုပ်နည်းများတွင် အမျိုးသမီးများ၏ မြေပိုင်ဆိုင်ခွင့်နှင့် လူနည်းစုတို့၏မြေအခွင့်ရေးတို့ကို အကာကွယ်ပေးသည့် ရှင်းလင်းသော ပြဋ္ဌာန်းချက်များ မပါရှိပါ။ ဓလေ့ထုံးတမ်းဥပဒေအရ အမျိုးသမီးများသည် မြေအခွင့်ရေးတို့ကို မိမိတို့၏ ဖခင်၊ လင်ယောကျ်ား၊ သား သို့မဟုတ် ဖခင်ဘက်ခြမ်း ဦးလေးများထံမှတစ်ဆင့် ရရှိကြပြီး၊ သားများသာ ဖခင်ထံမှ မြေအမွေဆက်ခံပိုင်ခွင့်ရှိသည်။ TLA တွင်လည်း မိသားစုတစ်ခုအတွင်း မျှတသောမြေအမွေဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ဆိုင်ရာပြဋ္ဌာန်းချက်များ မပါရှိပေ။ ထို့ပြင် TLA သည် လူများစုဆွာနာ မျိုးနွယ်စုများ၏ ဓလေ့ထုံးတမ်းများကိုသာ အဓိကအခြေခံရေးဆွဲထားပြီး ဆွာနာမျိုးနွယ်စုမဟုတ်သော

အခြားမျိုးနွယ်စုများ၏ ဓလေ့ထုံးတမ်းမြေအခွင့်အရေးများကို အသိအမှတ်ပြုထားခြင်းမရှိသည်ကို တွေ့ရှိရသည်။

ဘော့ဆွာနာနိုင်ငံ၏ ဓလေ့ထုံးတမ်းမြေ စီမံခန့်ခွဲမှုသည် မြေလုပ်ပိုင်ခွင့်ချပေးခြင်း၊ မြေအငြင်းပွားမှုများ ဖြေရှင်းခြင်းနှင့် သယံဇာတစီမံခန့်ခွဲခြင်းတို့နှင့် အပြန်အလှန်ဆက်နွယ်နေသည်။ ဓလေ့ထုံးတမ်းအရ မျိုးနွယ်စုအကြီးအကဲများနှင့် ခေါင်းဆောင်များက ဘုံသယံဇာတများ ရေရှည်တည့်တံ့ရေးနှင့် ဘုံပိုင်မြေတွင် စားကျက်လွတ်ခြင်း၊ အမဲလိုက်ခြင်းနှင့် သယံဇာတထုတ်ယူခြင်းတို့အတွက် စည်းကမ်းချက်များချမှတ်ရန် တာဝန်ရှိသည်။ TLA ပြဌာန်းပြီးနောက် ထိုတာဝန်များကို မြေဘုတ်အဖွဲ့အား အပ်နှင်းလိုက်သည်။ သို့ရာတွင် TLA တွင် မျိုးနွယ်စုနယ်မြေအတွင်း ရေရှည်တည်တံ့သော မြေအသုံးချမှုဇုန်နှင့် မြေအသုံးချမှု အစီအစဉ်များအတွက် စည်းကမ်းချက်များကို အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။ မြေအသုံးချမှုများကို စနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် မြေဘုတ်အဖွဲ့သည် သက်ဆိုင်ရာ ခရိုင်ကောင်စီ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ မျိုးနွယ်စုခေါင်းဆောင်များနှင့် အခြားစိတ်ပါဝင်စားသည့် အဖွဲ့အစည်းများနှင့် တိုင်ပင်နိုင်သော်လည်း လက်တွေ့တွင် အလေးထားဆောင်ရွက်ခြင်းမျိုး အားနည်းနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဘုံပိုင်မြေများ၏ ရေရှည်တည်တံ့မှုကို ထိခိုက်နိုင်သည့် မူဝါဒနှင့် အလေ့အထများ ရှိလာသည်။

ဘော့ဆွာနာနိုင်ငံ၏ မြေတစ်ဝက်ခန့်သည် ဘုံပိုင်မြေများဖြစ်သဖြင့် ဘုံပိုင်မြေများ ရေရှည်တည်တံ့ရေးအတွက် ဘော့ဆွာနာ အစိုးရသည် ၁၉၇၅ ခုနှစ်တွင် မျိုးနွယ်စုမြေဆိုင်ရာ စားကျက်မြေမူဝါဒ (the Tribal Land Grazing Policy-TLGP) ကို ထုတ်ပြန်ခဲ့ပြီး၊ ထိုမူဝါဒသည် အလွန်အကျွံစားကျက်မြေ လွှတ်ကျောင်းခြင်းနှင့် ဘုံပိုင်မြေအရည်အသွေးကျဆင်းမှုတို့ကိုကုစားနိုင်ရန် (နှင့် တစ်ချိန်ထဲတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးတိုးတက်မှုကိုအားပေးရန်) ရည်ရွယ်ခဲ့သည်။ TLGP အရ ဘော့ဆွာနာအစိုးရသည် မျိုးနွယ်စုမြေများကို အမျိုးအစား (၄) မျိုး ပြန်လည်သတ်မှတ်လိုက်သည်။ ပထမမြေအမျိုးအစားမှာ ကူးသန်းရောင်းဝယ်ရေးမြေ (commercial lands) ဖြစ်ပြီး ထိုမြေများကို လူတစ်ဦးချင်းစီနှင့် အစုအဖွဲ့များအား ချပေးနိုင်သည်။ ဒုတိယမြေအမျိုးအစားမှာ ဘုံပိုင်မြေ (communal land) ဖြစ်ပြီး ၎င်းတို့ကို ဓလေ့ ထုံးတမ်းအခြေခံမှုများနှင့်အညီ စီမံခန့်ခွဲချပေးသည်။ တတိယမြေအမျိုးအစားမှာ ထိန်းသိမ်းမြေ (reserved land) ဖြစ်ပြီး ထိုမြေများကို ဆင်းရဲသားများ၏ အနာဂတ်မြေလိုအပ်ချက်အတွက် ထိန်းသိမ်းကာကွယ်ထားသည်။ စတုတ္ထမြေအမျိုးအစားမှာ တောရိုင်းတိရိစ္ဆာန်စီမံခန့်ခွဲမှုနယ်မြေ (wildlife management areas) ဖြစ်ပြီး ထိုမြေများတွင် ကျွဲနွားများကျောင်းခွင့်ပေးထားသော်လည်း တောရိုင်းတိရိစ္ဆာန်ထိန်သိမ်းရန်အတွက် အဓိကရည်ရွယ်သည်။

TGLPထွက်လာသည့်နောက်ပိုင်းတွင် များပြားကျယ်ဝန်းသော ဘုံပိုင်စားကျက်မြေများကို ကူးသန်းရောင်းဝယ်ရေးမြေအဖြစ် သတ်မှတ်လိုက်ပြီး ထိုမြေများကို ချမ်းသာကြွယ်ဝသော ကျွဲနွားမွေးမြူရေးသမားများအား နှစ် (၅၀) ငှားရမ်းအသုံးပြုခွင့် ပေးခဲ့သည်။ ထိုသို့ မြေချပေးမှုသည် ယခင် စားကျက်ရွှေ့ပြောင်း ထိန်းကျောင်းသည့် မွေးမြူရေးသမားများနှင့် အမဲလိုက်-အရွက်ခူးသမားတို့၏ ဓလေ့ထုံးတမ်းမြေ အခွင့်အရေးများအပေါ် ထိခိုက်မှုများရှိခဲ့သည်။ ထို့ပြင် ၁၉၉၁ ခုနှစ်တွင် ဘော့ဆွာနာနိုင်ငံ၏ စိုက်ပျိုးရေးဖွံ့ဖြိုးမှုဆိုင်ရာ အမျိုးသားမူဝါဒ (National Policy on Agriculatural Development – NPAD) အရ မြေအောက်တွင်းနက် (borehole) ပိုင်ရှင်များအား မိမိတို့၏မြေများကို ခြံစည်းရိုးခတ်ခွင့်ပြုခဲ့သဖြင့် ထိုမြေအတွင်းရှိ ရေနှင့် သယံဇာတများအားလုံးကို အဝီစိတွင်းနက် ပိုင်ရှင်များကိုသာ လုံးဝပေးအပ်လိုက်သည့် သဘောရောက်ခဲ့သည်။ ထို့ကြောင့် TGLP နှင့် NPAD တို့သည် ဓလေ့ထုံးတမ်းမြေအခွင့်အရေးများကို ကန့်သတ်လိုက်သကဲ့သို့ဖြစ်ပြီး လူနည်းစုမျိုးနွယ်စုတို့၏ မြေအခွင့်အရေးများကို များစွာထိခိုက်စေခဲ့သည်။

ဘော့ဆွာနာနိုင်ငံတွင် တစ်ဦးတစ်ယောက်က မြေဘုတ်အဖွဲ့များ၏ ဓလေ့ထုံးတမ်းမြေစီမံခန့်ခွဲမှု ဆိုင်ရာ ဆုံးဖြတ်ချက်များကို မကျေနပ်ပါက အဆင့်ဆင့် အယူခံဝင်နိုင်သည်။ ၁၉၉၅ ခုနှစ်တွင် မြေခုံရုံးများ ကို ဖွဲ့စည်းခွင့်ပေးထားသည့် မျိုးနွယ်စုမြေအမိန့် (Tribal Land Order) ကို ဘော့ဆွာနာအစိုးရက ထုတ်ပြန်ခဲ့သည်။ ထိုအမိန့်အရ မြေအငြင်းပွားမှုနှင့်ပတ်သက်၍ အယူခံဝင်နိုင်သည့် အဆင့် (၄) ဆင့်ကို ချမှတ်ထားသည်။ မြေဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို မြေဘုတ်အဖွဲ့ခွဲများထံတွင် စတင်အယူခံဝင်ပြီး မပြေလည်ပါက ဗဟိုအဆင့်မြေဘုတ်အဖွဲ့များ၊ ထိုမှတစ်ဆင့် မြေယာဝန်ကြီးဦးဆောင်သည့် ဗဟိုမြေခုံရုံးနှင့် နောက်ဆုံးအဆင့်အနေဖြင့် အမြင့်ဆုံးတရားရုံးအထိ အဆင့်ဆင့်အယူခံသွားနိုင်သည်။ ဆိုလိုသည်မှာ မြေဘုတ်အဖွဲ့များသည် မြေစီမံခန့်ခွဲမှုများအပြင် မြေအငြင်းပွားမှုများကို ဖြေရှင်းပေးရသည့် ခုံရုံးတာဝန်များကိုလည်း ဆောင်ရွက်ရသည်။ သို့ရာတွင် မြေဘုတ်အဖွဲ့များသည် ဗဟိုအစိုးရကိုသာ အစီရင်ခံရပြီး ဒေသခံလူထုကို အစီရင်ခံရန်မလိုအပ်သဖြင့် ဘော့ဆွာနာနိုင်ငံ၏ မြေစီမံခန့်ခွဲမှုသည် ဗဟိုချုပ်ကိုင်မှုကြီးမားနေဆဲ ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

## ဘော့ဆွာနာနိုင်ငံ၏ မျိုးနွယ်စုမြေအကောင်အထည်ဖော်မှုဆိုင်ရာ စိန်ခေါ်မှုများ

TLA ပြဋ္ဌာန်းပြီးနောက်ပိုင်းနှစ်များအတွင်း ဘော့ဆွာနာအစိုးရသည် သမ္မတ၏ မြေစုံစမ်းရေးနှင့် မူဝါဒသုံးသပ်ရေးကော်မရှင်များ ဖွဲ့စည်းကာ TLA အကောင်အထည်မှုများကို ၁၉၈၃ ခုနှစ်၊ ၁၉၉၂ ခုနှစ်နှင့် ၂၀၀၁-၂၀၀၂ ခုနှစ်တို့တွင် ပြန်လည်သုံးသပ်ခဲ့သည်။ ကော်မရှင်သည် မြေဘုတ်အဖွဲ့၏ မြေစီမံခန့်ခွဲမှုများကို အဟန့်အတားဖြစ်စေခဲ့သော အခက်အခဲအမျိုးမျိုးကို ဖော်ထုတ်ခဲ့သည်။ အဆိုပါအခက်အခဲများမှာ ...

- **မြေဘုတ်အဖွဲ့များသည် နည်းပညာပိုင်းကျွမ်းကျင်မှုနှင့် လုပ်ငန်းကျွမ်းကျင်မှု မရှိခြင်း**

  မြေဘုတ်အဖွဲ့များသည် မြေစီမံခန့်ခွဲမှုလုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်ရမည့် တာဝန်ရှိသော်လည်း ထိုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နည်းပညာပိုင်းကျွမ်းကျင်မှု မရှိကြပေ။ ထိုစိန်ခေါ်မှုကို ကျော်လွှားနိုင်ရန် ၁၉၉၃ ခုနှစ်၊ မြေအက်ဥပဒေပြင်ဆင်ချက်များအရ မြေဘုတ်အဖွဲ့ဝင်များသည် အနိမ့်ဆုံးပညာအရည်အချင်းလိုအပ်ချက်ကို ပြည့်မီရမည့်အပြင် ကြီးကြပ်ရေးကျင့်ဝတ်များ၊ အသက်အရွယ်ကန့်သတ်ချက်နှင့် အာဏာအလွဲသုံးစားမှုအပေါ် အရေးယူမှုများ ရှိလာသည်။

- **မြေမှတ်တမ်းများ ချိတ်ဆက်မှု မရှိခြင်းနှင့် အချက်အလက်ရရှိမှု မညီမျှခြင်း**

  TLA သည် မြေဘုတ်အဖွဲ့တို့ကို ၎င်းတို့၏ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများ ချမှတ်ခွင့်ပေးထားသဖြင့် မြေဘုတ်အဖွဲ့တို့သည် ၎င်းတို့၏ ကိုယ်ပိုင်မြေမှတ်တမ်းထိန်းသိမ်းရေးစနစ်များ ထားရှိကြသည်။ သို့ရာတွင် မြေဘုတ်အဖွဲ့တို့၏ မှတ်တမ်းထိန်းသိမ်းရေးစနစ်များသည် စနစ်တကျမရှိသဖြင့် တစ်ခါတစ်ရံတွင် မည်သည့်မြေကို မည်သည့် ရည်ရွယ်ချက်အတွက် ချပေးထားသည်ကို မြေဘုတ်အဖွဲ့များကိုယ်တိုင်လည်း အလွယ်တကူမချပြနိုင်ကြပေ။ ထို့ကြောင့် မြေပြင်ပေါ်ရှိ ဓလေ့ထုံးတမ်းမြေအချက်အလက်များကို စနစ်တကျကောက်ယူရန်၊ ကွန်ပျူတာဖြင့် မှတ်တမ်းတင်သည့်စနစ်ကို ပိုမိုအသုံးချရန်၊ မြေဘုတ်အဖွဲ့များအကြားနှင့် မြေဘုတ်အဖွဲ့နှင့် မြို့ပြအာဏာပိုင်များအကြား အချက်လက်များ ပို၍မျှဝေရန်၊ ဒီဂျီတယ်မြေပုံများဖန်တီးထိန်းသိမ်းရန်နှင့် မြေကွက်စျေးနှုန်းနှင့်မြေငှားရမ်းခအချက်လက်များကောက်ခံထိန်းသိမ်းသွားရန် မြေစုံစမ်းရေးကော်မရှင်က အကြံပြုထားသည်။

- **မြေဘုတ်အဖွဲ့များ၏ ဆုံးဖြတ်ချက်များကို လိုက်နာမှု အားနည်းခြင်း**

  ဓလေ့ထုံးတမ်းအရ မျိုးနွယ်စုမြေများကို မျိုးနွယ်စုအကြီးအကဲများကသာ စီမံခန့်ခွဲခဲ့ရာမှ ထိုတာဝန်များကို မြေဘုတ်အဖွဲ့အား အပ်နှင်းလိုက်သောအခါ မြေဘုတ်အဖွဲ့များ၏ တရားဝင်မှုကို ဒေသခံလူထုတို့က အသိအမှတ်ပြုမှုမရှိသဖြင့် မြေဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်များကို လူထုလိုက်နာဆောင်ရွက်မှု အားနည်းခဲ့သည်။ မြေဘုတ်အဖွဲ့များကလည်း လုပ်ငန်းကျွမ်းကျင်မှု အားနည်းသဖြင့် မိမိတို့၏ ဆုံးဖြတ်ချက်များကို လိုက်နာမှုရှိ/မရှိ စစ်ဆေးထိန်းကျောင်းနိုင်မှု အလွန်အားနည်းသည်။ ထို့ကြောင့် မြေဘုတ်အဖွဲ့တို့သည် ၎င်းတို့၏တရားဝင်မှုကို တဖြည်းဖြည်းတည်ဆောက်ယူခဲ့ရသည်။

- **မြေဘုတ်အဖွဲ့များ၏ တာဝန်ခံမှု မရှိခြင်း**

  မြေဘုတ်အဖွဲ့များသည် မြေရောင်းချ၊ လွှဲပြောင်းမှုများကိုကြီးကြပ်ရန် ပျက်ကွက်ခဲ့သည်။ ဒေသအချို့တွင် ဥပဒေနှင့် မြေဘုတ်အဖွဲ့တို့၏ အခန်းကဏ္ဍကို လျစ်လျူရှုသည့် မြေရောင်းဝယ်မှုများကို မြေဘုတ်အဖွဲ့က ထိန်းချုပ်နိုင်ခြင်း မရှိခဲ့ပေ။ လူထုအချို့က ပိုင်ရှင်ရှိမြေများကို ရယူပြီး ပြန်လည် ရောင်းချခြင်းနှင့် မြေလွတ်၊ မြေလပ်နှင့် အသုံးချမှု/နေထိုင်မှု မရှိသော မြေများကို ဘိုးဘွားပိုင်မြေအဖြစ် အခြေအမြစ်မရှိ တောင်းဆိုမှုများကို မြေဘုတ်အဖွဲ့တို့က စနစ်တကျကိုင်တွယ်နိုင်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် မြေဘုတ်အဖွဲ့တို့ကို မြေယာဝန်ကြီး၏ တိုက်ရိုက်ထိန်းချုပ်မှုအောက်ထားရှိရန် သို့မဟုတ် ဗဟိုဖြေလျှော့မှုပုံစံဖြင့် လုပ်ပိုင်ခွင့်အာဏာများအပ်နှင်းပြီး ၎င်းတို့ စီမံအုပ်ချုပ်သော နယ်မြေအတွင်းရှိ လူထုအားတာဝန်ခံစေရန် မြေစုံစမ်းရေးကော်မရှင်က အကြံပြုခဲ့သည်။

- **ကျား-မညီမျှမှုနှင့် အမျိုးသမီးတို့၏ မြေအခွင့်အရေးများ အားနည်းခြင်း**

  TLA တွင် အမျိုးသမီးတို့၏ မြေအခွင့်အရေးကို အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိသဖြင့် မြေဘုတ်အဖွဲ့တို့သည် အိမ်ထောင်ရှိအမျိုးသမီးတို့ကို ၎င်းတို့လင်ယောကျ်ား၏ သဘောတူညီမှုမပါဘဲ မြေချပေးလေ့မရှိပေ။ မြေအခွင့်ရေးဆိုင်ရာ ကျား-မ မညီမျှမှုများကိုကုစားရန် ဥပဒေအမျိုးမျိုး ထုတ်ပြန်ခဲ့သော်လည်း ဘော့ဆွာနာဖွဲ့စည်းပုံအခြေခံဥပဒေသည် ဓလေ့ထုံးတမ်း

လုပ်ပိုင်ခွင့်များကို ချွင်းချက်အနေဖြင့် ခွင့်ပြုထားသဖြင့် အမျိုးသမီးတို့၏မြေအခွင့်ရေးများအပေါ် ခွဲခြားမှုများဆက်ရှိသည်။

- **ဆွာနာမျိုးနွယ်စုမဟုတ်သည့် မျိုးနွယ်စုများ၏ မြေရပိုင်ခွင့်များသည် ခွဲခြားဆက်ဆံရမှုရှိခြင်း**
  TLA သည် ဆွာနာမဟုတ်သည့်မျိုးနွယ်စု (ဥပမာ ဘာဆာဝါ ခေါ် ဆန်မျိုးနွယ်စု)တို့၏ အမဲလိုက်ခွင့်နှင့် အစားအစာရှာဖွေခွင့်တို့ကို အသိမှတ်ပြုထားခြင်း မရှိပေ။ ထို့ပြင် အမျိုးသားတိရိစ္ဆာန်ထိန်းသိမ်းတောများ ဖွဲ့စည်းတည်ထောင်လာမှုကြောင့် ဆန်မျိုးနွယ်စုတို့သည် ၎င်းမြေများမှ ပြောင်းရွှေ့ခံခဲ့ရသည်။ ဥပမာ ၂၀၀၆ ခုနှစ်တွင် အစိုးရသည် ဆန်တို့၏ အထူးအမဲလိုက်လိုင်စင်များကို ရုတ်သိမ်းခဲ့သည့်အပြင် မိမိတို့ အမဲလိုက်ခဲ့သော နယ်မြေများအတွင်းသို့ ခွင့်ပြုချက်မပါဘဲ ဝင်ရောက်ခွင့်ကို ပိတ်ပင်ခဲ့သည်။ ထို့ကြောင့် မြေစုံစမ်းရေးအဖွဲ့က လူနည်းစုမျိုးနွယ်စုတို့၏ မြေနှင့် သယံဇာတအခွင့်ရေးများကို အသိမှတ်ပြုသည့်မူဝါဒများ ချမှတ်ကျင့်သုံးသွားရန် အကြံပြုခဲ့သည်။

- **မြေဈေးကွက် တွင်ကျယ်လာခြင်း**
  ဘော့ဆွာနာနိုင်ငံသည် ပုဂ္ဂလိကမြေဈေးကွက်သို့ တဖြည်းဖြည်းဦးတည်နေသည်။ ယနေ့ခေတ်တွင် မြေရောင်းဝယ်မှုများကို ခွင့်ပြုထားသည်။ ၁၉၉၃ ခုနှစ် TLA ပြင်ဆင်ချက်များအရ မြေလွှဲပြောင်းမှုအချို့ကို မြေဘုတ်အဖွဲ့၏ ခွင့်ပြုချက်မပါဘဲ ပြုလုပ်ခွင့်ပေးထားသည်။ အဆိုပါ ခွင့်ပြုချက်ကြောင့် မြေဈေးကွက်ကျယ်လာပြီး မြေဈေးကွက်ကို စနစ်တကျကြပ်မတ်မှု မလုပ်နိုင်သဖြင့် မျိုးနွယ်စုမြေနှင့် ထိစပ်သောမြေများကို တရားမဝင်နှင့် ဥပဒေမဲ့မြေရောင်းဝယ်မှုများ ရှိလာသည်။ ထို့ကြောင့် တရားမဝင်မြေအရောင်းအဝယ်များကို လျှော့ချရန်နှင့် အခွင့်အရေးနည်းပါးသော လူအုပ်စုတို့၏ မြေအခွင့်အရေးများကို ကာကွယ်ရန်အတွက် မူဝါဒအပြောင်းအလဲများကို ချမှတ်ကျင့်သုံးသွားရန် မြေစုံစမ်းရေးကော်မရှင်က အကြံပြုခဲ့သည်။

- **အာဏာအလွဲသုံးစားမှုနှင့် မြေနှင့် သယံဇာတစီမံခန့်ခွဲမှု မလုံလောက်ခြင်း**
  TGPL နှင့် NPAD တို့သည် ယခင်ဘုံပိုင်မြေများကို ပုဂ္ဂလိကပိုင်မြေများအဖြစ် ပြောင်းလဲလိုက်သဖြင့် အထက်တန်းလွှာလူတန်းစားတို့ကို ယခင်ဒေသခံဘုံပိုင်မြေမြောက်များစွာကို တောင်းခံခွင့်နှင့် ခြံစည်းရိုးခတ်ခွင့် ရစေခဲ့သည်။ ထိုခွင့်ပြုချက်များကြောင့် ယနေ့ခေတ်တွင် လူနည်းစုချမ်းသာကြွယ်ဝသူများသည် ဘော့ဆွာနာစိုက်ပျိုးမြေနှင့် စားကျက်မြေကောများစွာတို့ကို ထိန်းချုပ်ထားပြီး အသေးစားနှင့် တနိုင်တပိုင်မွေးမြူရေးသမားတို့ အသုံးပြုနိုင်သည့် စားကျက်မြေကောမှာ လျော့ကျလာသည်။ အောက်ခြေကျေးလက်လူထုအချို့လည်း မြေယာမဲ့များဖြစ်လာသည်။ ထို့ကြောင့် လူထုအခြေပြုပိုင်ဆိုင်ခွင့်တို့ကို အသိမှတ်ပြု၊ အကာကွယ်ပေးရန် မြေစုံစမ်းရေးအဖွဲ့က အကြံပြုခဲ့သည်။

## လူထုအခြေပြု သယံဇာတစီမံခန့်ခွဲမှု (CBNRM) စနစ်

လူထုအခြေပြုသယံဇာတစီမံခန့်ခွဲမှု (CBNRM) စနစ်သည် ယခင်ကာလ၌ ဘော့ဆွာနာနိုင်ငံတွင် ကျင့်သုံးခဲ့သော ရေရှည်တည်တံ့သည့် ဘုံပိုင်မြေအသုံးချမှုပုံစံသို့ ပြန်လည်ဦးတည်သွားနိုင်သည်။ CBNRM သည် သယံဇာတထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုမဟာဗျူဟာတစ်ခုလည်း ဖြစ်သည်။ ထိုဗျူဟာအရ အစိုးရသည် သယံဇာတစီမံခန့်ခွဲမှုအာဏာများကို အောက်ခြေလူထုအားလွှဲပြောင်းပေးခြင်းဖြစ်သော်လည်း မြေပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းခြင်းမဟုတ်ဘဲမြေစီမံခန့်ခွဲခွင့်နှင့် အသုံးချခွင့်ကို လွှဲပြောင်းခြင်းသာဖြစ်သည်။ ထိုလုပ်ပိုင်ခွင့်များရရှိနိုင်ရန် ဒေသခံလူထုသည် မြေဘုတ်အဖွဲ့ထံတွင် သက်ဆိုင်ရာနယ်မြေအတွင်းရှိ မြေနှင့် သယံဇာတများကို စီမံခံခွဲမည့် တရားဝင်အဖွဲ့အဖြစ် (မြေထိန်းသိမ်းစောင့်ရှောက်မည့်အဖွဲ့) စနစ်တကျ မှတ်ပုံတင်ရသည်။ စီမံခန့်ခွဲမည့် မြေနယ်နိမိတ်နှင့်နည်းဥပဒေများကိုချမှတ်ပြီး စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်း ရသည်။ အဆိုပါမြေနယ်နိမိတ်အတွင်းရှိ သယံဇာတများကို အပြင်လူများထုတ်ယူမှုကို ပိတ်ပင်နိုင်သကဲ့သို့ ပြင်ပရင်းနှီးမြှုပ်နှံသူများအား မြေငှားရမ်းအသုံးပြုခွင့်ကို တရားဝင်စာချုပ်များ ချုပ်ဆိုကာ ခွင့်ပြုနိုင်သည်။ မြေငှားရမ်းမှုမှရရှိလာသော အကျိုးအမြတ်များကို အဖွဲ့ဝင်များအား ပြန်လည်ခွဲဝေပေးသည်။

CBNRM တည်ထောင်သည့် လူမှုအသိုင်းအဝိုင်းများသည် မြေဘုတ်အဖွဲ့ထံမှ အင်္ဂလိပ်ရိုးရာဥပဒေဆိုင်ရာ မြေငှားရမ်းခွင့်ကို (၁၅) နှစ်ကြာ လျှောက်ထားရယူနိုင်ပြီး ထိုငှားရမ်းခွင့်ရရှိလာပါက ထိုမြေများတွင် ဝင်ရောက်ခွင့်အတွက် အခကြေးငွေကောက်ယူခွင့်၊ သို့မဟုတ် တတိယအုပ်စုတစ်ခုအား ထပ်ဆင့်ငှားရမ်းခွင့်/မြေအခွင့်ရေးအချို့လွှဲပြောင်းခွင့်တို့ကို မြေဘုတ်အဖွဲ့၏ ခွင့်ပြုချက်မပါဘဲ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် မြေဘုတ်အဖွဲ့များသည် CBNRM တည်ထောင်မည့် လူမှုအသိုင်းဝိုင်းများကို မြေချပေးရမည့် တာဝန်မရှိပေ။ CBNRM တည်ထောင်မည့် လူမှုအသိုင်းဝိုင်းများသည် မြေငှားရမ်းအသုံးပြုခွင့်အတွက် အလားလာရှိသော မြေအသုံးပြု

သူအဖြစ် မြေဘုတ်အဖွဲ့များထံတွင် အပြိုင်လျှောက်ယူရမည် ဖြစ်သည်

ဘော့ဆွာနာနိုင်ငံ၏ TLA ကို အကောင်အထည်ဖော်သည့် နှစ်ပေါင်း ၄၀ ကျော်အတွင်း ယခင် ဓလေ့ထုံးတမ်းအစဉ်လာများနှင့်မတူညီသည့် အပြောင်းအလဲများရှိလာခဲ့သည်။ ထင်ရှားသော အပြောင်းအလဲအချို့ကိုဖော်ပြရသော် ၁) ဓလေ့ထုံးတမ်းအကြီးအကဲများကို မြေဘုတ်အဖွဲ့များမှ ဖယ်ရှားလိုက်ခြင်းဖြင့် အောက်ခြေလူထုအား တာဝန်ခံမှုသဘောတရားကို ဖယ်ရှားလိုက်သကဲ့သို့ဖြစ်သည်။ ၂) မြေဘုတ်အဖွဲ့ သည် ဓလေ့ထုံးတမ်းမြေစီမံခန့်ခွဲမှုများကို အပြည့်အဝတာဝန်ယူနိုင်မှု မရှိခဲ့ခြင်းကြောင့် ၎င်းတို့၏မြေနှင့်သယံဇာတစီမံခန့်မှုသည် ရေရှည်တည်တံ့မှုနှင့် မျှတမှုမရှိသော စီမံခန့်ခွဲမှုများ (ဥပမာ TGLP နှင့် NPAD မူဝါဒများ) ဖြစ်ပေါ်စေခဲ့သည်။ ၃) TLA သည် အမျိုးသမီးများ၏ မြေအခွင့်အရေးကို အပြည့်အဝ အကာအကွယ်ပေးထားခြင်းမရှိသဖြင့် အမျိုးသမီးများသည် မြေအခွင့်အရေးများအတွက် ခွဲခြားဆက်ဆံခံ နေရဆဲဖြစ်သည်။ ၄) TLA သည် ဆွာနာမျိုးနွယ်စုမဟုတ်သည့် မျိုးနွယ်စုများ၏ မြေနှင့်သယံဇာတအခွင့် အရေးများကို အတိအလင်းအကာအကွယ်ပေးထားခြင်းမရှိသဖြင့် အစိုးရအာဏာပိုင်တို့သည် လူနည်းစု မျိုးနွယ်စုတို့ကို ခွဲခြားဆက်ဆံခွင့်ပေးထားသကဲ့သို့ဖြစ်နေသည်။ ၅) ဓလေ့ထုံးတမ်းမြေအခွင့်အရေးများ (အထူးသဖြင့် မှတ်ပုံတင်ထားခြင်းမရှိသော ဓလေ့ထုံးတမ်းမြေများ) ၏ လုံခြုံမှုသည် ဥပဒေနှင့် တရားရေးအဖွဲ့တို့၏အဓိပ္ပါယ်ဖွင့်ဆိုမှု ပြောင်းလဲလာမှုနှင့်အတူ တစ်ဖြည်းဖြည်းအားနည်းလာသည်။

ထို့ကြောင့် ဘော့ဆွာနာနိုင်ငံ၏ ဓလေ့ထုံးတမ်းမြေစီမံအုပ်ချုပ်မှုစနစ်သည် မျိုးနွယ်စုကို အခြေခံသည့် မြေခွဲဝေရေးစနစ်မှ နိုင်ငံသားအခြေခံသည့် မြေခွဲဝေရေးစနစ်သို့ တဖြည်းဖြည်း ဦးတည်ပြောင်းလဲလာသည်ဟု ဆိုရမည်ဖြစ်သည်။

## ၅.၂.၂ မိုဇမ်ဘစ် (Mozambique)

မိုဇမ်ဘစ်နိုင်ငံသည် အာဖရိကတိုက်အရှေ့တောင်ပိုင်းရှိ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မတူကွဲပြားသော ယဉ်ကျေးမှု၊ ဘာသာစကားနှင့် မျိုးနွယ်စုပေါင်း (၃၀) ကျော်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မိုဇမ်ဘစ်နိုင်ငံသည် ပေါ်တူဂီနယ်ချဲ့ကိုလိုနီတို့၏ အုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်း (၄၀၀) ကျော် ကျရောက်ခဲ့ပြီး နိုင်ငံ၏လွတ်လပ်ရေးအတွက် နှစ်ပေါင်း (၁၀) နှစ်ကြာ စစ်မက်ဖြစ်ပွားခဲ့ပြီးနောက် ၁၉၇၅ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သည်။ မိုဇမ်ဘစ်နိုင်ငံသည် ကျောက်မီးသွေးနှင့် တွင်းထွက်သယံဇာတများ ကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်သော်လည်း လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင်လည်း (၁၆) နှစ်ကြာ ပြည်တွင်းစစ်နှင့် ရင်ဆိုင်ခဲ့ရသည်။ ရှည်ကြာသည့်ပြည်တွင်းစစ်ကြောင့် နိုင်ငံ၏အခြေခံအဆောက်အအုံအများစု ဖျက်ဆီးခံခဲ့ရခြင်း၊ စစ်ပွဲအတွင်း လူဦးရေထောင်ပေါင်းများစွာ အသတ်ခံရခြင်း၊ လူဦးရေသန်းပေါင်းများစွာ အိမ်နီးချင်းနိုင်ငံများတွင် ဒုက္ခသည်အဖြစ် ခိုလှုံနေရခြင်း သို့မဟုတ် နိုင်ငံအတွင်းနေရပ်စွန့်ခွာတိမ်းရှောင်နေရခြင်းတို့ကြောင့် နိုင်ငံ၏စီးပွားရေးချုတ်ခြုံကျခဲ့ကာ နိုင်ငံသားများ၏ဆင်းရဲမွဲတေမှု၊ ငတ်မွတ်ခေါင်းပါးမှု၊ အလုပ်လက်မဲ့နှုန်းများပြားမှုနှင့် ရာဇဝတ်မှုထူပြောမှု ပြဿနာများကို အလူးအလဲခံခဲ့ရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ပေါ်တူဂီကိုလိုနီခေတ်တွင် ပေါ်တူဂီကိုလိုနီအစိုးရသည် မိုဇမ်ဘစ်နိုင်ငံအတွင်းရှိ မြေနေရာအချို့ကို အာဖရိကန်လူမျိုးများအသုံးပြုရန်အတွက် သီးသန့်သတ်မှတ်ပေးခဲ့ပြီး ကျန်မြေများကို ကိုလိုနီအခြေချနေထိုင်သူများနှင့် စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုများအတွက် လုပ်ပိုင်ခွင့်များလွတ်လပ်စွာချပေးနိုင်သည့် မြေများအဖြစ်သတ်မှတ်ခဲ့သည်။ အာဖရိကန်လူမျိုးများအတွက် သီးသန့်သတ်မှတ်ထားသော မြေများ ("reserve areas") ကို ရိုးရာအကြီးအကဲများအား အုပ်ချုပ်စေခဲ့ပြီး ၎င်းတို့ကို ပေါ်တူဂီကိုလိုနီအစိုးရ၏ သွယ်ဝိုက်အုပ်ချုပ်ရေးယန္တရားအဖြစ် အသုံးချခဲ့သည်။ ရိုးရာအကြီးအကဲတို့သည် ကိုလိုနီအစိုးရက ပေးအပ်ထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သီးသန့်မြေများအတွင်း အခွန်ကောက်ခြင်း၊ အလုပ်သမားများ စုဆောင်းပေးခြင်းနှင့် မြေယာခွဲဝေပေးခြင်းတို့ကို ပြုလုပ်ရသည်။ အာဖရိကန်လူမျိုးများသည် သီးသန့်မြေများတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ပေါ်တူဂီအခြေချ နေထိုင်သူများက သီးသန့်မြေပြင်ပရှိမြေများတွင် စီးပွားဖြစ်ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေးခြံလုပ်ငန်းများကို ဦးစီးလုပ်ကိုင်ကြသည်။

ပေါ်တူဂီတို့ထံမှ လွတ်လပ်ရေးရပြီးနောက် အာဏာရလာသော ဆိုရှယ်လစ် Front for Liberation of Mozambique (FRELIMO) အစိုးရအဖွဲ့သည်[၉၀] ဆိုရှယ်လစ်ဝါဒကိုအခြေခံပြီး ပေါ်တူဂီလူမျိုးများပိုင်ဆိုင်သော ဥယျာဉ်ခြံနှင့် ကုမ္ပဏီတို့ကို နိုင်ငံပိုင်

[၉၀] Front for Liberation of Mozambique (FRELIMO) သည် မိုဇမ်ဘစ်နိုင်ငံ လွတ်လပ်ရေးအတွက် ပေါ်တူဂီကိုလိုနီ အစိုးရကိုတိုက်ထုတ်ခဲ့သော လွတ်မြောက်ရေးတပ်ဖွဲ့တစ်ခု ဖြစ်သည်။

အဖြစ် အသွင်ပြောင်းခဲ့သည်။ ထို့အပြင် အာဏာရအစိုးရသည် ရိုးရာအကြီးကဲများ၏ လုပ်ပိုင်ခွင့်အာဏာများကိုလည်း ရုပ်သိမ်းခဲ့ပြီး ၎င်းတို့ကို ကျေးရွာအဆင့် ပါတီအရာရှိများဖြင့် အစားထိုးအုပ်ချုပ်စေခဲ့သည်။ အာဏာရအစိုးရ၏ ဆိုရှယ်လစ်မူဝါဒများကို မနှစ်မြို့သဖြင့် အာဏာရအစိုးရအဖွဲ့ကို တော်လှန်တိုက်ခိုက်သည့် Mozambican National Resistance (RENAMO)[၉၁] အဖွဲ့ ပေါ်ပေါက်လာပြီး အာဏာရအစိုးရအဖွဲ့နှင့် တော်လှန်ရေးအဖွဲ့တို့အကြား (၁၆) နှစ်ကြာ ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ပြည်တွင်းစစ်ပြီးဆုံးသောအခါ မိုဇမ်ဘစ်ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ မိမိတို့၏မူလဒေသများသို့ ပြန်လာနိုင်ခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့၏ မြေနေရာများတွင် အခြားသောအသေးစားလယ်သမားများနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများက ဝင်ရောက်လုပ်ကိုင်နေကြသဖြင့် မြေယာအငြင်းပွားမှုများ ရှိခဲ့သည်။ ထိုအချိန်တွင် မိုဘမ်ဘစ်အစိုးရသည် နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် "လစ်လပ်နေသော" မြေများတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ပေါ်တူဂီ၊ ဗြိတိသျှနှင့် တောင်အာဖရိကကုမ္ပဏီများနှင့် ဒေသခံနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအား လုပ်ပိုင်ခွင့်များချပေးခဲ့သည်။ ဒေသခံရင်းနှီးမြှုပ်နှံသူများတွင် အစိုးရအရာရှိများ၊ ဝန်ကြီးများ၊ စစ်မှုထမ်းဟောင်းများ၊ အစိုးရစိုက်ပျိုးရေး မန်နေဂျာဟောင်းများ၊ အစိုးရခေါင်းဆောင်အချို့၏ မိသားစုဝင်များပါဝင်သည်။ အစိုးရ၏ မြေလုပ်ပိုင်ခွင့်ချပေးသည့် အစီအစဉ်များသည် အကျိုးစီးပွားပဋိပက္ခနှင့် ရှုပ်ထွေးမှုများနှင့် ပြည့်နှက်နေသဖြင့် မြေယာပြဿနာ အများအပြားပေါ်ပေါက်ခဲ့သည်။ သို့နှင့် မြေပြဿနာများကို ထိရောက်စွာဖြေရှင်းနိုင်ရန် အမျိုးသားမြေမူဝါဒတစ်ရပ် လိုအပ်လာသည်။

မိုဘမ်ဘစ်အစိုးရသည် ၁၉၉၅ ခုနှစ်တွင် ဝန်ကြီးများပါဝင်သော မြေကော်မရှင်တစ်ရပ် ဖွဲ့စည်းခဲ့ပြီး "မိုဇမ်ဘစ်လူမျိုးတို့၏ မြေနှင့် သယံဇာတအခွင့်အရေးအမျိုးမျိုးကို ကာကွယ်စောင့်ရှောက်ရန်နှင့်၊ တစ်ပြိုင်နက်တည်းတွင် ရင်းနှီးမြှုပ်နှံမှုအသစ်နှင့် ရေရှည်တည်တံ့ပြီး တရားမျှတသော သယံဇာတအသုံးချမှုကို မြှင့်တင်ပေးရန်" ဟူသည့် ဦးတည်ချက်များဖြင့် အမျိုးသားမြေမူဝါဒတစ်ရပ်ရေးဆွဲရန် တာဝန်ပေးခဲ့သည်။ အဆိုပါမြေကော်မရှင်က အမျိုးသားမြေမူဝါဒတစ်ရပ်ကို ရေးဆွဲအတည်ပြုပြီးနောက် အမျိုးသားမြေဥပဒေတစ်ရပ်ထွက်ပေါ်လာရေးအတွက် ကဏ္ဍစုံမှ သက်ဆိုင်သူများပါဝင်သည့် ကော်မတီတစ်ရပ်ကိုဖွဲ့စည်းခဲ့ပြီး အမျိုးသားမြေမူဝါဒပါ အသေးစိတ်အချက်အလက်များကို ဆွေးနွေးခဲ့သည်။ ထို့နောက် မြေဥပဒေရေးဆွဲရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အစုအဖွဲ့အသီးသီးတို့ ပါဝင်နိုင်ရေးအတွက် လူထုနှင့် တွေ့ဆုံဆွေးနွေးတိုင်ပင်မှုများကို နိုင်ငံတစ်ဝန်းကျင်းပခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အမျိုးသားမြေကွန်းဖရင့် (National Land Conference) တစ်ရပ် ကျင်းပခဲ့ခြင်းအပါအဝင် အာဖရိကန်သမိုင်းတွင် လူထုပါဝင်မှုအများဆုံးရှိခဲ့သော ဥပဒေပြုရေးလုပ်ငန်းစဉ်တစ်ခုကို ဆောင်ရွက်ခဲ့ပြီးနောက် ၁၉၉၇ ခုနှစ်တွင် မိုဇမ်ဘစ်နိုင်ငံ၏ အမျိုးသားမြေဥပဒေ (National Land Law –NLL) ကို ပြဋ္ဌာန်းနိုင်ခဲ့သည်။[၉၂]

## အမျိုးသားမြေဥပဒေပါ မြေအခွင့်အရေးများနှင့် မြေပဋိပက္ခဖြေရှင်းမှုအစီအမံများ

မိုဇမ်ဘစ်နိုင်ငံ၏ NLL သည် အလွန်တိုတောင်းပြီး ရိုးရှင်းလှပါသည် (ပုဒ်မ ၃၅ ခု၊ စာမျက်နှာ ၁၂ မျက်နှာသာရှိသည်)။ ဥပဒေကိုကျယ်ကျယ်ပြန့်ပြန့် သိရှိရေးအတွက် မိုဇမ်ဘစ်နိုင်ငံ၏ အဓိကဘာသာ စကား (၆) မျိုးဖြင့် ဘာသာပြန်ဆိုထုတ်ဝေခဲ့သည်။ NLL အရ နိုင်ငံအတွင်းရှိမြေအားလုံးကို နိုင်ငံတော်ကပိုင်ဆိုင်သည်။ ဆိုလိုသည်မှာ လူထုသည်မြေများကို တရားဝင်ပိုင်ဆိုင်ခွင့်ထက် လက်ဝယ်ထားခွင့်နှင့် အသုံးချခွင့်တို့သာရှိသည်။ NLL ပါ မြေအခွင့်အရေးများနှင့်ပတ်သက်၍ အောက်တွင်အကျဉ်းချုံးဖော်ပြထားသည်။

- **ဓလေ့ထုံးတမ်းအခွင့်အရေး**
  မိုဇမ်ဘစ်နိုင်ငံ၏ အမျိုးသားမြေဥပဒေက ထုံးတမ်းစဉ်လာများကို နိုင်ငံတော်မှပေးသည့် အသုံးပြုခွင့်နှင့် အကျိုးခံစားခွင့်များ (rights of use and benefit) အဖြစ် အသိအမှတ်ပြုလိုက်သဖြင့်၊ ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများသည် တရားဝင်

[၉၁] RENAMO သည် မိုဇမ်ဘစ်အမျိုးသားခုခံတော်လှန်ရေး တပ်ဖွဲ့တစ်ခုဖြစ်သည်။ ဆိုရှယ်လစ်ဝါဒကို မလိုလားသည့်အဖွဲ့ဖြစ်ပြီး ထိုစဉ်က မိုဇမ်ဘစ်နိုင်ငံ၏ အာဏာရအစိုးရအဖွဲ့ (FRELIMO) နှင့် (၁၆) နှစ်ကြာ တိုက်ပွဲဖြစ်ခဲ့သည်။

[၉၂] မြေကော်မရှင်သည် ၁၉၉၆ ခုနှစ်တွင် သက်ဆိုင်ရာပြည်တွင်းအစုအဖွဲ့ပေါင်းစုံအပြင် နိုင်ငံတကာအဖွဲ့အချို့တို့ ပါဝင်ခဲ့သော အမျိုးသားမြေကွန်းဖရင့် (National Land Conference) တစ်ရပ်ကို (၃) ရက်တာကျင်းပခဲ့ပြီး အမျိုးသားမြေ မူဝါဒကို အကြိတ်အနယ် ဆွေးနွေးငြင်းခုံခဲ့ကြသည်။ ထို့ပြင် ဆွေးနွေးပွဲရလဒ်အချို့ကို အမျိုးသားမြေ ဥပဒေကြမ်းတွင်ထည့်သွင်းခဲ့ခြင်း၊ ထိုဥပဒေကြမ်းကို နိုင်ငံပိုင်သတင်းစာတွင်ဖော်ပြခြင်းနှင့် နိုင်ငံပိုင်ရေဒီယိုတို့တွင် ဖတ်ကြားခြင်း၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကို လွတ်လပ်စွာဆွေးနွေး အကြံပြုနိုင်ခဲ့ခြင်းနှင့် ဥပဒေကြမ်းကို ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းလိုက်သည့်အခါ အရပ်ဘက်အဖွဲ့အစည်းများ အဆိုပြုခဲ့သောအချက်အများစုပါဝင်ခြင်းတို့ကြောင့် အာဖရိကန်သမိုင်းတွင် လူထုပါဝင်မှုအများဆုံးရှိခဲ့သော ဥပဒေပြုရေးလုပ်ငန်းစဉ်တစ်ရပ် ရှုမြင်ကြသည်။

ရပိုင်ခွင့်များဖြစ်လာသည်။ အရေးကြီးသည့်အချက်တစ်ခုမှာ မြေကိုဓလေ့ထုံးတမ်းအရ ရရှိသည်ဖြစ်စေ၊ နှစ်ပေါင်းများစွာ (အနည်းဆုံး ၁၀နှစ်)နေထိုင်လုပ်ကိုင်လာ၍ဖြစ်စေ၊ လျှောက်ထားရယူ၍ဖြစ်စေ မြေအမျိုးအစားအားလုံးအတွက် မြေအခွင့်အရေးသည် ဥပဒေအရတစ်ပြေးညီဖြစ်သည်။ ဆိုလိုသည်မှာ အဆိုပါအခြေအနေ သုံးခုလုံးတွင် မြေအခွင့်အရေးသည် ပုဂ္ဂလိကခွင့်အရေးဖြစ်ပြီး၊ မြေလက်ဝယ်ပိုင်ဆိုင်ထားရှိခွင့်ရှိသူက အခြားတတိယလူ/အဖွဲ့၏ မြေအသုံးချမှုကို ပိတ်ပင်နိုင်သည်။ အမျိုးသမီး၊ အမျိုးသားနှင့် ဒေသခံလူမှုအသိုင်းဝိုင်းတို့သည်လည်း မြေအသုံးချမှုနှင့် အကျိုးခံစားခွင့်တို့ကို တစ်ဦးချင်းဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ ရပိုင်ခွင့်ရှိသည်။ ထူးခြားချက်မှာ ဓလေ့ထုံးတမ်းအရဖြစ်စေ၊ နှစ်ပေါင်းများစွာ နေထိုင်လာ ရာမှဖြစ်စေ ရလာသောမြေများကို မဖြစ်မနေမှတ်ပုံတင်ရန် မလိုပေ။ ထိုအချက်ကြောင့် အစိုးရ၏ တရားဝင်မြေပုံများတွင် မှတ်တမ်းတင်ထားခြင်းမရှိသည့် မြေနေရာများစွာ ကျန်နေသည်။

ထို့အပြင် NLL တွင် ဓလေ့ထုံးတမ်းမြေအတွင်းရှိ "မျိုးနွယ်စုမြေ" သို့မဟုတ် "ကျေးရွာမြေ" ဟူ၍ နယ်နိမိတ်ဖြင့် မြေအမျိုးအစားခွဲခြားသတ်မှတ်ခြင်း မရှိပေ။ ထိုမြေများအပေါ်တွင် ဒေသခံလူမှုအသိုင်းအဝိုင်းများ၊ နှစ်ရှည်နေထိုင်သူများနှင့် အခြား (အထူးသဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူ) မြေ အသုံးပြုခွင့်ရှိသူများက နေထိုင်လုပ်ကိုင်ခွင့်ရှိသည်။ မြေဥပဒေတွင် "ဓလေ့ထုံးတမ်း (custom)" ကို တိတိကျကျ အဓိပ္ပါယ်ဖွင့်ဆိုခြင်းမပြုဘဲ မိုဇမ်ဘစ်နိုင်ငံအတွင်းရှိ ဓလေ့ထုံးတမ်းများအားလုံးကို လွှမ်းခြုံသည့် သတ်မှတ်ချက်ဘောင်များကိုသာ ချမှတ်ထားသည်။ လူမှုအဖွဲ့အစည်းတစ်ခုအတွင်း ကျင့်သုံးသည့်ဓလေ့ထုံးတမ်းများကို ထိုလူမှုအဖွဲ့အစည်းကတရားဝင်သည်ဟုလက်ခံလျှင် ထိုဓလေ့ထုံးတမ်းအရ ပေးသောမြေအခွင့်ရေးကို NLL က အလိုအလျောက် တရားဝင်အသိအမှတ်ပြုသည်။

- **လူမှုအသိုင်းအဝိုင်းများ၏ မြေအခွင့်အရေး**

  လူမှုအသိုင်းအဝိုင်းများ၏ လက်ရှိမြေအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ထုံးတမ်းစဉ်လာအတိုင်း မြေများကို ဆက်လက်အသုံးပြုနိုင်ရန်အတွက် NLL သည် ဒေသခံလူမှုအသိုင်းဝိုင်းတို့၏ မြေအခွင့်အရေးကို အသိအမှတ်ပြုထားသည်။ ဒေသခံလူမှုအသိုင်းဝိုင်းကို "ဘုံအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရန် နယ်မြေတစ်ခုအတွင်း နေထိုင်ကြသည့် မိသားစုနှင့် လူမှုအစုအဖွဲ့" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ထို့ကြောင့် ဒေသခံလူမှုအသိုင်းဝိုင်းသည် စုဖွဲ့မှုအမျိုးမျိုးကို လွှမ်းခြုံသည့် သဘောရှိသည်။ NLL အရ မြေကိုလူမှုအသိုင်းဝိုင်းတစ်ခု၏ အမည်ဖြင့် လက်ဝယ်ထားပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ လူမှုအသိုင်းဝိုင်း တစ်ခု၏မြေကို ပြင်ပရင်းနှီးမြှုပ်နှံသူအား (ပထမအကြိမ် ငှားရမ်းမှုအတွက် နှစ် ၅၀ နှင့် သက်တမ်းတိုးငှားရမ်းမှုအတွက် နှစ် ၅၀ အထိ) ငှားရမ်းခွင့်ရှိသည်။ ထို့ပြင် လူမှုအသိုင်းဝိုင်းမြေများကို "အများပြည်သူ အကျိုးစီးပွား"အတွက် အစိုးရက မဖြစ်မနေသိမ်းယူရန်လိုအပ်သည့်အခါ ထိုသိမ်းဆည်းမှုအတွက် ထိုက်သင့်သောလျော်ကြေးများပေးရန် လိုသည်။

ဒေသလူမှုအသိုင်းအဝိုင်းတို့၏ မြေများကိုစနစ်တကျမှတ်ပုံတင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန် မလိုအပ်သော်လည်း လူမှုအသိုင်းအဝိုင်းများသည် ၎င်းတို့၏ မြေအခွင့်အရေးများကို မှတ်ပုံတင်ထားပြီး စာရွက်စာတမ်းအထောက်အထား ရယူလိုက ရယူနိုင်သည်။ ဒေသလူမှုအဖွဲ့အစည်းများသည် ၎င်းတို့မြေကို ၎င်းတို့ကိုယ်တိုင်သတ်မှတ်ပြီး နိုင်ငံတော်၏ မြေစာရင်း (National Land Cadaster)တွင် မှတ်ပုံတင်နိုင်သည်။ ထိုသို့သော လူမှုအသိုင်းအဝိုင်းများ ပိုင်မြေကို မှတ်ပုံတင်သည့်လုပ်ငန်းစဉ် (community delimitation)တွင် အဖွဲ့ဝင်များနှင့် ဘေးပတ်ဝန်းကျင် လူမှုအသိုင်းအဝိုင်းတို့၏ သက်သေထွက်ဆိုချက်များအပေါ်တွင် အဓိကထားအခြေပြုသည်။ NLL က ထိုကဲ့သို့လူမှုအသိုင်းအဝိုင်းမြေအဖြစ် မှတ်ပုံတင်နိုင်ရန်အတွက် လူမှုအသိုင်းဝိုင်းများက လိုက်နာဆောင်ရွက်ရမည့် အဆင်များကို (အဆင့် ၆ ဆင့်) တိကျစွာချမှတ်ထားသည်။ လုပ်ငန်းစဉ်ကိုဦးဆောင်ရန် အကြံပေးသည့် "အလုပ်အဖွဲ့" တစ်ခုဖွဲ့စည်းခြင်း၊ အဆိုပါအလုပ်အဖွဲ့က အစည်းအဝေး ခေါ်ယူကျင်းပပြီး လူထုအားပညာပေးခြင်း၊ လူထုပါဝင်သည့် မြေပုံရေးဆွဲရေးလုပ်ငန်းစဉ်များတွင် လူမှုအသိုင်းအဝိုင်းများ ပါဝင်ခြင်း၊ နယ်နိမိတ်များကို သက်ဆိုင်သူအားလုံးက သဘောတူလက်ခံပြီး မြေပုံနှင့်မြေပြင်ပေါ်တွင် အမှတ်အသားပြုခြင်း၊ အဆိုပါမြေပုံများကို အစိုးရနည်းပညာဝန်ထမ်းက ကွန်ပျူတာမှတစ်ဆင့် မြေပုံထုတ်ပေးခြင်းနှင့် မြေပုံကြမ်းနှင့် အစီရင်ခံစာတို့ကို လူမှုအသိုင်းအဝိုင်းနှင့် ဘေးပတ်ဝန်းကျင် လူမှုအဖွဲ့အစည်းခေါင်းဆောင်များအား တင်ပြခြင်းနှင့် အတည်ပြုခြင်း အစရှိသည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို ကျော်ဖြတ်ပြီးမှသာလျှင် အစိုးရမြေစာရင်းရုံးက ရက်ပေါင်း (၆၀) အတွင်း လူမှုအဖွဲ့အစည်း မြေမှတ်တမ်းတင်သည့် လက်မှတ် (Certificate of Delimitation) ကို ထုတ်ပေးသည်။

ထို့အပြင် ဒေသလူမှုအဖွဲ့အစည်းများသည် ဒေသလူမှုအဖွဲ့အစည်းများက ပိုင်ဆိုင်သောမြေများနှင့် ထိုမြေအတွင်းရှိ သယံဇာတများကို ဒေသ၏ဓလေ့ထုံးတမ်းများနှင့်အညီ လွတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ မိုဇမ်ဘစ်နိုင်ငံ၏ ၁၉၉၉ ခုနှစ် သစ်တောနှင့် သားရဲတိရစ္ဆာန်ဥပဒေတွင်လည်း သယံဇာတအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်သော်လည်း ဝင်ရောက်ခွင့်နှင့် အသုံးပြုခွင့်တို့ကို လူထုအားခွင့်ပြုပေးထားသည်။ ဓလေ့ထုံးတမ်းအရ ဘေးပတ်ဝန်းကျင်ရှိလူများက လိုအပ်သော ရေအရင်းအမြစ်၊ သယံဇာတနှင့် အခြေခံအဆောက်အအုံတို့ကို ရယူနိုင်ရန်အတွက် မြေလက်ဝယ်ပိုင်ဆိုင်သူတို့က မိမိတို့မြေအတွင်း ဖြတ်သန်းသွားလာခွင့်ပေးရန်လိုအပ်သည်။ အမျိုးသားမြေဥပဒေတွင်လည်း လူထုအကျိုးစီးပွားအတွက် သက်ဆိုင်ရာမြေအတွင်း ဖြတ်သန်းသွားလာခွင့်ကို ခွင့်ပြုထားသည်။

- **တစ်ဦးချင်းမြေအခွင့်အရေး**

  NLL စတင်အကျိုးသက်ရောက်သည့်အချိန်မှစ၍ ဒေသခံလူမှုအသိုင်းအဝိုင်းများနည်းတူ တစ်ဦးချင်း မြေအခွင့်အရေးများကိုလည်း အလိုအလျောက်ရရှိနိုင်သည်။ ပြင်ပရင်းနှီးမြှုပ်နှံသူတစ်ဦးသည် သက်ဆိုင်ရာ မြေတစ်ကွက်ကို ပိုင်ဆိုင်ကြောင်း စာရွက်အထောက်အထားတစ်ခုဖြင့် ရောက်လာသည့်တိုင် ထိုမြေပေါ်တွင် နေထိုင်သော လူပုဂ္ဂိုလ် သို့မဟုတ် မိသားစုသည် အချိန်တိုအတွင်း ပြောင်းရွှေ့ခံရခြင်း မရှိနိုင်ပါ။ အိမ်နီးချင်းများ၏ နှုတ်ဖြင့်ထွက်ဆိုချက်များကို လူတစ်ဦးတစ်ယောက်၏ မြေပိုင်ဆိုင်မှုအတွက် သက်သေအဖြစ် လက်ခံနိုင်သည်။ ထိုသို့လက်ခံခြင်းဖြင့် စာမတတ်သူများလည်း မိမိတို့၏မြေရပိုင်ခွင့်များကို တောင်းဆိုနိုင်သည့်အပြင် မိမိတို့အိမ်နီးချင်းများက မြေရပိုင်ခွင့် တောင်းဆိုရာတွင်လည်း အထောက်အပံ့ပေးနိုင်သည်။ မြေအသုံးပြုခွင့်နှင့် အကျိုးခံစားခွင့်တို့သည် ရာသက်ပန်အခွင့်အရေးဖြစ်သည်။ မြေအားလုံးကို နိုင်ငံတော်က ပိုင်သောကြောင့် မြေလက်ဝယ်ထားရှိခွင့်ရှိသူများသည် မြေများကို ရောင်းချ သို့မဟုတ် လွှဲပြောင်းခွင့် မရှိပေ။ သို့ရာတွင် မြေပေါ်ရှိ အခြေခံအဆောက်အအုံများနှင့် အခြားတိုးတက်မှုများ (သစ်ပင်၊ သီးနှံပင်၊ တဲ စသည်တို့) ကို ဝယ်ယူခွင့်၊ ရောင်းချခွင့်၊ ပေါင်နှံခွင့်နှင့် လွှဲပြောင်းခွင့်တို့ ရှိသည်။ သတ်မှတ်ချက်တစ်ခုမှာ မြေလွှဲပြောင်းမှုအားလုံးကို တရားဝင်မှတ်ပုံတင်ရန်နှင့် လူမှုအသိုင်းဝိုင်း၏ သဘောတူညီမှုရယူရန် လိုအပ်သည်။

  ထို့အပြင် အမျိုးသမီးများသည် အမျိုးသားများနည်းတူ တန်းတူမြေအခွင့်အရေးနှင့် အကျိုးခံစားခွင့် ရှိသည်။ မိုဇမ်ဘစ်နိုင်ငံ၏ ၂၀၀၄ ခုနှစ် မိသားစုဥပဒေသည် လင်ယောက်ျားနှင့် တစ်နှစ်ထက်မက အတူနေထိုင်ခဲ့သော အမျိုးသမီးများသည် ၎င်းတို့ယောက်ျား၏ပိုင်ဆိုင်မှုများကို အမွေဆက်ခံခွင့်ရှိသည်။ ထို့အပြင် မရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်မှုများကို လင်မယားတစ်ဦးဦးကပိုင်သည်ဖြစ်စေ၊ လင်မယားနှစ်ဦးလုံးကပိုင်သည်ဖြစ်စေ အခြားလူတစ်ဦးအားလွှဲပြောင်းလိုပါက လင်မယားနှစ်ဦးလုံး၏ ခွင့်ပြုချက်လိုအပ်သည်။ ထို့ကြောင့် မိုဇမ်ဘစ်နိုင်ငံ၏ အမျိုးသားမြေဥပဒေနှင့် မိသားစုဥပဒေတို့သည် အတူပေါင်းသင်းနေစဉ်နှင့် မုဆိုးမဘဝဖြစ်သွားသည့် အခြေအနေနှစ်ခုလုံးအတွက် အမျိုးသမီးများ၏ မြေနှင့် ပိုင်ဆိုင်မှုအခွင့်အရေးတို့ကို ခိုင်မာစွာအကာအကွယ်ပေးထားသည်ဟု ဆိုနိုင်သည်။

- **တိုင်ပင်ဆွေးနွေးမှုနှင့် အကျိုးတူပူးပေါင်းမှု (Consultation & community-investor partnership)**

  အထက်တွင် ဖော်ပြထားသည့်အတိုင်း မိုဇမ်ဘစ်နိုင်ငံသားများသည် မြေအခွင့်အရေးနှင့် အကျိုးခံစားခွင့်တို့ကို နည်းလမ်း (၃) ခုဖြင့် ရယူနိုင်သော်လည်း နိုင်ငံခြားသားနှင့် ပြည်တွင်းနှင့် နိုင်ငံခြားကော်ပိုရေးရှင်းတို့သည် မြေအခွင့်အရေးနှင့် အကျိုးခံစားခွင့်အတွက် အစိုးရထံတွင် လျှောက်ထားရယူသည့်နည်းလမ်းဖြင့်သာ ရရှိနိုင်သည်။ အစိုးရသည် ရင်းနှီးမြှုပ်နှံမှုအတွက် မြေအသုံးပြုခွင့်နှင့် အကျိုးခံစားခွင့်တို့ကို ပထမ နှစ် (၅၀)၊ နောက်ထပ်သက်တမ်းတိုးအတွက် နှစ် (၅၀) အထိ ခွင့်ပြု နိုင်သည်။ အဆိုပါအခွင့်အရေးတို့ကို လွှဲပြောင်း၊ အမွေပေးနိုင်သည်။ သို့ရာတွင် အစိုးရထံတွင် လျှောက်ထားသည့် မြေကွက်သည် လူမှုအသိုင်းအဝိုင်းတစ်ခု၏ ဓလေ့ထုံးတမ်း နယ်နိမိတ်အတွင်း ကျရောက်နေလျှင် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားသည့်အဖွဲ့သည် အဆိုပါမြေကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သည့် အဖွဲ့အစည်းနှင့် တိုင်ပင်ဆွေးနွေးမှု ပြုလုပ်ရမည်ဖြစ်သည်။ သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းအနေဖြင့် ရင်းနှီးမြှုပ်နှံမည့်သူက လျှောက်ထားသော မြေကို ခွင့်ပြုနိုင်သကဲ့သို့ ငြင်းပယ်မှုလည်း ပြုနိုင်သည်။ ဒေသလူမှုအသိုင်းအဝိုင်းနှင့် တိုင်ပင်ဆွေးနွေး သဘောတူညီမှု ရယူထားခြင်းမရှိလျှင် အစိုးရက အဆိုပါမြေအသုံးချခွင့် လျှောက်ထားမှုကို စိစစ်လက်ခံခြင်း မပြုပေ။

  ယင်းသို့တိုင်ပင်ဆွေးနွေးမှုပြုလုပ်စေခြင်းသည် သက်ဆိုင်ရာ ဒေသလူမှုအသိုင်းဝိုင်းများ၏ မြေအခွင့်အရေးကို လေးစားမှု

ရှိစေရန်နှင့် ရင်းနှီးမြှုပ်နှံသူများက အမြတ်ထုတ်မှုမရှိရန်အတွက် ချမှတ်ထားသည့် အစီအမံတစ်ခုဖြစ်သည်။ ထိုသတ်မှတ်ချက်သည် ဒေသလူမှုအသိုင်းဝိုင်း မြေအသုံးပြုမှုအတွက် သက်ဆိုင်ရာလူမှုအသိုင်းအဝိုင်းက အကျိုးခံစားခွင့် တစ်မျိုးမျိုး (ဥပမာ- မြေငှားရမ်းခအဖြစ်) ရရှိစေရန်အတွက်လည်း ရည်ရွယ်သည်။ သက်ဆိုင်ရာလူမှုအသိုင်းဝိုင်းနှင့် တိုင်ပင်ဆွေးနွေးမှုပြုပြီးနောက် လူမှုအသိုင်းဝိုင်းနှင့် ရင်းနှီးမြှုပ်နှံသူများအကြား အကျိုးတူပူးပေါင်းမှု သဘောတူစာချုပ်ကို ခရိုင်အုပ်ချုပ်ရေးမှူးက ထုတ်ပြန်ပေးသည်။ သို့ရာတွင် ထိုစာချုပ်သည် ဥပဒေစည်းနှောင်အားမရှိပါ။ အမျိုးသားမြေဥပဒေနှင့် ထိုဥပဒေကို အကောင်အထည်ဖော်သည့် လုပ်ထုံးလုပ်နည်းများတွင် စာချုပ်ပါညှိနှိုင်းထားသော လူမှုအသိုင်းအဝိုင်း၏ "အကျိုးခံစားခွင့်များ" အတွက် ရင်းနှီးမြှုပ်နှံသူက တာဝန်ယူ/တာဝန်ခံမှုရှိရေးအတွက် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိပေ။ ထို့ကြောင့် သက်ဆိုင်ရာဒေသ လူမှုအသိုင်းဝိုင်းနှင့် ပြုလုပ်ထားသော "တိုင်ပင်ဆွေးနွေးမှုများ" သည် လက်တွေ့တွင် ဥပဒေအရ စည်းနှောင်အား မည်မျှရှိသည်ဆိုသည်နှင့် ပတ်သက်၍ ရေရာမှုမရှိပါ။

- **အငြင်းပွားမှုဖြေရှင်းသည့် အစီအမံများ (Dispute and accountability mechanisms)**

  NLL နှင့် NLL ကို အကောင်အထည်ဖော်သည့် လုပ်ထုံးလုပ်နည်းများတွင် ထုံးတမ်းစဉ်လာ စည်းကမ်းချက်များနှင့်အညီ မြေပဋိပက္ခများကို ဖြေရှင်းခွင့်နှင့် မြေအခွင့်အရေးများကို ကာကွယ်ခွင့်ပေးထားသော်လည်း မည်သို့ဖြေရှင်း၊ ကာကွယ်နိုင်သည်ကို အသေးစိတ်ဖော်ပြထားခြင်း သို့မဟုတ် လမ်းညွှန်ထားခြင်းမရှိပါ။ ထို့အပြင် NLL နှင့် ထိုဥပဒေကို အကောင်အထည်ဖော်သည့် လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်သည့်လုပ်ရပ်များ သို့မဟုတ် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အမျိုးသမီးများ၏ တန်းတူမြေအခွင့်အရေး ငြင်းပယ်မှုများ သို့မဟုတ် လူမှုအဖွဲ့အစည်းအတွင်း ပြဿနာဖန်တီးမှုများအတွက် ပြစ်ဒဏ်များကို ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။ ထိုအတွက် သက်ဆိုင်ရာ ဓလေ့ထုံးတမ်း အစီအမံများဖြင့်သာ ကိုင်တွယ်ဖြေရှင်းရန်ထားရှိပြီး လိုအပ်ပါက အမြင့်ဆုံးတရားရုံးသို့အဆင့်ဆင့် အယူခံဝင်နိုင်သည်။

## မြေဥပဒေအကောင်အထည်ဖော်မှုဆိုင်ရာ စိန်ခေါ်မှုများ

မိုဇမ်ဘစ်အစိုးရသည် NLL ပညာပေးအစီစဉ်များကို လူထုအကြား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သော်လည်း NLA အကောင်ထည်ဖော်ရာတွင် အောက်ပါစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲ ဖြစ်သည်။

- ဒေသခံလူမှုအသိုင်းဝိုင်းများသည် မြေအခွင့်ရေးဆိုင်ရာ ဥပဒေဗဟုသုတ မရှိခြင်းနှင့် မြေအခွင့်ရေးဆိုင်ရာ တရားမျှတမှုကို ရယူနိုင်မှု မရှိခြင်း။
- မြေဥပဒေကို အပြည့်အဝနှင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရတွင် ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းအားမရှိခြင်း။
- မြေဥပဒေနှင့် အမိန့်ညွှန်ကြားချက်များကို တာဝန်ရှိသည့် အစိုးရအရာရှိများက လိုက်နာ ဆောင်ရွက်မှုမရှိဘဲ လျစ်လျူရှုခြင်း သို့မဟုတ် ချိုးဖောက်ခြင်း။
- ရင်းနှီးမြှုပ်နှံမှုကို အထူးတလည်အားပေးလိုသည့် အခြေအနေမျိုးတွင် အရည်အသွေးပြည့်ဝသော (အဓိပ္ပါယ်ရှိသော) လူမှုအသိုင်းဝိုင်းများနှင့် တိုင်ပင်ဆွေးနွေးမှုတို့ကို အဟန့်အတားဖြစ်စေခြင်း။

အထက်ပါ NLA အကောင်အထည်ဖော်မှုဆိုင်ရာ စိန်ခေါ်မှုများကြောင့် မိုဇမ်ဘစ်နိုင်ငံ၏ NLL သည် မိုဇမ်ဘစ်နိုင်ငံသားတို့၏ မြေအသုံးပြုခွင့်နှင့် အကျိုးခံစားခွင့်တို့ကို အပြည့်အဝဖော်ဆောင်ပေးနိုင်ခြင်း မရှိသေးပါ။ ဒေသခံလူမှုအသိုင်းဝိုင်းများမှာ မြေအသုံးပြုခွင့်ဆုံးရှုံးသည့်အပြင် ရင်းနှီးမြှုပ်နှံသူများက မြေငှားရမ်းအသုံးပြုမှုအတွက် ဒေသခံလူမှုအသိုင်းဝိုင်းတို့၏ အကျိုးခံစားခွင့်များ ပေးအပ်ရာတွင် တာဝန်ယူ တာဝန်ခံမှု အလွန်အားနည်းနေဆဲဖြစ်သည်။ ထို့အပြင် ဒေသအကျိုးကို ထိခိုက်နိုင်သည့် မြေနှင့် သယံဇာတ စီမံအုပ်ချုပ်မှုများအတွက် ဒေသခံလူမှုအသိုင်းဝိုင်းခေါင်းဆောင်တို့ကို ၎င်းတို့အုပ်ချုပ်သော လူမှုအသိုင်းဝိုင်းအဖွဲ့ဝင်များအား တာဝန်ယူ တာဝန်ခံစေသည့် အစီအမံများလည်း ချမှတ်ထားခြင်းမရှိသဖြင့် မိုဇမ်ဘစ်နိုင်ငံ၏ NLL သည် မိုဇမ်ဘစ်လူထု၏ မြေယာအခွင့်ရေး လုံခြုံမှုကို လုံလောက်စွာအကာအကွယ်ပေးနိုင်ခြင်းမရှိသည်ကို တွေ့ရှိရသည်။

## ၅.၂.၃ တန်ဇေးနီးယား (Tanzania)

တန်ဇေးနီးယားနိုင်ငံသည် ဂျာမဏီနှင့် ဗြိတိသျှတို့ ကိုလိုနီနယ်ချဲ့ခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၁၉၆၁ ခုနှစ်တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိခဲ့ပြီး အကြမ်းမဖက်သည့် လွတ်လပ်ရေးလှုပ်ရှားမှုကို ဦးဆောင်ခဲ့သော ဂျူးလီးယပ်ညေးရီ (Julius Nyerere) သည် ၁၉၆၂ ခုနှစ်တွင် တန်ဇေးနီးယားနိုင်ငံ၏ သမ္မတဖြစ်လာသည်။ ဂျူးလီးယပ်ညေးရီလက်ထက်တွင် Operation Vijiji စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ခဲ့သည်။ ထိုစီမံကိန်းအရ အကြီးကဲဦးဆောင်မှုစနစ် (chiefdom) ကိုဖျက်သိမ်းခဲ့ပြီး ကျေးလက်ဒေသရှိ လူမှုအသိုင်းဝိုင်းများကို စီမံကိန်းရွာများသို့ အတင်းအကြပ် ရွှေ့ပြောင်းနေထိုင်စေခဲ့သည်။ အရွယ်ရောက်သူအားလုံးကိုလည်း စုပေါင်းစိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ထမ်းဆောင်စေခဲ့သည်။ ဒေသန္တရအစိုးရ အုပ်ချုပ်ရေးမှူးများသည် စိုက်ပျိုးမည့်အပင်၊ မိသားစုတစ်ခုက လက်ခံရရှိမည့် သီးနှံပမာဏနှင့် ပိုလျှံသီးနှံတို့ကို မည်သည်အတွက်အသုံးပြုမည် စသည်တို့ကို ဆုံးဖြတ်သည်။ ထိုစီမံကိန်းကြောင့် နိုင်ငံအတွင်းမြေသိမ်းဆည်းမှု၊ အတင်းအကြပ်ရွှေ့ပြောင်းနေထိုင်စေမှု၊ မိသားစုမြေဆုံးရှုံးမှုများကြောင့် ပြည်သူများကြီးစွာအတိဒုက္ခရောက်ခဲ့ကြသည်။ ထို့ကြောင့် ထိုစီမံကိန်းလည်း ၁၉၈၀ ပြည့်နှစ်များအတွင်း အဆုံးသတ်သွားသည်။ ဂျူးလီးယပ်ညေးရီသည် တစ်ပါတီအုပ်ချုပ်ရေးစနစ်ကို မိမိအငြိမ်းစားယူခဲ့သည့် ၁၉၈၀ ပြည့်နှစ်များအလယ်ပိုင်းထိ ကျင့်သုံးခဲ့သည်။ ထို့နောက် တန်ဇေးနီးယားနိုင်ငံသည် ပါတီစုံအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့ပြီး ဖြေလျှော့မှုနှင့် ပုဂ္ဂလိကပိုင်ပြုမှု (liberalization & privatization) တို့ကို စတင်ပြုလုပ်လာခဲ့သည်။

ကိုလိုနီခေတ်တွင် မြေကိုနိုင်ငံပိုင်ပစ္စည်းအဖြစ်ကြေငြာပြီး နိုင်ငံတော်သည် လူထုအတွက်မြေများကိုထိန်းသိမ်းစောင့်ရှောက်သည်။ သို့ရာတွင် လွတ်လပ်ရေးရပြီးနောက် ၁၉၆၃ ခုနှစ်တွင် အငှားစာချုပ်ရ မြေများ (leasehold land) ကို ဘိုးဘွားပိုင်မြေ (freehold land) အဖြစ်လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် ထိုမြေကိုငှားရမ်းနေထိုင်ခွင့်ရမြေ (rights of occupancy) အဖြစ်လည်းကောင်း လုပ်ပိုင်ခွင့်ပုံစံပြောင်းခဲ့သည်။

### တန်ဇေးနီးယားနိုင်ငံ၏ ဓလေ့ထုံးတမ်းမြေစီမံခန့်ခွဲမှု

ကိုလိုနီခေတ်တွင် လူမှုအသိုင်းဝိုင်းများသည် မိမိတို့၏ ဓလေ့ထုံးတမ်းများနှင့်အညီ မြေများကို ခွဲဝေသုံးစွဲသည့်အစဉ်လာများကိုခွင့်ပြုထားသည်။ တန်ဇေးနီးယားနိုင်ငံအတွင်းရှိ စားကျက်ရွှေ့ပြောင်းမွေးမြူရေးသမားများနှင့် အမဲလိုက်-သီးနှံရှာဖွေစုဆောင်းသူများအကြား မြေလုပ်ပိုင်ခွင့်သည် မြေနေရာတစ်ခုတွင် အရင်အခြေချနေထိုင်သည့် ဌာနေတိုင်းရင်းသားအုပ်စု၏ "ကနဦးအခွင့်အရေး" အပေါ်တွင် အခြေခံလေ့ရှိသည်။ နောက်ပိုင်းမှဝင်ရောက်နေထိုင်သူများသည် ထိုမြေအတွင်းရှိ သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားအကြီးအကဲများကို အရင်ချဉ်းကပ်ပြီး မြေခွဲဝေပေးရန်တောင်းဆိုနိုင်သည်။ အမျိုးသမီးများသည် မြေပိုင်ဆိုင်ခွင့်ကို အိမ်ထောင်ပြုခြင်းမှတစ်ဆင့်သာ ရရှိနိုင်သော်လည်း နောက်ပိုင်းတွင် ယောက်ျားသေဆုံးသည့်အခါ သားများအတွက် မြေထိန်းသိမ်းစောင့်ရှောက်ခွင့် ရှိလာသည်။ လူမှုအသိုင်းဝိုင်းတစ်ခု၏ အဖွဲ့ဝင်များသည် ပုဂ္ဂလိကမြေပိုင်ဆိုင်ခွင့်အပြင် အစုအဖွဲ့ပိုင်မြေများပေါ်တွင် အမဲလိုက်ခြင်း၊ ကျွဲနွားကျောင်းခြင်းနှင့် သယံဇာတထုတ်ယူခြင်း စသည့်အခွင့်အရေးများ ရှိသည်။

### တန်ဇေးနီးယားနိုင်ငံ၏ မြေယာမူဝါဒ

၁၉၆၁ ခုနှစ်တွင် လွတ်လပ်ရေးရသည့်အချိန်မှစ၍ တန်ဇေးနီးယားအစိုးရသည် မြေနှင့်ဆိုင်သော လုပ်ပိုင်ခွင့်များကို ပြဌာန်းခဲ့သော်လည်း တရားဝင်အမျိုးသားမြေဥပဒေတစ်ရပ် ရေးဆွဲခဲ့ခြင်းမရှိသေးပါ။ ၁၉၉၁ ခုနှစ်တွင် တန်ဇေးနီးယားအစိုးရသည် နိုင်ငံတကာနှင့် ပြည်တွင်းဖိအားများကြောင့် မြေယာကိစ္စ စုံစမ်းရေးကော်မရှင် (Commission of Inquiry into Land Matters) တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ မြေစုံစမ်းရေးကော်မရှင်သည် နိုင်ငံတစ်ဝှမ်းလုံးသို့ခရီးထွက်ခဲ့ပြီး လူမှုအစုအဖွဲ့အသီးသီးတို့အား တွေ့ဆုံကာ ၎င်းတို့ပြောပြသော မြေနှင့်ဆိုင်သောလိုအပ်ချက်များ၊ အကျိုးစီးပွားများ၊ စိုးရိမ်မှုများနှင့် မကျေနပ်ချက်များကို မှတ်တမ်းတင်ခဲ့သည်။ ကော်မရှင်သည် တန်ဇေးနီးယားနိုင်ငံ၏ ဒေသ (၂၇) ခုကိုသွားရောက်ခဲ့ပြီး လူဦးရေ ၈၃၀၀၀ ကျော်တက်ရောက်ခဲ့သည့် လူထုတွေ့ဆုံပွဲ (၂၇၇) ခုကျင်းပခဲ့သည်။ ပြည်တွင်းနှင့် နိုင်ငံတကာပညာရှင်များကိုဖိတ်ကြားပြီး မြေကိစ္စလေ့လာမှုများကို ဆောင်ရွက်ခဲ့သည်။ ထို့အပြင် သက်ဆိုင်ရာအစုအဖွဲ့အားလုံးကို ဖိတ်ကြားခဲ့သည့် နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကိုလည်း ကျင်းပခဲ့သည်။

သို့ရာတွင် ၁၉၉၅ ခုနှစ်တွင် အမျိုးသားမြေမူဝါဒ (National Land Policy) ထွက်ရှိလာ သောအခါ မြေစုံစမ်းရေးကော်မရှင်၏ အကြံပြုချက်အချို့သာ ပါလာသည်။ ကော်မရှင်က မြေယာအခွင့်အရေးများကို ကျေးရွာကော်မတီများမှတစ်ဆင့် မြေအသုံးပြုသူများ

ထံတွင်သာ အပ်နှင်းထားရန် အကြံပြုခဲ့သော်လည်း အမျိုးသားမြေမူဝါဒတွင် မြေကို နိုင်ငံတော်/အစိုးရပိုင်အဖြစ်သာ သတ်မှတ်ခဲ့သည်။ တန်ဇေးနီးယားနိုင်ငံ၏ မြေအက်ဥပဒေ (the Land Act- LA) နှင့် ကျေးရွာမြေအက်ဥပဒေ (the Village Land Act- VLA) တို့ကို ၁၉၉၉ ခုနှစ်တွင် လွှတ်တော်ကအတည်ပြုခဲ့ပြီး၊ ၂၀၀၁ ခုနှစ်တွင် သမ္မတကလက်မှတ်ထိုးပြီးနောက် စတင် အကျိုးသက်ရောက်လာခဲ့သည်။ အဆိုပါအက်ဥပဒေနှစ်ခုလုံးသည် တန်ဇေးနီးယားနိုင်ငံ၏ အမျိုးသားမြေမူဝါဒပါ အခြေခံမှုများအပေါ်တွင် အခြေခံရေးဆွဲထားခြင်းဖြစ်သည်။ ထူးခြားချက်မှာ အဆိုပါအက်ဥပဒေများတွင် အမျိုးသမီးများ၏ မြေယာဆိုင်ရာအကျိုးစီးပွားများကို ထည့်သွင်းပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

တန်ဇေးနီးယားနိုင်ငံ၏ ၁၉၉၉ ခုနှစ်၊ မြေအက်ဥပဒေနှစ်ခုလုံးသည် ပစ္စည်းအခွင့်အရေးပေးအပ်မှု၊ လွှဲပြောင်းမှု၊ ဖွင့်ဆိုမှုများနှင့်ဆိုင်သော ဓလေ့ထုံးတမ်းဥပဒေကို တရားဝင်အသိအမှတ်ပြုထားသည်။ အက်ဥပဒေနှစ်ခုလုံးသည် "ဓလေ့ထုံးတမ်းဥပဒေ" ကို တိတိကျကျ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိသော်လည်း တန်ဇေးနီးယားနိုင်ငံ၏ အခြားဥပဒေများကို မဆန့်ကျင်လျှင် သို့မဟုတ် အခြားသူများ၏ အခွင့်အရေးကိုမထိခိုက်လျှင် လူမှုအသိုင်းဝိုင်းများသည် မိမိတို့၏ဓလေ့ထုံးတမ်း၊ အလေ့အထများကို လွတ်လပ်စွာ သတ်မှတ်နိုင်သည်။ ကန့်သတ်ချက်တစ်ခုမှာ အမျိုးသမီး၊ ကလေး သို့မဟုတ် မသန်စွမ်းသူများ၏ တရားဝင်မြေပိုင်ဆိုင်ခွင့်နှင့် မြေအသုံးချခွင့်တို့ကို ငြင်းပယ်ထားသည့် မည်သည့်ဓလေ့ထုံးတမ်းဥပဒေကိုမျှ ကျင့်သုံးခွင့် မရှိပါ။ သို့ရာတွင် တန်ဇေးနီးယားနိုင်ငံတွင် နေထိုင်သော တိုင်းရင်းသား/မျိုးနွယ်စု (၁၂၀) ကျော်တို့၏ မတူညီသောဓလေ့ထုံးတမ်းများကြောင့် ဓလေ့ထုံးတမ်းအားလုံးကို လွှမ်းခြုံသည့် မြေမူဝါဒနှင့် ဥပဒေများရေးဆွဲရာတွင် ကြီးမားသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

VLA အရ မြေများကို ထိန်းသိမ်းမြေ (reserved land)၊ ကျေးရွာမြေ (village land) နှင့် အထွေထွေမြေ (general land) ဟူ၍ မြေအမျိုးအစား (၃) မျိုးခွဲခြားထားသည်။ ထိန်းသိမ်းမြေများတွင် သစ်တောကြိုးဝိုင်း၊ တိရစ္ဆာန်ဥယျာဉ်၊ တိရစ္ဆာန်ကြိုးဝိုင်း၊ အများပိုင်အဆောက်အအုံနှင့် ဟိုင်းဝေးလမ်းအတွက် လျာထားသော မြေ၊ အန္တရာယ်ရှိသော မြေနှင့် မြို့ပြစီမံကိန်းမြေများ ပါဝင်သည်။ တန်ဇေးနီးယားနိုင်ငံ၏ မြေ (၂၅) ရာခိုင်နှုန်းသည် ထိန်းသိမ်းမြေများဖြစ်သည်။ ကျေးရွာမြေသည် မှတ်ပုံတင်ထားသော ကျေးရွာတစ်ခုက စီမံခန့်ခွဲခွင့်ရှိသော မြေများဖြစ်သည်။ အထွေထွေမြေသည် ထိန်းသိမ်းမြေနှင့် ကျေးရွာမြေမဟုတ်သော မြေများကို ရည်ညွှန်းသည်။ မြို့ပြမြေနေရာများသည် အထွေထွေမြေအမျိုးအစားတွင် ပါဝင်သည်။ မြေအားလုံးကို နိုင်ငံတော်/အစိုးရက ပိုင်ဆိုင်သဖြင့် ပြည်သူလူထုရရှိသော မြေအခွင့်အရေးများသည် ပုဂ္ဂလိကပိုင်ဆိုင်မှုအခွင့်အရေးများမဟုတ်ဘဲ ငှားရမ်းနေထိုင်ခွင့် (rights of occupancy) များသာဖြစ်သည်။ မြေအက်ဥပဒေအရ မြေငှားရမ်းနေထိုင်ခွင့် (၂) မျိုးရှိသည်။ ၎င်းတို့မှာ ဓလေ့ထုံးတမ်းအရ မြေငှားရမ်းနေထိုင်ခွင့် (customary rights of occupancy) နှင့် အစိုးရချပေးသော မြေငှားရမ်းနေထိုင်ခွင့် (grants rights of occupancy) တို့ ဖြစ်သည်။ မြေငှားရမ်းနေထိုင်ခွင့်အမျိုးအစားနှစ်ခုလုံးသည် တူညီသော တရားဝင်မှုရှိပြီး၊ ဓလေ့ထုံးတမ်းအရ ငှားရမ်းနေထိုင်ခွင့်သည် ကျေးရွာမြေများနှင့်ဆိုင်ပြီး အစိုးရချပေးသည့် မြေငှားရမ်းနေထိုင်ခွင့်သည်ထိန်းသိမ်းမြေနှင့် အထွေထွေမြေများနှင့် သက်ဆိုင်သည်။

VLA တွင် ဓလေ့ထုံးတမ်းအရ မြေငှားရမ်းနေထိုင်ခွင့်သည် အစိုးရပေးသည့် မြေငှားရမ်းနေထိုင်ခွင့်နှင့် တန်းတူတရားဝင်မှု ရှိသည်ဟု အတိအလင်းဖော်ပြထားသည်။ အစိုးရသည် ကျေးရွာပိုင်မြေ သို့မဟုတ် ကျေးရွာသားတစ်ဦး၏မြေကို အများအကျိုးငှာ သိမ်းဆည်းလိုပါက အစိုးရချပေးသည့် မြေငှားရမ်းနေထိုင်ခွင့် ရှိသည့်မြေများကို သိမ်းဆည်းပါက လျော်ကြေးပေးဆောင်ရမည်။ VLA ကို တန်ဇေးနီးယားနိုင်ငံ၏ ရှိထားသော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များအပေါ် အခြေခံရေးဆွဲထားသည်။ ကျေးရွာအဆင့် အခြေခံအုပ်ချုပ်ရေးယူနစ်များမှာ ၁) ကျေးရွာတွင်နေထိုင်သော အသက် (၁၈) နှစ်နှင့်အထက် အမျိုးသားနှင့် အမျိုးသမီးများ အားလုံးပါဝင်သည့် ကျေးရွာလူထု (village assembly) နှင့် ၂) ကျေးရွာလူထုအစား ကျေးရွာကို စီမံအုပ်ချုပ်သော ရွေးကောက်ခံကျေးရွာကောင်စီ(village council) တို့ ဖြစ်သည်။ ကျေးရွာကောင်စီသည် ကျေးရွာနှင့်ဆိုင်သော အထွေထွေမူဝါဒများကိုချမှတ်သည်။ ကျေးရွာကောင်စီသည် တစ်လတစ်ကြိမ်တွေ့ဆုံပြီး ကျေးရွာလူထုကို သုံးလတစ်ကြိမ် အစီရင်ခံရသည်။ ကောင်စီအဖွဲ့ဝင်၏ လေးပုံတစ်ပုံသည် အမျိုးသမီး ဖြစ်ရသည်။ အရေးကြီးသည့်အချက်မှာ ကျေးရွာကောင်စီသည် ဗဟိုအစိုးရနှင့် ကျေးရွာအဆင့်အထက်ရှိ ခရိုင်ကောင်စီတို့က ဝင်ရောက်စွက်ဖက်ခွင့်မရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည့် အုပ်ချုပ်ရေးယူနစ်တစ်ခု ဖြစ်သည်။

VLA အရ ကျေးရွာအတွင်းရှိ လူတစ်ဦးချင်းနှင့် မိသားစုတို့အား တရားဝင်မြေအခွင့်အရေး ချပေးနိုင်ရန် ကျေးရွာကို အရင်မှတ်ပုံတင်ပြီး ကျေးရွာမြေလက်မှတ်ကို ဦးစွာရယူထားရန်လိုသည်။ ထို့နောက် ကျေးရွာများသည် ကျေးရွာအတွင်းရှိ မည်သည့်မြေများသည် အစုအဖွဲ့ပိုင်မြေ၊ တစ်ဦးချင်းပိုင်/ မိသားစုပိုင်မြေနှင့် ထိန်းသိမ်းမြေများဖြစ်သည်ကို နယ်နိမိတ်သတ်မှတ်ရန် လိုသည်။ ကျေးရွာ

မြေများကို စနစ်တကျနယ်နိမိတ်သတ်မှတ်၊ မြေပုံထုတ်ပြီးနောက် ကျေးရွာကောင်စီသည် ကျေးရွာမြေလက်မှတ် လျှောက်ထားမှု လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်နိုင်သည်။ ကျေးရွာကောင်စီသည် ကျေးရွာမြေလက်မှတ်ရရှိရေးအတွက် ခရိုင်မြေအရာရှိထံသို့ လျှောက်လွှာပေးပို့ရပြီး ခရိုင်မြေအရာရှိက ကျေးရွာမြေလက်မှတ်ကိုချပေးသည်။ ထိုမြေလက်မှတ်ကို ကျေးရွာကောင်စီက လေ့လာ သုံးသပ်၊ အတည်ပြုလက်မှတ်ထိုးရသည်။ ခရိုင်မြေအရာရှိသည် ကျေးရွာကောင်စီလက်မှတ်ထိုးထားသော မြေလက်မှတ်ကို မြေ ကော်မရှင်နာထံသို့ ပေးပို့ရသည်။ ကော်မရှင်နာသည် သမ္မတကိုယ်စား ကျေးရွာမြေလက်မှတ်ကို လက်မှတ်ရေးထိုးလိုက်သည်နှင့် တစ်ပြိုင်နက် အဆိုပါကျေးရွာမြေသည် နိုင်ငံတော်၏မှတ်တမ်းစနစ်တွင် တရားဝင်မှတ်ပုံတင်ပြီး ဖြစ်သွားသည်။ ကျေးရွာမြေလက်မှတ် ရှိသော ကျေးရွာ၏ ကျေးရွာကောင်စီသည် မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ပိုင်ခွင့်များရှိပြီး ကျေးရွာ၏သက်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ နှင့်အညီ မြေငှားရမ်းထိုင်ခွင့်နှင့် အသုံးချခွင့်တို့ကို ခွင့်ပြုနိုင်သည်။ ထို့ပြင် ကျေးရွာစီးပွားရေးလုပ်ငန်းနှင့် မြေနှင့် သယံဇာတစီမံခန့်ခွဲမှု အတွက် ကျေးရွာနည်းဥပဒေပြဋ္ဌာန်းနိုင်သည်။

တန်ဇေးနီးယားနိုင်ငံတွင် မြေရှားပါးလာမှုနှင့် ရင်းနှီးမြှုပ်နှံသူများအား အကြီးစားမြေလုပ်ပိုင်ခွင့်များ ချပေးခြင်းတို့ကြောင့် တိရစ္ဆာန်များလွတ်ကျောင်းရန်အတွက် ကျယ်ဝန်းသောမြေကွက်များကို စားကျက်မြေအဖြစ် အသုံးပြုကြရသည့် မွေးမြူရေးသမား များ၏ မြေအခွင့်အရေးနှင့် အသက်မွေးဝမ်းကျောင်း လုံခြုံမှုသည် တစ်ဖြည်းဖြည်းအန္တရာယ်ရှိလာသည်။ အဆိုပါစားကျက်ရွှေ့ပြောင်း ထိန်းကျောင်းသည့် မွေးမြူရေးသမားများ၏ မြေအခွင့်အရေးတို့ကို ကာကွယ်ရန်အတွက် VLA တွင် ကျေးရွာမြေသည် တိရစ္ဆာန်ကျောင်း ရန်လပ်ထားသော မြေများ သို့မဟုတ် ကျေးရွာသားများ၏ သဘောတူညီမှုဖြင့် သို့မဟုတ် ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အသုံးပြုခွင့် ပေးထားသော မြေများ သို့မဟုတ် စားကျက်မြေတွင် ကျွဲနွားကျောင်းရန်အတွက် ဓလေ့ထုံးတမ်းအရ ဖြတ်သန်းခွင့်ပြုထားသည့်မြေများ စသည်တို့ကို ထည့်သွင်းခွင့်သတ်မှတ်ခွင့် ပေးထားသည်။ ထို့အပြင် အသေးစားရွှေ့ပြောင်းစိုက်ပျိုးရေးသမားများနှင့် ရွှေ့ပြောင်း မွေးမြူရေးသမားများ၏ မြေအခွင့်အရေးကို ကာကွယ်ရန်အတွက် ထိုအုပ်စုနှစ်စုလုံးအသုံးပြုသည့် မြေများအတွက် "မြေမျှဝေအသုံး ပြုမှု အစီအစဉ် (land sharing arrangements)" ကို နှစ်ဖွဲ့လုံး၏ ညှိနှိုင်းသဘောတူချက်များဖြင့် ကျင့်သုံးခွင့် ပေးထားသည်။

## တန်ဇေးနီးယားနိုင်ငံ၏ တစ်ဦးချင်းမြေအခွင့်အရေးများ

အထက်တွင်ဖော်ပြထားသည့်အတိုင်း တန်ဇေးနီးယားနိုင်ငံတွင် မြေလက်ဝယ်ထားပိုင်ခွင့်ကို အစိုးရချပေးသော မြေငှားရမ်း နေထိုင်ခွင့်နှင့် ဓလေ့ထုံးတမ်းအရ မြေငှားရမ်းနေထိုင်ခွင့်တို့မှတစ်ဆင့် ရယူနိုင်သည်။ VLA အရ ကျေးရွာကောင်စီသည် တန်ဇေးနီး ယားနိုင်ငံသားတစ်ဦးချင်းစီကိုလည်းကောင်း၊ တန်ဇေးနီးယားနိုင်ငံသားများဖြစ်သည့် မိသားစုတစ်ခုကိုလည်းကောင်း၊ တန်ဇေးနီးယား နိုင်ငံသား အများစုပါဝင်သည့် အကျိုးတူလုပ်ငန်းတစ်ခုကိုလည်းကောင်း ဓလေ့ထုံးတမ်းအရ မြေငှားရမ်းနေထိုင်ခွင့်ကို ချပေး နိုင် သည်။ ထို့ပြင် ဓလေ့ထုံးတမ်းအရ မြေငှားရမ်းနေထိုင်ခွင့်ကို ငှားရမ်းခွင့် သို့မဟုတ် ထပ်မံငှားရမ်းခွင့်ကို ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ခွင့်ပြုထားသည်။ ဓလေ့ထုံးတမ်းအရ မြေငှားရမ်းနေထိုင်ခွင့်ကို ကျေးရွာ ကောင်စီထံတွင် လျှောက်ယူနိုင်ပြီး ထိုသို့လျှောက်ယူရာတွင် ကျေးလက်နေပြည်သူများအားလုံး လက်လှမ်းမီနိုင်ရေးအတွက် မြေလျှောက်ထားသူသည် လျှောက်ထားသည့်မြေကို စနစ်တကျ ကွင်းဆင်း၊ တိုင်းတာ၊ မြေပုံထုတ်ရန်မလိုပေ။ မြေနေရာ၏ ထင်သာမြင်သာသော နယ်နိမိတ်အမှတ်အသားနှင့် မြေပုံကြမ်းကို တင်ပြ ခြင်းဖြင့် မြေလျှောက်ထားရယူနိုင်သည်။ ကျေးရွာကောင်စီသည် လျှောက်ထားချက်များကိုစိစစ်ပြီး မြေငှားရမ်းအသုံးပြုခွင့်ပေးနိုင် သကဲ့သို့ ငြင်းပယ်ခွင့်လည်းရှိသည်။ သို့ရာတွင် ဓလေ့ထုံးတမ်းမြေငှားရမ်း အသုံးပြုခွင့်ကို ကျေးရွာလူထု၏ ခွင့်ပြုချက်မပါဘဲ ချပေး ပိုင်ခွင့် မရှိပေ။

ဓလေ့ထုံးတမ်းမြေငှားရမ်း အသုံးပြုခွင့်ပေးထားသော မြေသည့် ကြာချိန်အကန့်အသတ်မရှိပါ။ ထို အခွင့်အရေးရရှိထားသူ သည် အခွန်ဆောင်ခြင်း၊ အဆောက်အဦးဆောက်လုပ်ခြင်းမပြုမီ ခွင့်ပြုချက်ရယူရန်၊ မြေကိုထိန်းသိမ်းရန်၊ မြေကို ဓလေ့ထုံးတမ်းနှင့် အညီ သို့မဟုတ် ရေရှည်တည်တံ့သည့်နည်းလမ်းများဖြင့် အသုံးပြုသွားရန်လိုသည်။ တစ်ဘက်တွင်လည်း ထိုမြေကိုလွတ်လပ်စွာ ရောင်းချ၊ လက်ဆောင်ပေး၊ အမွေပေး၊ ငှားရမ်း၊ ပေါင်နှံမှုများ ပြုလုပ်နိုင်သည့် အခွင့်အရေးများပေးထားသည်။ ဓလေ့ထုံးတမ်းမြေ ငှားရမ်း အသုံးပြုခွင့်ရရှိထားသော ကျေးရွာသားတစ်ဦးသည် အဆိုပါအခွင့်အရေးများအတွက် ခွင့်ပြုချက်ရယူရန် မလိုပေ။ VLA ပါ အဆိုပါပြဋ္ဌာန်းချက်ကြောင့် နိုင်ငံအတွင်း လွန်ခဲ့သောဆယ်စုနှစ်သုံးလေးခုအတွင်း မြေရောင်းဝယ်မှုများ အဆမတန်မြင့်တက်လာ သည်။ မြေအရောင်းအဝယ် ဈေးကွက်ဖွံ့ဖြိုးလာသည်နှင့်အမျှ ပုဂ္ဂလိကမြေပိုင်ဆိုင်မှုများလာပြီး ကျေးရွာကောင်စီကချပေးနိုင်သည့် မြေများလည်း လျော့နည်းလာသည်။

မြေရှားပါးလာမှုနှင့် မြေဈေးကွက်ကြီးထွားလာမှုတို့ကြောင့် ထိခိုက်လွယ်သော လူအုပ်စုတို့၏ မြေအခွင့်အရေးများမှာလည်း တစ်ဖြည်းဖြည်းအားနည်းလာသည်။ VLA တွင် ထိခိုက်လွယ်သော လူအုပ်စုတို့၏ ဓလေ့ထုံးတမ်းမြေအခွင့်အရေးများကို ကာကွယ်ရန် ကျေးရွာကောင်စီအား တာဝန်အပ်နှင်းထားသည်။ ကျေးရွာကောင်စီသည် မိသားစုအတွင်း ခွဲခြားဆက်ဆံမှုများ မရှိရေးအတွက် စစ်ဆေးထိန်းကျောင်းရသည်။ အမျိုးသားတစ်ဦးက မိမိမြေကိုစွန့်လွှတ်သည့်အခါ ပထမအနေဖြင့် မိမိ၏ ဇနီး၊ ထို့နောက် မိမိကို မှီခိုသူများအား ပေးအပ်ရန်နှင့် မြေလွှဲပြောင်းမှုများတွင် လွှဲပြောင်းသူ၏ ဇနီးထံမှ သဘောတူညီချက်ရယူရန် လိုအပ်ကြောင်းနှင့်၊ ထိုကဲ့သို့ဆောင်ရွက်မှု ရှိမရှိကို ကျေးရွာကောင်စီကစစ်ဆေးကြပ်မတ်ပေးရမည်ဟု VLA တွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။ သို့ရာတွင် ဘန်တူမျိုးနွယ်စု (Bantu tribes) ၏ ဓလေ့ထုံးတမ်း ဥပဒေသည် တန်ဇေးနီးယားအမျိုးသားမြေမူဝါဒနှင့် ကျေးရွာမြေဥပဒေတို့နှင့်ကွဲလွဲမှုရှိနေသေးသည်။ ဘန်တူ မျိုးနွယ်စုတို့၏ ဓလေ့ထုံးတမ်းဥပဒေအရ မုဆိုးမအမျိုးသမီးများသည် မြေအမွေဆက်ခံခွင့်မရှိပေ။ မြေအမွေကို ၎င်း၏သားယောကျ်ားကသာ ဆက်ခံခွင့်ရှိပြီး ၎င်းအားကြည့်ရှုစောင့်ရှောက်ရန် တာဝန်ရှိသည်။

ကျေးရွာကောင်စီသည် ကျေးရွာသားမဟုတ်သည့် ပြင်ပလူတစ်ဦး သို့မဟုတ် လူအုပ်စုအား ဓလေ့ထုံးတမ်းမြေငှားရမ်းအသုံးပြုခွင့် ချပေးနိုင်သည်။ ထိုမြေအခွင့်အရေး လျှောက်ထားသူသည် ၎င်းနှင့် အမျိုးတော်စပ်မှု မရှိသည့် အနည်းဆုံးကျေးရွာသား (၅) ဦး၏ ထောက်ခံချက်နှင့်အတူ လျှောက်ထားနိုင်သည်။ ကျေးရွာကောင်စီသည် ရင်းနှီးမြှုပ်နှံသူများအတွက် ကျေးရွာမြေ ငှားရမ်းအသုံးပြုခွင့်ချပေးရာတွင် တန်ဇေးနီးယားနိုင်ငံ၏ မြေကော်မရှင်နာနှင့်တိုင်ပင်ပြီး မြေငှားရမ်းခနှုန်းထားသတ်မှတ်ကာ ရင်းနှီးမြှုပ်နှံသူထံမှ မြေငှားရမ်းခကောက်ခံနိုင်သည်။ VLA အရ ရွာသားများသည် မြေလျှောက်ထားမှုနှင့် မြေလျှောက်ထားသူ ကမ်းလှမ်းသည့် မြေငှားရမ်းခနှုန်းထားတို့ကို ငြင်းပယ်ခွင့်ရှိသည်။ အကယ်၍ ရင်းနှီးမြှုပ်နှံသူကပေးသော မြေငှားရမ်းခနှုန်းထားကို ကျေးရွာက လက်ခံသည့်တိုင် ငွေပေးချေမှုအပြည့်အဝ မပြုလုပ်လျှင် သို့မဟုတ် ငွေပေးချေမှုအစီအစဉ်ကို သဘောမတူလျှင် ဓလေ့ထုံးတမ်းမြေငှားရမ်းအသုံးပြုခွင့်ကို ဆိုင်းငံ့ထားနိုင်သည်။ သို့ရာတွင် ကျေးရွာသားမဟုတ်သော ရင်းနှီးမြှုပ်နှံသူများသည် ဓလေ့ထုံးတမ်းမြေ အခွင့်အရေးဆိုင်ရာ စည်းကမ်းချက်တို့ကို လိုက်နာမှုမရှိပါက ၎င်းတို့ကိုချပေးထားသော မြေငှားရမ်းအသုံးပြုခွင့်တို့ကို သမ္မတ (ကိုယ်စား မြေကော်မရှင်နာ) ကသာလျှင် ရုတ်သိမ်းခွင့်ရှိသည်။ ဆိုလိုသည်မှာ လက်ရှိဥပဒေမူဘောင်အရ အန္တိမအာဏာသည် ရွာသားများ၏ လက်ထဲတွင်မရှိဘဲ သမ္မတ၏ လက်ထဲတွင်သာ ရှိနေသည်။

## မြေအငြင်းပွားမှု ဖြေရှင်းခြင်း

VLA အရ ဓလေ့ထုံးတမ်းဥပဒေသည် တန်ဇေးနီးယားနိုင်ငံ၏ ပြဋ္ဌာန်းဥပဒေများကို ဆန့်ကျင်မှုမရှိသရွေ့ ကျေးရွာတွင်း အငြင်းပွားမှုများကို ဓလေ့ထုံးတမ်းဥပဒေ စီရင်ဆုံးဖြတ်နိုင်သည်။ ထို့ပြင် ကျေးရွာအတွင်း မြေအငြင်းပွားမှုများကိုလည်း ဓလေ့ထုံးတမ်း အကြီးအကဲများပါဝင်သည့် အဖွဲ့ကတိုက်ရိုက်စီရင် ဆုံးဖြတ်သည့် အစီအမံတစ်ခုကိုလည်း VLA တွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။ VLA အရ ကျေးရွာသားများသည် ကျေးရွာကောင်စီကိုခန့်အပ်ရပြီး ကျေးရွာကောင်စီသည် ကျေးရွာမြေကောင်စီအတွက် ကျေးရွာတွင်း အငြင်းပွားမှုများကို မျှတစွာဖြေရှင်းပေးနိုင်ချေရှိသည့် လူပုဂ္ဂိုလ် (၇) ဦး (အမျိုးသမီး ၃ ဦးပါရမည်) ကို အဆိုပြုပြီး ကျေးရွာလူထုက အတည်ပြုရသည်။ သို့ရာတွင် မြေကောင်စီသည် ကြားနေညှိနှိုင်းပေးခွင့်သာရှိပြီး အမှုကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ပိုင်ခွင့်နှင့် အရေးယူပိုင်ခွင့်ဆိုင်ရာ တရားဝင်တရားရေးအာဏာ မရှိပါ။ မြေကောင်စီသည် ၎င်း၏ လုပ်ပိုင်ခွင့်နယ်နိမိတ်အတွင်းရှိ မြေအငြင်းပွားမှုဆိုင်ရာ တိုင်တန်းချက်များကို လက်ခံခြင်း၊ အငြင်းပွားမှုနှင့်ပတ်သက်သည့် နှစ်ဘက်လုံးမှ လူပုဂ္ဂိုလ်များအား အစည်းအဝေးခေါ်ယူခြင်းနှင့် နှစ်ဘက်လုံးက လက်ခံနိုင်သည်အထိ ကြားနေညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ရသည်။

အစပိုင်းတွင် VLA သည် ကျေးရွာမြေကောင်စီက ကြားနေညှိနှိုင်းပေးမှုရလဒ်များကို အယူခံဝင်ခြင်း သို့မဟုတ် တရားဝင် တရားရုံးစနစ်နှင့် ချိတ်ဆက်ခြင်းတို့ကို ခွင့်မပြုခဲ့သော်လည်း ၂၀၀၂ ခုနှစ်တွင် တန်းဇေးနီးယားနိုင်ငံ၏ ကျေးရွာမြေအငြင်းပွားမှု အက်ဥပဒေကို ပြဋ္ဌာန်းပြီးနောက် ထိုဥပဒေအရ ကျေးရွာမြေကောင်စီ၏ ဆုံးဖြတ်ချက်များကို မကျေနပ်ပါက အယူခံဝင်ခွင့်ပေးထားသည်။ ကျေးရွာမြေကောင်စီ (Village Land Council) မှ ရပ်ကွက်ခုံရုံး (Ward Tribunal)၊ ထိုမှတစ်ဆင့်ခရိုင်မြေနှင့် အိမ်ရာခုံရုံး (District Land and Housing Tribunal)၊ ထို့နောက် တရားရုံးချုပ်(High Court)အထိအယူခံဝင်ခွင့်ရှိသည်။ မြေယာအငြင်းပွားမှု ဖြေရှင်းရာတွင် အထက်ပိုင်းအဆင့် ခုံရုံးအဆင့်ဆင့်တို့က ဓလေ့ထုံးတမ်းဥပဒေများကို ထည့်သွင်းစဉ်းစား နိုင်သော်လည်း ဓလေ့ထုံးတမ်းဥပဒေဖြင့်ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို လျစ်လျူရှုကာ သင့်တော်သလို ဆုံးဖြတ်ပိုင်ခွင့်လည်းရှိသည်။

## မြေဥပဒေအကောင်အထည်ဖော်မှုဆိုင်ရာ စိန်ခေါ်မှုများ

မြေအက်ဥပဒေများကို လူထုအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိရေးအတွက် တန်ဇေးနီးယားအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့ (NGOs) တို့က မြေဥပဒေပညာပေးအစီအစဉ်များကို နိုင်ငံတစ်ဝှမ်းပြုလုပ်ခဲ့သည်။ သို့ရာတွင် မြေအက်ဥပဒေများ ပြဌာန်းပြီး (၆) နှစ်ကြာပြီးသည့်တိုင် တန်ဇေးနီးယားနိုင်ငံသားအများစုသည် မြေဥပဒေများသည် မိမိတို့၏မြေအခွင့်အရေးနှင့် မြေလုပ်ပိုင်ခွင့်လုံခြုံရေး အပေါ် မည်သို့သက်ရောက်မှုရှိသည်ကို သိရှိနားလည်းမှု မရှိကြပေ။ ဥပဒေအထောက်ကူပြုအဖွဲ့တွင် လုပ်ကိုင်နေသူများလည်း မြေအက်ဥပဒေများကို အပြည့်အဝနားလည်မှု မရှိကြပေ။ ဥပမာ - မြေမှတ်ပုံတင်ခြင်းကို မဖြစ်မနေ လုပ်စရာမလိုခြင်းနှင့် မြေကို မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မှတ်ပုံမတင်ထားသည်ဖြစ်စေ အကာအကွယ်ပေးထားခြင်းတို့ကို ရှင်းရှင်းလင်းလင်း မသိကြပေ။ ထို့ပြင် မြေအက်ဥပဒေများကို အကောင်ထည်ဖော်ရာတွင် လိုအပ်သည့်ဘဏ္ဍာငွေနှင့် စီမံအုပ်ချုပ်ရေးစွမ်းရည်တို့သည် အလွန်အားနည်း နေသည်။

ထို့ကြောင့် မြေအက်ဥပဒေများ ပြဌာန်းပြီး (၇) နှစ်အကြာ၊ ၂၀၀၅ ခုနှစ်တွင် တန်ဇေးနီးယားနိုင်ငံ၏ မြေနှင့် အခြေချထိုင်မှု ဆိုင်ရာဝန်ကြီးဌာနသည် မြေဥပဒေများ အကောင်အထည်ဖော်မှုဆိုင်ရာ မဟာဗျူဟာအစီအစဉ် (Strategic Plan for the Implementation of the Land Laws (SPILL) ကို ထုတ်ပြန်ခဲ့သည်။ SPILL သည် တန်ဇေးနီးယားနိုင်ငံရှိ အကျိုးသက်ဆိုင်သူ ၂၇၀၀ ကျော်ပါဝင်သည့် နိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကျင်းပပြီးနောက် ချမှတ်ခဲ့သောအစီအစဉ်ဖြစ်သည်။ SPILL တွင် မြေအက်ဥပဒေများကို အကောင်ထည်ဖော်မှုဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုးကို ဖော်ထုတ်ထားပြီး ထိုစိန်ခေါ်မှုများကို ကျော်လွှား နိုင်မည့်လုပ်ငန်းစဉ်တို့ကိုချမှတ်ထားသည်။အနှစ်သာရအားဖြင့် SPILL သည်အမျိုးသားမြေစီမံအုပ်ချုပ်မှုစနစ်၏အစိတ်အပိုင်းအားလုံး ကို ပြန်လည်ပြုပြင်ပြောင်းလဲရန် အဆိုပြုခဲ့သည်။ တစ်ချိန်တည်းတွင် အိမ်ခြံမြေနှင့် စီးပွားရေးလုပ်ငန်းစနစ်ကျရေး အစီအစဉ် (MKURABITA) ကို သမ္မတရုံးက အကောင်အထည်ဖော်နေသည်။ ထိုအစီအစဉ်သည် မြေယာပုဂ္ဂလိကပိုင်ပြုရေး သဘောတရားကို အခြေခံထားပြီး ဆောင်ရွက်နေခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ဖြေလျှော့ပေးခြင်းဖြင့် တန်ဇေး နီးယားနိုင်ငံ၏ မြေအရင်းအမြစ်များကို ပိုကြီးမားသော စီပွားရေးအကျိုးအမြတ်အတွက် အသုံးချသွားရန် ဖြစ်သည်။ အထူးသဖြင့် ဓလေ့ထုံးတမ်းမြေများကို နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အကျိုးရှိရှိအသုံးချနိုင်မည့် အခွင့်အလမ်းကို ဖွင့်ပေးရန် ဖြစ်သည်။

SPILL နှင့် MKRABITA အစီအစဉ်တို့ကို ကနဦးအကောင်အထည်ဖော်ရာတွင်လည်း မျှော်လင့်မထားသော စိန်ခေါ်မှုများနှင့် ကြုံတွေ့ရသည်။ MKRABITA သည် ကျေးရွာမြေဥပဒေအရ မြေအသုံးချမှုအစီအစဉ်၊ မှတ်ပုံတင်ခြင်းနှင့် ဥပဒေဘောင်သွင်းခြင်း လုပ်ငန်းစဉ် (ကျေးရွာနယ်နိမိတ်သတ်မှတ်ခြင်း၊ မြေလက်မှတ်ထုတ်ပေးခြင်းနှင့် ကျေးရွာမြေအသုံးချမှု နည်းဥပဒေရေးဆွဲခြင်း အစရှိသည်) တို့ကို အကောင်အထည်ဖော်ရာတွင် မြေကိုပိုင်ရှင်တစ်ဦးတည်းနာမည်ဖြင့် မှတ်ပုံတင်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူတို့အကြား ပဋိပက္ခများဖြစ်ခြင်းနှင့်၊ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် စစ်မှန်သော လူထုပါဝင်မှုနည်းခြင်းတို့ကြောင့် မြေရှင်များ ပေါ်ထွက်လာပြီး မြေယာမဲ့များတရားဝင်ဖြစ်စေသည့် မျှော်လင့်မထားသော မြေလုမှု/မြေသိမ်းမှုအခြေအနေကို ဖန်တီး လိုက်သကဲ့သို့ ဖြစ်ခဲ့သည်။ စားကျက်ရွှေ့ပြောင်း မွေးမြူရေးသမားများသည် မိမိတို့အသုံးပြုလာခဲ့သော စားကျက်မြေများကို ဗဟို အစိုးရထိန်းချုပ်မှုအောက်တွင် အပြည့်အဝရှိသည့် အထွေထွေမြေအမျိုးအစားတွင် သတ်မှတ်ခံရမည်ကိုစိုးရိမ်နေကြသည်။ အကြောင်းမှာ အစိုးရအာဏာပိုင်များက ထိုစားကျက်မြေများကို “လပ်နေသော” မြေများအဖြစ် သတ်မှတ်နိုင်သောကြောင့် ဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် ထုတ်ပြန်သော IIED နှင့် FAO တို့၏ အစီရင်ခံစာအရ တန်ဇေးနီးယားနိုင်ငံသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူ/ ကုမ္ပဏီများအား ငှားရမ်းပေးနိုင်ရန် ကျေးရွာမြေအမြောက်အများကို အထွေထွေမြေများအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ရင်းနှီး မြှုပ်နှံသူတို့သည် ကျေးရွာမြေငှားရမ်းလုပ်ကိုင်ခွင့် ရရှိရန်အတွက် ငှားရမ်းခနှင့်လျော်ကြေးတို့ကို ကျေးရွာကောင်စီနှင့် တိုက်ရိုက်ညှိနှိုင်း သော်လည်း ညှိနှိုင်းသဘောတူချက်များကို လိုက်နာရန် ဥပဒေအရ စည်းနှောင်မှုမရှိပေ။ ထို့အပြင် အစိုးရအာဏာပိုင်များကလည်း မဖြစ်မနေ သိမ်းဆည်းရသည့် ကျေးရွာမြေအတွက် ပေးရမည့်နစ်နာကြေးများကို လက်တွေ့တွင် အမြဲတမ်းပေးအပ်လေ့မရှိပေ။ ထို့ကြောင့် VLA တွင် တရားမျှတပြီး ထိုက်သင့်သည့် အားလုံးပါဝင်မှုရှိသော ကျေးရွာ-ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးတူပူးပေါင်းမှုကို အကာကွယ်ပေးထားသော်လည်း လက်တွေ့တွင် VLA ၏ အားနည်းချက်ကိုအသုံးချပြီး ကျေးရွာမြေအချို့ကို အထွေထွေမြေများအဖြစ် ပြောင်းလဲခဲ့သည့် ဖြစ်ရပ်များ ရှိခဲ့သည်။ ၎င်းတို့၏ နိုင်ငံရေးနှင့် စီးပွားရေးစိတ်ဆန္ဒ အပြောင်းအလဲအပေါ် မူတည်ပြီး အစိုးရသည် အလွန်ကောင်းမွန်သော မြေဥပဒေတစ်ရပ်ကို အပြည့်အဝအကောင်ထည်မဖော်ဘဲ လျစ်လျူရှုနိုင်သည်ကို SPILL နှင့် MKURABITA တို့က မီးမောင်းထိုး သာဓကပြလျက်ရှိသည်။

## မြေအက်ဥပဒေများ၏ အားသာချက်နှင့် အားနည်းချက်များ

- **ရှိထားသော ဓလေ့ထုံးတမ်းမြေလုပ်ပိုင်ခွင့်များကို ကာကွယ်နိုင်သော တရားဝင်မြေအခွင့်ရေးများအဖြစ် မြေအက်ဥပဒေ ပြဋ္ဌာန်းပြီးသည်နှင့် တရားဝင်အသိမှတ်ပြုခြင်း။**
  အသေးစားစိုက်ပျိုးရေးသမားနှင့် စားကျက်ရွှေ့ပြောင်းမွေးမြူရေးသမားတို့၏ မြေယာအခွင့်အရေးကို အကာအကွယ်ပေး ထားသည်။

- **အမျိုးသမီးများ၏ မြေအခွင့်အရေးများကို အကာအကွယ်ပေးထားခြင်း။**
  မြေလျှောက်ထားမှု၊ လင်မယားကွာရှင်းမှုနှင့် မုဆိုးမဖြစ်မှုအခြေအနေမျိုးတွင်သာမက မြေရောင်းချ၊ လွှဲပြောင်း သို့မဟုတ် စွန့်လွှတ်သည့် အခြေအနေမျိုးတွင်လည်း ကျေးရွာကောင်စီက ပြန်လည်သုံးသပ်ရန်တာဝန်ရှိပြီး၊ အမျိုးသမီးအခွင့်အရေး ထိခိုက်နိုင်သည့် မြေလွှဲပြောင်းမှုများကိုပယ်ချနိုင်သည်။

- **အထက်အောက်တာဝန်ယူ/တာဝန်ခံမှုအစီအမံများကို ထားရှိခြင်း။**
  ကျေးရွာကောင်စီသည် ကျေးရွာမြေများကို ကျေးရွာလူထု၏ခွင့်ပြုချက်နှင့် ခရိုင်ကော်မရှင်နာ၏ သုံးသပ်ချက်မပါဘဲ ငှားရမ်းခွင့် မရှိပါ။ ထို့ပြင် ကျေးရွာကောင်စီသည် ကျေးရွာမြေစီမံခန့်ခွဲမှုလုပ်ငန်းတို့ကို ကျေးရွာလူထုနှင့် ကျေးရွာအထက် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ အစီရင်ခံတင်ပြရသည်။

- **ကျေးရွာအဆင့်အငြင်းပွားမှုဖြေရှင်းမှုရလဒ်များကို ကျေနပ်မှုမရှိပါက တန်ဇေးနီးယားနိုင်ငံ၏ အမြင့်ဆုံး တရားရုံးအထိ အဆင့်ဆင့် အယူခံဝင်ခွင့် ရှိခြင်း။**

- **ကျေးရွာမြေအက်ဥပဒေသည် အလွန်နက်နဲပြီး ရှုပ်ထွေးခြင်း။**
  ထိခိုက်လွယ်သော လူအုပ်စုများအတွက် အကာအကွယ်ပေးထားသော ပြဋ္ဌာန်းချက်များပါရှိသော်လည်း ဒေသခံလူထုသည် ထိုအခွင့်အရေးများ ရယူခံစားနိုင်သည်ကို သိရှိနားလည်မှု အလွန်အားနည်းသည်။

- **မြေအက်ဥပဒေပြဋ္ဌာန်းပြီး နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် အောက်ခြေအုပ်ချုပ်ရေးအဖွဲ့များသည် ဗဟိုအုပ်ချုပ်ရေး အဖွဲ့၏ညွှန်ကြားချက်ကို စောင့်မျှော်နေဆဲဖြစ်ခြင်းနှင့် ဥပဒေစိုးမိုးရေးအတွက် အရေးကြီးသော ယန္တရားများမတည်ဆောက် နိုင်သေးခြင်း။**
  မြေဥပဒေပြဋ္ဌာန်းပြီး (၁၀) နှစ်ကြာပြီဖြစ်သည့်တိုင် ဒေသန္တရနှင့်ခရိုင်စီမံအုပ်ချုပ်ရေးအရာရှိတို့သည် ဥပဒေအကောင်ထည် ဖော်ရာတွင် ဗဟိုအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားချက်ကို စောင့်မျှော်နေကြဆဲ ဖြစ်သည်။

- **VLA သည် ကျေးရွာများအတွက် စစ်မှန်သော မြေလုပ်ပိုင်ခွင့်လုံခြုံမှု မပေးထားခြင်း။**
  အစိုးရကသာ မြေပိုင်ဆိုင်ခွင့်ရှိသောကြောင့်လည်းကောင်း၊ အစိုးရက ကျေးရွာမြေအချို့ကို ရင်းနှီးမြှုပ်နှံသူများအား ချပေး သည့်အခါ ကျေးရွာသားများက ကန့်ကွက်နိုင်သည့်အခွင့်အရေးမှာ အလွန်အားနည်းနေသောကြောင့်လည်းကောင်း ကျေးရွာမြေလုပ်ပိုင်ခွင့်သည် အပြည့်အဝလုံခြုံမှု မရှိပေ။ VLA တွင် အထွေထွေမြေအမျိုးအစားကို "ထိန်းသိမ်းမြေနှင့်ကျေး ရွာမြေမဟုတ်သည့် အများပိုင်မြေနှင့် လူနေထိုင်၊အသုံးပြုမှုမရှိသေးသောမြေများပါဝင်သည်" ဟု ဖွင့်ဆိုထားသဖြင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုခေါင်းစဉ်ဖြင့် "အသုံးမပြုသည့်" ကျေးရွာမြေများကို အထွေထွေမြေများအဖြစ် အစိုးရက ပြောင်းလဲကာ ရင်းနှီးမြှုပ်နှံသူများအား ငှားရမ်းလုပ်ပိုင်ခွင့်များ ချပေးနိုင်သည်။ ထိုသို့ ကျေးရွာမြေများကို ဗဟိုအစိုးရ၏ စီမံအုပ်ချုပ်မှု အောက်တွင် အပြည့်အဝရှိသည့် အထွေထွေမြေများအဖြစ် ပြောင်းလဲသတ်မှတ်မှုများကို ကျေးရွာသားများက အယူခံဝင် နိုင်သည့် သို့မဟုတ် တားဆီးနိုင်သည့် အစီအမံများကိုလည်း VLA တွင် ရှင်းရှင်းလင်းလင်း ထည့်သွင်းထားခြင်းမရှိပေ။

## ၅.၂.၄ အာဖရိကနိုင်ငံ (၃) ခု၏ ဓလေ့ထုံးတမ်း မြေအခွင့်အရေးများကို ခြုံငုံသုံးသပ်ခြင်း

အာဖရိကတိုက်ရှိ နိုင်ငံ (၃) ခု၏ ဓလေ့ထုံးတမ်းမြေအခွင့်အရေးများကို တရားဝင်အသိအမှတ်ပြုထားသည့် သက်ဆိုင်ရာ မြေဥပဒေများ၏ အားသာချက်နှင့် အားနည်းချက်များကို အောက်ပါရှုထောင့် (၇) ခုမှ သုံးသပ်တင်ပြအပ်ပါသည်။

**၁) ဓလေ့ထုံးတမ်းဥပဒေများကို လူ့အခွင့်အရေးဆိုင်ရာ ရှုထောင့်များမှ အကဲဖြတ်ခြင်း**

ရိုးရာဓလေ့ထုံးတမ်း မြေယာဆိုင်ရာ အခွင့်အရေးများကို တရားဝင်အသိအမှတ်ပြုထားသော မြေယာဥပဒေများသည် သက်ဆိုင်ရာနိုင်ငံတွင် တန်ဖိုးထားကျင့်သုံးနေသည့် ဓလေ့ထုံးတမ်းအမျိုးမျိုးကို လိုက်လျောညီထွေစွာ ကျင့်သုံးခွင့်ပေးထားသည့် တစ်ပြိုင်နက်တည်းတွင် အခြေခံလူ့အခွင့်အရေးစံနှုန်းများကို အလေးထားခြင်း၊ အစုအဖွဲ့အတွင်း ခွဲခြားဆက်ဆံခံရမှုများမှ အကာအကွယ်ပေးထားခြင်းနှင့် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ်ခြင်းတို့ရှိရန် အရေးကြီးသည်။

မိုဇမ်ဘစ်နှင့်တန်ဇေးနီးယား နိုင်ငံတို့မှ မြေဥပဒေများတွင် သက်ဆိုင်ရာနိုင်ငံများ အလေးထားသည့် ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများကို အတိအကျအဓိပ္ပါယ်ဖွင့်ဆိုအသုံးပြုခြင်းမျိုး မဟုတ်ဘဲ ဒေသလိုအပ်ချက်များနှင့်အညီ ပြောင်းလဲဖွင့်ဆို အသုံးပြုခြင်းကို ခွင့်ပြုထားသည်။ နိုင်ငံ၏ မြေဥပဒေပြဋ္ဌာန်းပြီး သည်နှင့်တစ်ပြိုင်နက် သက်ဆိုင်ရာနိုင်ငံများတွင် ကျင့်သုံးလာခဲ့သော ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့် စနစ်အားလုံးကို တရားဝင်အသိမှတ်ပြုလိုက်သည်။ သို့ရာတွင် ဘော့ဆွာနာမျိုးနွယ်စုမြေ ဥပဒေသည် လူများစုဆွာနာမျိုးနွယ်စုတို့၏ ဓလေ့ထုံးတမ်းများကိုသာ တရားဝင်အသိမှတ်ပြုထားပြီး၊ လူနည်းစု ဆန်မျိုးနွယ်စုတို့၏မြေအခွင့်အရေးများကို လျစ်လျူရှုထားသည်ကိုတွေ့ရသည်။ မိုဇမ်ဘစ်နိုင်ငံ၏ ဓလေ့ထုံးတမ်း မြေစီမံခန့်ခွဲမှုတွင် အမျိုးသမီးများ၏ တန်းတူမြေအခွင့်အရေးကို အသိအမှတ်ပြုရန်နှင့် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကိုဆန့်ကျင်သည့် ဓလေ့ထုံးတမ်းစနစ်များကို ပြဋ္ဌာန်းကျင့်သုံးခြင်းမပြုရန် တားမြစ်ထားသည်။ တန်ဇေးနီးယားနိုင်ငံ၏ ကျေးရွာမြေအက်ဥပဒေတွင် ဓလေ့ထုံးတမ်းများနှင့်အညီ လွတ်လပ်စွာမြေစီမံခန့်ခွဲခွင့်နှင့် အတူ လူမှုအဖွဲ့အစည်းအတွင်းနှင့် လူမှုအဖွဲ့အစည်းများအကြား ခွဲခြားဆက်ဆံမှုများမှ ကာကွယ်စောင့်ရှောက်သည့် အစီအမံများ ထည့်သွင်းပြဋ္ဌာန်းထားသည်။

သို့ရာတွင် မိုဇမ်းဘစ်ဒေသခံလူထုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို မသိရှိကြခြင်းနှင့် ဒေသခံလူထု၏ ထုံးတမ်းစဉ်လာများအရ ချမှတ်ထားသော စည်းကမ်းချက်များလိုက်နာမှုရှိခြင်း/ မရှိခြင်းကို ထိရောက်စွာ ကြပ်မတ်ထိန်းကျောင်းမှု မရှိခြင်းကြောင့် ဓလေ့ထုံးတမ်းဥပဒေများအပေါ် အခြေပြုသောပြဋ္ဌာန်းချက်များသည် လက်တွေ့တွင်အဓိပ္ပါယ်မရှိသည်သို့ ဖြစ်နေသည်။ တန်ဇေးနီးယားနိုင်ငံတွင် ချမှတ်ထားသော ခွဲခြားဆက်ဆံရမှုများမှ ကာကွယ်စောင့်ရှောက်သည့် အစီအမံများမှာ အရေအတွက်အားဖြင့် အလွန်များပြားနေသဖြင့် သင်တန်းပေးလေ့ကျင့်ခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာနများ၏ ကူညီထောက်ပံ့မှုမပါလျှင် ၎င်းတို့ကိုအကောင်ထည်ဖော်ရသည့် ဒေသခံခေါင်းဆောင်များအတွက် ခက်ခဲသော တာဝန်ဝတ္တရားများဖြစ်နေသည်ကိုတွေ့ရသည်။ ဘော့ဆွာနိုင်ငံတွင်မူ ဓလေ့ထုံးတမ်းမြေဥပဒေပြဋ္ဌာန်းပြီး နှစ်ပေါင်း (၄၀)ကြာသည့်တိုင်အောင် လူနည်းစုတို့၏မြေအခွင့်အရေးများမှာ အကာအကွယ်မဲ့နေဆဲ ဖြစ်နေခဲ့သည်။

**၂) ဒေသန္တရမြေစီမံအုပ်ချုပ်မှုဖွဲ့စည်းပုံများသည် ရှိနေသော ဒေသတွင်းဖွဲ့စည်းပုံများအပေါ်တွင် အခြေခံတည်ဆောက်ထားခြင်း**

ဓလေ့ထုံးတမ်းမြေအခွင့်အရေးတို့ကို တရားဝင်အသိမှတ်ပြုထားသော မြေယာဆိုင်ရာ ဥပဒေများသည် ရှိနှင့်ပြီးဖြစ်သော ဒေသန္တရဓလေ့ထုံးတမ်း မြေစီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာဖွဲ့စည်းပုံများအပေါ် အခြေပြုရေးဆွဲပြဋ္ဌာန်းရန်လိုအပ်ပြီး၊ လွယ်ကူ ရိုးရှင်းစွာ လိုက်နာကျင့်သုံးနိုင်သော၊ ကြီးကြပ်ဆောင်ရွက်နိုင်သော ဥပဒေများဖြစ်ရန်နှင့်၊ အစိုးရနှင့် ပြည်သူအတွက် ကုန်ကျစရိတ် သက်သာပြီး အားလုံးလက်လှမ်းမီနိုင်သော စီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံများဖြင့် ဖွဲ့စည်း တည်ဆောက်ထားရန် အရေးကြီးသည်။

မြေစီမံအုပ်ချုပ်မှုစနစ်ကို ရှိနှင့်ပြီးဖြစ်သော ဒေသန္တရဖွဲ့စည်းပုံများနှင့် စနစ်များအပေါ်တွင် အခြေခံတည်ဆောက်ပါက ဒေသခံလူထုအတွက်လိုက်နာရန် လွယ်ကူစေသည်။ ဘော့ဆွာနာမျိုးနွယ်စုမြေဥပဒေတွင် ဓလေ့ထုံးတမ်းအရ မြေစီမံအုပ်ချုပ်ကြရသည့် မျိုးနွယ်စုအကြီးအကဲများ၏ လုပ်ငန်းတာဝန်များကို အသစ်ဖွဲ့စည်းသည့် မြေယာစီမံခန့်ခွဲမှုဘုတ်အဖွဲ့များအား လွှဲပြောင်းပေး အပ်လိုက်ခြင်းအားဖြင့် ရှိထားပြီးသား မြေယာစီမံအုပ်ချုပ်မှုစနစ်ကို ဖွဲ့စည်းတည်ဆောက်ပုံအသစ်၊ လူအသစ်များဖြင့် ပြောင်းလဲစီမံ အုပ်ချုပ်သည့်နည်းကို အသုံးပြုသည်။ တန်ဇေးနီးယားနိုင်ငံ၏ ကျေးရွာမြေဥပဒေတွင် ကျေးရွာမြေစီမံအုပ်ချုပ်ရေး အဖွဲ့သစ်များ

(ကျေးရွာအဆင့် မြေမှတ်တမ်းဌာန၊ မြေစီရင် ဆုံးဖြတ်ရေးကော်မတီ၊ မြေအငြင်းပွားမှုများကို ကြားနေညှိနှိုင်းပေးသည့် မြေကောင်စီ) ကို ဖွဲ့စည်းပြီး၊ မြေယာစီမံခန့်ခွဲမှုကို ဆောင်ရွက်စေသည်။ မိုဇမ်ဘစ် နိုင်ငံတွင်မူ မြေစီမံခန့်ခွဲရေးအဖွဲ့အသစ်တစ်ခုခုကို ဖွဲ့စည်းရန် ပြဋ္ဌာန်းထားခြင်းမျိုး မရှိဘဲ၊ ကျေးရွာမြေစီမံအုပ်ချုပ်ရေးအဖွဲ့များအား ကျေးရွာမြေများကို သင့်လျော်သလို စီမံအုပ်ချုပ်ခွင့် ပေးထားသည်။

အားနည်းချက်များမှာ ဘော့ဆွာနာမြေဘုတ်အဖွဲ့များသည် လူထုနှင့် အလှမ်းဝေးသဖြင့် ရပ်ကွက်အကြီးအကဲများကို ဆက်လက်အားထား နေကြရသည်။ ကျေးရွာမြေနှင့် သယံဇာတများကို စီမံခန့်ခွဲရာတွင်လည်း ဗဟိုအစိုးရ၏ မူဝါဒများကိုသာ အလေး ထားကြသဖြင့် ဒေသခံမြေအရည်အသွေးနှင့် ရေရှည်တည်တံ့မှုကို ထိခိုက်သည့် သယံဇာတထုတ်ယူမှုများ ဖြစ်ပွားစေခဲ့သည်။ အလားတူ တန်ဇေးနီးယားနိုင်ငံ၏ ကျေးရွာမြေစီမံအုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းရာတွင် ကုန်ကျစရိတ်များပြားခဲ့ပြီး နည်းပညာပိုင်း စွမ်းဆောင်နိုင်မှုတွင် အားနည်းခဲ့သည်။ မိုဇမ်ဘစ်နိုင်ငံတွင်လည်း ကျေးရွာမြေစီမံခန့်ခွဲမှုတွင် တရားမျှတမှု နှင့် အာဏာအလွဲသုံးစားမှု ရှိခြင်း/မရှိခြင်းကို စစ်ဆေးထိန်းကျောင်းနိုင်မှု အလွန်အားနည်း နေဆဲဖြစ်သည်။

### ၃) ရိုးရှင်းပြီး လွယ်ကူသော စီမံအုပ်ချုပ်မှုလုပ်ထုံးလုပ်နည်းများကို ချမှတ်ထားခြင်း

ဓလေ့ထုံးတမ်းမြေအခွင့်အရေးများကို တရားဝင်အသိမှတ်ပြုထားသော မြေဥပဒေများသည် ဒေသခံလူထု အလွယ်တကူ လိုက်နာဆောင်ရွက်နိုင်စေရန် ရိုးရှင်းပြီးလွယ်ကူသော စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံး လုပ်နည်းများဖြစ်ရန် အရေးကြီးသည်။

မိုဇမ်ဘစ်နှင့် ဘော့ဆွာနာနိုင်ငံတို့တွင် ဓလေ့ထုံးတမ်းမြေရပိုင်ခွင့်များတောင်းဆိုရာတွင် နှုတ်ဖြင့်သက်သေထွက်ဆိုမှုကို ခွင့်ပြုထားသဖြင့် စာမတတ်သော ဒေသခံလူထုအတွက် ဓလေ့ထုံးတမ်းမြေ အခွင့်အရေးများရရှိစေသည်။ ထို့အတူ တန်ဇေးနီးယား နိုင်ငံတွင်လည်း ကျေးရွာမြေများကို မှတ်ပုံတင်ရာတွင် သဘာဝအမှတ်အသားနှင့် ဓလေ့ထုံးတမ်းအထောက်ထားတို့ကို အသုံးပြုခွင့် ပေးထားသည်။ နိုင်ငံ (၃) ခု လုံး တွင်မြေဥပဒေပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုက်နက် လူတစ်ဦးချင်းနှင့် အစုအဖွဲ့တို့၏ ဓလေ့ထုံးတမ်းမြေ အခွင့်အရေးတို့ကို စာရွက်စာတမ်းအထောက်အထားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တရားဝင် အသိအမှတ်ပြုသည်။

အားနည်းချက်အနေဖြင့် စာတမ်းတွင် လေ့လာထားသည့် အာဖရိကနိုင်ငံ (၃) နိုင်ငံစလုံးတွင် ရိုးရှင်းလွယ်ကူသော ဓလေ့ ထုံးတမ်းမြေ စီမံအုပ်ချုပ်မှုကို အသိအမှတ်ပြုသည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ထားသော်လည်း လက်တွေ့အကောင်ထည်ဖော် ရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။ မိုဇမ်ဘစ်နိုင်ငံတွင် ကျေးရွာအတွက် အရင်းအမြစ်ပံ့ပိုးနိုင်သည်ထက် ကုန်ကျစရိတ် ပိုမိုများပြားခြင်း၊ ဘော့ဆွာနာနိုင်ငံတွင် မြေဘုတ်အဖွဲ့များသည် လူထုနှင့်အလှမ်းဝေးနေခြင်းနှင့် တန်ဇေးနီးယားနိုင်ငံတွင် ပြဋ္ဌာန်း လိုက်သည့် မြေဥပဒေများကို အကောင်အထည်ဖော်ရန် လိုအပ်သည့်ကျေးရွာအဖွဲ့အစည်းများ မရှိခြင်း စသည့် ပြဿနာအခက်အခဲ များနှင့် ကြုံတွေ့နေရသည်။

### ၄) အစိုးရအရာရှိများ၊ ဒေသခံခေါင်းဆောင်များနှင့် လူထုတို့၏ အခန်းကဏ္ဍများ

ဓလေ့ထုံးတမ်းမြေအခွင့်အရေးတို့ကို တရားဝင်အသိမှတ်ပြုထားသော မြေဥပဒေများကို အကောင် အထည်ဖော်ကျင့်သုံးရာ တွင် အစိုးရအရာရှိများ၊ ဒေသခံခေါင်းဆောင်များနှင့် ပြည်သူလူထုတို့အကြား သင့်လျော်သည့်အပြန်အလှန် စစ်ဆေးထိန်းကျောင်းမှု စနစ်ထားရှိရန် အရေးကြီးသည်။

တန်ဇေးနီးယားနှင့် ဘော့ဆွာနာနိုင်ငံတို့၏ မြေဥပဒေများတွင် အဆိုပါထိန်းကျောင်းမှုစနစ်ကို မတူညီသောပုံစံဖြင့် ထည့် သွင်းထားသော်လည်း၊ မိုဇမ်ဘစ်တွင် ရှင်းလင်းတိကျသော ထိန်းကျောင်းမှုစနစ်မပါရှိပေ။ ဘော့ဆွာနာနိုင်ငံတွင် မူလမြေဘုတ်အဖွဲ့ များ၏ အဖွဲ့ဝင်များကို မျိုးနွယ်စုအကြီးအကဲ၊ လူထုရွေးကောက်ခံနှင့် မြေယာဝန်ကြီးကခန့်အပ်သူများ သုံးချိုးတစ်ချိုးစီဖြင့် ဖွဲ့စည်းထား သည်။ တန်ဇေးနီး ယားနိုင်ငံ၏ ကျေးရွာမြေအက်ဥပဒေတွင် ဒေသခံများရွေးကောက်သည့် ကျေးရွာကောင်စီကိုဖွဲ့စည်းပြီး အထက်နှင့် အောက်အဆင့်ဆင့်သို့ တာဝန်ခံစေသည့် အစီအမံများပါရှိသည်။ ဥပမာ - ကျေးရွာကောင်စီသည် ကျေးရွာလူထု၏ အတည်ပြုချက် မပါဘဲ ဓလေ့ထုံးတမ်းမြေ ချပေးပိုင်ခွင့်မရှိသည့်အပြင် ခရိုင်ကော်မရှင်၏ စိစစ်မှုကိုပါခံယူရန် လိုအပ်သည်။

အားနည်းချက်အနေဖြင့် ဘော့ဆွာနာမြေဘုတ်အဖွဲ့များတွင် မျိုးနွယ်စုအကြီးအကဲများပါဝင်မှုကို နောက်ပိုင်းတွင် ပိတ်ပင် လိုက်ပြီး၊ ဗဟိုအစိုးရကိုယ်စားလှယ်များဖြင့် အစားထိုးလိုက်သောအခါ အဖွဲ့ဝင်များသည် အထက်သို့တာဝန်ခံမှုသာရှိပြီး အောက်ခြေ

လူထုသို့ တာဝန်ခံမှုမရှိတော့ပေ။ မိုဇမ်ဘစ်နိုင်ငံတွင် အစိုးရအဖွဲ့သည် ဒေသခံများနှင့် ပုံမှန်ထိတွေ့မှုမရှိဘဲ ရင်းနှီးမြှုပ်နှံသူများက ဒေသခံလူထုမြေကို လျှောက်ထားသည့်အခါ၊ဒေသခံနှင့် တိုင်ပင်ရန်လိုအပ်သည့်အခါနှင့် ကျေးရွာလူထုက ကျေးရွာမြေ နယ်နိမိတ်ကို မှတ်တမ်းတင်ရန်တောင်းဆိုသည့်အခါမျိုးတွင်သာ လူထုနှင့် ထိတွေ့ဆက်ဆံမှုရှိသည့် အနေအထားမျိုး ဖြစ်နေသည်။ ပြင်ပရင်းနှီးမြှုပ်နှံသူတို့က ဒေသခံလူထုကို တရားမျှတစွာဆက်ဆံမှု ရှိရေးနှင့် ဒေသခံခေါင်းဆောင်များ မြေစီမံခန့်ခွဲရာတွင် ဒေသခံအကျိုးစီးပွားကို ရှေးရှုမှု ရှိရေးအတွက် အစိုးရ၏အခန်းကဏ္ဍကို ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိပါ။

## ၅) လူမှုအသိုင်းအဝိုင်းအတွင်း ခွဲခြားဆက်ဆံခံရမှုများမှ ကာကွယ်စောင့်ရှောက်ရေး အစီအမံများ

ဓလေ့ထုံးတမ်းမြေအခွင့်အရေးတို့ကို တရားဝင်အသိအမှတ်ပြုထားသော မြေဥပဒေများသည် လူမှုအသိုင်းအဝိုင်းအတွင်း လက်လမ်းမီနိုင်သော၊ လက်တွေ့ကျပြီး သင့်လျော်သော ခွဲခြားဆက်ဆံခံရမှုများမှ ကာကွယ်စောင့်ရှောက်နိုင်သော အစီအမံများ ပါရှိရန် အရေးကြီးသည်။

ခွဲခြားဆက်ဆံခံရမှုများမှ ကာကွယ်စောင့်ရှောက်ရေးအစီအမံများကို တန်ဇေးနီးယားကျေးရွာမြေ အက်ဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားသော်လည်း မိုဇမ်ဘစ်နှင့် ဘော့ဆွာနာမြေဥပဒေတို့တွင် ရှင်းလင်းစွာပြဋ္ဌာန်းထားခြင်း မရှိပါ။ တန်ဇေးနီးယားကျေးရွာမြေအက်ဥပဒေတွင် အမျိုးသမီးများ၏ မြေအခွင့်အရေးများကို မြေလျှောက်ထားမှု၊ လင်မယားကွာရှင်းမှုနှင့် မုဆိုးမဘဝဖြစ်မှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် သာမက၊ မြေရောင်းချ၊ လွှဲပြောင်း သို့မဟုတ် စွန့်လွှတ်သည့် အချိန်မျိုးတွင်လည်း အကာ အကွယ်ပေးထားသည်။ ထူးခြားချက်မှာ ထိုအခွင့်အရေးများကို လေးစားမှုရှိရန် အမျိုးသမီးများထက် ကျေးရွာကောင်စီများတွင် ပို၍တာဝန်ရှိခြင်းပင် ဖြစ်သည်။

အားနည်းချက်အနေဖြင့် မိုဇမ်ဘစ်နှင့် ဘော့ဆွာနာနိုင်ငံ၏ မြေဥပဒေများသည် အမျိုးသမီးနှင့် လူနည်းစုတို့၏ မြေအခွင့်အရေးများကို အတိအလင်းအကာအကွယ်ပေးထားခြင်း မရှိပါ။

## ၆) အစုအဖွဲ့မြေလုပ်ပိုင်ခွင့်လုံခြုံမှုနှင့် ပေါင်းစပ်ထားသော ကျေးလက်ဖွံ့ဖြိုးမှု

ဓလေ့ထုံးတမ်းမြေအခွင့်အရေးတို့ကို တရားဝင်အသိအမှတ်ပြုထားသော မြေဥပဒေတွင် အစုအဖွဲ့ မြေလုပ်ပိုင်ခွင့်တောင်းဆိုမှုများကို အကာကွယ်ပေးခြင်း၊ စစ်မှန်သောမြေလုပ်ကိုင်ခွင့် လုံခြုံမှုကိုအာမခံခြင်းတို့ ရှိရမည့်အပြင်၊ တစ်ချိန်တည်းတွင် ကျေးရွာ၏ ရေရှည်ဖွံ့ဖြိုးမှုနှင့် ဒေသခံလူထု၏ အကျိုးဖြစ်ထွန်းမှုတို့အတွက် ကျေးရွာမြေများတွင် ရင်းနှီးမြှုပ်နှံမှုပြုခွင့်လည်းပါရှိရန် အရေးကြီးသည်။

အစုအဖွဲ့မြေလုပ်ပိုင်ခွင့်လုံခြုံမှုကို အစိုးရကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ နိုင်ငံ (၃) နိုင်ငံလုံးတွင် အစိုးရကသာ မြေပိုင်ဆိုင်ခွင့်ရှိပြီး လူထုတွင် မြေအသုံးချခွင့်သာရှိသည်။ အစိုးရသည် အစုအဖွဲ့များအား လုပ်ပိုင်ခွင့်ပေးထားသောမြေများကို ဆန္ဒရှိသည့်အခါ လူထုထံမှတောင်းယူနိုင်သဖြင့် လူထု၏ဘုံပိုင်မြေများ လုံခြုံမှုသည် အစိုးရခွင့်ပြုနေသမျှကာလအထိသာ တည်ရှိသည်။ အစိုးရသည် ကျေးရွာမြေအချို့ကို "အသုံး မပြုထားသောမြေများ" အဖြစ် သတ်မှတ်နိုင်ပြီး အထွေထွေမြေအဖြစ် ပြောင်းလဲကာ ပြင်ပ ရင်းနှီးမြှုပ်နှံသူများအား လုပ်ကိုင်ခွင့်ချထားပေးနိုင်သဖြင့် လူထုဘုံပိုင်မြေများ၏ လုံခြုံမှုမှာ အာမခံချက်အပြည့်အဝမရှိပါ။

ရင်းနှီးမြှုပ်နှံမှုအတွက် ကျေးရွာမြေငှားရမ်းအသုံးပြုမှုနှင့်ပတ်သက်၍ မိုဇမ်ဘစ်နှင့် တန်ဇေးနီးယား မြေဥပဒေများတွင် ဒေသခံလူထုသဘောတူပါက ကျေးရွာ၏ ရေရှည်ဖွံ့ဖြိုးရေးအတွက် ကျေးရွာမြေများကို ရင်းနှီးမြှုပ်နှံသူများအား ငှားရမ်းအသုံးပြုခွင့် ပေးထားသည်။ မိုဇမ်ဘစ်မြေဥပဒေတွင် ရင်းနှီးမြှုပ်နှံ သူတို့က မြေငှားရမ်းလာသည့်အခါ လူထုမှ ငြင်းဆန်ပိုင်ခွင့်ကို အတိအလင်းဖော်ပြထားခြင်း မရှိသော်လည်း တန်ဇေးနီးယားကျေးရွာမြေအက်ဥပဒေတွင် ကျေးရွာမြေလျှောက်ထားမှုကို ကျေးရွာသားများက ယတိပြတ် ငြင်းဆိုပိုင်ခွင့်နှင့် ရင်းနှီးမြှုပ်နှံသူကမ်းလှမ်းလာသည့် မြေငှားရမ်းခနှုန်းထားကို ငြင်းဆန်ခွင့် ပေးထားသည်။

အားနည်းချက်အနေဖြင့် တန်ဇေးနီးယားနိုင်ငံ၏ ကျေးရွာကောင်စီသည် မြေရင်းနှီးမြှုပ်နှံသူများက သဘောတူထားသော မြေငှားရမ်းခများကို ပေးချေမှုမရှိလျှင် ကျေးရွာမြေငှားရမ်းမှုကို ရုတ်သိမ်းပိုင်ခွင့်မရှိဘဲ ထိုလုပ်ပိုင်ခွင့်အာဏာသည် တန်ဇေးနီးယားသမ္မတ၏ လက်ထဲတွင်သာ ရှိနေခြင်း ဖြစ်သည်။

### ၇) ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ထားရှိခြင်း

ဓလေ့ထုံးတမ်းမြေအခွင့်အရေးများကို တရားဝင်အသိမှတ်ပြုထားသော မြေဥပဒေတွင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ရှိရန် အရေးကြီးသည်။ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တွင် ဥပဒေကိုလိုက်နာဆောင်ရွက်စေသည့် သင့်လျော်သည့် အစီအမံများ ထားရှိခြင်း၊ ဥပဒေအရပေးအပ်ထားသော လုပ်ပိုင်ခွင့်များ နှင့်ဆန့်ကျင်သော လုပ်ရပ်များအတွက် အစိုးရအရှိများအားအပြစ်ပေး ခြင်းနှင့် ဒေသန္တရအဆင့် ဆုံးဖြတ်ချက်များကိုအယူခံခွင့်ရှိသည့် အငြင်းပွားမှုဖြေရှင်းရေးအစီအမံများ ထားရှိခြင်းတို့ပါဝင်ရမည်ဖြစ် သည်။

ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို တန်ဇေးနီးယားနှင့် ဘော့ဆွာနာနိုင်ငံတို့တွင် တွေ့ရှိရသည်။ တန်ဇေးနီးယားကျေးရွာ မြေအက်ဥပဒေတွင် ဆင်းရဲသားများနှင့် ထိခိုက်လွယ်သော လူအုပ်စုများအတွက် အကာအကွယ်ပေးသည့် အစီအမံအမျိုးမျိုးကို ထည့်သွင်းပြဋ္ဌာန်းထားပြီး၊ ဒေသန္တရနှင့် ခရိုင်အဆင့် မြေစီမံအုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုများတွင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ရှိရေး အတွက် တာဝန်ခံမှုအစီအမံများကိုလည်း ထည့်သွင်းထားသည်။ ဘော့ဆွာနာနိုင်ငံတွင်လည်း ၁၉၉၃ ခုနှစ်တွင် မျိုးနွယ်စုမြေပြင်ဆင် ချက်များအရ လုပ်ငန်းကျွမ်းကျင်မှုရှိရေးအတွက် မြေဘုတ်အဖွဲ့ဝင်များကို ပညာအရည်အချင်းသတ်မှတ်မှုများ ရှိခဲ့သည်။

အားနည်းချက်အနေဖြင့် တန်းဇေးနီးယားနှင့် ဘော့ဆွာနာနိုင်ငံတို့တွင် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်များ ရှိသော်လည်း အစိုးရကမြေအမျိုးအစား ပြောင်းလဲသတ်မှတ်မှုများရှိသောကြောင့် ဓလေ့ထုံးတမ်းမြေအခွင့်ရေးဆုံးရှုံးမှုအချို့ ရှိခဲ့သည်။ မိုဇမ်ဘစ်မြေ ဥပဒေသည် ရိုးရှင်းလွယ်ကူသော်လည်း မြေဥပဒေကို အစိုးရအရာရှိများ သို့မဟုတ် ဓလေ့ထုံးတမ်းခေါင်းဆောင်များက စနစ်တကျ အကောင်အထည်ဖော်ဆောင်စေသည့် ကာကွယ်စောင့်ရှောက်မှုအစီအမံများ ထည့်သွင်းထားခြင်းမရှိပါ။

အခန်း (၆)

# စဉ်းစားသုံးသပ်ချက်များနှင့် မူဝါဒအကြံပြုချက်များ

ဤအခန်းတွင် အပိုင်း (၃) ပိုင်းပါရှိပြီး အရှေ့အခန်းများ၌ လေ့လာတင်ပြထားသော ပြည်တွင်းနှင့် နိုင်ငံတကာမြေစီမံအုပ်ချုပ်မှုစနစ်များကို ပြန်လည်သုံးသပ်ထားသည်။ ပထမအပိုင်းတွင် ပြည်တွင်းမြေယာ စီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ လေ့လာတင်ပြထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၃) ခု၏ မြေယာမူဝါဒနှင့် မြေစီမံအုပ်ချုပ်မှုစနစ်များ၏ တူညီသောအချက်များနှင့် မတူညီသောအချက်များကိုလည်းကောင်း၊ အစိုးရ၏ မြေယာစီမံအုပ်ချုပ်မှုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၃) ခု၏ မြေစီမံအုပ်ချုပ်မှုတို့ကိုလည်းကောင်း နှိုင်းယှဉ်သုံးသပ်ထားပါသည်။ နိုင်ငံတကာမြေစီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ လေ့လာတင်ပြထားသော ဖက်ဒရယ်နိုင်ငံများ၏မြေစီမံအုပ်ချုပ်မှုစနစ်ဆိုင်ရာ တူညီသောအချက်နှင့် မတူညီသောအချက်များကို နှိုင်းယှဉ်သုံးသပ်ထားပါသည်။ ထို့အပြင် ဓလေ့ထုံးတမ်းမြေယာ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ပြည်တွင်းနှင့် နိုင်ငံတကာသာဓကများကိုလည်းကောင်း၊ မြေစီမံအုပ်ချုပ်မှုစနစ်များ ပေါင်းစည်းခြင်းနှင့်ပတ်သက်၍ ကြားကာလအစီအစဉ်နှင့် အနာဂတ်အစီအစဉ်များကိုလည်း သုံးသပ်ထားပါသည်။

ဒုတိယအပိုင်းတွင် လေ့လာတင်ပြထားသော ပြည်တွင်းနှင့် နိုင်ငံတကာ မြေယာစီမံအုပ်ချုပ်မှုစနစ်များကို အခြေခံပြီး ဖက်ဒရယ်မြေယာ စီမံအုပ်ချုပ်မှုဆိုင်ရာ ရွေးချယ်စရာများ (တစ်နည်းအားဖြင့် မိုဒယ် စနစ်များ) ကို (၇) ခုခန့် ကောက်နုတ်ဖော်ပြထားပြီး ရွေးချယ်စရာ မြေစီမံအုပ်ချုပ်စနစ်တစ်ခုချင်းစီ၏ အားသားချက်နှင့် အားနည်းချက်များကို သုံးသပ်တင်ပြထားပါသည်။ ထို့နောက် အပိုင်း (၃) တွင် မြန်မာနိုင်ငံ၏ အနာဂတ်မြေယာစီမံအုပ်ချုပ်မှုစနစ်အတွက် မူဝါဒအကြံပြုချက်များကို အဆိုပြုတင်ပြထားပါသည်။

## ၆.၁ စဉ်းစားသုံးသပ်ချက်များ

### ၆.၁.၁ ပြည်တွင်းသာဓကများ (Local Case studies)

#### ၆.၁.၁.၁ တူညီသောအချက်များနှင့် မတူညီသောအချက်များ

**တူညီသောအချက်များ** - လေ့လာတင်ပြထားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (၃) ဖွဲ့တို့၏ မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ တူညီသောအချက်အချို့ကို အောက်တွင်ဖော်ပြထားသည်။

- မြေယာစီမံအုပ်ချုပ်မှုအတွက် ကောင်းမွန်သောမြေယာမူဝါဒများရေးဆွဲချမှတ်ထားပြီး ထိုသို့ရေးဆွဲရာတွင် ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေးမှုများ၊ လူထုထံမှအကြံဉာဏ်ရယူမှုများပြုလုပ်ခဲ့ကြခြင်း။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့လုံးက မြေယာစီမံအုပ်ချုပ်မှုအတွက် မြေယာမူဝါဒများရေးဆွဲချမှတ်ရာတွင် တိုင်းရင်းသားပြည်သူများနှင့် တိုင်ပင်ဆွေးနွေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ကာ ရေးဆွဲချမှတ်ထားသည်။ အထူးသဖြင့် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် ၎င်း၏ မြေယာမူဝါဒများကို ခေတ်ကာလအပြောင်းလဲများနှင့် နိုင်ငံတကာ မြေစီမံအုပ်ချုပ်မှုစံနှုန်းများနှင့် အညီ သုံးသပ်ပြင်ဆင်ရေးဆွဲပြီး ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး စီမံအုပ်ချုပ်သည့်နယ်မြေများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မွန်ပြည်သစ်ပါတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတွင်လည်း ထိုက်သင့်သည့် မြေယာမူဝါဒများချမှတ်ထားပြီး ထိုမူဝါဒများနှင့်အညီ ၎င်းတို့၏ထိန်းချုပ်နယ်မြေများတွင် ကျင့်သုံးလျက်ရှိသည်။

- **မြေယာမူဝါဒများတွင် တိုင်းရင်းသားပြည်သူလူထုတို့၏ မြေပိုင်ဆိုင်ခွင့်ကို အသိမှတ်ပြုထားခြင်း။** တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သုံးဖွဲ့လုံး၏ မြေယာမူဝါဒများတွင် တိုင်းရင်းသားပြည်သူတို့၏ မြေယာလုပ်ပိုင်ခွင့်အပြင် မြေယာပိုင်ဆိုင်ခွင့် (အထူးသဖြင့် ဌာနေတိုင်းရင်းသားပြည်သူတို့၏ မြေယာပိုင်ဆိုင်ခွင့်)ကို အသိအမှတ်ပြုထားသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ၂၀၁၅ ခုနှစ် မြေယာမူဝါဒတွင် "မြေယာသည် ပြည်သူလူထုက ပိုင်ဆိုင်သည်။" ဟု လည်းကောင်း၊ မွန်ပြည်သစ်ပါတီ၏ ၁၉၇၂ ခုနှစ် မြေယာလမ်းစဉ်မူဝါဒတွင် "လယ်လုပ်သူလယ်ပိုင်ခွင့်" နှင့် မွန်ဒေသမြေယာ မူဝါဒ (မူကြမ်း) တွင် "မြေကို ပြည်သူလူထုကပိုင်ဆိုင်သည်။" ဟုလည်းကောင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ လယ်ယာမြေနှင့် သစ်တောမူဝါဒတွင် "လယ်လုပ်သူ လယ်ပိုင်ဆိုင်ခွင့်"နှင့် ၂၀၁၈ ခုနှစ် ကရင်နီမြေမူဝါဒတွင် "ဌာနေတိုင်းရင်းသားတို့၏ မြေပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုကာကွယ်ရန်" ဟုလည်းကောင်း ပါရှိသည်။ ထို့ကြောင့် ဖော်ပြပါ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (၃)ဖွဲ့လုံး၏ မြေယာမူဝါဒများသည် တိုင်းရင်းသားတို့၏ မြေယာလုံခြုံမှုကို အကာအကွယ်ပေးထားသည်။

- **မြေယာမူဝါဒများတွင် ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ်များကို အသိအမှတ်ပြုထားခြင်း။** တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သုံးဖွဲ့လုံး၏မြေယာမူဝါဒများတွင် လူမှုရေးအရ တရားဝင်မှုရှိသည့် ဓလေ့ထုံးတမ်းမြေယာနှင့် မြေနှင့်ဆက်စပ်သော သယံဇာတစီမံအုပ်ချုပ်မှုစနစ်များကို အသိအမှတ်ပြုထားသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ မြေယာမူဝါဒတွင် "ကော်" စနစ် သို့မဟုတ် ကရင်လူမျိုးတို့၏ ဓလေ့ထုံတမ်းမြေယာစီမံ အုပ်ချုပ်မှုစနစ်ကိုလည်းကောင်း၊ မွန်ဒေသမြေယာမူဝါဒ(မူကြမ်း)တွင် မိရိုးဖလာအရ မြေအသုံးချမှုများကိုလည်းကောင်း၊ ကရင်နီမြေမူဝါဒတွင် ရိုးရာဓလေ့မြေစီမံခန့်ခွဲမှုစနစ်ကိုလည်းကောင်း အသိအမှတ်ပြုထားသည်။ အစိုးရ၏မြေယာသစ်များကြောင့် တိုင်းရင်းသားဒေသရှိ ဓလေ့ထုံးတမ်းမြေများ၏ လုံခြုံမှုကိုခြိမ်းခြောက်လာသောကြောင့် ယနေ့ထိတိုင် ကျင့်သုံးနေဆဲဖြစ်သော တိုင်းရင်းသားဒေသရှိ ဓလေ့ထုံးတမ်းမြေစီမံအုပ်ချုပ်မှုစနစ်များကို သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ မြေစီမံအုပ်ချုပ်ရေးအဖွဲ့နှင့်/သို့မဟုတ် မိတ်ဖက်အဖွဲ့များက သုတေသနလုပ်ငန်းများ၊ မြေတိုင်းတာမှုများကို မကြာသေးခင်နှစ်များအတွင်း အင်တိုက်အားတိုက် ဆောင်ရွက်လာကြသည်။

- **မြေယာမူဝါဒများနှင့် မြေစီမံအုပ်ချုပ်မှုယန္တရားများသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ရေရှည်တည်တံ့ရေးကို ဦးတည်သည့် မြေအသုံးချမှုနှင့် သယံဇာတထုတ်ယူမှုများကို အားပေးပြီး၊ သက်ဆိုင်ရာဒေသအတွင်း မြေနှင့်သယံဇာတဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုပါက ထိုဒေသအတွင်းရှိ ပြည်သူလူထု၏သဘောထားကို ကြိုတင်ရယူရန် (FPIC) လိုသည့် မူဝါဒများ ချမှတ်ထားခြင်း။** တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၃) ဖွဲ့လုံး၏ မြေယာမူဝါဒနှင့် မြေစီမံအုပ်ချုပ်မှုယန္တရားများသည် တိုင်းရင်းသားပြည်သူတို့၏ မြေယာအခွင့်အရေးများအပြင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ရေရှည်တည်တံ့ရေးကို မထိခိုက်နိုင်သည့် မြေအသုံးချမှုနှင့် သယံဇာတထုတ်ယူသုံးစွဲမှုများကို အထူးအလေးထားသည်။ ထို့ပြင် တိုင်းရင်းသားဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်သည့်အခါ သက်ဆိုင်ရာဒေသအတွင်းရှိပြည်သူလူထု၏သဘောထားများကို သေချာစွာကြိုတင်ရယူရန်လိုပြီး လူထုကလက်ခံမှသာ ခွင့်ပြုလေ့ရှိသည်။ ဆိုလိုသည်မှာ တိုင်းရင်းသား လက်နက်ကိုင် (၃) ဖွဲ့လုံးသည် လူထု၏အသံကို နားထောင်ပြီး လူထု၏သဘောထားများကို ထင်ဟပ်သော မြေယာမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

- **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (အထူးသဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီ) မှ ထုတ်ပေးသော မြေဂရမ်များ (မြေပိုင်ဆိုင်ခွင့်လက်မှတ် သို့မဟုတ် မြေလုပ်ပိုင်ခွင့်လက်မှတ်များ)ကို အစိုးရက တရားဝင်အသိအမှတ်ပြုခြင်း မပြုသေးသော်လည်း တိုင်းရင်းသားဒေသရှိ ပြည်သူလူထု၏ မြေယာလုံခြုံရေးကို အတိုင်းအတာတစ်ခုထိ အကာအကွယ်ပေးနိုင်ခြင်း။** လက်ရှိတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့တို့က ထုတ်ပေး ထားသည့် မြေဂရမ်များကို မြန်မာနိုင်ငံအစိုးရက တရားဝင်အသိအမှတ်ပြုခြင်း မရှိသေးသော်လည်း တိုင်းရင်းသားဒေသများရှိ မြေယာအငြင်းပွားမှုများကို ဖြေရှင်းရာတွင် အစိုးရအုပ်ချုပ်ရေးဌာန၊ အဖွဲ့အစည်းများက အဆိုပါမြေဂရမ်များကို အထောက်အထားတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားမှုများရှိသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီတို့သည် ၎င်းတို့ထုတ်ပေးထားသည့် မြေဂရမ်ရှိသည့် မြေများနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ဖြစ်ပွားလာပါက အကောင်းဆုံးတာဝန်ယူပြီး ညှိနှိုင်းဖြေရှင်းပေးသည်။ ၎င်းတို့၏ လက်မှတ်များသည် ကြားကာလအတွင်း တိုင်းရင်းသား

ပြည်သူတို့၏ မြေယာလုံခြုံမှုကို အပြည့်အဝ မပေးတတ်သည့်တိုင် အတိုင်းအတာတစ်ခုအထိ အကာအကွယ်ပေးနိုင်သည့် အနေအထားတွင် ရှိသည်။

- ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားပြည်သူတို့၏ မြေယာအခွင့်အရေးများ၊ (အထူးသဖြင့် ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ မြေယာအခွင့်အရေးများ) အသိအမှတ်ပြုရေးကိစ္စကို ထည့်သွင်းဆွေးနွေးထားကြခြင်း။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ချုပ်ဆိုခဲ့သည့် နှစ်ဘက်သဘောတူညီချက်များတွင် မြေယာကိစ္စများ ပါဝင်သည်။ ၂၀၁၂ ခုနှစ်တွင် အစိုးရနှင့်ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအကြား ချုပ်ဆိုခဲ့သော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမသဘောတူညီချက်တွင် "လူထုများအတွက် မြေယာကိစ္စများ မျှမျှတတဖြစ်စေရန် သက်ဆိုင်ရာနှစ်ဘက်အဖွဲ့အစည်းများမှ ညှိနှိုင်း၍ အကောင်းဆုံးနည်းလမ်းများရှာဖွေပြီး ဖြေရှင်းသွားမည်..." ဟုလည်းကောင်း၊ အစိုးရနှင့် မွန်ပြည်သစ်ပါတီ အကြားချုပ်ဆိုခဲ့သော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမသဘောတူညီချက်တွင် "ပြဿနာဖြစ်ပေါ် နေသည့် ပြည်သူများ၏ မြေယာဆိုင်ရာကိစ္စများကို နှစ်ဦးနှစ်ဖက် ပြေလည်မှုရှိစေရန် ညှိနှိုင်းဖြေရှင်းသွားရန်" ဟုလည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် အစိုးရနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီအကြား ချုပ်ဆိုခဲ့သော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးတည်တောက်ရန်အတွက် ပဏာမသဘောတူညီချက်တွင် "ကယားပြည်နယ်အတွင်းရှိ IDP များ ပြန်လည်နေရာချထားမည့်နေရာတွင် မြေမြှုပ်မိုင်းများ ရှင်းလင်းရေးကိစ္စကို နှစ်ဖက်အဖွဲ့အစည်းများက ညှိနှိုင်းဆောင်ရွက်ရန်"ဟုလည်းကောင်းပါရှိသည်။
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်နယ်မြေအတွင်းသို့ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ တိုးချဲ့လာမှုနှင့် တပ်မတော်၏ ထိုးစစ်ဆင်မှု၊ တပ်စခန်းများ တိုးချဲ့တည်ဆောက်မှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ မြေယာနှင့်သစ်တောမူဝါဒများကို လွတ်လပ်စွာနှင့် ထိရောက်စွာအကောင်အထည်ဖော်နိုင်မှု အားနည်းစေခြင်း။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ (၃) ဖွဲ့လုံးသည် မိမိတို့၏ ထိန်းချုပ်နယ်မြေအတွင်းသို့ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ တိုးချဲ့လာမှုနှင့် တပ်မတော်၏တပ်စခန်းများတိုးချဲ့လာမှုတို့ကြောင့် ၎င်းတို့၏နယ်မြေစိုးမိုးမှုမှာ ယခင်နှင့် နှိုင်းစာလျှင် ကျဉ်းမြောင်းလာသည်ဟု ဆိုကြသည်။ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အုပ်ချုပ်ရေးယန္တရားနှင့် အစိုးရအုပ်ချုပ်ရေး ယန္တရားနှစ်ခုလုံးရှိနေသည့် နယ်မြေဒေသများတွင် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းက ၎င်း၏ မြေယာနှင့်သစ်တောမူဝါဒများကို အကောင်အထည်ဖော်ရာတွင် အစိုးရအုပ်ချုပ်ရေးအဖွဲ့များ၏ ကန့်ကွက်မှုများနှင့် ရင်ဆိုင် နေကြရသည်။ ထို့အပြင် အစိုးရ၏အုပ်ချုပ်ရေးဌာနများနှင့် အဖွဲ့အစည်းများက အစိုးရမြေယာဥပဒေများ (ဥပမာ - ၂၀၁၂ လယ်ယာမြေဥပဒေ၊ ၂၀၁၈ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ) ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေများတွင် ဝင်ရောက်အကောင်အထည်ဖော်မှုများ ပြုလုပ်လာသည်။

**မတူညီသော အချက်များ** - လေ့လာတင်ပြထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၃) ဖွဲ့တို့၏ မြေယာစီမံအုပ်ချုပ်မှုတွင် ရှိနေသော မတူညီသည့်အချက်အချို့ကို အောက်တွင်ဖော်ပြအပ်ပါသည်။

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏မြေယာနှင့် သစ်တောမူဝါဒများကို ကျယ်ကျယ်ပြန့်ပြန့် လက်တွေ့ အကောင်အထည်ဖော်ဆောင်နိုင်မှုတွင် မတူညီကြခြင်း။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၃) ဖွဲ့လုံးတွင် မြေယာနှင့် သစ်တောဆိုင်ရာမူဝါဒများ ရှိကြသော်လည်း အဆိုပါမူဝါဒများကို လက်တွေ့အကောင်အထည်ဖော်နိုင်မှုတွင် များစွာ ကွဲပြားမှုရှိသည်ကို တွေ့ရသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် မွန်ပြည်သစ်ပါတီနှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီတို့နှင့် နှိုင်းယှဉ်လျှင် ၎င်း၏မြေယာနှင့် သစ်တောမူဝါဒများကို ပိုမိုအကောင်အထည်ဖော်နိုင်သည့် အနေအထားတွင်ရှိသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ၎င်းတို့ စီမံအုပ်ချုပ်သည့်နယ်မြေများရှိ ပြည်သူလူထုနှင့် လူမှုအသိုင်းအဝိုင်းတို့၏ မြေယာနှင့် ကျေးရွာပိုင်ဘုံသစ်တောများ လုံခြုံမှုရှိရေးအတွက် မြေယာမူဝါဒပညာပေးမှုများနှင့် မြေတိုင်းတာမှုများ ပြုလုပ်ပေးပြီး မြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာလုပ်ပိုင်ခွင့်လက်မှတ်များ၊ ကျေးရွာပိုင်ဘုံသစ်တော စီမံခန့်ခွဲပိုင်ခွင့်လက်မှတ်များကို အတိုင်းအတာတစ်ခုအထိ ထုတ်ပေးနိုင်ခဲ့သည်။ ထို့အပြင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ရေရှည်တည်တံ့ရေးအတွက် ကြိုးဝိုင်းတော၊ တောရိုင်း တိရိစ္ဆာန်ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ် (ဥပမာ - သံလွင်ငြိမ်းချမ်းရေးဥယျာဉ်) တို့ကိုတည်ထောင်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း လက်တွေ့အကောင်

အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် အလားတူ မွန်ပြည်သစ်ပါတီသည် ၎င်း၏မြေယာမူဝါဒကို ၎င်းစီမံအုပ်ချုပ်သည့် နယ်မြေများတွင် အကောင်အထည်ဖော်လျက်ရှိသည်။ သို့ရာတွင် အစိုးရ အုပ်ချုပ်မှုယန္တရားမရောက်သည့် ၎င်း၏ထိန်းချုပ်နယ်မြေများတွင်သာ မြေယာမူဝါဒအချို့ကို အကောင်ထည်ဖော်နိုင်သည့် အနေအထားတွင် ရှိသည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီတွင်လည်း ကောင်းမွန်သော မြေယာမူဝါဒများ ချမှတ်ထားသော်လည်း လက်ရှိနယ်မြေထိန်းချုပ်နိုင်မှု အနေအထားအရ လက်တွေ့အကောင်အထည် ဖော်နိုင်မှုမရှိသေးပါ။ ကယားပြည်နယ်အတွင်းရှိ တောင်ပေါ်ဒေသအချို့တွင် ကျေးရွာမြေ မှတ်တမ်းတင်တိုင်းတာမှုအချို့ ရှိသော်လည်း ၎င်းတို့ကို အရပ်ဘက်လူမှုအဖွဲ့အစည်းအချို့က ကူညီဆောင်ရွက်ပေးနေခြင်းသာ ဖြစ်ပြီး၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် တိုက်ရိုက်ပါဝင်ဆောင်ရွက်ပေးနိုင်သည့် အခြေအနေမရှိသေးသည်ကို တွေ့ရှိရသည်။

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့စီမံအုပ်ချုပ်သည့် နယ်မြေများအတွင်း မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုများတွင် နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာအုပ်ချုပ်ရေးယန္တရားများနှင့် ချိတ်ဆက်ဆောင်ရွက်မှု သို့မဟုတ် ပူးပေါင်းဆောင်ရွက်နိုင်မှု အနေအထားမတူညီကြခြင်း။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၃) ဖွဲ့လုံးသည် အစိုးရနှင့် နှစ်ဦးနှစ်ဘက် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များ (bilateral agreement) သီးခြားစီ ချုပ်ဆိုထားပြီးဖြစ်သော်လည်း၊ NCA ကို ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီတို့ကသာ ချုပ်ဆိုထားသည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် NCA ကို လက်မှတ်ရေးထိုးထားခြင်း မရှိသေးသဖြင့် ၎င်း၏မြေယာမူဝါဒများကို အကောင်အထည်ဖော်ရာတွင် အကန့်အသတ်များ ရှိနေပါသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီတို့သည် သက်ဆိုင်ရာ ပြည်နယ်များတွင် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများကျင်းပနိုင်ခဲ့ပြီး၊ ထိုဆွေးနွေးပွဲများမှ ထွက်ရှိလာသော မြေယာကဏ္ဍဆိုင်ရာ အခြေခံမူအချို့ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် တင်ပြဆွေးနွေးခွင့်များရရှိခဲ့သည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် NCA မထိုးရသေးသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် လေ့လာသူအဖြစ်သာ တက်ရောက်ခွင့်ရှိပြီး၊ ကယားပြည်နယ်တွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခွင့်မရှိသေးပေ။ သို့ရာတွင် ၎င်း၏မြေယာမူဝါဒများကို ပြင်ဆင်ရေးဆွဲမှုအချို့ ပြုလုပ်နိုင်ခဲ့သည်။ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကျင်းပခွင့်ရရှိခဲ့သည့်ပြင် NCA ထိုးပြီးနောက်ပိုင်း၌ မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုကို ယခင်ထက် အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရနှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်မှုများ မရှိသေးသော်လည်း ချိတ်ဆက်မှုအချို့ ပြုလုပ်လာနိုင်ခဲ့သည်။ ဥပမာ - အစိုးရ စိုက်ပျိုးရေးဌာန၊ မွေးမြူရေးဌာနများနှင့် ချိတ်ဆက်ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းဖွင့်လှစ်ပို့ချမှုများ၊ သစ်တောစီမံအုပ်ချုပ်မှုများတွင် အစိုးဌာနများနှင့် နားလည်မှုယူပြီး ဆောင်ရွက်မှုများ စသည်တို့ကို လုပ်ဆောင်လာနိုင်ခဲ့သည်။ သို့ရာတွင် ၂၀၁၈ ခုနှစ်တွင်မှ NCA ကို လက်မှတ်ရေးထိုးခဲ့သည့် မွန်ပြည်သစ်ပါတီနှင့် NCA မထိုးရသေးသည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့သည် ၎င်းတို့ စီမံအုပ်ချုပ်သည့် နယ်မြေများတွင် ထိုသို့သော အစိုးရအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်မှုများ မရှိသေးပေ။

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့စီမံအုပ်ချုပ်သည့် နယ်မြေအတွင်းရှိ မြေယာ၊ သစ်တောနှင့် သဘာဝသယံဇာတများကို စီမံအုပ်ချုပ်ရာတွင် တစ်ခါတစ်ရံ၌ ၎င်းတို့၏ အဖွဲ့အစည်း ပုံရိပ်ကို ထိခိုက်စေနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့ရခဲ့မှုမှာ မတူညီကြခြင်း။ ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး၏ မြေပိုင်ဆိုင်ခွင့် သို့မဟုတ် မြေလုပ်ပိုင်လက်မှတ်များရှိသည့် မြေအချို့ကို သက်ဆိုင်ရာအစိုးရ အုပ်ချုပ်ရေးအဖွဲ့က ပြန်လည်သိမ်းယူခြင်းများ၊ ထိုမြေများအတွင်းရှိ အဆောက်အဦးများကို ဖြိုချဖျက်ဆီးခြင်းတို့အပေါ် (ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင် နေဆဲကာလဖြစ်သည့်အလျောက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးဘက်မှ ထိရောက်စွာညှိနှိုင်းဖြေရှင်းပေးနိုင်မှု မရှိသေးသည့် အခြေအနေမျိုး) ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ပုံရိပ်ကို အတိုင်းအတာတစ်ခုထိ ထိခိုက်စေသည်။ ဥပမာ - ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ပါဝင်ပတ်သက်မှုရှိသည်ဟု ပြောဆိုနေကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်းရှိ ရွှေမြစန္ဒီအိမ်ရာကို အစိုးရက သစ်တောကြိုးဝိုင်းမြေအတွင်း တရားမဝင်မြေယာ အကွက်ရိုက်ရောင်းချမှုဟုဆိုကာ အိမ်ရာအတွင်းရှိလူနေအိမ်နှင့် အဆောက်အဦးတို့ကိုဖျက်ဆီးခဲ့သည်။ ထို့ပြင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ဘားအံခရိုင်၊ ထီလုံမြို့နယ်၊ စံဖရီး ကျေးနယ်အတွင်းရှိ (ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ စံဖရီးကျေးရွာအုပ်စု၊ ကော့တပလဲကျေးရွာ

အနီး) ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးက ဖော်ဆောင်သော ဒေသခံပြည်သူများအတွက် ဥယျာဉ်ခြံမြေ (၁၀၃) ဧကကို အစိုးရက နိုင်ငံတော်ပိုင်မြေဟုလည်းကောင်း၊ ထိုမြေပေါ်တွင် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဟု လည်းကောင်းအကြောင်းပြကာ ထိုမြေပေါ်ရှိ လူနေအိမ်နှင့်အဆောက်အဦးတို့ကို ဖျက်ဆီးခဲ့သည်။ အဆိုပါနိုင်ငံကျော် အဖြစ်အပျက် နှစ်ခုလုံးတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် အိမ်ခြံမြေဖျက်ဆီးဖယ်ရှားခံခဲ့ရသော ပြည်သူလူထုအတွက် ထိရောက်စွာတာဝန်ခံဖြေရှင်းပေး နိုင်ခြင်းမရှိသေးသဖြင့် ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး၏ ပုံရိပ်ကို အတိုင်းအတာတစ်ခုထိ ထိခိုက်မှုရှိခဲ့သည်။ မွန်ပြည်သစ်ပါတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့သည် ၎င်းတို့စီမံအုပ်ချုပ်သည့် နယ်မြေများအတွင်း ထိုသို့သောမြေအကွက်ရိုက်အိမ်ရာစီမံကိန်းများဆောင်ရွက်ခဲ့မှု သို့မဟုတ် ထိုသို့သော စီမံကိန်းများတွင် ပါဝင်ပတ်သက်မှု မရှိသည့်အပြင် ၎င်းတို့၏ အဖွဲ့အစည်းပုံရိပ်အပေါ် ထိခိုက်စေနိုင်သည် မြေယာနှင့် သဘာဝသယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ ဟိုးလေးတကျော်ဖြစ်ခဲ့မှုများကို ဤသုတေသနစာတမ်းပြုစုနေစဉ်အတွင်း လေ့လာမိခဲ့ခြင်း မရှိပါ။

### ၆.၁.၁.၂ အစိုးရမြေယာစီမံအုပ်ချုပ်မှုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့တို့၏ မြေယာစီမံအုပ်ချုပ်မှုတို့ကို နှိုင်းယှဉ်သုံးသပ်ခြင်း

**တူညီသော အချက်များ**

- မြေယာ၊ သစ်တောနှင့်သဘာဝသယံဇာတများ စီမံအုပ်ချုပ်ရာတွင် မူဝါဒနှင့်ဥပဒေမူဘောင်များရေးဆွဲချမှတ်ပြီး ထိုမူဘောင်များဖြင့် စီမံအုပ်ချုပ်လျက်ရှိကြသည်။ ထို့အပြင် ထိုသို့ရေးဆွဲချမှတ် ကျင့်သုံးလျက်ရှိသော ဥပဒေမူဘောင်များကိုလည်း ခေတ်ကာလအခြေအနေနှင့်အညီ ပြင်ဆင်ပြဌာန်းအကောင်အထည်ဖော်မှုများကို နှစ်ဘက်လုံးတွင်တွေ့ရှိရသည်။ လက်ရှိအစိုးရလက်ထက်တွင် မြေယာနှင့် သစ်တောဆိုင်ရာဥပဒေများ (၂၀၁၆ အမျိုးသားမြေအသုံးချမှုမူဝါဒ၊ ၂၀၁၈ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၈ သစ်တောဥပဒေ၊ ၂၀၁၉ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ) ပြင်ဆင်ရေးဆွဲ ပြဌာန်းမှုများရှိသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (အထူးသဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး) တွင်လည်း မြေယာနှင့် သစ်တောဥပဒေများကို ပြင်ဆင်ရေးဆွဲမှုများပြုလုပ်ကာ အကောင်အထည်ဖော်လျက်ရှိသည်။

- မြေယာလုံခြုံမှုအတွက် မြေဂရမ်/လက်မှတ်များ ထုတ်ပေးသည့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လာကြသည်။ အစိုးရသည် ၂၀၁၂ လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေများကို လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ် (ပုံစံ-၇) လျှောက်ထားရန်၊ ၂၀၁၈ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း" များတွင် လုပ်ကိုင်နေပါက လုပ်ပိုင်ခွင့်လျှောက်ရန် တိုက်တွန်းနှိုးဆော်မှုများပြုလုပ်လျက်ရှိသည်။ တစ်ချိန်တည်းတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီတို့လည်း ၎င်းတို့ စီမံအုပ်ချုပ်သည့်နယ်မြေများရှိ မြေယာများ လုံခြုံမှုရှိရေး (အစိုးရနှင့် ပြင်ပလူပုဂ္ဂိုလ်/ အဖွဲ့အစည်းများ၏ သိမ်းဆည်းခံရမှုများမှ အကာအကွယ်ဖြစ်ရန်) အတွက် မြေဂရမ်များ (မြေပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်လက်မှတ်များ) ထုတ်ပေးလျက်ရှိသည်။

- ရှေးယခင်ကာလများတွင် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့၏ သစ်တောစီမံအုပ်ချုပ်ရေးအဖွဲ့များကသာ စီမံဆောင်ရွက်ခဲ့ကြသော်လည်း ယခုအခါတွင် ပြည်သူလူထုကိုယ်တိုင်စီမံခန့်ခွဲပိုင်ခွင့်များ ခွင့်ပြုလာသည်။ အစိုးရသည် ၂၀၁၉ ခုနှစ်၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခြင်းညွှန်ကြားချက်များ (CFIs) မပြဌာန်းမီနှစ်များကတည်းကပင် ပြည်သူလူထုကိုယ်တိုင် သစ်တောစီမံအုပ်ချုပ်ခွင့်ပေးထားသည့် အစုအဖွဲ့ပိုင်သစ်တော စီမံခန့်ခွဲခွင့်လက်မှတ်များကို ကနဦး နှစ် (၃၀) ခွင့်ပြုချက်ဖြင့် အစုအဖွဲ့လိုက် သစ်တောထိန်းသိမ်းစီမံလိုသည့် ဒေသခံအစုအဖွဲ့များအား ထုတ်ပေးခဲ့သည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည်လည်း ၂၀၁၀ ခုနှစ်မှစ၍ကျေးရွာပိုင်ဘုံသစ်တောများကိုကိုယ်တိုင်စီမံခန့်ခွဲ၊ ထိန်းသိမ်းကာကွယ်လိုသည့် ကျေးရွာများအတွက် ကျေးရွာပိုင်ဘုံသစ်တော တည်ထောင်ခွင့်ခွင့်ပြုလွှာများကို ကနဦးနှစ် (၂၀) ခွင့်ပြုချက်ဖြင့် စတင်ထုတ်ပေးခဲ့သည်။ (မှတ်ချက်။ ။ လူထုကိုယ်တိုင် စီမံခန့်ခွဲသည့် သစ်တောကို အစိုးရက 'အစုအဖွဲ့ပိုင်သစ်တော' ဟုခေါ်ပြီး ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံးက 'ကျေးရွာပိုင် ဘုံသစ်တော' ဟု ခေါ်သည်။)

- အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့သည် ၎င်းတို့စီမံအုပ်ချုပ်သည့် နယ်မြေဒေသအတွင်းရှိ မြေယာ၊ သစ်တောနှင့် သယံဇာတများ စီမံအုပ်ချုပ်ရာတွင် ဒေသခံလူထုတို့၏ မြေယာအခြေခံ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အထောက်အကူပြုစေသည့် ကူညီပံ့ပိုးမှုအစီအမံအချို့ ထားရှိကြသည်။ ဥပမာ -အစိုးရသည် ပုံစံ-၇ ရှိသော လယ်ယာမြေများအတွက် စိုက်ပျိုးရေး စရိတ်ချေးငွေများထုတ်ပေးခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသိပညာများပေးခြင်းတို့ ရှိသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (အထူးသဖြင့် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီ) ကလည်း ၎င်းတို့ စီမံအုပ်ချုပ်သည့်နယ်မြေများတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ အခါအားလျော်စွာ ဆောင်ရွက်ကြသည်။
- အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့သည် မြေယာနှင့် သစ်တောစီမံအုပ်ချုပ်ရာတွင် လူစွမ်းအား၊ နည်းပညာနှင့် ဘဏ္ဍာငွေဆိုင်ရာ အရင်းအမြစ်များမှာ လုံလောက်မှု မရှိကြပေ။ အကျိုးဆက်အဖြစ် အစိုးရတွင် မြေယာမှတ်ပုံတင်သည့် လုပ်ငန်းစဉ်များ ကြန့်ကြာမှုရှိခြင်း၊ သစ်ခိုးထုတ်မှုများကို တားဆီးနိုင်မှုမရှိခြင်း၊ ဝန်ထမ်းအချို့ အဂတိလိုက်စားခြင်း စသည့် မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဘက်တွင်လည်း မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုအတွက် ချမှတ်ထားသော စီမံချက်လုပ်ငန်းများအားလုံးကို အကောင်အထည်ဖော်နိုင်မှု မရှိသေးပေ။ ဥပမာ - ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ယခုတိုင် စိုက်ပျိုးရေး စရိတ်ချေးငွေထုတ်ပေးနိုင်မှု မရှိသေးခြင်း၊ ၎င်းတို့ စီမံအုပ်ချုပ်သည့် နယ်မြေဒေသရှိ သစ်တောကြိုးဝိုင်းများအားလုံးတွင် သစ်တောရဲများ မထားနိုင်သေးခြင်း၊ မွန်ပြည်သစ်ပါတီသည် ပြည်သူလူထုအတွက် မြေတိုင်းတာခြင်းနှင့် စိုက်ပျိုးရေး ပညာပေးခြင်းတို့ကိုပုံမှန်ဆောင်ရွက်နိုင်မှုမရှိခြင်းစသည့်အခြေအနေများသည်အရင်းအမြစ်ဆိုင်ရာအကန့်အသတ်များနှင့် ဆက်နွယ်နေသည်။

**မတူညီသော အချက်များ**

- မြေအမျိုးအစားများနှင့် ပတ်သက်၍ အစိုးရသတ်မှတ်သည့် မြေအမျိုးအစားများတွင် 'မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ' ပါဝင်သော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ မြေယာမူဝါဒများတွင် သတ်မှတ်ထားသော မြေအမျိုးအစားများတွင် 'မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း' များ မပါဝင်ပေ။ အစိုးရသည် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများကို ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသူများက လျှောက်ထားပါက ခွင့်ပြုချက်ချပေးသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက တိုင်းရင်းသားဒေသရှိ ရွှေ့ပြောင်းတောင်ယာများသည် လုပ်ငန်းသဘာဝအရ မြေဆီမြေနှစ်ကောင်းမွန်ရန် နှစ်ကာလ တစ်ခုကြာ လုပ်ထားရသည့် တောင်ယာမြေများကို အစိုးရဥပဒေက သတ်မှတ်သည့်အတိုင်း 'မြေလပ်များ' အဖြစ် လက်မခံနိုင်ကြပေ။ နှစ်ကာလတစ်ခုကြာပြီးနောက်ပိုင်းတွင် ထိုမြေများကို ပြန်လည်အသုံးပြုသောကြောင့် အမှန်တကယ် လပ်နေသောမြေများမဟုတ်ဟု ရှုမြင်သည်။ ထို့ကြောင့်လည်း ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီတို့က အစိုးရ၏ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုပြင်ဆင်ချက်ဥပဒေကို ဖျက်သိမ်းပေးရန် ကြေငြာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။
- မြေယာအခွင့်အရေးပတ်သက်၍ အစိုးရဥပဒေအရ နိုင်ငံတော်ကသာ မြေယာပိုင်ဆိုင်ခွင့်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ မြေယာမူဝါဒအရ ပြည်သူလူထုသည်မြေပိုင်ဆိုင်ခွင့်ရှိသည်။ ကျန်မြေယာအခွင့်အရေးများဖြစ်သည့် ရောင်းဝယ်ခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်နှင့် အမွေပေးပိုင်ခွင့်တို့ကို အစိုးရ၏ မြေယာဥပဒေနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့၏ မြေယာမူဝါဒများက ခွင့်ပြုထားပြီး မြေယာလုပ်ပိုင်ခွင့်ဂရမ်/လက်မှတ်များထုတ်ပေးကြသည်။ သို့ရာတွင် မြေပိုင်ဆိုင်ခွင့်ဂရမ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (အထူးသဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီ) သာ ထုတ်ပေးသည်။
- မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန်/အာဏာများနှင့် ပတ်သက်၍ အစိုးရက အောက်ခြေအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့အား လုပ်ပိုင်ခွင့်များ တဖြည်းဖြည်းခွဲဝေပေးသည့် ဗဟိုချုပ်ကိုင်မှုကို ဖြေလျှော့သည့်ပုံစံဖြင့် ဆောင်ရွက်နေပြီး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုထင်ဟပ်သည့် မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုပုံစံကို ပိုမိုလိုလားကြသည်။ အစိုးရက အသစ်ပြဋ္ဌာန်းလိုက်သည့် မြေယာနှင့် သစ်တောဥပဒေများတွင် ဗဟိုအစိုးရ၏ ယခင်လုပ်ပိုင်ခွင့်အချို့ကို ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များအဖြစ် လွှဲပြောင်းပေးထားသည်။ ဥပမာ - မြေလွတ်၊

မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲခွင့်ကို ယခင်က ဗဟိုအစိုးရကသာ ကိုင်တွယ်ခဲ့သော်လည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ပြင်ဆင်ချက်ဥပဒေအသစ်တွင် မြေဧက (၁၀၀) အောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြည်နယ်အစိုးရက စီမံခန့်ခွဲခွင့်ပြုထားသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ၎င်း၏ နိုင်ငံရေးရည်မှန်းချက်တစ်ခုဖြစ်သော ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်နှင့်အညီ မြေယာနှင့်သစ်တောမူဝါဒများကို ရေးဆွဲရာတွင် ပြည်သူလူထု၏ သဘောထားများ ထင်ဟပ်ရေးအတွက် ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ မြေယာ၊ သစ်တောနှင့် သယံဇာတစီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသရှိ ဒေသခံတိုင်းရင်းသား ပြည်သူများက ဆုံးဖြတ်ပိုင်ခွင့်ရှိရမည်ဟု တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက လက်ခံထားကြသည်။ ဆိုလိုသည်မှာ အစိုးရကို ဗဟိုပြုသည့် မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုထက် လူထုကိုဗဟိုပြုသည့် မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုကို ပိုမိုလိုလားကြသည်။

- ဓလေ့ထုံးတမ်းအရ မြေယာစီမံခန့်ခွဲမှုစနစ်များကို အသိအမှတ်ပြုရာ၌ ရှင်းလင်းပြတ်သားမှုတွင် မတူညီကြပေ။ အစိုးရ၏ မြေယာဥပဒေအချို့တွင် ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲသောမြေများကို အသိအမှတ်ပြုထားသော်လည်း နည်းဥပဒေနှင့် လုပ်ငန်းစဉ်များကို စနစ်တကျချမှတ်ထားခြင်းမရှိသဖြင့် လူမှုရေးအရတရားဝင်မှုသာရှိသော (တစ်နည်းအားဖြင့် စာရွက်စာတမ်း အထောက်အထား မရှိသော) ဓလေ့ထုံးတမ်းမြေများ၏လုံခြုံမှုကို အတိအလင်းအာမခံချက်ပေးထားခြင်း မရှိပေ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ မြေယာမူဝါဒများတွင် ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်စနစ်များကို အတိအလင်းအသိအမှတ်ပြုထားသည်။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ဒေသခံလူထု၏ မြေယာလုံခြုံရေးအတွက် "ကော်" မြေများ သို့မဟုတ် ဓလေ့ထုံးတမ်းမြေများအဖြစ် စနစ်တကျမြေတိုင်းတာမှုများနှင့် မြေမှတ်တမ်းတင်မှုများကို ပြုလုပ်လာသည်။ မွန်ပြည်သစ်ပါတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့၏ မြေယာမူဝါဒများတွင်လည်း ဓလေ့ထုံးတမ်း မြေစီမံအုပ်ချုပ်မှုစနစ်များကို အသိအမှတ်ပြုကာ အခြေခံရေးဆွဲထားသည်။
- အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မြေယာနှင့် သစ်တောမူဝါဒများကို အကောင်အထည်ဖော်ရာတွင် NCA ပါ သဘောတူညီချက်များကို လိုက်နာမှုတွင် မတူညီကြပေ။ NCA စာချုပ်အရ အပစ်ခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးဖော်ဆောင်နေစဉ်ကာလအတွင်း အပစ်ရပ်နယ်မြေများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ နှစ်ဘက်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူထားသော်လည်း လက်တွေ့တွင် စိန်ခေါ်မှုများရှိနေသည်။ အစိုးရက သက်ဆိုင်ရာမြေယာနှင့် သစ်တောဥပဒေများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အုပ်ချုပ်ရေးယန္တရားများရှိသည့် ထိစပ်နယ်မြေများတွင် အကောင်အထည်ဖော်ရာ၌ သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ရန်ပျက်ကွက်မှုများ ရှိသည့်အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မြေယာလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုအပေါ် ကန့်ကွက်မှုများ ရှိနေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (အထူးသဖြင့် NCA ထိုးထားသည့် ကေအဲန်ယူ-ကရင် အမျိုးသားအစည်းအရုံးနှင့် မွန်ပြည်သစ်ပါတီ) တို့သည် ၎င်းတို့၏ မြေယာနှင့် သစ်တောဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် NCA ပါ သဘောတူညီချက်များနှင့် ငြိစွန်းမှုမရှိစေရန် (တစ်နည်းအားဖြင့် ဆန့်ကျင်မှုမဖြစ်စေရန်) ချင့်ချိန်ဆောင်ရွက်နေသော်လည်း၊ အစိုးရ၏ အဆင့်ဆင့်သောအုပ်ချုပ်ရေးအဖွဲ့များက တစ်ခါတစ်ရံတွင် NCA ပါ သဘောတူညီချက်များကို သိရှိနားလည်မှု အားနည်းသည့်သဘောများ သို့မဟုတ် သိရှိသော်လည်း အလေးမထားသည့် သဘောများ ရှိနေသည်။

## ၆.၁.၂ နိုင်ငံတကာ သာဓကများ (International Case studies)

### ၆.၁.၂.၁ ဖက်ဒရယ်မြေစီမံအုပ်ချုပ်မှု

- အစိုးရအဆင့်ဆင့်အကြား မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေထားသည်။ အမေရိကန်နိုင်ငံတွင် ဖက်ဒရယ်အစိုးရပိုင်သော ဖက်ဒရယ်မြေနှင့် ပြည်နယ်အစိုးရပိုင်သော ပြည်နယ်မြေများ ခွဲခြားသတ်မှတ်ထားသည်။ ပြည်နယ်အစိုးရသည် ပြည်နယ်အတွင်းရှိ ဖက်ဒရယ်မြေများကို စီမံခန့်ခွဲလိုပါက ဖက်ဒရယ်ဥပဒေနှင့်အညီ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ အိန္ဒိယနိုင်ငံတွင် မြေသည် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာတစ်ခုဖြစ်ပြီး၊ ဗဟိုအစိုးရသည် မြေစီမံအုပ်ချုပ်မှုအတွက် ယေဘုယျလမ်းညွှန်မှုများကိုသာ ချမှတ်သည်။ မလေးရှားနိုင်ငံတွင်လည်း မြေသည် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာဖြစ်သည်။ မြေယာဆိုင်ရာဥပဒေများကို ပြည်နယ်များကသာ ပြဋ္ဌာန်းခွင့်ရှိသော်လည်း ဖက်ဒရယ်အစိုးရသည်

ဥပဒေနှင့်မူဝါဒများ တစ်သမတ်တည်းဖြစ်ရေးအတွက် အမျိုးသားမြေ "ကိုဒ်ဥပဒေကို" ပြဋ္ဌာန်းခွင့်ရှိသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် မြေစီမံအုပ်ချုပ်မှုအာဏာကို သက်ဆိုင်ရာပြည်နယ်များ၏ ပြည်နယ်အုပ်ချုပ်ရေးမှူးအား အပ်နှင်းထားသည်။

- ဤစာတမ်းတွင် လေ့လာထားသော ဖက်ဒရယ်နိုင်ငံအချို့၏ အစိုးရအဆင့်များအကြားတွင် မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေထားသော်လည်း မြေယာနှင့် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာခွဲဝေရာတွင် တိကျရှင်းလင်းမှုအပိုင်း၌မတူညီကြပေ။ လေ့လာတင်ပြထားသော ဖက်ဒရယ်နိုင်ငံ (၄) ခုအနက် အမေရိကန်နိုင်ငံတွင် အစိုးရအဆင့်များ၏ မြေယာလုပ်ပိုင်ခွင့်အာဏာများခွဲဝေထားမှုမှာ အလွန်ရှင်းလင်းမှုရှိသည်။ မြေများကို ဖက်ဒရယ်ပိုင်မြေ၊ ပြည်နယ်ပိုင်မြေနှင့် ပုဂ္ဂလိကနှင့် ကော်ပိုရေးရှင်းပိုင်မြေများအဖြစ်သတ်မှတ်ကာ သက်ဆိုင်ရာမြေယာဥပဒေများနှင့်အညီ စီမံအုပ်ချုပ်သည်။ အိန္ဒိယ၊ မလေးရှားနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင် အစိုးရအဖွဲ့များအကြား မြေလုပ်ပိုင်ခွင့်အာဏာများ ခွဲခြားထားသော်လည်း ဗဟိုအစိုးရသည် နိုင်ငံ၏မြေသိမ်းဥပဒေမှတစ်ဆင့် ပြည်နယ်အစိုးရ၏ မြေစီမံအုပ်ချုပ်မှုကို ဝင်ရောက်စွက်ဖက်နိုင်သည်။ မလေးရှားနိုင်ငံတွင်လည်း ပြည်နယ်များသည် မြေယာဥပဒေများကို ပြည်နယ်အလိုက် ပြဋ္ဌာန်းကျင့်သုံးခွင့် ရှိသော်လည်း ဆာဘတ်နှင့် ဆာရဝပ်ပြည်နယ်တို့ကလွဲပြီး ကျန်ပြည်နယ်များတွင် တသမတ်တည်း ဖြစ်ရေးအတွက် ဖက်ဒရယ်အစိုးရက အမျိုးသားမြေကျင့်ထုံးကိုဥပဒေ (NLC) ကိုပြဋ္ဌာန်းထားသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် ပြည်နယ်များသည် မြေယာစီမံအုပ်ချုပ်ခွင့်ရှိသော်လည်း တစ်နိုင်ငံလုံးကိုလွှမ်းခြုံသည့်နိုင်ငံ၏မြေအသုံးချမှုအက်ဥပဒေနှင့် အညီသာ စီမံခန့်ခွဲအုပ်ချုပ်ရသည်။

## ၆.၁.၃ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်

### ၆.၁.၃.၁ ပြည်တွင်းသာဓကများမှ ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်

- အစိုးရ၏ မြေယာဥပဒေများတွင် ဓလေ့ထုံးတမ်းအစဉ်အလာအရ စီမံခန့်ခွဲသောမြေများကို အသိအမှတ်ပြုသည်ဟု ပါရှိသော်လည်း ဓလေ့ထုံးတမ်းမြေလုပ်ပိုင်ခွင့်စနစ်များကို စနစ်တကျတရားဝင်အသိအမှတ်ပြုသည့် လုပ်ငန်းစဉ်များ ချမှတ်ထားခြင်း မရှိပေ။ မြန်မာနိုင်ငံ၏ မည်သည့်ပြဋ္ဌာန်းဥပဒေတွင်မှ ဓလေ့ထုံးတမ်းမြေနှင့် ဓလေ့ထုံးတမ်းမြေယာ စီမံခန့်ခွဲမှုစနစ်တို့ကို အတိအကျအဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိသေးပေ။ ဓလေ့ထုံးတမ်းများမှာလည်း ပြည်နယ်/တိုင်းဒေသကြီး အလိုက်၊ ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ ဒေသအလိုက် တစ်နေရာနှင့်တစ်နေရာ မတူညီကြသဖြင့် ဓလေ့ထုံးတမ်း အားလုံးတို့အား လွှမ်းခြုံမှုရှိသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ရပ် ထွက်ပေါ်လာနိုင်ရေးအတွက် ပြည်နယ်/တိုင်းဒေသကြီး အဆင့်၊ ထို့နောက် တစ်နိုင်ငံလုံးအဆင့် ဓလေ့ထုံးတမ်း မြေယာစနစ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ကာ ဖော်ထုတ်ရန်လိုအပ်သည်။ ထို့အပြင် ဓလေ့ထုံးတမ်းမြေယာများကို စနစ်တကျမှတ်တမ်းတင်ပြီး တရားဝင် အသိအမှတ်ပြုသည့်လုပ်ငန်းများက ချမှတ်အကောင်အထည်ဖော်သွားရန် လိုအပ်ပါသည်။

- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၃) ခုလုံး၏ မြေယာမူဝါဒများတွင် ဓလေ့ထုံးတမ်းမြေယာစီမံ ခန့်ခွဲမှုစနစ်များကို အသိအမှတ်ပြုထားသည်။ သို့ရာတွင် ထိုဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်များအရ မြေယာနှင့်ပတ်သက်ပြီး စနစ်တကျမှတ်တမ်းတင်မှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခြင်း မရှိသေးပေ။ လေ့လာတင်ပြထားသော တိုင်းရင်းသားလက်နက်ကိုင် (၃) ဖွဲ့တွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးတစ်ခုတည်းသာ လက်ရှိတွင် ၎င်းတို့စီမံအုပ်ချုပ်သည့် နယ်မြေအတွင်းရှိ ယနေ့တိုင်ကျင့်သုံးနေဆဲဖြစ်သော ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ်ကို စနစ်တကျတိုင်းတာ မှတ်တမ်းတင်မှုများ ပြုလုပ်နေဆဲသာဖြစ်သည်။ ကျန်လက်နက်ကိုင်နှစ်ဖွဲ့မှာ ထိုကဲ့သို့ဆောင်ရွက်နိုင်သည့် အခြေအနေ မရှိသေးသော်လည်း မွန်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ ယနေ့တိုင်ကျင့်သုံးနေဆဲဖြစ်သော ဓလေ့ထုံးတမ်းမြေယာ စီမံအုပ်ချုပ်မှုစနစ်အချို့ကို အရပ်ဘက်လူမှုအဖွဲ့အစည်းအချို့က သုတေသနများပြုလုပ်ထားသည်။ ပြောင်းလဲလာသော ခေတ်ကာလအခြေအနေများကြောင့် ဓလေ့ထုံးတမ်းအချို့ကို ဆက်လက်ကျင့်သုံးရန် ကန့်ကွက်မှုများရှိလာသဖြင့် ခေတ်နှင့်လျော်ညီပြီး အများလက်ခံနိုင်သည့် ဓလေ့ထုံးတမ်းများ ခိုင်မာအားကောင်းစေရန် ဆောင်ရွက်သွားရန်လိုအပ်ပါသည်။

- ဓလေ့ထုံးတမ်းမြေယာစနစ်များသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ ရေရှည်တည်တံ့မှုကို ရေးရှုသည့်မြေအသုံးချမှုနှင့် သယံဇာတထုတ်ယူမှုများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းမှုနှင့် ကိုယ့်ကြမ္မာကိုယ်

ဖန်တီးခွင့် အစရှိသည်တို့ကို အားပေးနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ပျက်စီးစေမှုများ (ဥပမာ - ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း) လူ့အခွင့်အရေးချိုးဖောက်မှုများ (ဥပမာ - အမျိုးသမီးများ မြေပိုင်ဆိုင်ခွင့်မရှိခြင်း) နှင့် အငြင်းပွားဖွယ် မြေယာပြဿနာဖြေရှင်းမှုပုံစံများ စသည်တို့လည်း ရှိနေသည်။ တစ်ချိန်တည်းတွင် အစိုးရသည် စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသည့် ဓလေ့ထုံးတမ်းမြေများကို စိုက်ပျိုးဖြစ်ထွန်းသည့် မြေများဖြစ်လာရေးအတွက် အဆိုပါမြေအချို့ကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေများအဖြစ်သတ်မှတ်ကာ ရင်းနှီးမြှုပ်နှံလိုသူများအား လုပ်ကိုင်ခွင့်ချထားပေးခြင်းများ ပြုလုပ်လာသဖြင့် ဓလေ့ထုံးတမ်းမြေများ၏လုံခြုံမှုအပေါ် ခြိမ်းခြောက်မှုများရှိလာသည်။ ထို့ကြောင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့သည် ခေတ်နှင့်လျော်ညီနေဆဲဖြစ်သည့် ဓလေ့ထုံးတမ်း မြေယာစီမံအုပ်ချုပ်မှုနစ်များကို စနစ်တကျမှတ်တမ်းတင်ပြီး အသိအမှတ်ပြု အကာအကွယ်ပေးသွားရန် လိုပါသည်။

### ၆.၁.၃.၂ နိုင်ငံတကာ ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့် သာဓကများ

- ဖက်ဒရယ်နိုင်ငံများတွင် ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲသော မြေယာလုပ်ပိုင်ခွင့်စနစ်များကို နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင်လည်းကောင်း၊ နိုင်ငံ၏ပြဋ္ဌာန်းမြေယာဥပဒေများတွင်လည်းကောင်း တရားဝင်အသိအမှတ်ပြုထားသည်။ အမေရိကန်နိုင်ငံတွင် အမေရိကန်အင်းဒီယန်းမြေများကို ဥပဒေအရ ဖက်ဒရယ်အစိုးရက ပိုင်ဆိုင်သော်လည်း၊ ထိုမြေများကို အမေရိကန် အင်းဒီးယန်းများကသာ စီမံခန့်ခွဲလျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် အစိုးရအသိအမှတ်ပြု မျိုးနွယ်စုများ (Scheduled Tribes) နှင့် အသိအမှတ်ပြုလူမှုအတန်းအစားများ (Scheduled Castes) တို့၏ မြေယာအခွင့်အရေးများကို ၎င်းတို့နေထိုင်သည့် သက်ဆိုင်ရာပြည်နယ်များ၏ မြေယာဥပဒေတွင် အကာအကွယ်ပေးထားသည်။ မလေးရှားနိုင်ငံတွင် ပြည်နယ်များက ပြည်နယ်ရှိ ဓလေ့ထုံးတမ်းမြေများကို ပြည်နယ်၏ မြေယာဥပဒေများနှင့် ဓလေ့ထုံးတမ်းဥပဒေများတွင် တရားဝင်အသိအမှတ် ပြုထားသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် နိုင်ငံ၏မြေအသုံးချမှုအက်ဥပဒေတွင် ဌာနေမျိုးနွယ်စုတို့၏ ဓလေ့ထုံးတမ်းမြေစီမံအုပ်ချုပ်မှုစနစ်များကို အသိအမှတ်ပြုထားသည်။
- အာဖရိကနိုင်ငံ (၃) ခုတို့တွင် ဓလေ့ထုံးတမ်းမြေစီမံအုပ်ချုပ်မှုစနစ်များကို တရားဝင်အသိအမှတ်ပြု မှုပုံစံသည် တစ်မူထူးခြားမှု ရှိသည်။ ဘော့ဆွာနာနိုင်ငံတွင် မျိုးနွယ်စုမြေအက်ဥပဒေပြဋ္ဌာန်းပြီး ဓလေ့ထုံးတမ်းမြေများကို အသိအမှတ်ပြုခဲ့သည်။ သို့ရာတွင် ယခင်က ဓလေ့ထုံးတမ်းမြေများကို မျိုးနွယ်စုအကြီးအကဲများက စီမံအုပ်ချုပ်ခဲ့သော်လည်း အက်ဥပဒေပြဋ္ဌာန်းပြီးသည့်နောက်ပိုင်းတွင် ခန့်အပ်ခံနှင့် ရွေးကောက်ခံမြေဘုတ်အဖွဲ့များက စီမံခန့်ခွဲသည်။ ထို့အပြင် ယခင်ဓလေ့ထုံးတမ်းဥပဒေအရ မြေကိုတစ်ဦးချင်းထက် မိသားစုအလိုက်ချပေးသော်လည်း မျိုးနွယ်စုမြေအက်ဥပဒေအရ မြေကို တစ်ဦးချင်းအလိုက် လျှောက်ယူနိုင်သည်။ တန်ဇေးနီးယားနိုင်ငံ၏ မြေအက်ဥပဒေနှင့် ကျေးရွာမြေအက်ဥပဒေတို့တွင် ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုကို အသိအမှတ်ပြုထားသော် လည်း "ဓလေ့ထုံးတမ်းဥပဒေ" ကို တိတိကျကျအဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိပေ။ ကျေးရွာမြေဥပဒေအရ ရွေးကောက်ခံကျေးရွာကောင်စီက ကျေးရွာမြေများကိုမှတ်ပုံတင်ရန် တာဝန်ရှိပြီး ကျေးရွာမြေများကို ကျေးရွာ၏ ဓလေ့ထုံးတမ်းနှင့်အညီ စီမံခန့်ခွဲရသည်။ မိုဇမ်ဘစ်နိုင်ငံတွင် အမျိုးသားမြေ ဥပဒေပြဋ္ဌာန်းပြီးသည်နှင့်တပြိုင်နက် နိုင်ငံအတွင်းရှိ ဓလေ့ထုံးတမ်း မြေများသည် ဥပဒေအရ တရားဝင်မှုရှိလာသည်။ ထိုဥပဒေအရ မြေများကို မဖြစ်မနေ မှတ်ပုံတင်ရန်မလိုပေ။ အာဖရိကနိုင်ငံ (၃) ခုလုံးတွင် မြေကို နိုင်ငံတော်/အစိုးရကသာ ပိုင်ဆိုင်ခွင့်ရှိပြီး ပြည်သူလူထုသည် မြေငှားရမ်းအသုံးပြုခွင့်၊ လက်ဝယ်ထားခွင့်သာရှိပြီး၊ အစိုးရက ထိုမြေများကို "အများပြည်သူအကျိုးငှာ" ဟူသည့် အကြောင်းပြချက်အောက်တွင် အချိန်မရွေး သိမ်းဆည်းနိုင်သည်။
- ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ်များတွင် အမျိုးသမီးများ၏ မြေပိုင်ဆိုင်ခွင့်အခွင့်အရေးများကို အသိမှတ်ပြုမှုပုံစံမတူညီကြပေ။ ဤစာတမ်းအတွက် လေ့လာထားသည့် ဖက်ဒရယ်နိုင်ငံများနှင့် ဖက်ဒရယ်မဟုတ်သော အာဖရိကနိုင်ငံ (၃) နိုင်ငံစလုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသမီးနှင့် အမျိုးသား ခွဲခြားဆက်ဆံမှုမရှိစေရဟူသည့် ပြဋ္ဌာန်းချက်များ ပါရှိကြသော်လည်း နိုင်ငံအချို့၏ ဓလေ့ထုံးတမ်းမြေယာဥပဒေများတွင် အမျိုးသမီးများ၏ မြေပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုထားခြင်း မရှိပေ။ အမျိုးသမီးများသည် ၎င်းတို့၏ ဖခင် သို့မဟုတ် လင်ယောကျ်ားမှတစ်ဆင့်သာ မြေယာကို သက်ဆိုင်ခွင့်ရှိသည်။

### ၆.၁.၄ မြေစီမံအုပ်ချုပ်မှုစနစ်များ ပေါင်းစည်းခြင်း

- **ကြားကာလအစီအစဉ်** - အပစ်ခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးဖော်ဆောင်နေသည့်ကာလအတွင်း အစိုးရနှင့် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြား နှစ်ဘက်ညှိနှိုင်းဆောင်ရွက်ရမည့် အစီအစဉ်များကို နှစ်ဘက်လုံးက စနစ်တကျအကောင်အထည်ဖော်မှု မရှိပေ။ NCA တွင် ကြားကာလအတွင်း အပစ်ရပ်နယ်မြေတွင် ဆောင်ရွက်ရမည့် အစီအစဉ်များ ပါရှိသည်။ သို့ရာတွင် လက်ရှိအချိန်အထိ အပစ်ရပ်နယ်မြေနယ်နိမိတ်ကို အတိအကျညှိနှိုင်းသတ်မှတ်နိုင်ခြင်း မရှိသေးသည့်အပြင် အပစ်ရပ်နယ်မြေအတွင်း သက်ဆိုင်ရာအစိုးရအုပ်ချုပ်ရေးအဖွဲ့နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တို့၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ယနေ့ထိတိုင်သတ်မှတ်နိုင်ခြင်း မရှိသေးပါ။ ထို့ကြောင့် ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များကို ပတ်သက် ဆက်နွယ်သူများ (အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ) အကြားညှိနှိုင်းဆွေးနွေးပြီး သဘောတူညီမှုရယူသွားရန် လိုပါသည်။ ထိုအစီအစဉ်များတွင် မြေယာနှင့် သစ်တောစီမံအုပ်ချုပ်ရေးကဏ္ဍကိုလည်း ထည့်သွင်းညှိနှိုင်းသွားရန်လိုအပ်ပြီး၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ်များကို တစ်ဖြည်းဖြည်းချင်း ပေါင်းစည်းသွားနိုင်မည့်အစီအမံများကို ရှာဖွေဖော်ထုတ်ပြီး အကောင်အထည်ဖော်သွားရန်လိုပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပတ်သက်ဆက်နွယ်သူများအကြား အပြန်အလှန်ယုံကြည်မှု တည်ဆောက် သွားနိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုတည်ဆောက်သွားနိုင်မည် ဖြစ်သည်။
- **ကြားကာလအစီအစဉ်** - အာဏာရအစိုးရသည် ဥပဒေသစ်များကို ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပြဋ္ဌာန်းမှုများ ပြုလုပ်လျက်ရှိရာ ထိုဥပဒေများသည် လက်ရှိဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ချိတ်ဆက်မှု အားနည်းနေသည်။အစိုးရသည် မြေယာနှင့် သစ်တောဆိုင်ရာဥပဒေများကိုတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ကန့်ကွက်မှုများကြားမှ ပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့် ပြဋ္ဌာန်းဥပဒေများအပေါ် ဆန့်ကျင့်ကန့်ကွက်မှုများလျော့ချနိုင်ရန် အစိုးရသည်ဥပဒေသစ်များ ပြဋ္ဌာန်းသည့်အခါ သက်ဆိုင်ရာအစုအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့၏ စီမံအုပ်ချုပ်မှုစနစ်များကို ဥပဒေကြောင်းအရ အသိအမှတ်ပြုသွားရန် လိုပါသည်။
- **အနာဂတ်အစီအစဉ်** - ကြားကာလအတွင်း အပစ်ရပ်နယ်မြေများ၌ ဆောင်ရွက်သည့် မြေယာ၊ သစ်တောနှင့် သယံဇာတ စီမံအုပ်ချုပ်မှုအစီအစဉ်များ၏ အားသာချက်များကိုအခြေခံပြီး အားနည်းချက်များကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်ကာ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ်များ ပေါင်းစည်းမှုကို ဆက်လက်ဖော်ဆောင်ရန်လိုအပ်သည်။ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင် ကျင့်သုံးနိုင်မည့် ဖက်ဒရယ်မြေယာစီမံအုပ်ချုပ်မှုစနစ်ကို ပြည်သူလူထုနှင့် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးမှုများပြုလုပ်နိုင်သည့် အခွင့်အလမ်းများကိုဖန်တီးပြီး တည်ဆောက်သွားရမည် ဖြစ်သည်။

## ၆.၂ ဖက်ဒရယ်မြေယာ စီမံအုပ်ချုပ်မှုအတွက် ရွေးချယ်စရာများ

### ရွေးချယ်စရာ (၁)

ဗဟိုချုပ်ကိုင်မှုများသော ဖက်ဒရယ်မြေယာစီမံ အုပ်ချုပ်မှုစနစ်ကို ကျင့်သုံးသည်။ ဤစနစ်တွင် ဗဟို/ပြည်ထောင်စု/ဖက်ဒရယ်အစိုးရက မြေယာဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပြီး ထိုပြဋ္ဌာန်းဥပဒေများမှတစ်ဆင့်သာ ပြည်နယ်အစိုးရများ၏ မြေယာဆိုင်ရာလုပ်ပိုင်ခွင့်များကို ဖြေလျော့ပေးထားသည့် ပုံစံဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်တွင် မြေယာဆိုင်ရာ မူဝါဒနှင့် ဥပဒေများ (ဥပမာ - အမျိုးသား မြေအသုံးချမှုဥပဒေ၊ လယ်ယာမြေဥပဒေ၊ မြေသိမ်းဆည်းခြင်းဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ အစရှိသည်) ကို ပြည်ထောင်စုအစိုးရကသာ ရေးဆွဲပြဋ္ဌာန်းပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရများက ထိုသို့ပြဋ္ဌာန်းထားသည့် ဥပဒေများကို အကောင်အထည်ဖော်ရသည်။ ထိုသို့သော ဥပဒေမျိုးတွင် ပြည်နယ်/တိုင်းဒေသကြီးများအား အကန့်အသတ်ဖြင့်သာ လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းထားသည်။

အားသာချက် ။ ။ မြေယာဥပဒေများကို ပြည်ထောင်စုအစိုးရကသာ ပြဋ္ဌာန်းသဖြင့် မြေယာဥပဒေ သည် နိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြေးညီဖြစ်ခြင်း၊ မြေစီမံအုပ်ချုပ်မှုယန္တရားများ ပုံစံတစ်ခု တည်း ဖြစ်သဖြင့် မြေစီမံအုပ်ချုပ်မှုဆိုင်ရာ ကုန်ကျစရိတ်များ သက်သာနိုင်ခြင်းနှင့် ပြည်နယ် အာဏာပိုင်များ၏ လာဘ်စားနိုင်မှုအလားအလာကို ထိန်းချုပ်နိုင်ခြင်း စသည့် အားသာချက် များရှိသည်။

အားနည်းချက် ။ ။ ပြည်နယ်များ၏ ပထဝီမြေမျက်နှာသွင်ပြင်၊ ရာသီဥတုနှင့် လူမှုစီးပွားရေး အခြေ အနေများ မတူညီကြသဖြင့် ပြည်ထောင်စုမှ ပြဋ္ဌာန်းသည့် ဥပဒေများသည် သက်ဆိုင်ရာ ပြည်နယ်များ၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိရန် ခက်ခဲခြင်း၊ ပြည်နယ် များ၏ ရှိနှင့်ပြီးသား ဓလေ့ထုံးတမ်း မြေယာ၊ သစ်တောနှင့် သယံဇာတစီမံအုပ်ချုပ်မှုစနစ် များနှင့် ဆန့်ကျင်ကွဲလွဲနိုင်ခြင်း၊ ဗဟို၏ညွှန်ကြားချက်နှင့် အတည်ပြုချက်များကို ရယူရသဖြင့် မြေစီမံ အုပ်ချုပ်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိနိုင်ခြင်း၊ မြေယာပြဿနာများကို ဖြေရှင်း ရာတွင် ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်များကို မထင်ဟပ် နိုင်ခြင်း စသည့် အားနည်းချက်များ ရှိသည်။

## ရွေးချယ်စရာ (၂)

အစိုးရအဆင့်ဆင့် (ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရ) တို့၏ စီမံအုပ်ချုပ်ပိုင်ခွင့်ရှိသော မြေယာများကို သီးခြားစီခွဲခြား သတ်မှတ်ထားသည့် ဖက်ဒရယ်မြေယာစီမံအုပ်ချုပ်မှုစနစ်ကို ကျင့်သုံးသည်။ ဤစနစ်တွင် မြေပိုင်ဆိုင်မှုအမျိုးအစားများကို ဖက်ဒရယ် မြေနှင့် ပြည်နယ်မြေဟူ၍ ခွဲခြားသတ်မှတ်ပြီး ထိုမြေများကို သက်ဆိုင်ရာဖက်ဒရယ်မြေဥပဒေနှင့် ပြည်နယ်မြေဥပဒေတို့ဖြင့် စီမံ အုပ်ချုပ်နိုင်သည်။ အမေရိကန်နိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုစနစ်ကိုကြည့်လျှင် မြေများကို ဖက်ဒရယ်မြေ၊ ပြည်နယ်မြေနှင့် ပုဂ္ဂလိက ပိုင်မြေဟူ၍ ခွဲခြားထားပြီး ဖက်ဒရယ်မြေများကို ဖက်ဒရယ်ဥပဒေဖြင့်လည်းကောင်း၊ ပြည်နယ်မြေများကို ပြည်နယ် ဥပဒေဖြင့်လည်း ကောင်း စီမံအုပ်ချုပ်သည်။ ထို့အပြင် ပြည်နယ်အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများသည် ဖက်ဒရယ်မြေများကို ဖက်ဒရယ်မြေဥပဒေ နှင့်အညီ စီမံအုပ်ချုပ်ပိုင်ခွင့်ရှိသည်။ အလားတူပင် ဖက်ဒရယ်အစိုးရသည် ပြည်နယ်မြေနေရာတစ်ခုခုကို အသုံးပြုလိုပါက (ဥပမာ - ဖက်ဒရယ်အစိုးရသည် ဖက်ဒရယ်တပ်မတော်အတွက်တပ်စခန်း သို့မဟုတ် တပ်မြို့တည်ဆောက်လိုပါက) ထိုလိုအပ်သည့် မြေနေရာ ကို ပြည်နယ်အစိုးရထံမှဝယ်ယူခြင်းဖြင့်သော်လည်းကောင်း၊ မြေငှားရမ်းအသုံးပြုခွင့်ရယူခြင်းဖြင့်သော်လည်းကောင်း ရယူနိုင်သည်။

အားသာချက် ။ ။ ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရတို့၏ မြေဆိုင်ရာလုပ်ပိုင်ခွင့်အာဏာ ပိုင်းခြားထားမှု ရှင်းလင်းပြတ်သားမှု ရှိခြင်း၊ ပြည်နယ်များက ၎င်းတို့ပြည်နယ်ရှိ ပကတိအခြေအနေများ၊ လိုအပ်ချက်များနှင့်အညီ ပြည်နယ်မြေဥပဒေ များကို ပြဋ္ဌာန်းပိုင်ခွင့်ရှိခြင်းနှင့် အကောင်အထည်ဖော်ကျင့်သုံးပိုင်ခွင့်ရှိခြင်း (ဆိုလိုသည်မှာ ပြည်နယ်များသည် ပြည်နယ်မြေများနှင့် ပတ်သက်၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိခြင်း) နှင့် ပြည်နယ်အစိုးရသည် ပြည်သူများနှင့် ပိုနီးစပ် သဖြင့် မြေကိုစီမံအုပ်ချုပ်ရာတွင် ပိုမိုထိရောက်နိုင်ခြင်း စသည့် အားသာချက်များရှိနိုင်သည်။

အားနည်းချက် ။ ။ ပြည်နယ်များ၏ မြေယာမူဝါဒများ တစ်ပြေးညီဖြစ်ရန် ခဲယဉ်းခြင်း (ဥပမာ - မြေပိုင်ဆိုင်ခွင့် အကန့်အသတ်များ နှင့် မြေခွန်နှုန်းထားများ မတူညီခြင်း)တို့ကြောင့် နိုင်ငံတစ်ဝန်း ပြည်နယ်များ၏ မြေယာဥပဒေများနှင့် မြေယာမူဝါဒ များ တစ်ပြေးညီဖြစ်ရေး၊ မျှတမှုရှိရေးနှင့် သဟဇာတဖြစ်ရေးအတွက် ပြည်ထောင်စုအစိုးရက တိုက်ရိုက်ဆောင် ရွက်ပိုင်ခွင့်မရှိခြင်း၊ ပြည်နယ်အသီးသီးတွင် မြေစီမံအုပ်ချုပ်မှုဆိုင်ရာ ကုန်ကျစရိတ်များပိုများလာနိုင်ခြင်း စသည့် စိန်ခေါ်မှုများ ရှိနိုင်သည်။

## ရွေးချယ်စရာ (၃)

အစိုးရအဆင့်များ၏ မြေပိုင်ဆိုင်မှုများကို သီးခြားစီခွဲခြားထားခြင်းထက် စီမံအုပ်ချုပ်ရသည့် အကြောင်းအရာများအပေါ် အခြေခံပြီး မြေများကိုပူးတွဲစီမံအုပ်ချုပ်သည့် မြေစီမံအုပ်ချုပ်မှုစနစ်ကို ကျင့်သုံးနိုင်သည်။ ဤမြေစီမံအုပ်ချုပ်မှုပုံစံသည် အိန္ဒိယနိုင်ငံ၏ မြေစီမံအုပ်ချုပ်မှုစနစ်နှင့်ဆင်တူသည်။ ပြည်နယ်များသည် ပြည်နယ်မြေစီမံအုပ်ချုပ်မှုဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးပိုင်ခွင့်ရှိပြီး မြေသိမ်းဆည်းမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့က ပူးတွဲဥပဒေပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ ထို့ပြင် သစ်တော မြေများကိုလည်း ပူးတွဲစီမံအုပ်ချုပ်နိုင်သည်။

အားသာချက် ။ ။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအကြား ချိတ်ဆက်ဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိစေခြင်း၊ ပြည်နယ်များက သီးခြားမြေယာစီမံအုပ်ချုပ်မှုအချို့ ပြုလုပ်နိုင်ခြင်း၊ မြေစီမံအုပ်ချုပ်မှုဆိုင်ရာ ပူးတွဲလုပ်ပိုင်ခွင့် အာဏာများဖြင့် အစိုးရအဆင့်များအကြား အပြန်အလှန်ထိန်းကျောင်းနိုင်ခြင်း စသည့်အခွင့်အလမ်းနှင့် အားသာချက်များ ရှိသည်။

အားနည်းချက် ။ ။ မြေစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်တာဝန်များ ရောထွေးနေတတ်ပြီး၊ ရှင်းလင်းတိကျမှုမရှိခြင်း၊ မြေစီမံအုပ်ချုပ်မှုဆိုင်ရာ ပူးတွဲလုပ်ပိုင်ခွင့်အာဏာများကို ပူးတွဲကျင့်သုံးရာတွင် ပြည်ထောင်စုအစိုးရ၏လွှမ်းမိုးမှုရှိနိုင်ခြင်း စသည့် အားနည်းချက်များ ရှိသည်။

## ရွေးချယ်စရာ (၄)

အချိုးမညီဖက်ဒရယ်စနစ်ကို အခြေခံသည့် မြေယာစီမံအုပ်ချုပ်မှုစနစ်ကို ကျင့်သုံးသည်။ ဤစနစ်တွင် ပြည်နယ်များသည် ပြည်နယ် မြေယာဥပဒေများ ပြဋ္ဌာန်းကျင့်သုံးပိုင်ခွင့်ရှိသည့်အပြင် နယ်မြေအခြေအနေဆင်တူသော ပြည်နယ်များအနေဖြင့် ဘုံမြေယာဥပဒေတစ်ခုကို ကျင့်သုံးနိုင်သည်။ မလေးရှားနိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုပုံစံဖြစ်သည်။ မလေးရှားနိုင်ငံတွင် တစ်နိုင်ငံလုံးကို လွှမ်းခြုံသည့် မြေယာဥပဒေကို ပြဋ္ဌာန်းထားခြင်းမရှိပေ။ ပြည်နယ်အချို့တွင် (ဆာရာဝပ်ပြည်နယ်နှင့် ဆာဘတ်ပြည်နယ်) သီးခြားမြေယာဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးမှုများရှိသကဲ့သို့ ပြည်နယ်အချို့ (မလေးကျွန်းဆွယ်ဒေသပြည်နယ်များ) သည် တူညီသော ဘုံမြေယာဥပဒေတစ်ခုကိုသာ ကျင့်သုံးသည်။ ယခင်ဗြိတိသျှကိုလိုနီခေတ် မြန်မာနိုင်ငံကို ပြည်မနှင့် တောင်တန်းဒေသများဟူ၍ သီးခြားဥပဒေများဖြင့် သီးခြားစီ စီမံအုပ်ချုပ်သကဲ့သို့ ယနေ့ခေတ် မြန်မာနိုင်ငံတွင်လည်း နယ်မြေဒေသအခြေအနေ တူညီမှုရှိသော နယ်မြေများ (ဓလေ့ထုံးတမ်း စီမံခန့်ခွဲမှု စနစ်မရှိတော့သည့် တိုင်းဒေသများ)ကို တူညီသော မြေယာဥပဒေတစ်ခုဖြင့်လည်းကောင်း၊ နယ်မြေဒေသအခြေအနေကွဲပြားမှုရှိသော နယ်မြေများ (ဓလေ့ ထုံးတမ်းမြေယာ စီမံအုပ်ချုပ်မှုစနစ်များ ရှိနေသေးသောပြည်နယ်များ) ကို ၎င်းတို့နယ်မြေအလိုက် သီးခြားမြေယာဥပဒေများ ပြဋ္ဌာန်းကျင့်သုံးခွင့် ပြုနိုင်သည်။

အားသာချက် ။ ။ ပြည်နယ်များတွင် မြေယာစီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိခြင်း၊ ပြည်နယ်၏နယ်မြေအခြေအနေနှင့်အညီ မြေယာဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးနိုင်ခြင်း၊ ပြည်ထောင်စုအစိုးရ၏ လွှမ်းမိုးမှုမရှိဘဲ ပြည်နယ်မြေယာများကို လွတ်လပ်စွာ စီမံအုပ်ချုပ်နိုင်ခြင်း၊ ပြည်နယ်အစိုးရသည် ဖက်ဒရယ်အစိုးရနှင့်နှိုင်းယှဉ်လျှင် ပြည်သူလူထုနှင့် နီးစပ်မှုပိုရှိသဖြင့် မြေယာစီမံအုပ်ချုပ်မှုပိုင်းတွင် ထိရောက်မြန်ဆန်မှု ရှိနိုင်ခြင်း စသည့် အားသာချက်များ ရှိသည်။

အားနည်းချက် ။ ။ ပြည်နယ်များက ပြည်နယ်မြေဥပဒေများကို လွတ်လပ်စွာ စီမံအုပ်ချုပ်ပိုင်ခွင့် ရှိကြသဖြင့် လူ့အခွင့်အရေးထိပါးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့်ဆိုင်သော စီမံအုပ်ချုပ်မှုများရှိလာပါက ပြည်ထောင်စုအစိုးရမှ ဝင်ရောက်စွက်ဖက်နိုင်သည့် အခွင့်အလမ်းနည်းပါးခြင်း (ဥပမာ -ဓလေ့ထုံးတမ်း မြေစီမံအုပ်ချုပ်မှုစနစ်အချို့သည် အမျိုးသမီးများကို မြေပိုင်ဆိုင်ခွင့်မပေးခြင်း၊ ပြည်သူလူထု၏ မြေယာအခွင့်အရေးအချို့ကို ပိတ်ပင်ထားခြင်း) နှင့် ပြည်နယ်ဖြတ်ကျော် မြေယာများကို အသုံးပြုရသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ပြည်နယ်မြေယာဥပဒေများကြောင့် အကန့်အသတ်များရှိနိုင်ခြင်း စသည့်အားနည်းချက်များ ရှိနိုင်သည်။

## ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်များကို အသိအမှတ်ပြုမှုဆိုင်ရာ ရွေးချယ်စရာများ

ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ (by constitution) အမျိုးမျိုး ရှိနိုင်သကဲ့သို့ တရားဝင်အသိအမှတ်ပြုသည့် လုပ်ငန်းစဉ်အရလည်း (by process) အမျိုးမျိုးရှိနိုင်သည်။

## ရွေးချယ်စရာ (၅)

ဖွဲ့စည်းပုံအရ ဓလေ့ထုံးတမ်းမြေများကို ဖက်ဒရယ်အစိုးရက တရားဝင်ပိုင်ဆိုင်ပြီး ဖက်ဒရယ်အစိုးရ၏ ဓလေ့ထုံးတမ်းမြေဥပဒေနှင့်အညီ သက်ဆိုင်ရာဌာနေမျိုးနွယ်စုများက စီမံအုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးနိုင်သည်။ အမေရိကန်နိုင်ငံတွင် ဌာနေအမေရိကန်လူမျိုးမျိုးနွယ်စုများ(Native American tribes) အတွက် တရားဝင် သတ်မှတ်တည်ထောင်ထားသော သီးသန့်မြေနေရာများ (Indian

Reservations) များရှိပြီး ထိုမြေများကို ဖက်ဒရယ်အစိုးရ၏ ဌာနတစ်ခုဖြစ်သည့် အမေရိကန်ပြည်ထောင်စု အင်းဒီးယန်းရေးရာဌာန (the U.S. Bureau of Indian Affairs)က စီမံအုပ်ချုပ်သည်။ ဌာနေမျိုးနွယ်စုကိုအခြေခံပြီး သီးခြားဌာနေမျိုးနွယ်စုပိုင် မြေများကို သတ်မှတ်ခဲ့သည့် သဘောရှိသည်။ မြန်မာနိုင်ငံတွင်လည်း ဓလေ့ထုံးတမ်းမြေများကို တရားဝင်အသိအမှတ်ပြုပြီး၊ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင် ဖက်ဒရယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာအဖြစ် ဖက်ဒရယ်အစိုးရအား အပ်နှင်းထားနိုင်သည်။ ဖက်ဒရယ်အစိုးရသည် နိုင်ငံတော်၏ ဓလေ့ထုံးတမ်းမြေယာ ဥပဒေတစ်ခုကို ပြဋ္ဌာန်းနိုင်သည်။ ထိုဓလေ့ထုံးတမ်းဥပဒေဖြင့် ဖက်ဒရယ်အစိုးရ၏ သီးသန့်ဓလေ့ထုံးတမ်း မြေယာစီမံအုပ်ချုပ်မှုဌာနတစ်ခုကိုဖွင့်လှစ်ကာ အကောင်အထည်ဖော်နိုင်သည်။

အားသာချက် ။ ။ ဌာနေအမေရိကန် မျိုးနွယ်စုတို့၏ သီးသန့်မြေနေရာများကို ဖက်ဒရယ်အစိုးရဥပဒေဖြင့် စီမံအုပ်ချုပ်သဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် တစ်ပြေးညီဖြစ်ခြင်း၊ ဖက်ဒရယ်အစိုးရ၏ လုပ်ပိုင်ခွင့်အောက်တွင်ရှိသဖြင့် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်နေသော ပြည်နယ်များ၏မြေယာဥပဒေများ၊ ဓလေ့ထုံးတမ်းမြေယာ လုပ်ပိုင်ခွင့်စနစ်များအပေါ် သက်ရောက်မှုမရှိခြင်း (အထူးသဖြင့် ဌာနေမျိုးနွယ်စုတို့၏ သီးသန့်မြေနေရာများသည် အကြောင်းအမျိုးမျိုးကြောင့် ပြည်နယ်တစ်ခုထက်မကသော နယ်မြေနယ်နိမိတ်အတွင်း ကျရောက်သော ဌာနေမျိုးနွယ်စုနယ်မြေ - ဥပမာ- အမေရိကန်ပြည်ထောင်စုရှိ နာဗေဂျိုမျိုးနွယ်စုနယ်မြေ- Navajo Nation သည် Arizona, Utah, New Mexico စသည့် ပြည်နယ်သုံးခု၏ ထိစပ်နယ်နိမိတ်တွင် တည်ရှိနေခြင်း) စသည့် အားသာချက်များ ရှိနိုင်သည်။

အားနည်းချက် ။ ။ ပြည်နယ်များသည် ပြည်နယ်နယ်နိမိတ်အတွင်းရှိ ဌာနေမျိုးနွယ်စုတို့၏ သီးသန့်မြေနေရာများကို ပြည်နယ်ဥပဒေများဖြင့် စီမံအုပ်ချုပ်ခွင့်မရှိသဖြင့်၊ ပြည်နယ်များ၏ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်မရှိခြင်း၊ ဌာနေအမေရိကန်မျိုးနွယ်စုတို့၏ ဓလေ့ ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုများသည် နေရာဒေသအလိုက် ကွဲပြားမှုရှိနိုင်သဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ဓလေ့ထုံးတမ်းမြေယာများကို ဖက်ဒရယ်အစိုးရက တစ်ပြေးညီစီမံ အုပ်ချုပ်ခြင်းသည် မတူကွဲပြားသော ဓလေ့ထုံးတမ်းစနစ်ဆိုင်ရာ အခွင့်အရေးအချို့ကို လျစ်လျူရှုရာရောက်သွားနိုင်ခြင်း စသည့် အားနည်းချက်များ ရှိသည်။

## ရွေးချယ်စရာ (၆)

ဖွဲ့စည်းပုံအရ ဓလေ့ထုံးတမ်းမြေယာများကို သက်ဆိုင်ရာပြည်နယ်အစိုးရက ပြည်နယ်၏ မြေယာဥပဒေနှင့်အညီ စီမံအုပ်ချုပ်သည့်နည်းကို ကျင့်သုံးနိုင်သည်။ အိန္ဒိယ၊ မလေးရှားနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင် ဓလေ့ထုံးတမ်းမြေစီမံအုပ်ချုပ်မှုစနစ်များကို ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများအဖြစ် အပ်နှင်းထားပြီး၊ ပြည်နယ်ဥပဒေများတွင် ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ်များကို အသိအမှတ်ပြုထားသည်။ အိန္ဒိယနိုင်ငံတွင် ဖွဲ့စည်းပုံအရ တရားဝင်အသိအမှတ်ပြုထားသည့် အစိုးရအသိအမှတ်ပြု မျိုးနွယ်စုများစာရင်း (STs) နှင့် အစိုးရအသိအမှတ်ပြု လူမှုအတန်းအစားများစာရင်း (SCs) တို့၏ မြေများကို ကာကွယ်ပေးသည့် ဥပဒေများနှင့် ညွှန်ကြားချက်များကို ပြည်နယ်အသီးသီးတွင် ထုတ်ပြန်ထားသည်။ မလေးရှားနိုင်ငံတွင် ပြည်နယ်များသည် ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာ ဓလေ့ထုံးတမ်းမြေယာဥပဒေများ ကျင့်သုံးခွင့်ပြုထားသည်။ ဘောနီယိုကျွန်းရှိ မလေးပြည်နယ်များဖြစ်သော ဆာဘတ်နှင့် ဆာရဝပ်ပြည်နယ်တို့တွင် သီးခြားဓလေ့ထုံးတမ်း မြေယာဥပဒေများရှိပြီး၊ မလေးကျွန်းဆွယ်ဒေသ ပြည်နယ်များအတွင်းရှိ ဌာနေလူမျိုးတို့၏မြေများကို ဖက်ဒရယ်မြေဥပဒေများဖြင့် စီမံအုပ်ချုပ်သည်။ နိုင်ဂျီးရီးယားနိုင်ငံတွင်လည်း နိုင်ငံ၏ မြေ အသုံးချမှုအက်ဥပဒေတွင် ပြည်နယ်တစ်ခု၏နယ်နိမိတ်အတွင်းရှိ မြေများအားလုံးကို သက်ဆိုင်ရာ ပြည်နယ်များ၏ ပြည်နယ်အုပ်ချုပ်ရေးမှူးအား စီမံအုပ်ချုပ်ခွင့်ပေးထားသည်။ ယင်းအက်ဥပဒေသည် ဓလေ့ထုံးတမ်း မြေစီမံအုပ်ချုပ်မှုစနစ်ကို အတိအလင်းအသိအမှတ်ပြုထားခြင်း မရှိသော်လည်း ပြဋ္ဌာန်းချက်အချို့ပါ ဖော်ပြချက်အရ ဓလေ့ထုံးတမ်းဥပဒေများကို အသိမှတ်ပြုထားသည်။

အားသာချက် ။ ။ ပြည်နယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝနီးပါးရှိသည်။ ပြည်နယ်၏ ဒေသအခြေအနေနှင့်အညီ ပြည်နယ်အတွင်းရှိ ဓလေ့ထုံးတမ်းမြေယာ စီမံအုပ်ချုပ်မှုစနစ်များကို ကာကွယ်မြှင့်တင်ပေးနိုင်သည်။ ထို့အပြင် ပြည်နယ်အလိုက် မြေယာမူဝါဒအကောင်အထည်ဖော်သည့် အတွေ့အကြုံများမှ သင်ခန်းစာများရယူနိုင်ပြီး မြေယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြည်နယ်များ၏ မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ ဆန်းသစ်တီထွင်မှုများ ရှိလာနိုင်သည်။

အားနည်းချက် ။ ။ လူ့အခွင့်အရေးရှုထောင့်မှ ကြည့်လျှင် ဓလေ့ထုံးတမ်းမြေယာစနစ်အချို့သည် အမျိုးသမီးများ၏ မြေပိုင်ဆိုင်ခွင့်ကိုပိတ်ပင်ထားသည်။ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးရှုထောင့်မှကြည့်လျှင် ဓလေ့ထုံးတမ်းအရ မြေအသုံးချမှုပုံစံအချို့တို့သည် မြေဆီလွှာပျက်စီးမှုနှင့် သစ်တောမြေပြုန်းတီးမှုများကို ဖြစ်စေနိုင်ခြင်း စသည့် အခြေအနေများ ဖြစ်ပေါ်စေနိုင်သည့်တိုင်၊ ၎င်းတို့ကို ဖက်ဒရယ်အစိုးရက တိုက်ရိုက်ကိုင်တွယ်ခွင့်မရှိခြင်း၊ ဖွံ့ဖြိုးမှုနိမ့်ကျသော ပြည်နယ်များတွင် ခေတ်နှင့်လျော်ညီသော ဓလေ့ထုံးတမ်း မြေယာစနစ်များကို ထိန်းသိမ်းမြှင့်တင်ရာတွင် ဘဏ္ဍာငွေကြေးအားနည်းနိုင်ခြင်းစသည့် စိန်ခေါ်မှုများရှိနိုင်သည်။

## ရွေးချယ်စရာ (၇)

လုပ်ငန်းစဉ်အရ ဓလေ့ထုံးတမ်းမြေယာစနစ်ကို တရားဝင်အသိအမှတ်ပြုရာတွင် နိုင်ငံ၏ အမျိုးသားမြေယာဥပဒေ သို့မဟုတ်/နှင့် သီးခြား ဓလေ့ထုံးတမ်း မြေယာဥပဒေများတွင် တရားဝင် အသိအမှတ်ပြုပြီး၊ တရားဝင်မှတ်ပုံတင်ထားခြင်း မရှိသေးသော ဓလေ့ထုံးတမ်းမြေများကို မဖြစ်မနေ မှတ်ပုံတင်ရန်မလိုအပ်ဘဲ သက်ဆိုင်ရာမြေယာဥပဒေကို ပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက် အလိုအလျောက် တရားဝင်မှုရှိစေသည့်စနစ်ကို ကျင့်သုံးနိုင်သည်။ တစ်ပြိုင်နက်တည်းတွင် လူနည်းစုများနှင့် အားနည်းသော အစုအဖွဲ့များ (ဥပမာ အမျိုးသမီးနှင့်မြေယာမဲ့များ)၏ မြေယာဆိုင်ရာ အခွင့်အရေးများကို အကာကွယ်ပေးနိုင်ရန်အတွက် လိုအပ်ပါက မူလရှိထားသော ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ်ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားနိုင်သည်။ ထိုသို့ပြုလုပ်ရာတွင် အငြင်းပွားဖွယ်ဖြစ်သော ဓလေ့ထုံးတမ်းအကြီးအကဲများ၏ အခန်းကဏ္ဍအချို့ သို့မဟုတ် တရားမျှတမှုမရှိသော ဓလေ့ထုံးတမ်းမြေစီမံအုပ်ချုပ်မှု အစိတ်အပိုင်းများကို ပြန်လည်သုံးသပ်ပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ပြုလုပ်သွားနိုင်သည်။ တန်ဇေးနီးယားနိုင်ငံ၏ မြေအက်ဥပဒေများတွင် "ဓလေ့ထုံးတမ်းဥပဒေ" ကို အတိအကျ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိသည့်အပြင်၊ အမျိုးသမီးများ၏အခွင့်အရေးကိုလည်း အကာကွယ်ပေးထားသည်။ ဘော့ဆွာနာနိုင်ငံတွင် မျိုးနွယ်စုမြေ အက်ဥပဒေကို ပြဋ္ဌာန်းပြီးသည့်နောက်တွင် မျိုးနွယ်စုမြေများကို စီမံအုပ်ချုပ်ခဲ့သော ယခင်မျိုးနွယ်စုအကြီးအကဲများနှင့် ရပ်ကွက်လူကြီးများကို ခန့်အပ်ခံနှင့်ရွေးကောက်ခံ မြေဘုတ်အဖွဲ့များနှင့် အစားထိုးလိုက်သည်။ ထို့အပြင် ယခင်ဓလေ့ထုံးတမ်းဥပဒေအရ မြေများကို မိသားစုအလိုက် ချပေးခဲ့သော်လည်း အသစ်ပြဋ္ဌာန်းလိုက်သော မြေအက်ဥပဒေအရ မြေကိုလူတစ်ဦးချင်းစီအားထုတ်ပေးသည်။ ဘုံမြေပိုင်ဆိုင်မှုထက် ပုဂ္ဂလိကမြေပိုင်ဆိုင် မှုကို ပိုမိုအလေးထားလာသည်ကို တွေ့နိုင်သည်။ မိုဇမ်ဘစ်နိုင်ငံတွင်လည်း နိုင်ငံ၏ အမျိုးသားမြေဥပဒေတွင် "ဓလေ့ထုံးတမ်း" ကို အတိအကျ အဓိပ္ပါယ်ဖွင့်ဆိုခြင်းမပြုဘဲ နိုင်ငံအတွင်းရှိ ဓလေ့ထုံးတမ်း မြေယာစီမံအုပ်ချုပ်မှုစနစ်များအားလုံးကို လွှမ်းခြုံသည့် သတ်မှတ်ချက်မူဘောင်များကိုသာ ချမှတ်ခဲ့သည်။ ထို့ကြောင့် 'ဓလေ့ထုံတမ်းမြေ'များကို တရားဝင်မြေယာလုပ်ပိုင်ခွင့်များအဖြစ် အသိအမှတ်ပြုရာတွင် ပထမဆုံးအနေဖြင့် ဓလေ့ထုံးတမ်းမြေအားလုံးကို လွှမ်းခြုံမှုရှိသော အမျိုးသားမြေဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်း မြေဥပဒေတွင် တရားဝင်အသိအမှတ်ပြုပြီး၊ ဒုတိယအဆင့်အနေဖြင့် ရေရှည်တွင် အငြင်းပွားမှုများရှောင်ရှားနိုင်ရန် စနစ်တကျရှိပြီး လက်လှမ်းမီနိုင်သည့် မြေယာမှတ်ပုံတင်သည့်စနစ်ကို ထူထောင်သွားနိုင်သည်။

အားသာချက် ။ ။ ဓလေ့ထုံးတမ်းမြေများ ဥပဒေအရ လုံခြုံမှုပိုရှိလာခြင်း၊ ဓလေ့ထုံးတမ်းမြေယာစီမံ အုပ်ချုပ်မှုစနစ်ကို ခေတ်စနစ်များနှင့်လျော်ညီစေရန် စနစ်တကျပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းဖြင့် သက်ဆိုင်ရာ ဓလေ့ထုံးတမ်းမြေယာ စီမံအုပ်ချုပ်ရေးအဖွဲ့တို့အနေဖြင့် တာဝန်ယူ တာဝန်ခံမှုပိုရှိလာခြင်းနှင့် ဓလေ့ထုံးတမ်းစနစ်များ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှု ပိုရှိလာနိုင်ခြင်း၊ ဓလေ့ထုံးတမ်းမြေစီမံ အုပ်ချုပ်မှုစနစ်များတွင် ကျား-မတန်းတူရေးနှင့် အမျိုးသမီးတို့၏ မြေယာအခွင့်အရေးများ ပိုရှိလာနိုင်ခြင်းနှင့် စိုက်ပျိုးလုပ်ကိုင်ခြင်း မရှိသည့် ဓလေ့ထုံးတမ်းမြေအချို့ကို ပုဂ္ဂလိကပိုင်ပြုခြင်း သို့မဟုတ် ပြင်ပရင်းနှီးမြှုပ်နှံမှုများခွင့်ပြုခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုတိုးပွားလာနိုင်ပြီး စားနပ်ရိက္ခာဖူလုံမှုအတွက် အထောက်အပံ့ ဖြစ်စေနိုင်ခြင်း စသည့် အားသာချက်များ ရှိနိုင်သည်။

အားနည်းချက် ။ ။ ဓလေ့ထုံးတမ်း မြေယာစနစ်များကို ပြုပြင်ပြောင်းလဲရာတွင် တစ်ခါတစ်ရံ ဓလေ့ထုံးတမ်းအကြီးအကဲများ၏ အခန်းကဏ္ဍများ မှေးမှိန်ပျောက်ကွယ်သွားနိုင်ခြင်း၊ အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုများ တစ်ဖြည်းဖြည်း များလာနိုင်ခြင်းနှင့် ယခင်ဓလေ့ထုံးတမ်း စနစ်များ၏ ကောင်းမွန်သော အစိတ်အပိုင်းအချို့ (ဥပမာ - မြေကို အများပိုင် သို့မဟုတ် မိသားစု သို့မဟုတ် စုပေါင်းပိုင်ဆိုင်မှု လျော့နည်းလာပြီး တစ်ဦးတစ်ယောက်ပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ဆိုင်မှုများ ပိုများလာခြင်း) ပျောက်ကွယ်သွားနိုင်ခြင်းစသည့် စိန်ခေါ်မှုများ ရှိလာနိုင်သည်။

## ၆.၃ မူဝါဒ အကြံပြုချက်များ

၁။ မြေယာဆိုင်ရာ စီမံအုပ်ချုပ်ခွင့် အခွင့်အာဏာများ ရှင်းလင်းပြတ်သားမှုရှိစေရန်အတွက် အစိုးရအဆင့်ဆင့် (ဖက်ဒရယ်နှင့် ပြည်နယ်) တို့ သီးခြားပိုင်ဆိုင်သည့် သို့မဟုတ်/နှင့် စီမံအုပ်ချုပ်ပိုင်ခွင့်ရှိသည့် မြေများကို ခွဲခြားသတ်မှတ်သွားသင့်သည်။ နိုင်ငံအတွင်းရှိမြေများကို ဖက်ဒရယ်အစိုးရပိုင်မြေနှင့် ပြည်နယ်အစိုးရပိုင်မြေများအဖြစ် ခွဲခြားသတ်မှတ်ထားပြီး အစိုးရနှစ်ရပ်လုံးသည် မိမိတို့၏ မြေများနှင့်ပတ်သက်၍ ဥပဒေများသီးခြားပြဋ္ဌာန်းပိုင်ခွင့်နှင့် ထိုဥပဒေများနှင့်အညီ ၎င်းတို့ပိုင်မြေများကို စီမံအုပ်ချုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ရှင်းလင်းပြတ်သားစွာ ပြဋ္ဌာန်းထားရမည်။

၂။ မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာဝန်ဆောင်မှုများ ဒေသတွင်းအခြေအနေနှင့် လျော်ညီပြီး ထိရောက်မြန်ဆန်မှု ရှိရေးအတွက် မြေယာဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအများစုကို ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများအဖြစ် သတ်မှတ်သွားသင့်သည်။ ပြည်နယ်များသည် ပြည်သူလူထုနှင့် ပိုမိုနီးစပ်သဖြင့် ပြည်သူလူထု၏ လိုအပ်ချက်ကို ပိုမိုသိရှိနားလည်နိုင်ခြင်း၊ မြေစီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ပြည်သူလူထုအပေါ် တာဝန်ယူ/တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု ပိုရှိနိုင်ခြင်းတို့ကြောင့် မြေယာများစီမံအုပ်ခွင့်ကို ပြည်နယ်များအား အပ်နှင်းသင့်သည်။

၃။ ပြည်နယ် နယ်နိမိတ်အတွင်းရှိနေသော ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်များကို ပြည်နယ်အစိုးရအောက်တွင် ထားရှိသင့်ပြီး ပြည်နယ်အစိုးရသည် ပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင်လည်းကောင်း၊ သို့မဟုတ်/နှင့် ပြည်နယ်၏မြေယာဥပဒေ သို့မဟုတ်/နှင့် ပြည်နယ်၏ သီးခြားဓလေ့ ထုံးတမ်းမြေယာ ဥပဒေတွင် တရားဝင်အသိအမှတ် ပြုသွားသင့်သည်။ ဓလေ့ထုံးတမ်းမြေယာစနစ်သည် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု၊ အသက်မွေးဝမ်းကျောင်းမှုတို့နှင့် ဆက်နွယ်နေသဖြင့် ဓလေ့ထုံးတမ်းမြေယာများကို တရားဝင်အသိအမှတ်ပြုခြင်းဖြင့် ပြည်သူလူထု (အထူးသဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများ) ၏ မြေယာလုံခြုံမှုကို အကာအကွယ်ပေးရာရောက်သည့်အပြင် ၎င်းတို့၏ အမျိုးသားအမှတ်လက္ခဏာများကိုထိန်းသိမ်းမြှင့်တင်ရာလည်း ရောက်သည်။ ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ် မြောက်များစွာရှိသော ပြည်နယ်များသည် သီးခြားဓလေ့ထုံးတမ်းမြေယာဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းကျင့်သုံးနိုင်ပြီး ဓလေ့ထုံးတမ်းမြေစီမံခန့်ခွဲမှု စနစ်မရှိသောပြည်နယ်များတွင် ပြည်နယ်၏ မြေယာဥပဒေထဲတွင် ဓလေ့ထုံးတမ်းမြေယာစနစ်များကို အသိအမှတ်ပြုသွားနိုင်သည်။

၄။ တိုင်းရင်းသားပြည်သူတို့၏ ဓလေ့ထုံးတမ်းမြေယာအခွင့်အရေးများ လုံခြုံမှုရှိရေးအတွက် ဓလေ့ထုံးတမ်း မြေယာစီမံအုပ်ချုပ်မှုစနစ်များကို သက်ဆိုင်ရာပြည်နယ်အလိုက်နှင့် တစ်နိုင်ငံလုံးအဆင့်တို့တွင် လွမ်းခြုံမှုရှိသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ထုတ်ပြန်ပြီး၊ ခေတ်ကာလနှင့် လျော်ညီမှုရှိသော ဓလေ့ထုံးတမ်း မြေယာစနစ်များကို သက်ဆိုင်ရာ ပြည်နယ်များက စနစ်တကျမှတ်တမ်းတင်ကာ တရားဝင်အသိအမှတ်ပြုသည့် လုပ်ငန်းစဉ်များ ချမှတ်အကောင်ထည်ဖော်သွားသင့်သည်။ မြေဥပဒေတွင်တရားဝင်အသိအမှတ်ပြုထားသည့်အပြင်၊ဓလေ့ထုံးတမ်းမြေယာများ၏လုံခြုံမှုကိုအာမခံချက်ရှိရေးအတွက် ဓလေ့ထုံးတမ်းမြေယာများကို စနစ်တကျမှတ်တမ်းတင်သည့် လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည် ဖော်သွားရန်လိုပါသည်။

၅။ မြေယာပိုင်ဆိုင်ခွင့်၊ မြေယာလုပ်ပိုင်ခွင့်၊ မြေယာစီမံခန့်ခွဲခွင့်နှင့် မြေစီမံအုပ်ချုပ်မှုမှ ရရှိလာသော အကျိုးအမြတ်များ ခံစားပိုင်ခွင့်တို့နှင့်ပတ်သက်၍ အမျိုးသားနှင့်အမျိုးသမီးတို့သည် တန်းတူညီမျှသော အခွင့်အရေးရရှိရေးနှင့် အားနည်းချိန့်သောလူမှုအသိုင်းအဝိုင်းများ (ဥပမာ -ဒုက္ခသည်များ၊ ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများနှင့် မြေယာမဲ့များ) ၏ မြေယာအခွင့်အရေးများရရှိရေးအတွက် နိုင်ငံတော်အဆင့် အမျိုးသားမြေဥပဒေနှင့် ပြည်နယ်များ၏ မြေယာဥပဒေများ (ဓလေ့ထုံးတမ်းမြေဥပဒေအပါအဝင်) တွင် အသိအမှတ်ပြုပြဋ္ဌာန်းသင့်ပါသည်။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရနှစ်ရပ်လုံးသည် အမျိုးသမီးများ၏ မြေယာအခွင့်အရေးအချို့ (ဥပမာ- မြေပိုင်ဆိုင်ခွင့်နှင့် မြေယာအမွေဆက်ခံခွင့်) ကို ပိတ်ပင်တားဆီးထားသော မြေယာဥပဒေများနှင့် ဓလေ့ထုံးတမ်းဥပဒေများကို ပြန်လည်သုံးသပ်မှုများကို ပြည်သူလူထုနှင့် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးကာ အမျိုးသမီးနှင့်အမျိုးသား တန်းတူမြေယာအခွင့်အရေးရရှိရေး အခြေခံမှုများကို ချမှတ်သွားနိုင်ပါသည်။ ထို့အပြင် အားနည်းချိန့်သော လူမှုအသိုင်းအဝိုင်းများ၏ မြေယာအခွင့်အရေးများလုံခြုံရေးအတွက်လည်း သက်ဆိုင်ရာမြေယာဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်ပါသည်။

၆။ ကြားကာလအတွင်း သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များမှ ထုတ်ပေးထားသော ပြည်သူလူထုတို့၏ မြေယာပိုင်ခွင့်လုပ်ကိုင်ခွင့် လက်မှတ်များ/မြေဂရမ်များကို အသိအမှတ်ပြုပြီး မြေယာစီမံအုပ်ချုပ်မှုစနစ်များ ပေါင်းစည်းရေး ကိစ္စများကို စတင်ဆွေးနွေးညှိနှိုင်းသွားသင့်သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများဆောင်ရွက်နေစဉ်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ လိုလားသည့် နိုင်ငံရေးအာမခံချက်များ မရရှိသေးသော်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်ပြီး ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ စတင်ထူထောင်သည့်အချိန်တွင် ကျင့်သုံးသွားနိုင်သည့် မြေယာစနစ်ပေါင်းစည်းရေး အစီအစဉ်များကို သက်ဆိုင်ရာအစိုးရ အုပ်ချုပ်ရေးယန္တရားနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ မြေယာအုပ်ချုပ်ရေးအဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်သည့် ကဏ္ဍများနှင့် အနာဂတ်တွင် ပေါင်းစည်းသွားနိုင်သည့် အစီအမံများကို ရှာဖွေဖော်ထုတ်သွားရန် လိုပါသည်။ ထိုကဲ့သို့ ညှိနှိုင်းရာတွင် ပြည်သူလူထု၏ အကျိုးစီးပွားနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုရှေးရှုပြီး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များက စနစ်တကျစိစစ်ထုတ်ပေးထားသည့် မြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာလုပ်ပိုင်ခွင့် လက်မှတ်များ/ မြေဂရမ်များကို အစိုးရဘက်မှ အသိအမှတ်ပြုပေးပြီး လူထု၏မြေယာလုံခြုံမှုကို အထူးလေးထားသည့် ပေါင်းစည်းရေးအစီအမံများကို သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များနှင့် ညှိနှိုင်းချမှတ်ဖော်ဆောင်သွားရန် လိုပါသည်။

၇။ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် အတည်ပြုပြဋ္ဌာန်းခဲ့သော မြေယာဆိုင်ရာဥပဒေများကို ပြန်လည်သုံးသပ်သွားရန်နှင့် မြေယာဥပဒေသစ်များ ပြဋ္ဌာန်းရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပါအဝင် ပြည်သူလူထုနှင့် သက်ဆိုင်ရာအစုအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားသင့်သည်။ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် မြေယာဆိုင်ရာ ဥပဒေအချို့သည် တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းမြေယာအခွင့်အရေးနှင့် ဓလေ့ထုံးတမ်းမြေယာများ၏ လုံခြုံမှုအပေါ် ခြိမ်းခြောက်နေသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၊ တိုင်းရင်းသား နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းအချို့တို့က ဖျက်သိမ်းပေးရန် ကန့်ကွက်နေမှုများကို ထည့်သွင်းစဉ်းစားပြီး ထိုဥပဒေများကိုဆိုင်းငံ့ထားရန် သို့မဟုတ် တိုင်းရင်းသားဒေသများကို ချွင်းချက်အနေဖြင့် အာဏာသက်ရောက်မှုမရှိစေရန် ထုတ်ပြန်သင့်ပါသည်။

အခန်း (၇)

# နိဂုံး

မြန်မာနိုင်ငံသည် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ် တည်ထောင်ရန် အရှိန်ယူနေချိန်တွင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည်ကို အထင်အရှားတွေ့မြင်နေရပါသည်။ ထိုစိန်ခေါ်မှုများအနက် အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ခုမှာ မြေယာကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဟု ဆိုရမည်ဖြစ်ပါသည်။ မြေယာသည် လူသားတို့ အသက်ရှင်သန်ရပ်တည်ရန်နှင့် မြေနှင့်ဆက်နွယ်နေသည့် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုများ၊ ကိုယ်ပိုင်အမှတ်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ရန် မရှိမဖြစ်လိုအပ်သော အရာတစ်ခုဖြစ်သဖြင့်၊ မြေယာဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် နိုင်ငံတစ်နိုင်ငံ၏ မြေယာစီမံအုပ်ချုပ်မှုမူဘောင်များသည် တသီးပုဂ္ဂလလူသားတစ်ဦးချင်းစီ၏ အကျိုးစီးပွားကိုလည်းကောင်း၊ လူသားမျိုးနွယ်စုများ၏ အစုအဖွဲ့ဆိုင်ရာ ကိုယ်ပိုင်အမှတ်လက္ခဏာများကိုလည်းကောင်း၊ နိုင်ငံ၏ အကျိုးစီးပွားကိုလည်းကောင်း အကာအကွယ်ပေး၊ ဖွံ့ဖြိုးတိုးတက်စေသည့် ပြုပြင်ပြောင်းလဲမှုများဖြစ်ရန် အလွန်အရေးကြီးပါသည်။ ထို့အပြင် နိုင်ငံတစ်ခုတွင် ကျင့်သုံးနေသည့် သို့မဟုတ် ကျင့်သုံးရန် အသွင်ကူးပြောင်းနေသည့် အုပ်ချုပ်မှုစနစ်နှင့်အညီ မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ မူဘောင်များကို ချမှတ်အကောင်အထည်ဖော်သွားရန် လိုပါသည်။ မြန်မာနိုင်ငံသည် ဖက်ဒရယ်ဒီမို ကရေစီနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ဦးတည်အသွင်ကူးပြောင်းနေသည့် နိုင်ငံဖြစ်သဖြင့် ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံ၏မြေယာကဏ္ဍကို ပြုပြင်ပြောင်းလဲသွားရန် လိုပါသည်။

လက်ရှိ မြန်မာနိုင်ငံတွင် အနှစ် ၇၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည့် ပြည်တွင်းစစ်မှာ နေရာဒေသအတော်များများတွင် အစိုးရ၊ စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား အပစ်အခတ်ရပ်စဲနိုင်ခဲ့ပြီဖြစ်သော်လည်း အချို့နေရာများတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပါသည်။ သို့နှင့် ပြည်တွင်းစစ်ကို အပြီးတိုင်ချုပ်ငြိမ်းနိုင်ခြင်း မရှိသေးသည့်အပြင် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရာတွင်လည်း မရေမရာဖြစ်နေဆဲ ဖြစ်နေပါသည်။ ယင်းသို့သော အခြေနေမျိုးအောက်တွင် ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုယဉ်ကျေးမှုပုံစံများနှင့် လိုက်လျောညီထွေဖြစ်စေမည့် မြေယာစီမံအုပ်ချုပ်မှုပုံစံ တစ်ရပ်ကို လက်တွေ့ကျစွာရှာဖွေဖော်ထုတ်သွားရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏အဓိကျသော နိုင်ငံရေးအင်အားစုများဖြစ်ကြသည့် မြန်မာဒီမိုကရက်တစ်အင်အားစုများ၊ မြန်မာစစ်အုပ်စုနှင့် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများအကြား၊ အနည်းဆုံး အခြေခံအားဖြင့် သဘောတူခဲ့ကြပြီးဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စုနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဖက်ဒရယ်မြေယာ စီမံအုပ်ချုပ်မှုစနစ်ကို မဖြစ်မနေဖော်ဆောင်ကြရမည် ဖြစ်ပါသည်။

အထက်တွင် အသေးစိတ်ဖော်ပြခဲ့သည့်အတိုင်း လက်ရှိမြန်မာနိုင်ငံတွင် မြေယာစီမံအုပ်ချုပ်မှုစနစ် အမျိုးမျိုးကို ကျင့်သုံးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အစိုးရအုပ်ချုပ်မှုယန္တရားများ အခိုင်အမာရောက်ရှိသည့် နေရာများတွင် တည်ဆဲမြေယာဆိုင်ရာ ဥပဒေများနှင့် မြေယာများကို စီမံအုပ်ချုပ်နေပြီး အစိုးရအုပ်ချုပ်မှုမရောက်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများထိန်းချုပ်ထားသည့် နယ်မြေများတွင် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ၎င်းတို့၏မြေယာနှင့် သစ်တောမူဝါဒများဖြင့် ထိုနယ်မြေအတွင်းရှိ မြေယာနှင့် သစ်တောများကို စီမံအုပ်ချုပ်လျက် ရှိသည်။ ထို့ပြင် အစိုးရ အုပ်ချုပ်ရေးယန္တရားနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တို့၏ အုပ်ချုပ်ရေးယန္တရား နှစ်ခုလုံးရှိနေသည့် ရောစပ်နယ်မြေများတွင် အစိုးရ၏ မြေယာဥပဒေနှင့် တိုင်းရင်းသားတို့၏ မြေယာမူဝါဒများကို ထိုနယ်မြေအတွင်းရှိ ပြည်သူလူထုများက လိုက်နာဆောင်ရွက်မှုများ ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

လေ့လာတင်ပြထားသည့် မြေယာစီမံအုပ်ချုပ်မှုစနစ်များတွင် တူညီသောအချက်များရှိသကဲ့သို့ မတူညီသော အချက်များလည်း ရှိနေပါသည်။ အစိုးရ၏ မြေယာမူဝါဒနှင့် တိုင်းရင်းသားလက်နက်ကိုင် (၃) ဖွဲ့တို့၏ မြေယာမူဝါဒများအကြား လုံးဝကွဲပြားခြားနားနေသောအချက်မှာ မြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာလုပ်ပိုင်ခွင့် ဖြစ်သည်။ အစိုးရ၏ မြေယာဥပဒေတွင် မြေနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိသယံဇာတများကို နိုင်ငံတော်ကပိုင်ဆိုင်သည်ဟု ပြဋ္ဌာန်းထားပြီး နိုင်ငံသားပြည်သူများသည် မြေလုပ်ပိုင်ခွင့်သာရှိသည်ကိုသတိပြုရမည်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ မြေယာမူဝါဒတွင်မူ တိုင်းရင်းသားပြည်သူတို့၏ မြေယာပိုင်ဆိုင်ခွင့် (အထူးသဖြင့် ဌာနေတိုင်းရင်းသားတို့၏ မြေပိုင်ဆိုင်ခွင့်) ကို ရှင်းလင်းစွာခွင့်ပြု ထားသည်။ ထို့အပြင် အသစ်ထပ်မံပြဋ္ဌာန်းလိုက်သည့် အစိုးရ၏ မြေယာဆိုင်ရာဥပဒေအချို့တွင် ဓလေ့ထုံးတမ်းမြေများကို အသိအမှတ်ပြုထားသော်လည်း လက်တွေ့တွင် အစိုးရ၏ဓလေ့ထုံးတမ်း မြေမှတ်ပုံတင်ရေးလုပ်ငန်းစဉ်များမှာ လွန်စွာနှေးကွေးနေသည်ကို တွေ့ရသည်။ တစ်ဘက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ၎င်းတို့၏ ထိန်းချုပ်ဒေသများတွင် ဓလေ့ထုံးတမ်း မြေယာစီမံအုပ်ချုပ်မှုစနစ်များကို စနစ်တကျမှတ်တမ်းတင်ကာ အသိအမှတ်ပြုမှုများ ယခင်ကထက် ပိုမို လုပ်ဆောင်လာကြသည်ကို တွေ့ရသည်။ တစ်ချိန်တည်းတွင် မြေယာအရေးလှုပ်ရှားဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုင်းရင်းသား နိုင်ငံရေးပါတီအချို့တို့က အငြင်းပွားဖွယ်တည်ဆဲမြေယာဥပဒေအချို့တို့ကို ပယ်ဖျက်ပေးရန်နှင့် ဌာနေတိုင်းရင်းသားတို့၏ မြေယာအခွင့်အရေးများနှင့် ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ်များကို တရားဝင်အသိအမှတ်ပြုရန် တစိုက်မတ်မတ်တောင်းဆို လာကြသည်ကို တွေ့ရပါမည်။

မြန်မာနိုင်ငံအတွင်းရှိ လက်ရှိမြေစီမံအုပ်ချုပ်မှုစနစ်များနှင့် ကမ္ဘာ့နိုင်ငံအချို့တို့၏ မြေစီမံအုပ်ချုပ်မှု စနစ်တို့အပေါ် အခြေခံထားသည့် မြေစီမံအုပ်ချုပ်မှုစနစ်များဆိုင်ရာ နှိုင်းယှဉ်သုံးသပ်ချက်များတွင် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် မြေစီမံအုပ်ချုပ်မှုစနစ်များ၏ အားသာချက်များနှင့် အားနည်းချက်များနှင့် ရွေးချယ်စရာများကို ဖော်ပြထားပြီးဖြစ်ရာ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်မည့် မြန်မာနိုင်ငံအတွက် ဖက်ဒရယ်နှင့် ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသောမြေစီမံအုပ်ချုပ်မှုစနစ်ကို ရွေးချယ်သွားရန်လိုပါသည်။

မြေယာဆိုင်ရာ စီမံအုပ်ချုပ်ခွင့် အခွင့်အာဏာများကို ဗဟိုနှင့် ပြည်နယ်အစိုးရ အဆင့်ဆင့်တို့ကြား တိကျရှင်းလင်းစွာ ခွဲခြားသတ်မှတ်ရန်လိုပါသည်။ ထို့အပြင် ဒေသတွင်းအခြေအနေနှင့် လိုက်လျော ညီထွေမှုရှိပြီး ပိုမိုမြန်ဆန်ထိရောက်စေရန်အတွက် ဗဟိုနှင့် ပြည်နယ်အစိုးရများက စီမံအုပ်ချုပ်ခွင့်ရှိသည့် မြေအမျိုးအစားများကိုလည်း ခွဲခြားသတ်မှတ်သွားရန် လိုပါသည်။ မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ ဝန်ဆောင်မှု များ ထိရောက်မြန်ဆန်ရေးအတွက် မြေယာဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအများစုကို ပြည်နယ်များအား အပ်နှင်းရန်၊ ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်များကို ပြည်နယ်အစိုးရ၏လုပ်ပိုင်ခွင့်အောက်တွင် ထားရှိ ရန်နှင့် ခေတ်နှင့်လျော်ညီသော ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုစနစ်များကို နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေထဲတွင်လည်းကောင်း၊ ဖက်ဒရယ်နှင့် ပြည်နယ်မြေယာဥပဒေထဲတွင်လည်းကောင်း၊ ဖက်ဒရယ်နှင့် ပြည်နယ်တို့၏ သီးခြားဓလေ့ထုံးတမ်းမြေယာဥပဒေတွင်လည်းကောင်း တရားဝင်အသိအမှတ်ပြုသွားရန် လိုအပ်ပါသည်။

ထို့အပြင် ငြိမ်းချမ်းရေးတည်ဆောက်နေဆဲ ကြားကာလအတွင်း သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ထုတ်ပေးထားသည့် ပြည်သူလူထု၏ မြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာလုပ်ကိုင်ခွင့်လက်မှတ်များကို အသိအမှတ်ပြုပြီး မြေယာစီမံအုပ်ချုပ်မှုစနစ်များ ပေါင်းစည်းရေးကိစ္စကို စတင်ဆွေးနွေးညှိနှိုင်းသွားကြရန်၊ မြန်မာနိုင်ငံ၏ တည်ဆဲမြေယာဥပဒေများကို ပြန်လည်သုံးသပ်သွားရန်နှင့် မြေယာဥပဒေအသစ်များပြဋ္ဌာန်းရာတွင် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သွားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွင် မြေယာပြဿနာဖြေရှင်းမှုသည့် အဓိကကျသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။ အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုအတွက် မြေယာကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို အာဏာရအစိုးရအဖွဲ့များနှင့်အတူ သက်ဆိုင်ရာအစုအဖွဲ့များက အမြန်ဆုံးစုပေါင်းဖြေရှင်းသွားခြင်းအားဖြင့် မြန်မာနိုင်ငံတွင် အမြစ်တွယ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသွားရန်အတွက် အထောက်အကူဖြစ်စေနိုင်သည့်အပြင်၊ ဖွံ့ဖြိုးတိုးတက်ပြီးငြိမ်းချမ်းသော လူမှုအသိုင်းအဝိုင်းကို တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

# ကျမ်းကိုးစာရင်း


Abidin, Zainal, Zainal Zulhilmi, and Ta Wee Seow. 2013. "*Issues of customary land for Orang Asli in Malaysia.*" Available at: http://eprints.uthm.edu.my/5828/1/16._Zainal_Zulhimi.pdf [accessed 1 July 2019]

Awang, Adibah, Shahidah Mohd Ariff, and R. G. Geo-Law."*Adat land laws in Malaysia.*" Available at: http://www.csdila.unimelb.edu.au/projects/tehran/Presentations/pdf/4-Adat%20land.pdf [accessed 3 July 2019]

Aziz, Dr. Sr Wan Nor Azriyati Wan Abd and Hanif, Dr Sr Noor Rosly: "*Land administration in Malaysia,*" Presentation file, University of Malaya, Kuala Lumpur. Available at: http://aseanvaluer.org/images/PDF/Land%20Administration%20in%20Malaysia.pdf [accessed 3 July 2019]

BBC News. 2019. "*What is India's caste system?*" Available at: https://www.bbc.com/news/world-asia-india-35650616 [accessed 12 July 2019]

Franco, Jennifer, Tom Kramer, Alberto Alonso Fradejas, Hannah Twomey, and Pietje Vervest. "*The Challenge of Democratic and Inclusive Land Policymaking in Myanmar: A Response to the Draft National Land Use Policy.*" Transnational Institute (TNI): Amsterdam, The Netherlands (2015): 1-72. Available at: https://www.tni.org/files/download/the_challenge_of_democratic_and_inclusive_land_policymaking_in_myanmar.pdf [accessed 20 July 2019]

Famoriyo, Segun. 1979. "*Land tenure, land use and land acquisition in Nigeria." Maîtrise de l'espace agraire et développement en Afrique tropicale: logique paysanne et rationalité technique* (1979). Available at: http://horizon.documentation.ird.fr/exl-doc/pleins_textes/divers07/03068.pdf [accessed 12 July 2019]

Fong, Loh Foon. 2015. "*Long journey to land recognition,*" The Star Online, news, Available at: https://www.thestar.com.my/news/nation/2015/06/07/long-journey-to-land-recognition-communal-forest-land-has-been-a-bone-of-contention-between-indigeno/ [accessed 5 July 2019]

Fretwell, Holly Lippke, and Shawn Regan. 2015. "*Divided lands: state vs. federal management in the West.*" Property and Environment Research Center. Available at: https://www.perc.org/wp-content/uploads/2015/03/150303_PERC_DividedLands.pdf

Hill, Mitchell A. "*What The Principle Of Self-Determination Means Today." ILSA Journal of International & Comparative Law* 1, no. 1 (1995): 119-134. available at: http://nsuworks.nova.edu/cgi/viewcontent.cgi?article=1003&context=ilsajournal/ [accessed 28 Sept 2019]

INTOSAI, WGEA. 2012 "*Land use and land management practices in environmental perspective." INTOSAI Working Group on Environmental Auditing*. Available http://environmental-auditing.org/media/1219/land-use-research-project_draft.pdf [accessed 25 July 2019]

King, Robert, BLM Archaeologist, National System of Public Lands, U.S. Department of the Interior, Bureau of Land Management. "*The Homestead Act – Homesteading Comes to an End*." Available at: https://www.youtube.com/watch?v=veiv6fTEl0g [accessed 31 Aug 2019]

Knight, Rachael S. 2010."*Statutory recognition of customary land rights in Africa: an investigation into best practices for lawmaking and implementation." FAO Legislative Study* 105 (2010). Available at: http://www.fao.org/3/i1945e/i1945e00.htm [accessed 27 Aug 2019]

Kramer, T., O. Russell, and M. Smith. 2018."*From War to Peace in Kayah (Karenni) State, A Land at the Crossroads in Myanmar.*" Available at: https://www.tni.org/files/publication-downloads/tni-2018_karenni_eng_web_def.pdf [accessed 27 June 2019]

Kurian, Shiba. 2019. "1 *million tribal face eviction from forest lands: Did Centre's apathy cause this crisis?*" The News Minute, article, 21 Feb 2019. Available at: https://www.thenewsminute.com/article/1-million-tribals-face-eviction-forest-lands-did-centres-apathy-cause-crisis-97112. [Accessed 12 July 2019]

Mohanty, B. B. "*Land distribution among scheduled castes and tribes." Economic and Political Weekly* (2001): 3857-3868. Available at: https://www.thehinducentre.com/multimedia/archive/02686/4411206_2686577a.pdf [accessed 12 July 2019]

Nelson, Robert H. 2018. "*State-owned Lands in the Eastern United States*." PERC Public Lands Report. Available at: https://www.perc.org/wp-content/uploads/2018/03/PERC-ELR-web.pdf [accessed 20 July 2019]

OECD, 2017."*The Governance of Land Use, Country Fact Sheet United States.*" Available at: https://www.oecd.org/regional/regional-policy/land-use-United-States.pdf [accessed 14 July 2019]

Palmer, David, Szilard Fricska, and Babette Wehrmann. 2009. "*Towards improved land governance" Food and Agriculture Organization of the United Nations, United Nations Human Settlements Programme, Rome, Italy*. Available at: http://www.fao.org/3/a-ak999e.pdf [accessed 20 July 2019]

Ramanaidu, Ramesh Rao. 1998. "*Malay Reservation Lands: A Case Study of Sungei Penchala.*" PhD diss., Fakulti Ekonomi dan Pentadbiran, Universiti Malaya. Available at: http://studentsrepo.um.edu.my/677/ [accessed 1 July 2019]

Rawat, Vidya Bhushan. 2016. "*Land Acquisition & Land Alienation in India, Select Case Studies*." Social Development Foundation, Delhi, India and International Land Coalition, Rome, Italy. Available at: http://www.landcoalition.org/sites/default/files/documents/resources/sdf_ilc_land_book_final_2.pdf [accessed 12 July 2019]

Rajagopal, Krishnadas. 2019. "*Supreme Court order on eviction consistent with its stand on forest rights.*" The Hindu. Available at: https://www.thehindu.com/news/national/supreme-court-order-on-eviction-consistent-with-its-stand-on-forest-rights/article26358075.ece [accessed 12 July 2019]

Saxena, Rekha. 2013. "A hybrid federal-unitary state?." *Routledge Handbook of Regionalism & Federalism, edited by John Loughlin, John Kincaid and Wilfried Sweden. Longdon: Routledge*.

Shoemaker, Jessica A. 2014 "*No Sticks in My Bundle: Rethinking the Indian Land Tenure Problem." U. Kan. L. Rev*. 63: 383. Available at: https://ssrn.com/abstract=2430922 [accessed 23 June 2019]

Stepan, Alfred, Juan J. Linz, Juan J. Linz, and Yogendra Yadav. 2011. "*Crafting state-nations: India and other multinational democracies.*" *JHU Press*.

Transnational Institute, 2014. "*Pro-business or pro-poor? Making sense of recently unveiled draft national land use policy.*" Available at: https://www.tni.org/files/download/myanmar_land_policy-1.pdf [accessed 20 July 2019];

Udoekanem, Namnso Bassey, David Odegwu Adoga, and Victor Onyema Onwumere.2014 "*Land ownership in Nigeria: Historical development, current issues and future expectations." Journal of environment and Earth science*, Vol.4, no. 21: 182-188. Available at: https://pdfs.semanticscholar.org/5303/ba2f3db9fd1f2429f5c0811cd067861a8fc5.pdf [accessed 12 July 2019]

U.S. Department of the Interior, *Natural Revenue Data, "Native American ownership and governance of natural resource,"* available at: https://revenuedata.doi.gov/how-it-works/native-american-ownership-governance/ [accessed 19 July 2019]

Vincent, Carol Hardy, Laura A. Hanson, and Jerome P. Bjelopera. 2014. "*Federal land ownership: Overview and data.*" Washington, DC, USA: Congressional Research Service. Available at: https://aquadoc.typepad.com/files/crs_fed_land_3march2017.pdf [accessed 31 Aug 2019]

Vincent, Carol Hardy and Wyatt, Alexandra M. 2016."*State Management of Federal Lands: Frequently Asked Questions.*" Available at: https://fas.org/sgp/crs/misc/R44267.pdf)

World Bank, 2018. "*Towards a sustainable land administration and management system in Myanmar (English)*". Washington, DC: World Bank. Available at: http://documents.worldbank.org/curated/en/761961530810441394/Towards-a-sustainable-land-administration-and-management-system-in-Myanmar [accessed 20 July 2019]

ကရင်ငြိမ်းချမ်းရေးကွန်ရက်၊ "*ရှေ့ဆက်ရန် မဖြစ်နိုင်တော့သည့် မြန်မာ့ငြိမ်းချမ်းရေး ဆွေးနွေးမှုခရီး၊ မြေယာကဏ္ဍ ဆွေးနွေးမှုမှ ချည်းကပ်လေ့လာခြင်း။*" ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ။ Available at: https://www.facebook.com/KPSN.karen/posts/2126343277642602/) [accessed 22 Oct 2019]

ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၊ မြေယာမူဝါဒ (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ)။ available at: https://www.theborderconsortium.org/media/69783/2016-06-16-knu-land-policy-Bur.pdf [accessed 15 June 2019]

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး "*သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေ*" မူကြမ်းခရိုင်၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

"ကရင်နီမြေမူဝါဒ" ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

ခူဦးရယ်"*အမျိုးသားရေးလှုပ်ရှားမှုနှင့်ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏အခန်းကဏ္ဍတစေ့တစောင်း*"တိုင်းရင်းသားလူမျိုးရေးရာသုတေသနအဖွဲ့ (BCES)၊ (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ) available at: https://cdes.org.mm/book_detail/60 [accessed 27 June 2019]

မွန်ဒေသမြေယာမူဝါဒ (မူကြမ်း)

ဒိုမြေကွန်ယက် "*မြေယာ လုယက်သိမ်းယူမှုများအားဖြင့် ပြည်သူ့ဘဝများကို ဖျက်ဆီးကြခြင်း*" available at: https://www.tni.org/files/article-downloads/lioh_research_report_burmese.pdf [accessed 20 July 2019]

# နောက်ဆက်တွဲ

## နောက်ဆက်တွဲ (၁)

## မြေယာမူဝါဒများ (မူကြမ်းများ)

အရင်းအမြစ် - တိုင်းရင်းသားလူမျိုးများရေးရာစင်တာ ENAC ၏ တတိယအကြိမ် ထုတ်ဝေသော "အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံသင့်သော ကဏ္ဍအလိုက်မူဝါဒအကြံပြုချက်များ (မူကြမ်းများ)" စာအုပ် (၂၀၁၈ ခုနှစ်၊ မေလ) စာမျက်နှာ ၂၇-၃၀

### ဦးတည်ချက်

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာမခံချက်အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ရာတွင် တရားမျှတမှုကင်းမဲ့ပြီး ခေတ်နှင့် လျော်ညီမှုမရှိသော လယ်ယာမြေဥပဒေအားလုံးကို ဖျက်သိမ်း၍ ကျား-မ တန်းတူရေးအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးအတွက် ရေရှည်အကျိုးဖြစ်ထွန်းမည့် တရားမျှတမှုရှိသော မြေယာပိုင်ဆိုင်မှု၊ မြေယာစီမံခန့်ခွဲမှု၊ အသုံးချမှုရှိသည့် မြေယာမူဝါဒများ ဖြစ်ပေါ်လာရန်။

### အခြေခံလမ်းညွှန်မှုများ

၁။ မြေယာနှင့် ပတ်သက်သော မူဝါဒများ၊ ဥပဒေများရေးဆွဲရာတွင် ဒေသခံဌာနေတိုင်းရင်းသားရိုးရာဓလေ့ ထုံးတမ်းများကို အခြေခံပြီး ဖက်ဒရယ်ကျင့်သုံးသော နိုင်ငံများ၏ နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ရေးဆွဲရမည်။

၂။ လက်ရှိ မြေယာပြဿနာဖြေရှင်းခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်ကို အထောက်အကူပြုစေနိုင်သော မြေယာမူဝါဒကိုရေးဆွဲရာတွင် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖွဲ့စည်းပုံကို အခြေခံ၍ ရေးဆွဲရမည်။

၃။ ဂေဟစနစ်ကို မပျက်စီးစေဘဲ တောင်သူလယ်သမားများသည် ကိုယ်ပိုင်ဆိုင်သည့် လယ်ယာမြေ (သို့မဟုတ်) ဥယျာဉ်ခြံမြေများ၊ တောင်ယာမြေများပေါ်တွင် (ဓလေ့ထုံးတမ်းနှင့်အညီ) အစားအစာဖူလုံမှု (Food Security) ရှိရန် လွတ်လပ်စွာ သီးနှံစိုက်ပျိုးခွင့်ရှိသည့်မူကို အခြေခံရမည်။

၄။ တိုင်းရင်းသားပြည်သူလူထုတွင် လွတ်လပ်၍ စည်းစနစ်ကျသော မြေယာစီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မူကို အခြေခံရမည်။

### မူဝါဒအကြံပြုချက်များ

#### (က) ကြားကာလဆိုင်ရာမူဝါဒအကြံပြုချက်များ

၁။ မြေယာမူဝါဒကို ရေးဆွဲရာတွင် ကြားကာလဆိုင်ရာ အခြေခံမှုများကို ထည့်သွင်းရေးဆွဲရမည်။

၂။ ကြားကာလအတွင်း ပြည်နယ်များတွင် ဒေသခံလူထုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နစ်နာစေနိုင်သည့် အကြီးစား စီမံကိန်းများ၊ အထူးစီးပွားရေးဇုန်နှင့် တန်ဖိုးကြီးသော သယံဇာတ (ဥပမာ- ရေနံ၊ သဘာဝဓာတ်ငွေ့၊ တွင်းထွက်ပစ္စည်းနှင့် ကျွန်းသစ်များ ပါဝင်သည်) တူးဖော်ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများကို ရပ်ဆိုင်းထားရမည်။

၃။ ကြားကာလတွင် ပြည်သူလူထုပိုင်ဆိုင်သည့် မြေယာလက်မှတ်များကို သက်ဆိုင်ရာပြည်နယ်အစိုးရက တရားဝင်အသိအမှတ်ပြုရမည်။ ထိုကဲ့သို့ မြေယာပိုင်ဆိုင်သည့်လက်မှတ်ကို တရားဝင်အသိအမှတ်ပြုရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ တရားမျှတစွာဖြင့် ပြည်သူလူထုအား အသိအမှတ်ပြုထုတ်ပေးပြီးသည့် မြေယာပိုင်ဆိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်လက်မှတ်များကို သက်ဆိုင်ရာပြည်နယ်အစိုးရမှ တရားဝင်အသိအမှတ်ပြုရမည်။

၄။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများသည် ၎င်းတို့နယ်မြေအတွင်း မြေယာကိုစီမံခန့်ခွဲရာတွင် မြေယာမူဝါဒ၊ မြေယာဥပဒေနှင့် အကောင်အထည်ဖော်မည့် ယန္တရားများထားရှိရမည်။

၅။ အစိုးရစစ်တပ်၊ အခြားလက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် မည်သည့်အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များမှ ပြည်သူလူထုလုပ်ကိုင်အသုံးပြုလျက်ရှိသော မည်သည့်မြေယာမျိုးကိုမဆို သိမ်းဆည်းခြင်း လုံးဝမပြုလုပ်ရန် ဥပဒေပြဋ္ဌာန်းရမည်။

## (ခ) အထွေထွေမူဝါဒအကြံပြုချက်များ

၁။ မြေယာဆိုသည်မှာ ရေ၊ မြေ၊ တောတောင်၊ သစ်တောနှင့် ၎င်းတို့နှင့် ဆက်စပ်သည့် သဘာဝအရင်းအမြစ်များ အားလုံးပါဝင်သည်။

၂။ သက်ဆိုင်ရာ မူလဌာနေတိုင်းရင်းသားလူမျိုးများသည် သက်ဆိုင်ရာ မြေယာ၏ မူလပိုင်ရှင်ဖြစ်ပြီး ပြည်ထောင်စုသည်လည်း သက်ဆိုင်ခွင့် ရှိရမည်။

၃။ မည်သည့် နိုင်ငံခြားသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသား (ပြု) ခွင့်ရသူများမှ မြေပိုင်ဆိုင်ခွင့် မရှိစေရ။

၄။ မြေယာပိုင်ဆိုင်ခြင်း၊ ခွဲဝေခြင်း၊ အသုံးပြုခြင်းများနှင့်ပတ်သက်သည့် ဥပဒေများကို ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖွဲ့စည်းပုံနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် တိကျစွာရေးဆွဲပြဋ္ဌာန်းဖော်ပြရမည်။

၅။ သက်ဆိုင်ရာဒေသတွင်ရှိသော တိုင်းရင်းသားများပိုင်ဆိုင်သည့် သမိုင်းကြောင်းဆိုင်ရာ မြေယာ၊ ဒေသအမှတ်အသားအဓေါ်အဓေါ်များကို ဖျက်ဆီးခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း မပြုလုပ်ရန်နှင့် ပြန်လည်ဖော်ဆောင် ထိန်းသိမ်းကာကွယ်ခွင့်ရှိရမည်။

၆။ မြေပိုင်ဆိုင်မှုအကျယ်အဝန်းကို အကန့်အသတ် (တစ်ဦးတစ်ယောက်အပါအဝင် ကုမ္ပဏီများကဲ့သို့ အစုအဖွဲ့ဖြင့်ပိုင်ဆိုင်ခွင့်အားလုံးကို ဆိုလိုသည်) ထားရှိရမည့်အပြင် အများပြည်သူပိုင်ဆိုင်ခွင့်နှင့် ဓလေ့ထုံးတမ်းပိုင်ဆိုင်ခွင့်တို့ကို အကန့်အသတ်ဖြင့် ထားရှိရမည်။

၇။ ပုဂ္ဂလိကပိုင်မြေများ၊ လယ်ယာမြေ၊ သာသနာ့မြေများကို အသွင်ပြောင်းရာတွင် ဒေသခံတိုင်းရင်းသား ပြည်သူများထံမှ သဘောထားရယူ၍ တာဝန်ယူမှုနှင့် တာဝန်ခံမှု ရှိရမည်။

၈။ လက်ရှိပြည်ထောင်စုဆိုင်ရာ မြေဧရိယာများကို ဥပဒေပြဋ္ဌာန်း၍ အသုံးချလိုပါက ဒေသခံပြည်သူလူထု၏ သဘောတူညီမှုကို ရယူရမည်။

၉။ ပြည်သူလူထုပိုင်ဆိုင်သော မြေများကို ၎င်းတို့၏သဘောတူညီမှုကို ရယူရမည့်အပြင် ထိုက်သင့်သော တန်ဖိုးပေးဆောင်ခြင်း မရှိဘဲ သိမ်းဆည်းခြင်း မပြုရ။

၁၀။ ပြည်နယ်အစိုးရသည် မိမိပြည်နယ်အတွင်းရှိဌာနေတိုင်းရင်းသားပြည်သူလူထုသဘောဆန္ဒနှင့်အညီ မြေယာစီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၁၁။ မြေယာနှင့် သက်ဆိုင်သောအခွန်များကို ပြည်နယ်အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့် ရှိရမည်။

၁၂။ မူလမြေပိုင်ရှင်၏ သဘာတူညီမှုမရှိဘဲ သိမ်းဆည်းထားသော မြေများကို သက်ဆိုင်ရာမြေရှင်များထံ ပြန်လည်ပေးအပ်ရမည်။ ပြန်ပေး၍မရသော မြေများအတွက် ဦးစွာမြေအစားထိုးလျော်ကြေး၊ မြေ အစားထိုးလျော်ကြေးမရသော မြေယာများအတွက် ကာလတန်ဖိုးအတိုင်း လျော်ကြေးပေးအပ်ရမည်။

၁၃။ မြေယာပြဿနာများကို ဖြေရှင်းရာတွင် ရိုးရာဓလေ့ထုံးတမ်းနှင့် လူမှုရေးတရားမျှတမှုကို အခြေခံ၍ပွင့်လင်းမြင်သာသည့် သီးခြားလွတ်လပ်သော တရားစီရင်ရေးစနစ် ရှိရမည်။

၁၄။ မြေယာပြဿနာများကို ဖြေရှင်းရာတွင် ပထမအဆင့်အနေဖြင့် မြေယာကြီးကြပ်ရေးကော်မတီနှင့် အရင်ဆောင်ရွက်ပြီး မပြေလည်ပါက မြေယာအထူးပြုတရားရုံးများတွင် ဆက်လက်ဖြေရှင်းရမည်။ မြေယာကြီးကြပ်ရေးကော်မတီတွင် အာဏာပိုင်အဖွဲ့အစည်းများသာမက လူထုအခြေပြုအဖွဲ့အစည်းများလည်း ပါဝင်ရမည်။

၁၅။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် အမျိုးသမီးနှင့် အမျိုးသားများ အခွင့်အရေးတန်းတူညီမျှမှု ရှိရမည်။

၁၆။ သက်ဆိုင်ရာ ပြည်နယ်အစိုးရမှ ကျေးရွာဘုံပိုင်မြေများကို ပြန်လည်ဖော်ထုတ်သတ်မှတ်ပေးရမည်။

၁၇။ ဌာနေတိုင်းရင်းသားတို့၏ မူလမြေများကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် ရောင်းချခြင်း၊ လွှဲပြောင်းခြင်းအတွက် သီးသန့်မြေယာမူဝါဒ ချမှတ်ဆောင်ရွက်ရမည်။

၁၈။ ဘိုးဘွားပိုင်မြေများ၊ ဓားမဦးချမြေများကို သက်ဆိုင်ရာမြေယာဥပဒေများမှ အသိအမှတ်ပြုပြီး သားစဉ်မြေးဆက်ပိုင်ဆိုင်ခွင့် ရရှိရေး ဆောင်ရွက်ပေးရမည်။

၁၉။ မြေယာနှင့် ပတ်သက်သော ဗဟုသုတအသိပညာများကို ကျောင်းသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းသင်ကြားရမည်။

# သုတေသနခရီးစဉ် မှတ်တမ်းဓာတ်ပုံများ

## (၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလ)



*မွန်ပြည်နယ်၊ သစ်တောဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးနိုင် နှင့် တွေ့ဆုံမေးမြန်းခြင်း။*



*မွန်ပြည်နယ်လွှတ်တော်၊ ဒု-ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး နှင့် တွေ့ဆုံမေးမြန်းခြင်း။*



*မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လှဲနှင့် တွေ့ဆုံမေးမြန်းခြင်း။*



*NMSP ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ နိုင်ဗညားလယ် နှင့် တွေ့ဆုံမေးမြန်းခြင်း။*



*မွန်ပြည်နယ်လူထုဆုံရပ်အဖွဲ့မှ တာဝန်ခံအချို့အား တွေ့ဆုံမေးမြန်းခြင်း။*



*NMSP ၏ ထားဝယ်ခရိုင်၊ ကျေးရွာတစ်ခုမှ ရွာသူရွာသားအချို့ကို တွေ့ဆုံမေးမြန်းခြင်း။*



*NMSP ၏ ထားဝယ်ခရိုင်ဥက္ကဋ္ဌ နိုင်ဉာဏ်ထွန်း နှင့် တွေ့ဆုံမေးမြန်းခြင်း။*



ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ KNPP ဆက်ဆံရေးရုံးတာဝန်ခံ ခူးဥေးရယ်နှင့် တွေ့ဆုံမေးမြန်းခြင်း။



ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ဒေါကူးခုကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးကို တွေ့ဆုံမေးမြန်းခြင်း။



ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ KSFU ဥက္ကဌ ခူးတူရယ်နှင့် တွေ့ဆုံမေးမြန်းခြင်း။



ကယားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်နှင့် တွေ့ဆုံမေးမြန်းခြင်း။



ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ PPMFW ၏ ကယားပြည်နယ်ရုံးခွဲမှ တာဝန်ခံ နော်ဟဲကလေထူးနှင့် တွေ့ဆုံမေးမြန်းခြင်း။



ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ဆိုလျားကူးကျေးရွာ ဥက္ကဌကို တွေ့ဆုံမေးမြန်းခြင်း။



ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ထိုးကလူဒေါကျေးရွာ၏ ရပ်မိရပ်ဖတစ်ဦးကို တွေ့ဆုံမေးမြန်းခြင်း။



ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ KEAN အဖွဲ့မှ စောအယ်ဆေးနှင့် တွေ့ဆုံမေးမြန်းခြင်း။



ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါရောက်ခုကျေးရွာမှ ရွာသူရွာသားအချို့ကို တွေ့ဆုံမေးမြန်းခြင်း။



ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါတမကြီးကျေးရွာမှ ရွာသူရွာသားအချို့ကို တွေ့ဆုံမေးမြန်းခြင်း။



ကရင်ပြည်နယ်၊ စိုက်ပျိုးရေးဌာန
ဒု-ညွှန်ကြားရေးမှူး ဦးသန်းထိုက်နှင့်
တွေ့ဆုံမေးမြန်းခြင်း။





ကရင်ပြည်နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး
ဦးမင်းမင်းနှင့် တွေ့ဆုံမေးမြန်းခြင်း။



ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ဒေါ်နန်းခင်ထွေးမြင့်နှင့်
တွေ့ဆုံမေးမြန်းခြင်း။



KESAN မှ ဒု-အမှုဆောင်ဒါရိုက်တာ
စောအဲလက်စ်ထူးနှင့် တွေ့ဆုံမေးမြန်းခြင်း။



ကရင်ပြည်နယ်၊ သစ်တောဌာန၊ ညွှန်ကြားရေးမှူး
ဦးမြင့်သိန်းနှင့် တွေ့ဆုံမေးမြန်းခြင်း။



ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ဦးမင်းကိုခိုင်နှင့်  တွေ့ဆုံမေးမြန်းခြင်း။



ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ နောင်လုံကျေးရွာမှ ရွာသားအချို့ကို
တွေ့ဆုံမေးမြန်းခြင်း။



KNU ဒူးပလာယာခရိုင်၏ ဌာနဆိုင်ရာ ခေါင်းဆောင်အချို့ကို
တွေ့ဆုံမေးမြန်းခြင်း။



KNU မူတြော်ခရိုင်၏ ဌာနဆိုင်ရာ ခေါင်းဆောင်အချို့ကို
တွေ့ဆုံမေးမြန်းခြင်း။



ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ၈၈ မျိုးဆက်
ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ
ဦးမြင့်အောင်နှင့် တွေ့ဆုံမေးမြန်းခြင်း။



KNU ၏ ဗဟိုအဆင့် KAD တာဝန်ခံအချို့ကို
တွေ့ဆုံမေးမြန်းခြင်း။



KNU ဒူးပလာယာခရိုင်မှ ရွာသူရွာသားအချို့ကို တွေ့ဆုံမေးမြန်းခြင်း။



KNU မူတြော်ခရိုင်မှ ရွာသူရွာသားအချို့ကို တွေ့ဆုံမေးမြန်းခြင်း။







# မြေယာစီမံအုပ်ချုပ်မှုစနစ်

## အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံအတွက် စဉ်းစားချက်များ

